# အကြမ်းမဖက်လှုပ်ရှားမှု

## မဟာဗျူဟာ အခြေခံအချက်များကို စဉ်းစားပုံ

ရောဘတ် အယ်လ် ဟဲလ်ဗီ

---

# On Strategic Nonviolent Conflict

## Thinking about the Fundamentals

**Robert L. Helvey**

**The Albert Einstein Institution**

---

မြန်မာဘာသာပြန် – လွင်အောင်စိုး

Copyright © 2004 by Robert Helvey
All rights reserved including translation rights
First Edition, July 2004

This publication was prepared pursuant to the
United States Institute of Peace (USIP) Grant
SG-127-02S, September 19, 2002

The Albert Einstein Institution
427 Newbury Street
Boston, MA 02115-1801, USA
Tel: USA +617-247-4882
Fax: USA +617-247-4035
E-mail: einstein@igc.org
Website: www.aeinstein.org
http://www.aeinstein.org/organizations1c31.html (Free download)
(မူရင်း အင်္ဂလိပ်စာကို အထက်ပါ ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။)

# အာဏာရှင်စနစ်အပေါ် အောင်ပွဲခံရန် နေ့ခင်းအိပ်မက် မက်ပေးသူများသို့

အိပ်မက်တွေ မက်ပေါင်းများပြီ၊
ဒါပေမယ့် ဘယ်တော့မှ ထပ်မသွား။
စိတ်ရဲ့အဝေးဆုံးနေရာ
ဘာရှိမှန်း မတွေးတတ်ခဲ့။
အရောက်အပေါက်မရှိ ဖုံတောင်တက်နေသတဲ့။
မတွေးဖူးတဲ့အကြောင်းက
ညရဲ့အိပ်မက်ကမ္ဘာမှာ။
နိုးလာတော့ ဘာမှ မသိ၊
ဘာမှလည်း တန်ဖိုးမရှိတော့။

နေ့ခင်းကြောင်တောင် အိပ်မက် မက်နေသူ တဦး၊
အိပ်မက် မက်တုန်း သူ့မျက်လုံးတွေ ပွင့်နေတယ်။
သူ့အိပ်မက်က ဖြစ်သွားနိုင်တယ်။
အသိစိတ်နဲ့ ဒီလူကို သတိထား၊
ကြောက်စရာကောင်းတဲ့သူ။

T.E. Lawrance, *Seven Pillars of Wisdom*

(မှတ်ချက်။ ။ T.E. Lawrance, *Seven Pillars of Wisdom* မှ စကားလုံးများကို မြန်မာဘာသာသို့ပြန်ဆိုဖွဲ့နွဲ့ထားခြင်း ဖြစ်ပါသည်။ လှိုင်အောင်စိုး)

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| စာရေးသူ၏အမှာ | | ၄ |
| ဘာသာပြန်သူ၏အမှာ | | ၆ |
| နိဒါန်း | | ၈ |
| အခန်း (၁) | နိုင်ငံရေးအာဏာ – သီအိုရီ | ၁၁ |
| အခန်း (၂) | အထောက်အကူပြုထောက်တိုင်များ | ၁၈ |
| အခန်း (၃) | အမိန့်နာခံခြင်း | ၂၆ |
| အခန်း (၄) | နိုင်ငံရေးအာဏာပြောင်းလဲရန် လုပ်ငန်းစဉ်များနှင့် အကြမ်းမဖက်လှုပ်ရှားမှုနည်းလမ်းများ | ၃၀ |
| အခန်း (၅) | ပြဿနာဖြေရှင်းရေး | ၄၅ |
| အခန်း (၆) | မဟာဗျူဟာရေးဆွဲရန် ကြိုတင်တွက်ဆခြင်း | ၄၉ |
| အခန်း (၇) | လှုပ်ရှားရန် အစီအစဉ်ကို စဉ်းစားသုံးသပ်ပုံများ | ၆၈ |
| အခန်း (၈) | စိတ်ဓါတ်စစ်ဆင်ရေးများ | ၇၇ |
| အခန်း (၉) | ဗျူဟာရေးဆွဲရေး အထောက်အကူပြု ထက်သန်သောအမြင်များ | ၈၆ |
| အခန်း (၁၀) | အကြောက်တရား | ၉၇ |
| အခန်း (၁၁) | ခေါင်းဆောင် | ၁၀၃ |
| အခန်း (၁၂) | အဖျက်အဆီး | ၁၁၂ |
| အခန်း (၁၃) | ပြင်ပ ပရိသတ်များကို သြဇာလွှမ်းမိုးခြင်း | ၁၂၀ |
| အခန်း (၁၄) | တိုင်ပင်ခြင်းနှင့် လေ့ကျင့်ခြင်း | ၁၂၈ |
| နောက်ဆုံး အမှာစာ | | ၁၃၈ |
| နောက်ဆက်တွဲ (၁) | အကြမ်းမဖက်လှုပ်ရှားမှု ဝေါဟာရများ | ၁၃၉ |
| နောက်ဆက်တွဲ (၂) | အကြမ်းမဲ့တိုက်နည်းများ | ၁၄၈ |
| နောက်ဆက်တွဲ (၃) | အကြံပေးအဖွဲ့၏ တင်ပြပုံနည်းလမ်းကို အသုံးပြု၍ ပြဿနာဖြေရှင်းပုံ | ၁၅၅ |
| နောက်ဆက်တွဲ (၄) | မဟာဗျူဟာအတွက်အချက်ကို ပြင်ဆင်ရေးအတွက် အကြံပြုပုံစံ | ၁၅၈ |

# စာရေးသူ၏အမှာစာ

မကြာသေးမီက ကျွန်တော်သည် Tufts တက္ကသိုလ်၏ Fletcher School of Law and Diplomacy မှ ပရော်ဖက်ဆာ Michael Glennon ပို့ချသောသင်ခန်းစာတခုကို လေ့လာခွင့်ရခဲ့သည်။ သင်တန်းတွင် ပရော်ဖက်ဆာက “လူတွေဟာ ဒီမိုကရေစီကို အရမ်းတောင့်တနေကြတယ်ဆိုတာ သက်သေပြနိုင်ပါပြီ”ဟု ပြောသွားသည်။ သူ့စကားသည် မြန်မာနိုင်ငံသားတို့နှင့် အကိုက်ညီဆုံးဖြစ်နေသည်ကိုတွေ့ရသည်။ မြန်မာပြည်သူတို့မှာ ၁၉၆၂ ခုနှစ် ကတည်းကစ၍ ယနေ့ထိ အာဏာရှင်စနစ်အောက်တွင် ခံစားနေခဲ့ကြရသည်။ လွတ်လပ်သော ဒီမိုကရေစီအစိုးရ၏ အုပ်ချုပ်မှုကို မျှော်မှန်းတမ်းတနေခဲ့ကြသည်။ သို့သော် အာဏာရှင်၏ အကြမ်းဖက်အုပ်စိုးမှုက ဒီမိုကရေစီအိပ်မက်များ အမှန်တကယ်ဖြစ်မလာအောင် ဖျားယောင်းသွေးဆောင်နေတုန်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီထောက်ခံသည့်အင်အားစုများက ငြိမ်းချမ်းသာယာပြီး ဒီမိုကရေစီ လူ့ဘောင်သစ်ကြီးကို တည်ဆောက်ရန် စိတ်ကူးထားသော်လည်း အကောင်အထည်ဖော်ခွင့်မရအောင် စစ်ဗိုလ်ချုပ်ကြီးများက အကြမ်းဖက်နှိပ်ကွပ်၍ ထိန်းချုပ်ထားသည်။ သို့သော် လှုပ်ရှားသူတို့၏ အနာဂတ်ရည်မှန်းချက်မှာ ခါတိုင်းလိုပင် ရှင်သန်ခွန်အားရှိနေဆဲ ဖြစ်သည်။ အောင်မြင်မှု အရှိဆုံးလှုပ်ရှားမှုမှာ ၁၉၉၀ခုနှစ် မေလ ရွေးကောက်ပွဲ ဖြစ်ပြီး မြန်မာနိုင်ငံကို ဒီမိုကရေစီ အသွင်ကူးပြောင်းရန် ဦးဆောင်ပေးဖို့ ပြည်သူလူထုက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို တခဲနက်ရွေးချယ်ပေးလိုက်ကြသည်။ ထိုအခိုက်အတန့်မှစ၍ စစ်အစိုးရ၏ အုပ်ချုပ်ရေးကို ဖယ်ရှားလိုက်ပြီ ဖြစ်သည်။ စစ်အစိုးရသည် မြန်မာနိုင်ငံကို မည်သည့်အခါမှ တရားဝင်အုပ်ချုပ်နိုင်ခွင့် မရှိတော့။ ပြည်သူလူထုကလည်း မည်သည့်အခါမှ စစ်အစိုးရအမိန့်ကို နာခံစရာ မလိုအပ်တော့ပါ။

စစ်အာဏာရှင် အစိုးရက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)မှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)သို့ အမည်ပြောင်း၍ အာဏာရှင်စနစ်ကို အသက်သွင်းသည်။ တဖန် နဝတမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)သို့ အမည်ပြောင်းပြန်သည်။ မည်သို့ပင် အမည်ပြောင်းပြောင်း၊ ဒီမိုကရေစီ အင်အားစုများကို မည်သို့ပင် နှိပ်ကွပ်နေသည်ဖြစ်ဖြစ် တရားဝင်အစိုးရ မဖြစ်နိုင်။ မည်သို့ပင် အာဏာကို အလွဲသုံးစားလုပ်လုပ်၊ လာဘ်လာဘ်ယူလုပ်လုပ် ဥပဒေအရ တရားဝင်ဖြစ်ခြင်းကို ဝယ်ယူ၍ မရနိုင်။ တဖန် အာဏာရှင်အမိန့်ကို ဆန့်ကျင်အာခံသူတို့အား သတ်ဖြတ်၍လည်း တရားဝင်အစိုးရတရပ် အဖြစ် အသိအမှတ်ပြုခံရမည် မဟုတ်။ ကုန်ကုန်ပြောရလျှင် စစ်အစိုးရဆိုသည်မှာ ဇာတ်သိမ်းသွားပြီ ဖြစ်သည်။ မြန်မာပြည်သူလူထုက မည်သည့်စစ်အာဏာရှင်အစိုးရ တက်တက် တရားဝင်အစိုးရအဖြစ် မည်သည့်အခါမှ အသိအမှတ်ပြုနိုင်တော့မည် မဟုတ်ပါ။

သမိုင်းပညာရှင်တို့က မြန်မာစစ်တပ်ကို အဆိုးမြင်သွားကြတော့မည်ဆိုလျှင်တော့ စိတ်မကောင်းစရာပါ။ အရည်အချင်းလည်းရှိ၊ မျိုးချစ်စိတ်လည်းရှိကြသော မြန်မာစစ်အရာရှိများစွာ တပ်ထဲမှာရှိသည်။ သို့သော် သူတို့သည် အာဏာရှင်တို့၏ လှည့်ကွက်အတိုင်း စနစ်တကျ အာဏာအလွဲသုံးစားမိပြီး အာဏာရှင်စနစ်၏ အသုံးချခံဘဝသို့ ရောက်ရှိနေရတော့သည်။ သို့သော် သူတို့အထဲမှတချို့ကို ဝါဒရေးရာ ရိုက်သွင်းပေးထားသဖြင့် စစ်အာဏာရှင်စနစ်ရှိနေခြင်းဖြင့် သူတို့ကိုယ်ကိုသူတို့ တိုင်းပြည်၏ ကယ်တင်ရှင်များ ဖြစ်သည်ဟု ယုံမှတ်မှားနေကြသည်။ ကျေးလက်ဒေသများတွင် အမျိုးသမီးများကို အဓမ္မပြုကျင့်ခြင်း၊ ပစ္စည်းဥစ္စာများကို ခိုးဆိုးလုယက်ခြင်း စသည်တို့သည် လက်ခံနိုင်စရာအပြုအမူများဟု ဝါဒရိုက်သွင်းခံထားရသော ထိုမြန်မာစစ်အရာရှိတို့က ထင်နေကြသည်။ အဆိုပါဒေသများတွင် အရပ်သားများကို လူမြင်ကွင်း၌ ပစ်သတ်ခြင်းဖြင့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ဖြစ်စေသည်ဟုပင် တချို့အရာရှိများက ယူဆနေကြသည်။

စစ်အုပ်ချုပ်ရေး၏ ဤမျှဆိုးဝါးလှသော အနိဋ္ဌာရုံများကို အဆုံးသတ်စေရေးအတွက် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုသည် စကတည်းကပင် အကြမ်းမဖက်သော လမ်းစဉ်ကို ရွေးချယ်ကျင့်သုံးလာခဲ့သည်။ အင်မတန် အမြော်အမြင်ကောင်းလှသော ဆုံးဖြတ်ချက် ဖြစ်ပါသည်။ ဒီမိုကရေစီရရှိရေး ရည်မှန်းချက်ဖြင့် မြန်မာပြည်သူတို့က အကြမ်းမဖက်လှုပ်ရှားမှုများတွင် ပါဝင်ကြသည်။ ဖိနှိပ်သူကို

အပြစ်ပေးရန်မဟုတ်၊ လွတ်မြောက်ရေးနှင့် ဒီမိုကရေစီက ပို၍ပဓါနကျသည့် အကြောင်းရင်းဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်ခြင်းမှ ကင်းဝေးရေး၊ တရားဥပဒေတည်ရှိရေးနှင့် ဒီမိုကရေစီအစိုးရ ဖွဲ့စည်းတင်မြောက်ရေးအတွက် အစိုးရနှင့် လက်တွဲလုပ်ဆောင်ရန် ဒေါ်အောင်ဆန်းစုကြည်က အကြိမ်ကြိမ် ကမ်းလှမ်းပေးနေခဲ့သည်။ အကယ်၍ စစ်ဗိုလ်ချုပ်ကြီးများက ပူးပေါင်းပါဝင်လာမည်ဆိုလျှင် ကြိုဆိုရမည်ပင်။ သို့သော် ဒီမိုကရေစီရရှိရေး ရည်မှန်းချက်မှာ စစ်ဗိုလ်ချုပ်ကြီးများအပေါ် မူမတည်ပါ။ နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်နိုင်သည့်အပေါ်လည်း မူမတည်ပါ။ ဒီမိုကရေစီရရှိရေးဆိုသည့် ဘုံရည်မှန်းချက်အတွက် မြန်မာ့လူမှုအသိုင်းအဝိုင်းတခုလုံးက စည်းရုံးပြီးသား၊ စည်းလုံးပြီးသား ဖြစ်လာသောအခါ စစ်ဗိုလ်ချုပ်ကြီးများနှင့်တကွ နိုင်ငံခြား ဝင်ရောက်စွက်ဖက်မှုများအပေါ် မူမတည်ကြောင်း ပိုမိုသိသာလာပါလိမ့်မည်။

ကျွန်တော် မျှော်လင့်ထားပါသည်။ အတိုက်အခံတို့၏လှုပ်ရှားမှုတွင် အဖွဲ့များ မညီမညွတ် ဖြစ်နေကြသည်ကို မကြာမီ ပြေလည်အောင် ဖြေရှင်းနိုင်ကြပါလိမ့်မည်။ ထို့ပြင် ဤစာအုပ်သည် အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေး၌ ပါဝင်ကြသူတို့အား တနေရာတထောင့်မှ အထောက်အကူ ပြုနိုင်ပါလိမ့်မည်။

**ရောဘတ် အယ်လ် ဟဲလ်ဗီ**
**(စာရေးသူ)**

# မြန်မာပြန်သူ၏အမှာ

အာဏာရှင်ဆန့်ကျင်ရေး အကြမ်းမဖက်လှုပ်ရှားမှုမှာ မြန်မာတနိုင်ငံတည်းတွင်သာ ရှိနေသည် မဟုတ်ပါ။ အာဏာရှင်မှာ နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ပျက်စီးထိခိုက်စေသောကြောင့် ဖယ်ရှားရမည် ဟူသောအသိစိတ်ကို ပြည်သူအများစုတို့က လက်ခံယုံကြည်ခဲ့သည့် အတိတ်ကာလ နှစ်ပေါင်းများစွာကပင် ကမ္ဘာ့ နိုင်ငံများစွာတို့၌ ဆန့်ကျင်လှုပ်ရှားနေခဲ့ခြင်းဖြစ်ပါသည်။ (၂၀)ရာစုနှစ်တွင် ရုရှားတော်လှန်ရေး (၁၉၀၅)၊ ဂျာမနီ စစ်အာဏာသိမ်းမှုကိုခုခံခြင်း(၁၉၂၀)တို့မှ အစပြုခဲ့သည်။ ၁၉၃၁ခုနှစ်၌ ဗြိတိသျှကိုလိုနီလက်အောက်မှ အိန္ဒိယနိုင်ငံ လွတ်မြောက်ရန် ဂန္ဒီက ဦးဆောင် ဆန့်ကျင်ခဲ့ဖူးသည်ကိုလည်း အတော်များများ သိရှိနေကြပြီး ဖြစ်သည်။

၁၉၆၈ ခုနှစ်တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၌ ပြည်သူ့အကျိုးစီးပွားများအတွက် ပြုပြင်ပြောင်းလဲ ရေးများ ဆောင်ရွက်နေသည့် “ပရာဟာနွေဦး”(Prague Spring)မှာ အရှိန်အဟုန် ကောင်းနေစဉ်မှာပင် ဆိုဗီယက် တပ်များ ကျူးကျော် ဝင်ရောက်လာသဖြင့် အဆုံးသတ်လိုက်ရသည်။ သို့သော် ချက်နိုင်ငံသားတို့က အကြမ်းမဖက် လှုပ်ရှားမှု၏ သဘောတရားနှင့် တန်ဖိုးများကို နားလည်ခဲ့ကြပြီး နောင်(၂၁)နှစ်အကြာတွင် ကတ္တီပါတော်လှန်ရေး (Velvet Revolution)ဖြင့် ကွန်မြူနစ် အာဏာရှင်များကို ဖယ်ရှားနိုင်ခဲ့ကြသည်။

ထို့ပြင် မေ ၆၈ အရေးအခင်း(ပြင်သစ်)၊ ဂရိနိုင်ငံ အေသင်မြို့တော် ပိုလီတက်ကနစ် စက်မှု ကျောင်းသားများ လှုပ်ရှားမှု (၁၉၇၃)၊ ၁၉၇၉ အီရန်တော်လှန်ရေး၊ ၁၉၈၆ ဖိလစ်ပိုင် ပြည်သူ့စွမ်းအား (People Power) လှုပ်ရှားမှု၊ မြန်မာနိုင်ငံ ရှစ်လေးလုံး လူထုလှုပ်ရှားမှု၊ ၁၉၈၉ တီယန်နန်မင် ရင်ပြင် ကျောင်းသားလှုပ်ရှားမှု (တရုတ်)၊ ၁၉၈၉–၉၁ ဆိုဗီယက်ယူနီယံလက်အောက်မှ အရှေ့ဥရောပနိုင်ငံများ၏ ပြည်သူ့လွတ်မြောက်ရေး လှုပ်ရှားမှုများ၊ အာဏာရှင်လက်အောက်မှ လွတ်မြောက်လာသော လက်တင်အမေရိကနိုင်ငံများ၊ စစ်အေးခေတ်လွန် ပြည်သူတို့၏ အရောင်တော်လှန်ရေးများ အစရှိသည့် လူထုလှုပ်ရှားမှုအားလုံးတို့သည် အကြမ်းမဖက်သော လှုပ်ရှားမှုများ ဖြစ်ကြသည်။

အကြမ်းမဖက်သော လှုပ်ရှားမှုများတွင် အောင်ပွဲရသည်လည်း ရှိခဲ့သည်။ မရသေးပဲ ဆက်လက် လှုပ်ရှားနေဆဲများလည်းရှိသည်။ အကြမ်းမဖက်နည်းဗျူဟာများအတိုင်း စနစ်တကျလှုပ်ရှားနိုင်ခဲ့သည်များ ရှိသကဲ့သို့ နည်းဗျူဟာများကိုမသိရှိပဲ ရှိရှိသမျှစွမ်းအားတို့ကို ဖြစ်သလိုအသုံးချခဲ့ရသော အကြမ်းမဖက် လှုပ်ရှားမှုများလည်း ရှိခဲ့သည်။

အာဏာရှင်စနစ် ဆိုသည်မှာ ယခုစာအုပ်တွင် ဖော်ပြမည့် Dr Gene Sharp ၏ နိုင်ငံရေး အာဏာ သီအိုရီတွင် ပါရှိသည့်အတိုင်း တဦးတည်းပိုင် နိုင်ငံရေးအာဏာ ပုံစံဖြစ်သည်။ အာဏာရှင်တဦးသည် အာဏာကို လက်ဆုပ်လက်ကိုင် ရရှိထားပြီးဖြစ်လျှင် မည်သည့်အခါမှ ပြန်ပေးတော့မည်မဟုတ်ပါ။ မတတ်သာ၍ လက်လွှတ်ရသည့်တိုင်အောင် ပြန်လည်ရယူရန်၊ နောက်ကွယ်မှ ကြိုးကိုင်ချယ်လှယ်နိုင်ရန် အားထုတ်နေတတ်သည်။ ပြည်သူ့အကျိုးစီးပွား ဆိုသည်ကို နားမလည်၊ မိမိတကိုယ်တည်း ကောင်းစားမည့် ကိုယ်ကျိုးစီးပွားကိုသာ တစိုက် မတ်မတ် ကြိုးပမ်းနေလေ့ရှိသည်။

ကိုယ်ကျိုးရှာ အာဏာရှင်၏ ရက်စက်သော ဖိနှိပ်မှုများနှင့် အရည်အချင်းမရှိသော စီမံအုပ်ချုပ်မှု များကြောင့် ပြည်သူလူထုမှာ တနေ့တခြား ဆင်းရဲကြပ်တည်းလာသည်နှင့်အမျှ နောက်ဆုံးတွင် ပြည်သူ့အကျိုး စီးပွားကို အမှန်တကယ် ဖြည့်စွမ်းပေးနိုင်မည့် နိုင်ငံရေးစနစ်ကို ရှာဖွေလာကြသည်။ ဤသို့ဖြင့် အာဏာရှင်ကို ဆန့်ကျင်အံတုလာကြသည်။ အကြမ်းဖက်လက်နက်ကိုင် ဆန့်ကျင်တော်လှန်ခြင်းထက် အကြမ်းမဖက် နိုင်ငံရေး နည်းလမ်းဖြင့် ဆန့်ကျင်လှုပ်ရှားနိုင်ပါက ပြည်သူလူထုတရပ်လုံး ပါဝင်နိုင်ကြမည်ဖြစ်၍ ပိုမိုကြီးမားသောစွမ်းအားဖြင့် အာဏာရှင်ကို ဖယ်ရှားနိုင်သည်ကို သဘောပေါက်လာကြသည်။ နိုင်ငံတကာကလည်း အဆိုပါလှုပ်ရှားမှုများကို ငြိမ်းချမ်းရေးလမ်းစဉ်အဖြစ်နှင့် ထောက်ခံ အားပေးကြသည်။

သို့သော် လှုပ်ရှားမှုတိုင်း အောင်မြင်သည် မဟုတ်ပါ။ လေးလံသော ကျောက်တုံးကြီးကို မည်မျှ အင်အားစိုက်၍တွန်းတွန်း ရွေ့မည်မဟုတ်သော်လည်း ခိုင်မာသောတုတ်တချောင်းဖြင့် ကော်ထုတ်၍တွန်းလျှင် ရွေ့သွားနိုင်မည်ဖြစ်သည်။ ထိုနည်းတူ အကြမ်းမဖက်လှုပ်ရှားမှုတွင်လည်း အောင်မြင်နိုင်မည့်နည်းလမ်းများကို အသုံးချပါက ထိရောက်မှုရှိမည်မှာ အမှန်ပင်။ အာဏာရှင်ကို အကြမ်းမဖက် ဆန့်ကျင်ဖယ်ရှားနိုင်ရေးအတွက် စနစ်တကျ မည်သို့လှုပ်ရှားရမည် ဆိုသည့် မဟာဗျူဟာ ရှိထားရန် အထူးလိုအပ်သည်။ ခိုင်မာတောင့်တင်းသော ခေါင်းဆောင်ပိုင်းတို့ကအသေအချာ ပြင်ဆင်ထားပြီးသော မဟာဗျူဟာဖြင့် အရင်းအမြစ်စွမ်းအား ရနိုင်သမျှကို

အစွမ်းကုန် ထိရောက်အောင် အသုံးချနိုင်ပါက မုချ အောင်မြင်ရပေမည်။ ဗျူဟာရှိပြီး လူမရှိ၍လည်း မဖြစ်နိုင်ပါ။ အဓိကအကျဆုံးမှာ လူဖြစ်သည်။

သတိပြုရန်အချက်တခုမှာ အကြမ်းမဖက် လှုပ်ရှားမှု ပုံစံများသည် တခုနှင့်တခု တူနိုင်မည် မဟုတ်သကဲ့သို့ ယခင်ပုံစံနှင့် ယခုပုံစံလည်း တူချင်မှတူပေမည်။ ခေတ်ကာလပြောင်းလဲတိုးတက်နေသဖြင့် အသုံးချသော ရုပ်ဝတ္ထုအရင်းအမြစ်များနှင့် တတ်သိကျွမ်းကျင်မှုများ အထိုက်အလျောက် ပြောင်းလဲနေတတ်သောကြောင့် ဖြစ်သည်။ ၁၉၇၃ခုနှစ်က အေသင်စက်မှုတက္ကသိုလ်ကျောင်းသားတို့က ကိုယ်ပိုင်ရေဒီယိုကို တီထွင်ပြီး အကြမ်းမဖက် လှုပ်ရှားသူများကို နှိုးဆော်ခဲ့ဖူးသော်လည်း ယနေ့အင်တာနက်ခေတ်တွင် ဆက်သွယ်ရေးလမ်းကြောင်းများက များစွာ တိုးတက်နေခဲ့ပြီဖြစ်သည်။

ဤစာအုပ်သည် လွတ်မြောက်ရေးအတွက် အကြမ်းမဖက်လှုပ်ရှားသူတို့အား လက်တွေ့အသုံးချနိုင်စရာ ဗဟုသုတများကို ပေးစွမ်းနိုင်သော စာအုပ်ဖြစ်သည်။ ထိုမျှသာမက ပညာရပ်ဆိုင်ရာနှင့် တွေးခေါ်မြော်မြင်ရေးဆိုင်ရာ ဗဟုသုတများကိုလည်း စာဖတ်သူများ အလျဉ်းသင့်သလို ရယူနိုင်ပါလိမ့်မည်။ သို့ဖြစ်၍ အလျင်စလို မဖတ်စေလိုပါ။ ဖတ်၍လည်း ရနိုင်မည်ဟုမထင်ပါ။ အကြောင်းမှာ လက်တွေ့အသုံးချနိုင်သည့် ဗဟုသုတများကို ကာလ၊ ဒေသ၊ ပယောဂ အလိုက် ညီညွတ်မျှတအောင် ဖန်တီးနိုင်သော အခြေအနေပေါ်မူတည်၍ လေးနက်စွာ စဉ်းစားချင့်ချိန်ရန် လိုအပ်သောကြောင့်ဖြစ်သည်။

နိုင်ငံရေးသီအိုရီများ၊ အကြမ်းဖျဉ်းကောက်နုတ်ချက်များ၊ အမျိုးမျိုးသော သဘောတရားရေးရာများနှင့် တွေးခေါ်မြော်မြင်ပုံများသည် ဤစာအုပ်၏ အနှစ်သာရများဖြစ်သည်။ ပညာရပ်ဆိုင်ရာ ဗဟုသုတများစွာ ပါဝင်နေသည့်အတွက်ကြောင့် မိမိတို့၏ ခံယူချက်နှင့် ကိုက်ညီနေလျှင် ကျောင်းသင် ဘာသာရပ်တခုအလား သဘောထား၍ အပတ်တကုတ် လေ့လာသင့်ကြောင်း အကြံဉာဏ် ပေးလိုပါသည်။ လိုအပ်သည့်အခါ အရေးပါသည်ဟု ယူဆရသောအချက်များကို မှတ်စုထုတ်ခြင်း၊ အကြိမ်ကြိမ်ပြန်ဖတ်ခြင်း၊ အချင်းချင်း တိုင်ပင်ဆွေးနွေးခြင်း အစရှိသည်တို့ကို လုပ်ဆောင်နိုင်ပါက အကျိုးထူး ရှိနိုင်ပါလိမ့်မည်။ ထိုမှတဆင့် ဆင့်ပွားတိုးချဲ့ တွေးခေါ်နိုင်စရာများလည်း ရရှိနိုင်ပါသည်။

ဤစာအုပ်ကို ၂၀၀၆ နှစ်လယ်ပိုင်းလောက်တွင် ဘာသာပြန်ဆို ပြီးစီးခဲ့သည်၊ ထို့နောက် အဓိကအားဖြင့် Burma Digest website တွင် အပါတ်စဉ် အခန်းဆက် ဖော်ပြခဲ့ဖူးသည်။ အကြမ်းမဖက် လှုပ်ရှားမှုကို မဟာဗျူဟာမြောက်အောင် စီစဉ်ဆောင်ရွက်ပုံ အများစုမှာ ကျနော့်အတွက် အသစ်အဆန်း ဖြစ်နေခဲ့ပြီး စာဖတ်သူအချို့အတွက်လည်း အလားတူ ရှိနိုင်ပါသည်။ သို့ဖြစ်၍ စာဖတ်သူများ နားအလည်နိုင်ဆုံးဖြစ်စေရန် အထပ်ထပ်အခါခါ တည်းဖြတ်ပြီး ဘာသာပြန်ထားပါသည်။

အမိမြန်မာနိုင်ငံ အာဏာရှင်စနစ်လက်အောက်မှ လွတ်မြောက်နိုင်မည့် နည်းလမ်းများကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတိုက်ပွဲဝင်နေကြသူ မြန်မာနိုင်ငံသားများအား သိရှိနားလည် အသုံးချနိုင်ရန်အတွက် ဟူသော ရည်ရွယ်ချက်ဖြင့် မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

အကြမ်းမဖက် လှုပ်ရှားမှုမှာ ပြည်သူအများစုက လက်မခံနိုင်သော နိုင်ငံရေးစနစ်တခုကို နိုင်ငံရေးနည်းလမ်းတမျိုးဖြင့် ငြိမ်းချမ်းစွာ ဖယ်ရှားခြင်းသာဖြစ်၍ မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည့် ခေတ်အခါ ဖြစ်စေ ကာမူ အသုံးဝင်နေမည့် လှုပ်ရှားမှုဖြစ်သည်။ အကြမ်းမဖက် နိုင်ငံရေး လှုပ်ရှားမှုဆိုင်ရာ ဗဟုသုတများကို ပြည်သူလူထုက ပိုမိုကျယ်ပြန့်စွာ သိရှိနေသည်နှင့်အမျှ ပြည်သူတို့ အလိုရှိသော နိုင်ငံရေးစနစ်တခုကို ရယူဖန်တီးနိုင်မည့်အပြင် ရရှိထားသော နိုင်ငံရေးစနစ်တခုကိုလည်း မိမိတို့လူနေမှုအသိုင်းအဝိုင်းအတွင်း မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ ကျေးလက်ဒေသမကျန် အရပ်ဒေသအားလုံးရှိ ပြည်သူလူထုအကြား အကြမ်းမဖက် လှုပ်ရှားမှု ဗဟုသုတများ ပြန့်ပွားစေရေးကို တတ်နိုင်သမျှ အသိပညာပေး ဖြန့်ဖြူးကြရမည် ဖြစ်သည်။ တဆင့်ပြန်လည် ထုတ်ဝေဖြန့်ဖြူးရန်အတွက် ခွင့်ပြုချက် တောင်းရန်မလိုပါ။ မည်သူမဆို ဤဘာသာပြန်စာအုပ်ကို လွတ်လပ်စွာ ကူးယူဖြန့်ချိနိုင်ပါသည်။

ဤစာအုပ်ကို ရေးသားပေးသော Mr Robert H. Helvey ၊ အကြမ်းမဖက် လှုပ်ရှားမှု နိုင်ငံရေးသီအိုရီကို ဖော်ထုတ်ပြီး အစဉ်တစိုက် အားပေးနေသော Dr Gene Sharp နှင့် ဤစာအုပ်ဖြစ်မြောက်ရန် အမြဲအားပေးနေခဲ့ကြသော ကျနော်၏ နိုင်ငံရေး ရောင်းရင်းများအားလုံးကို ကျနော့်နှလုံးသားထဲမှ လှိုက်လှဲစွာ အစဉ်ကျေးဇူးတင်နေမည် ဖြစ်ပါသည်။

လွင်အောင်စိုး
(ဘာသာပြန်သူ) lwinaungsoe@myway.com

# နိဒါန်း

လူ့သမိုင်း မှတ်တမ်းတင်နိုင်ခဲ့သည်မှစ၍ အဆိုးဝါးဆုံး သေကြေပျက်စီးရသော ရာစုနှစ်မှာ နှစ်ဆယ်ရာစုဖြစ်သည်။ ကမ္ဘာစစ်ကြီး နှစ်ကြိမ်တိုင်ဖြစ်ခဲ့ရပြီး စစ်သားနှင့်အရပ်ဖက် ပြည်သူစုစုပေါင်း သန်း(၂၀၀) ကျော် သေဆုံးခဲ့ရသည်။ ကမ္ဘာစစ်သာမကသေးပါ။ လွတ်မြောက်ရေးအတွက် စစ်ပွဲများ၊ အနိုင်ရလိုမှုကြောင့် ဖြစ်ရသော စစ်ပွဲများ၊ နိုင်ငံရေး–ဘာသာရေး ယုံကြည်ချက်များကြောင့် မိမိလူမျိုး အချင်းချင်းဖြစ်ရသော ပြည်တွင်း စစ်ပွဲများလည်း ရှိခဲ့သည်။ သတိပြုမိလောက်အောင် ပြင်းထန်သောစစ်ပွဲများ နေ့စဥ်ဖြစ်ပျက်နေခဲ့သည်။ နှစ်ဆယ် ရာစုတခုလုံးတွင် စစ်မဖြစ်သည့်နေ့ တရက်တလေမှ ရှိခဲ့မည်လား ဆိုသည်မှာ သံသယဖြစ်စရာပင်။

သိပ္ပံနှင့်နည်းပညာတိုးတက်လာမှုကြောင့် ပဋိပက္ခစစ်ပွဲများတွင် စစ်ရေးပစ်မှတ်များကို အကြီးအကျယ် ဖျက်ဆီးနိုင်စွမ်းရှိလာသည်။ စစ်တိုက်သူတို့က ပြည်သူနှင့်အိုးအိမ်ပစ္စည်းများ သေကြေပျက်ဆီးစေရန် ရည်ရွယ် တိုက်ခိုက်ခြင်း မဟုတ်ပါဟုတော့ပြောသည်။ သို့သော် အရပ်ဖက်တွင် ပိုမိုထိခိုက်ဆုံးရှုံးနိုင်အောင် အဖျက်စွမ်းအားက ကြီးမားလာနေဆဲ ဖြစ်သည်။ အကြောင်းမှာ ဆိုးဆိုးဝါးဝါး သေကြေပျက်စီးစေရန် အထူးတီထွင်ထုတ်လုပ်ထားသော လက်နက်များကြောင့်သာမက လက်နက်အမြောက်အမြားကို တပြိုင်တည်း အသုံးပြု၍ အစွမ်းကုန် တိုက်ခိုက်နေ သောကြောင့် ဖြစ်သည်။

ဓါတုနှင့်ဇီဝလက်နက်များသည် သမားရိုးကျစစ်လက်နက်များထက် ပိုဈေးသက်သာပြီး သယ်ယူ ဖြန့်ချိရာတွင်လည်း လွယ်ကူသည်။ သို့ဖြစ်၍ အရပ်ဖက်ပြည်သူ အမြောက်အမြားအား အစုလိုက်အပြုံလိုက် သေကြေပျက်စီးစေနိုင်သည့် အန္တရာယ်က အလွန်ကြီးမားနေတော့သည်။ ၁၉၉၀ပြည့် စောစောပိုင်းနှစ်များက သဲကန္တာရ မုန်တိုင်း ဟုအမည်ပေးထားသည့် (ပါရှန်) ပင်လယ်ကွေ့ စစ်ပွဲတွင် “စမတ်ဗုံး”ကို အသုံးပြုခဲ့ကြသည်။ အဆိုပါ ဒုံးကျည်ဗုံးအမျိုးအစားသည် စစ်ရေးပစ်မှတ်ကိုသာ ရည်ရွယ်ထားပြီး အရပ်ဘက် ထိခိုက်ဆုံးရှုံးမှုကို လျှော့ချ နိုင်သည် ဟုဆိုသည်။ စစ်ပွဲသည် အရပ်ဖက်ကို ထိခိုက်မှုမရှိပဲ လျင်မြန်စွာ ပြီးဆုံးရန် သေချာသည်ဆိုသော မှတ်ချက်ကို အမေရိကန်ပြည်သူတို့က ယုံကြည်နေခဲ့ကြသည်။ တဖန် ၂၀၀၃ခုနှစ် စောစောပိုင်းတွင် အမေရိကန် ဦးဆောင်သော ညွန့်ပေါင်းတပ်များက အီရတ်ကို စစ်ဆင်တိုက်ခိုက်ရာ၌ ပစ်မှတ်ကို အတိအကျ ထိမှန်စေသော ဒုံးကျည်လက်နက်များကို ကျယ်ပြန့်စွာ အသုံးပြုခဲ့သေးသည်။

သို့ဖြစ်ရာ အဆိုပါလက်နက်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုမှာ အရပ်ဖက်ဆုံးရှုံးထိခိုက်မှု နည်းပါးစေ နိုင်သည်ကို အကြောင်းပြု၍ နိုင်ငံတကာမှ စံနမူနာအသစ်တခုအဖြစ် အသုံးချတော့မည်လောဟု တွေးစရာ ဖြစ်လာသည်။ သို့သော် ဖြစ်တော့မဖြစ်နိုင်သေးပါ။ အဘယ်ကြောင့်ဆိုသော် ထိုသို့တိုက်ခိုက်နိုင်စွမ်းနှင့် နည်းပညာ အထောက်အကူတို့မှာ အလွန့်အလွန်နည်းပါးလှသော နိုင်ငံအချို့ကသာ လုပ်နိုင်နေသောကြောင့်ဖြစ်သည်။ မည်သို့ ဆိုစေကာမူ ပြည်တွင်းစစ်အပါအဝင် အကန့်အသတ်ဖြင့် တိုက်ခိုက်ရသည့်စစ်ပွဲများ ဖြစ်နေသည့်တိုင်အောင် အရပ်ဖက် ပြည်သူလူထုကသာ ခေတ်ပေါ်စစ်ပွဲများ၏ အဓိကသားကောင်များအဖြစ် ဆက်လက် ခံနေရပေဦးမည်။

နှစ်ဆယ်ရာစု၏ နောက်ဆုံးဆယ်စုနှစ်(၂)ခုမှာ ဆိုဗီယက်ယူနီယံနှင့် အနောက်အုပ်စုတို့၏ စစ်အေးခေတ် ပြီးဆုံးသွားသောကာလဖြစ်သည်။ နှစ်ဖက်စလုံး၌ စစ်အင်အားပြိုင်ဆိုင်မှုမရှိတော့သဖြင့် စိုးရိမ် ကြောင့်ကြနေရခြင်းများ နည်းပါးသွားသည်။ ကောင်းသည်လည်းရှိသလို ဆိုးကျိုးများလည်း ပေါ်ထွက်လာသည်။ စစ်လက်နက်များ အသုံးမလိုတော့ပဲဖြစ်လာသည်။ နိုင်ငံတကာ လက်နက်ဈေးကွက်တွင် လက်နက်ငယ်များ၊ အမြောက်များ၊ လေယာဥ်များ၊ စစ်သုံးယာဥ်များနှင့် အခြားလက်နက်မျိုးစုံတို့ကို အတားအဆီးမရှိ ဝယ်ယူရရှိ နိုင်လာသည်။ ဈေးနှုန်းကလည်း ကျသွားသည်။ များများဝယ်လေ ဈေးသက်သာလေဖြစ်သည်။ လက်နက်အသစ်များ ထုတ်လုပ်ရောင်းချသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းလာသည်။ လက်နက်ရောင်းနိုင်ငံများနှင့် စီးပွားရေး ကုမ္ပဏီများက အရောင်းကိုယ်စားလှယ်များလွှတ်၍ပင် ဝယ်သူကို အတင်းလိုက်ရှာနေကြတော့သည်။ လက်နက် များကို အလွယ်တကူ ဝယ်ယူနိုင်သဖြင့် တကမ္ဘာလုံးတွင် အကြမ်းဖက် ပဋိပက္ခစစ်ပွဲများ လွယ်လွယ်ပင် တိုးပွား လာသည်။

စစ်ရေးဆိုင်ရာ အတတ်ပညာများ တည်ဆောက်နေခြင်းနှင့် လူအမြောက်အမြား သေကြေစေ နိုင်သော လက်နက်များပြန့်ပွားနေခြင်းတို့ကြောင့် မေးစရာတခုပေါ်လာသည်။ စစ်တိုက်သောကြောင့် နှစ်ဖက်စလုံး

သေကြေပျက်စီးရမည်မှာ သေချာနေသောကြောင့် ထိုသို့တိုက်ခိုက်ရလောက်သော မူဝါဒများ နောက်ထပ်ရှိနေရန် လိုမလို ဟူသော မေးခွန်းဖြစ်သည်။ နိုင်ငံတခုတွင် စစ်ကြောင့် လူလည်း သေ၊ စီးပွားရေးလည်း ကျဆင်းရသည်ဖြစ်၍ စစ်တိုက်ရကျိုးနပ်နိုင်မည် မဟုတ်တော့ပါ။ ထိုအခါ ထိုစစ်ပွဲကို နိုင်သည်ဟု မည်သူက ကြွေးကြော်နိုင်ပါသနည်း။ နှစ်ဘက်စလုံးက အထိနာလာလျှင် ဆက်မတိုက်တော့ပဲ စစ်ပွဲများ တားဆီးရှောင်ရှားနိုင်ရေးကို ဆွေးနွေးရန် နည်းလမ်းများ ရှာလာကြရမည်ဖြစ်သည်။ စစ်တားဆီးရေး မူဝါဒများမှာ ထိရောက်လျက် ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် အနုမြူစစ်ပွဲများ မဖြစ်ပွားစေရေးတွင် အောင်မြင်လျက်ရှိသည်။ စစ်တိုက်ရာတွင် တဘက်နှင့်တဘက် စစ်ရေးစွမ်းရည်များ မတူကြမှန်းသိလျက်နှင့် တိုက်နေကြသည်သာဖြစ်သည်။ သို့သော် အရေးပါသော လူမျိုးရေးစစ်ပွဲ၊ ဘာသာရေးစစ်ပွဲများ၌ စစ်ဆင်ရေး မဟာဗျူဟာကို အသုံးချလာလျှင် မျှော်မှန်းသလို ဖြစ်မလာပဲ လက်တွေ့နှင့် ကင်းကွာသွားပေလိမ့်မည်။

စစ်တိုက်ရလောက်သည့် စံနမူနာရှိသကဲ့သို့ ဖိနှိပ်ခြင်းမှ လွတ်မြောက်ရေးအတွက် ရုန်းကန် ရလောက်သည့် စံနမူနာလည်း အမြဲတမ်းရှိနေမည် ဖြစ်သည်။ အချို့ကိစ္စများကိုမူ ဆွေးနွေးညှိနှိုင်း ဖြေရှင်း၍ ရနိုင်မည် မဟုတ်ပါ။ ထို့ပြင် အချို့နိုင်ငံများသည် စစ်တပ်ကို လက်ကိုင်တုတ်လုပ်ထားပြီး နိုင်ငံရေးတွင်လည်း အတင်း အဓမ္မခြိမ်းခြောက် အကြပ်ကိုင်ထားတတ်ရာ ထိုသို့သောနိုင်ငံမျိုး၏ ဖိနှိပ်ခံလူ့အဖွဲ့အစည်းတွင် လက်နက်ကိုင် တော်လှန်ရေး လုပ်မည်ဆိုလျှင် အောင်မြင်ချင်မှ အောင်မြင်ပေလိမ့်မည်။ အဆိုပါ အနေအထား၌ အဖိနှိပ်ခံလူထု အတွက် အညံ့ခံ လိုက်လျောမည်လား (သို့) နိုင်ရန် သေချာသလောက်ရှိမှ လက်နက်ကိုင် တော်လှန်မည်လား ဆိုသည်ကို ရွေးရတော့မလို ဖြစ်နေသည်။ သို့သော် ရွေးရမည်ဟု မဆိုလိုပါ။

ထိုနှစ်မျိုးလုံးမဟုတ်ပဲ နိုင်ငံရေးပြောင်းလဲမှုအတွက် လက်နက်ကိုင်တော်လှန်ရေးအစား ပြောင်းလဲ သုံးစွဲနိုင်သော တတိယနည်းလမ်းတခု ရှိပါသေးသည်။ ယင်းမှာ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု (Strategic Nonviolent Struggle) ဖြစ်ပါသည်။ ဤစာအုပ်တွင် မဟာ ဗျူဟာမြောက် အကြမ်းမဖက် လှုပ်ရှားမှု၏ အဓိပ္ပာယ်ကို ဒေါက်တာဂျင်းရှပ်(Dr Gene Sharp) ရေးသည့် "လက်တွေ့သုံးစွဲနိုင်သော ပြောင်းလဲနိုင်သည့် အခြားနည်းလမ်းများ"(*There Are Realistic Alternatives* by Dr Gene Sharp (Boston: The Albert Einstein Institution, 2003), 38) စာအုပ်တွင်ပါရှိသည့်အတိုင်း ဖော်ပြပါမည်။

မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု ဆိုသည်မှာ အစိုးရနှင့် ပြည်သူတို့အကြား ပဋိပက္ခ ဖြစ်နေသော အခြေအနေကို ပိုင်းခြားစိစစ်သုံးသပ်၍ နှစ်ဘက်စလုံး၏ အားသာချက်၊ အားနည်းချက်များ၊ အကြမ်းမဖက်လှုပ်ရှားမှု၏ သဘာဝ၊ လုပ်ဆောင်နိုင်စွမ်းများနှင့် ကျွမ်းကျင်စွာ လှုပ်ရှားနိုင်ရန် လိုအပ်ချက်များ၊ အထူးသဖြင့် လှုပ်ရှားရန်သတ်မှတ်ထားသော အမျိုးအစား၏ မဟာဗျူဟာဆိုင်ရာ စည်းမျဉ်းများကိုအခြေခံ၍ ကြိုတင်စီစဉ်ပြီး အသုံးပြုရသော အကြမ်းမဖက်သည့် လှုပ်ရှားမှုဖြစ်သည်။

မြန်မာ၊ ဘဲလားရု၊ အီရန်၊ တိဘက်နှင့် ဇင်ဘာဘွေနိုင်ငံများမှ ပြည်သူတို့သည် ဒီမိုကရေစီ ရရှိရေး လှုပ်ရှားနေခဲ့ကြသည်။ အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေရှိရေး ဆိုသည့် ရည်မှန်းချက် ကောင်းများဖြင့် ရက်စက်ကြမ်းကြုတ်သော အာဏာရှင် အစိုးရများကို အကြမ်းမဖက်သောနည်းဖြင့် ဆန့်ကျင် လှုပ်ရှားကြသော နမူနာနိုင်ငံများဖြစ်သည်။ ဤစာအုပ်သည် ရက်စက်ကြမ်းကြုတ်သောအစိုးရ (သို့) နိုင်ငံခြားမှ ကျူးကျော်သိမ်းပိုက်ထားသူများအား လက်နက်ကိုင်တော်လှန်တိုက်ခိုက်မည့်သူများအတွက် မဟုတ်ပါ။ ထိုအစိုးရ၊ ထိုကျူးကျော်သူတို့အား အကြမ်းမဖက် အံတုဆန့်ကျင်မည့်သူများအတွက် အထောက်အကူပြုနိုင်မည့် စာအုပ် တအုပ်အဖြစ်သာ မျှော်လင့်ထားမိပါသည်။ အကြမ်းမဖက်လှုပ်ရှားမှုကို မည်သို့လုပ်ဆောင်ရမည်ဆိုသည်ထက် အာဏာရှင်အစိုးရကို အကြမ်းမဖက် ဆန့်ကျင်လှုပ်ရှားနိုင်သည့် မဟာဗျူဟာအခြေခံများအကြောင်းကို စည်းစနစ် ကျကျ စဉ်းစားနိုင်လာမည့် အရေးပါ သော စိတ်ကူးနည်းနာများကို ဖော်ပြပေးထားမည်ဖြစ်သည်။

အကြမ်းမဖက်ဆန့်ကျင်ရေး–မဟာဗျူဟာအခြေခံအချက်များကို အသုံးမချမီ စာဖတ်သူအနေဖြင့် ပထမဦးဆုံး အဆိုပါအခြေခံအချက်များအကြောင်းကို စဉ်းစားတွေးခေါ်ရပါမည်။ ထို့နောက်မှ မိမိသက်ဆိုင်ရာ အကြောင်းကိစ္စအတွက် ထိုအခြေခံအချက်များ အသုံးပြုပုံကို စဉ်းစားရပါမည်။ လေယာဉ်ပျံတစီးကို အလိုအလျောက် မဟုတ်ပဲ လေယာဉ်မှူးကိုယ်တိုင် မောင်းနှင်ရန်မှာ မောင်းနှင်ပုံ အသေးစိတ်စာရင်း လိုအပ်သည်။ အကြမ်းမဖက် လှုပ်ရှားမှုတွင် လှုပ်ရှားပုံအသေးစိတ်စာရင်း ရှိနေရန်မလိုပါ။ အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ အသွင် ကူးပြောင်း

နိုင်ရန် မည်သို့မည်ပုံ စဉ်းစားရမည်ကို လမ်းညွှန်ပေးနိုင်သည့် စိတ်ကူးများ၊ အကြံဉာဏ်များ ရှိနေရန်သာ လိုအပ်သည်။

မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုအပေါ် ရေးသားခြင်း၊ ဆွေးနွေးခြင်းမှန်သမျှမှာ The Albert Einstein Institution မှ ဒေါက်တာဂျင်းရှပ်၏ ကြိုးပမ်းချက်များကြောင့်ဖြစ်သည်။ သူသည် ပဋိပက္ခများကို နှစ်ပေါင်း (၅၀)နီးပါးမျှ အသေးစိတ် လေ့လာခဲ့သည်။ ၁၉၆၀ မှ ၁၉၆၄ထိ အောက်စဖို့တက္ကသိုလ်တွင် ပညာဆည်းပူးနေရင်း အကြမ်းမဖက်လှုပ်ရှားမှုအား နားလည်ရန် အခြေခံဖြစ်သော **လူမှုစွမ်းအား၏ သဘာဝကို နားလည်ခြင်းနှင့်သီအိုရီ** (A theory and understanding the nature of social power that is fundamental to understanding nonviolent struggle) ကို ဖော်ထုတ်ခဲ့သည်။ ယင်းသည် Clausewitz ၏ လေ့လာချက်ဖြစ်သော စစ်ရေးပဋိပက္ခ၏ သဘာဝနှင့် သီအိုရီကို နားလည်ခြင်း (Understanding the nature and theory of military conflict) ကဲ့သို့ပင် အကြမ်းမဖက်လှုပ်ရှားမှုကို အခြေခံကျကျ နားလည်နိုင်သည်။ ဤစာအုပ်ပါ အခန်း(၁)မှ(၄)သည် ဒေါက်တာဂျင်းရှပ် လေ့လာတွေ့ရှိခဲ့သည့် အကြမ်းမဖက်ဆန့်ကျင်လှုပ်ရှားမှု သီအိုရီနှင့် ယင်းကို အသုံးပြုပုံများအား အခြေခံ၍ ရေးသားထားခြင်းဖြစ်သည်။ ဒေါက်တာဂျင်းရှပ်ရေးသားခဲ့သမျှတွင် အကြမ်းမဖက် လှုပ်ရှားသည့် နိုင်ငံရေး (The Politics of Nonviolent Action) (၁၉၇၃)နှင့် အာဏာရှင် စနစ်မှ ဒီမိုကရေစီသို့ (From Dictatorship to Democracy) (၁၉၉၃)တို့မှာ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုကို လေ့လာရန် အတွက် အထူးအရေးပါသော မူလအခြေခံများ ဖြစ်သည်။

စာရေးသူ ကျွန်တော်သည် နှစ်ပေါင်း(၃၀)ကြာအောင် အမေရိကန် ခြေလျင်တပ်ရင်းအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အနားယူတော့မည့် ၁၉၈၇–၁၉၈၈ ခုနှစ်များတွင် အမေရိကန်စစ်တပ်၏ အကြီးတန်းဘွဲ့ရတယောက်အနေဖြင့် ဟားဗတ်တက္ကသိုလ်သို့ တက်ရောက် ပညာဆည်းပူးနေခဲ့သည်။ ထိုအချိန်တွင် အကြမ်းမဖက် ပြစ်ဒဏ်ခတ်ပိတ်ဆို့အရေးယူခြင်းများ အစီအစဉ် (Program for Nonviolent Sanctions) အမည်ရှိ အစည်းအဝေးတခုတွင် ဒေါက်တာဂျင်းရှပ်ကို စတင်တွေ့ခဲ့ရသည်။ သူက အောက်ပါစကားဖြင့် သူ့ဘာသာရပ်ကို မိတ်ဆက်သည်။ "မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု ဆိုတာဟာ နိုင်ငံရေးအာဏာကို ရယူသိမ်းပိုက်တဲ့အကြောင်း ဖြစ်တယ်။ ဒါမှမဟုတ် နိုင်ငံရေးအာဏာကို မဆိုင်သူတွေ ယူလို့မရအောင် ငြင်းဆန်တဲ့ အကြောင်း ဖြစ်တယ်။ မဟာဗျူဟာမြောက် အကြမ်းမဖက် လှုပ်ရှားမှုဟာ စစ်ဆန့်ကျင်ရေးဝါဒ၊ အကြမ်းဖက်နည်းနဲ့ ပဋိပက္ခ ဖြေရှင်းရေးကို လက်မခံတဲ့ဝါဒ၊ စစ်မဖြစ်ပဲ သံတမန်ရေးနည်းလမ်းနဲ့ နိုင်ငံတကာ ပဋိပက္ခကို ဖြေရှင်းတဲ့ဝါဒ (Pacifism ) မဟုတ်ပါဘူး။ စိတ်ပိုင်းဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ ယုံကြည်ချက်တွေလည်း မဟုတ်ပါဘူး"

သူ့စကားကို ကျွန်တော် စိတ်ဝင်စားမိသည်။ အကြမ်းမဖက်သူ ဆိုသည်မှာ "ငြိမ်းချမ်းရေးဝါဒီ (Flower-child)၊ စစ်ဆန့်ကျင်ရေးသမား (Peacenik)၊ စစ်ထဲမဝင်လိုသူ (Draft Dodger)"ဟုသာ ဗီယက်နမ်စစ်အတွင်း၌ ကျွန်တော် သိထားခဲ့ရသည်။ အနာဂတ်တွင် အင်အားကောင်းလာနိုင်စရာရှိသော အကြမ်းမဖက် လှုပ်ရှားမှုပုံစံ၏ မူဝါဒများ၊ အရှိန်အဟုန်မြှင့်တင်သွားပုံများ၊ အသုံးချရသည့်နည်းလမ်းများနှင့် ပတ်သက်လာလျှင် ဒေါက်တာဂျင်းရှပ်သည် ထိုအချိန်မှစ၍ ကျွန်တော်၏ လမ်းညွှန်သူ ဖြစ်လာသည်။ အဖိနှိပ်ခံဘဝမှ လွတ်မြောက်လိုသူတို့၏ မေးခွန်းများကို ပြန်လည်ဖြေကြားရာ၌ ဒေါက်တာဂျင်းရှပ်သည် ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်တဦး ဖြစ်သည့်အပြင် မိတ်ဆွေကောင်းတဦးလည်း ဖြစ်လာပါတော့သည်။

**ရောဘတ် အယ်လ် ဟဲလ်ဗီ** (စာရေးသူ)

# အခန်း (၁)
## နိုင်ငံရေးအာဏာ – သီအိုရီ

နိုင်ငံရေးအာဏာ ဆိုသည်မှာ အာဏာလက်ဝယ်ရှိထားသူ အထူးသဖြင့် အစိုးရ၊ နိုင်ငံတော်နှင့် အတိုက်အခံ အုပ်စုများမှ အာဏာပိုင်တို့သည် မိမိတို့ရည်မှန်းချက်အတိုင်း အာဏာပိုင်ဆိုင်နိုင်ရန်၊ ပေးကမ်းချီးမြှောက်နိုင်ရန်၊ ပိတ်ဆို့ပြစ်ဒဏ်ခတ်နိုင်ရန် အစရှိသောကိစ္စများကို လုပ်ဆောင်ပေးနိုင်သည့်နည်းလမ်းများ၊ သြဇာလွှမ်းမိုးမှုများ၊ ဖိအား ပေးခြင်းများအားလုံးကို ခြုံငုံထားသည့် စွမ်းအားဖြစ်သည်။

ဒေါက်တာ ဂျင်းရှပ် (*အကြမ်းမဖက်လှုပ်ရှားသည့် နိုင်ငံရေး* စာအုပ်မှ)

အာဏာရရှိရေး ကြိုးပမ်းမှုမှာ လူသားတရပ်လုံး တည်ရှိရေး၊ လူနေမှုအဆောက်အအုံ တည်ရှိရေးတို့နှင့်စာလျှင် သဘာဝအားဖြင့် သိပ်အရေးမကြီးလှဟု ထင်စရာရှိသည်။ သို့သော် အာဏာမက်သူတို့က အရေးပိုကြီးသည့်သဖွယ် သဘောထားကြသည်။ အာဏာမက်သူ နိုင်ငံအချင်းချင်း၊ အစိုးရအချင်းချင်း အာဏာပိုရအောင် ကြိုးပမ်းကြသည်။ စီးပွားရေးလုပ်ငန်းကြီးများကလည်း တခုနှင့်တခု အရှုံးမပေးတမ်းပင်။ လုပ်ငန်းတခုအတွင်းမှာပင် အာဏာလုပွဲများက အပြိုင်အဆိုင် ရှိကြသည်။ ယုတ်စွအဆုံး သူငယ်ချင်း အချင်းချင်း သူ့ထက်ငါ အာဏာပိုပြနိုင်ရေး လုပ်တတ်သည်မှာ အဆန်းမဟုတ်တော့သလို ဖြစ်နေသည်။

နိုင်ငံတခုတွင် ကောက်ခံရရှိသော အခွန်အတုတ်များကို ခွဲဝေပေးရာ၌ အပြင်းအထန် လုတတ်ကြောင်း၊ လျှင်သူစားကြောင်း သာမန်ပြည်သူတို့ အသိဆုံး ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဥပမာပေးပါမည်။ အခွန်လျှော့ပေးနိုင်ရေး၊ အမြတ်အစွန်းထွက်နိုင်မည့် အစိုးရကန်ထရိုက်များရရေး အစရှိသည်တို့ကို ကြိုးပမ်းနေသူများ ရှိကြသည်။ သူတို့က ရှေ့နေများကို ငှားကြသည်။ ရှေ့နေတို့က မဖြစ်ဖြစ်အောင် ပရိယာယ်သုံး၍ (တနည်းအားဖြင့် အာဏာရှိသူနှင့်ပေါင်း၍) လုပ်ယူတတ်ကြသည်။ လော်ဘီလုပ်သူ၊ လူထုဆက်ဆံရေး ကျွမ်းကျင်သူတို့ကလည်း သက်ဆိုင်ရာ သူတို့လုပ်ငန်းခွင်တွင် ထိုအတိုင်းပင် လုပ်တတ်ကြသည်။ သို့ဖြစ်ရာ အခွန်ထမ်းဆောင်ရသူများအတွက် အကျိုးအမြတ်များကို ပြန်လည်ခွဲတမ်းချရိန်တွင် တခါတရံ လက်မခံနိုင်စရာများ ကြုံတွေ့ရသည်။ အာဏာပိုင်တို့က မည်သို့မည်ပုံ အမိန့်အာဏာပေး၍ ခွဲတမ်းချသွားသည်ကို ပြည်သူတို့ကောင်းကောင်း မသိလိုက်ရသည့်အကြိမ်ပေါင်း မနည်းတော့ပါ။ လိုရင်းမှာ အာဏာရှိသူသည် နိုင်ငံရေးအာဏာကို ကိုယ်ကျိုးအတွက် အသုံးချတတ်သည် ဆိုသောအချက် ဖြစ်သည်။

နိုင်ငံရေးအာဏာပြခြင်းလည်းရှိသည်။ ဥပမာတခုအနေဖြင့် အမေရိကန် ကာကွယ်ရေးဘတ်ဂျက် သုံးစွဲပုံကို အကြမ်းဖျဉ်း သုံးသပ်ကြည့်နိုင်သည်။ စစ်တပ်မှမလိုချင်သည့် အထူးသဖြင့် ခေတ်မမီ၊ ပုံပန်းမကျပဲ အပိုသက်သက်ဖြစ်နေသော လေယာဉ်၊ သင်္ဘောနှင့်လက်နက်များကို လွှတ်တော်အမတ်များက ကာကွယ်ရေးဌာနအား အတင်းအကြပ်အသုံးပြုစေသည့်အမှုများ ပြည့်နေသည်။

နိုင်ငံရေးအာဏာရှိသူသည် မသိသူများကို လှည့်စားတတ်သည်။ အစိုးရက အထူးအကျိုးစီးပွား ဟု ခေါင်းစဉ်တပ်၍ ပြည်သူသို့ ကြေညာပြီး ရံပုံငွေများ ထောက်ပံ့သည်။ သို့သော် သာမန်ပြည်သူနှင့် လော်ဘီလုပ်သူတို့မှာ အဆိုပါ အထူးအကျိုးစီးပွားအကြောင်း သိပ်နားမလည်ကြပါ။ သို့ဖြင့်၍ အစိုးရက ရံပုံငွေ ထောက်ပံ့ရမည့်နေရာများ ရွေးချယ်ပုံကို လူထုက သဘောမပေါက်နိုင်ပဲ ဖြစ်နေရသည်။ အခွန်ငွေများ နောက်ဆုံး၌ မည်သို့အသုံးပြုသွားသည်ကိုပင် သို့လောသို့လော ဖြစ်ရသည်။ အစိုးရဌာနများမှာ ချမှတ်ထားသောဥပဒေအတိုင်းမဟုတ်ပဲ ဥပဒေ၏အားနည်းချက်များကိုသာရှာဖွေ၍ လုပ်ကိုင်နေကြသည်မှာ အံ့အားသင့်စရာကောင်းလှသည်။

နိုင်ငံရေးအာဏာကို ဆက်လက်ထိန်းချုပ်နိုင်ရန် ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူ့ဘဏ္ဍာစာရင်းရှင်းတမ်းကို အမြဲထုတ်ပြန်ပေးရသည်။ အရေးပါသောလုပ်ဆောင်ချက်ဖြစ်သည်။ အာဏာရှင်နိုင်ငံများတွင်လည်း ထိုသို့ရှိတတ်ပါသည်။ သို့သော် အာဏာရှိသူက အခွန်ဘဏ္ဍာခွဲတမ်းထက် ပိုဂရုစိုက်သောကိစ္စတခု ရှိသည်။ ယင်းမှာ အစိုးရ ထိန်းချုပ်မှုအောက်မှ အာဏာခွဲတမ်း ဖြစ်သည်။ ထို့ပြင် အုပ်ချုပ်သူ–အုပ်ချုပ်ခံတို့၏ ဆက်ဆံရေးမှ ထွက်ပေါ်လာသော ရလဒ်ကိုအသုံးချ၍ အာဏာဆက်လက်တည်မြဲရေးကို အစဉ်ကြိုးပမ်းလေ့ရှိသည်။

ချိန်ခွင်လျှာသည် အာဏာရှင်ဘက်သို့ အလေးသာလာသည်နှင့်အမျှ ဖိနှိပ်ခံပြည်သူတို့က နိုင်ငံရေး အပြောင်းအလဲဖြစ်ရန် ပိုမိုဆန္ဒ ပြင်းပြလာတတ်သည်။ အကြောင်းမှာ အာဏာရှင်က ဖိနှိပ်ချုပ်ချယ်လာသဖြင့် ဖိနှိပ်ခံ ပြည်သူတို့၏ လွတ်လပ်ခွင့်များ လျော့နည်းသွားခြင်းကြောင့်ဖြစ်သည်။

ဖိနှိပ်ခံရသူတို့အနေဖြင့် နိုင်ငံရေးအာဏာ၏သဘာဝနှင့် နိုင်ငံရေးအာဏာဇစ်မြစ်များ (Sources of Power) ကိုနားလည်ထားမှသာ အပြောင်းအလဲများအကြောင်းနှင့် မည်သို့ပြောင်းလဲလာမည်ကို သိနိုင်သည်။ ဒေါက်တာဂျင်းရှပ်က လူ့အဖွဲ့အစည်းတွင် ရှိသောအာဏာ၏ အခြေခံအကြောင်းကို ပုံစံနှစ်ခုခွဲ၍ ဖော်ပြသည်။ တဦးတည်းပိုင်အာဏာပုံစံ(Monolithic)နှင့် အများပိုင် အာဏာပုံစံ(Pluralistic) ဟူ၍ဖြစ်သည်။




## တဦးတည်းပိုင် နိုင်ငံရေးအာဏာ ပုံစံ

နိုင်ငံရေးအာဏာ၏ပုံစံတခုမှာ တဦးတည်းပိုင်အာဏာ ဖြစ်သည်ဟု ဒေါက်တာဂျင်းရှပ်က ဖော်ပြသည်။ သီအိုရီအရ အာဏာကို အုပ်စိုးသူတဦးတည်းက ပိုင်ဆိုင်ထားသည်။ အုပ်ချုပ်ရေးစနစ်တခုလုံးကို ထိပ်ဆုံးမှ ချုပ်ကိုင်ထားပြီး မပြောင်းမလဲနိုင်အောင် ခိုင်ခန့်စွာ တည်ဆောက်ထားသည်။ ပိရမစ်ပုံစံ ထိပ်ဆုံးမှနေ၍ အာဏာဆင်းသက်စေသည်။ အကြောင်းအမျိုးမျိုးကြောင့် အာဏာရှင် ပြောင်းလဲသွားသည့်တိုင် ပိရမစ်ပုံစံ အာဏာဆင်းသက်မှုမှာ စနစ်အတွင်း အပြောင်းအလဲမရှိ။ အာဏာရောထွေးခြင်း မရှိပါ။ စနစ်မှာ မည်သို့မျှအထိအခိုက်မရှိပဲ အခိုင်အမာ ဆက်လက်တည်မြဲနေသည်။ အာဏာရှိသူအား ပြည်သူက ကြည်ဖြူပေးရသည်၊ ထောက်ခံရသည်၊ အမိန့်အတိုင်းလိုက်နာပေးရသည့်အပြင် အုပ်စိုးသူ၏ဆုံးဖြတ်ချက်အတိုင်း အာဏာသက်ရောက်ရသည်ဟု သီအိုရီက ဆိုသည်။ နှစ်သက်စရာတချက်တော့ရှိသည်။ အုပ်စိုးသူသည် တရားဝင်ရွေးကောက်ပွဲကို အစီအစဉ်ကျနစွာပြုလုပ်၍ အာဏာလွှဲပြောင်းပေးခြင်း ဖြစ်သည်။

သို့သော် အာဏာရှင်စနစ်ရှိသောနိုင်ငံတွင် အုပ်စိုးသူ၏ဆုံးဖြတ်ချက်ဖြင့်သာ ရွေးကောက်ပွဲကျင်းပတတ်သည်။ များသောအားဖြင့် ရွေးကောက်ပွဲရလဒ်ကို ကြိုတင်တွက်ချက်ပြီးဖြစ်သည်။ ထိုသို့သော ရွေးကောက်ပွဲမျိုးကို မသမာသောနည်းဖြင့် စီစဉ်ကျင်းပသည့် အာဏာရှင်များအနက် မြန်မာနိုင်ငံမှ ဗိုလ်ချုပ်နေဝင်းနှင့် ဇင်ဘာဘွေနိုင်ငံမှ ရောဘတ်မူဂါဘေးတို့ကို နမူနာအဖြစ် ပြရပေမည်။ တခါတရံ ရွေးကောက်ပွဲရလဒ်ကို အာဏာရှင်တို့ အတွက်အချက်မှားပြီး ကျင်းပတတ်သည်။ လိုချင်သည့်အတိုင်း ဖြစ်လာအောင် ကြိုတင်မစီစဉ်ပဲလည်း ကျင်းပတတ်သည်။ ဥပမာဆိုလျှင် ၁၉၉၀ခုနှစ် ရွေးကောက်ပွဲ၌ ရှုံးနိမ့်သွားခဲ့သော မြန်မာ စစ်အစိုးရ ဖြစ်သည်။ ၎င်းတို့ကိုယ်တိုင် ကြီးကြပ်သည့် ရွေးကောက်ပွဲ ဖြစ်သော်လည်း အတွက်အချက်မှား၍ မမျှော်လင့်ပဲ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ တုန်လှုပ်ချောက်ချားသွားသော မြန်မာစစ်အစိုးရသည် မဲပေးသူတို့၏ဆန္ဒအတိုင်း လက်ခံလိုက်လျှောပေးရမည့်အစား ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်၍ အတိုက်အခံနိုင်ငံရေး ခေါင်းဆောင်များကို ဖမ်းဆီးတော့သည်။

တဦးတည်းပိုင် နိုင်ငံရေးအာဏာပုံစံကို ပြည်သူလူထုက အောင့်သက်သက်ဖြင့် မဖြစ်မနေ လက်ခံရသည်။ ထိုသို့ လက်ခံပြီဆိုမှ အာဏာပိုင်အစိုးရက သက်ပြင်းချနိုင်သည်။ ၎င်းတို့အား အုပ်ချုပ်ခံ ပြည်သူလူထုက မနှစ်မြို့သော်လည်း အမိန့်အတိုင်း အညံ့ခံလိုက်လျှောလိုက်သောကြောင့်သာ အာဏာရှင်အဖို့ အာဏာရနေခြင်းဖြစ်သည်။ အာဏာရှင်အစိုးရသည် တဦးတည်းပိုင် နိုင်ငံရေးအာဏာဖြင့် အုပ်ချုပ်ရာတွင် ပြည်သူလူထုအား အတင်းအကြပ် ခြိမ်းခြောက်သွေးဆောင်ခြင်းကို တရားဝင်လုပ်ပိုင်ခွင့် ရှိသောနည်းလမ်းဖြစ်သည်ဟု ယူဆထားသည်။

နှစ်ဆယ်ရာစုနှစ်အတွင်း တဦးတည်းပိုင်နိုင်ငံရေးအာဏာသည် ကျယ်ပြန့်စွာ ထွန်းကားခဲ့သည်။ ထင်ရှားသော အာဏာရှင်တဦးမှာ ၁၉၃၀နှင့်၁၉၄၀ ဝန်းကျင်နှစ်များမှ ဆိုဗီယက်ယူနီယံခေါင်းဆောင် ဂျိုးဆက်

စတာလင် ဖြစ်သည်။ ၎င်း၏အာဏာ တည်မြဲမှုကို ခြိမ်းခြောက်လာသည် ဟုဆိုကာ လူသန်းပေါင်းနှစ်ဆယ်နီးပါး လောက်ကို ကွပ်မျက်ခဲ့သည်။ အာဏာရှင် စတာလင်ကြောင့် သေဆုံးရသူတို့မှာ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီ၏ စစ်ဒဏ်ကြောင့် သေဆုံးရသူတို့လောက်နီးနီးထိအောင်ပင် များပြားလွန်းလှသည်။

အကြမ်းမဖက်ဆန့်ကျင်အံတုနည်းဖြင့် အာဏာရှင်စနစ်ကို အားနည်းသွားအောင်၊ ထို့နောက် ဖယ်ရှားပစ်နိုင်အောင် လုပ်၍ရသည်။ ဦးစွာ အကြမ်းမဖက် ဆန့်ကျင်အံတုလိုသူသည် တဦးတည်းပိုင် နိုင်ငံရေး အာဏာ၏ ဝါဒမှိုင်းများမှ ရုန်းထွက်ရပါမည်။ ပြီးမှ အာဏာရှင်က လက်တွေ့တွင် အာဏာကို မည်သို့ ဖြန့်ကျက် အသုံးချနေသည်ကို ကောင်းကောင်းသဘောပေါက်လာအောင် လေ့လာစူးစမ်းရပါမည်။

နိုင်ငံရေးစနစ်ပြောင်းလဲရန် ကြံဆကြရာတွင် အာဏာရှင်များ အာဏာရရှိပုံ၊ ထိန်းချုပ်ပုံနှင့် ၎င်းတို့၏အာဏာစက် သက်ရောက်ပုံကို ပိုင်းခြားစိတ်ဖြာ သုံးသပ်ရသည်။ ထိုအခါ တဦးတည်းပိုင် နိုင်ငံရေးအာဏာ ပုံစံကိုလေ့လာပါက အသုံးတည့်မည်ဟု လမ်းညွှန်ရပါလိမ့်မည်။ လေ့လာသူတို့သည် တိကျပြတ်သားစွာ လှုပ်ရှား နိုင်မည့်နည်းလမ်းများကို စဉ်းစားမိလာပါမည်။ ဒီမိုကရေစီစနစ်ကို မျှော်မှန်းကြသူများအနေဖြင့် တဦးတည်းပိုင် နိုင်ငံရေးအာဏာ ပုံစံကို သိနေရန်အရေးကြီးသည်။ ထို့နောက် လက်တွေ့အကောင်အထည်ဖော်ရာတွင် အများပိုင် အာဏာ ဟုခေါ်သော အခြားလမ်းညွှန်ပုံစံတခုဖြင့်အစားထိုးပါက ပိုမိုအောင်မြင်နိုင်ပေမည်။ အများပိုင်အာဏာမှာ နိုင်ငံရေးအာဏာကိုရရန် လွယ်သလောက် တမဟုတ်ချင်း ဆုံးရှုံးသွားနိုင်သည့် ပုံစံဖြစ်ပြီး တဦးတည်းပိုင်အာဏာနှင့် လုံးဝ ခြားနားသည်။

## အများပိုင် နိုင်ငံရေးအာဏာ ပုံစံ

အာဏာ၏သဘာဝကို နားလည်ရန်အထောက်အကူပြုသော ဒုတိယပုံစံမှာ ဒေါက်တာဂျင်းရှပ်၏ ရည်ညွှန်းချက်အရ အများပိုင်နိုင်ငံရေးအာဏာ ဖြစ်သည်။ ထိပ်ဆုံးမှတဦးတည်း အာဏာကို ချုပ်ကိုင်ထားသော တဦးတည်းပိုင် နိုင်ငံရေးအာဏာပုံစံနှင့် အတော်ခြားနားသည်။ အများပိုင် နိုင်ငံရေးအာဏာကို ယုံကြည်ချက်မတူ သူများ၊ လိုအပ်ချက်မတူသူများ ရောထွေးနေထိုင်ကြသော လူ့အဖွဲ့အစည်းက ပိုင်ဆိုင်ထားသည်။ လူအများစုက ပိုင်ဆိုင်သည်ဖြစ်၍ မည်သည့်အခါမှ အခိုင်အခန့် ထိန်းမထားနိုင်သော နိုင်ငံရေးအာဏာ ဖြစ်သည်။

လူ့အဖွဲ့အစည်းတခုလုံးအတွင်း နေထိုင်သူများသည် နိုင်ငံရေးအာဏာ၏ မူလပိုင်ရှင်များ ဖြစ်ကြပြီး အုပ်စိုးသူသည် ပြည်သူ၏ခွင့်ပြုချက်အရသာ အာဏာကိုသုံးစွဲခွင့်ရသည်။ တနည်းအားဖြင့် ပြည်သူက သဘောတူ ထောက်ခံပြီး ပါဝင်ပူးပေါင်းပေးမှသာ တရားဝင်အုပ်ချုပ်ခွင့် အာဏာရရှိခြင်းဖြစ်သည်။

တဦးတည်းပိုင် အာဏာပုံစံကို ကျင့်သုံးသော အစိုးရနှင့်ပြည်သူတို့ သဘောတူပူးပေါင်းရာတွင် ပြည်သူတို့က စိတ်ဆန္ဒအလျောက် လုပ်ဆောင်ပေးခြင်းရှိသကဲ့သို့ အကြပ်ကိုင်သွေးဆောင်ခံရခြင်းမျိုးလည်း ရှိတတ် သည်။ လူ့အဖွဲ့အစည်းအတွင်းမှ အချို့သူတို့သည် နိုင်ငံရေးအာဏာကို စိတ်ဝင်စားမှု မရှိသောကြောင့် ဆန့်ကျင် သင့်သလား၊ ထောက်ခံသင့်သလား ဆိုသည်ကို စဉ်းစားမနေတော့ပဲ ပြီးစလွယ်ထောက်ခံတတ်ကြသည်။ ဓလေ့ထုံးစံ အရ ဖွဲ့စည်းထားကြသော အချို့အသိုင်းအဝိုင်းများတွင် နောက်လိုက်တို့က အာဏာရှင်အစိုးရကို လက်မခံချင်သော်လည်း ခေါင်းဆောင်တို့၏ ဆုံးဖြတ်ချက်အတိုင်းသာ လိုက်နာပေးရခြင်းမျိုးလည်း ရှိတတ်သည်။

မည်သို့ပင်ဖြစ်စေကာမူ အများပိုင်နိုင်ငံရေးအာဏာပုံစံ၏ အရေးပါသောအချက်မှာ ပြည်သူက ပိုင်ဆိုင်သော နိုင်ငံရေး အာဏာကို လူအများစု၏ထောက်ခံမှုဖြင့် အစိုးရအား ပေးအပ်ထားနိုင်သည်။ ပြည်သူက အာဏာကို ထိန်းချုပ်ကန့်သတ်လိုက်ခြင်းကြောင့် အစိုးရအား သဘောမကျလျှင် ပြည်သူတို့က မိမိတို့သဘောတူ ထောက်ခံမှုကို ပြန်လည်ရုပ်သိမ်းခြင်းဖြင့် ထိုအစိုးရကို ဖြုတ်ချ နိုင်ခွင့် ရှိနေသည်။

## နိုင်ငံရေးအာဏာဇစ်မြစ်များ

ဒေါက်တာဂျင်းရှပ်၏အဆိုအရ နိုင်ငံရေးအာဏာဇစ်မြစ် (၆)ခုသည် အများပိုင်နိုင်ငံရေးအာဏာ၏ သဘာဝကို နားလည်နိုင်ရေးအတွက် အဓိကကျသည်။ ယင်းတို့ကို အဖွဲ့အစည်းနှင့် လူမှုအဆောက်အအုံများတွင်

တွေ့ရှိနိုင်သည်။ နိုင်ငံရေးအာဏာကို ထိန်းချုပ်ပုံ၊ ဩဇာဖြန့်ကျက်ပုံ၊ အားနည်းစေပုံ အစရှိသည်တို့ကို ခေါင်းစဉ်များ ခွဲ၍ ဆက်လက် ဆွေးနွေးသွားပါမည်။




## (၁) ဩဇာတိက္ကမ (**Authority**)

အာဏာပိုင်သည်ဟုဆိုရာတွင် အခြေခံအားဖြင့် အုပ်ချုပ်ပိုင်ခွင့်နှင့် အုပ်ချုပ်ခံရသူတို့၏ နာခံလိုက်လျောမှုကို ရယူခြင်းဖြစ်သည်။ အုပ်ချုပ်ရန် အာဏာပိုင်ဆိုင်ခွင့် ရှိကြောင်းကို ရွေးကောက်ပွဲရလဒ်ဖြင့် အသိအမှတ် ပြုတတ်သည်။ သို့ဖြစ်၍ အာဏာရှင်အများစုသည် အတင်းအဓမ္မ ရွေးကောက်ပွဲ ပြုလုပ်၍ ခြိမ်းခြောက်မဲထည့်ခိုင်းခြင်းဖြစ်သည်။ အတိုက်အခံတို့၏ လှုပ်ရှားမှုများကို ကန့်သတ်သည်။ ၎င်းတို့ရှုံးလျှင် ဝန်ခံခြင်းမရှိရုံမက ရွေးကောက်ပွဲရလဒ်အတိုင်း အကောင်အထည်ဖော်ပေးရန်လည်း ငြင်းဆန်သည်။

မည်သည့်အစိုးရမဆို ဥပဒေအရ တရားဝင် အုပ်ချုပ်ပိုင်ခွင့် (Legitimacy)ကို အလွန့်အလွန် အရေးကြီးသည်ဟု သဘောထားကြသည်။ အစိုးရ အုပ်ချုပ်ပုံက အခြေခံဥပဒေထက်ပို၍ အာဏာပိုင်ဆိုင်မှု လွန်ကဲသွားလျှင် (သို့) တရားလည်းမဝင် လက်ခံနိုင်စရာလည်းမရှိသော အစိုးရတရပ် ဖြစ်သွားလျှင် နိုင်ငံတွင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း၌ လက်မခံနိုင်ကြသဖြင့် ထိုအစိုးရများအဖို့ ဆိုးဆိုးဝါးဝါး ကြုံတွေ့လာနိုင်စရာရှိသည်။

အစိုးရအဖို့ ပြည်တွင်း၌ ဆုံးရှုံးနစ်နာမှုများ ရှိနိုင်သည်။ အစိုးရသည် လူထု၏ တရားဝင် အသိအမှတ်ပြုမှုကို ဆုံးရှုံးသွားလျှင် ဤအချက်သည် နိုင်ငံရေးအတိုက်အခံတို့အား လူထုက တရားဝင် အသိအမှတ်ပြုရန် အဓိကအကြောင်းရင်း ဖြစ်လာဖွယ်ရှိသည်။ အစိုးရသည် လူထုအကျိုးကိုသယ်ပိုးပါမည် ဆိုသော လူမှုရေးသဘောတူညီချက်က အစိုးရနှင့်ပြည်သူကြားတွင် အလိုလိုရှိပြီးသားဖြစ်သည်။ အကယ်၍ အာဏာရှင် အစိုးရအနေဖြင့် အခြေခံဥပဒေတွင်ပါရှိသည့်အတိုင်း မလုပ်ဆောင်နိုင်ပါက အဆိုပါလူမှုရေးသဘောတူညီချက်ကို ဖောက်ဖျက်ရာရောက်သည်ဟု အတိုက်အခံနိုင်ငံရေးပါတီမှ လူသိရှင်ကြား ကြေညာလာတော့မည်ဖြစ်သည်။ ထိုအခါ ပြည်သူတို့က အစိုးရအမိန့်အတိုင်း လိုက်နာ၊ ထောက်ခံ၊ ပူးပေါင်းပေးနေရခြင်းတို့ကို ရပ်ဆိုင်းရန် အခြေခံအကြောင်းရင်း ဖြစ်လာပေမည်။

အစိုးရသည် ဥပဒေအရ တရားဝင်ရပ်တည်ပိုင်ခွင့် ဆုံးရှုံးလျှင် နိုင်ငံတကာအသိုင်းအဝိုင်းမှ စီးပွားရေးနှင့် နိုင်ငံရေးအရ ပြစ်ဒဏ်ခတ် ပိတ်ဆို့အရေးယူခံရဖို့ ရှိကောင်းရှိနိုင်သည်။ နိုင်ငံရေးနှင့်စီးပွားရေးအရ သပိတ်မှောက်ခံရခြင်းဖြင့် အဆိုပါအစိုးရသည် အင်အားချိနဲ့လာနိုင်သည်။ တောင်အာဖရိကနိုင်ငံတွင် အသားအရောင်ခွဲခြားသော လူဖြူအစိုးရနှင့် မြန်မာနိုင်ငံမှ အာဏာရှင်အစိုးရတို့မှာ ထိုသို့အရေးယူခံရသည်။ ကိုလိုနီဘဝမှလွတ်မြောက်လာသော ဒီမိုကရေစီနိုင်ငံများ၏ ဗြိတိသျှ ဓနသဟာယ နိုင်ငံများအဖွဲ့က ၂၀၀၂ခုနှစ်တွင် ဇင်ဘာဘွေနိုင်ငံအား အစည်းအဝေးသို့မဖိတ်ကြားပဲ နိုင်ငံရေးအရ အရေးယူခဲ့ဖူးသည်။

ထို့ပြင် အာဏာရှင်အစိုးရက ဆိုးဝါးစွာ ဖောက်ပြန်လာသောအခါမျိုးတွင် အတိုက်အခံဒီမိုကရေစီအုပ်စုများသည် ဘဏ္ဍာရေးနှင့်စိတ်ဓါတ်ရေးရာ အားပေးထောက်ခံမှုများကို ပြင်ပမှ ပိုမိုရလာဖို့ရှိသည်။ သို့သော် ထိုသို့သော နိုင်ငံတကာ ထောက်ခံအားပေးရုံမျှဖြင့် အာဏာရှင်အစိုးရကို တခါမှဖြုတ်မချနိုင်သေးပါ။ အာဏာရှင်အစိုးရကို ပိတ်ဆို့ပြစ်ဒဏ်ခတ်သော်လည်း အစိုးရထက် ပြည်သူကို ပိုမိုထိခိုက်စေလျှင်မူ ဆိုးကျိုးသာ အဖတ်တင်ပေလိမ့်မည်။

## (၂) လူသားအရင်းအမြစ် (**Human Resources**)

အာဏာပိုင်တို့အား ထောက်ခံ၍ ပူးပေါင်းလိုက်လျောပေးခြင်းသည် အာဏာရှင်အစိုးရ ရပ်တည်ရေးအတွက် အရေးပါသောအခန်းကဏ္ဍ ဖြစ်သည်။ သို့သော် ပြည်သူအများစုက တက်လာသည့်ခေါင်းဆောင်ကို မနှစ်သက်လျှင် ထိုအစိုးရ ကြိမ်းသေပြုတ်ကျရမည်ဟု မဆိုလိုပါ။ လောလောဆယ် ထိုအစိုးရပြုတ်ကျဖို့ ဖြစ်နိုင်လောက်သည်ဟုသာ ဆိုလိုသည်။ သမိုင်းကြောင်း ပြန်ကြည့်လျှင် အာဏာရှင်နှင့် အပေါင်းပါလူနည်းစုတို့က အုပ်ချုပ်ခံ ပြည်သူအများစုကို မညှာမတာဖိနှိပ်ရက်စက်ခဲ့သည်များ ပြည့်လျှံနေသည်။ အခြားတဘက်တွင်မူ အာဏာရှင်ကို အံတုဆန့်ကျင်သူများအား လူထုက တက်ကြွစွာ ထောက်ခံပူးပေါင်းမပေးလျှင် အကြမ်းမဖက်လှုပ်ရှားမှုကို မဟာဗျူဟာချမှတ်၍ အစွမ်းကုန် လုပ်ဆောင်သည့်တိုင် အောင်မြင်မည်မဟုတ်ပေ။ ဒီမိုကရေစီအရေးလှုပ်ရှားရာတွင် ပြည်သူ အများစု ပါဝင်လာရန် အလွန်အရေးကြီးသည်။

## (၃) တတ်သိပညာ (**Skills and Knowledge**)

ယနေ့ခေတ်တွင် တိုင်းပြည်တခု၏ အုပ်ချုပ်ရေးပုံစံသည် ယခင်အခါများထက် ပိုမို ရှုပ်ထွေးလာနေသည်။ နှစ်ဆယ်တစ်ရာစုအစတွင် အမေရိကန်ပြည်ထောင်စု၏သမ္မတသည် ကမ္ဘာပေါ်တွင် အင်အားအကြီးမားဆုံးခေါင်းဆောင်ဖြစ်သည်ဟု အများက ယူဆသည်။ သို့သော် ထိုပုဂ္ဂိုလ်သည် လေယာဉ်ပျံများ ထိန်းသိမ်းရေး၊ လေယာဉ်ခရီးစဉ်များ စသည်တို့၏ ရှုပ်ထွေးသော လုပ်ငန်းဆောင်တာများအကြောင်း၊ ရေကြောင်းဥပဒေများကို ထိန်းသိမ်းကွပ်ကဲခြင်း၊ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်း၊ အခွန်ကောက်ခံခြင်း၊ တိုက်ပွဲဝင် နည်းဗျူဟာများရေးဆွဲခြင်း၊ အစားအသောက်များ ဖြန့်ချိခြင်း၊ ဆက်သွယ်ရေးကွန်ယက်များ တည်ဆောက်အသုံးပြုခြင်းနှင့် အခြား ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများ အကြောင်းတို့ကို ဂဃနဏ သိမည်မဟုတ်ပါ။ သိနေရန်လည်း မလိုပါ။ လိုရင်းအချက်မှာ အစိုးရအနေနှင့် အဆိုပါ တတ်သိကျွမ်းကျင်မှုတို့ကို အလွှာပေါင်းစုံပါဝင်သော ပြည်သူများထံမှ ရယူအသုံးချနိုင်ရန်ဖြစ်သည်။ ထိုသို့ မရရှိလျှင် ထိုအစိုးရ ပြုတ်ကျရန်သာရှိတော့သည်။

## (၄) သဘောတရားရေးရာ (**Intangible factors**)

သဘောတရားရေးရာ၏အရေးပါပုံကို တိုင်းတာရန်ခက်ခဲသည်။ ဘာသာရေးခံယူချက်များ၊ အညံ့ခံလိုက်လျောပေးမှု၊ လုပ်ချင်ကိုင်ချင်စိတ်၊ ယဉ်ကျေးမှုဓလေ့စရိုက် အစရှိသည့် တွေးခေါ်မြော်မြင်ရေးသဘောတရားများသည် အုပ်စိုးသူနှင့် ပြည်သူအကြား ဆက်ဆံရေးပုံစံတခု ဖြစ်သည်။

ဥပမာတခုပြပါမည်။ သမိုင်းတွင် ပဒေသရာဇ်ခေတ်ဟူ၍ ပေါ်ထွန်းခဲ့ဖူး၏။ ထိုခေတ်တွင် အချို့နိုင်ငံများ၌ ဘုရင် ဆိုသည်မှာ ဘုရားသခင်၏ကိုယ်စားလှယ်အဖြစ် လူ့လောကသို့ရောက်ရှိလာသူ ဖြစ်သည်၊ ဘုရားသခင်ကဲ့သို့ လုပ်ပိုင်ခွင့်ရှိသည်ဟု အားလုံးက ယုံကြည်ခဲ့ကြသည်။ ဘုရင့်အမိန့်ကို မနာခံခြင်းသည် ဘုရားသခင်အား အံတုခြင်းဖြစ်သည်ဆိုသော သဘောတရား ရှိခဲ့ကြသည်။ ဂျပန်နိုင်ငံတွင် ဧကရာဇ်ဘုရင်အား ဘုရားသခင် အဖြစ် ကိုးကွယ်ခဲ့ကြခြင်းမျိုးဖြစ်သည်။ ထိုသဘောတရားမျိုးရှိနေချိန်တွင် ဒီမိုကရေစီစနစ်ကို တည်ဆောက်ဖို့မဖြစ်နိုင်ပါ။ အစဉ်တစိုက်ရှိနေခဲ့သော နိုင်ငံရေးအာဏာကို (၂၁)ရာစုအကူးတွင် အစ္စလမ်ဘာသာရေးနှင့် ပေါင်းစပ်သည့် အစိုးရပုံစံမျိုး နိုင်ငံအချို့၌ ထွက်ပေါ်လာသည်။

သူပိုင်ပစ္စည်း ဖြစ်လို့ သူ့ကိုပေးရသည် ဟူသော သဘောတရားက လုံးဝအားကောင်းနေသည့်တိုင် သူပိုင်ပစ္စည်း အမှန်တကယ် ဟုတ်မဟုတ် ဆိုသည်ကိုမူ ဦးစွာဆွေးနွေးရပါမည်။ ကုန်ကုန်ပြောရလျှင် အုပ်စိုးသူအစိုးရတွင်ရှိနေသော နိုင်ငံရေးအာဏာ ဆိုသည်မှာ ပြည်သူလူထုထံမှ အကြွေးယူထားခြင်းသာဖြစ်သည်ဟု ဒီမိုကရေစီမြတ်နိုးသူတို့က ယုံကြည်ထားရပေလိမ့်မည်။

## (၅) ရုပ်ဝတ္ထု အရင်းအမြစ် (**Material Resources**)

နိုင်ငံရေးတွင် လုပ်ငန်းဆောင်တာအများစုကို အခကြေးငွေပေး၍ ခိုင်းစေနိုင်ကြသည်။ ပုဂ္ဂလိကစီးပွားရေးအပြင် အခြားပိုင်ဆိုင်မှုများ၊ သဘာဝသယံဇာတများ၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်း

များကို လူထုကရနိုင်သလောက် ထိန်းချုပ်ထားဖို့လိုသည်။ ဤနည်းဖြင့် အစိုးရကို စိတ်ထင်တိုင်း မအုပ်ချုပ်နိုင်စေရန် ကန့်သတ်ရပါမည်။

ဥပမာအားဖြင့် နိုင်ငံတွင်ရှိသမျှ မြေယာအားလုံးကို အစိုးရကသာ စိတ်ကြိုက်လက်ဝါးကြီးအုပ်ပိုင်ဆိုင်ထားလျှင် ထိုမြေယာများကို အမှီပြုလုပ်ကိုင် စားသောက်ရသူအားလုံးသည် အစိုးရ၏လက်ခုပ်ထဲမှရေ ဖြစ်သွားရပေမည်။ ထိုနည်းတူစွာ အစိုးရမှ သတင်းမှန်သမျှ ဖြတ်တောက်ပိတ်ဆို့ထားလျှင် စာနယ်ဇင်းလောကသားတို့မှာ အစိုးရ၏ ကြိုးဆွဲခံ ရုပ်သေးရုပ်များသာ ဖြစ်လာရပေမည်။

ရေနံကဲ့သို့သော လောင်စာစွမ်းအင်များကို နိုင်ငံပိုင်လုပ်ထားသည့် တိုင်းပြည်များမှ အစိုးရတို့သည် ပြည်သူ့ထံမှရသော အခွန်ငွေကို သိပ်မမှီခိုလှပါ။ ပြည်သူ့ထံမှ အခွန်မကောက်ပဲ ရပ်တည်နိုင်သဖြင့် အစိုးရသည် ဗဟိုမှ အာဏာထိန်းချုပ်ရန် လွယ်ကူသွားသည့်အချက်ကို သတိပြုအပ်သည်။

## (၆) ပြစ်ဒဏ် (Sanctions)

အစိုးရသည် ဥပဒေ၊ စည်းမျဉ်း၊ အမိန့်များကို ထုတ်ပြန်၍ ပြည်သူလူထုကို ထောက်ခံလိုက်နာစေသည်။ အချို့အခြေအနေများတွင် အာဏာပိုင်တို့က ခြိမ်းခြောက်သွေးဆောင်တတ်သည်။ ပြည်သူက မတတ်သာပဲ လုပ်ပေးရသည်လည်းရှိသည်။ သို့သော် အစိုးရအနေဖြင့် ပြည်သူအား အလွန်အကျွံ အပြစ်မပေးမိအောင် ကန့်သတ်ဖို့လိုသည်။ အပြစ်ပေးသည်ဆိုခြင်းမှာ လက်မခံနိုင်သောအပြုအမူများကို တားဆီးရုံသာဖြစ်၍ လိုအပ်သည့် ပမာဏာအတိုင်းသာဖြစ်ရပါမည်။ နောင်ကျဉ်အောင် ပြစ်ဒဏ်ခတ်ရန်ဆိုပြီး ကွပ်မျက်ခြင်း၊ ဖမ်းဆီးအကျဉ်းချခြင်းမျိုးကဲ့သို့ အလွန်အကျွံ အစွန်းရောက် ပြင်းထန်စွာ အပြစ်ပေး၍မရပါ။

ပြည်သူတို့အား ထိရောက်စွာ ပိတ်ဆို့ပြစ်ဒဏ်ခတ်ခြင်းဖြင့် နောက်ဆုံး အာဏာရှင်ထံ ဒူးထောက်အညံ့ခံလိုက်လျော့လာအောင် အာဏာရှင်အစိုးရများက လုပ်တတ်လေ့ရှိသည်။ အလုပ်လုပ်ခွင့်မပြုခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း၊ အငြိမ်းစားခံစားခွင့် ရုပ်သိမ်းခြင်း၊ ပညာရေးအခွင့်အလမ်းများ ပိတ်ခြင်း၊ ရာထူးတိုးမပေးခြင်း၊ ခရီးသွားလာခွင့် ကန့်သတ်ခြင်း (နိုင်ငံကူးလက်မှတ် အစရှိသည်တို့ ထုတ်မပေးခြင်း)၊ အရေးပါသော ပိုင်ဆိုင်မှုများအပေါ် အခွန်ကောက်ခြင်း၊ ရေဖြတ်ခြင်းနှင့် အခြားနည်းလမ်းများဖြစ်သည်။ အာဏာရှင်နိုင်ငံအချို့တွင် အစိုးရသည် ပုံနှိပ်ထုတ်ဝေရေး၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းလိုင်စင်များကို ချုပ်ကိုင်ထားသည်။ ၎င်းတို့ မလိုချင်လျှင် ပိတ်ပစ်လိုက်နိုင်သည်။ သို့ဖြစ်၍ ပုဂ္ဂလိက စာနယ်ဇင်း မီဒီယာသမားတို့က မိမိတို့ဖာသာ သတင်းဖြတ်တောက် ပိတ်ဆို့ပေးနေရသည်။ ထိုသို့သော ပိတ်ဆို့ ပြစ်ဒဏ်ခတ်မှုမျိုးမှာ နေရာတိုင်းပင် ဖြစ်သည်။

အစိုးရတိုင်းက ပြည်သူလူထုအပေါ် ပိတ်ဆို့ပြစ်ဒဏ်ခတ်သည်သာဖြစ်သည်။ များသောအားဖြင့် လူမှုရေး ဖောက်ပြန်ခြင်းများကို တားဆီးရန်အတွက်ဖြစ်သည်။ သို့သော် အာဏာရှင်အစိုးရကမူ ထိုသို့မဟုတ်ပါ။ ၎င်းတို့လိုချင်သော နိုင်ငံရေးပုံစံကို လူထုအား အတင်းအဓမ္မ လိုက်နာစေလိုသောအခါ၊ ပြည်သူတို့ နိုင်ငံရေး မလုပ်နိုင်အောင် နှိပ်ကွပ်သည့်အခါများတွင် ပြည်သူလူထုအား ရက်ရက်စက်စက် ပိတ်ဆို့ ပြစ်ဒဏ်ခတ်လေ့ရှိသည်။

ဥပမာအားဖြင့် နာဇီဂျာမနီသည် ၎င်းစစ်တပ်က သိမ်းပိုက်ထားသည့်နိုင်ငံများတွင် မြေအောက်လှုပ်ရှားမှု လုပ်လာနိုင်သည်များကို တားဆီးရန်ဆိုပြီး အရပ်ဖက်ပြည်သူတို့အား အစုလိုက်အပြုံလိုက် ပိတ်ဆို့ပြစ်ဒဏ်ခတ်ခဲ့သည်။ အစုလိုက်အပြုံလိုက် ပိတ်ဆို့ပြစ်ဒဏ်ခတ်လေ့ရှိသော အစ္စရေးအစိုးရက ထိုသို့လုပ်ရသည်ကို (၂၁)ရာစုသို့ကူးပြောင်းချိန်တွင် ဝန်ခံခဲ့ပြီး အကြမ်းဖက်လှုပ်ရှားမှုများကိုတားဆီးရန်အတွက်ဟု အကြောင်းပြခဲ့သည်။

လူတဦးချင်းစီ၏အပြုအမူများကို တားဆီးရန်အတွက် မဆိုင်သူများကိုပါဆွဲထည့်ပြီး အပြစ်ပေးခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်ရာရောက်သဖြင့် လက်ခံနိုင်စရာမရှိပါ။ ထိုသို့အစုလိုက်အပြုံလိုက် ပိတ်ဆို့ပြစ်ဒဏ်ခတ်ခြင်း၊ ကွပ်မျက်ခြင်းဖြင့်လည်း အာဏာရှင်အစိုးရက မျှော်လင့်တောင့်တထားသလို အမှန်တကယ် အကျိုးဖြစ်ထွန်းလာရန်မရှိပါ။ ခံရသူအား ရန်ငြိုးထား လက်တုန့်ပြန်ရန် သန္နိဋ္ဌာန်ချပေးလိုက်သလိုသာ ဖြစ်စေနိုင်သည်။

## အနှစ်ချုပ်

အခန်း(၁)သည် နိုင်ငံရေးအာဏာကို ပုံစံနှစ်မျိုးခွဲ၍ ဖော်ပြသည်။ တဦးတည်းပိုင နိုင်ငံရေး အာဏာပုံစံတွင် အာဏာကို မပြောင်းမလဲနိုင်အောင် ခိုင်ခန့်စွာ တည်ဆောက်ထားသည်။ ပြည်သူက အုပ်စိုးသူထံ မှီခိုရသည်။ အများပိုင်နိုင်ငံရေး အာဏာပုံစံသည် တဦးတည်းပိုင် နိုင်ငံရေးအာဏာ ပုံစံနှင့်အတော်ပင်ခြားနားသည်။ အုပ်စိုးသူက ပြည်သူထံမှီခိုရသည်။

အုပ်စိုးသူအားထောက်ပံ့ထားရသော နိုင်ငံရေးအာဏာဇစ်မြစ်များ ရှိသည်။ ယင်းတို့ကို အုပ်စိုးသူ ထံမှ ပြန်လည်သိမ်းယူလိုက်လျှင် သူ၏အရည်အချင်းသက်သက်ဖြင့် အုပ်စိုးရန် မဖြစ်နိုင်တော့ပေ။ အစိုးရနှင့် ပတ်သက်သည်ဖြစ်ဖြစ် မပတ်သက်သည်ဖြစ်ဖြစ် အဖွဲ့အစည်းများ၊ လူမှုအဆောက်အအုံများတွင် နိုင်ငံရေးအာဏာ ဇစ်မြစ်များ ရှိနေသည်။

အစိုးရ၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို ခွင့်ပြု၊ ထိန်းသိမ်းပေးသည့် တည်ဆောက်မှု ယန္တရား အမျိုးမျိုးကို ထိုအစိုးရအား အထောက်အကူပြုနေသော ထောက်တိုင်များဟု ခေါ်သည်။ (အခန်း၂–အထောက် အကူပြု ထောက်တိုင်များတွင်ကြည့်ပါ။) အတိုက်အခံဘက်တွင်လည်း အထောက်အကူပြု ထောက်တိုင်များ လိုအပ် သည်။ အရေးပါသောထောက်တိုင်များ ခံနိုင်ရည်မရှိတော့ပဲ အားနည်းသွားလျှင် အဆောက်အဦများ ပြိုကျသကဲ့သို့ အစိုးရဖြစ်စေ၊ အတိုက်အခံဖြစ်စေ ပြုတ်ကျသည်။

––––––––– ooo–––––––––

# အခန်း (၂)
# အထောက်အကူပြု ထောက်တိုင်များ

"ကျေးဇူးပြုပြီး ကျွမကိုပြောပါ။ ရှင့်ရဲ့ခွန်အားတွေ ဘယ်မှာရှိနေလဲ၊ ရှင့်ခွန်အားတွေကြောင့် ရှင့်မှာ ပြဿနာ ဖြစ်နေရတာပဲ" ဟု ဒလိုင်းလာက ဆမ်ဆွန်ကို ပြောသည်။

ဟီဘရူး– Judges, 16:6

နိုင်ငံရေးအာဏာဇစ်မြစ် ခြောက်မျိုးသည် အဖွဲ့အစည်းများ၊ လူမှုအဆောက်အအုံများ၌ ရောထွေးပေါင်းစပ်လျက် ပါဝင်နေကြောင်း ပြီးခဲ့သောအခန်း(၁)တွင် ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ထိုအဖွဲ့အစည်း၊ လူမှုအဆောက်အအုံများမှ အထောက်အကူ ပြုပေးနိုင်သော နိုင်ငံရေးအာဏာဖြင့် အစိုးရက တိုင်းပြည်ကိုအုပ်ချုပ်သည်။ မည်သည့်အစိုးရမဆို မည်သည့်အတိုက်အခံမဆို အခြားသောအရာများထက် အဆိုပါ ထောက်တိုင်များကို မှီခိုအားပြုရသည်။ တချိန်တည်းမှာပင် အစိုးရသည် အတိုက်အခံနိုင်ငံရေးပါတီများ၏ ထောက်တိုင်များ ကျယ်ပြန့်အားကောင်းခြင်း မရှိနိုင်အောင် ကန့်သတ်နိုင်ဖို့ ကြိုးပမ်းသည်။ ဗျူဟာမြောက်အကြမ်းမဖက်လှုပ်ရှားမှုကို ဆင်နွှဲသောအခါ ထောက်တိုင်များမှ မည်သို့အထောက်အကူပေးနိုင်စွမ်းရှိသည်ကို အဓိက အာရုံစိုက်၍ စီစဥ်လှုပ်ရှားရသည်။

## အထောက်အကူပြု ထောက်တိုင်များ

အစိုးရကို အကြမ်းမဖက်ဆန့်ကျင်လှုပ်ရှားနိုင်မည့် မဟာဗျူဟာကို စတင်ကြံဆသောအခါ နိုင်ငံရေးအာဏာကို အထောက်အကူပြုနေသည့်ထောက်တိုင်များ တည်ရှိနေကြောင်း သိထားရန်နှင့် ယင်းတို့ကို ပိုင်းခြားစိတ်ဖြာသုံးသပ်ရန် အခြေခံအားဖြင့် လိုအပ်သည်။ အာဏာရှင်၏ ထောက်တိုင်များ အားနည်း၍ အစွမ်းမထက်တော့သဖြင့် ပြိုမကျမီ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု (သို့) အစိုးရ အပြောင်းအလဲဖြစ်ရန် ဆိုသည်မှာ မဆိုစလောက်သာ အလားအလာရှိသည်။ သို့ဖြစ်၍ အာဏာရှင်အစိုးရအား ဆန့်ကျင်အံတုရန် အကြမ်းမဖက်လှုပ်ရှားမှုတွင် ပါဝင်ဆင်နွှဲသူတို့သည် လူမှုအဆောက်အအုံနှင့် အဖွဲ့အစည်းများ၏ အရေးပါအရာရောက်ပုံကို အထူးအာရုံစူးစိုက်ထားရန် လိုအပ်သည်။



## (၁) ရဲတပ်ဖွဲ့

ရဲဟူသည် ပြည်သူကို ကာကွယ်ပေးရန်၊ ပြည်သူ့အကျိုးကို သယ်ပိုးရန်ဖြစ်သည် ဆိုသော ဆောင်ပုဒ်ဖြင့် ကမ္ဘာတဝှမ်းရှိ ရဲစခန်းအများစုက လူထုသိအောင်ဝါဒဖြန့်သည်။ သို့သော် ပြည်သူလူထုသည် ရဲများ၏ ကာကွယ်စောင့်ရှောက်ပေးမှု၊ ပြည်သူ့အကျိုးသယ်ပိုးမှုကို အမြဲတမ်း မရရှိပါ။ ပုလိပ် ဟူသည် ရာထူးအရှိန်အဝါဖြင့် လာဘ်စားနေသည့် အာဏာရှင်လူရမ်းကား အစိုးရအား အဓိက ကာကွယ်ပေးနေသည့် အစိုးရလက်ကိုင်တုတ်သာဖြစ်ကြောင်း လူထုက အမြဲလိုလို မြင်တွေ့ကြားသိနေရသည်။

အာဏာပိုင်တို့က ရာထူးအရှိန်အဝါသုံး၍ လာဘ်စားနေသဖြင့် ပြုပြင်ပြောင်းလဲရန် မဖြစ်နိုင်ဟု ပြော၍မရ။ သို့သော် အစိုးရအပြောင်းအလဲမလုပ်သရွေ့ အခက်ခဲဆုံးဖြစ်နေမည်မှာ အထူးအထွေစဉ်းစားစရာမလိုပါ။ ဒီမိုကရေစီနိုင်ငံမှ ရဲစခန်းများမှာပင် လာဘ်စားမှု ရှိနေပါက အတိုင်ခံရသူလောက်ကိုသာ အရေးယူနိုင်သေးသည်။ လူထုနှင့်ထိတွေ့နေသော အောက်ခြေအဆင့်ရှိ ရဲများ၏ အပြုအမူကို ထိပ်ပိုင်းရဲအရာရှိတို့ပင် သြဇာအာဏာသုံးပြီး ထိန်းရန်မလွယ်လှပေ။ ဒေသတခုအတွင်းရှိ တာဝန်ကျ (ရွေးကောက်ခံ) အရာရှိအား ဒေသခံပြည်သူတို့က ထိန်းသိမ်းကိုင်တွယ်နိုင်မှသာ ထိုသူသည် ၎င်းလက်အောက်ရှိ ရဲစခန်းနှင့် ပတ်သက်နေသည့် ပြည်သူ့ကိစ္စအဝဝကို တာဝန်ယူပေးနိုင်မည်ဖြစ်သည်။ သို့မှသာ အဆိုပါရဲစခန်းအပေါ် လူထုက အမြင်ရှင်းရှင်းထားနိုင်ကြမည်ဖြစ်သည်။ ပြည်သူတို့ အထူးဂရုတစိုက်ဖြင့် အလေးအနက်ထားသင့်သော အချက်ဖြစ်သည်။

ရဲဝန်ထမ်းတို့၏ ခံယူချက်နှင့် အပြုအမူများ တိုးတက်ကောင်းမွန်လာစေဖို့ ပြည်သူလူထုအနေဖြင့် အစိုးရ အပြောင်းအလဲ ဖြစ်လာရန်အထိ စောင့်စရာမလိုပါ။ ရဲဝန်ထမ်းနှင့်ဆိုင်သောကိစ္စ အနည်းငယ်ကိုသာ စဉ်းစားရန်လိုသည်။

ပထမအချက်မှာ ရဲဝန်ထမ်းတို့သည် များသောအားဖြင့် တာဝန်ထမ်းဆောင်သောနေရာရှိ ပြည်သူလူထုကြား၌ ရောထွေးနေထိုင်ကြသောကြောင့် သူတို့၏ မိသားစု၊ ဆွေမျိုး၊ အပေါင်းအသင်း မိတ်ဆွေတို့မှာ ကျောင်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရပ်ရေးရွာရေးကိစ္စများနှင့် ဆက်စပ်နေရသည်။ သို့ဖြစ်၍ ရဲဝန်ထမ်းတို့သည် ပြည်သူနှင့်မခြားနားသော လူမှုအဖွဲ့အစည်းဝင်များ ဖြစ်နေသည်။ သို့သော် ဒေသခံလူထုအား အာဏာရှင်တို့က အစိုးရဆန့်ကျင်ရေးလုပ်သည့် ရာဇဝတ်သား၊ ထောက်လှမ်းရေး၊ အကြမ်းဖက်သမား စသဖြင့် စာရင်းသွင်းလိုက်လျှင် အာဏာရှင်အစိုးရ၏ အဆိုပါ ဝါဒဖြန့်ချိရေးများအတိုင်း ရဲဝန်ထမ်းတို့က မလွှဲမရှောင်သာပဲ လိုက်လုပ်ပေးရတော့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တပ်များ လက်အောက်သို့ ကျရောက်စဉ် ခုခံခဲ့ကြသော နော်ဝေနိုင်ငံသားတို့အား ဒေါက်တာဂျင်းရှပ်က သုတေသနလုပ်ခဲ့သည်။ ဒေသခံနော်ဝေရဲများသည် ဂျာမန်တပ်များအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ပေးနေကြရသည်။ သံသယရှိသူ နော်ဝေနိုင်ငံသားတဦးအား ဖမ်းတော့မည်ဆိုလျှင် နော်ဝေရဲများက ထိုသူ၏ မိသားစုများကို အရင်ဆက်သွယ်ပြီး ရဲအရာရှိများ လာဖမ်းနိုင်မည့် နေ့ရက် အချိန်အတိအကျ ဖော်ပြခိုင်းတတ်သည်။ အာဏာရှင်နာဇီဂျာမန်တို့၏အမိန့်ကို နော်ဝေရဲများက မလွှဲမရှောင်သာပဲလုပ်ပေးခဲ့ရခြင်းဖြစ်သည်။

ဒုတိယအချက်မှာ အာဏာရှင်၏အမိန့်အတိုင်း တာဝန်ထမ်းဆောင်နေသော ရဲဝန်ထမ်းတို့အား များသောအားဖြင့် ပြည်သူ့ရန်သူဟု မသတ်မှတ်ရန်လိုသည်။ ထိုသူတို့မှာ မအောင်မြင်သောစနစ်တခု၏ ဝန်ထမ်းများဖြစ်သည်။ စနစ်ကိုသာ အပြစ်တင်ရပေမည်။ ထိုစနစ်ကိုသာ အစားထိုးရန်လိုသည်။ ရိုးသားဖြောင့်မတ်၍ ဂုဏ်သိက္ခာရှိသူ ထောင်ပေါင်းများစွာသော ရဲဝန်ထမ်းတို့၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့မှာ ဒီမိုကရေစီအသိုင်းအဝိုင်းတွင် အမှန်တကယ်ရှိရန် လိုအပ်သဖြင့် ဖယ်ရှား၍မရပါ။ ထိုသူတို့နေရာတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုမရှိသေးသောသူတို့ဖြင့် အစားထိုး၍လည်း မရပါ။ အမှန်စင်စစ် ရဲဝန်ထမ်းအချို့ကိုသာ လူသတ်မှု၊ နှိပ်စက်ညှင်းပန်းမှု၊ လုယက်မှုစသည့် ရာဇဝတ်မှုတခုခုဖြင့် အလေးအနက် အရေးယူရန် လိုအပ်သည်။ ရဲဝန်ထမ်းအားလုံးနှင့် မဆိုင်ကြောင်းသိထားရပေမည်။

## (၂) စစ်တပ်

စစ်တပ်သည် အာဏာတည်မြဲနေရေးအတွက် အသုံးချခံရသဖြင့် အာဏာရှင်၏ လူရင်းများ ဖြစ်သည်ဟု အထင်ခံရသည်။ ပြည်သူ့ကြားတွင် ရောထွေးနေထိုင်သော ရဲဝန်ထမ်းများနှင့်မတူသည်မှာ စစ်တပ်တွင် တပ်ပိုင်အိမ်ယာ၊ ဈေး၊ ဆေးရုံနှင့် ကျောင်းများရှိပြီး စစ်တပ်နှင့် ၎င်းတို့မိသားစုများမှာ လူထုနှင့်သီးခြား နေထိုင်၍ ရသည်။ ထိုသို့ခွဲခြားနေသဖြင့် စစ်တပ်နှင့် အရပ်ဖက်ပြည်သူတို့၏ ဆက်ဆံရေးတိုးတက်မှုကို ဟန့်တားနေသလို ရှိသည်။

အစိုးရသည် ပြည်သူနှင့် နိုင်ငံရေးအရ ထိပ်တိုက်ရင်ဆိုင်မိသောအခါ အကြမ်းဖက်နှိမ်နင်းရန် အတွက် စစ်တပ်ကို အသုံးချရန် ခပ်လွယ်လွယ်ပင် ဆုံးဖြတ်လေ့ရှိသည်။ ဥပမာ ၁၉၈၈ခုနှစ် မြန်မာနိုင်ငံ လူထုအုံကြွမှုနှင့် ၁၉၈၉ခုနှစ် တရုတ်နိုင်ငံ တီယန်နန်မင် အရေးအခင်းတွင် အစိုးရတို့က အခင်းဖြစ်ပွားရာနှင့် အနီးဆုံးဒေသများမှ စစ်တပ်များကို စေလွှတ်နှိမ်နင်းခိုင်းသည်။ ထိုသို့သောအခြေအနေတွင် စစ်တပ်သည် ရဲနှင့် အခြားလက်နက်ကိုင်တပ်များထက် ပိုအားကိုးရသည်၊ ပို၍ပြီမ်ဝပ်အောင် နှိမ်နင်းနိုင်သည်ဟု အစိုးရက ယူဆသောကြောင့် ဖြစ်သည်။ အချို့နိုင်ငံများတွင် ပစ်ခတ်နှိမ်နင်းရန်အတွက် အဓိကရုဏ်းရဲများကို အထူးလေ့ကျင့်ပေးပြီး လက်နက်အပြည့်အစုံ တပ်ဆင်ထားကြသည်။

အစိုးရအား ဆန့်ကျင်ဆန္ဒပြသော ပြည်သူလူထုအား စစ်တပ်မှ ဝင်ရောက်ပစ်ခတ်နှိမ်နင်းမှု လျော့နည်းသွားအောင် ထိုအစိုးရက ဆုံးဖြတ်ချက်မချမီ လူထုက စနစ်တကျ ကြိုတင်ပြင်ဆင်ထားရပါမည်။ အဓိက အချက်မှာ ဒီမိုကရေစီစနစ်တွင် စစ်သားများနှင့် သူတို့၏မိသားစုများအဖို့ စိုးရိမ်စရာမရှိကြောင်း၊ စစ်သားပီသသူ မှန်လျှင် မိမိတို့အနာဂတ် စိတ်ချရနိုင်ကြောင်း သဘောပေါက် လက်ခံလာအောင် အသိပညာဖြန့်ဖြူးရေးကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်အောင် ကြိုတင်ဆောင်ရွက်ထားဖို့ဖြစ်သည်။

လူထုဆန္ဒပြပွဲကို စစ်တပ်က မည်သို့တုန့်ပြန်လာမည်ဆိုသည်မှာ စစ်သားတယောက်၏ခံယူချက်၊ မိမိကိုယ်ကို တန်ဖိုးထားပုံ၊ ခေါင်းဆောင်မှုကျွမ်းကျင်ပိုင်နိုင်ပုံတို့အပေါ် မူတည်သည်။ မိမိတို့သည် မျိုးချစ်စိတ်ရှိသူ၊ သစ္စာရှိသူ၊ နိုင်ငံရေးပြောင်းလဲမှု မလိုလားသူများဖြစ်သည်ဟု စစ်ဗိုလ်တို့က ယေဘုယျ ခံယူကြသည်။ ထိုသို့သော စစ်သားပီသမှုများကြောင့် တခါတရံ နိုင်ငံရေးနှင့် ပတ်သက်လာရသောအခါ အထက်ညွှန်ကြားချက်ကို မည်သို့မျှ စဉ်းစားမနေတော့ပဲ မျက်စိစုံမှိတ်၍ ထောက်ခံပစ်တတ်ကြသည်။

ဟစ်တလာ၏လက်အောက်ရှိ စစ်ဗိုလ်ချုပ်များသည် နိုင်ငံရေးရည်မှန်းချက်များ မထားရှိပဲ ခေါင်းဆောင်၏ဆန္ဒအတိုင်းသာ စစ်ရေးတာဝန်များကို ထမ်းဆောင်တတ်ကြသည်ဟု သိရသည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ သူတို့၏ခေါင်းဆောင် ဟစ်တလာသည် အခြေခံဥပဒေအရ ဝန်ကြီးချုပ်ဖြစ်သည်၊ နာဇီဂျာမနီတွင် အကြီးဆုံးပါတီ၏ခေါင်းဆောင်လည်း ဖြစ်သည်၊ ထို့ကြောင့် တရားဝင်အုပ်စိုးသူဖြစ်သည်ဟု စစ်ဗိုလ်ချုပ်များက ယူဆနေသောကြောင့်ဖြစ်သည်။

ပြည်သူများကို စစ်တပ်မှချေမှုန်းလာမည့်အရေးကို ကန့်သတ်ပေးနိုင်သည့် အဓိကအချက်မှာ စစ်တပ်အသိုင်းအဝိုင်း၌ ဒီမိုကရေစီ၏ ခံစားခွင့်များကို အဆင်ပြေပြေ ပေါင်းစပ်ပေးနိုင်ဖို့ဖြစ်သည်။

နောက်တချက်မှာ ဒီမိုကရေစီအစိုးရလက်အောက်တွင် စစ်တပ်သည် အရေးပါသောအခန်းကဏ္ဍ၌ ရှိနေမည်ကို စစ်သည်တော်များအား သိရှိထားစေခြင်းဖြစ်သည်။ အဆိုပါ အတွေးအခေါ်နှစ်ရပ်ကို မြှင့်တင်အားပေးနိုင်ရန် အချိန် လိုအပ်သည်။ လေးလေးနက်နက် စဉ်းစားလုပ်ဆောင်ရန် လိုသည်။

၂၀၀၀ခုနှစ် အောက်တိုဘာလတွင်ဖြစ်ခဲ့သော ယူဂိုဆလားဗီးယား ဖယ်ဒရယ်ပြည်ထောင်စု၏ ဆာဗီးယား အကြမ်းမဖက်လှုပ်ရှားမှုတွင် ထောင်ပေါင်းများစွာသော အစိုးရဆန့်ကျင်ဆန္ဒပြသူများက ပါလီမန် အဆောက်အဦကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့ကြသည်။ လူအသေအပျောက် မရှိသလောက် ဖြစ်သည်။ (နှလုံးရောဂါဖြင့် သေဆုံးသူတဦး၊ ယာဉ်တိုက်ခိုက်မှုဖြင့် သေဆုံးသူတဦး စုစုပေါင်းနှစ်ဦးသာရှိသည်။) ဆာဗီးယား အကြမ်းမဖက် လှုပ်ရှားမှု အောင်မြင်ရသည့် အရေးပါသောအကြောင်းရင်းမှာ စစ်တပ်က နိုင်ငံရေးကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် ဆုံးဖြတ်လိုက်သောကြောင့်ဖြစ်သည်။ ထိုသို့ဆုံးဖြတ်နိုင်သည်မှာ ဒီမိုကရေစီ လှုပ်ရှားမှုသည် အောင်မြင်ရန် လမ်းစများ သိသိသာသာရှိလာနေပြီး အကယ်၍ သမ္မတ မီလိုဆဲဗစ် (Slobodan Milosevic) ပြုတ်ကျသွားသည့်အခါ မိမိတို့တာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်ကြဦးမည်ကို စစ်တပ်က သိနေကြသောကြောင်းဖြစ်သည်။

## (၃) အရပ်ဖက်ဝန်ထမ်း

အရပ်ဖက်ဝန်ထမ်းများမှာ ခဏခဏ မကောင်းပြောခံရ၊ လှောင်ပြောင်ခံရ၊ အထင်သေးခံရတတ်သည်။ အစိုးရ အရာရှိကြီးများသည် ခြိုခြံတတ်သူများဖြစ်သည်ဟုလည်း တခါတရံ အထင်ခံရသည်။ သို့သော် နိုင်ငံရေးခေါင်းဆောင်တို့မှာ အဆိုပါ အရပ်ဖက်ဝန်ထမ်း ထောင်ပေါင်းများစွာတို့မရှိပဲ မရပ်တည်နိုင်ပါ။

အရပ်ဖက်ဝန်ထမ်းတို့သည် အထက်ညွှန်ကြားချက်အတိုင်းလုပ်သည်။ လုပ်ငန်းခွင် ကျွမ်းကျင်မှုရှိသည်။ နိုင်ငံရေးကို အန္တရာယ်ပြုနိုင်ဖွယ်ရာမရှိသည့် အလုပ်များကို လုပ်နေသူများဖြစ်ကြသည်။ သူတို့သည် အထက်အမိန့်များကို အကောင်အထည်ဖော်ပေးရသည်။ စည်းမျဉ်းစည်းကမ်းများ ထုတ်ရသည်။ အဆုံးအဖြတ်ပေးရသည်။ အခွန်ငွေ ကောက်ပေးရသည်။ ရ–သုံးစာရင်းများ ပြုစုပေးရသည်။ သင်ကြားပို့ချပေးရသည်။ ထောင်သောင်းချပြီးရှိနေသော အချက်အလက်များကို စနစ်တကျ မှတ်တမ်းပြုရသည်။ အစိုးရယန္တရား လည်ပတ်ရေးအတွက် လိုအပ်သည်များကို ဝယ်ယူပေးရသည်။ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများကို ကြီးကြပ်စီစဉ်ရသည်။ သံတမန်ရေးရာကိစ္စများကို ဆောင်ရွက်ရသည်။ အမှန်စင်စစ် အစိုးရ၏ လုပ်ငန်းဆောင်တာအားလုံးကို လုပ်ပေးနေရခြင်း ဖြစ်သည်။ မည်သည့်အစိုးရမှ အရပ်ဖက်ဝန်ထမ်းများမရှိပဲ အစိုးရယန္တရားကို မလုပ်ဆောင်နိုင်ပါ။

အစိုးရပြောင်းလဲရန်နှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု ဖန်တီးနိုင်ရန်အတွက် မဟာဗျူဟာကျနစွာ အကြမ်းမဖက် ဆန့်ကျင်အံတုကြမည့်သူတို့သည် အစိုးရဝန်ထမ်းတို့၏ ထောက်ခံမှုရရန် အရေးကြီးကြောင်း နားလည်ထားရပါမည်။ သို့သော် ထိုဝန်ထမ်းတို့၏ အသက်မွေးဝမ်းကြောင်းမှာ ရဲတပ်ဖွဲ့နှင့်စစ်တပ်ကဲ့သို့ပင် အစိုးရ၏ အမိန့်ညွှန်ကြားချက်များကို လိုက်နာပေးရသည့်အပေါ် မူတည်ကြောင်းကို သဘောပေါက်ထားရပါမည်။

ထို့ပြင် အာဏာရှင်အစိုးရအား အထောက်အကူပြုသော ထောက်တိုင်များ ဆိုးဆိုးဝါးဝါး အားနည်းသွားသည်ကို ဝန်ထမ်းတို့က ရှင်းရှင်းလင်းလင်း မသိရမချင်း အစိုးရဆန့်ကျင်ရေးလုပ်မည့် အရပ်ဖက်ဝန်ထမ်းအရေအတွက်မှာ အနည်းငယ်သာ ရှိနိုင်ကြောင်းကိုလည်း ဒီမိုကရေစီ လှုပ်ရှားသူများက နားလည်ပေးထားရပါမည်။ လှုပ်ရှားမှုတခုလုံး တိုးတက်လာရေးအတွက် ရနိုင်သမျှ အင်အားစုများကို စဉ်းစားကြံဆကြရာတွင် ဝန်ထမ်းများက ဖြောင်ကျကျမဟုတ်ပဲ သူတို့တတ်နိုင်သမျှ အစိုးရဆန့်ကျင်ရေး လုပ်ပေးနေသည်ကိုကပင် အထောက်အကူပြုပေးသည့် နည်းလမ်းတခု စတင်နေပြီ ဖြစ်ကြောင်း သဘောပေါက်နေရပါမည်။

## (၄) မီဒီယာ

လူထုလှုပ်ရှားမှုဖြင့် ဒီမိုကရေစီ ရလိုက်သည်နှင့် တပြိုင်နက် သတင်းထုတ်ပြန်နိုင်သည့် ဆက်သွယ်ရေးနည်းလမ်းများ ရှိကို ရှိနေရပါမည်။ အာဏာရှင်အစိုးရက ထိုအချက်ကို ကောင်းကောင်းသိသဖြင့် လူထုအောင်ပွဲသတင်း မထုတ်ပြန်နိုင်အောင် (သို့) ကန့်သတ်နိုင်အောင် ကြိုးပမ်းလေ့ရှိသည်။ အစိုးရသည် အင်တာနက်ကိုအသုံးပြု၍ ဝါဒဖြန့်တိုက်ခိုက်သည်။ မတရားသောဥပဒေများ ထုတ်ပြန်၍ ကွန်ပြူတာနှင့်ဖက်စ် ပိုင်ဆိုင်အသုံးပြုခြင်းကို ပိတ်ပင်ချုပ်ချယ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် လိုင်စင်မဲ့စက်ပစ္စည်းများ ပိုင်ဆိုင်လျှင် နှစ်ရှည်ထောင်ဒဏ်ဖြင့် အလွန်အကျွံ အပြစ်ပေးခံရခြင်းမျိုး ဖြစ်သည်။ မိုဘိုင်းဖုန်း ပိုင်ဆိုင်အသုံးပြုခြင်းကိုလည်း တခါတရံ တားမြစ်သည့်ပြင် အတိုက်အခံတို့၏ ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်ချက်များကို ပြည်သူတို့ မြင်တွေ့နားထောင်ခြင်း မရှိစေရန် မကြာခဏဆိုသလို လိုင်းဖျက်လေ့ရှိသည်။

ဖိနှိပ်ချုပ်ချယ်သော အစိုးရသည် စာပေကင်းလွတ်ခွင့်နှင့် အခြား ပြည်တွင်း လူထုဆက်သွယ်ရေး လုပ်ငန်းများကို အလွယ်တကူ ထိန်းချုပ်နိုင်သည်။ ထွက်သမျှ စာအုပ်၊ မဂ္ဂဇင်းနှင့် သတင်းစာများကို မဖြန့်ချိမီကပင် အစိုးရ၏ ပုံနှိပ်ထုတ်ဝေရေး စိစစ်သည့်အဖွဲ့များက ကန့်သတ်ပိတ်ဆို့ ပယ်ဖျက်နေသည့်နည်းလမ်းသည် အာဏာရှင်အစိုးရအတွက် အလွန်ထိရောက်လျက်ရှိသည်။ သို့ဖြစ်၍ စာနယ်ဇင်းလောကသားတို့မှာ ပုံနှိပ်ပြီးမှ စိစစ်ရေးတင်၍ ကင်းလွတ်ခွင့်မရလျှင် မလိုအပ်ပဲ စရိတ်စကကုန်ကျမည်ဖြစ်သောကြောင့် စာပေစိစစ်ရေးသို့ မတင်မီကပင် ကိုယ်တိုင်ကြိုတင် သတင်းဖြတ်တောက်ပေးနေရတော့သည်။

အစိုးရဆန့်ကျင်ရေးလုပ်လျှင် သတင်းစာနှင့် အခြားထုတ်ဝေရေးများ၊ ရုပ်မြင်သံကြား၊ ရေဒီယိုအသံလွှင့်ဌာနတို့မှာ လိုင်စင်ရုပ်သိမ်းခံရနိုင်သည်။ လုပ်ငန်းပစ္စည်းများ အသိမ်းခံရနိုင်သည်။ ပိုင်ရှင်၊ အယ်ဒီတာ

တို့မှာ ကိုယ်ထိလက်ရောက် ခြိမ်းခြောက် အကြပ်ကိုင်ခံရနိုင်သည်။ ထိုသို့သောပြည်တွင်းကန့်သတ်ပိတ်ပင်မှုများကို ရှောင်ရှားနိုင်ရန် ပြည်ပမီဒီယာလှုပ်ရှားမှုများ ယခုအခါ ပိုမိုခေတ်စားလာသည်။

နော်ဝေနိုင်ငံတွင် မြန်မာ့ရေဒီယို (ရုပ်မြင်သံကြား) အသံလွှင့်ဌာန (DVB-Democratic Voice of Burma) တခုရှိ နေပြီး လူတွေ့မေးမြန်းခန်းများပြုလုပ်၍ ပရိသတ်သို့ ထုတ်လွှင့်ပေးလျက်ရှိသည်။ အီရန်ကလည်း ကယ်လီဖိုးနီးယားတွင် အလားတူ လုပ်ဆောင်လျက်ရှိသည်။ ဒီမိုကရေစီ လှုပ်ရှားမှုများကို နိုင်ငံပြင်ပမှနေ၍ လူထု ဆက်သွယ်ရေးလုပ်ငန်းများဖြင့် စတင် လုပ်ဆောင်ပေးနိုင်ခဲ့သူတို့မှာ ဆာဘီးယားတို့ ဖြစ်သည်ဟု ဆိုနိုင်သည်။ ဆာဘီးယား လှုပ်ရှားသူတို့က ၂၀၀၀ခုနှစ် ရွေးကောက်ပွဲမတိုင်မီ တန်ချိန်(၆၀)ကျော် ရှိသော လက်ကမ်းစာရွက်များကို နိုင်ငံတွင်းသို့ပို့၍ ရက်ပိုင်းအတွင်း ဖြန့်ဝေပေးနိုင်ခဲ့သည်။ အဆိုပါလှုပ်ရှားမှုသည် အာဏာရှင် မီလိုဆဲဗစ်အား အံတုဆန့်ကျင်၍ အကြမ်းမဖက် လှုပ်ရှားရန် ဆာဘီးယား ပြည်သူလူထုအား အသိပညာပေး စည်းရုံးလှုံ့ဆော် ရာတွင် အလွန်အထောက်အကူပြုခဲ့သည်။

## (၅) ပုဂ္ဂလိက စီးပွားရေး

ဗဟိုမှတင်းကြပ်စွာချုပ်ကိုင်ထားသည့် အာဏာရှင် ဆိုရှယ်လစ်အစိုးရများ၏ လက်ထက်မှာပင် ပုဂ္ဂလိကစီးပွားရေးသည် နိုင်ငံအတွက် အရေးပါလျက်ရှိသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည် အစိုးရက မလုပ်သော အလုပ်များကိုလုပ်၍ ပြည်သူကို အထောက်အပံ့ပြုသည်။ လူသုံးကုန်ပစ္စည်းနှင့် စားသောက်စရာများ ရှားပါးမှုကြောင့် လူထုက မကျေမနပ်ဖြင့် နိုင်ငံရေးအုံကြွလာမည်ကို လျှော့ချရန် မှောင်ခိုဈေးကွက်ကို သိလျက်နှင့်ပင် အစိုးရတို့က မကြာခဏခွင့်ပြုတတ်သည်။

ပုဂ္ဂလိကစီးပွားရေးကြောင့် အကျိုးမဲ့ရသည်များလည်းရှိသည်။ အထူးသဖြင့် နိုင်ငံခြားနှင့် ပတ်သက်လာသည့်အခါ ဖြစ်သည်။ နိုင်ငံတကာကုမ္ပဏီတို့သည် ပွင့်လင်းသော ဒီမိုကရေစီအစိုးရထက် အာဏာရှင် အစိုးရနှင့် စီးပွားရေးလုပ်ရန် ပိုမို နှစ်သက်ကြသည်ဟု သတင်းစကားများ ကြားနေရသည်။ နှစ်ဦးနှစ်ဘက် စီးပွားရေး လုပ်၍ အာဏာရှင်က ၎င်းအတွက် တွက်ခြေကိုက်လျှင် အစုစပ်ပါဝင်သူ ပိုနည်းအောင်လုပ်သည်။ တနည်းအားဖြင့် ဆိုလျှင် လူထုအကျိုးထက် အာဏာရှင်နှင့် ကုမ္ပဏီအကျိုးကိုသာကြည့်ပြီး လုပ်ခြင်းဖြစ်သည်။ လုပ်ငန်းခွင် အခြေအနေ၊ လစာငွေ၊ အလုပ်သမားသမဂ္ဂကိစ္စတို့ပေါ်လာလျှင်လည်း အာဏာရှင်က ကြိုတ်၍ဖြေရှင်းနိုင်သည်။ ထောက်ပြရမည့်အချက်မှာ နိုင်ငံတကာ ပုဂ္ဂလိကစီးပွားရေးကုမ္ပဏီတို့သည် ၎င်းတို့စီးပွားရေးလာလုပ်သည့်နိုင်ငံ၌ ဒီမိုကရေစီ ဖြစ်မဖြစ်ကို စိတ်မဝင်စားပါ။ သူတို့အတွက် အမြတ်အစွန်းရရေးသာ အရေးကြီးသည်။ ဒီမိုကရေစီ လှုပ်ရှားမှုအတွက် မဖြစ်မနေလုပ်ရမည့်ကိစ္စမှာ ထိုကုမ္ပဏီများ ယုံကြည်လာအောင် အနာဂတ်တွင် တိုင်းပြည် အခြေအနေ ပြောင်းလဲလာနေပြီ၊ ပြောင်းလဲဖို့ ရှိလာနိုင်သည်၊ သို့ဖြစ်၍ သူတို့အနေဖြင့် အနည်းဆုံး ကြားနေပေး ကြရန်မှာ အရေးကြီးကြောင်း အသိပညာပေးထားဖို့ဖြစ်သည်။

ပုဂ္ဂလိကစီးပွားရေးကြောင့် အကျိုးဖြစ်ထွန်းစရာလည်းရှိသည်။ ပြည်တွင်းနှင့်ပြည်ပ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်တို့သည် အခြား ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် အချိတ်အဆက်များရှိကြသည်။ သူတို့ အနေဖြင့် စိတ်ဝင်စားလျှင် ဒီမိုကရေစီ လှုပ်ရှားမှုအတွက် ငွေကြေး၊ သတင်းပေးပို့သူ၊ အကြံပေးများ အစရှိသည် တို့ကို တန်ဖိုးရှိရှိ ပေးကမ်းလာပေလိမ့်မည်။

## (၆) လူငယ်

လူထုလိုလားသောနိုင်ငံရေးကို အစိုးရက အားမပေးလျှင်၊ မထိန်းချုပ်နိုင်လျှင် နိုင်ငံရေးတွင် လူငယ်များ ပါဝင်လာမည် ဖြစ်သည်။ ထိုသို့ဖြစ်လာလျှင် မတားဆီးနိုင်မည်ကို အာဏာရှင်အစိုးရတို့က အတော် စိုးရိမ်သည်။ လူထု၏တောင်းဆိုချက်ကို အစိုးရက လိုက်လျောပေးလာအောင် ကျောင်းသားနှင့် အခြားလူငယ်တို့က ပူးပေါင်း၍တောင်းဆိုတတ်သည်။ ကျောင်းသားလူငယ်တို့က အစပြု တောင်းဆိုလိုက်၍ အစိုးရက လိုက်လျောရသည့် အခါ အတိုက်အခံ နိုင်ငံရေးသမားတို့ ဝင်ရောက်ဦးဆောင်လာသဖြင့် နိုင်ငံရေး ပြောင်းလဲမှု မြန်ဆန်လာသည်။

နိုင်ငံရေးဆန့်ကျင်မှု၌ကျောင်းသားများ တက်ကြွစွာမပါဝင်နိုင်အောင် အစိုးရက ထိန်းကွပ်လေ့ရှိသည်။ အစိုးရက အပြစ်ပေးလေ့ရှိသောနည်းလမ်းများအနက် အစိုးရဆန့်ကျင်ရေးကို ပြောင်ကျကျပါဝင်သည့် ကျောင်းသားအား ကျောင်းဆက်တက်ခွင့် ပိတ်ပင်ခြင်းမှာ လူသိများသည်။ ထို့ပြင် ကျောင်းများကိုလည်း ပိတ်တတ်သည်။ တက္ကသိုလ်ကောလိပ်အသစ်များ ဖွင့်လှစ်ပြီး ကျောင်းသားအစုအဝေး ကြီးကြီးမားမား မရှိနိုင်စေရန် ဖြိုခွဲတတ်သည်။ လွတ်လပ်စွာပြောဆိုခြင်း၊ လွတ်လပ်စွာစုဝေးခြင်းများ မလုပ်နိုင်ရန် ဥပဒေထုတ်၍ တားမြစ်သည်။ ထို့နောက် အဆိုပါပြစ်မှုများကို ကျူးလွန်သည်ဆိုပြီး နှစ်ရှည်ထောင်ဒဏ်များ ချတတ်သည်။ အစိုးရက လူငယ်ထုအတွင်းသွေးခွဲ၍ အစိုးရ ကြီးမှူးသော လူငယ့်ရေးရာအစီအစဉ်များ ပြုလုပ်ပေးသည်။ အစိုးရ လက်သပ်မွေးထားသော လူငယ်များအား အခကြေးငွေ၊ အစားအသောက်၊ အဝတ်အစားနှင့်လက်နက်များ ထုတ်ပေးကာ နိုင်ငံရေးပါတီများကို ခြိမ်းခြောက် အကြပ်ကိုင် ခိုင်းတတ်သည်။

လူငယ်တို့သည် တော်လှန်ရေးလှုပ်ရှားမှုများ၌ ရှေ့တန်းမှပါဝင် စွန့်စားကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျောင်းသားတို့တွင် ဆုံးရှုံးစရာ ဘာမှမရှိသောကြောင့်ဟု အချို့က ထောက်ခံရှင်းပြကြသည်။ ကျောင်းသားတို့၏ နေ့စဉ်လုပ်ငန်းများတွင် စီးပွားရေးနှင့် မိသားစုတာဝန်များ ကြီးကြီးမားမား မရှိသေးသောကြောင့်သာ ကိုယ်လွတ်ရုန်း စွန့်စားနိုင်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။ များသောအားဖြင့် မှန်ပါသည်။  သို့သော် ထိုအကြောင်းပြချက်ထက် ပို၍ အရေးပါသော အကြောင်းရင်းများကို မသိ၍သာ ဆုံးရှုံးစရာ မရှိကြောင်း  အချို့ကရှင်းပြနေကြခြင်း ဖြစ်သည်။ ကျောင်းသား ဆိုသည်မှာ လူငယ်ဘဝတွင် ဘာမဆို ရင်ဆိုင်ရဲသော ဇွဲ၊ မာန်၊ သတ္တိရှိသူဖြစ်သည်။ လူပင်သေသော်လည်း နံမည်မသေ ဆိုသည့်ယုံကြည်ချက် ရှိသည်။ အများအတွက် အနစ်နာခံ ဆောင်ရွက်ပေးလိုသောဆန္ဒရှိသည်။ နိုင်ငံတကာ တိုင်းပြည်များနှင့် တန်းတူရည်တူ ဖြစ်စေလိုသောရည်မှန်းချက် ရှိသည်။ ဤကား ကျောင်းသားလူငယ်တို့၏ စစ်မှန်သော ယုံကြည်ချက်၊ ဆန္ဒနှင့် ရည်မှန်းချက်ဖြစ်ပြီး မွန်မြတ်လှပေသည်။

အမှန်စင်စစ် ကျောင်းသားတို့၏ဘဝ၊ ကျောင်းသားတို့၏ အနာဂတ်မှာ အာဏာရှင်တို့၏ အထက်ဖော်ပြပါ နှိပ်ကွပ်မှုများကို ခံစားရလျှင် ပို၍ပင်ထိခိုက်နစ်နာရသည်။ အရေးကြီးဆုံးမှာ ထိခိုက်ဆုံးရှုံးနစ်နာမှုများ မရှိစေရပဲ လွတ်လပ်၍ တရားမျှတသည့် လူနေမှုအသိုင်းအဝိုင်းတွင် လူငယ်များ ရှိနေဖို့လိုသည်။ လူငယ်များရှိနေခြင်းကြောင့် တန်ဖိုးရှိသော အကျိုးတရားများစွာ ဖြစ်ထွန်းသည်။ များသောအားဖြင့် လူငယ်တို့သည် အာဏာရှင်စနစ်၏ သားကောင်များအဖြစ်သို့ အရောက်မခံကြပါ။ မဖြစ်နိုင်သောကိစ္စများကို အတင်းအဓမ္မ ပြောင်းလဲခိုင်းလာလျှင်လည်း လက်မခံတတ်ကြပါ။ လူငယ်တို့သည် အမှန်တရားကို မြတ်နိုးသူများပီပီ၊ သူတို့တွင် အမှားအမှန်ကို တမဟုတ်ချင်းဆုံးဖြတ်နိုင်သော ပင်ကိုယ်အသိဉာဏ် ရှိကြသည်။ လူငယ်တို့သည် မိမိတို့ဆန္ဒရှိသည့် အတိုင်း လုပ်နိုင်ကြသည်မှာ သူတို့၏ ထက်မြက်သောအတွေးအခေါ်များ  အားကောင်းမှုကြောင့် ဖြစ်သည်။

သတိပေးရန်ရှိပါသည်။ ဒီမိုကရေစီလှုပ်ရှားမှုတွင် ကျောင်းသားနှင့်အခြားလူငယ်တို့အား ပါဝင်ထောက်ခံပေးကြရန် စဉ်းစားကြသည့်အခါ ဖြစ်သည်။ လူငယ်တို့သည် ဖြတ်သန်းနေကြသောဘဝတိုင်းတွင် အပေါင်းအသင်းဖြင့် စွန့်စွန့်စားစား လုပ်ကြသူများဖြစ်သည်။ သူတို့အား ရှင်းလင်းတိကျသော လမ်းညွှန်ချက်နှင့် စည်းကမ်းများ မပေးနိုင်လျှင် သူတို့သည် အလွန်အကျွံ လုပ်မိတတ်သည်။ ဒေါသဆွခံရလျှင် မိုက်ရူးရဲဆန်ဆန် လုပ်တတ်သည်။ ထိုအခါမျိုးကို အာဏာရှင်တို့က လူမိုက် လူရမ်းကားတို့၏လုပ်ရပ် ဟုသတ်မှတ်ပြီး အခွင့်ကောင်းယူ အသုံးချသွားနိုင်သည်။ နိုင်ငံရေး အမြတ်ထုတ်သွားနိုင်သည်။

လှုပ်ရှားမှုတွင် ပါဝင်သူတိုင်း စည်းကမ်းကျနစွာရှိနေရန် အရေးကြီးသည်။ အထူးသဖြင့် လူငယ်အဖွဲ့အစည်းများအတွက် အရေးကြီးသည်။ စည်းကမ်းသေဝပ်မှုကို ထိခိုက်စေသော အပြုအမူများကို ရှောင်ရှားနိုင်ရန် ပြုစုပျိုးထောင်လေ့ကျင့်မှုများ ပြုလုပ်ပေးလျှင် ဖြစ်လာနိုင်သည်။ စည်းကမ်းပိုင်းဆိုင်ရာများကို မဖြစ်မနေ လေ့ကျင့်ခြင်း၊ ခေါင်းဆောင်တို့တွင်ရှိအပ်သည့် အလေ့အထများကို ရှင်သန် ကြီးထွားစေခြင်းတို့မှာ လူငယ်တို့အတွက် အထူးအရေးကြီးသည်။

## (၇) အလုပ်သမား

ယခုခေတ်တွင် တကမ္ဘာလုံး မည်သည့်နေရာမဆို အလုပ်ရရန် ခက်ခဲလာနေသည်။ တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံတို့မှ ကုမ္ပဏီများက ထုတ်လုပ်မှု စရိတ်စကသက်သာသော အခြားနိုင်ငံများသို့ လုပ်ငန်းပြောင်းရွှေ့ရန် ကြိုးပမ်း

နေကြသဖြင့် အလုပ်သမားသမဂ္ဂများ အင်အားချိနဲ့လာသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတို့မှ အစိုးရတို့သည် အခြေခံအားဖြင့် ရှိရမည့် လုပ်ငန်းခွင်လုံခြုံမှု၊ ထိုက်သင့်သောလစာနှင့် အလုပ်သမားအခွင့်အရေးစသည်တို့ကို သိပ်အားမပေးပဲ ဖွံ့ဖြိုးပြီးနိုင်ငံမှကုမ္ပဏီများနှင့်ပေါင်း၍ စီးပွားဖြစ်ထွန်းရန်ကို ပိုစိတ်ဝင်စားသည်။ သို့ဖြစ်၍ အလုပ်သမားတို့ဘက်မှ ကာကွယ်ရပ်တည်ပေးနိုင်သည်များ လျော့နည်းသွားသည်။ အဓိကလိုအပ်ချက်မှာ ဒီမိုကရေစီ ဖြစ်လာသည်။ ထို့ပြင် အစိုးရမှ အာဏာအလွဲသုံးစားမှုမရှိပဲ ဥပဒေ(Rule of Law)အတိုင်း ကျင့်သုံးရန်၊ အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရှိရန် အစရှိသည်တို့လည်း လိုအပ်လာသည်။

အလုပ်သမားများကို သမဂ္ဂဝင် ဖြစ်စေရန် စည်းရုံးရသည်မှာ လွယ်ကူလှသည်တော့မဟုတ်ပေ။ သို့သော် အဖွဲ့အစည်းအနေဖြင့် ကောင်းစွာရပ်တည်လှုပ်ရှားနိုင်ပြီဆိုလျှင် အလုပ်သမားထု စည်းလုံးညီညွတ်မှုကို လျင်မြန်စွာ ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်သည်။ ပိုလန်နိုင်ငံတွင် ဒီမိုကရေစီရလာပုံကို ပြန်စဉ်းစားကြပါစို့။ ပိုလန်နိုင်ငံ၏ ဆဌမ အကြီးဆုံးမြို့ဖြစ်သော ဂျန်စ်ခ်(Gdansk)တွင် သင်္ဘောကျင်းမှ လျှပ်စစ်အလုပ်သမားတို့က ဆန္ဒပြ၍ ဒီမိုကရေစီ လှုပ်ရှားမှုကို စတင်လိုက်ရာမှ အောင်ပွဲခံနိုင်ခဲ့သည်။

အစိုးရကို အကြမ်းမဖက်အံတုသူများသည် သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်နေသော ကုန်ထုတ် လုပ်ငန်းများ၌ လှုပ်ရှားမှု နယ်မြေ သတ်မှတ်နိုင်ရေးကို အထူးအလေးအနက်ထား စီစဉ်ရပါမည်။ ကုန်စည်စီးဆင်းမှု၊ ခရီးသည်ပို့ဆောင်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းမှန်သမျှ ရပ်ဆိုင်းများသွားလျှင် အစိုးရ၏စီးပွားရေး၊ နိုင်ငံရေးကို ချက်ချင်း ထိခိုက်စေနိုင်သည်။ တချိန်တည်းမှာပင် အစားအသောက်နှင့် မရှိမဖြစ်သော အခြားကုန်စည်များ လူထုလက်သို့ မရောက်ပဲ ပြတ်လပ်သွားနိုင်သဖြင့် မရည်ရွယ်ပဲဖြစ်လာနိုင်သော နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်း မဟာဗျူဟာ ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရပါမည်။

## (၈) ဘာသာရေးအသင်းအဖွဲ့

အာဏာရှင်သည် အာဏာတည်မြဲရေးအတွက်ဆိုလျှင် ဘာသာရေးကိုလည်း ကင်းလွတ်ခွင့် မပေးပါ။ ထိုအခါ ဘာသာရေးအရ နှိပ်ကွပ်ခံရသူတို့အချင်းချင်း စုစည်းမိသွားသည်။ များသောအားဖြင့် အစိုးရ ပြောင်းလဲရေးအတွက် အရေးပါသော အခန်းကဏ္ဍများမှနေ၍ အခြားအာဏာဖီဆန်သူများကဲ့သို့ပင် အစိုးရ ဆန့်ကျင်ရေး လုပ်ကြသည်။ သို့သော် အမြဲတမ်း လုပ်ဆောင်နိုင်ကြသည်တော့ မဟုတ်ပါ။

ဘာသာရေး အသင်းအဖွဲ့များသည် ထိပ်ဆုံးခေါင်းဆောင်မှသည် အဖွဲ့ဝင်များအထိ အချိတ်အဆက် များရှိကြသည်။ ဘာသာရေးခေါင်းဆောင်တို့မှာ အသင်းအဖွဲ့နှင့် ဘာသာရေးကျင့်စဉ်များတွင်ကျွမ်းကျင်သဖြင့် နောက်လိုက်များအပြင် အကြောင်းသိသော အခြားသူများ၏ လေးစားခြင်းကိုပါ ခံယူရသူများ ဖြစ်သည်။ သူတို့သည် အခြားသူများအား ကိုယ်ကျင့်တရားနှင့် ဘာသာရေး အဆုံးအမ ကျင့်စဉ်များကို ကောင်းစွာလမ်းညွှန်ပေး နိုင်ကြသည်။ လူတယောက်၏ ခံယူချက်နှင့် အကျင့်အကြံများကို ပြောင်းလဲပေးနိုင်သည်။ အစိုးရသည် သူတို့၏ ဘာသာရေးကို နှိပ်ကွပ်နေခြင်း (ဝါ) နှိပ်ကွပ်လာဖွယ်ရှိခြင်းကြောင့် ဘာသာရေးခေါင်းဆောင်တို့က အတိုက်အခံ လှုပ်ရှားမှုများဘက်တွင် ရပ်တည်လာနိုင်သည့်အပြင် အတိုက်အခံတို့ကိုယ်စား အရှင်းလင်းဆုံး ပြောကြားပေးသူပင် ဖြစ်လာနိုင်သည်။

သို့သော် အချို့ ဘာသာရေးခေါင်းဆောင်တို့သည် ကျဉ်းမြောင်းသောအယူအဆများ ရှိတတ်သည်။ သူတို့သည် အရှိန်အဝါကို အသုံးချ၍ နောက်လိုက်တို့အား အာဏာရှင်အစိုးရ၏အကျိုးစီးပွားကိုရှေ့ရှုရန် လမ်းညွှန် ဩဝါဒပေးလေ့ရှိသည်။ နိုင်ငံရေးအံတုလှုပ်ရှားသော ခေါင်းဆောင်တို့သည် ဘာသာရေးခေါင်းဆောင်တို့၏ ထောက်ခံ အားပေးမှုရရန်၊ သူတို့၏အရှိန်အဝါများကို အာဏာရှင်တို့က အခွင့်ကောင်းယူ အသုံးမချနိုင်ရန် သင့်တင့် လျောက်ပတ်စွာ ချဉ်းကပ်တတ်ရပါလိမ့်မည်။

## (၉) အစိုးရလက်အောက်ခံမဟုတ်သော လွတ်လပ်သည့်အဖွဲ့အစည်းများ (အန်ဂျီအို)

အစိုးရ၏ တိုက်ရိုက်ထိန်းချုပ်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုမရှိပဲ လုပ်ဆောင်နိုင်သော မည်သည့်အုပ်စု၊ အဖွဲ့အစည်းမဆို ဒီမိုကရေစီလှုပ်ရှားမှုအတွက် အမြဲ အထောက်အကူပြုနိုင်ကြသည်။ နိုင်ငံတကာ အန်ဂျီအိုများက

ရံပုံငွေ စုဆောင်းပေးနိုင်သည်။ လူထုနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည်။ နိုင်ငံခြားကျွမ်းကျင်သူပညာရှင်တို့ လိုအပ်လျှင် ခေါ်ယူပေးနိုင်သည်။ အခြား ဒီမိုကရေစီလှုပ်ရှားမှုများ၏ အတွေ့အကြုံများကို အခြေခံ၍ ပြဿနာ ဖြေရှင်းပေးနိုင်သည်။

ပြည်တွင်းအန်ဂျီအိုများမှာ တခါတရံ လှုပ်ရှားရန်နယ်ပယ် ကျဉ်းမြောင်းသည်။ ရံပုံငွေရရှိရေး လမ်းကြောင်းများလည်း ကန့်သတ်ပိတ်ဆို့ ခံရတတ်သည်။ မည်သည့်အန်ဂျီအိုဖြစ်စေ တခါတရံ အစိုးရသတင်းပေးများ ထိုးဖောက်ရောနှောနေတတ်သည်။ သို့သော် ထိုသို့ရှိနေသော်လည်း အပူတပြင်း ထုတ်ဖော်နိုင်ရန် မဖြစ်နိုင်ပါ။

အန်ဂျီအိုများသည် လူထုအား ဝန်ဆောင်ပေးခြင်းဖြင့် တိုက်ရိုက်အကျိုးပြုသည်။ အကြမ်းမဖက် နိုင်ငံရေးအံတုမှုအတွက် သွယ်ဝိုက်အကျိုးပြုသည်။ လူထုမှာ အန်ဂျီအိုထံမှ မိမိတို့လိုအပ်ချက်များ ရနေလျှင် အစိုးရထံ များစွာမှီခိုရန် မလိုတော့ပေ။ လူထုက အာဏာရှင်အစိုးရနှင့် ကင်းရှင်းစွာ နေနိုင်လာသည်နှင့်အမျှ ထိုအစိုးရအဖို့ လူသားအရင်းအမြစ်များ ဆုံးရှုံးလာရသည်။ အာဏာရှင်အစိုးရ၏သဘောမှာ ပြည်သူတို့အား ထားရာနေ၊ စေရာသွား ဖြစ်နေစေရန် ခြိမ်းခြောက်အကြပ်ကိုင်၊ ဖိနှိပ်ချုပ်ချယ်ထားခြင်း ဖြစ်သည်။ သို့သော် အန်ဂျီအိုတို့၏ ဝန်ဆောင်မှုများ ရှိလာသောအခါ လူထုတွင် မှီခိုအားကိုးစရာ ရှိလာသဖြင့် အစိုးရအာဏာသည် အထိုက်အလျောက် ကျဆင်းသွားရသည်။

မြန်မာနိုင်ငံတွင် အန်ဂျီအိုတခု၏ ထိထိရောက်ရောက် လူထုအကျိုးပြုခဲ့ပုံမှာ ထူးခြားစွာ မှတ်သားလောက်အောင် စံနမူနာ ဖြစ်ခဲ့ဖူးသည်။ ၁၉၆၂ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီး နောက်ပိုင်းလောက်မှာ ဖြစ်သည်။ မှတ်တမ်းများအရ သိရသည်မှာ မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်တွင် အကြီးအကျယ် ရေလွှမ်းမိုးသဖြင့် ခရစ်ယန် ကက်သလစ်မစ်ရှင်အဖွဲ့က မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသို့ ရေဒီယိုမှ ချက်ချင်း ဆက်သွယ်အကြောင်းကြားပြီး အကူအညီပေးကြရန် မေတ္တာရပ်ခံခဲ့သည်။ ရက်ပိုင်းအတွင်း စားစရာ၊ အဝတ်အထည်နှင့် နေအိမ်သုံးပစ္စည်းများ ဒလဟောရောက်ရှိလာသည်။ အာဏာသိမ်းအစိုးရက အပျက်အစီး အဆုံးအရှုံးစာရင်း တွက်ချက်ရန် အဖွဲ့တခုစေလွှတ်ခဲ့သည်။ ထိုအဖွဲ့ရောက်လာသောအခါ အစိုးရအကူအညီ မလိုအပ်တော့ပဲ ရေဘေးဒုက္ခသည်များသည် သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်းနိုင်ပြီးဖြစ်နေသည်ကို တွေ့ရသည်။ ထိုအကြောင်း ဗိုလ်ချုပ်နေဝင်း ပြန်သိရသောအခါ အလွန်ဒေါသထွက်ပြီး အဆိုပါ ခရစ်ယန်မစ်ရှင်အဖွဲ့ကို တိုင်းပြည်မှ မောင်းထုတ်ပစ်ခဲ့သည်။

သို့သော် ဒီမိုကရေစီ လှုပ်ရှားသူများကို သတိပေးရန် ရှိပါသည်။ အန်ဂျီအိုများသည် သူတို့ကိုယ်ပိုင်ခံယူချက်ဖြင့် လှုပ်ရှားနေသူများဖြစ်သည်။ ထိုခံယူချက်များ မည်သို့ရှိသည်၊ ဒီမိုကရေစီလှုပ်ရှားမှု၏ ရည်မှန်းချက်ကို အထောက်အကူပြုနိုင်ရန်အတွက် မည်သို့လိုက်ဖက်မှုရှိသည်ကို လှုပ်ရှားသူတို့က နားလည်ရန် အရေးကြီးလှသည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံခြား စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားအစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများသည်လည်း ဒီမိုကရေစီလှုပ်ရှားမှုအတွက် အခြားအထောက်အကူများဖြစ်ကြသည်။ လူမှုအသိုင်းအဝိုင်းအတွင်းရှိ သေးငယ်သော အဖွဲ့အစည်းများကို အထင်သေးလျော့မတွက်သင့်ပါ။ ထိုအဖွဲ့အစည်းငယ်များသည် အထူး သီးသန့်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားကြသော်လည်း အာဏာရှင်အစိုးရအား နိုင်ငံရေးအံတုရာတွင် တနည်းတလမ်းအားဖြင့် အထောက်အကူပေးလာနိုင်သည်။ ဥပမာအားဖြင့်တင်ပြရသော် အထည်ချုပ်သမများအသင်း၊ အမဲလိုက်နှင့်ငါးများ ဝါသနာပါသူများ အသင်း၊ ခြေလျင်နှင့်တောင်တက်အသင်း၊ ငှက်ချစ်သူများအသင်း၊ ငွေအကြွေစုသူများအသင်း၊ ဥယျာဉ်ပန်းမာလ်စိုက်ပျိုးသူများအသင်း၊ အားကစား အမျိုးအစားလိုက် ဖွဲ့စည်းထားကြသည့်အသင်းများ အစရှိသော ဝါသနာတူ၊ လုပ်ငန်းတူ အသင်းအဖွဲ့မှန်သမျှတို့မှာ နဂိုကပင် အခြေခိုင်စွာ စတစ်တကျ ဖွဲ့စည်းထားနှင့်ပြီး ဖြစ်သောကြောင့် ဒီမိုကရေစီလှုပ်ရှားမှုများတွင် အလွယ်တကူ ပါဝင်အားဖြည့်ပေးနိုင်ကြသည်။

အသင်း၊ အဖွဲ့အစည်းတိုင်းတွင် စွမ်းအားများရှိနေကြပြီး စုစုစည်းစည်း ပါဝင်လာနိုင်ရေးကို ပေးစွမ်းနိုင်သည်။ အကြမ်းမဖက် လှုပ်ရှားမှုကို မဟာဗျူဟာအတိုင်း အကောင်အထည်ဖော်ရာတွင် နိုင်ငံရေးအာဏာဇစ်မြစ်များကို ထိန်းချုပ်နိုင်ရန်နှင့် လူထုမှ တက်ကြွစွာပါဝင်လာနိုင်ရန် လိုအပ်သည်။

--------- ooo---------

# အခန်း (၃)
# အမိန့်နာခံခြင်း

လူသည် လွတ်လပ်စွာမွေးဖွားခြင်းတခုမှလွဲ၍ မည်သည့် နေရာမဆို ချုပ်နှောင်ခံနေရသည် ဟု ဂျင်းဂျက်စ် ရိုဆေးအိုး(Jean Jacques Rousseau) ဆိုသည်။ ယင်းနှင့် ပတ်သက်၍ ဒေါက်တာ ဂျင်းရှပ်က အောက်ပါအတိုင်း မေးခွန်းထုတ်ထားသည်။

- အာဏာရှင်အစိုးရသည် ဘာကြောင့် ပြည်သူလူထုကို နိုင်ငံရေးအရ ဆက်လက် လွှမ်းမိုးထားနိုင်ရပါသနည်း။
- လူထုအနေဖြင့် အာဏာရှင်အား အညံ့ခံလိုက်လျောလိုစိတ်မရှိသည့်တိုင်အောင် ဘာကြောင့် အာဏာရှင်၏ အမိန့်ကို နာခံနေရပါသနည်း။

ပြည်သူများ အမိန့်နာခံရသည့်အကြောင်းကို ရှင်းလင်းစွာသိနိုင်ရန် ဒေါက်တာဂျင်းရှပ်က အသေးစိတ် လေ့လာပြီးမှ အထက်ပါအတိုင်း မေးခွန်းထုတ်ခြင်းဖြစ်သည်။ အခန်း(၃)တွင် ထိုသို့ အသေးစိတ် လေ့လာပုံများကို အကျယ်တဝင့် ဆွေးနွေးပါမည်။ အခန်း(၁)တွင်ဖော်ပြခဲ့သည့် အများပိုင် နိုင်ငံရေးအာဏာပုံစံ၊ အခန်း(၂)မှ နိုင်ငံရေးအာဏာကို အထောက်အကူပြုထောက်တိုင်များအကြောင်းနှင့် ယခုအခန်း(၃)မှ အမိန့်နာခံခြင်း တို့သည် တခုနှင့်တခု ဆက်စပ်၍ ပေါင်းစုနေသည်။ ယင်းတို့ကိုသိမှ အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှု၏ သီအိုရီနှင့် လက်တွေ့အသုံးချပုံကို နားလည်ပါမည်။ သို့ဖြစ်၍ ပြည်သူတို့က အာဏာရှင်အမိန့်ကို နာခံနေရသည့် အကြောင်း ရင်းကို ကောင်းကောင်း သဘောပေါက်နေရန် အရေးကြီးသည်။ ထို့ပြင် တခါတရံ အမိန့်ကိုနာခံရန် ခါးခါးသီးသီး ငြင်းဆန်ကြသဖြင့် အသက်ဆုံးရှုံးရသည်ထိ ဖြစ်တတ်ကြောင်းကိုလည်း သိရှိထားရပါမည်။

နိုင်ငံရေးအာဏာ၏အသက်မှာ အမိန့်ကိုနာခံခြင်း ဖြစ်သည်။ အမိန့်နာခံသူမရှိလျှင် လုံးဝအာဏာ မတည်နိုင်ပါ။ ဤအချက်ကို ရှင်းရှင်းလင်းလင်း သဘောပေါက်နားလည်မှုသာ အခြေခံအားဖြင့် အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှု၏ မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်နိုင်သည်။ အာဏာရှင် စေခိုင်းသည်ကို မလိုက် နာဖို့ လူထုအား စည်းရုံးလှုံ့ဆော်ပေးရန် ရည်ရွယ်ထားလျှင် လူထုက ဘာကြောင့် အမိန့်နာခံနေရသည်ကို အရင်ဦးစွာ သိထားရပေမည်။




## အကျင့်စရိုက်

လူအများစုသည် နာခံရန် အကျင့်ပါနေတတ်သည်။ ဩဇာအာဏာရှိသူထံမှ လာသောအမိန့် ဆိုလျှင် နာခံတတ်ကြသည်မှာ အလေ့အထ ဖြစ်နေသည်။ လူမမည်ခလေးဘဝကပင် မနှစ်သက်သည်များကို လက်မခံပဲ နေ၍မရခဲ့ကြပါ။ မိဘ အဖိုးအဖွား၊ အကိုအမ၊ သက်ကြီးဝါကြီးဆွေမျိုးတို့၏ ဆုံးမစကားကို နားထောင် ခဲ့ရသည်။ ကျောင်းတက်တော့လည်း ဆရာ၊ ဆရာမတို့၏ ဩဝါဒကို နာခံရပြန်သည်။ ရဲနှင့်တွေ့လျှင်လည်း သူ့ညွှန်ကြားချက်ကို လိုက်နာပေးရသည်။ နာခံလိုက်နာစရာ မည်သည့်ကိစ္စမဆို လိုက်နာပေးနေရသည်ချည်း ဖြစ်နေသည်။ ဥပမာအားဖြင့် ယာဉ်အသွားအလာမရှိသော မီးပွိုင့်များ၌ပင် ယာဉ်စည်းကမ်းကို လိုက်နာတတ် ကြသည်။

လက်နက်ကိုင် တပ်သားသစ်များကို သင်တန်းစပေးရာ၌ အမိန့်ကိုနာခံတတ်ရန် အဓိက ထားရသည်။ သင်တန်းသားအသစ်များသည် လေ့ကျင့်ရေးဆရာ၏အမိန့်ကို ပြန်လှန်မေးခွန်းထုတ်မနေပဲ ညွှန်ကြားချက်အတိုင်း ချက်ချင်းတုန့်ပြန်၍ လိုက်နာသင်ယူရသည်။ နာရီပေါင်းများစွာကြာအောင် ထပ်တလဲလဲ အနီးကပ်အမိန့်ပေးခံနေရရုံမက စည်းကမ်းများဖြင့်လည်း အမြဲတစေ အကြပ်ကိုင် ခြိမ်းခြောက်ထားသောကြောင့် အမိန့်ကိုနာခံသည့် အလေ့အထကို ရရှိသွားပြီး ဘာခိုင်းခိုင်းလုပ်ပေးတတ်လာသည်။ ထို့ပြင် လက်နက်ကိုင်ဆောင်မှု ကဲ့သို့သော အခြေခံစစ်ရေးစွမ်းရည်များကို အကြိမ်ပေါင်းများစွာ အရိုးစွဲအောင် လေ့ကျင့်ထားရသောကြောင့် အမိန့် ဆိုလျှင် ရှည်ရှည်ဝေးဝေး စဉ်းစားမနေပဲ အလေ့အထတခုလိုပင် နာခံရန် အကျင့်ပါသွားသည်။

သည်လိုအကျင့်ပါနေခြင်းကို ဆေးလိပ်သောက်သူများ သိကြသည်။ ဆေးလိပ်သောက်သူသည် တနေ့ဘယ်နှစ်လိပ် သောက်သည်ကို မှတ်မိနေဟန်မရှိ၊ ဘယ်အချိန်သောက်မိသည်ကိုလည်း ပြန်မစဉ်းစား၊ ဆေးလိပ်ဈေးတက်သွား၍လည်း ဆေးလိပ်ဖြတ်ရန် စိတ်မကူးပါ။ ဆေးလိပ်သောက်သည့် အကျင့်ကို တမင်တကာ ဖြတ်ယူမှရသည်။ ထိုနည်းတူ မလိုအပ်သော အမိန့်၊ ဩဝါဒ၊ အဆုံးအမ၊ အမှာစကားတို့ကို နာခံသည့်အကျင့်အား ဖျောက်ဖျက်ပစ်နိုင်ရန်မှာ မိမိ၏နာခံတတ်သည့်အကျင့်ကို စွန့်လွှတ်ရန် တမင်တကာ စိတ်ပိုင်းဖြတ်မှသာ ဖြစ်နိုင် သည်။ ထို့ပြင် မိမိကိုယ်ကို အမြဲမပြတ်သတိပေးနေရသည်။ ထိုအကျင့်မရှိတော့လျှင် မည်သို့အကျိုးရှိလာမည်ကို ထပ်တလဲလဲ ပြောပေးနေရသည်။

## အပြစ်ပေးခံရမည့် ကြောက်စိတ်

နောက်ထပ်အကြောင်းရင်းတခုမှာ အမိန့်မနာခံလျှင် အပြစ်ပေးခံရမည်ကို စိုးရိမ်ကြောက်ရွံ့သော စိတ် ဖြစ်သည်။ ဥပဒေကို ချိုးဖောက်လျှင် နိုင်ငံတော်မှ အရေးယူသည်။ ဒဏ်ငွေ အမြောက်အမြားဆောင်ရသည်။ ပိုင်ဆိုင်မှုပစ္စည်းများ အသိမ်းခံရသည်။ ထောင်လည်းကျနိုင်သည်။ သေဒဏ်ပင်ကျခံရဖွယ် ရှိနိုင်သည်။ ဥပဒေများ ရေးဆွဲရသည့် ရည်ရွယ်ချက်မှာ ဥပဒေချိုးဖောက်သူကို အပြစ်ပေးရန်ဖြစ်သည်။ ထို့ပြင် အလားတူအဖြစ်မျိုးကို အခြားသူများ လုပ်မလာအောင် တားဆီးရန်လည်း ဖြစ်သည်။ ထို့ကြောင့် ပြည်သူသည် ဥပဒေကို လေးစား လိုက်နာသည်။ မလိုအပ်ပဲအပြစ်ပေးခံရမည်ကို စိုးရိမ်စိတ်ရှိသည်။ အပြစ်ကိုမလုပ်ရသေးပဲ ကြိုတင်၍ စိုးရိမ် ကြောက်ရွံ့နေတတ်သည်။ ဥပဒေကို စိတ်တိုင်းကျ ထုတ်ပြန်သော အာဏာရှင်က လူထု၏ စိုးရိမ်ကြောက်ရွံ့စိတ်ကို အခွင့်ကောင်းယူသည်။ ပြည်သူက မကြည်ဖြူတော့သောအခါ အစိုးရသည် ခြိမ်းခြောက်အကြပ်ကိုင် နှိပ်စက်သည့် နည်းလမ်းများကို ဥပဒေမှဲ့သုံး၍ ပြည်သူတို့ ပိုမိုစိုးရိမ် ကြောက်ရွံ့နေအောင် လုပ်တတ်သည်။

## ကိုယ်ကျိုးစီးပွား

အစိုးရကို အားတက်သရော ထောက်ခံနေကြသူများပင် ထိုအစိုးရအား ခါးခါးသီးသီး မနှစ်မြို့ ကြောင်း ပြောသူ အတော်များများရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ အစိုးရကိုမကြိုက်သော်လည်း အခြားတဘက်တွင် ကိုယ်ကျိုးစီးပွားနှင့်ပုဂ္ဂိုလ်ရေး ခံစားခွင့် များရှိနေသောကြောင့် ဖြစ်သည်။

ဥပမာတခုကြည့်ကြပါစို့။ ရက်စက်ကြမ်းကြုတ်ခြင်းကို လူအတော်များများက မနှစ်သက်ကြပါ။ လူထုကလည်း မခံစားလိုကြပါ။ လူထုမကြိုက်မှန်းသိလျက်နှင့် အာဏာရှင်၏အမိန့်ပေးသည့်အတိုင်း လူထုအပေါ် ရက်စက်စွာပြုမူနိုင်သော လက်နက်ကိုင်ဝန်ထမ်းတဦးကို အာဏာရှင်အကြီးအကဲက မည်သို့သောဆုလဒ်များပေးမည် ထင်ပါသနည်း။ ရာထူး၊ အဆောင်အယောင်၊ ဂုဏ်ထူးဆောင်များ၊ အထူးအခွင့်အရေး၊ အငြိမ်းစားခံစားခွင့် စသည် တို့သာ ဖြစ်ပေလိမ့်မည်။ ထိုကိုယ်ကျိုးစီးပွားကို မျှော်ကိုးနေရ၊ မှီခိုနေရသည်မှာ အဆိုပါ လက်နက်ကိုင်ဝန်ထမ်းသည် အမြင်ရှင်းလင်းမှု မရှိသောကြောင့်ဖြစ်ပြီး အာဏာရှင်ခိုင်းစေသမျှ ဆက်လက် တာဝန် ထမ်းဆောင်နေဦးမည်သာ ဖြစ်သည်။

နိုင်ငံတော်က ထိန်းချုပ်ထားသောစီးပွားရေးတွင် အစိုးရပေးသည့်အလုပ်ကိုသာ မှီခိုနေရသည့် ဝန်ထမ်းများသည် အခြားအလုပ်များ ပြောင်းလုပ်ရန် မလွယ်လှသောကြောင့် လက်ရှိအလုပ် ပြုတ်မှာကို စိုးရိမ်ကြ သည်။ အစိုးရကို ထောက်ခံသည့်အတွက် ငွေကြေးဆိုင်ရာ အထောက်အပံ့ခံစားခွင့်များ ရရှိကြသည့် အခြားသူများ လည်းရှိသည်။ လူထုမကြိုက်သော အစိုးရထံ ကိုယ်ကျိုးစီးပွားအတွက် မှီခိုနေရသူတို့အား ပြစ်တင်ရှုံ့ချရန် မသင့်ပါ။

လူတိုင်းတွင် သက်ဆိုင်ရာအကြောင်းပြချက် ကိုယ်စီရှိကြသည်။ အများစုမှာ မချစ်သော်လည်း အောင့်ကာနမ်းနေရခြင်းဖြစ်သည်။ အာဏာရှင်ကို နိုင်ငံရေးအရ အံတုဆန့်ကျင်သူများ လုပ်ရမည့်ကိစ္စမှာ ထိုဝန်ထမ်းတို့သည် အာဏာရှင်၏ အမိန့်ညွှန်ကြားချက်များကို မလိုက်နာလျှင် မည်သို့သောကိုယ်ကျိုးစီးပွား ဖြစ်ထွန်းနိုင်သည်ကို သဘောပေါက် လာအောင် အသိပညာပေး ရှင်းလင်းပြဖို့ဖြစ်သည်။

## စိတ်လျှော့ချခြင်း

လူနေမှုအသိုင်းအဝိုင်းမှန်သမျှတွင် အမိန့်ညွှန်ကြားချက်များကို လိုက်နာရန် စိတ်လျှော့ချလိုက်ရခြင်းများ ရှိသည်။ ထိုသို့ဖြစ်ရခြင်းသည် ထိုအသိုင်းအဝိုင်းတခုလုံးရှိ လူအများကောင်းစားရေး မူကြောင့် ဖြစ်သည်။ လူအများကောင်းစားရေးအတွက် အများနည်းတူ မိမိလည်း ပါဝင်အနစ်နာခံပေးလိုက်ရသည့် အစဉ်အလာ ဖြစ်သည်။

ပြည်သူတို့အား အကာအကွယ်ပေးနေသည်ဆိုသော ဥပဒေများတွင် စောဒကတက်နိုင်စရာ ရှိနေသည်။ အချို့ဥပဒေများသည် ပြည်သူအား လုယက်မှု၊ လူသတ်မှု၊ မုဒိမ်းမှု စသော လူမှုရေးချိုးဖောက်မှုများ မဖြစ်စေရန် ကာကွယ်ပေးထားသည်မှာ မှန်သည်။ သို့သော် အာဏာပိုင်တို့က အများကောင်းစားရေးဟု ခေါင်းစဉ်တပ်၍ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ရာရှင်စနစ်ဖြင့်သာ ရယူခြင်း၊ စစ်သားစုဆောင်ခြင်း၊ အခွန်ကောက်ခြင်း စသည့် ပြည်သူ့အကျိုးကို ထိခိုက်စေသော ဥပဒေများလည်း ရှိနေပြန်သည်။ ၎င်းဥပဒေများကို လိုက်နာရန်မှာ ပြည်သူတို့အနေဖြင့် စိတ်ကိုလျှော့ချနိုင်မှသာ ဖြစ်နိုင်သည်။ အချို့ပြည်သူတို့မှာ ဘဝတိုးတက်ရေးအတွက် အခြားရွေးချယ်စရာ မရှိတော့သဖြင့် အများကောင်းစားရေးမူသာလျှင် လောလောဆယ် အကောင်းဆုံးဖြစ်သည်ဟု စိတ်ကို ဒုံးဒုံးချကာ အာဏာရှင်ထံအညံ့ခံ၍ အမိန့်အတိုင်း လိုက်နာကြတော့သည်။

ရုရှားနိုင်ငံမှ ဂျိုးဆက်ဖ်စတာလင်ဆိုလျှင် ရက်စက်ကြမ်းကြုတ်သော အာဏာရှင်တဦးဖြစ်သည်ဟုကျော်ကြားသည်။ ပြည်သူ သန်း(၂၀)ကျော်ကို သတ်ဖြတ်ခဲ့ရာတွင် တာဝန်ရှိသူဖြစ်သည်။ သူ့အမိန့်ကို သန်းပေါင်းများစွာသော ပြည်သူတို့က လိုက်နာကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ရုရှားလူနေမှုအသိုင်းအဝိုင်းတွင် အမိန့်နာခံနိုင်မှသာ လတ်တလော အကျိုးဖြစ်နေသောကြောင့်ဖြစ်သည်။ အချို့ပြည်သူများဆိုလျှင် စတာလင်၏ ရွှေရောင်လွှမ်းသော ထိုနေ့များကို တမ်းတနေဆဲရှိသည်။

အများနည်းတူ မိုးခါးရေသောက်လိုက်ကြသည်မှာ အာဏာရှင်စေခိုင်းသမျှ စိတ်လျှော့ချနာခံသောကြောင့် ဖြစ်သည်။ လုပ်ချင်၍ လုပ်ရသည်မဟုတ်။ မလုပ်မဖြစ်သောကြောင့်သာ လောလောဆယ် ရပ်တည်ရေးအတွက် ယာယီမှီခိုနေရခြင်း ဖြစ်သည်။ မိုးခါးရေသောက်ရခြင်းသည် နှစ်ဖက်သွား ဖြစ်သည်။ ဒီမိုကရေစီ လှုပ်ရှားမှုတွင်လည်း အများမိုးခါးရေသောက်သည့် သဘောသည် အသုံးဝင်တတ်သည်။ သုံးတတ်လျှင်ဆေး ဖြစ်၍ မသုံးတတ်လျှင် ဘေးဖြစ်သည်။

## အလွန်အကျွံအထင်ကြီးခြင်း

တခါတရံတွင် အာဏာရှင်သည် သူ့ကိုယ်သူ အရာရာကို စွမ်းဆောင်နိုင်သည့် စူပါမင်း(သို့) မိုးကျရွှေကို ဘုရားတဆူအလား အထင်ရောက်နေတတ်သည်။ ထိုအခါမျိုးတွင် အာဏာရှင်အမိန့်ကို ဆန့်ကျင်အာခံရန်မှာ လုံးဝမဖြစ်နိုင်သလောက် ရှိသည်။ ဟစ်တလာ တန်ခိုးအထွားဆုံးအချိန် အာခံရဲသူ မည်သူရှိခဲ့သနည်း။ ဘုရင်ကို ဘုရားကဲ့သို့ ကိုးကွယ်ရသည့် အတွေးအခေါ်သည် ပြည်သူတို့ရင်ထဲ ရာစုနှစ်များစွာကြာအောင် ကိန်းအောင်းခဲ့ဖူးသည်။ နှစ်ဆယ်ရာစုနှစ်တွင် ထိုမှတဆင့် ဖြာထွက်လာသောပုံစံ တခုမှာ နိုင်ငံအုပ်ချုပ်ရေးကို ဘာသာရေးနှင့် ပေါင်းစပ်ထားသည့် အာဏာရှင်စနစ်ဖြစ်ပြီး အီရန်နိုင်ငံ၌ ဖြစ်ထွန်းလာသည်။ *လူဆိုသည်မှာ အားလုံးကို မစွမ်းနိုင်သလို အာဏာရှင်ဆိုသည်မှာလည်း ဘုရားမဟုတ်ပါ* ဟူသောအမှန်တရားကို အကျယ်ပြန့်ဆုံး ဖြစ်အောင် အသိပညာပေးပြီး အမိန့်နာခံမှုကို တန်ပြန်ချေဖျက်ရုံသာ ရှိသည်။

## အာဏာရှင်ကို လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြုတတ်သူ (ဝါ) မျက်ကန်းမျိုးချစ်

အချို့ပြည်သူတို့က အာဏာရှင်ကို သွေးရင်းသားရင်းတယောက်ပမာ သဘောထားကြသည်။ ဘောလုံးပွဲကြည့် ပရိသတ်ကဲ့သို့ မိမိအသင်းနိုင်လျှင် ပျော်၍ ရှုံးလျှင်မဲ့ကြသည်။ အာဏာရှင်သည် သက်ဆိုင်သူ တဦးတယောက်(သို့)တဖွဲ့၏ သွေးသောက်ရဲဘော်အလား ထင်မှတ်ခံရသည်။ ခက်ခဲပင်ပန်းစွာ ရင်ဆိုင်ရသော လွတ်လပ်ရေးတိုက်ပွဲမျိုး အစရှိသည်တို့ကို အတူတကွ ရုန်းကန်ဖြတ်သန်း အောင်မြင်လာပြီးသောအခါ ထိုသို့ ဖြစ်တတ်သည်။ ဥပမာအားဖြင့် ဗီယက်နမ်မှ ဟိုချီမင်း၊ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်နေဝင်းနှင့် ဇင်ဘာဘွေမှ ရောဘတ် မူဂါဘေးတို့ဖြစ်သည်။ သွေးသောက်ရဲဘော်ဖြစ်၍ သစ္စာရှိစွာ နာခံရသည်ဆိုလျှင်တော့ ထိုအာဏာရှင်ကို အလွန်ယုံကြည်အားကိုးစွာ လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြုနေသည့်ကိစ္စကို နောက်ထပ်ရှင်းပြနေရန် မလိုတော့ပါ။

## မသိကျိုးကျွံ ပြုထားခြင်း

အားလုံးမဟုတ်သည့်တိုင် ဥပဒေ အတော်များများကို သိလည်းမသိ စိတ်လည်းမဝင်စားကြောင်း ပြည်သူအချို့က ပြောတတ်ကြသည်။ ထိုဥပဒေများသည် သူတို့၏ နေ့စဉ်ဘဝနှင့် သိပ်မဆိုင်လှဟုဆိုသည်။ သူတို့ အနေဖြင့် ဥပဒေကို လိုက်နာရုံသက်သက်သာ သဘောထားသည်။ မလိုက်နာလျှင် ပို၍ဒုက္ခရောက်နိုင်ဖွယ်ရာ ရှိနေ၍သာ လိုက်နာရခြင်းဖြစ်သည်။ သို့ဖြစ်၍ ဥပဒေအများစုနှင့်ပတ်သက်၍ လူတိုင်းနီးပါးလောက်က ဖာသိဖာသာ နေကြသည်။

သို့သော် ထိုဥပဒေများက အခြေခံလူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ထိပါးလာလျှင်မူ မသိကျိုးကျွံ နေ၍မရတော့ပြီ။ မသိကျိုးကျွံ နေ၍မဖြစ်သင့်ပါ။ နေလျှင် ပြဿနာတက်သွားနိုင်သည်။ မသိကျိုးကျွံ ပြုထားလျှင် လူ့အသိုင်းအဝိုင်းတခုလုံး အာဏာရှင်၏ ကျွန်သဘောက်ဘဝသို့  ရောက်သွားနိုင်သည်။ အစိုးရ၏ အချို့တားမြစ်ချက်များမှာ လူထုအတွက် မဆိုစလောက်သာ ပိတ်ပင်ထားခြင်း ဖြစ်ကောင်းဖြစ်နိုင်မည်။ သို့သော် အာဏာရှင်အတွက်မှာမူ အရေးပါသော လုပ်ဆောင်ချက်ဖြစ်သည်။ လူထုကို သွေးတိုးစမ်းသည့်သဘောများ ရှိတတ်သည်။ လူထုက ထိုသေးငယ်သော တားမြစ်ချက်ကို မသိကျိုးကျွံ ပြုမိပါက အကြံသမား အာဏာရှင်က  တဆင့်ပြီး တဆင့် တိုးမြှင့်တားဆီးပိတ်ပင်လာတော့မည်ဖြစ်သည်။ နောက်ဆုံးတွင် လူတဦးချင်းစီ၏ လွတ်လပ်ခွင့်ကို အနည်းနှင့် အများ ထိခိုက်လာတော့မည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံ့အရေးများတွင် မသိကျိုးကျွံ မပြုသင့်ကြောင်း ဒီမိုကရေစီ အတိုက်အခံအင်အားစုတို့က ပြည်သူကို အသိပညာပေး နှိုးဆော်ရန် တာဝန်ရှိသည်။

## မိမိကိုယ်ကို ယုံကြည်မှု မရှိခြင်း

လူတို့တွင် တွန်းလှန်အာခံရဲသည့် ကိုယ်ပိုင်အရည်အသွေး ရှိနေသည်ကို အချို့က ယုံကြည်လေ့ မရှိ။  ပြတ်ပြတ်သားသားလည်း မဆုံးဖြတ်ရဲတတ်ပါ။ သူ့အကြောင်းနှင့်သူပင်။ ဆယ်စုနှစ်ပေါင်းများစွာ အာဏာရှင် စနစ်အောက်တွင် နေလာခဲ့ရသဖြင့် ဝါဒမှိုင်းမိနေကြသည်။ လူနေမှုအသိုင်းအဝိုင်းကို အမှန်တကယ် အကျိုးပြုသော ခေါင်းဆောင်လောင်းများ ပြုစုပျိုးထောင်ပေးရေးအတွက် ဆုံးဖြတ်ရန်၊ အခွင့်အရေးဖန်တီးရန် မလုပ်ဖြစ်သလောက် ပင်။ စိတ်ကူးပင် မရှိနိုင်လောက်အောင် ဖြစ်နိုင်သည်။ ခေါင်းဆောင်လောင်းများထက် လက်ရှိအုပ်စိုးနေသူကသာ ပို၍ အရည်အချင်းရှိနေသည်ဟု အချို့ပြည်သူတို့က ယူဆနေဟန်ရှိသည်။ အစိုးရကို အောင်မြင်စွာ အံမတုနိုင်တော့ပါ၊ လွတ်မြောက်ရေးအတွက် ထိထိရောက်ရောက်မပါဝင်နိုင်တော့ပါဟု စိတ်လျှော့လိုက်ပုံလည်းရသည်။

တော်လှန်ရေး လှုပ်ရှားမှုအတွက် အဆိုပါယူဆချက်တို့ကို အလေးအနက်ဂရုပြုသင့်သည်။ ပြည်သူလူထုအနေဖြင့် မိမိကိုယ်ကိုယုံကြည်မှု ပြန်လည် တည်ဆောက်၍ အာဏာရှင်အား နိုင်ငံရေးအံတုရန် ဆုံးဖြတ်ရဲရပါမည်။ ထို့နောက် ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်ရဲရပါမည်။ သို့မှသာ အကြမ်းမဖက် နိုင်ငံရေး လှုပ်ရှားမှုကို အောင်မြင်စေရေးအတွက် အလွန်ထိရောက်မည် ဖြစ်သည်။ တခါတရံ မသိကျိုးကျွံနေလျှင် ကောင်းနေ လေမလား ဟူသောအတွေးတို့ ရှိတတ်သည်။ ထိုသို့ရှိလာလျှင်  မိမိကိုယ်ကို ပို၍ ယုံကြည်မှုမရှိ ဖြစ်စေတတ်သည်။

## အနှစ်ချုပ်

ပြည်သူလူထုက အုပ်စိုးသူအာဏာရှင်၏အမိန့်ကို နာခံရသည့် အကြောင်းရင်းများစွာကို စေ့စေ့စပ်စပ် လေ့လာသိရှိခဲ့ပါပြီ။ အမိန့်၊ ညွှန်ကြားချက်၊ သြဝါဒ၊ အဆုံးအမ၊ အမှာစကားတို့ကို နာခံရသည်မှာ သဘာဝဖြစ်သည်ဟု စောဒက တက်လာဖို့လည်း ရှိပါသည်။ လူဆိုသည်မှာ မျိုးရိုးစဉ်ဆက်အရ ကြိုတင်အညွှန်ခံပေးထားရသည့် သတ္တဝါမဟုတ်ပါ။ နာခံမိကြသည်မှာ အကျင့်စရိုက်၊ ကြောက်စိတ်၊ အကျိုးစီးပွား စသည့် အဓိက သုံးမျိုးကြောင့်ဖြစ်ရသည်။ အကျင့်စရိုက်နှင့် အကျိုးစီးပွားတို့ကို ပြောင်းလဲရန် ဖြစ်နိုင်သော်လည်း ကြောက်စိတ်ကိုမူ ဖယ်ရှားကျော်လွှားမှသာရနိုင်သည်။ (အကြောက်တရားကို အခန်း ၁၀ တွင် ဖော်ပြထားသည်။)

---------- ၀၀၀----------

# အခန်း (၄)

# နိုင်ငံရေးအာဏာ ပြောင်းလဲခြင်း လုပ်ငန်းစဉ်များနှင့် အကြမ်းမဖက်လှုပ်ရှားမှု နည်းလမ်းများ

နိုင်ငံရေးမှာ လူသားတရပ်လုံးအတွက် အကြီးမားဆုံး အင်အားဟာ အကြမ်းမဖက်ပဲ လှုပ်ရှားတာပဲဖြစ်တယ်။ ဒါကို တကြိမ်ပြီးတကြိမ် စမ်းသပ်လိုက်တိုင်း ကျွန်တော် ပိုပြီး ပိုပြီး ယုံကြည်လာနေတယ်လို့ ပြောနိုင်ပါပြီ။

ဂန္ဒီ

အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် မည်သည့်လမ်းကြောင်းကို ရွေးချယ်သည်ဖြစ်စေ အခက်အခဲရှိသည်။ အတိုက်အခံအင်အားစုများက ဗျူဟာမြောက် အကြမ်းမဖက်ဆင်နွှဲမည်ဆိုလျှင် အုပ်စိုးသူနှင့် ပြည်သူလူထုကြားတွင် နိုင်ငံရေးအာဏာပြောင်းလဲမှုကို မိမိလိုချင်သည့်အတိုင်း အာဏာပိုင်တို့က လိုက်လျောလာစေသည့် လုပ်ငန်းစဉ်များကို စဉ်းစားသင့်သည်။ ဒေါက်တာဂျင်းရှပ်က နိုင်ငံရေးအာဏာ ပြောင်းလဲခြင်းကို (၄)မျိုးခွဲ၍ ဖော်ပြသည်။ ယင်းတို့မှာ

(၁) ယုံကြည်လက်ခံပြီး ပြောင်းလဲခြင်း

(၂) အလိုက်အထိုက် ပြောင်းလဲခြင်း

(၃) အကြပ်ကိုင်၍ ပြောင်းလဲခြင်း

(၄) အကြွင်းမဲ့ဖျက်သိမ်း၍ ပြောင်းလဲခြင်း တို့ဖြစ်သည်။

နိုင်ငံရေးအာဏာ လွန်ဆွဲနေသည့်ပုံစံကို လှုပ်ရှားမှု ဖြစ်ပေါ်နိုင်သော အကျယ်အဝန်းအလိုက် အမျိုးအစား ခွဲထားခြင်းဖြစ်သည်။ မည်သို့ပြောင်းလဲတတ်သည်ကို သိထားလျှင် သင့်တော်သောနည်းလမ်းကို ရွေးချယ်၍ စတင်လှုံ့ဆော်ပေးနိုင်သောကြောင့် အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှုအတွက် အသုံးဝင်သည်။ ထို့ပြင် မိမိတို့လှုပ်ရှားမှုမှာ မည်သို့ထိရောက်သွားမည်၊ အစိုးရက မည်သို့ တုန့်ပြန်လာတတ်သည်ကို ကြိုတင်ခန့်မှန်း တွက်ချက်ထားနိုင်သည်။ အခန်း(၄)တွင် အကြမ်းမဖက်ဆင်နွှဲရေး နည်းလမ်းများဖြစ်သော

(၁) ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက်ပါအောင် ဆွဲဆောင်ခြင်း

(၂) ယိုင်းပင်းကူညီမပေးခြင်း

(က) လူမှုရေးအရ ယိုင်းပင်းကူညီ မပေးခြင်း။

(ခ) စီးပွားရေးအရ ယိုင်းပင်းကူညီ မပေးခြင်း

(ဂ) နိုင်ငံရေးအရ ယိုင်းပင်းကူညီ မပေးခြင်း

(၃) ဝင်ရောက်စွက်ဖက်ခြင်း တို့ကိုလည်း အကျယ်တဝင့် ဖော်ပြထားသည်။

## နိုင်ငံရေးအာဏာ ပြောင်းလဲခြင်း လုပ်ငန်းစဉ်များ



နိုင်ငံရေးနှင့်လူမှုရေး အပြောင်းအလဲများဖြစ်လာရန်အတွက် အကြမ်းမဖက် ဆင်နွဲရမည်ဟု အတိုက်အခံတို့ဘက်က စိတ်ကူးရှိရပါမည်။ ထို့နောက် စိတ်ကူးမှ လက်တွေ့သို့ ပြောင်းလဲ အကောင်အထည် ဖော်ရာတွင် ရေးဆွဲထားသော မဟာဗျူဟာအတိုင်း လှုပ်ရှားရပါမည်။ နည်းလမ်းတခုသည် အုပ်စိုးသူ၏ခံယူချက်နှင့် အပြုအမူကို လွှမ်းမိုးနိုင်ပါက လူထုနှင့်အစိုးရတို့၏ နိုင်ငံရေးအာဏာ လွန်ဆွဲပွဲတွင် လူထုဖက်မှ အောင်မြင်နိုင် ပေမည်။ ဆိုလိုသည်မှာ မဟာဗျူဟာ နည်းလမ်းတခုဖြင့် အာဏာရှင်ကို ဆန့်ကျင်လှုပ်ရှားသည့်အခါ ထိရောက်သွား သဖြင့် အာဏာရှင်သည် ၎င်း၏ရည်မှန်းချက်များကို စွန့်လွှတ်လိုက်ရသည်သာမက ၎င်း၏လက်ရှိ အာဏာရှင် သက်ဆိုးရှည်ရေး ယန္တရားကိုလည်း ဆက်လက် လည်ပတ်အောင် မလုပ်နိုင်တော့ပါ။ ယင်းသည် အာဏာရှင်စနစ်ကို အဆုံးသတ်လိုက်ခြင်းဖြစ်၍ လှုပ်ရှားသူ ပြည်သူများအတွက် မိမိတို့အလိုရှိရာ ဒီမိုကရေစီစနစ် တည်ဆောက်ရေး အတွက် အောင်ပွဲ ဖြစ်သည်။

## (၁) ယုံကြည်လက်ခံပြီး ပြောင်းလဲခြင်း

နိုင်ငံရေးအာဏာလွန်ဆွဲပွဲတွင် အတိုက်အခံတို့၏လှုပ်ရှားပုံအရ အစိုးရက တုန့်ပြန်ပြောင်းလဲ ပေးရသည်။ အတိုက်အခံ နိုင်ငံရေးအုပ်စုမှ ထောက်ခံ၊ တောင်းဆိုနေသည့်အချက်များသည် အကျိုးစီးပွားဖြစ်ထွန်း နိုင်သည်ဟု အစိုးရက ယုံကြည်လက်ခံသည့် အခြေအနေများ ရှိနိုင်ပါသည်။ အဆိုပါ ပြောင်းလဲမှု အောင်မြင် သောအခါ နှစ်ဖက်စလုံးအတွက် အကျိုးရှိစေသည်။

အကြမ်းမဖက်လှုပ်ရှားမှု၏ ရလဒ်အဖြစ်နှင့် အစိုးရသည် အတိုက်အခံအုပ်စု၏ တောင်းဆိုချက် အတိုင်းဖြစ်စေရန် အထူးခွင့်ပြုလိုက်လျော့ပေးတတ်သည်။ ကောင်းသောရည်မှန်းချက်ကို ဖြစ်စေသည်ဆိုပြီး အစိုးရက ယုံကြည်လက်ခံသည်။ သို့ဖြစ်ရာ အတိုက်အခံ ခေါင်းဆောင်များအဖို့ အားတက်သွားသည်။ တရားဝင် အသိအမှတ် ပြုခြင်း ခံရသည်။ နိုင်ငံတော်နှင့် တိုက်ရိုက်ထိပ်တိုက် ရင်ဆိုင်မှုကို ရှောင်လွှဲလျော့ချနိုင်သည်။ အထူးသဖြင့် ပဋိပက္ခ အသွင်ဆောင်လာသောအခါမျိုးတွင် ထိခိုက်ပျက်စီးရမည့် ဆုံးရှုံးမှုများကို ကြိုတင်ကာကွယ်ထားနိုင်သည်။

သို့သော် အထက်ပါအတိုင်းလုပ်ဆောင်ရာတွင် အတိုက်အခံနှင့်ပြည်သူတို့က ဖိအားအနည်းငယ် သာပေးနိုင်သဖြင့် သဘောထားတင်းမာသော တဖက်စွန်းရောက် အာဏာရှင်အစိုးရဖြစ်နေလျှင် အောင်မြင်ရန် မလွယ်ပါ။ သို့သော် တောင်းဆိုသည့်နည်းလမ်းကို ပိုမိုထိရောက်အောင် မြှင့်တင်ပေးနိုင်လျှင်မူ ရံဖန်ရံခါ ရက်စက် ကြမ်းကြုတ်သည့်အစိုးရကိုပင် အနိုင်ယူနိုင်သည်။

ယုံကြည်လက်ခံပြီးပြောင်းလဲပေးသည့် လုပ်ငန်းစဉ်၏ ဥပမာတခုကို မြန်မာနိုင်ငံမှ စစ်အာဏာရှင် စနစ်တွင် တွေ့ရှိရသည်။ ၁၉၆၂ခုနှစ်တွင် မြန်မာစစ်တပ်မှ အာဏာသိမ်းပြီးနောက် ခေါင်းဆောင် ဗိုလ်ချုပ်နေဝင်းက အင်္ဂလိပ်ဘာသာစကားသည် ဗြိတိသျှကိုလိုနီခေတ်ကို ပြန်ပြောင်းအောက်မေ့စေသည်ဆိုပြီး ပုဂ္ဂလိက မူလတန်း ကျောင်းများတွင် အင်္ဂလိပ်စာ မသင်ကြားရန် အမိန့်ထုတ်ခဲ့သည်။ ထိုအချိန်လောက်က မြန်မာအများစုသည် အင်္ဂလိပ်စာကို ဒုတိယရုံးသုံးစကားအဖြစ် လွယ်လင့်တကူ အသုံးများနေချိန်ဖြစ်သည်။ ထိုအမိန့်ကြောင့် ဆိုးကျိုးများ ဖြစ်စေနိုင်ကြောင်း လေ့လာသူများက အကြံဉာဏ်တော့ ပေးခဲ့ကြသည်။ အာဏာရှင်သည် သတင်း ဖြတ်တောက် ပိတ်ဆို့သည့်စနစ်ကို စတင်လိုက်သည်။ အင်္ဂလိပ်စာသင်ကြားခွင့်ကိုလည်း ပိတ်ပင်လိုက်သည်။ တက္ကသိုလ်များတွင် အင်္ဂလိပ်စာဖြင့် သင်ကြားပို့ချခြင်းမပြုရန် တားမြစ်ခဲ့သည်။ လူထုအား နိုင်ငံခြားမှ တွေးခေါ်မြော်မြင်မှုများ မရရှိ စေရန်၊ နိုင်ငံခြားတိုင်းပြည်များ၏ တိုးတက်နေပုံများ အတုမယူနိုင်ရန် အာဏာရှင်က ကြံရွယ်ပြီး ပိတ်ဆို့အထီးကျန် ထားခဲ့သည်။

နှစ်ပေါင်း နှစ်ဆယ်ကျော်လာသောအခါ အစိုးရအဖို့ စီးပွားရေးကဏ္ဍ၌ ကြီးစွာသော ဆုံးရှုံးမှုများ ရင်ဆိုင်လာရတော့သည်။ စီးပွားရေးနှင့် ရောင်းဝယ်ဖောက်ကားရာ၌ နိုင်ငံတကာသုံး အင်္ဂလိပ်စာ အဆင့်မမီသည့် အတွက် နိုင်ငံခြားမှရင်းနှီးမြှုပ်နှံသူ မရှိဖြစ်လာသည်။ မြန်မာတက္ကသိုလ်ကျောင်းသား အများအပြားမှာ အနောက် နိုင်ငံကြီးများတွင် ဘွဲ့မရနိုင်ပဲ ဖြစ်နေသည်။ ရန်ကုန် ဆေးတက္ကသိုလ်မှဘွဲ့ရခဲ့သော ဆရာဝန်များကို နိုင်ငံခြားမှ ဆေးရုံများတွင် အလုပ်မခန့်ထားနိုင်အောင် ဖြစ်နေရသည်။ မတတ်သာသည့်အဆုံး ထိုဆရာဝန်များအား အထူး ဘာသာရပ်များအား ဆက်လက်လေ့လာရန်ကိုသာ နိုင်ငံခြားတိုင်းပြည်များက ခွင့်ပြုနိုင်တော့သည်။ စီးပွားရေး

အသိုင်းအဝိုင်းနှင့် ဒီမိုကရေစီထောက်ခံသူများက နှစ်ပေါင်းများစွာကြာအောင် အင်္ဂလိပ်စာသင်ယူ လေ့ကျင့်ရေးကို တွန်းအား ပေးလာပြီးသောအခါမှ တည်ဆဲအာဏာရှင်အစိုးရက အဖြစ်သဘောနှင့် စတင်ခွင့်ပြုပေးခဲ့သည်။ ထိုသို့ လိုက်လျောခွင့်ပြုခြင်းမှာလည်း အမှန်စင်စစ် ၎င်းတို့ကိုယ်ကျိုးစီးပွား အစရှိသည်တို့အတွက်သာ ဖြစ်နေသေးသည်။ မည်သို့ပင်ဖြစ်စေ လူထုကလှုပ်ရှားလာမှသာ အစိုးရအနေဖြင့် ယုံကြည်လက်ခံသည့်အတိုင်း ပြောင်းလဲပေးတတ် သည်သာဖြစ်သည်။

ယုံကြည်လက်ခံပြီး ပြောင်းလဲပေးသည့်လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် အကြမ်းမဖက် လှုပ်ရှားလျှင် အစိုးရ၏ ထောက်တိုင်များ အတော်အတန်အားနည်းသွားနိုင်သည်။ ဦးစွာ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရအားထောက်ခံသော အသိုင်းအဝိုင်းတို့မှဝန်ထမ်းတို့အား သူတို့သည် ပြည်သူထဲမှပြည်သူများသာဖြစ်၍ ဒီမိုကရေစီထွန်းကားသော လူ့အဖွဲ့အစည်းတွင် ထိုက်တန်သောနေရာ၌ လေးစားစွာ နေရာပေးခံရမည့် တိုင်းပြည် အကျိုးဆောင်များဖြစ်ကြောင်း သဘောပေါက်စေရန် အသိပညာပေး စည်းရုံးရပါမည်။ တပြိုင်တည်းမှာပင် အဆိုပါ ဝန်ထမ်းတို့အား လူထုလိုလားချက်များကို သတင်းဖြန့်ချိပေးနိုင်ရပါမည်။ ထို့နောက်တွင် သတ်မှတ်ထားသော လှုပ်ရှားမှုများ၌ ပါဝင်ရန် လှုံ့ဆော်နိုင်လာပါမည်။

တောင်းဆိုသောဆန္ဒများကို အစိုးရက ယုံကြည်လက်ခံပြီး လိုက်လျောလာသောအခါ ဒီမိုကရေစီ ထောက်ခံသူ အင်အားစုများအတွက် အဓိကအားဖြင့် တကယ်လုပ်လျှင်တကယ်ဖြစ်ရမည် ဟူဟော စိတ်ဓါတ် အင်အားကို တိုးပွားစေနိုင်သည်။ ဒီမိုကရေစီစနစ်နှင့် အာဏာရှင်စနစ်၏အောက်တွင် ဘဝရပ်တည်မှု ခြားနားပုံ များကို ကျွမ်းကျင်စွာ အသိပညာပေး၊ စည်းရုံး၊ လှုံ့ဆော်ပေးနိုင်ပါက အလွန်အကျိုးများနိုင်သည်။ ထို့ပြင် လက်ရှိ ဖြစ်ပျက်နေသော ကမ္ဘာ့အကြမ်းမဖက်လှုပ်ရှားမှုသတင်းတို့ကို ဖြန့်ချိပေးနိုင်လျှင်လည်း အကျိုးများလှသည်။ နမူနာများအဖြစ် သပိတ်မှောက်ဆန္ဒပြသတင်းများ၊ အခြားနိုင်ငံရေး အံတုဆန့်ကျင်သည့် သတင်းများကို ဖြန့်ချိ၍ အတိုက်အခံဘက်သို့ လူထုပါလာအောင် စည်းရုံးလှုံ့ဆော်ရပါမည်။ အရေးကြီးဆုံးမှာ တိုင်းပြည်၏ အနာဂတ် ရည်မှန်းချက်ကို ပြည်သူလူထုသို့ တင်ပြနိုင်ရန်ဖြစ်သည်။

တောင်းဆိုချက်ကို အာဏာရှင်အစိုးရက ယုံကြည်လက်ခံလာစေရန် အကောင်းဆုံးနည်းလမ်းမှာ လူထုက ရဲရဲဝံ့ဝံ့ ငြိမ်းချမ်းစွာ ဆန္ဒပြရန်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အကြမ်းမဖက်ဆန့်ကျင်ဆန္ဒပြသူတို့မှာ သွေးကြောင်သူများဖြစ်သည်ဟု လူတချို့က အရိုးစွဲ ယူဆနေဟန်ရှိသည်။ ဆန္ဒပြနေသော လူထု၏သတ္တိက ထို အယူအဆဟောင်းကို ဖယ်ရှားနိုင်သည်။ သတ္တိဆိုသည်မှာ စစ်မြေပြင်၌ စစ်သားတဦး သတ္တိရှိရှိ တိုက်ခိုက် နေသည်ဖြစ်စေ၊ ဖိနှိပ်သောအစိုးရကို အကြမ်းမဖက်ပဲ သတ္တိရှိရှိ ဆန့်ကျင်နေသည်ဖြစ်စေ အလေးအမြတ် ပြုရစမြဲ ဖြစ်သည်။ တခါတရံ အတိုက်အခံဆန့်ကျင်သူများ ကြုံတွေ့ခံစားနေရသည်များကို ဖိနှိပ်သူရော အဖိနှိပ်ခံသူတို့ကပါ ကရုဏာသက်ကြသည်။ အကြောင်းတခုခုကြောင့် သွေးမြေကျမှသာ သတ္တိရှိသည်ဟု အမြဲတမ်း မပြောနိုင်ပါ။ ပကတိ အခြေအနေတွင် ရဲဝံ့စွာ ရင်ဆိုင်လိုသောစိတ်ကသာ သတ္တိအစစ်အမှန် ဖြစ်သည်။

၁၇၇၆ခုနှစ်က အင်္ဂလန်ဘုရင်မင်းမြတ်ကို သတ္တိရှိရှိဆန့်ကျင်ပြီး အမေရိကန်လွတ်လပ်ရေး ကြေညာချက်ကို လက်မှတ် ရေးထိုးခဲ့သူများ၊ ၁၉၅၀နှင့်၁၉၆၀ ဝန်းကျင်တွင် အသားအရောင်ခွဲခြားမှုကိုဆန့်ကျင်သည့် လူ့အခွင့်အရေးတိုက်ပွဲ၌ သတ္တိရှိရှိ ထိုင်သပိတ်မှောက်ခဲ့သူများကို ဥပမာပေးရပါမည်။ လူထုပရိသတ်အကြား ဆန့်ကျင်အံတုရေး ရဲရဲတောက်မိန့်ခွန်းများကို ဟောပြောသည့်အတွက် သူတို့သည် သေဒဏ်ပေးခံရဖွယ် ရှိသော် လည်း မကြောက်မရွံ့ ဆက်လက်အံတုခဲ့ကြသည်။ နောက်ဆုံးတွင် ထိုသို့သော ဆန့်ကျင်အံတုမှုများ၏ ရည်ရွယ်ချက် မှာ တရားမျှတမှုရှိသည်ဟု လူထုက ကောင်းစွာ သဘောပေါက်ခဲ့ကြသည်။ ဤအချက်ကား အစိုးရက လက်ခံ လာအောင် သတ္တိရှိရှိ တောင်းဆိုလျှင် နိုင်ငံရေးအာဏာပြောင်းလဲမှု ရှိကြောင်းကို ပြသနေသည်။

## (၂) အလိုက်အထိုက် ပြောင်းလဲခြင်း

တခါတရံ အစိုးရသည် ဒီမိုကရေစီအင်အားစုများက မေတ္တာရပ်ခံ တောင်းဆိုလာသည်များကို တချို့တဝက်၊ အနည်းငယ်မျှ လိုက်လျောပေးလေ့ရှိသည်။ ထိုသို့ဖြစ်ရသည်မှာ အစိုးရသည် ယဉ်ကျေး၍ သိက္ခာရှိ သောကြောင့်၊ ဒီမိုကရေစီအင်အားစုများကို လေးစားသောကြောင့်မဟုတ်ပါ။ လူထုက အစိုးရအပေါ် မကျေမနပ်

ဖြစ်ကာ ပိုမိုတင်းမာအုံကြွလာမည့်အရေးကို ရှောင်လွှဲလျှော့ချလိုစေကြောင့် ဖြစ်သည်။ ထိုသို့မဟုတ်လျှင်လည်း နိုင်ငံခြားအစိုးရများ၏ သဘောထားအပေါ် တစုံတရာ အကျိုးအမြတ် ထုတ်လိုသောကြောင့် ဖြစ်ချင်ဖြစ်နေပါမည်။ သို့မဟုတ် တိုင်းပြည်အကျိုးသယ်ပိုးနေသည်ဟု လူထုက ထင်မြင်လာစေရန်လည်း ဖြစ်နိုင်သည်။ တောင်းဆိုလာသူများ၏ ရည်ရွယ်ချက်ဆုံးခန်းတိုင် မရောက်မီ ကြားဖြတ်ဟန့်တားပိတ်ဆို့လိုသောကြောင့်လည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ အစိုးရအတွက် ကိုယ်ကျိုးစီးပွားတခုခု ရှိနေသောကြောင့် နိုင်ငံရေးကျားကွက် ရွှေ့သည့်အနေဖြင့် အလိုက်အထိုက် ပြောင်းလဲပေးခြင်းသာ ဖြစ်သည်။

ယခုအမျိုးအစားတွင် အစိုးရအနေဖြင့် ခြိမ်းခြောက်အကြပ်ကိုင်ခံရခြင်း မရှိပါ။ အတိုက်အခံတို့၏ တောင်းဆိုချက် အနည်းငယ်ကို လိုက်လျောပေးရုံဖြင့် ၎င်းအကျိုးစီးပွားကို တိုက်ရိုက် မခြိမ်းခြောက်၊ မထိခိုက်နိုင်ကြောင်း အစိုးရက သိထားပြီးဖြစ်သည်။ အာဏာရှင်အစိုးရ၏ ဟန်ပြလိုက်လျောမှုများကို အစိုးရသတင်းများတွင်လည်း အာဘောင်အာရင်းသန်သန် ပုံမှန်ဖော်ပြနေဦးမည်ဖြစ်သည်။ သို့သော် အမှန်စင်စစ် အစိုးရတဦးတည်း ချုပ်ကိုင်ထားသောအာဏာသည် အားနည်းဆုတ်ယုတ်နေပြီး လူထုက မကျေမနပ်ဖြစ်နေသည့်ကိစ္စများကို ကိုင်တွယ်ရန် ခက်ခဲစပြုလာသည့် အမျိုးအစားဖြစ်သည်။

မြန်မာနိုင်ငံမှ စစ်အစိုးရနှင့် တရုတ်ကွန်မြူနစ်ခေါင်းဆောင်တို့သည် နိုင်ငံခြားမှ အရေးကြီးဧည့်သည့်တော်များ လာရောက်၍ နိုင်ငံရေးပြုပြင်ပြောင်းလဲရန် မတောင်းဆိုမီ သို့မဟုတ်လည်း အခြား နိုင်ငံရေးကိစ္စ အမြတ်ထုတ်လိုသည်အခါ စျေးဆစ်ထားသည့်သဘောဖြင့် အကျဉ်းသားအနည်းငယ်လောက်ကို လွှတ်ပေးလေ့ရှိသည်။ ပါလက်စတိုင်းလူမျိုးများအပေါ် ဆက်ဆံရေးနှင့်ပတ်သက်၍ အမေရိကန်အစိုးရမှ မေတ္တာရပ်ခံလာတိုင်း အစ္စရေးအစိုးရသည် အဖြစ်သဘောမျိုး ပုံမှန်လိုက်လျောပေးတတ်သည်။ ထိုအခါမျိုးတွင် များသောအားဖြင့် အစိုးရတို့သည် အောင့်သက်သက် ဖြစ်နေရသော်လည်း အစိုးရနှင့် ပြည်သူ နှစ်ဦးနှစ်ဘက် သဘောတူသွားသည့်တိုင် ၎င်းတို့အာဏာထိန်းချုပ်မှုကို အထိခိုက်မခံတတ်ပေ။ တနည်းအားဖြင့်ဆိုလျှင် အစိုးရဆုံးဖြတ်ချက်သည် အနိမ့်ဆုံးစွန့်စားလိုက်ရခြင်းသာဖြစ်၍ ၎င်းတို့တွင် အခြားထွက်ပေါက်များရှိနေသေးသည်။

မကြာသေးသောနှစ်များအတွင်း ကမ္ဘာ့နိုင်ငံများ၌ အတိုက်အခံတို့အား အဖြစ်သဘောမှသည် လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပပေးသည်အထိ အစိုးရက အလိုက်အထိုက် လိုက်လျောပေးသည့် အဖြစ်အပျက်များစွာ ထွက်ပေါ်လာသည်။

၁၉၈၈ခုနှစ်က လစ်သူယေးနီးယားပြည်သူလူထုတွင် ကွန်မြူနစ်ဆန့်ကျင်ရေး အရှိန်အဟုန်မြင့်မားလာနေသဖြင့် လျှော့ချလမ်းကြောင်းလွှဲရန် အစိုးရက ကြိုးပမ်းခဲ့သည်။ အခြေခံဥပဒေတွင် ရုံးသုံးစကားကို ရုရှားဘာသာအဖြစ် သတ်မှတ်ထားရာမှ လစ်သူယေးနီးယားစကားသို့ ပြောင်းလဲပြင်ဆင်ပေးရန်နှင့် သမိုင်းဝင်နေရာတခုတွင် အမျိုးသားအလံကိုလွှင့်ထူရန် ဒီမိုကရေစီ လှုပ်ရှားသူတို့တောင်းဆိုသည့်အတိုင်း နိုင်ငံတော်၏ အမြင့်ဆုံးကောင်စီက ခွင့်ပြုလိုက်လျောခဲ့သည်။ သို့သော် အစိုးရ၏ အဖြစ်သဘော လိုက်လျောပေးခြင်းကို လူထုက မကျေနပ်ခဲ့ပါ။ ထိုအခြေအနေသည် လစ်သူယေးနီးယား နိုင်ငံ၏ကံကြမ္မာ အပြောင်းလဲကို ဖြစ်ပေါ်စေခဲ့သည်။ ကွန်မြူနစ်နှင့် ဆိုဗီယက်ဆန့်ကျင်ရေး–ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ဆာဂျူဒီ)က အခြား ထောက်ခံသောအုပ်စုများနှင့် စိတ်အားထက်သန်စွာဖြင့် ပူးတွဲကော်မတီတခုကို ဖွဲ့စည်းလိုက်ကြသည်။ ထို့နောက် ဒီမိုကရေစီ လှုပ်ရှားမှုကို စတင်လိုက်ရာ တနိုင်ငံလုံး ပြန့်နှံ့သွားပြီး နောက်ဆုံး၌ ဆိုဗီယက်လက်အောက်မှ လွတ်မြောက်၍ လွတ်လပ်ရေး ရရှိခဲ့သည်။

အီရတ်နိုင်ငံမှ အကြွင်းမဲ့အာဏာရှင် ဆတ်ဒမ်ဟူစိန်က ၂၀၀၂ခုနှစ်တွင် ဘာသာရေး ကျင့်စဉ်တခုကို ခွင့်ပြုလိုက်လျောခဲ့သည်။ ဟူစိန်သည် ဆွန်နီမူစလင်ဖြစ်သော်လည်း ရှီအိုက်မူစလင် ဝတ်ပြုသူတို့က တောင်းဆိုသော ဘဂ္ဂဒတ်မြို့တော်ပြင်ပရှိ ဘာသာရေးကျောင်းသို့ ထောင်ပေါင်းများစွာ စုရုံးသွားလာရေးကို မတတ်သာပဲ လိုက်လျောခဲ့သည်။ ဟူစိန်အနေဖြင့် စစ်တပ်နှင့် ရဲတပ်ဖွဲ့ကိုသုံးပြီး ခြိမ်းသေပေါက် တားမြစ်နိုင်သော်လည်း ၎င်း၏အာဏာကို မကြောက်မရွံ့ အကြမ်းပတမ်း ဆန့်ကျင်ပြီး ပေါက်ကွဲနိုင်လာမည့်အရေးကို ရှောင်ရှားလိုသည့်အတွက် အလိုက်အထိုက် လိုက်လျောခြင်းသာ ဖြစ်သည်။

လွတ်လပ်သောရွေးကောက်ပွဲများကို မကျင်းပလျှင်မဖြစ်နိုင်လောက်အောင် အကြပ်အတည်းဆိုက်နေ၍ ကျင်းပရခြင်းသည် အစိုးရအတွက် အဆုံးစွန်သော လိုက်လျောမှုတခုဖြစ်သည်။ သို့သော် ထိုသို့သော

ရွေးကောက်ပွဲများသည် အမြဲလိုပင် သမာသမတ် မရှိသလောက်ဖြစ်နေသည်။ နှစ်ဆယ်ရာစု၏ နောက်ဆုံးဆယ်စု (၂)ခုတွင် အာဏာရှင်အစိုးရ အတော်များများက ရွေးကောက်ပွဲများကို ခွင့်ပြု ကျင်းပပေးခဲ့ရသည်။

မြန်မာနိုင်ငံတွင် ၁၉၉၀ပြည့်နှစ်ကကျင်းပသော ရွေးကောက်ပွဲ၌ ပြည်သူ့ဆန္ဒကိုမလိုက်လျောရန် ထိုစဉ်က တက်လိုက်၊ ပြုတ်လိုက်ဖြစ်နေသော အစိုးရအသီးသီးတို့က လျှို့ဝှက်စွာ ကြံစည်ခဲ့ကြသည်။ အာဏာရှင် ဗိုလ်ချုပ်နေဝင်းသည် ၁၉၈၈ခုနှစ် ဇူလိုင်တွင် ပါတီဥက္ကဋ္ဌရာထူးမှ ဆင်းမပေးမီ ပါတီစုံရွေးကောက်ပွဲလုပ်ရန် တိုင်းပြည်သို့ နောက်ဆုံးတရားဝင် တင်ပြခဲ့သည်။ သူ့အနားမယူမီ လပေါင်း အတော်ကြာကြာကပင် နိုင်ငံရေးပြောင်းလဲမှုများ လုပ်ရန် ပြည်သူတို့က ဆန္ဒပြတောင်းဆိုနေပြီဖြစ်သည်။ အာဏာရှင်စနစ်ကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်လာနေပြီ ဖြစ်သော အတိုက်အခံအင်အားစုများကို မဖယ်ရှားလျှင် မဖြစ်တော့မှန်း ရိပ်စားမိသဖြင့် ပါတီစုံ ရွေးကောက်ပွဲ ကျင်းပ၍ အတိုက်အခံတို့ကို အားနည်းအောင်လုပ်နိုင်လိမ့်မည်ဟု ဗိုလ်ချုပ်နေဝင်းက ယူဆထားသည်။ ယခင်က လည်း ရွေးကောက်ပွဲကို ကလိန်ကကျစ် ကျင်းပခဲ့ဖူးသည့်အတိုင်း ယခုပါတီစုံရွေးကောက်ပွဲတွင် အတိုက်အခံတို့ ကွဲထွက်၍ မျှော်လင့်ချက် ကုန်သွားလိမ့်မည်၊ ထိုအခါ ၎င်းအနေဖြင့် သေချာပေါက် မဲနိုင်လိမ့်မည်ဟု ထင်ပြီး ပါတီစုံ ရွေးကောက်ပွဲကျင်းပပေးခဲ့သည်။ မလွှဲသာ မရှောင်သာသည့် နိုင်ငံရေး အကြပ်အတည်းတွင် ထွက်ပေါက်ရှာသော အာဏာရှင်၏ တွက်ကိန်းအရ အလိုက်အထိုက် လိုက်လျောပေးသော နမူနာတခု ဖြစ်သည်။

အစိုးရဟူသည် ပြည်သူလူထုအပေါ် မျက်နှာပန်းလှစေရန် ကြိုးပမ်းမြဲဖြစ်သည်။ ဤအချက်ကို အခွင့်ကောင်းယူ၍ အစိုးရက လိုက်လျောပေးနိုင်လောက်သော တောင်းဆိုချက်များကို အတိုက်အခံအုပ်စုက ရွေးချယ်ရန် အရေးကြီးသည်။ အစိုးရက လိုက်လျောလာလျှင် အကြမ်းမဖက်လှုပ်ရှားမှုမှာ ပိုအားကောင်းလာမည်။ လူမှုအဖွဲ့အစည်းသည်လည်း ထိခိုက်ဆုံးရှုံး သွေးမြေကျစရာ မလိုတော့ပေ။

အစိုးရက ယုံကြည်လက်ခံလာပြီး လိုက်လျောပေးသည့်အခါ အလိုက်အထိုက် လိုက်လျောပေး သည့်အခါ ဒီမိုကရေစီကို အခြေခံသော လူမှုအဖွဲ့အစည်းများသည် အထိုက်အလျောက် တိုးတက် လှုပ်ရှားလာ နိုင်ကြသည်။ ထို့ပြင် ပိုမိုအားကောင်းသော ဒီမိုကရေစီလှုပ်ရှားမှုကိုပင် အတိုက်အခံနှင့် လူထုက လွတ်လပ်စွာ ပြင်ဆင်လာနိုင်သည်။

နိုင်ငံရေးပြောင်းလဲမှုများလုပ်ရန် အတိုက်အခံတို့ဘက်မှတောင်းဆိုလာလျှင် အာဏာရှင်အစိုးရ တို့သည် ရွေးကောက်ပွဲများကို ကျင်းပပေးလေ့ရှိသည်။ နိုင်ငံတကာမှ အစအဆုံး ကြီးကြပ်ပေးသော ရွေးကောက်ပွဲ သည် လွတ်လပ်၍ တရားမျှတမှု ရှိလိမ့်မည်၊ အစိုးရက ခြိမ်းခြောက်မဲထည့်ခိုင်းခြင်းကို လူထုကတောင့်ခံထားနိုင်မည် စသဖြင့် အတိုက်အခံတို့က တခါတရံ ခပ်ပေါ့ပေါ့ သဘောထားကြသည်။ လက်ရှိအာဏာရ အစိုးရကို လျော့တွက် တတ်ကြသည်။ ထိုအခါ အားကိုးရှာနေသည့်လူထုအတွက် စိတ်ပျက်ရသည့်ကိစ္စများကို အတိုက်အခံတို့က လုပ်မိ သလို ဖြစ်သွားတတ်သည်။ အတိုက်အခံတို့မျှော်လင့်ထားသလိုဖြစ်မလာပဲ အစိုးရတို့၏ မဲကလိန်ကျမှုကို ခံလိုက် ရသည့် အဖြစ်များရှိခဲ့ဖူးသည်။ ဥပမာအနေဖြင့် ၂၀၀၀ ပြည့်နှစ်ကကျင်းပသော ဆာဘီးယား ရွေးကောက်ပွဲနှင့် ၂၀၀၂ခုနှစ်ကျင်းပသော ဇင်ဘာဘွေ ရွေးကောက်ပွဲ ဖြစ်သည်။

ဆာဘီးယားနိုင်ငံရွေးကောက်ပွဲတွင် မဲရုံများကို စောင့်ကြပ်၍ မဲများရေတွက်ခြင်းမှအစ မြို့တော် ဘဲလ်ဂရိတ်၏ ရွေးကောက်ပွဲဗဟိုရုံးအထိ နိုင်ငံရေးအတိုက်အခံတို့က ကြီးကြပ်ထားသည်။ ထို့ပြင် အပြည့်အဝ လေ့ကျင့်ထားသူများဖြင့် ရွေးကောက်ပွဲ မဲထည့်ရန် လှုံ့ဆော်ရေးအဖွဲ့ (GOTV - Get Out The Vote campaing staff)ကို စနစ်တကျဖွဲ့စည်းထားသည်။ အကယ်၍ အစိုးရက မဲခိုးလာလျှင် အရေးယူရန်လည်း ကြိုတင်စီစဉ် ထားသည်။ မဲများကိုရေတွက်နေစဉ်မှာ ဒီမိုကရေစီဘက်မှ အနိုင်ရသည့်လက္ခဏာ ရှိကြောင်း အတိုက်အခံတို့က ခပ်စောစောပိုင်းကပင် ကြေညာလျက်ရှိသည်။ ဘဲလ်ဂရိတ်ဗဟိုရုံးမှ ရွေးကောက်ပွဲရလဒ်ကို တရားဝင် မထုတ်ပြန်မီ ကပင် အတိုက်အခံတို့က အရှုံးအနိုင်စာရင်းကို ကြေညာပြီးဖြစ်သည်။ သို့သော် အစိုးရက တရားဝင်ကြေညာသော အခါ အတိုက်အခံတို့ အနိုင်မရပဲ ပြောင်းပြန်ဖြစ်နေသည်ကိုတွေ့ရသည်။ အစိုးရက မဲကလိန်ကျနေပြီ ဖြစ်သည်။

ထိုအခါ လူထုက လမ်းများပေါ်သို့ထွက်လာပြီး ရွေးကောက်ပွဲတွင် အတိုက်အခံဖက်မှ အနိုင်ရ ရှိကြောင်း ထောက်ခံဆန္ဒပြရာ တနိုင်ငံလုံး ကျယ်ပြန့်သွားသည်။ လူထုကြီးသည် အင်အားကောင်းသထက် ကောင်း လာပြီး လွှတ်တော်အဆောက်အဦဆီသို့ ဦးတည်ချီတက်ကြသည်။ ကြိုတင်ပြင်ဆင်ထားသည်မှာ အလွန်အကွက်စေ့

လှသဖြင့် ရဲနှင့် စစ်တပ်မှ ဝင်ရောက်ဟန့်တား ပိတ်ဆို့ခြင်းများမရှိခဲ့ပေ။ နောက်ဆုံးတွင် ဆာဘီယားနိုင်ငံသည် အစိုးရသစ်ကို ဖွဲ့စည်းကြေညာပြီး တရားဝင်ရပ်တည်နိုင်ခဲ့သည်။

၂၀၀၂ခုနှစ်တွင် ကျင်းပသော ဇင်ဘာဘွေ ရွေးကောက်ပွဲမှာ မျှော်လင့်ထားသည်နှင့် အတော်ပင် ခြားနားခဲ့သည်။ အတိုက်အခံတို့က ဒီမိုကရေစီပြောင်းလဲရေးလှုပ်ရှားမှု (Movement for Democratic Change) ကိုဖွဲ့စည်းပြီး ရွေးကောက်ပွဲ မဲထည့်ရန် လှုံ့ဆော်ထားသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေး အတွက် နိုင်ငံတကာမှ ဖိအားပေးထားနိုင်ရန်ကိုလည်း စီစဉ်ထားသည်။ သို့သော် အာဏာရှင် ရောဘတ်မူဂါဘေးက မဲခိုးလာလျှင် ၎င်းအား ထိထိရောက်ရောက် အရေးယူနိုင်မည့် အရံသင့်အစီအစဉ် (Plan B)ကိုမူ စိတ်ဝင်စားသူ မဆိုစလောက်သာ ရှိခဲ့သည်။

ရောဘတ်မူဂါဘေးသည် စောစောပိုင်းကာလများတွင်ပင် အာဏာကို တရားဝင်စွန့်လွှတ်ရန် အရိပ်အရောင်မပြခဲ့ပေ။ စားစရာနှင့် လစာပေးမည်ဟု ကတိပြုပြီး တုတ်၊ ဓါးကိုင်ဆောင်ထားသော လူငယ်များကို စည်းရုံးသိမ်းသွင်း၍ အတိုက်အခံပါတီကို ထောက်ခံသူများအား တိုက်ခိုက်စေသည်။ ဒီမိုကရေစီ ပြောင်းလဲရေး လှုပ်ရှားမှုကို ထောက်ခံသူများ၊ မူဂါဘေးကို ဆန့်ကျင်မဲပေးရန် သံသယရှိသူများ ရိုက်နှက်ခံရသည်။ ခြိမ်းခြောက် အကြပ်ကိုင်ခံရသည်။ ဒီမိုကရေစီပြောင်းလဲရေးလှုပ်ရှားမှုဘက်မှ ရွေးကောက်ပွဲဝင်မည့် သမ္မတလောင်းမှာ နိုင်ငံတော် သစ္စာဖောက်မှုဖြင့် အဖမ်းခံရသည်။ ရဲနှင့် ထောက်လှမ်းရေးတို့ပါဝင်လာပြီး လူထုအား ခြိမ်းခြောက်အကြပ်ကိုင် လာသည်။ မဲပေးသည့်နေ့မှာပင် မဲပေးရန်တန်းစီနေသောလူထုမှာ နိုင်ငံတကာမှ စောင့်ကြည့်နေသူများ၏ ရှေ့မှောက်၌ ရိုက်နှက်ခံနေရသည်။ အရှေ့ဥရောပနိုင်ငံအချို့မှ ရွေးကောက်ပွဲစောင့်ကြည့်သူများ ဇင်ဘာဘွေမှ နှင်ထုတ်ခံရသည်။

ဖြစ်နိုင်သမျှ လူထုက မဲမပေးနိုင်အောင် အစိုးရက စီစဉ်ထားသည့်အတိုင်း မဲရုံများကို ရွေးကောက်ပွဲ ကျင်းပသည့်နေ့မှာပင် နေရာရွှေ့ပြောင်းလိုက်သဖြင့် လူအတော်များများ မဲပေးခွင့်ဆုံးရှုံးခဲ့ရသည်။ အစိုးရ၏ ရွေးကောက်ပွဲကြီးကြပ်သူများက ထောင်ပေါင်းများစွာသောမဲများကို မရေတွက်ပဲထားခဲ့သည်။ ထို့နောက် တွင် မူဂါဘေးက ရွေးကောက်ပွဲတွင် သူ အနိုင်ရရှိကြောင်း ကြေညာသည်။

ဒီမိုကရေစီ ပြောင်းလဲရေးလှုပ်ရှားမှုအဖွဲ့မှာ အသေးစိတ် ကြိုတင်ပြင်ဆင်မထားသဖြင့် လူထုဆန္ဒမဲ အရ လုပ်ပိုင်ခွင့် (Mandate)ကို အားဖြည့်နိုင်စွမ်း မရှိခဲ့ပါ။ သို့ဖြစ်၍ အတိုက်အခံတို့သည် အခြားရွေးချယ်စရာ လမ်းမရှိတော့ပဲ ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတမှု မရှိကြောင်း၊ ရွေးကောက်ပွဲအသစ် ပြုလုပ်ရန် လိုကြောင်းလောက်ကိုသာ ကြေညာနိုင်တော့သည်။ ရွေးကောက်ပွဲအသစ်လုပ်၍ လူထုမျှော်လင့်ချက်အတိုင်း ဖြစ်လာရန်မှာလည်း အာမခံချက်တစုံတရာ မရှိတော့ပေ။

သင်ခန်းစာယူရပါမည်။ ရွေးကောက်ပွဲဆိုသည်မှာ အချို့အစိုးရအတွက် နိုင်ငံတွင်း၌ဖြစ်စေ၊ နိုင်ငံတကာ၌ဖြစ်စေ တရားဝင်အစိုးရအဖြစ်မှ နှုတ်ထွက်ပေးရမည့် ရွေးကောက်ပွဲရှုံးနိမ့်မှုကို လက်မခံနိုင်လောက် အောင်ကို အလွန့်အလွန်အရေးကြီးလှသည်။ ထိုနည်းတူပင် အတိုက်အခံ ဒီမိုကရေစီအင်အားစုများအနေဖြင့် ရွေးကောက်ပွဲကို အရှုံးမခံနိုင်လောက်အောင် အရေးကြီးသည်။ လူထုက မိမိတို့၏မဲပေးပိုင်ခွင့်ကို အသေအချာ တရားဝင်စာရင်းသွင်းထားနိုင်အောင် ပြင်ဆင်ထားသင့်သည်။ ထို့ပြင် အစိုးရ၏မဲကလိန်ကျမှုကို တားဆီးရန် သေချာစွာ စီစဉ်ထားရပါမည်။

## (၃) အကြပ်ကိုင်၍ ပြောင်းလဲခြင်း

အစိုးရက အတိုက်အခံ အကြမ်းမဖက်လှုပ်ရှားသူတို့၏ မေတ္တာရပ်ခံ တောင်းဆိုချက်ကို ယုံကြည် သောကြောင့် လက်ခံလိုက်လျှော့ပေးနိုင်သည်။ (သို့) အလိုက်အထိုက် လိုက်လျှော့ပေးနိုင်သည်။ (သို့) ငြင်းပယ် နိုင်သည်။ လိုက်လျှောသည် ဆိုစေကာမူ မဖြစ်စလောက်သာ လုပ်ပေးတတ်သည်လည်းရှိသည်။ ချက်ချင်းမလုပ်ပဲ အချိန်ဆွဲထားသည်လည်း ရှိတတ်သည်။ အထက်ပါအတိုင်း မဟုတ်သော အခြားပြောင်းလဲနည်းတခုမှာ အစိုးရအား အကြပ်ကိုင်၍ ချက်ချင်းလက်ငင်း အလျှော့ပေးလိုက်လျှောခိုင်းခြင်း ဖြစ်သည်။ ထိုအချိန်မှာ အစိုးရ၏ အာဏာမှာ အလွန်အားနည်းသွားချိန်ဖြစ်သည်။

သတိပြုရန်အချက်မှာ အတိုက်အခံတို့သည် အချိန်မတိုင်မီ(ဝါ) ဖြစ်လာရန်မသေချာပဲ အစိုးရအား အတင်းအကြပ် မလိုက်လျောခိုင်းရန်လိုသည်။ အကြောင်းမှာ အကြပ်ကိုင်သည့်နည်းလမ်း မအောင်မြင်လျှင် လူထု၏ယုံကြည်အားကိုးမှု လျော့ပါးသွားနိုင်သောကြောင့်ဖြစ်သည်။ အတိုက်အခံတို့အနေဖြင့် သေချာစွာစီစဉ်ရန်၊ ဖြစ်ရပ်မှန်အပေါ်အခြေပြု၍ အောင်မြင်ရန်လမ်းစကို အသေးစိတ်လေ့လာသုံးသပ်ရန်လိုသည်။ ပြီးမှသာ ဖိနှိပ်သော အစိုးရကို အကြပ်ကိုင်၍ တောင်းဆိုရပါမည်။ အကယ်၍ အတိုက်အခံတို့အနေဖြင့် မိမိတို့ တောင်းဆိုချက်ကို အစိုးရမှလိုက်လျောရန် မသေချာလျှင် ရွှေ့ဆိုင်းရန် (သို့) ပြန်လည်သုံးသပ်ရန် စဉ်းစားသင့်သည်။

နိုင်ငံရေးပါတီနှင့် ကျောင်းသားတို့၏တောင်းဆိုချက်များကို တခါတရံ အစိုးရက လက်မခံနိုင အောင်ဖြစ်ရသည်။ ပိုမိုသင့်လျော်သည့်အချက်မှာ အတိုက်အခံပါတီနှင့်ကျောင်းသားတို့သည် မိမိတို့၏ အဖွဲ့အစည်း ဆိုင်ရာ ရည်မှန်းချက်ကို အစိုးရသို့ အသိပေး အကြောင်းကြားပြီးမှ လူထုကို စည်းရုံးလှုံ့ဆော်၍ လှုပ်ရှားသင့်သည်။ သို့မှသာ မဟာဗျူဟာအတိုင်း အစီအစဉ်ကျနစွာ လုပ်ဆောင်နိုင်သဖြင့် အစိုးရ၏ နိုင်ငံရေးအာဏာဇစ်မြစ်များ (ဥပမာ–လူသားအရင်းအမြစ်၊ ပိတ်ဆို့ပြစ်ဒဏ်ခတ်ခြင်း)ကို အားနည်းသွားစေမည် ဖြစ်သည်။ ဥပမာ အတိုက်အခံနှင့် ကျောင်းသားတို့က လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးရန် တောင်းဆိုမည်ဆိုပါစို့။ အကယ်၍ မိမိတို့တောင်းဆိုချက်မှာ ငြင်းပယ်ခံရပါက ထိုအစိုးရအား မည်သို့ ပိတ်ဆို့ပြစ်ဒဏ်ခတ်နိုင်မည် အစရှိသော မဟာဗျူဟာကို အတိုက်အခံတို့က ရေးဆွဲပြီး ဖြစ်နေရပါမည်။

အတိုက်အခံတို့က အစိုးရဆန္ဒနှင့်ဆန့်ကျင်ပြီး အကြပ်ကိုင်တောင်းဆိုသော်လည်း အကြမ်း မဖက်ပဲ အစိုးရ လိုက်လျောလာအောင် တောင်းဆိုနိုင်သည်။ ၂၀၀၀ပြည့်နှစ် အောက်တိုဘာတွင်ကျင်းပခဲ့သော ဆာဘီးယားရွေးကောက်ပွဲကိုပင် ဥပမာထပ်ပေးပါမည်။ အစိုးရသည် မသမာသောနည်းဖြင့် ရွေးကောက်ပွဲ လုပ်လာ နိုင်သည်ကို အတိုက်အခံတို့က တွက်ချက်ထားသည့်အလျောက် ရွေးကောက်ပွဲမစမီကပင် အကြမ်းမဖက်သော နည်းဖြင့် နိုင်ငံရေးအာဏာရယူနိုင်ရန် ပိုင်နိုင်စွာစီစဉ်ထားခဲ့သည်။ ရွေးကောက်ပွဲတွင် မဲကလိန်ကျ၍ မရမှန်း သိသွားအခါ အရှုံးအနိုင်အဖြေမထွက် ဟုဆိုပြီး ရွေးကောက်ပွဲ နောက်တကျော့ပြုလုပ်ရန် မီလိုဆဲဗစ် အစိုးရက ကြေညာသည်။ သို့သော် အတိုက်အခံအုပ်စုက မိမိတို့သာအနိုင်ရကြောင်း ကြေညာသည်။ ထို့နောက်တွင် သိန်းဂဏန်းများစွာရှိသော လူထုကြီးသည် အာဏာရှင်အစိုးရကိုဖယ်ရှားရန် ပါလီမန်အဆောက်အဦသို့ချီတက်ပြီး သိမ်းပိုက်လိုက်ကြသည်။

ထိုအခိုက်တွင် မီလိုဆဲဗစ်မှာ ၎င်း၏အတိုက်အခံ ပြိုင်ဖက်ကို ဆန့်ကျင်ဖယ်ရှားနိုင်သည့် အခြေအနေ ရှိမနေတော့ပါ။ သူ့အား ထောက်ကန်ပေးထားသော ထောက်တိုင်များအားလုံး ပြိုကျနေပြီဖြစ်သည်။ ဘဲလ်ဂရိတ်မြို့တော်သို့ ချီတက်ဝင်ရောက်လာသော လူထုကြီးကို ဝင်ရောက်ဟန့်တားရန် မီလိုဆဲဗစ်က အမိန့်ပေး နေသည့်တိုင်အောင် ရဲများက ငြင်းဆန်လိုက်ကြသည်။ စစ်တပ်ကလည်း ရွေးကောက်ပွဲသည် နိုင်ငံရေးကိစ္စဖြစ်ပြီး စစ်တပ်မှ ဝင်ရောက်စွက်ဖက်ရသည့်ကိစ္စမဟုတ် ဟုဆိုပြီး မီလိုဆဲဗစ်၏အမိန့်ကို နာခံခြင်းမပြုတော့ပေ။

အာဏာရှင်မီလိုဆဲဗစ်အစိုးရအား ဖယ်ရှား၍ ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းဖြင့် ရဲ၊ စစ်တပ်၊ အစိုးရဝန်ထမ်းတို့၏ တာဝန်များကို ထိခိုက်လိမ့်မည်မဟုတ်ကြောင်း အတိုက်အခံတို့က သူတို့အား လပေါင်းများစွာ အကြာကပင် အပြင်းအထန် ပြောဆို ရှင်းပြထားနိုင်ခဲ့ကြသည်။ ထိုထောက်တိုင်များ ပြိုကျသည်နှင့်တပြိုင်နက် မိမိ အာဏာမဲ့သွားပြီဖြစ်ကြောင်း မီလိုဆဲဗစ် ချက်ချင်းသဘော ပေါက်လိုက်သည်။

အတိုက်အခံတို့အတွက် အကြမ်းမဖက်ပဲ အကြပ်ကိုင်၍ နိုင်ငံရေးအောင်ပွဲ ရယူနိုင်သည် မှာ ယုံကြည်စိတ်ချရလောက်သော လုပ်ဆောင်နိုင်စွမ်း (Credible Capacity) ရှိနေသောကြောင့်ဖြစ်သည်။ ထိုကဲ့သို့ မရှိသဖြင့် မအောင်မြင်ခဲ့ရသော လှုပ်ရှားမှုများလည်းရှိသည်။ ဥပမာအားဖြင့် ၂၀၀၂ခုနှစ်က ဇင်ဘာဘွေ နိုင်ငံတွင် အထွေထွေသပိတ်ကြီး ဆင်နွှဲရန် နှစ်ကြိမ်တိတိခေါ်ယူခဲ့သော်လည်း အကောင်အထည် ပေါ်မလာခဲ့ပါ။

သပိတ်တိုက်ပွဲတခု အောင်မြင်ရန်မှာ အချိန်ယူပြီးစီစဉ်ရသည်။ ပူးပေါင်းဆောင်ရွက်ရသည်။ ပိတ်ဆို့ပြစ်ဒဏ်ခတ်ရန် အစရှိသည်တို့ကို စီစဉ်ထားရသည်။ သို့မဟုတ်ပါက အာဏာရှင်အစိုးရအား အကြပ်ကိုင်ရန် ခဲယဉ်းသည်။ မအောင်မြင်လျှင် မိမိတို့ဘက်မှ ဒီမိုကရေစီလှုပ်ရှားမှု အရှိန်အဟုန်ကို ဖျက်ဆီးရာရောက်သည်။ လူထုက တက်ကြွစွာ ထောက်ခံအားပေးမှုများ လျော့ကျသွားနိုင်သည်။ လှုပ်ရှားမှုအောင်မြင်နိုင်ခြေ ရှိမရှိကိုလည်း နိုင်ငံတကာမှမေးစရာ ဖြစ်လာနိုင်သည်။ ထိုသို့ဖြစ်လာနိုင်သော ဆိုးကျိုးများကို ဖယ်ရှားနိုင်ရန် အဓိကအရေးပါသော

အကြမ်းမဖက်လှုပ်ရှားမှုများကိုစီစဉ်ဆောင်ရွက်နေစဉ်အတွင်း ယုံကြည်စိတ်ချလောက်သော လုပ်ဆောင်နိုင်စွမ်းများ မည်မျှရှိထားသည်ကို မဖြစ်မနေ သုံးသပ်ရပါမည်။

## (၄) အကြွင်းမဲ့ဖျက်သိမ်း၍ ပြောင်းလဲခြင်း

အတိုက်အခံအုပ်စုက အုပ်စိုးသူအားအကြပ်ကိုင်နိုင်သည်မှာ နိုင်ငံရေးအာဏာအများစုကို ရယူထားပြီးသောကြောင့်ဖြစ်သည်။ အတိုက်အခံတို့က နိုင်ငံရေး အာဏာချိန်ခွင်လျှာသည် မိမိတို့ဘက်တွင် အလေးသာသည်ဟုယူဆလျှင် အစိုးရအား ယိုင်းပင်းကူညီမှုမပြုခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း စသည့်နည်းလမ်းနှစ်ခုကိုသုံး၍ ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်အံတုသင့်သည်။ အချိန်ကာလတခုအထိ အံတုဆန့်ကျင်နေသောအခါ ထိုအစိုးရမှာ တောင့်ခံမထားနိုင်တော့ပဲ လုံးဝပြိုကွဲသွားရသည်၊ ယင်းသည် အစိုးရ၏ နိုင်ငံရေးအာဏာကို အကြွင်းမဲ့ဖျက်သိမ်း၍ ပြောင်းလဲခြင်းဖြစ်သည်။

အတိုက်အခံများအနေဖြင့် အစိုးရအား လုံးဝပြိုကွဲသွားရန် လိုအပ်သည်ဟု စဉ်းစားမည်ဆိုလျှင် ထိုအစိုးရ မပြုတ်မချင်း အကြမ်းမဖက်လှုပ်ရှားမှု၏ အရှိန်နှင့်လှုပ်ရှားမှုမျက်နှာစာများကို လျှော့မချရပါ။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ အတိုက်အခံတို့၏ လှုပ်ရှားမှုအရှိန် လျှော့ချလိုက်သည်နှင့်တပြိုင်နက် ထိုအစိုးရ ပြန်လည်ခေါင်းထောင်လာရန် အခွင့်အရေး ဖြစ်သွားပေလိမ့်မည်။ တဟုန်ထိုး အရှိန်မြှင့်တင်သွားရပါမည်။

စစ်ပွဲများတွင် ထိုးစစ်မဟာဗျူဟာကိုသုံး၍ ရန်သူ၏ခံစစ်ကျိုးပေါက်အောင် တိုက်ယူရသည်။ ရန်သူတို့ ဆုတ်ခွာရန် ကြိုးပမ်းနေပြီဆိုလျှင် ယင်းကိုအခွင့်ကောင်းယူကာ ထပ်ချပ်မကွာ လိုက်လံတိုက်ခိုက်၍ ချေမှုန်းဖျက်ဆီးရသည်။ စစ်ဆင်ရေးကို အမြန်ဆုံး အဆုံးသတ်နိုင်ရန် မီးကုန်ယမ်းကုန် အပြင်းထန်ဆုံးတိုက်ခိုက်ရသည်။ တဖန် ခံစစ်မဟာဗျူဟာမရှိလျှင်လည်း ရန်သူကို လျင်မြန်စွာ မတွန်းလှန်နိုင်၊ ခံစစ်ကြောင်းကိုလည်း အားဖြည့်မပေးနိုင်ပါ။ အကြမ်းမဖက်နိုင်ငံရေးလှုပ်ရှားမှုသည်လည်း နိုင်ငံရေး ထိုးစစ်နှင့် ခံစစ်အတွက် ကြိုတင်ပြင်ဆင်ရပါမည်။

## အကြမ်းမဖက်ဆင်နွဲရေး နည်းလမ်းများ




နိုင်ငံရေးအာဏာ ပြောင်းလဲရန် လုပ်ငန်းစဉ်များသည် အကြမ်းမဖက်လှုပ်ရှားမှုများ အပေါ်မူတည်သည်။ အတိုက်အခံတို့အနေဖြင့် အသုံးချနိုင်မည့် အကြမ်းမဖက်ဆင်နွဲရေးနည်းလမ်း အများအပြားရှိသည်။ ချဲ့နိုင်သလောက်ချဲ့၍ရသည်။ လိုအပ်သလို ပြောင်းလဲ၍ရသည်။ "အကြမ်းမဖက် လှုပ်ရှားသည့် နိုင်ငံရေး" စာအုပ်တွင် ဒေါက်တာဂျင်းရှပ်က အကြမ်းမဖက်ဆင်နွဲရေး နည်းလမ်း (၂၀၀)နည်းပါးခန့် ဖော်ပြထားသည်။ နောက်ထပ် ရှိနိုင်သေးသည်ဟုလည်း ရေးထားသည်။ အမှန်တကယ်ကိုပင် ကာလ၊ ဒေသ၊ ပယောဂပေါ်မူတည်၍ အသုံးမပြုမီ အသေအချာ စိစစ်သုံးသပ်ကာ ပိုင်နိုင်စွာ ဆုံးဖြတ်ရပါမည်။

အာဏာရှင်အား အကြမ်းမဖက်အံတုဆန့်ကျင်ရာတွင် မကြာခဏဆိုသလို ကြမ်းတမ်းစွာ လက်တုန့်ပြန် ခံရတတ်သည်။ ရိုက်နှက်ခံရနိုင်သည်။ နှိပ်စက်ညှင်းပန်းခံရနိုင်သည်။ ထောင်ချခံရနိုင်သည်။ ထို့ပြင် ကျောင်းအထုတ်ခံရခြင်း၊ ခြေချုပ်ခံရခြင်း အစရှိသဖြင့် အပြင်းအထန် ပိတ်ဆို့အရေးယူခံရနိုင်သည်။ မဂ္ဂဇင်းတိုက် အပိတ်ခံရခြင်း၊ အလုပ်ထုတ်ခံရခြင်းကဲ့သို့သော စီးပွားရေး ပြစ်ဒဏ်များ ပေးခံရနိုင်သည်။ လူမှုရေး၊ ဘာသာရေးအရ ပြစ်ဒဏ်ခတ်ခံရသည်များပင် ရှိနိုင်သည်။

အစိုးရက ရက်ရက်စက်စက် နှိပ်ကွပ်နေပြီဆိုလျှင် အတိုက်အခံတို့က ထိုအဖြစ်မျိုးကို လူသိရှင်ကြား ထုတ်ဖော်ရပါမည်။ သို့မှသာ ဒီမိုကရေစီလှုပ်ရှားမှုအတွက် လူထုက ပိုမိုထောက်ခံမည်။ အကြမ်းမဖက် ဆန္ဒပြသူကို အစိုးရက တရားဝင်သည့်ပမာ ရက်ရက်စက်စက် နှိပ်ကွပ်နေသည့်အတွက်ကြောင့် အစိုးရအဖြစ် ဆက်လက်ရပ်တည်ရန်သင့်မသင့် မေးရပေတော့မည်။ ပြီးခဲ့သော ရာစုနှစ်ကဆိုလျှင် နိုင်ငံရေးအံတုဆန့်ကျင်သူတို့က အဖမ်းခံရသည်၊ ထောင်အချခံရသည်ကိုပင် ဂုဏ်ယူနေခဲ့ကြသည်။ အဖမ်းခံခြင်း၊ ထောင်အချခံခြင်းဖြင့် မည်သူ့အတွက်၊ လှုပ်ရှားမှုအတွက် အကျိုးအပြစ် မည်သို့ရှိနိုင်သည်ကို ဆန်းစစ်ရန်လိုသည်။

ရည်ရွယ်ချက်ပေါ်မူတည်၍ အကြမ်းမဖက်ဆင်နွှဲရေးနည်းလမ်းကို သင့်တော်သလို ရွေးချယ်ရပါမည်။ အချို့သော လှုပ်ရှားမှုများတွင် အဖွဲ့အစည်းတို့သည် မိမိတို့နှစ်သက်ရာ နည်းလမ်း(သို့) အခြားသူများ အောင်မြင်သည့်နည်းလမ်းများကို တခါတရံ ရွေးချယ်အသုံးပြုတတ်သည်။ အကြမ်းမဖက်ဆင်နွှဲရေး နည်းလမ်းတိုင်းသည် မိမိတို့၏ရည်ရွယ်ချက်၊ လုပ်ဆောင်နိုင်စွမ်းတို့နှင့် ဆိုင်ချင်မှဆိုင်ပေလိမ့်မည်။ မယောင်ရာ ဆီလူး၍မရ။ အနာတခြား ဆေးတခြား မဖြစ်စေသင့်ပါ။ စံနမူနာအားဖြင့်ရှိရမည်မှာ လှုပ်ရှားမှု၏ ရည်ရွယ်ချက်ကို အသေအချာ သတ်မှတ်ပြီး အကြမ်းမဖက်ဆင်နွှဲရေး နည်းလမ်းစာရင်းမှ လက်ရှိအခြေအနေနှင့် အသင့်တော်ဆုံးကို ရွေးချယ်ရပါမည်။ စဉ်းစားရလွယ်ကူစေရန် သုံးမျိုးခွဲ၍ ဖော်ပြပါမည်။ ယင်းတို့မှာ

(၁) ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက်ပါအောင်ဆွဲဆောင်ခြင်း
(၂) ယိုင်းပင်းကူညီမပေးခြင်း
(၃) ဝင်ရောက်စွက်ဖက်ခြင်း တို့ဖြစ်သည်။

## (၁) ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက်ပါအောင်ဆွဲဆောင်ခြင်း

အတိုက်အခံ ဒီမိုကရေစီအင်အားစုတို့က အစိုးရအား ကန့်ကွက်ဆန္ဒပြသည်၊ ချော့မော့ဖြောင့်ဖျသည်၊ မိမိဘက်ပါအောင်ဆွဲဆောင်သည် ဆိုခြင်းမှာ အစိုးရ လုပ်ဆောင်ပုံအချို့ကိုဖြစ်စေ၊ ပေါ်လစီအချို့ကိုဖြစ်စေ သဘောမတူ၊ ဆန့်ကျင်သောကြောင့်ဖြစ်သည်။ အများစုရှိသောပုံစံမှာ အစိုးရအပေါ် မကျေနပ်ကြောင်းထုတ်ဖော်ရန် အစီအစဉ်လုပ်ပြီး ကန့်ကွက်ဆန္ဒပြခြင်းဖြစ်သည်။ ထို့ပြင် အစိုးရနှိပ်ကွပ်မှုကို အတိုက်အခံတို့က အကြမ်းမဖက် အံတုဆန့်ကျင်နေကြောင်း ပြည်သူလူထုကို အသိပေးရန်လည်း ရည်ရွယ်ထားခြင်း ဖြစ်သည်။ မဟာဗျူဟာအရ အကြမ်းမဖက် လှုပ်ရှားသော မည်သည့်အဆင့်မဆို အစိုးရအား ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက်ပါအောင် ဆွဲဆောင်ခြင်းအားဖြင့် အကျိုးရှိသည်။ များသောအားဖြင့် အတိုက်အခံတို့၏ လှုပ်ရှားမှု အစပိုင်းလောက်၌ အသုံးပြုလေ့ရှိသည်။ လူထုလှုပ်ရှားမှု စတင်ရာတွင်ပင် အဆိုပါ နည်းလမ်းကို သုံးကြသည်။

အစိုးရအား ကန့်ကွက်ဆန္ဒပြခြင်း၊ မိမိဘက်ပါအောင်ဆွဲဆောင်ခြင်း ပြုလုပ်ရာတွင် မည်သည့်နည်းလမ်းကို သုံးသည်ဖြစ်စေ သတင်းမီဒီယာ ကျယ်ပြန့်အောင်လုပ်သင့်သည်။ မည်သူမျှမသိလျှင် မည်သို့ပင် ဆန္ဒပြပြ၊ မည်မျှပင် ကန့်ကွက်စာ၊ မေတ္တာရပ်ခံစာ (Petition)ရေးရေး ထိရောက်မည်မဟုတ်ပေ။

တကမ္ဘာလုံး တုန်လှုပ်ခြောက်ခြားသွားရလောက်သော ၁၉၆ဝခုနှစ်မှ အဖြစ်အပျက်တခုကို ဥပမာ ပေးပါမည်။ ဗီယက်နမ်ဘုန်းကြီး အများအပြားက မိမိကိုယ်ကို ဓါတ်ဆီလောင်း မီးရှို့ကာ အမေရိကန်ထောက်ခံသော တောင်ဗီယက်နမ်အစိုးရကို ကန့်ကွက်ခဲ့ကြဖူးသည်။ မိမိကိုယ်ကို အသေဆိုးဖြင့် အဆုံးစီရင်မှုကို နိုင်ငံရေးအရ ဆန့်ကျင်ကန့်ကွက်သည့် နည်းလမ်းအဖြစ် ရွေးချယ်လှုပ်ရှားသည့်အကြောင်းရင်းကို သိလာရသောလူများစွာက အချိန်အတော်ကြာအောင်ပင် စဉ်းစားနေခဲ့ကြသည်။ စည်းရုံးလှုံ့ဆော်သူတို့က နိုင်ငံတကာ သတင်းအေဂျင်စီများကို

ဖိတ်ခေါ်ထားပြီး သတင်းနှင့် ဓါတ်ပုံများ ကမ္ဘာအနှံ့ ပြန့်နှံ့စေခဲ့သောကြောင့် မိမိကိုယ်ကို စတေးရကျိုးနပ်သည် ဟုဆိုရပါမည်။

ကန့်ကွက်ဆန္ဒပြခြင်း၊ မိမိဘက်ပါအောင်ဆွဲဆောင်ခြင်း နည်းလမ်းများသည် အစိုးရ၏ နိုင်ငံရေး အာဏာဇစ်မြစ်များ (ဩဇာတိက္ကမ၊ အစိုးရအသုံးပြုနေသော လူသားအရင်းအမြစ်စွမ်းအားများ၊ တတ်သိပညာ၊ အစိုးရ၏ သဘောတရားရေးရာ၊ ရုပ်ဝတ္ထု အရင်းအမြစ်များ၊ အစိုးရ၏ပြစ်ဒဏ်ခတ်ခြင်း)တို့ကို တိုက်ရိုက်ထိုးနှက်နိုင်သည်တော့မဟုတ်ပေ။ သို့သော် သွယ်ဝိုက်၍ထိခိုက်စေရန် ရည်ရွယ်သည်။ ထိုနည်းလမ်းများကြောင့် အတိုက်အခံတို့ တောင်းဆိုချက်များကို အစိုးရအနေဖြင့် လူသိရှင်ကြား ဂရုတစိုက် စုံစမ်း ဖော်ထုတ်လာရသည်။ လူထုဆန့်ကျင်မှုများ ပိုမိုအားကောင်းလာစေသည်။ အစိုးရအား မိမိဘက်ပါအောင် ဆွဲဆောင်ရန်၊ မေတ္တာ ရပ်ခံရန် နည်းလမ်းများ ရှာဖွေလာကြသည်။ ထို့ပြင် ပြောင်းလဲသင့်သည်များကို လူထုက ထုတ်ဖော်လာကြသည်။ သို့သော် ယခုကဲ့သို့ အစိုးရအား ကန့်ကွက်ဆန္ဒပြ၊ မိမိဘက်ပါအောင်ဆွဲဆောင်သည်ထက် အကြမ်းမဖက်လှုပ်ရှားမှု (တခုလုံး)က အဆများစွာ ပိုမိုကျယ်ပြန့်ပြီး ထိရောက်မှုရှိသည်။

## (၂) ယိုင်းပင်းကူညီမပေးခြင်း

အတိုက်အခံလှုပ်ရှားမှုအတွက် ရနိုင်သမျှနည်းလမ်းများတွင် အားအကောင်းဆုံးအမျိုးအစားမှာ ပြည်သူလူထုက အစိုးရကို ယိုင်းပင်းကူညီမပေးခြင်း ဖြစ်သည်။ ထက်ထက်မြက်မြက် ရွေးချယ်စီစဉ်ထားသော မဟာဗျူဟာ၏နည်းလမ်းများကို အသုံးချနိုင်မှသာ အစိုးရ၏ နိုင်ငံရေးအာဏာဇစ်မြစ်များကို ဖယ်ရှားနိုင်ပါမည်။ ထိုသို့ကြိုးပမ်းရာတွင် တိုက်ပွဲဝင်နိုင်သော စစ်သားမှ၊ အလုပ်ကြမ်းလုပ်နိုင်သော အလုပ်သမားမှ၊ နိုင်ငံရေး တတ်ကျွမ်းသူမှ ဝင်လုပ်ရမည် မဟုတ်ပါ။ ပြည်သူတရပ်လုံး ပါဝင်လုပ်ဆောင်မှ ရနိုင်ပါမည်။ "ပြည်သူကို ဖိနှိပ်ချုပ်ချယ်သော အစိုးရအား ကျွန်ုပ်တို့ပြည်သူများက မည်သည့်အခါမှ အကူအညီပေးမည်မဟုတ်" ဆိုသော စကားဖြင့် ပြည်သူတရပ်လုံးသို့ အသိပညာပေး စည်းရုံးလှုံ့ဆော်ပေးရမည်။ ရည်ရွယ်ချက်မှာ အစိုးရယန္တရား မလည်ပတ်နိုင်ရေး ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှု မဟာဗျူဟာအတိုင်း အစိုးရအား ပူးပေါင်းဆောင်ရွက် မပေးသည့် သင့်တော်သောနည်းလမ်းများကို ရွေးချယ်ပြီး စည်းစနစ်ကျနစွာ လုပ်ဆောင်နိုင်ပြီဆိုလျှင် အကျိုးထူးများ ထွက်ပေါ်လာပါမည်။ အစီအစဉ်မရှိပဲ လုပ်၍တော့မဖြစ်ပါ။

အစိုးရအား လူထုက ယိုင်းပင်းကူညီခြင်း မရှိသကဲ့သို့ နိုင်ငံတကာမှလည်း အလားတူ လုပ်ပေး နိုင်ရပါမည်။ ပြည်တွင်းပြည်ပမှ ပူးပေါင်းပေးနေမှုများမှာ အာဏာရှင်အစိုးရ သက်ဆိုးရှည်နေခြင်း၏ အကြောင်းရင်း တခုဖြစ်သည်။ အစိုးရထံမှ ထိုသို့သော ပူးပေါင်းဆောင်ရွက်ပေးနေမှုများ ရုပ်သိမ်းသွားအောင် နိုင်ငံတကာမှ ဝိုင်းဝန်းဆောင်ရွက်ရန်လိုသည်။ နိုင်ငံတကာ၏ ပိတ်ဆို့ပြစ်ဒဏ်ခတ်မှုများကို အလေးအနက်ထား လုပ်ဆောင်နိုင်ရန်လိုသည်။ ထိုသို့ဆောင်ရွက်နိုင်လာပြီဆိုလျှင် နိုင်ငံရေးပြောင်းလဲလာနိုင်ပေလိမ့်မည်။ ထိုအစိုးရအား နိုင်ငံတကာထောက်ခံမှု မရရှိစေနိုင်သော စည်းရုံးလှုပ်ရှားမှု အများအပြား ရှိနေရန်လိုသည်။ ဥပမာဆိုလျှင်

- ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားပို့ကုန်များကို အားမပေးခြင်း၊ တားမြစ်ခြင်း၊
- နိုင်ငံတကာ ဆွေးနွေးပွဲများတွင် ထိုအစိုးရ၏ မူဝါဒများကို ကန့်ကွက်ခြင်း၊
- ထိပ်တန်းအရာရှိတို့၏ ပြည်ပခရီးသွားလာခွင့် (ဗီဇာ)ပိတ်ပင်ခြင်း၊
- နိုင်ငံတကာ အသိုင်းအဝိုင်းမှ မိမိတို့နိုင်ငံသားများ ထိုအစိုးရ၏နိုင်ငံသို့ ခရီးသွားလာခွင့်ကို တားမြစ်ခြင်း၊
- လူသားချင်းစာနာထောက်ထားသော အကူအညီများကို ထောက်ပံ့ပေးနေသည့် အန်ဂျီအိုများက နိုင်ငံခြားစီမံကိန်း အကူအညီများကို ကိုယ်တိုင် ကြီးကြပ်ခြင်း အစရှိသည်တို့ဖြစ်သည်။

အစိုးရအား ယိုင်းပင်းကူညီခြင်းမရှိသည့် နည်းလမ်းများကို လူမှုရေးအရ၊ စီးပွားရေးအရ၊ နိုင်ငံရေးအရဟူ၍ သုံးပိုင်းခွဲ၍ ဆက်လက် လေ့လာပါမည်။

## ၂ (က) လူမှုရေးအရ ယိုင်းပင်းကူညီမပေးခြင်း

ပြည်သူတဦးချင်း မည်သူမဆို မိမိတို့အစိုးရအား လူမှုရေးအရ ယိုင်းပင်းကူညီမှုမရှိပဲ နေနိုင်ပါသည်။ အစိုးရအဖွဲ့ထဲမှ နံမည်ပျက် စာရင်းရှိသူအချို့အား လူမှုရေးအရ အပေါင်းအသင်းမလုပ်ပါက ၎င်းတို့သာမက ၎င်းတို့၏မိသားစုများကိုပါ ထိခိုက်စေနိုင်သည်။ ဂုဏ်သရေရှိပုဂ္ဂိုလ်တို့က မိမိတို့၏ သာရေးနာရေးများတွင် ထိုအစိုးရအရာရှိကြီးများကို ဖိတ်ကြားခြင်းမပြုပဲ ထားခြင်းဖြင့် လူမှုရေးအရ ဦးစားမပေးပဲ နေနိုင်သည်။ ထို့ပြင် အစိုးရ ညှော်ခံပွဲများ (သို့) ထိုအစိုးရအရာရှိများနှင့် တွေ့ဆုံနိုင်ဖွယ်ရှိသော အခြားပုဂ္ဂလိကညှော်ခံပွဲများကို မတက်ပဲ နေ၍ရသည်။ ထိုအစိုးရအရာရှိတို့နှင့် အိမ်နီးနားချင်းဖြစ်နေသူများ၊ အန်ဂျီအိုများက ၎င်းတို့၏ဇနီး ခင်ပွန်း သားသမီးများကို သာရေးနာရေးကိစ္စများ၌ မဖိတ်ခေါ်ခြင်း၊ မိဘများက မိမိတို့သားသမီးများကို ထိုသူတို့၏ သားသမီးများနှင့် အရောမဝင်စေခြင်းစသဖြင့် လူမှုရေးအရ နေရာမပေးပဲဆက်ဆံ၍ ဖြစ်နိုင်သည်။ ပြည်သူတို့က ထိုသို့ရှောင်ဖယ်ရှောင်ဖယ် လုပ်နေခြင်းသည် အစိုးရထောက်ခံသူတို့၏ အပြုအမူများအား သည်းညီးမခံနိုင်ကြောင်းကိုသာ ယာယီအားဖြင့် ပြသနေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဂရုတစိုက်ရှိရန်၊ တိတိကျကျရှိရန် လိုသည်။ အမှားအယွင်းဖြစ်သွားလျှင် အစိုးရထောက်ခံသူများသည် မိမိတို့ ဒီမိုကရေစီ ထောက်ခံသည့်ဘက်သို့ ပါမလာပဲ ဖြစ်သွားနိုင်သည်။

အစိုးရအား အသိအမှတ်ပြု ဂုဏ်ပြုသည့်သဘောရှိသော လူမှုရေးနှင့် အားကစားပွဲများကို သပိတ်မှောက်နိုင်သည်။ အစိုးရမနှစ်သက်သော ဝတ်စားဆင်ယင်မှုကိုကပင် ထိုအစိုးရနှင့် ပူးပေါင်းခြင်းမရှိကြောင်း ဖော်ပြသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံသားတို့က ပင်နီတိုက်ပုံ ဝတ်ဆင်ခြင်းမျိုးဖြစ်သည်။ အစိုးရအား လူမှုရေးအရပူးပေါင်းခြင်း မရှိသူတို့၏ အဆိုပါသင်္ကေတများကို ကျန်သူတို့က အလွယ်တကူသဘောပေါက်ပြီး အလားတူလုပ်ဆောင်လာကြသောကြောင့် အစိုးရဆန့်ကျင်ရေး ပိုမိုအားကောင်းလာရသည်။

ဥပမာတခုပေးပါမည်။ အမေရိကန်ကိုလိုနီခေတ်တွင် မက်ဆာချူးဆက် အုပ်ချုပ်ရေးမှူးဖြစ်သူက သူသည် အင်္ဂလိပ်ဘုရင်မင်းမြတ်အား ကိုယ်စားပြုနေလင့်ကစား အကျဉ်းသားတယောက်ထက် ပို၍သာလွန်ခြင်းမရှိကြောင်း ငြီးတွားခဲ့ရဖူးသည်။ သူ့အနေဖြင့် ငြီးတွားမည်ဆိုလည်း ငြီးတွားလောက်သည်။ သူ့စကားကို မည်သူမျှ နားမထောင်ကြချေ။ သူအုပ်ချုပ်ပိုင်ခွင့်ရသောဒေသမှ စစ်တပ်ကလည်း သူ့အမိန့်ကိုမနာခံကြပေ။ မည်သို့ပင်ပြောပြော၊ မည်သို့ပင် အမိန့်ပေးပေး လစ်လျူရှုနေခဲ့ကြသည်။ ဘုရားကျောင်းလာသူတို့ကလည်း သူ့အား ဝေးဝေးကပင် ရှောင်နေခဲ့ကြသည်။

## ၂(ခ) စီးပွားရေးအရ ယိုင်းပင်းကူညီမပေးခြင်း

မည်သည့်အစိုးရမဆို ဘဏ္ဍာငွေ လိုအပ်သည်မှာ ထင်ရှားသည်။ အစိုးရအဖို့ ဘဏ္ဍာငွေရရန် ပြည်သူတို့၏ ဝန်ဆောင်မှုလုပ်ငန်းများက အခွန်ပေးဆောင်လာရေးကို မျှော်လင့်နေရသည်။ အခွန်ငွေရရန် အစိုးရက မက်လုံးပေးရသည်။ ပြည်သူတို့က ထိုဝန်ဆောင်မှုလုပ်ငန်းများကို အားမပေးလျှင် စီးပွားရေးမက်လုံးများ မည်မျှကောင်းနေသည့်တိုင်အောင် ထိုလုပ်ငန်းများ ရေရှည်မရပ်တည်နိုင်။ အစိုးရကိုလည်း အခွန်မပေးဆောင်နိုင်ပဲ ဖြစ်လာတော့သည်။ အစိုးရ ဝင်ငွေမရအောင် ရည်ရွယ်ခြင်းဖြစ်သည်။

အစိုးရ၏မူဝါဒများကို အကောင်အထည်ဖော်ရန် လိုအပ်သောကုန်ပစ္စည်းများ မဝယ်ယူနိုင်အောင်၊ ဝန်ဆောင်မှု လုပ်ငန်းများကို အသုံးမချနိုင်အောင် ရနိုင်သမျှနည်းလမ်းများဖြင့် ငြင်းပယ်လျှော့ချရပါမည်။ အစိုးရသည် ၎င်း၏မူဝါဒများကို အကောင်အထည်မဖော်နိုင်လျှင် ၎င်းအား ထောက်ခံနေကြသူတို့ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အခက်အခဲတွေ့လာမည် ဖြစ်သည်။

အခြားနမူနာတခုမှာ အခွန်မဆောင်ခြင်း (သို့) အခွန်ကို လျှော့ပေါ့ပေးဆောင်ခြင်းဖြစ်သည်။ တနည်းအားဖြင့် အခွန်ရှောင်ခြင်းဖြစ်သည်။ ထို့ပြင် အစိုးရထံ အခွန်ဆောင်ရသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လူထုက အားမပေးပဲ သပိတ်မှောက်ခြင်း၊ စီးပွားရေးမတည်မငြိမ်ဖြစ်အောင် ဆန့်ကျင်ဆန္ဒပြခြင်း စသောနည်းလမ်းများလည်း ရှိသည်။ ပြည်သူတို့က မိမိတို့ စုဆောင်းငွေများကို ဘဏ်များမှထုတ်ယူခြင်းသည်လည်း

အစိုးရအား ယိုင်းပင်းကူညီမှုမပြုသော နည်းလမ်းတခုဖြစ်သည်။ အဆိုပါ နည်းလမ်းကြောင့် နိုင်ငံတကာမှ ငွေရင်းမြှုပ်နှံသူများ လစ်လျူမရှုနိုင်သော ဘဏ္ဍာရေးပြဿနာ ဖြစ်သွားနိုင်သည်။

အစိုးရ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှုကို အားနည်းစေသော နည်းလမ်းများလည်း ရှိသည်။ ဥပမာ နိုင်ငံတကာ စီးပွားရေးကုမ္ပဏီကြီးများ၊ ကုန်သွယ်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာအန်ဂျီအိုတို့အား ထိုအစိုးရနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများ ရုပ်သိမ်းရန် ချော့မော့သွေးဆောင်ခြင်း ဖြစ်သည်။

စီးပွားရေး မတည်မငြိမ်ဖြစ်ရသည့်အတွက် အစိုးရ ထောက်တိုင်များ အားနည်းလာသည်။ ထိုမျှသာမကသေးပါ။ အတိုက်အခံတို့က ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံရေးကိစ္စများတွင် ထိုအစိုးရ၏ ကြိုးပမ်းချက်များ အရာမထင် ဖြစ်စေနိုင်သည်။ အစိုးရလုပ်ချင်သလို လုပ်၍မရ ဖြစ်လာနိုင်သည်။ အစိုးရအနေဖြင့် ထိုသို့အခက်အခဲရှိလာသော်လည်း အကြမ်းမဖက်လှုပ်ရှားမှု အောင်မြင်ရေးအတွက် အလွန်အမင်း ထိရောက်အောင် အကျိုးပြုသည့်ကိစ္စတော့မဟုတ်ပေ။

အစိုးရအဖို့ ထိခိုက်ဆုံးရှုံးမခံနိုင်သောကိစ္စမှာ နိုင်ငံခြားငွေမာ အဝင်အထွက်ဖြစ်သည်။ ဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု ဆင်နွှဲရာတွင် ယင်းကိုခြေရာခံမိရန် အရေးကြီးသည်။ အစိုးရသည် ငွေမာများကို သဘာဝသယံဇာတများ ရောင်းချခြင်းဖြင့် ရရှိတတ်သည်။ ထုတ်လုပ်စရိတ်သက်သာသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို ရောင်းချခြင်းဖြင့်လည်းရရှိနိုင်သည်။ အစိုးရ၌ ငွေမာများ မရရှိရေးအတွက် အထိရောက်ဆုံး ပစ်မှတ်မှာ အဆိုပါပစ္စည်းနှင့် လုပ်ငန်းများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမှု မရှိအောင် လုပ်သည့်ကိစ္စ ဖြစ်သည်။ အခြားတဘက်တွင် အစိုးရအဖို့ အတိုက်ခိုက် မခံနိုင်ဆုံးမှာ ပြည်ပသွင်းကုန်ဖြစ်သည်။

## ၂(ဂ) နိုင်ငံရေးအရ ယိုင်းပင်းကူညီမပေးခြင်း

အစိုးရအား ယိုင်းပင်းကူညီမှုမရှိခြင်းသည့် နည်းလမ်းမှန်သမျှ သဘာဝအားဖြင့် နိုင်ငံရေးနှင့် ဆိုင်သည်။ ဒေါက်တာဂျင်းရှပ် စုစည်းတင်ပြထားသော အကြမ်းမဖက်လှုပ်ရှားမှု နည်းလမ်း(၁၉၈)မျိုး၌ နိုင်ငံရေးအရ ယိုင်းပင်းကူညီမှုမပြုသည့် နည်းလမ်း (၃၈)မျိုး ရှိသည်။ ယင်းတို့သည် အစိုးရ၏ အာဏာပိုင်ဆိုင်မှုကို ပယ်ချရန် အဓိက ရည်ရွယ်သည်။

အစိုးရတရပ်အား နိုင်ငံရေးအရ ယိုင်းပင်းကူညီမှုမပြုသည့်အတွက် ထိုအစိုးရ အထိနာသလို ဘေးထွက်အကျိုး သက်ရောက်မှုတခုလည်း အလိုလို ဖြစ်ထွန်းလာသည်။ လူ့အသိုင်းအဝိုင်းတခု အတွင်းရှိ အဖွဲ့အစည်းများသည် တဖွဲ့ချင်းဖြစ်စေ၊ အလားတူအဖွဲ့များနှင့် ပူးပေါင်း၍ဖြစ်စေ ထိုအစိုးရအား နိုင်ငံရေးအရ ယိုင်းပင်းကူညီမှုမပြုသောအခါ သူတို့သည် အစိုးရအား ဆန့်ကျင်၍ မည်သို့ရပ်တည်လျှင် ဖြစ်နိုင်သည်ကို သိလာကြသည်။ ဆန့်ကျင်ရဲသည့် ယုံကြည်မှုများ တိုးလာသည်။

နိုင်ငံရေးအရ ယိုင်းပင်းကူညီမှုမပြုခြင်းသည် ထိုအစိုးရအား ပြင်းပြင်းထန်ထန် တိုက်ရိုက်တိုက်ခိုက်ခြင်းဖြစ်သည်။ အစိုးရသည် အာဏာပိုင်ဆိုင်မှုကို ပိုင်ပိုင်နိုင်နိုင် အသုံးချလျက် ကြေညာချက်များ၊ အစိုးရခံယူချက်သဘောထားများနှင့် အခြားမှတ်တမ်းများကို တရားဝင် ထုတ်ပြန်တတ်သည်။ မည်သို့ပင်ထုတ်ပြန်စေကာမူ ပြည်သူလူထုက နိုင်ငံရေးအရပယ်ချလျှင် ပြည်သူတို့၏စိတ်ထဲတွင် အစိုးရ၌ ထိုသို့အာဏာသုံးပိုင်ခွင့် မရှိကြောင်း တစတစ ယုံကြည်လာကြသည်။

ထိုသို့ဆန့်ကျင်ပြီးသည်နှင့်တဆက်တည်းမှာပင် အစိုးရအဖွဲ့အစည်းဌာနများကို သပိတ်မှောက်တော့သည်။ အစိုးရ၏ အရပ်ဖက်ဝန်ထမ်းတို့ကလည်း ယန္တရားလည်ပတ်မှုအရှိန်ကို လျှော့ချလိုက်ကြသည်။ သည့်နောက်တွင် အစိုးရဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများ ဖြစ်စေနိုင်သည့် အခွင့်အလမ်းများ မရေမတွက်နိုင်အောင် ရှိလာသည်။

အထက်ပါအနေအထားသည် အကယ်၍ နေရာအနှံ့အပြားတွင် အလားတူဖြစ်ပျက်သွားမည်ဆိုပါက ပြည်သူလူထုသည် အတိုက်အခံတို့၏ အကြမ်းမဖက်ဒီမိုကရေစီလှုပ်ရှားမှုတွင် အစိုးရဘက်မှ ရပ်တည်ပေးတော့မည်မဟုတ်ပေ။ ထို့ပြင် ထိုအစိုးရအဖို့ အာဏာကို လုံးဝလက်လွှတ် ဆုံးရှုံးရသည်အထိ ဖြစ်သွားနိုင်သည်။

## (၃) ဝင်ရောက်စွက်ဖက်ခြင်း

ရှိနေပြီးဖြစ်သော အလေ့အထများ၊ မူဝါဒများ၊ ဆက်စပ်မှုများ၊ အဖွဲ့အစည်းအသိုင်းအဝိုင်းများ စသည်တို့ကို အကြမ်းမဖက်ပဲ တားဆီးရန် (သို့) ထိုသို့တားဆီးခြင်းဖြင့် အကျိုးသက်ရောက်မှုရှိစေရန် လုပ်ရှားခြင်းများသည် ဝင်ရောက်စွက်ဖက်ခြင်း ဖြစ်သည်။ ထိုသို့လှုပ်ရှားမှုများကြောင့် အဆိုပါရှိပြီးသားများသည် အသစ်ဖြစ်လာနိုင်စရာသည်။ အဖွဲ့အစည်းအသိုင်းအဝိုင်းများပင် အသစ်ဖြစ်လာနိုင်သည်။ ထိုနည်းလမ်းများသည် အစိုးရ၏ လက်ရှိအနေအထားကို တိုက်ရိုက်စိမ်ခေါ်သည် ဖြစ်သောကြောင့် ဝင်ရောက်စွက်ဖက်ရသည့်ကိစ္စကို အစိုးရအား ချက်ချင်းသိမြင်စေရသည်။ အာဏာပိုင်များကိုယ်တိုင် ဖြစ်နိုင်လျှင် ချက်ချင်းလက်ငင်း ဖြေရှင်းပေးနိုင်ရေးကို ပို၍ တိုက်ရိုက်တောင်းဆိုရသည်။ အခြားတဘက်တွင်လည်း ဝင်ရောက်စွက်ဖက်ခြင်း နည်းလမ်းများက ဆန့်ကျင်ဆန္ဒပြခြင်း၊ ယိုင်းပင်းကူညီမပေးခြင်းစသော နည်းလမ်းများထက်ပို၍ မြန်မြန် ပြင်းထန်စွာ နှိပ်ကွပ်ခံရနိုင်ဖို့ရှိနိုင်သည်။

အစိုးရ ဖွဲ့စည်းတည်ဆောက်ထားသည့် နိုင်ငံရေးပုံစံနှင့် လူမှုရေး အဆက်အစပ်များကို ထိရောက်စွာပြောင်းလဲစေရန် ပြည်သူလူထုက မည်သို့ဝင်ရောက်စွက်ဖက်နိုင်ခဲ့သည်ကို မဝေးသေးသော အမေရိကန်သမိုင်းကြောင်းတွင် တွေ့ရသည်။ အမေရိကန် လူ့အခွင့်အရေးလှုပ်ရှားမှုတွင် နေ့လည်စာရောင်းသောနေရာ၌ ထိုင်သပိတ်မှောက်ခြင်းသည် ထင်ထင်ရှားရှားရှိခဲ့သည်။ ထိထိရောက်ရောက်လည်းရှိသဖြင့် ဝင်ရောက်စွက်ဖက်သူတို့က စားသောက်ဆိုင်များတွင် လူမျိုးရေးခွဲခြားနေမှုများကို အဆုံးသတ်ပေးနိုင်ခဲ့သည်။ ထို့ပြင် အဆိုပါ စည်းရုံးလှုပ်ရှားမှုများကြောင့် လူမျိုးရေးခွဲခြားနေမှု ဆန့်ကျင်ရေးမှာ ထင်ရှားလာပြီး ဥပဒေပြဋ္ဌာန်းပေးစေလိုသည်အထိ အလေးအနက် အရေးယူဆောင်ရွက်ရန် အသိတရားများ နိုးကြားလာသည်။

အထိမခံသည့် အကြမ်းပတမ်းပုံစံဖြင့် ထိုင်သပိတ်မှောက်သည်မှာ ဆယ်စုနှစ်များစွာ ကြာလာသည်။ နောက်ပိုင်း တခါတရံ အကြမ်းပတမ်းပုံစံဖြင့် ထိုင်သပိတ်မှောက်ခြင်းများမှ အကြမ်းမဖက် ငြိမ်းချမ်းစွာ ထိုင်သပိတ်မှောက်သည့်ပုံစံသို့ ပြောင်းလဲလာသည်။ ဆန္ဒပြနေသူများက အကြမ်းမဖက်တော့မှန်း ရဲများက သိလာသည့်အခါ ဝင်ရောက်ရိုက်နှက်သည်။ ရဲခွေးများဖြင့် ရှူးတိုက်သည်။ အဆိုပါအကြမ်းဖက်မှုများကို မကြာခဏဆိုသလို အာဏာပိုင်များက ဖန်တီးတတ်သည်။ ထိုအခါ ဆန္ဒပြသူများသည် နိုင်ငံရေး "ဂျီအုဂျီဆု"နည်းကိုသုံးကြသည်။

"ဂျီအုဂျီဆု" ဆိုသည်မှာ ငြိမ်းချမ်းစွာဆန္ဒပြနေသူများအား ပြိုင်ဖက်(အာဏာရှင်အစိုးရ)က အကြမ်းဖက် နှိမ်နင်းလာခြင်းကို နိုင်ငံရေးအရတုန့်ပြန်၍ အင်အားသာလွန်ရန် အသုံးပြုသော အထူးနည်းလမ်း ဖြစ်သည်။ တနည်းအားဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများသည် အကြမ်းဖက်လာသည့် အာဏာပိုင်များကို အကြမ်းမဖက် တုန့်ပြန်ခြင်းဖြင့် နိုင်ငံရေးအရ အမြတ်ထုတ်ရခြင်း ဖြစ်သည်။ နိုင်ငံရေးအမြတ်ထုတ်နိုင်သောကြောင့်လည်း လူမျိုးရေးခွဲခြားမှုကိုကာကွယ်ပေးသည့် တရားဥပဒေမှာ ပိုမိုအားကောင်းလာရသည်။ အာဏာရှင်အစိုးရကို ဗျူဟာမြောက်အကြမ်းမဖက်ဆန့်ကျင်ရာတွင် လူထုအတွက် ရပ်တည်ပေးမည့် တရားမျှတမှုကို ထိုအစိုးရထံမှ ရနိုင်ဖွယ်မရှိပေ။ လှုပ်ရှားသူတို့အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ အင်အားဖြည့်တင်းပေးလာရန်သာ လိုအပ်သည်။

နိုင်ငံတကာ ဝင်ရောက်စွက်ဖက်မှု ဥပမာတခုအနေဖြင့် ၂၀၀၂ခုနှစ် ဒီဇင်ဘာလက အင်ဒိုနီးရှား အာချဲတွင် စောင့်ကြပ်ပေးနေသော နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့များအကြောင်း ဖော်ပြပါမည်။ အာချဲဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (သို့) လွတ်လပ်ရေးရရန် လှုပ်ရှားသူတို့အား ဆန့်ကျင်သူများရှိခဲ့သည်။ ထိုသူတို့သည် လူ့အခွင့်အရေးစောင့်ကြည့်သူများနှင့် လူသားချင်းစာနာထောက်ထားရေး အကူအညီပေးသူများကိုလည်း ကြမ်းတမ်းစွာ အန္တရာယ်ပေးလာသဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့က ကာကွယ်ပေးရန်အတွက် ဝင်ရောက်စွက်ဖက်လာရသည်။ တချိန်တည်းမှာပင် နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့ ရှိနေခြင်းကြောင့် အာချဲဒေသခံ လှုပ်ရှားသူတို့က အင်ဒိုနီးရှားအစိုးရအား အကြမ်းဖက်လာနိုင်ခြင်းများကို တားဆီးရန် စောင့်ကြည့်ပေးနိုင်ခဲ့သည်။

နောက်ထပ် နိုင်ငံတကာဝင်ရောက်စွက်ဖက်မှု ဥပမာမှာ ပါလက်စတိုင်း လယ်သမားနှင့် ပြည်သူများကို အစ္စရေး အခြေချနေထိုင်သူများနှင့် အစ္စရေးစစ်တပ်မှ တိုက်ခိုက်နေသည့်အတွက် နိုင်ငံခြားမှ အကြမ်းမဖက် သက်တော်စောင့်များ ချထားပြီး ထိုသူတို့အားကာကွယ်ပေးခဲ့သည်။

ဝင်ရောက်စွက်ဖက်မှုများကြောင့် အစိုးရများကို အားနည်းစေနိုင်သည်။ အစိုးရထောက်တိုင်များကို ပိုမိုယိုင်နဲ့စေနိုင်သည်။ သေချာစွာ စီစဉ်ရေးဆွဲထားသော မဟာဗျူဟာ ရှိနေလျှင် ဖြစ်ပေါ်လာသော အခွင့်အကောင်းများကို မလွှတ်တမ်း မြန်မြန် ဆန်ဆန်အသုံးချနိုင်ရန် ညှိနှိုင်းပြင်ဆင်၍ရသည်။

မဟာဗျူဟာ မရှိလျှင် ညှိနှိုင်းပြင်ဆင်မှုမရှိသောကြောင့် ပေါ်လာသောအခွင့်ကောင်းကို အသုံးမချနိုင်ပဲ လှုပ်ရှားမှုအရှိန်အဟုန် ကျဆင်းသွားနိုင်သည်။ ထိုအခါ ပြိုင်ဖက်အတွက် ပြန်လည်အင်အားဖြည့်ရန် အချိန်ပေးလိုက်သလို ဖြစ်သွားသည်။

အစိုးရ၏စစ်တပ် အစရှိသော အသိုင်းအဝိုင်းများသည် အစိုးရဘက်မှ ရပ်တည်၍ နောက်ဆုံးအချိန်ထိ ပြန်လှန်တိုက်ခိုက်လာနိုင်သည်။ အကြောင်းမှာ ဝင်ရောက်စွက်မှုများသည် သူတို့၏ ဆက်လက်ရပ်တည်နိုင်ရေးကို ခြိမ်းခြောက်နေပြီဟု ထင်မှတ်သွားသောကြောင့်ဖြစ်သည်။ ထိုသို့မဖြစ်စေရန်မှာ အစိုးရရပ်တည်ရေးကို အထောက်အကူပြုသော အဆိုပါအင်အားစုများ ( စစ်တပ်၊ ရဲ၊ ဝန်ထမ်း အစရှိသည်)တို့အား အသိပညာပေး၊ စည်းရုံး၊ လှုံ့ဆော်ရေးကို စဉ်းစားသင့်သည်။ ထို့နောက် စောလျင်စွာ လက်တွေ့ အကောင်အထည်ဖော်သင့်သည်။

--------- ০০০---------

# အခန်း (၅)
# ပြဿနာဖြေရှင်းပုံ

**အကြံပေးအဖွဲ့၏ လေ့လာ သုံးသပ် တင်ပြပုံကို အသုံးပြုသောအခါ ပြဿနာဖြေရှင်းချက်ကို မတွေ့ပဲနေ၍ မရပြီ။**

– စောယိုရှူး (ကရင်အမျိုးသားကောင်စီ) (သူ၏ နိုင်ငံရေးအံ့တုမှုကော်မတီမှ လေ့လာသုံးသပ်တင်ပြပုံကို သင်တန်းပို့ချရာတွင် အသုံးပြုရန် မည်သည့်အတွက်ကြောင့် ထောက်ခံရသနည်းဟု မေးစဉ်ကဖြစ်သည်။)

ပဋိပက္ခတခုကို အောင်မြင်စွာဖြေရှင်းနိုင်ရန် အချက်သုံးချက် လိုအပ်သည်။

- လှုပ်ရှားသူတို့တွင် ရှင်းလင်း ပြတ်သားသော ရည်မှန်းချက်များ ရှိရပါမည်။
- မဟာဗျူဟာ(Strategy)ကို ရေးဆွဲထားပြီး ဖြစ်ရပါမည်။
- ထို့နောက် အထောက်အကူ ပေးသော အစီအစဉ်များ (Supporting plans) ရှိရပါမည်။

Supporting plan ဆိုသည်မှာ တနည်းအားဖြင့် မဟာဗျူဟာ သို့မဟုတ် မဟာဗျူဟာတွင် ပါဝင်သည့် အချက်များကို အကောင်အထည် ဖော်ပေးနိုင်သည့် နည်းလမ်းများဖြစ်သည်။ ထိပ်တန်းမဟာဗျူဟာ (Grand Strategy) တွင်ပါရှိသော ရည်မှန်းချက်များနှင့် လမ်းညွှန်ချက်တို့မှာ အတိုက်အခံနိုင်ငံရေး ခေါင်းဆောင်များက အကြမ်းမဖက်လှုပ်ရှားရန်အတွက် ဆုံးဖြတ်ပြီးသောအခါ မူဝါဒများကို ရေးဆွဲရသည်။ ထိုမူဝါဒများမှာ ထိပ်တန်း မဟာဗျူဟာ (Grand Strategy) တွင်ပါရှိသော ရည်မှန်းချက်များနှင့် လမ်းညွှန်ချက်များ ဖြစ်သည်။

ပဋိပက္ခများစွာကို ဖြေရှင်းရာတွင် Supporting plan ရှိနေပြီး ဖြစ်ရပါမည်။ သို့မှသာ ခေါင်းဆောင်များက မူဝါဒများကို ဆုံးဖြတ်ပြီးသည်နှင့် Supporting plan ကိုအသုံးချ၍ အကောင်အထည် ဖော်နိုင်ပါမည်။

အာဏာရှင်နိုင်ငံတို့တွင် ဒီမိုကရေစီလှုပ်ရှားမှုများကို ကြိုးပမ်းကြရာ၌ ပြဿနာဖြေရှင်းနိုင်စွမ်း မရှိသလောက် ဖြစ်တတ်သည်။ ထိုသို့ဖြစ်ရသည်မှာ အာဏာရှင်တို့က လူ့အဖွဲ့အစည်းများကို တင်းကြပ်စွာ ထိန်းချုပ်ထားခြင်း၊ အာဏာရှင်၏ လက်အောက်ခံများတွင် ဆုံးဖြတ်ပေးနိုင်သော အခွင့်အာဏာများ ကန့်သတ်ခံ နေရခြင်းတို့ကြောင့် ဖြစ်သည်။

တဖက်စွန်းရောက် အာဏာရှင်အစိုးရများသည် ပြည်သူများ၏ စားဝတ်နေရေး၊ ပညာရေး၊ အလုပ်အကိုင်၊ ဘာသာရေး၊ လူမှုရေးအစရှိသည်တို့ကို ၎င်းတို့စိတ်ကြိုက် ဆုံးဖြတ်စီမံလေ့ရှိသည်။ အာဏာရှင်၏ နောက်လိုက်များမှာ အာဏာရှင်အား ကြောက်ရွံ့ရသောကြောင့်ဖြစ်စေ၊ ယဉ်ကျေးမှုအစဉ်အလာအရဖြစ်စေ လူထု ဘက်က ရှေ့နေလိုက်ပေးရန် တွန့်ဆုတ်ကြသည်။ သူတို့သည် အထက်ကပေးသော အမိန့်အတိုင်းသာ တသွေမတိမ်း လိုက်နာပြီး လူထုကို စီမံအုပ်ချုပ်ကြသည်။

ပြဿနာများကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရန် ပြဿနာဖြစ်ရသော အကြောင်းရင်းများကို သေချာစွာ စိစစ်သုံးသပ်ရပါမည်။ ဖြေရှင်းရန် ဖြစ်နိုင်ခြေများ ရှိနေရပါမည်။ လူထုထံတွင် ပြဿနာကြီးငယ်မှန်သမျှကို ကျွမ်းကျင်စွာဖြေရှင်းနိုင်သည့် အရည်အချင်းများ ရှိနေရပါမည်။ ထိုအရည်အချင်းများ တိုးတက်လာအောင် အခွင့်ကောင်းများ ဖန်တီးပေးနေရပါမည်။

လူတို့သည် မိမိတို့ဘဝပြဿနာများကို ဖြေရှင်းရန် အကြိမ်ပေါင်းများစွာ ဆုံးဖြတ်ဖူးကြသည်။ သို့သော် ဆုံးဖြတ်ချက်အများစုမှာ မည်သို့ဝတ်စားဆင်ယင်မည်၊ မည်သည့်အရာကို ဝယ်ယူမည်၊ မွေးနေ့ပါတီသို့ မည်သူ့ကိုဖိတ်မည် စသည့် သာမန်ကိစ္စများသာဖြစ်သည်။ တချို့က မည်သို့သော အသက်မွေးဝမ်းကျောင်းပြုမည် စသဖြင့် အနည်းငယ်ပိုမြင့်သောကိစ္စများကို ဆုံးဖြတ်နိုင်ကြသည်။

ကျွန်ုပ်တို့မှာ ရသမျှကို တင်းတိမ်ရောင့်ရဲတတ်ကြသည်။ နောက်ဆုံးတွင် ဆုံးဖြတ်ချက်အတိုင်း မဖြစ်စေကာမူ ကုသိုလ်ကံပေးသလောက်သာဟု သဘောထားပြီး လက်ခံတတ်ကြသည်။ သို့ဖြစ်၍ အရေးသိပ်မကြီး လှသော အဆိုပါကိစ္စများတွင် အကောင်းဆုံးဖြေရှင်းနိုင်ပါလျက် ခပ်ပေါ့ပေါ့ ဆုံးဖြတ်နေကြသည်။ အကောင်းဆုံးကို မမျှော်မှန်းကြသည်မှာ အကောင်းဆုံးမဟုတ်သော အခြားရွေးချယ်စရာများဖြင့် နှစ်သိမ့်ရောင့်ရဲနိုင်သောကြောင့်

ဖြစ်သည်။ ဥပမာအားဖြင့် လူတယောက်သည် အိမ်ထောင်ပြုရာ၌ သူနှင့် အလိုက်ဖက်ဆုံး အိမ်ထောင်ဘက်ကို အချိန်ယူ ရွေးချယ်မနေတော့ပဲ နီးစပ်ရာ အသိုင်းအဝိုင်းမှ မည်သူနှင့်လက်ထပ်ပေါင်းသင်းလျှင် သူ၏ နေ့စဉ်ဘဝ မည်သို့အဆင်ပြေနိုင်မည်ကိုသာကြည့်၍ လွယ်လွယ် ဆုံးဖြတ်ခြင်းမျိုး ဖြစ်သည်။

လူပုဂ္ဂိုလ်တဦးချင်းကဲ့သို့ပင် အဖွဲ့အစည်းတို့သည်လည်း ပြဿနာများကို ကိုင်တွယ်ဖြေရှင်း နေရပေသည်။ အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ဆိုသည်မှာ အဖွဲ့ဝင်များကိုသာမက အဖွဲ့ဝင်မဟုတ်သူများကိုပါ အကြိုးဝင်လျက် ရှိတတ်သည်။ ဥပမာ– နိုင်ငံရေးပါတီတခု၏ ဆုံးဖြတ်ချက်သည် ထိုပါတီဝင်မဟုတ်သော သာမန်ပြည်သူများ၏ အကျိုးအတွက်လည်း ရည်မှန်း၍ ဆုံးဖြတ်ရခြင်းမျိုး ဖြစ်သည်။ ဆုံးဖြတ်ချက်တခုကြောင့် အလွန်အရေးပါသော ကောင်းကျိုး၊ ဆိုးကျိုးများ ဖြစ်သွားတတ်သည်။ သို့ဖြစ်၍ ဆုံးဖြတ်ချက်ချသူသည် ရနိုင်သမျှ အကောင်းဆုံး အချက်အလက်များ အပေါ်အခြေပြု၍ တင်ပြလာသောဖြစ်နိုင်ခြေများကို စဉ်းစားသုံးသပ်ဖို့ လိုအပ်သည်။

စစ်တပ်၏ ဆုံးဖြတ်ချက်ချပုံနှင့် အကြမ်းမဖက်လှုပ်ရှားရေးအတွက် ဆုံးဖြတ်ချက်ချပုံတို့မှာ အများအားဖြင့် တူညီကြသည်။ သို့ဖြစ်၍ ဆုံးဖြတ်ချက်ချသူထံ ဖြစ်နိုင်ခြေများကို တင်ပြမည့်သူတို့သည် စစ်တပ်၏ ပြဿနာဖြေရှင်းသည့်နည်းဗေဒ (Probem solving methodology)ကို သိထားလျှင် အသုံးဝင်ပေလိမ့်မည်။ ပြဿနာဖြေရှင်းသည့်နည်းဗေဒသည် လိုရင်းကို ရှင်းလင်းစွာ ဖော်ပြပေးနိုင်သည်။ ယင်းတွင် အသေးစိတ် အချက်အလက်များ ပါရှိသည်။ ထိုနည်းဗေဒကို အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စများပေါ်ပေါက်လာသောအခါ နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုနိုင်သည်။ အမျိုးမျိုးသော ပြဿနာပေါင်းများစွာကိုလည်း ဖြေရှင်းပေးနိုင်သည်။

လှုပ်ရှားမှုတခုအတွက်ဆိုလျှင်လည်း အဆိုပါလှုပ်ရှားမှု၏ မည်သည့်အဆင့်မဆို ပြဿနာဖြေရှင်းရာ၌ အသုံးပြုနိုင်သည်။ ခေါင်းဆောင်ဖြစ်သူက အကြံပေးသူတို့ တင်ပြလာသည်ကို အခြေခံ၍ ပြဿနာကို ဖြေရှင်းသည်။

## အကြံပေးအဖွဲ့၏ လေ့လာသုံးသပ်တင်ပြပုံ (Staff Study Format)

တဆင့်ပြီးမှတဆင့် ဆောင်ရွက်ရသောနည်းလမ်းဖြစ်သည်။ အရေးကြီးသောမှတ်သားမှုတခုအဖြစ် လေ့လာသင့်သည်။

၁၊ ပြဿနာကို ဦးစွာဖော်ပြခြင်း
၂၊ ထင်မြင်ယူဆချက်ကို ဖော်ထုတ်ခြင်း
၃၊ ပြဿနာဖြစ်နေသော အချက်များကို ရှာဖွေခြင်း
၄၊ အချက်အလက်များကို ဆွေးနွေးခြင်း
၅၊ အဆုံးသတ်ကောက်ချက်ချခြင်း
၆၊ ထောက်ခံချက်ကို တင်ပြခြင်း တို့ဖြစ်သည်။

## စာပိုဒ် – ၁။ ပြဿနာကို ဦးစွာဖော်ပြခြင်း

နံပါတ်တစ် အာရုံစိုက်ရမည့် ပြဿနာကို ပထမဦးဆုံး စာပိုဒ်တွင် တင်ပြရပါမည်။ သိသာမြင်သာအောင် အရင်ဆုံးဖော်ပြသော်လည်း ထိုပြဿနာကိုဖော်ပြမည့်စကားလုံးကို ရွေးချယ်ရန် လွယ်ကူမည်မဟုတ်ပါ။ ပြဿနာကိုဖော်ပြရမည့်အစား ပြဿနာ၏ လက္ခဏာကို မှားယွင်းစွာ ဖော်ပြမိတတ်ကြသည်။

နေ့စဉ် ခဏခဏ ခေါင်းကိုက်သဖြင့် တနေ့ အက်စပရင် နှစ်လုံးသောက်နေရသော လူတယောက်အဖို့မှ သူ ဘယ်လို ခေါင်းကိုက်ဝေဒနာ ခံစားနေရသည်ကို ဆင်ခြေကောင်းကောင်းပေး၍ ပြောဆိုမိတတ်သည်။ ဒါမျိုးကလည်း ဖြစ်နေကျပင်။ သူ့အနေဖြင့် ခေါင်းကိုက်ဝေဒနာသက်သာအောင် အခြားနည်းလမ်းများဖြင့် လုပ်နိုင်ပေလိမ့်မည်။ သို့သော် အဓိကပြဿနာမှာ သူ ခေါင်းကိုက်ပျောက်ဖို့သာ ဖြစ်သည်။ သို့ဖြစ်၍ ခေါင်းကိုက်ဝေဒနာ ပျောက်ကင်းရန် ဆရာဝန်ဆီကို သွားပြသည့်အခါ ခေါင်းကိုက်သည် ဆိုသည့်အချက်ကိုသာလျှင် မကွယ်မဝှက် ဦးစွာ ဖော်ပြသင့်ပေသည်။

## စာပိုဒ် – ၂၊ ထင်မြင်ယူဆချက်ကို ဖော်ထုတ်ခြင်း

နိုင်ငံရေးခေါင်းဆောင်များတွင် အကြံပေးများရှိကြသည်။ ထိုသူတို့၏ နိုင်ငံရေးလုပ်ဆောင်မှုမှာ ထင်မြင်ယူဆချက်များ ပေးရန် ဖြစ်သည်။ အကြံပေးသူတို့က များသောအားဖြင့် အနာဂတ်ရေးရာများ၊ လက်ရှိ (သို့) အနာဂတ်အခြေအနေများ၊ ရရှိနိုင်သော အရင်းအမြစ်များအကြောင်း စသည်တို့ကို သူတို့ထင်မြင်ယူဆသည့်အတိုင်း အကြောင်းပြချက် ခိုင်ခိုင်လုံလုံဖြင့် ဖော်ပြကြသည်။ အဆိုပါ ထင်မြင်ယူဆချက်များမှာ ခေါင်းဆောင်များအနေဖြင့် အမှန်တကယ် သိသင့်သိထိုက်လာအောင် လက်တွေ့အားဖြင့် ထုတ်ဖော်ပေးခြင်း ဖြစ်သည်။ စံနမူနာအားဖြင့် ထင်မြင်ယူဆချက်များ မလုပ်ခြင်းက ပို၍ လက်ခံနိုင်စရာဖြစ်သည်။ သို့သော် ပြဿနာကို ဖြေရှင်းနိုင်ရုံလောက် ထင်မြင်ချက်ပေးရန် လိုအပ်သည်။

သို့ဖြစ်၍ ထင်မြင်ယူဆချက်များသည် မည်မျှမှန်ကန်၍ လက်ခံနိုင်ကြောင်းကို သေချာစွာ စစ်ဆေး ဆုံးဖြတ်ပြီးမှ ဒုတိယစာပိုဒ်တွင် ဖော်ပြရပါမည်။ တဖန် အရေးပါသောကိစ္စများကို စဉ်းစားရန်အတွက် မည်သို့ လုပ်ဆောင်သင့်ကြောင်း စသည့် ထင်မြင်ယူဆချက်များကို ဆိုးကျိုးများမရှိရအောင် အကြံပြုရုံသက်သက် ထည့်သွင်း ခြင်းမျိုးလည်း ရှိသင့်သည်ကို သတိပြုရပါမည်။

## စာပိုဒ် – ၃၊ ပြဿနာဖြစ်နေသော အချက်များကို ရှာဖွေခြင်း

တတိယစာပိုဒ်တွင် ပြဿနာနှင့်ဆက်စပ်နေသော အချက်အလက်များကို စုဆောင်း၍ ဖော်ပြ ရပါမည်။ ပြီးပြည့်စုံသော အချက်အလက်များသည် ပြဿနာများကို အောင်မြင်စွာဖြေရှင်းနိုင်ရန်အတွက် အလွန် အရေးပါသည်။

အထက်တွင် ဖော်ပြခဲ့သောဥပမာအရ ခေါင်းကိုက်နေသည့်လူ၏ ချင့်ချိန်စားသောက်ပုံ၊ မျက်စိ အားကောင်း မကောင်း၊ လုပ်ငန်းခွင် အလေ့အထ၊ ကိုယ်လက်လှုပ်ရှားမှု၊ စိတ်ဖိစီးမှုအဆင့်၊ ကြုံတွေ့နေရသော အခြားကိစ္စများ အစရှိသည့် နေပုံထိုင်ပုံ အချက်အလက်များကို စမ်းသပ်စစ်ဆေးသူ ဆရာဝန်မေးသမျှ မချွင်းမချန် ပြောပြရပေမည်။

## စာပိုဒ် – ၄၊ အချက်အလက်များကို ဆွေးနွေးခြင်း

ပြဿနာနှင့်ဆိုင်သော ထင်မြင်ယူဆချက်၊ လိုအပ်သောအချက်အလက်တို့ကို အသေးစိတ် သိရှိပြီးသောအခါ ဖြစ်နိုင်စရာနည်းလမ်း (Option) များကို စဉ်းစား၊ ဆွေးနွေး၍ စတုတ္ထစာပိုဒ်တွင် ဖော်ပြရပါမည်။

ထိုအချိန်တွင် ထိုသူအား ခေါင်းကိုက်စေသောပြဿနာများကို ဆရာဝန်က နားလည်သွားပြီ ဖြစ်သည်။ ထို့နောက် တဆင့်တက်၍ ထိုသူအား ခေါင်းကိုက်ရောဂါနှင့်ဆိုင်သော အချက်အလက်များကို မေးမြန်း တော့မည်ဖြစ်သည်။ ခေါင်းကိုက်ဝေဒနာ ခံစားရသူသည် ညအိပ်ပျော်ခြင်း ရှိမရှိ၊ စိတ်ဖိစီးမှုများ ရှိမရှိ၊ ငှက်ဖျားပိုး ရှိတတ်သောနေရာသို့ ရောက်ခဲ့ခြင်း ရှိမရှိ၊ တုပ်ကွေးဖြစ်ဖူးခြင်း ရှိမရှိ၊ အသက်(၄၀)အရွယ်လောက်တွင် စာဖတ်၍ ရမရ၊ မျက်စိကို စမ်းသပ်မှုမရှိသည်မှာ အချိန်မည်မျှ ကြာမြင့်နေပြီ အစရှိသဖြင့် ဆရာဝန်မေးနေမည်ဖြစ်ပြီး မေးသမျှ ကိုလည်း အမှန်အတိုင်း ဖြေရပေလိမ့်မည်။

## စာပိုဒ် – ၅၊ အဆုံးသတ်ကောက်ချက်ချခြင်း

ပြဿနာနှင့် တိုက်ရိုက်ပတ်သက်နေသော ထင်မြင်ယူဆချက်များ၊ လိုအပ်သော အချက်အလက် များကို သုံးသပ် ဆွေးနွေးညှိနှိုင်းပြီးနောက် အကောင်းဆုံးဖြေရှင်းချက်ကို ပဉ္စမစာပိုဒ်တွင် ထည့်သွင်းဖော်ပြရပါမည်။

အထက်ပါဥပမာကို ဆက်လက်ဖော်ပြရသော် ဆရာဝန်သည် အလုံးစုံစမ်းသပ်သိရှိ သုံးသပ် ပြီးသည့်နောက်တွင် ခေါင်းကိုက်ရသည့်အကြောင်းရင်းမှာ စာဖတ်လွန်၍ မျက်စိညောင်းခြင်းကြောင့် ဖြစ်ကြောင်း ကောက်ချက်ချပေးနိုင်ပါမည်။

## စာပိုဒ် – ၆ ထောက်ခံချက်ကို တင်ပြခြင်း

နောက်ဆုံးစာပိုဒ်၌ဖော်ပြရန် (သို့) နောက်ဆုံးလုပ်ရမည့်အဆင့်မှာ ပြဿနာဖြေရှင်းနိုင်ရေးအတွက် ဆုံးဖြတ်ပေးမည့် ခေါင်းဆောင်ထံ တိကျရှင်းလင်းသော ထောက်ခံချက်ကို တင်ပြရန်ဖြစ်သည်။

ဆိုခဲ့ပြီးသည့်ဥပမာတွင် ခေါင်းကိုက်ပျောက်စေရန်အတွက် မျက်စိစမ်းသပ်ရန် လိုအပ်ကြောင်း နောက်ဆုံးအဖြေဖြင့် ဆရာဝန်မှ ထောက်ခံပေး လိုက်သကဲ့သို့ဖြစ်သည်။

တင်ပြသော ဖြစ်နိုင်ခြေကို အောက်ပါမေးခွန်းသုံးမျိုးဖြင့် စမ်းသပ်နိုင်သည်။

၁။ **သင့်တော်မှု ရှိမရှိ** – အဆိုပါထောက်ခံချက်သည် ထိုပြဿနာကို အမှန်တကယ် ဖြေရှင်းနိုင်ပါသလား။

၂။ **ဖြစ်နိုင်ခြေရှိမရှိ** – အဆိုပါထောက်ခံချက်ဖြင့် လက်တွေ့ဖြေရှင်းနိုင်ပါသလား။

၃။ **လက်ခံနိုင်ခြေရှိမရှိ** – ဆုံးဖြတ်ပေးသည့် ခေါင်းဆောင်က အဆိုပါထောက်ခံချက်ဖြင့် ဖြေရှင်း၍ ဖြစ်ပေါ်လာသော (နိုင်ငံရေး၊ ဘဏ္ဍာရေး၊ လူသား အစရှိသည့် အရင်းအမြစ်) နောက်ဆက်တွဲ အကျိုးတရားများကို လက်ခံနိုင်ပါသလား။ ထိုဆုံးဖြတ်ချက်သည် ရှိနေသည့် အရင်းအမြစ်များကို လမ်းကြောင်းပြောင်းရန် (သို့) အရင်းအမြစ်သစ်များရရှိရန် လိုအပ်သည်။

အထက်ပါကဲ့သို့သော ပြဿနာဖြေရှင်းနည်းကို သုံးခြင်းဖြင့် နောက်ထပ်အကျိုးထူးတခု ထပ်မံရရှိလာသည်။ တင်ပြသည့် ထောက်ခံချက်များအား မည်သို့အကောင်အထည်ဖော်ရမည်ကို ခေါင်းဆောင်တို့က စဉ်းစားသုံးသပ်လာနိုင်ခြင်းဖြစ်သည်။ ထို့ပြင် ခေါင်းဆောင်တို့သည် အကြံပေးတို့၏ ထောက်ခံချက်တွင်မပါသော အခြားအချက်အလက် အသစ်များကိုပါ သိနိုင်သော အနေအထားတွင်ရှိသည်။ သို့ဖြစ်ရာ အကြံပေးအဖွဲ့၏ လေ့လာသုံးသပ်တင်ပြချက်များသည် အာမခံနိုင်လောက်အောင် ပြီးပြည့်စုံကောင်းမွန်နေရပေလိမ့်မည်။

၁၉၉၂ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် မြန်မာအတိုက်အခံအင်အားစုများသည် နိုင်ငံရေး အံတုလှုပ်ရှားမှု ကော်မတီ (PDC - Political Defiance Committee)ကို ဖွဲ့စည်းခဲ့ကြသည်။ ကနဦးလုပ်ငန်းစဉ်များ အနက်တခုမှာ မြန်မာနိုင်ငံတွင် အခြေအနေပြောင်းလဲမှု အပေါ်မူတည်၍ ဒီမိုကရေစီလှုပ်ရှားမှု အောင်ပွဲဆင်နိုင်ရေးကို လေ့လာကြရန် ပြင်ဆင်ခြင်းဖြစ်သည်။ ကော်မတီမှ အကြံပြုစာတမ်း တစောင်တင်သွင်းခဲ့သည်။ လက်နက်ကိုင်လမ်းစဉ်ဖြင့် တွန်းလှန်မည် (သို့) အကြမ်းမဖက်နိုင်ငံရေးလှုပ်ရှားမည်ကို ဆုံးဖြတ်နိုင်ရန် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ(NCUB- National Council of the Union of Burma) ၏ အဆင့်မြင့် ဆွေးနွေးပွဲများတွင် ထိုစာတမ်းပါအချက်များကို အသုံးပြုခဲ့ကြသည်။

နိုင်ငံရေးအံတုလှုပ်ရှားမှု ကော်မတီမှာ မဟာဗျူဟာမြောက် အကြမ်းမဖက်နိုင်ငံရေးလှုပ်ရှားမှုကို လမ်းညွှန်ပေးနိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အကြမ်းမဖက်သော နိုင်ငံရေးလှုပ်ရှားမှုများနှင့် အံဝင်ဂွင်ကျဖြစ်စေရန်အလို့ငှာ **အကြမ်းမဖက်နိုင်ငံရေးလှုပ်ရှားမည့် လမ်းစဉ်** ကိုသာ ဦးစားပေးခဲ့ကြသည်။ သို့သော် အမှီအခိုကင်းစွာ ရပ်တည်နိုင်ရေးကို ဂရုတစိုက်ရှိခဲ့သည်။

ထိုစာတမ်းပြုစုရာတွင် အကြံပေးအဖွဲ့၏ လေ့လာသုံးသပ်တင်ပြပုံကို အသုံးပြုခဲ့ကြသည်။ မဟာဗျူဟာ ရေးဆွဲရာတွင် မူဝါဒဆိုင်ရာမေးခွန်းများကို ဖြေရှင်းရာ၌ နိုင်ငံရေးအံတု လှုပ်ရှားမှုကော်မတီ၏ စာတမ်းကို နမူနာအဖြစ် အသုံးပြုနိုင်သည်။ (နောက်ဆက်တွဲ (၃) တွင်ဖော်ပြထားသည်။ )

## အနှစ်ချုပ်

ပြဿနာများကို ဖြေရှင်းရန်အတွက် အကြံပေးအဖွဲ့၏ အဆင့်ဆင့် လေ့လာသုံးသပ်တင်ပြပုံ နည်းလမ်းကို ထူးထူးထွေထွေ စဉ်းစားရန် မလိုပါ။ အတွေ့အကြုံများ အပေါ်မူတည်၍ အကျွမ်းတဝင် အသုံးပြုနိုင်ပါလိမ့်မည်။ မီးခံသေတ္တာဖွင့်ရန် နံပါတ်တွဲမှုဂဏန်းများကို တခုပြီးမှ တခုလှည့်ရကဲ့သို့ အဆိုပါနည်းလမ်းအတိုင်း အဆင့်ဆင့် လုပ်ဆောင်နိုင်ကြမည်ဆိုလျှင် ပြဿနာကို ဖြေရှင်းနိုင်ပါလိမ့်မည်။

––––––––– ၀၀၀–––––––––

# အခန်း (၆)

# မဟာဗျူဟာ ရေးဆွဲရန် ကြိုတင်တွက်ဆခြင်း (Strategic Estimate)

ရန်သူ ဘယ်သူလဲ ဆိုတာ သိအောင်လုပ်ပါ။ သင့်ကိုသင်လည်း ဘာဆိုတာ သိပါစေ။ ဒါဆိုရင် သင့်အောင်ပွဲဟာ ဘယ်တော့မှ ပျက်စီး ထိခိုက်မှာ မဟုတ်။

ဆွန်ဇူး (BC 500)

အရေးကြီးဆုံးမှာ မဟာဗျူဟာကို မရေးဆွဲမီ ကြိုတင်တွက်ချက်ရန် ဖြစ်သည်။ မဟာဗျူဟာရှိမှ အကောင်းဆုံးနည်းလမ်းကို စနစ်တကျလုပ်ရှားပြီး အောင်ပွဲရနိုင်မည်။ မဟာဗျူဟာကို ရေးဆွဲရာတွင် ပကတိတည်ရှိနေသော ပတ်ဝန်းကျင် အခြေအနေ၊ စစ်ရေးအနေအထား၊ နိုင်ငံရေးအနေအထားအစရှိသည်တို့အပြင် မိမိအင်အားနှင့် ပြိုင်ဖက်၏အင်အား မည်သို့ရှိနေမည်ကို ဖြစ်နိုင်ခြေများနှင့်တကွ သေချာစွာ စဉ်းစားသုံးသပ်စိစစ်ရသည်။ တကယ်တမ်း ရင်ဆိုင်လှုပ်ရှားရသောအခါ ခံနိုင်ရည်ရှိမရှိ၊ မည်သို့ ထိခိုက်ဆုံးရှုံးနိုင်သည်တို့ကိုပါ ချင့်ချိန်ရသည်။ ထို့နောက် အကောင်းဆုံးလှုပ်ရှားနိုင်မည့်လမ်းကြောင်းကို ရွေးချယ်ရသည်။ မဟာဗျူဟာအတိုင်း လက်တွေ့လုပ်ဆောင်သောအခါ ကြိုတင်ခန့်မှန်းတွက်ချက်ထားသည့်အပေါ် အခြေပြုရသည်။ သို့ဖြစ်၍ အောင်မြင်ရန်လမ်းစမှာ စဉ်းစားသုံးသပ်ပုံနှင့် ခန့်မှန်းတွက်ချက်နိုင်သော အချက်အလက်များအပေါ်မူတည်သည်။

မဟာဗျူဟာကို တွက်ချက်ထားပြီးဖြစ်လျှင် ပေါ်လစီရေးဆွဲရန်အတွက် အသုံးဝင်သည်။ ထို့ပြင် လူထုတောင်းဆိုမှုများကို တုန့်ပြန်ရာ၌လည်း အသုံးချနိုင်သည်။ ရည်ရွယ်ချက်တူ အခြားဒီမိုကရေစီအဖွဲ့များအတွက် အသုံးဝင်စေနိုင်မည့် ပိုင်းခြားစိစစ်ပြီးသား အချက်အလက်ကောင်းများကိုပါ ပေးနိုင်သည်။ နိုင်ငံတွင်း လူထုလှုံ့ဆော်ရေးများကို စီစဉ်ရာတွင် အသုံးပြုသောပုံစံ (format)နှင့် စဉ်းစားရသည့် အကြောင်းအရာ(content) များကိုလည်း အကျဉ်းချုံးပေးနိုင်မည်ဖြစ်သည်။

မဟာဗျူဟာတွက်ချက်ရန်အတွက် နောက်ဆုံး ရရှိသောအချက်အလက်များ အမြဲရှိနေရသည်။ သို့မှသာ ပတ်ဝန်းကျင်၊ စစ်ရေး၊ နိုင်ငံရေးအခြေအနေများ (သို့) လှုပ်ရှားနိုင်စွမ်းများ အရေးတကြီး ပြောင်းလဲသွားသောအခါ လှုပ်ရှားမှုကို အားဖြည့်ရန်၊ လိုတိုးပိုလျှော့ စီစဉ်လှုပ်ရှားရန် အသင့်ဖြစ်နေပေမည်။ နောက်ဆုံးသတင်းများဖြည့်ဆည်းပေါင်းစပ်နိုင်ရေးအတွက် တဦးတယောက်အား မဟာဗျူဟာ အတွက်အချက် ပေါင်းစည်းပေးသူ ("Strategic Estimates" coordinator) အဖြစ်နှင့် အထူးတာဝန်ပေးသင့်သည်။ ထိုသူသည် မဟာဗျူဟာကို ကြိုတင်တွက်ချက်ပြင်ဆင်ရာတွင် ဦးဆောင်ပါဝင်သူတဦးဖြစ်နေခဲ့လျှင် ပို၍အဆင်ပြေပေလိမ့်မည်။ လိုအပ်သော အချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်ဆုံးဖြတ်ခြင်း၊ အချက်ကျကျထောက်ပြခြင်းများအပြင် ပတ်သက်ခြင်း မရှိနိုင်တော့သော (သို့) မတိကျသော အချက်အလက်များကို အကြောင်းပြချက်ခိုင်ခိုင်လုံလုံဖြင့် နုတ်ပယ်ရာတွင် ထိုသူအားကူညီပေးမည့် အခြားသူများလည်း ရှိသင့်သည်။

လုံခြုံရေးအရ မဟာဗျူဟာအတွက်အချက်၏ အချို့အပိုင်းများကို အသိပေးထားရမည့် သူတို့အတွက်သာလျှင် သီးသန့်လျှို့ဝှက်ထားရှိရသည်။ ဥပမာအားဖြင့် အဖွဲ့ဝင်တဦးချင်း၏ အရည်အချင်း၊ ဆက်သွယ်ရေးလမ်းကြောင်း (သို့) အတွင်းကျကျ ဆက်သွယ်မှုများမှာ အလွန်အရေးကြီးသော ထိပ်တန်းလျှို့ဝှက်များဖြစ်ပြီး ကျန်အဖွဲ့ဝင်အများစုနှင့်မပတ်သက်သဖြင့် အသိပေးစရာ မလိုပေ။

အခန်း(၆)တွင် မဟာဗျူဟာတွက်ချက်ပုံကို အသေးစိတ် အဆင့်ဆင့်လေ့လာသုံးသပ် တင်ပြမည်ဖြစ်သော်လည်း အခြေအနေတခုပေါ်တွင် **စစ်ရေးဗျူဟာ** တွက်ချက်ပုံမျှသာဖြစ်၍ မည်သည့် အတိုက်အခံ(နိုင်ငံရေး) အုပ်စုမှ ရွေးချယ်အသုံးပြုနိုင်မည် မဟုတ်ပါ။ သို့သော် အရေးပါသောအချက်တခုရှိသည်။ မဟာဗျူဟာတခု၏ အချက်အလက်များ စုဆောင်းသုံးသပ်တင်ပြပုံမှာ စနစ်တကျ ဖြစ်နေသည့်အပြင် မိမိ၏ရည်မှန်းချက် အောင်မြင်ရေးကိုလည်း ထိုအချက်အလက်များက အထောက်အကူပြုနေသည်ဆိုပါက ထိုမဟာဗျူဟာ၏ အသုံးဝင်သော အစိတ်အပိုင်းများကို ရွေးချယ်အသုံးပြုသင့်သည်။ မဟာဗျူဟာရေးဆွဲနည်းပုံစံတွင် သတိမပြုမိပဲ ကျန်ရစ်တတ်

သည်များအပါအဝင် အရေးပါနိုင်သော အတွက်အချက်ဆိုင်ရာ အချက်အလက်များအားလုံးကို တူညီရာစုစည်း၍ စာရင်းထားရှိရသည်။ (နောက်ဆက်တွဲ ၄ တွင်ကြည့်ပါ။)

## ရှေ့လုပ်ငန်းစဉ် ထုတ်ပြန်ချက်ကို ကြောင်းကျိုးဆီလျော်စွာ စဉ်းစားပုံ

ရှေ့လုပ်ငန်းစဉ်ထုတ်ပြန်ချက်(Mission Statement) ဆိုသည်မှာ လှုပ်ရှားသူခေါင်းဆောင်ပိုင်းက သန္နိဋ္ဌာန် ချထားသည့်အတိုင်း ရည်မှန်းချက်ကို မည်သို့လုပ်ဆောင်မည်ဟု ဖော်ပြခြင်းဖြစ်သည်။ များသောအားဖြင့် မဟာဗျူဟာအတွက်အချက်တွင် လှုပ်ရှားမှုတခုကို မည်သို့အောင်မြင်စွာဆင်နွှဲရန် မျှော်လင့်ထားကြောင်းဖြင့် စတင်ဖော်ပြလေ့ရှိသည်။ ထို့ကြောင့် ရှေ့လုပ်ငန်းစဉ် ထုတ်ပြန်ချက်တွင် ဖော်ပြသင့်သည်များကို စဉ်းစားသုံးသပ်ရပါမည်။

အစိုးရ၏ရက်စက်သောဖိနှိပ်မှုမှ လွတ်မြောက်လိုသောကြောင့် လှုပ်ရှားမှုကို အကောင်အထည်ဖော်မည်ဆိုလျှင် အဆိုပါလှုပ်ရှားမှု၏ ရည်မှန်းချက်၌ ဖိနှိပ်ချုပ်ချယ်သူကို အာဏာမဲ့သွားအောင်ဖယ်ရှားရန် တောင်းဆိုမှုကို ဖော်ပြရသည်။ သို့သော် မိမိတို့လှုပ်ရှားမှုတွင် လက်ရှိအစိုးရကို မည်သို့ဖယ်ရှားပြီး မည်သို့သော အစိုးရမျိုးဖြင့် အစားထိုးမည်ကို အမျိုးမျိုးအဖုံဖုံ စဉ်းစားသင့်သည်။ အများပြည်သူ၏ သဘောတူညီချက်ဖြင့် တက်လာသော အစိုးရပုံစံမျိုးမှာ လှုပ်ရှားမှုအဆုံးတွင် ပြည်သူလူထုက လိုချင်သော လူ့အဖွဲ့အစည်း၏ ကြန်အင်လက္ခဏာများနှင့်ကိုက်ညီရပါမည်။

တနည်းအားဖြင့်ဆိုလျှင် ယင်းသည် အနာဂတ်ရည်မှန်းချက်(Vision of Tomorrow) ဖြစ်သည်။ ရက်စက်သောအစိုးရကို အစားထိုးမည့် နိုင်ငံရေးစနစ်ကို ပြည်သူလူထုက မစဉ်းစားနိုင်လျှင် လက်ရှိအာဏာရှင် အစိုးရကိုသာ ဖြုတ်ချနိုင်ဖွယ်ရာရှိပြီး နောက်ထပ်ပိုဆိုးသော အာဏာရှင်တို့ ဆက်လက်ထွက်ပေါ်ကာ မင်းမူနေဦးမည်ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့၏ အနာဂတ်ရည်မှန်းချက်သည် လက်တွေ့တွင် နိုင်ငံရေးအပြောင်းအလဲများကို ထွက်ပေါ်စေသည့် ရည်မှန်းချက် ဖြစ်နေရပါမည်။

လူ့အဖွဲ့အစည်းအတွင်း၌ လူထုလိုလားသော ရည်မှန်းချက်ကို ဥပမာပေးပါမည်။ နေ့စဉ်ကြုံတွေ့နေရသမျှ "ရဲ" ဆိုသည်မှာ နိုင်ငံတော်၏ ထိန်းချုပ်မှုအောက်တွင်ရှိနေသည့်အတွက် အစိုးရ၏ဝန်ထမ်းဖြစ်ကြောင်း၊ ၎င်းတို့အား ဒေသခံပြည်သူတို့က ထိန်းချုပ်၍မရနိုင်ကြောင်း လူထုကသိထားသည်။ လူထုက ပြည်သူ့ကိုယ်စားလှယ်တဦးဦးအား ထိုဒေသအတွင်းရှိ ရဲတပ်ဖွဲ့ကို ကြီးကြပ်ပေးစေချင်ကြသည်။ သို့မှသာ ရဲသည် ပြည်သူကို ကာကွယ်ပေးရန်၊ ပြည်သူ့အကျိုးသယ်ပိုးရန်ဖြစ်သည် ဟူသည့် ဆောင်ပုဒ်ကို ရက်စက်ဖိနှိပ်သောအစိုးရ၏ ဆန္ဒအတိုင်း မဟုတ်ပဲ လက်တွေ့ကျင့်သုံးပေးနိုင်မည်ဖြစ်သည်။

ထိုနည်းတူစွာ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင်လည်း လူထုက ရည်မှန်းထားသည်များရှိသည်။ လူထုနှင့် တိုက်ရိုက်ပတ်သက်သော အခြေခံအဆင့် နိုင်ငံရေး၊ စီးပွားရေးကိစ္စများတွင် အစိုးရက တိုက်ရိုက်ထိန်းချုပ်သည်ကို လူထုကမလိုလားပါ။ လူထုကိုယ်တိုင်ကသာ ဆုံးဖြတ်လိုသောဆန္ဒရှိကြသည်။ တနည်းအားဖြင့် အခြေခံလူထုလူတန်းစားအဆင့်အား အစိုးရက တိုက်ရိုက် ဝင်ရောက် မစွက်ဖက်နိုင်သော လူနေမှုအဖွဲ့အစည်းမျိုးကို ရည်မှန်းထားခြင်းဖြစ်သည်။

အတိုချုပ်ပြောရလျှင် ဗဟိုမှအာဏာကို စုစည်းချုပ်ကိုင်ခြင်းမပြုပဲ အောက်ခြေအဆင့်ထိ အာဏာခွဲဝေပေးနိုင်သော အများသဘောတူညီချက် ရှိရပေမည်။ ထိုအချက်များက နိုင်ငံရေး ပြောင်းလဲမှုများတွင် ဖယ်ဒရယ်လစ်ဇင်(Federalism)၏ အချို့အစိတ်အပိုင်းများပါဝင်ရန် လိုကြောင်းဖော်ပြသည်။

အနာဂတ်ရည်မှန်းချက်တွင် ဘာသာရေးကဏ္ဍ၌ အစိုးရက လုံးဝထောက်ခံအားပေးနေသည့် ခွဲခြားနှိမ့်ချ ဆက်ဆံခြင်း (သို့) ဘာသာတခုက အခြားဘာသာတခုအား အနိုင်ကျင့်ခြင်းကြောင့် ဖြစ်ပေါ်နေသော ဘာသာရေး ပြဿနာများကို ဖော်ပြသင့်သည်။ ဘာသာရေးနှင့်နိုင်ငံရေး ရောထွေးနေလျှင် ဒီမိုကရေစီအတွက် အမြဲတမ်း ကြီးမားသောအန္တရာယ်ဖြစ်သည်။ ဒီမိုကရေစီကို လိုချင်သူနှင့် ဒီမိုကရေစီဟန်ပြထားသည့် ဘာသာရေးခေါင်းဆောင်တို့အကြား မည်သည့်အခါမှ နှစ်ဖက်ကျေနပ်လောက်အောင် ညှိနှိုင်းဖြေရှင်း ၍မရနိုင်ပေ။ သို့သော် အစိုးရမှ ဘာသာရေးလမ်းညွှန်ချက်များဖြင့် ဝင်ရောက်မစွက်ဖက်နိုင်အောင် တားဆီးပေးနိုင်သည့် အခြေခံ စည်းမျဉ်း

များကို နှစ်ဦးနှစ်ဖက်က သဘောတူထားမည်ဆိုလျှင် ဖြစ်ကောင်းဖြစ်နိုင်ပါမည်။ တဘက်တွင် ဘာသာရေး လုပ်ငန်းစဉ်ကို အထိအခိုက်မရှိ လက်ခံအားထုတ်ပိုင်ခွင့် ရှိနေသောကြောင့် ထိုအခြေခံစည်းမျဉ်းများကို ဘာသာတရား ကိုင်းရှိုင်းသူအများစုအား အသိပေးနေစရာမလိုပါ။ အဆိုပါ သဘောတူညီချက်သည် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားအတွက် တန်ဖိုးထားရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ထည့်ရန် အခြေခံအချက် ဖြစ်နိုင်ပါမည်။

အဆိုပါ သဘောတူထားပြီး အနာဂတ်ရည်မှန်းချက်သည် လှုပ်ရှားမှု၏ ရည်မှန်းချက်နှင့် နိုင်ငံရေးရည်မှန်းချက် ဖြစ်လာသည်။ ထိုရည်မှန်းချက်များက တဖန် ပိုမိုတိကျသော မဟာဗျူဟာ ရည်မှန်းချက်များ (Strategic Objectives) အဖြစ်သို့ ပြောင်းသွားသည်။ လှုပ်ရှားမှု ခေါင်းဆောင်များက မဟာဗျူဟာ ရေးဆွဲမည့် သူများအား အဆိုပါ မဟာဗျူဟာ ရည်မှန်းချက်ကို ပြောပြရသည်။ သို့မဟုတ် ရေးဆွဲသူများ ကိုယ်တိုင် မူဝါဒ ရည်မှန်းချက်နှင့် မူဝါဒထုတ်ပြန်ချက်ကို မဟာဗျူဟာရည်မှန်းချက်များ ဖြစ်အောင်စီစဉ်၍ အသွင်ပြောင်းရသည်။

အနာဂတ်ရည်မှန်းချက်တွင်ပါရှိသော အထွေထွေထုတ်ပြန်ချက်များသည် ယေဘူယျသာဖြစ်ပြီး အမှန်တကယ် စီစဉ်ရည်မှန်းထားသည်နှင့် ကိုက်ညီစေမည့်အချက်များ လုံလုံလောက်လောက် မပါရှိပေ။ ဥပမာ ဆိုလျှင် “အားလုံးအတွက် ပိုကောင်းမည့်ဘဝ” ဆိုသောစိတ်ကူးသည် အတိုက်အခံလှုပ်ရှားမှုမှန်သမျှအတွက် ပါဝင် ထိုက်သောရည်မှန်းချက်ဖြစ်သည်။

သို့သော် မဟာဗျူဟာ ရေးဆွဲရာတွင် သင့်လျော်သော အကြောင်းအရာတခု အဖြစ်နှင့် မဖော်ပြ နိုင်လောက်အောင် အလွန့်အလွန်ကျယ်ပြန့်သော ရည်မှန်းချက် ဖြစ်နေသည်။ သို့ဖြစ်ရာ လက်ရှိအစိုးရ၏မူဝါဒ၊ လုပ်ဆောင်ပုံများ(သို့) အုပ်ချုပ်သည့်ပုံစံတို့သည် ပြည်သူ့ဘဝကို အမှန်တကယ် မြှင့်တင်မပေးနိုင်ကြောင်း (သို့) မြှင့်တင်ပေးရန် အလားအလာမရှိကြောင်း စသောအချက်များကို အနာဂတ်ရည်မှန်းချက်တွင် အဓိက ထုတ်ပြန်ရန် အာရုံစိုက်သင့်သည်။ ပြဿနာဖြစ်နိုင်သည်များကို ပိုမိုရှင်းလင်းအောင် အဓိပ္ပာယ်ဖွင့်ဆိုထားနိုင်ပါက အရင်းအမြစ် (လူ၊ ရုပ်ဝတ္ထု၊ သယံဇာတ အစရှိသည်)တို့ကို ပိုမိုအမြော်အမြင်ကြီးမားစွာ မျှဝေခံစားနိုင်မည်ဖြစ်သည်။

ရှေ့လုပ်ငန်းစဉ် ထုတ်ပြန်ချက်တွင် အခြားအရေးကြီးသော အချက်နှစ်ခုရှိသည်။ ပထမတခုမှာ မဟာဗျူဟာ ရေးဆွဲရန် စီစဉ်ခြင်းနှင့်ပေါင်းစပ်စုစည်းခြင်း(Planning and Coordination) လုပ်ငန်းစဉ်တခုလုံးကို သီးခြားလုပ်ဆောင်ရသည်။ ဒုတိယ အရေးကြီးသည်မှာ ရှေ့လုပ်ငန်းစဉ်ကို ထုတ်ပြန်မည့်သူ ဖြစ်သည်။ အကြမ်းမဖက် လှုပ်ရှားမှုအား တနိုင်ငံလုံး အတိုင်းအတာဖြင့် မည်သူက စတင်လုပ်ဆောင်မည် ဆိုသည့်အချက်ကို ရှေ့လုပ်ငန်းစဉ် ထုတ်ပြန်ချက်တွင် ဦးစွာဖော်ပြရသည်။

လက်နက်ကိုင်တော်လှန်ရေးနှင့် မတူသည်မှာ အကြမ်းမဖက်လှုပ်ရှားမှုတွင် ကြီးစဉ်ငယ်လိုက် အုပ်ချုပ်ရေးစနစ် (Hierarchical structure) မရှိသလောက်ဖြစ်နေခြင်းပင်။ ယေဘူယျအားဖြင့် လှုပ်ရှားမှုကို အောင်မြင်စွာဆင်နွှဲရန် ရည်ရွယ်ချက် တူညီကြသော အတိုက်အခံ အဖွဲ့အသီးသီးတို့သည် မိမိတို့၏မတူညီသော အကျိုးစီးပွား မျှော်မှန်းချက်၊ အရည်အချင်း၊ ထင်ပေါ်ကျော်ကြားမှု၊ ထူးခြားသော ဂုဏ်အင်္ဂါရပ်များ အစရှိသည်တို့ကို ညီညွတ်မျှတစွာစုစည်း၍ ညွန့်ပေါင်းအဖွဲ့ချုပ်ကြီး(Umbrella Organization) တခုကို တည်ဆောက်ထားကြသည်။

အများသဘောတူညီချက်အရ အဖွဲ့ချုပ်ကြီးမှ အဖွဲ့ဝင်အုပ်စုတစုသည် စီစဉ်ခြင်းနှင့် ပေါင်းစပ် စုစည်းခြင်းလုပ်ငန်းစဉ်ကို ဦးဆောင်ရန် တာဝန်ယူရသည်။ အဖွဲ့ချုပ်၏အဖွဲ့ဝင်အားလုံး(သို့)အချို့မှ ကိုယ်စားပြုသူ များဖြင့် ဗဟိုဦးစီးအဖွဲ့ (Core Staff)ကို ဖွဲ့စည်းပြီးနောက် အစီအစဉ်များ ရေးဆွဲဖန်တီးရသည်။ အစပိုင်းတွင် အဖွဲ့အစည်းများကို စုစည်းပေါင်းစပ်ရန် ကြိုးပမ်းမည့်အစား အဖွဲ့အစည်းများနှင့် စုပေါင်းဆွေးနွေးခြင်းက အကောင်းဆုံး ဖြစ်ပေလိမ့်မည်။ အဆိုပါအဖွဲ့ချုပ်တွင် ပြည်ပရောက် အတိုက်အခံ လှုပ်ရှားသူများ ပါဝင် နိုင်ရေးကိုစဉ်းစားမည်ဆိုလျှင် သင့်တော်သည်။ သို့မှသာ ရံပုံငွေရှာဖွေခြင်း၊ အထူးလေ့လာမှတ်သားမှုနှင့် သုတေသန များလုပ်ဆောင်ခြင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းသို့ချဉ်းကပ်ခြင်း၊ မီဒီယာ၏ထောက်ခံမှုကိုရယူခြင်း အစရှိသည့် လှုပ်ရှားမှုများကို တတပ်တအား ပါဝင်အားဖြည့်ပေးနိုင်မည်ဖြစ်သည်။

ဗဟိုဦးစီးအဖွဲ့မှ အစီအစဉ်ဖန်တီးသူများက အကြမ်းမဖက်လှုပ်ရှားမှု ဆင်နွှဲရေးအတွက် ရှေ့လုပ်ငန်းစဉ် ထုတ်ပြန်ချက်ကို ပုံဖော်မည့် အချက်အလက်များအားလုံးကို စဉ်းစားသုံးသပ်ပြီးသောအခါ ပြင်ဆင်ပေါင်းစပ်ရသည်။ ထို့နောက်မှ ညွန့်ပေါင်း အဖွဲ့ချုပ်ချုပ်ကြီးမှ အတည်ပြုနိုင်ရန် တင်ပြရသည်။ ရှေ့လုပ်ငန်းစဉ် ထုတ်ပြန်ချက်မှာ အောက်ပါအတိုင်း ဖြစ်နိုင်ဖွယ်ရှိပေမည်။

*စစ်အာဏာရှင် (တိကျသောအမည်ကိုဖော်ပြရန်)အား ဖယ်ရှားရန်၊ ဒီမိုကရေစီနည်းအရ ရွေးကောက် တင်မြှောက်ထားသောအစိုးရတရပ်ကို တင်မြှောက်ရန်၊ ဖယ်ဒရယ်ပုံစံဖြင့် အုပ်ချုပ်သောအစိုးရစနစ်ကို တည်ဆောက်ရန်နှင့် အဆိုပါအစိုးရအား အာဏာသိမ်းမခံရအောင် ကာကွယ်ပေးရန်အတွက် ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ် (သို့မဟုတ် မည်သူမဆို)၏ ဦးဆောင်မှုအောက်တွင်ရှိသော (နိုင်ငံအမည်ထည့်ရန်) ပြည်သူတို့က မဟာဗျူဟာမြောက် အကြမ်းမဖက် လှုပ်ရှားမည် ဖြစ်သည်။*

ပထမဦးဆုံး မဟာဗျူဟာခန့်မှန်းတွက်ချက်ပုံသည် အဆင့်မြင့်လေ့ကျင့်ထားသူတို့ကသာ အထူးရေးသား ဖန်တီးပေးလိုက်သည့်စာတမ်းအဖြစ် ထွက်ပေါ်လာပါမည်။ နောက်ဆက်တွဲ(၄)တွင် မဟာဗျူဟာရေးဆွဲနည်းပုံစံကို အကြံပြုထားရာ ကျွမ်းကျင်သူ အမြောက်အများ ပါဝင်ရေးဆွဲ ပြင်ဆင်ပေးနိုင်အောင် အသုံးဝင်ပါလိမ့်မည်။ အတွေ့အကြုံရှိပြီး လေ့ကျင့်မှုအားကောင်းသူတို့က ပိုင်းခြားလေ့လာစိစစ်နိုင်သည်နှင့်အမျှ အဆိုပါစာတမ်းတွင်ပါရှိသော အသေးစိတ်အချက်များ တပိုင်းပြီးတပိုင်း လျင်မြန်စွာ ပြီးစီးသွားမည် ဖြစ်ပြီး ရေးဆွဲနေသောမဟာဗျူဟာသည် ပိုမို ရှင်းလင်းစွာ ရုပ်လုံးပေါ်လာပါမည်။

မဟာဗျူဟာအတွက်အချက်တခု၏ နမူနာတွင်ပါရှိသော တည်ဆောက်ပုံကိုကြည့်ခြင်းဖြင့် အဆိုပါမဟာဗျူဟာ၏ တန်ဖိုးကိုသိနိုင်သည်။ ယင်းသည် ညွန့်ပေါင်းအဖွဲ့ချုပ်ကြီးတွင်ပါဝင်သောအဖွဲ့များ၏ လုပ်ဆောင်နိုင်ပုံများကို တည်ဆောက်ထားခြင်း ဖြစ်သည်။

ဆက်လက်၍ ၁၉၉၂ခုနှစ်က မြန်မာ့နိုင်ငံရေးအံတုလှုပ်ရှားမှုကော်မတီ(ပီဒီစီ)မှ ပြင်ဆင်ခဲ့သော မဟာဗျူဟာ အကြမ်းတွက်ချက်ပုံကိုဖော်ပြပါမည်။ ယင်းသည် ပြီးပြည့်စုံခြင်းမရှိခဲ့သလို ပီဒီစီမှ အသုံးပြုရန်လည်း မရည်ရွယ်ခဲ့ပါ။ မဟာဗျူဟာ တွက်ချက်ပုံကို ရွေးချယ်ထားသူများအား လေ့ကျင့်ပေးရန်အတွက်သာ ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ သို့သော် စာဖတ်သူများအတွက်တော့ အသုံးဝင်ကောင်းဝင်ပါလိမ့်မည်။ အကြောင်းမှာ မဟာဗျူဟာရေးဆွဲနည်းပုံစံတွင် အချက်အလက်များကို အမျိုးအစားခွဲ၍ ဖော်ပြရသည်ဖြစ်ရာ မည်သည့်အမျိုးအစားသည် မည်သည့်အတွက်ကြောင့် ပါဝင်နေသည်ကို ရှင်းပြပေးသောကြောင့်ဖြစ်သည်။

## အခြေအနေတခုကို ခန့်မှန်းတွက်ချက်ခြင်း

အခြေအနေတခုကိုခန့်မှန်းတွက်ချက်ရာတွင် ရှေ့လုပ်ငန်းစဉ်ချမှတ်သည်မှစ၍ နောက်ဆုံး၌ ဆုံးဖြတ်ချက် ချမှတ်သည် အထိ (၅)ပိုင်းပါဝင်သည်။




## (၁) ရှေ့လုပ်ငန်းစဉ် ထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (အန်စီယူဘီ)သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ)အား နိုင်ငံတော်အာဏာ ရယူထားခြင်းမှ ဖယ်ရှားရန်၊ လွတ်လပ်စွာ ရွေးကောက်ခံ

ရသော ဒီမိုကရေစီ ဖယ်ဒရယ်အစိုးရတရပ်ကို ရန်ကုန်မြို့တွင်တင်မြှောက်ရန်၊ တင်မြှောက်လိုက်သောအစိုးရကို အာဏာမသိမ်းနိုင်အောင် ကာကွယ်ပေးရန်အတွက် နိုင်ငံရေးအံတုမှုများကို မဟာဗျူဟာမြောက် လုပ်ဆောင်မည် ဖြစ်သည်။

## (၂) လှုပ်ရှားမှုလမ်းကြောင်းများ

(မဟာဗျူဟာအတွက်အချက်၏ ဒုတိယစာပိုဒ်တွင် ရှေ့လုပ်ငန်းစဉ်ကို လုပ်ဆောင်သည့် အခြေအနေနှင့် ပတ်သက်သော အချက်အလက်များ ပါဝင်သည်။ မဟာဗျူဟာအတွက်အချက်(မြန်မာ)ကို အထူး နမူနာအဖြစ် အသေးစိတ်ဖော်ပြရာတွင် ပထဝီမြေအနေအထား၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ရာသီဥတု အကြောင်း လေ့လာချက်များသာမက ရန်သူ့ဘက်၊ မိမိဘက် နှစ်ဘက်စလုံး၏ နိုင်ငံရေး၊ စစ်ရေး အခြေအနေများ အပေါ် သုံးသပ်ချက်များလည်းပါဝင်သည်။ လှုပ်ရှားမှုများအပေါ် မည်သည့်အချက်များက ထိရောက်အောင် အကျိုးပြုနိုင်သည်ကို ဖြစ်နိုင်သမျှ များများသိထားရန်လိုသည်။ အချက်အလက်များ မရနိုင်သောအခါမှသာ ထင်မြင်ယူဆချက်များကို မသုံးချင်သော်လည်း သုံးရပါမည်။ အဆိုပါ ထင်မြင်ယူဆချက်များသည် အမှန်တကယ် လိုအပ်သော အချက်အလက်များကို အစားထိုးရန်သာဖြစ်ပြီး မည်သည့်ထင်မြင်ယူဆချက်မျှ တကယ့်အချက်အလက် လောက် မကောင်းနိုင်သည်ကို သတိပြုရပါမည်။ နောက်ထပ်စဉ်းစားရန်မှာ အခြေအနေတခုကို လုပ်ဆောင်မှုအဆင့် တိုင်းတွင် ထည့်သွင်းတွက်ချက်ရန်ဖြစ်သည်။

အခြေအနေနှင့် လှုပ်ရှားမှုလမ်းကြောင်းများကို (၃) ပိုင်းခွဲထားသည်။ ယင်းတို့မှာ

(၂–က) လှုပ်ရှားမှုလမ်းကြောင်းများ ဖြစ်လာနိုင်အောင် စဉ်းစားသုံးသပ်ခြင်း၊
(၂–ခ) ပြိုင်ဖက်၏လုပ်ဆောင်နိုင်စွမ်းများ နှင့်
(၂–ဂ) ကိုယ်ပိုင် လှုပ်ရှားမှု လမ်းကြောင်းများ တို့ဖြစ်သည်။

## (၂–က) ဖြစ်နိုင်သော လှုပ်ရှားမှုလမ်းကြောင်းများကို စဉ်းစားသုံးသပ်ခြင်း




လှုပ်ရှားနိုင်သောလမ်းကြောင်းများ မည်သို့ဖြစ်ပေါ်လာနိုင်သည်ကို စဉ်းစားသုံးသပ်ရာတွင် အောက်ပါအချက် (၃)ချက် ပါဝင်သည်။ ယင်းတို့မှာ

(၂–က–၁) လှုပ်ရှားမည့်ဒေသ၏ ဝိသေသလက္ခဏာများ၊
(၂–က–၂) တိုက်ပွဲဝင် စွမ်းအားကို နှိုင်းယှဉ်ခြင်းနှင့်
(၂–က–၃) ထင်မြင်ယူဆခြင်း တို့ဖြစ်သည်။

## (၂–က–၁) လှုပ်ရှားမည့်ဒေသ၏ ဝိသေသလက္ခဏာများ



အကြမ်းမဖက်လှုပ်ရှားမှုကို အကောင်အထည်ဖော်မည့်ဒေသ၏ ဝိသေသလက္ခဏာများကို (၄)မျိုး ခွဲထားသည်။ ယင်းတို့မှာ

(၂–က–၁–၁) စစ်ရေးဆိုင်ရာ ပထဝီအနေအထား၊

(၂–က–၁–၂) သယ်ယူပို့ဆောင်ရေး၊

(၂–က–၁–၃) ဆက်သွယ်ရေးနှင့်

(၂–က–၁–၄) နိုင်ငံရေး တို့ဖြစ်သည်။

## (၂–က–၁–၁) စစ်ရေးဆိုင်ရာ ပထဝီအနေအထား

(**ဝေဖန်ချက်** – ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ(အန်စီယူဘီ)သည် နိုင်ငံရေးအံတုမှုများ လုပ်ဆောင်နေသောအချိန်တွင် စစ်ရေးဆိုင်ရာ ပထဝီအနေအထားကို ထည့်သွင်းတွက်ချက်ထားရသည့် အကြောင်းရင်း နှစ်ခုရှိသည်။ ပထမအကြောင်းရင်းမှာ နဝတသည် နိုင်ငံရေးအံတုမှုကို စစ်ရေးနည်းဖြင့် တုန့်ပြန်သောကြောင့် ဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ စစ်ရေးဆိုင်ရာ ပထဝီအနေအထားကိုသိမှသာ အန်စီယူဘီအနေဖြင့် ဆန့်ကျင်တုန့်ပြန်နိုင်ရန် သဲလွန်စရလာနိုင်သောကြောင့် ဖြစ်သည်။ ထို့ပြင် အန်စီယူဘီ၏ အင်အားစုများနှင့် အခြားလှုပ်ရှားမှုများကို အချိန်ကိုက် လှုပ်ရှားနိုင်ရန်လည်းဖြစ်သည်။)

စစ်ရေးဆိုင်ရာ ပထဝီအနေအထားကို (၃)ပိုင်းခွဲထားသည်။

၁) **လက်ရှိမြေပြင်အနေအထား**။ ။(တောတောင်ပထဝီမြေအနေအထား၊ ဒေသအတွင်းရှိ အဆောက်အဦများ ၊ ကားလမ်းနှင့် မီးရထားလမ်းများ စသည်တို့အပါအဝင် လက်ရှိတည်ရှိနေသော မြေပြင်အနေအထားနှင့် ပတ်သက်သည့် အချက်အလက်များ အပြည့်အစုံပါဝင်သည်။)

၂) **မြစ်ချောင်းအင်းအိုင် အနေအထား**။ ။ အန်စီယူဘီ၏ရည်ရွယ်ချက်များတွင် မြန်မာနိုင်ငံ၏ မြစ်ချောင်းများ၌ ဖြတ်သန်းသွားလာရခြင်းကို ထည့်သွင်းထားသည်။ ဒေသခံတောသူတောင်သားများသည် တနှစ်တာ၏ အချိန်ကာလအမျိုးမျိုးတွင် အကောင်းဆုံး ရေကြောင်းခရီးသွားလာပုံများကို သိထားသောကြောင့် အကူအညီများစွာရနိုင်သည်။ ထို့ပြင် လူသိနည်းသော လမ်းပန်းဆက်သွယ်ရေးများကိုလည်း ဒေသခံတို့က ပြောပြနိုင်ပေလိမ့်မည်။

၃) **မိုးလေဝသ** ။ ။ ယခုအခြေအနေတွင် ရာသီဥတုအကြောင်း အထွေထွေဗဟုသုတရှိထားလျှင် ယေဘူယျအားဖြင့် လုံလောက်သည်။ ဥပမာတခုမှာ အနောက်တောင်မုတ်သုံရာသီသည် များသောအားဖြင့် ဇွန်လမှ စက်တင်ဘာ အတွင်းဖြစ်ပြီး၊ ဧပြီ–မေလများတွင် အလွန်ပူ၍ စိုထိုင်းဆမြင့်မားသည် အစရှိသောအချက်များဖြစ်သည်။

(အဆိုပါ မိုးလေဝသအချက်အလက်တို့သည် မည်သို့အကျိုးရှိပါသနည်း။ ပူပြင်းသောရာသီတွင် ရေပိုသောက်ရန် လိုသောအချက်၊ အလွန်ပူပြင်းသောနေရာတွင် အချိန်ကြာကြာနေမိလျှင် ရုတ်တရက် သေဆုံးနိုင်သည့်အချက်တို့ကို မဟာဗျူဟာရေးဆွဲသူများက ထည့်သွင်းစဉ်းစားဆုံးဖြတ်ရန်လိုသည်။ ဧပြီ၊ မေလများတွင် လူထုဆန္ဒပြလှုပ်ရှားမှုများကို ရှောင်ရှားနိုင်သော်လည်း မဖြစ်မနေလှုပ်ရှားရပြီဆိုလျှင် ထိုပူပြင်းသောနေ့တွင် ရာသီဥတုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိအောင် မည်သည့်အချိန်၌ လှုပ်ရှားမှု ပြုလုပ်မည်၊ မည်မျှကြာအောင် လှုပ်ရှားမည်၊ ဆန္ဒပြသူများအား သောက်ရေဗူးများ ဖြန့်ဝေပေးနိုင်မည် ဆိုသော အချက်များဖြစ်သည်။)

သတင်းစာများကလည်း မိုးလေဝသသတင်းကို ဖော်ပြပေးသည်။ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ တဖြစ်လဲ မြန်မာ့အလင်းသတင်းစာက ရန်ကုန်မြို့၏ မိုးရေချိန်သတင်းကို နေ့စဉ်ဖော်ပြသည်။

မုတ်သုံရာသီကြောင့် လူထုလှုပ်ရှားမှု မည်သို့ဖြစ်စေနိုင်သည်ကို မြန်မာနိုင်ငံ နေရာအနှံ့မှ နေထိုင်သူများထံ အောက်ပါ မေးခွန်းများကို မေးမြန်းစုံစမ်းထားရန် လိုအပ်နေပေလိမ့်မည်။

- မုတ်သုံရာသီအတွင်း မြန်မာ့လေယာဉ်ခရီးစဉ်များ ပုံမှန်ရှိသလား၊ (နဝတ၏ ကိုယ်ပိုင် အင်တာနက် ဝက်ဘ်ဆိုက် စာမျက်နှာတွင် လောလောဆယ် လေယာဉ်ခရီးစဉ်များကို ဖော်ပြထားရာ မုတ်သုံရာသီနှင့်ပတ်သက်သည့် ဗဟုသုတများစွာကို သိလာနိုင်စရာရှိသည်။)
- ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA-Karen National Liberation Army) (သို့) ကချင် လွတ်မြောက်ရေး အဖွဲ့(KIA-Kachin Independence Organization)တွင် မြန်မာစစ်တပ်၏ စစ်ဆင်ရေးများကို လစဉ်မှတ်တမ်းတင် ထားခြင်း ရှိသလား၊
- မိုးလေဝသအခြေအနေပေါ် မူတည်လုပ်ရှားရသည့်ပုံစံများ ရှိနေနိုင်သလား။
- မည်သို့သော မိုးလေဝသအခြေအနေများကြောင့် သတင်းပေးပို့ဆက်သွယ်ရေးများ နှောင့်နှေးပျက်ပြား နိုင်သနည်း။
- တနှစ်တာ၏လ တလလုံးလုံး ရောဂါတခုခု ထပ်တလဲလဲဖြစ်ပွားတတ်ခြင်း ရှိသလား။
- ဒီအချက်ကို မည်သူက သိနိုင်သနည်း။

ဒေသခံများအား တိုက်ရိုက်မေးမြန်း၍ သိလာရသော (ရာသီဥတုအကြောင်း) ဗဟုသုတများသည် အလွန် အသုံးဝင်၍ တန်ဖိုးရှိသည်။

## (၂–က–၁–၂) သယ်ယူပို့ဆောင်ရေး

- မြန်မာနိုင်ငံသယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍ၏ သတင်းအချက်အလက်များသည် အာဏာရှင်အစိုးရအား နိုင်ငံရေးအံတုရာတွင် ပတ်သက်မှုများရှိသလား။

အောက်ပါအချက်များအရ ပတ်သက်သည်ဟု ဆိုရပါမည်။

(၁) သတင်းပေးပို့ဆက်သွယ်ရေး

(၂) ပေါင်းစပ်စုစည်းသူ(Coordinator)များ၊ အားပေးလှုံ့ဆော်သူ(Actionist)များ၏ ခရီးသွားလာရေး

(၃) မြန်မာ့စစ်တပ်၏လှုပ်ရှားသွားလာရေး

(၄) မြို့ရွာတခုမှအခြား မြို့ရွာတခုသို့ လူများ သွားလာရေး

(၅) ကားလမ်း၊ ရထားလမ်းများမှ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ဖြန့်ဖြူးရေး

- တနေရာ(ပွိုင့်အေ)မှ အခြားတနေရာ(ပွိုင့်ဘီ)သို့ သွားလာရသောအချိန်ပမာဏကို အလွန်အရေးကြီးသော အချက်အဖြစ် သိထားရန်လိုသည်။
- မိမိဘက်တွင်ရင်း၊ ရန်သူ့ဘက်တွင်ရင်း မည်သို့သော သယ်ယူပို့ဆောင်ရေးပုံစံများ ရရှိနိုင်သနည်း။
- အဓိကမြို့ကြီးများအပြင် တမြို့မှ အခြားတမြို့သို့ ဝင်ထွက်သွားလာနေသော ခရီးသည်ပို့ဆောင်ရေး ဘတ်စ်ကား လမ်းကြောင်းများသည် အလွန်အသုံးဝင်စရာ ရှိသည်။
- ဘတ်စ်ကားမောင်းသူ၊ ရထားမောင်းသူ၊ အငှားယာဉ်မောင်းသူနှင့် လှေသမ္ဗာန်မောင်းသူတို့အား စည်းရုံး ထားနိုင်သလား။
- အမျိုးမျိုးသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများသည် မည်သို့သောရာသီဥတုမျိုးတွင် မည်မျှအထိ ရပ်ဆိုင်း ထိခိုက်သွားနိုင်သနည်း။
- မြို့တွင်းနေရာအနှံ့ လှုပ်ရှားမှုများအတွက် အငှားယာဉ်မောင်းသူများအား ငှားရမ်းနိုင်သလား။
- အထက်ပါမေးခွန်းများအတွက် အဖြေကို မဟာဗျူဟာရေးဆွဲသူများ မည်သို့ရရှိနိုင်သနည်း။

မီးရထား၊ ကား၊ လေယာဉ်ပျံ၊ သင်္ဘောတို့၏ ခရီးစဉ်များကို ကြည့်ရှုခြင်း၊ သတင်းစာဖတ်ခြင်း၊ ကမ္ဘာလှည့်ခရီးသည်များအတွက် ထုတ်ဝေထားသောစာစောင် အစရှိသည်တို့ကို ဖတ်ရှုခြင်း၊ မီးရထား–ဘတ်စ်ကားများဖြင့် ခရီးသွားခြင်း၊ ကမ္ဘာလှည့်ခရီးသည်များနှင့် စကားပြောခြင်းစသဖြင့် လိုအပ်သောအဖြေကို မဟာဗျူဟာရေးဆွဲသူများ ရရှိနိုင်သည်။

## (၂–က–၁–၃) ဆက်သွယ်ရေး

- နဝတအတွက်၎င်း၊ ဒီမိုကရေစီထောက်ခံသူများအတွက်၎င်း မည်သို့သော ဆက်သွယ်ရေးနည်းပညာများ ရှိနိုင်သနည်း။
- မည်သို့သော ဆက်သွယ်ရေးကိရိယာများ လိုအပ်မည်နည်း။ (ဂြိုဟ်တုဆက်သွယ်ရေး၊ ရုတ်တရက် ကျယ်ပြန့်စွာ အသုံးပြုလာသော လှိုင်းတိုရေဒီယိုများ၊ မိုဘိုင်း ဖက်စ်များ စသဖြင့်)
- မဟာဗျူဟာကို အကောင်အထည်ဖော်သူများသည် လုံခြုံစိတ်ချရသော ဆက်သွယ်ရေးကိရိယာများကို ဝယ်ယူရန် တတ်နိုင်ပါသလား။
- အင်တာနက်၊ အင်ထရာနက်ပေါ်တွင် (မြန်မာလူမျိုးများအတွက်) အများသုံးမဟုတ်သော ဘာသာစကားကို အသုံးပြုသည့်ကိစ္စက မည်သို့ရှိသနည်း။
- မည်သည့်နေရာများတွင် အစိုးရအားနည်းချက် ရှိနေသနည်း။ (မိုက်ခရိုဝေ့ဗ်၊ ဖုန်းလိုင်း၊ တယ်လီဖုန်းစက်ခလုတ်များ၊ ထိုစက်ခလုတ်ခုံများနှင့်မမျှအောင် များပြားနေသော ဖုန်းခေါ်မှုများ)
- ဥရောပ၊ အမေရိကသို့ ဖက်စ်ဖြင့်တိုက်ရိုက်ဆက်သွယ်နိုင်သော မိုဒမ်(Modem) တပ်ဆင်ထားသည့် ကွန်ပြူတာများကို ဝယ်ယူ ရရှိနိုင်သလား။
- အဆိုပါ ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များကို မည်သည့်နေရာမှ ရရှိနိုင်သနည်း။
  - (၁) အချို့အန်ဂျီအိုများသည် ခေတ်ပေါ်နည်းပညာများကို တတ်ကျွမ်းကြသည်။
  - (၂) အစိုးရအပေါ် မကြာခဏ မကျေမနပ် ဖြစ်တတ်သော ဆက်သွယ်ရေးဝန်ထမ်းများက လုပ်ငန်းဆိုင်ရာ မေးမြန်းချက်များကို ပြန်လည်ဖြေဆိုပေးလိမ့်မည်။
  - (၃) ဆက်သွယ်ရေးပစ္စည်းကိရိယာများအကြောင်းဖော်ပြထားသည့် ကတ်တလောက်များတွင် နည်းပညာသစ်များဆိုင်ရာ ဆောင်းပါးများ ပါရှိတတ်သည်။
  - (၄) အင်တာနက်ပေါ်ရှိ သက်ဆိုင်ရာဝက်ဘ်ဆိုက်များမှ၎င်း၊ အင်တာနက်တွင် အလိုအလျောက် ရှာဖွေပေးနိုင်သည့် ကွန်ပြူတာ ပရိုဂရမ်များမှ၎င်း သိနိုင်သည်။

## (၂–က–၁–၄) နိုင်ငံရေး

မည်သည့်နေရာများတွင် အကြမ်းမဖက်နိုင်ငံရေးအံတုမှုကို မဟာဗျူဟာအတိုင်း လုပ်ဆောင်ရမည်ဆိုသည်ကို ယေဘူယျအားဖြင့် ဖော်ပြမည်ဖြစ်သည်။

- စစ်အုပ်ချုပ်ရေး ဥပဒေသည် အကြီးဝင်အကျိုးသက်ရောက်မှု ရှိနေသလား။
- နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို မည်သို့ ချမှတ်မည်နည်း။
- နိုင်ငံရေးအာဏာနှင့် ဆက်စပ်မှုရှိနေသော လူ၊ အဖွဲ့အစည်းတို့သည် တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့ စီစဉ်ထားသည့်အတိုင်း အံဝင်ခွင်ကျ ချိတ်ဆက် လှုပ်ရှားနေသလား။

လှုပ်ရှားမှုများ၏ ဦးတည်ရည်မှန်းရာ(Object)မှာ နိုင်ငံရေး ဖြစ်နေသည့်အတွက် မဟာဗျူဟာရေးဆွဲသူများသည် နိုင်ငံရေးဝန်းကျင် (Political environment) အတွင်းမှနေ၍ အနီးကပ် စေ့စပ်သေချာစွာ လေ့လာအားထုတ်နေရသည်။ သို့ဖြစ်ရာ သူတို့သည် နိုင်ငံရေး ရေစီးကြောင်း(Political current)ကို သိနေရသည်။

- ဒီမိုကရေစီထောက်ခံသူများ၏လှုပ်ရှားမှုအား တန်ပြန်မည့် နဝတ၏မဟာဗျူဟာကို အသေးစိတ်သေချာစွာ ဖော်ပြနိုင်ပါသလား။
- ဥပမာအားဖြင့် နဝတမှ ကြီးမှူးသော အမျိုးသားညီလာခံသည် ၎င်း၏ မဟာဗျူဟာ တစိတ်တပိုင်း ဖြစ်သလား။
- ထိုင်းစစ်ဗိုလ်ချုပ်ကြီးများနှင့် စီးပွားရေးဆက်စပ်မှုက မည်သို့ရှိနေသနည်း။
- နိုင်ငံရေး ချိန်ခွင်လျှာ ညီမျှမှုရှိနေသလား။
- မြန်မာနှင့် အရှေ့တောင်အာရှအသင်းကြီး (အာဆီယံ)တို့၏ဆက်ဆံရေးနှင့်ပတ်သက်၍ အပြန်အလှန် အပေးအယူ(quid pro quo)က မည်သို့ ရှိနေသနည်း။
- အဆိုပါမေးခွန်းများ၏အဖြေကို လေ့လာသူများအနေဖြင့် မည်သည့်နေရာများမှ ဒက်ကနဲသိနိုင်သနည်း။

မီဒီယာသို့ သတင်းထုတ်ပြန်ချက်များ၊ လူတွေ့မေးမြန်းခန်းများ၊ လှုပ်ရှားမှုများအပေါ် သုံးသပ်ခြင်းများနှင့် နိုင်ငံရေး စစ်တမ်းများသည် အထက်ဖော်ပြပါအချက်များကိုသိနိုင်ရန် နေရာကောင်းများဖြစ်သည်။ ထို့ပြင် အတွေ့အကြုံ ရှိသော မြန်မာ့နိုင်ငံရေးစောင့်ကြည့်သူများ၏ ပိုင်းခြားလေ့လာသုံးသပ်မှုများမှလည်း သိနိုင်သည်။

## (၂–က–၂) တိုက်ပွဲဝင် စွမ်းအားကို နှိုင်းယှဉ်ခြင်း

မဟာဗျူဟာအတွက်အချက်တွင် ယခုဖော်ပြမည့်အကြောင်းအရာကို အခြားကိစ္စများ မဆောင်ရွက်မီ ကြိုတင် မပြုလုပ်သင့်ပါ။ သို့မဟုတ်ပါက တကယ်တမ်း အချိန်ကျလာသောအခါ သုံးမရဖြစ်တတ်သည်။ (စစ်တပ်နှင့် နိုင်ငံရေးအံတုမှု ဆိုသည်မှာ အလွန်ခြားနားသော တိုက်ခိုက်ရေးစနစ်များ ဖြစ်သည်ကို သတိချပ်ရပါမည်။) ထို့ပြင် စိတ်ရှုပ်ထွေးစေနိုင်သော သတင်းအချက်အလက် များလည်းရှိသည်။ ဤစာပိုဒ်ပါအကြောင်းအရာကို မေတ္တာ ရပ်ခံသည့် သတင်းအချက်အလက်အတိုင်းသာ ပါဝင်စေရန် ကန့်သတ်ထားသင့်သည်။ ပြိုင်ဖက်ရန်သူနှင့် မိမိဘက် တွင်ရှိနေကြသော တိုက်ပွဲဝင်စွမ်းအားကို နှိုင်းယှဉ်ရာတွင် (၄)မျိုးရှိသည်၊ ယင်းတို့မှာ

(၂–က–၂–၁) ပြိုင်ဖက်စစ်တပ် (Opponent Military )

(၂–က–၂–၂) မိမိဖက်မှရပ်တည်မည့် စစ်တပ် (Friendly Military)

(၂–က–၂–၃) ပြိုင်ဖက်၏ နိုင်ငံရေးအံတုမှု (Opponent Political Defiance)

(၂–က–၂–၄) မိမိဖက်မှ နိုင်ငံရေးအံတုနိုင်မှု ( Friendly Political Defiance) တို့ဖြစ်သည်။

## (၂–က–၂–၁) ပြိုင်ဖက်စစ်တပ်

### (၁) အင်အား

(အရေအတွက်၊ အရွယ်အစားနှင့်အမျိုးအစား) နဝတသည် ၎င်း၏စစ်တပ်အား စစ်သည်အင်အား ငါးသိန်းရှိအောင် တိုးမြှင့်ရန်ရည်ရွယ်ထားပြီး အဓိကအားဖြင့် ခြေမြန်တပ်ရင်းတရင်းအတွက် လေတပ်နှင့်ရေတပ်မှ အကန့်အသတ်ဖြင့် ဆက်လက် စွမ်းအားဖြည့်မည်ဟု ကြေငြာထားသည်။

### (၂) တိုက်ပွဲအစီအစဉ်

(အတိုက်အခံအင်အားစုတို့သည် မည်သို့ပင်တည်ဆောက်ထားစေကာမူ မည်သည့်အဖွဲ့အစည်းက တပ်ခွဲယူနစ်(Unit) တခုအဖြစ် မည်သည့်တာဝန်ကို ယူမည်နည်း။)

အဆိုပါ အတန်းအစားခွဲ သတ်မှတ်ခြင်းသည် အချို့သောနေရာဒေသများတွင် မည်သည့်တပ်ခွဲယူနစ်က တုန့်ပြန်လှုပ်ရှားမည်ကို ဆုံးဖြတ်နိုင်ရန်အတွက် အရေးပါနိုင်သည်။ တိုက်ပွဲအစီအစဉ်ကို သိနေခြင်းအားဖြင့်လည်း

မဟာဗျူဟာရေးဆွဲသူများအနေဖြင့် ဦးစီးမှူး(Commander) ရွေးချယ်ရန်အတွက် အရည်အသွေး ကိုယ်ရေးအကျဉ်းချုပ်များအပေါ် အာရုံစိုက်နိုင်ပေလိမ့်မည်။ တိုင်းအလိုက် ဌာနချုပ်များ၊ ဒေသဆိုင်ရာဦးစီးမှူးများနှင့်အထက်တာဝန်ယူမည့်သူများအတွက် နိုင်ငံရေးအံတုမှုကော်မတီ (ပီဒီစီ)က အဓိက လုပ်ဆောင်ပေလိမ့်မည်။




## (၃) တည်နေရာနှင့် တပ်စွဲခြင်း

- (အဆိုပါ တပ်ခွဲယူနစ်များသည် မည်သည့်နေရာတွင်ရှိသနည်း။
- မည်သို့တပ်စွဲထားမည်နည်း။
- မည်သည့်ကိစ္စများ ဆောင်ရွက်မည်နည်း။)

## (၄) တပ်ကူဖြည့်ခြင်း

- (တကယ်တမ်းတိုက်ပွဲဝင်ရန် ယုံကြည်အားကိုးရသည့် လေကြောင်းချီတပ်ဖွဲ့(Airborne)၊ ဝင်ရောက်စီးနင်းတိုက်ခိုက်ရန် အထူးလေ့ကျင့်ထားသောတပ်ဖွဲ့–ကွန်မန်ဒို(Commando)၊ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်၍တားဆီးရန် လေ့ကျင့်ထားသောတိုက်ခိုက်ရေးတပ်ဖွဲ့(Strike force)၊ လေတပ်တို့အား တပ်ကူဖြည့်ရန်အတွက် မည်သို့သော တပ်ခွဲယူနစ်ကို ပုံမှန်အားဖြင့် ရွေးချယ်ထားပါသနည်း။
- ပျောက်ကြားခုခံရေးစစ်ဆင်နွှဲသောနေရာနှင့် မိုင် ၁၀၊ ၃၀၊ ၅၀၊ ၁၀၀၊ ၂၀၀ အကွာမှနေ၍ ပုံမှန်တပ်ကူဖြည့်ချိန်များမှာ မည်သို့ရှိနိုင်သနည်း။
- တပ်ကူပို့ပေးရာတွင် အချိန်ကွာခြားချက် အကျိုးသက်ရောက်မှု(Time difference factor)ကို တွက်ထားရသည်။ အချိန်မည်မျှရနိုင်သည် ဆိုသည့်အချက်သည် အချိန်ပေါ်မူတည်၍ လှုပ်ရှားရသော နိုင်ငံရေးအံတုမှုတွင် အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးအံတုမှုတွင် အချိန်ကိုမသေချာပဲ စွန့်စားရခြင်းများကို လက်ခံ၍ မဖြစ်နိုင်သောကြောင့်ဖြစ်သည်။)

## (၅) ပို့ဆောင်ထောက်ပံ့ရေး (Logistics)

- တပ်ခွဲယူနစ်များအား ရိက္ခာကို မည်သို့ ပြန်လည်ထောက်ပံ့မည်နည်း။
- အဆက်အသွယ် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အကြိမ်မည်မျှ ရိက္ခာ ပြန်လည်ထောက်ပံ့နိုင်သနည်း။
- စစ်ဆင်ရေးမစမီ အထမ်းသမားများကို မည်မျှ လျင်မြန်စွာ စုဆောင်းနိုင်သနည်း။
- စစ်ဆင်ရေးမစမီ အထမ်းသမားများကို ထားရှိရန်နေရာများကို တည်ဆောက်ထားသလား။
- ပြန်လည်ထောက်ပံ့ရေးရိက္ခာများသယ်ယူလာသော ယာဉ်တန်းများကို အစောင့်အကြပ် ထူထပ်စွာ ချထားသလား။
- အဓိက ရိက္ခာသိုလှောင်ရေးစခန်းများမှာ မည်သည့်နေရာတွင်ရှိသနည်း။

## (၆) တိုက်ခိုက်ရေးစွမ်းရည်

(လေ့ကျင့်သင်တန်းပေးခြင်း၊ အင်အားအရေအတွက်၊ တပ်ခွဲယူနစ်၏ ရာဇဝင်၊ ထိခိုက်သေဆုံးနှုန်း၊ စိတ်ဓါတ်ရေးရာတို့ကို ခန့်မှန်းတွက်ဆခြင်းဆိုင်ရာ အချက်အလက်များသည် သတင်းဖြန့်ချိလို့ဆော်ပေးမည့်ရည်ရွယ်ချက်နှင့် သတင်းဖြန့်ချိသည့် နည်းစနစ်များ ထိရောက်စေရေးအတွက် အရေးပါသည်။ တပ်ခွဲယူနစ်တိုင်း စွမ်းရည်ချင်း မတူကြပါ။ ဥပမာအနေဖြင့် ခြေလျင်တပ်ရင်း ၂၂၏စွမ်းရည်နှင့် တပ်မ ၁၂၁၏စွမ်းရည်ချင်း တူနိုင်မည်မဟုတ်သကဲ့သို့ တပ်မ ၁၂၁ သည်လည်း သံချပ်ကာတပ်ရင်းနှင့် စွမ်းရည်ချင်း မတူကြပါ။

မဟာဗျူဟာကို အကောင်အထည်ဖော်သူတို့အနေဖြင့် ထိုတပ်ခွဲယူနစ်တို့၏ စွမ်းရည်များကို သိရှိနေမှသာ ပုံစံချ၍ ပိုင်းခြားလေ့လာသုံးသပ်နိုင်ပေမည်။ ထို့ပြင် အထူးတလည် စဉ်းစားသုံးသပ်ရမည့် အချို့သောတပ်ခွဲယူနစ်များကို ဂရုတစိုက် အမှတ်အသားပြုထားနိုင်ပေလိမ့်မည်။

စွမ်းရည်များကို သိရှိထားရန် လိုအပ်သကဲ့သို့ အထောက်အကူပေးနိုင်သည့် အခြားသတင်း အချက်အလက်များကိုလည်း သိရှိထားရပေမည်။ ဥပမာ–ဒီမိုကရေစီအတိုက်အခံဘက်သို့ ခိုလှုံလာသူ(တပ်ပြေး)များကို အိန္ဒိယအခြေစိုက် မြန်မာနိုင်ငံ အကြမ်းမဖက်လှုပ်ရှားမှု ကော်မတီ (စီအန်အေဘီ) (CNAB-Committee for Nonviolent Action in Burma)က မှတ်တမ်းတင်ထားရာ ထိုမှတ်တမ်းအရ မြန်မာစစ်တပ်အတွင်း စိတ်ဓာတ်ရေးရာ ပျက်ပြားကျဆင်းနေကြောင်းသိရသည် ဆိုသော အချက်အလက်မျိုးဖြစ်သည်။

- စစ်တပ်တခုလုံး စိတ်ဓာတ်ရေးရာ ပျက်ပြားကျဆင်းမှု ပြန့်ပွားနေသည် သို့မဟုတ် အချို့သော တပ်ခွဲယူနစ်များတွင်သာ ဖြစ်ပျက်နေသည်ကို ကောက်ချက်ချနိုင်ရန် တပ်ပြေးခိုလှုံလာသူများ၏ သတင်းပေးပို့ချက်အား လက်ခံ ပြင်ဆင်ထားနိုင်သလား။
- မည်သည့်အကြောင်းရင်းများက အဆိုပါတပ်ခွဲယူနစ်များတွင် စိတ်ဓာတ်ရေးရာ ပျက်ပြားကျဆင်းမှုဖြစ်စေသနည်း။

## (၇) စစ်တပ်၏ ရာဇဝင်အကျဉ်းချုပ်

ဤစာပိုဒ်သည် ပညာရေး၊ လူမှုရေး၊ ဘာသာရေး၊ စိတ်ဓာတ်ရေးရာ ရိုက်သွင်းမှု၊ သက်တူရွယ်တူအုပ်စုများ အစရှိသည့် လူမှုအသိုင်းအဝိုင်းတို့တွင် မြန်မာစစ်တပ်က ပါဝင်ပတ်သက်နေသည့် အချက်အလက်များဖြစ်သည်။ ရန်သူ့စစ်တပ်များ လှုပ်ရှားသည့် တည်နေရာများကို အောက်ပါတို့တွင် တွေ့နိုင်သည်။

- သတင်းစာများ
- နိုင်ငံခြားမှ သတင်းထုတ်ပြန်ချက်နှင့် အသံလွှင့်ဌာနများ
- စစ်အကျဉ်းသားများကို မေးမြန်းထားသော မှတ်တမ်းများ
- အခြားတဘက်သို့ ခိုလှုံထွက်ပြေးလာသူ တပ်ပြေးများ၏ သတင်းပေးပို့ချက်

- စစ်ဆင်ရေးမှ ထွက်ပြေးလွတ်မြောက်လာသူ အထမ်းသမားများ၏ သတင်းပေးပို့ချက်
- တော်လှန်ရေးအဖွဲ့၏ ထောက်လှမ်းရေးနှင့် စာနာထောက်ထားသူများ၏ သတင်းပေးပို့ချက်
- တိုက်ပွဲများစွာတိုက်ခဲ့ဖူးသည့် စစ်အရာရှိများ၏ လိုလိုလားလား လူတွေ့ပြောဆို ဆွေးနွေးခန်းများ

## (၂-က-၂-၂) မိမိဖက်မှရပ်တည်မည့် စစ်တပ်

နိုင်ငံရေးအံ့တုမှုကို မဟာဗျူဟာအတိုင်း အောင်မြင်စွာလုပ်ဆောင်နိုင်ရန်မှာ အစိုးရ စစ်တပ်သည် စစ်မြေပြင်သို့ အချိန်အတော်ကြာအောင် ရောက်ရှိမလာနိုင် လုပ်ထားဖို့လိုသည်။ (သို့) အစိုးရစစ်တပ်အား ဟန့်ပြ တိုက်ခိုက်ပြီး နိုင်ငံရေးအံ့တုသူများ နလံပြန်ထူလာအောင် အချိန်ယူထားနိုင်ဖို့ဖြစ်သည်။ မဟာဗျူဟာရေးဆွဲသူတို့၏ **ကိုယ်ပိုင်စစ်တပ်** ဆိုသည်မှာ မြန်မာအစိုးရ၏စစ်တပ်ကို စိတ်ဓာတ်ရေးရာ စစ်ဆင်သည့်နေရာတွင် အလွန် အသုံးဝင်လှသည်။ သို့ဖြစ်သောကြောင့် မဟာဗျူဟာရေးဆွဲသူများသည် မိမိတို့ကိုယ်ပိုင်စစ်တပ်အတွက် အထက် တွင် ဖော်ပြခဲ့သည့်အတိုင်း သတင်းအချက်အလက်များကို စုဆောင်းရှာဖွေသင့်သည်။

မိမိဘက်မှရပ်တည်လာမည့် စစ်တပ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို မဟာဗျူဟာ ရေးဆွဲသူတို့ မည်သည့်နေရာမှ ရနိုင်သနည်း။

အစိုးရတပ်၏ စစ်ဌာနချုပ်များမှ ရနိုင်သည်။ စစ်ဦးစီးမှူးတို့မှာ သူတို့၏ စစ်အင်အားမည်မျှရှိသည်၊ မည်သည့်နေရာတွင် အားနည်းချက်ရှိသည် စသည်တို့ကို ထုတ်ဖော်မပြောချင်သည်မှာ အလွန်ဖြစ်နိုင်စရာရှိသည်။ သတင်းအချက်အလက်များ အပြင်သို့ပေါက်ကြား၍ မရနိုင်သဖြင့် ထိန်းသိမ်းကာကွယ်ထားပေလိမ့်မည်။ ထို့ကြောင့် သင့်တော်သူများကို ချဉ်းကပ်ပြီး ရရှိလာသော သတင်းအချက်အလက်များကို နိုင်ငံရေးအံ့တုမှု ကော်မတီ (ပီဒီစီ)တွင် လုံခြုံစွာ ကာကွယ်ထားရှိရပေလိမ့်မည်။

(**ဝေဖန်ချက်** -- အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှုတွင် စစ်ရေးဆိုင်ရာနှင့် ပူးတွဲလုပ်ဆောင်ခြင်းသည် ကြီးမားသော ဆုံးရှုံးမှုဖြစ်သည်။

- စစ်ရေးဆောင်ရွက်ချက်များက အကြမ်းမဖက်လှုပ်ရှားမှုကို အရှိန်အဟုန်ဖြင့် မလုပ်ဆောင်နိုင်အောင် ဝင်ရောက် ဟန့်တားသည်။
- အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှုထဲသို့ စစ်ရေးတာဝန်ယူသူများ ထည့်သွင်းလာသဖြင့် လုပ်ရကိုင်ရ ပိုခက်လာသည်။
- အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှုကို လက်နက်ကိုင်တော်လှန်ရေးအတွက် အကြမ်းဖက်တပ်ဦးအဖြစ် စွပ်စွဲ တိုက်ခိုက်လာစေသည်။
- နိုင်ငံတကာအသိုင်းအဝိုင်း၏ ထောက်ခံမှုရရန် ခက်ခဲစေသည်။
- အစိုးရမှ တန်ပြန်အကြမ်းဖက်လာနိုင်အောင် ဖိတ်ခေါ်နေသည်။

သို့သော် အချို့အတိုက်အခံအုပ်စုများသည် သူတို့၏အတွေ့အကြုံများအရ အကျိုးဖြစ်ထွန်းသည် ထက် ပေးဆပ်ရသည်က အဆမတန်များလွန်းနေသည်ကို သိနေသည့်တိုင်အောင် အထက်ပါ စစ်ရေးနှင့်ယှဉ်တွဲ လုပ်ဆောင်သည့် လှုပ်ရှားမှုလမ်းစဉ်ကို စွန့်လွှတ်ရန် လက်တွေ့တွင် တခါတရံ ငြင်းဆန်ကြသည်။ အတိုက်အခံ အုပ်စုအား ယုံကြည်အားထားကြသော ပြည်သူတို့၏စွမ်းအားမှာ အကြမ်းမဖက်လှုပ်ရှားမှုတွင် အမှန်ပင် အရေးပါလှသည်။ လက်နက်ကိုင် အတိုက်အခံအုပ်စုများအနေဖြင့် လက်နက်ကိုင်ဆောင်၍ တော်လှန်တော်ခိုက်စရာ မလိုပဲ အကြမ်းမဖက် နိုင်ငံရေး လှုပ်ရှားရာတွင် ပါဝင်နိုင်ကြောင်း သူတို့ယုံကြည်လာဖို့လိုသည်။ သို့မဟုတ်ပါက သူတို့၏လက်နက်ကိုင်လှုပ်ရှားမှုသည် အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှုနှင့် ဝေးကွာသွားလိမ့်မည်ဖြစ်သည်။ စစ်ရေး ဆောင်ရွက်ချက်များ တဖြည်းဖြည်း လျှော့ချရပ်ဆိုင်းသွားနိုင်ရေးကို မဟာဗျူဟာရေးဆွဲသူများက စဉ်းစားသုံးသပ် သင့်သည်။

## (၂–က–၂–၃) ပြိုင်ဖက်၏ နိုင်ငံရေးအံတုမှု

အကယ်၍ နဝတဆိုသော အဖွဲ့တခုသည် အကြမ်းမဖက်လှုပ်ရှားမှုကို ဆင်နွှဲလာနိုင်စရာရှိသည် ဆိုပါစို့။ အမှန်စင်စစ် ထိုကိစ္စသည် ဖြစ်လာမည်မဟုတ်မှန်း သိနေကြသော်လည်း ၎င်းကို ကျွန်ုပ်တို့၏ စင်ပြိုင်အဖြစ် သဘောထားရပါမည်။ အကယ်၍ နဝတသည် သံန္နိဋ္ဌာန်ချမှတ်၍ ကျွန်ုပ်တို့၏ လှုပ်ရှားမှုကိုရင်ဆိုင်ရန် အားထုတ်လာသည်ဆိုလျှင် ၎င်းတို့မည်မျှစွမ်းဆောင်နိုင်သည်ကို သိရန်အရေးကြီးသည်။ နဝတဆိုသော စင်ပြိုင်အဖွဲ့တွင် မည်သို့သော စွမ်းရည်များ ရှိနေကြောင်း စဉ်းစားသည့်အခါ အောက်ပါအတိုင်းတွေ့ရသည်။

### (၁) အစွမ်းအစများ

- သတင်းဖြတ်တောက်ပိတ်ဆို့မှု
- ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာနှင့် ပုံနှိပ်ထုတ်ဝေရေး ပိုင်ဆိုင်မှု
- ပညာရေးကဏ္ဍတခုလုံးကို ထိန်းချုပ်ထားနိုင်မှု
- အကျင့်စရိုက်ကို ထိန်းချုပ်ပြောင်းလဲစေနိုင်သော နိုင်ငံတော်ဘဏ္ဍာကို ပိုင်ဆိုင်မှု
- နိုင်ငံတကာအသိအမှတ်ပြုခံရမှုနှင့် ကမ္ဘာ့သတင်းလောက၊ အခြား အဓိက ဆက်သွယ်ရေးဌာနများသို့ ပေါက်ရောက်မှုရှိခြင်း
- ကောင်းစွာလေ့ကျင့်ထားသူများဖြင့် ကျယ်ပြန့်စွာ ဖွဲ့စည်းထားနိုင်သည့် ထောက်လှမ်းရေး ကွန်ယက်ရှိနေခြင်း
- ကမ္ဘာ့အဆင့်မီ ဆက်သွယ်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ခြင်း။

### (၂) အားနည်းချက်များ

- နိုင်ငံကို အောင်မြင်စွာအုပ်ချုပ်နိုင်သော အရည်အချင်းမရှိ
- ပြည်သူ၏မကြည်ဖြူခြင်းကိုခံရသည်
- မဟာဗျူဟာ အကောင်အထည်ဖော်ရေးတွင် လေ့ကျင့်ထားသူများမရှိ
- လူနည်းစုတိုင်းရင်းသားများကို အစိုးရကိုယ်တိုင် လူမျိုးတုန်းစစ်ဆင်ရေးလုပ်နေသော မှုဝါဒ ရှိသည်
- အခြားအားနည်းချက်များ (သို့) ထိခိုက်ပျက်စီးမခံနိုင်သောအချက်များ

### (၃) ထောက်တိုင်များ

- မြန်မာစစ်တပ်
- စစ်ထောက်လှမ်းရေး
- မီဒီယာ
- နိုင်ငံခြားငွေရင်းမြှုပ်နှံသူများ
- စီးပွားရေးအသိုင်းအဝိုင်း
- အရပ်ဖက်ဝန်ထမ်းများ
- အခြား (အာဆီယံ၊ တရုတ် အစရှိသဖြင့်)

### (၄) လူဦးရေစစ်တမ်း

- အထွေထွေ (နှစ်ဖက်စလုံးမှ ပိုင်းခြားလေ့လာစိစစ်ရာတွင် အသုံးပြုသည်။)
- လူဦးရေ (၁၉၉၅ ခန့်မှန်းခြေ -- ၄၅၁၀၃၈၀၉)
- မွေးခါစမှ ၁၄နှစ်ထိ -- ၃၆ ရာခိုင်နှုန်း (မ – ၇၉၆၃၅၄၄၊ ကျား – ၈၂၈၅၄၅၉)
- ၁၅နှစ်မှ ၆၄နှစ်ထိ -- ၆၀ ရာခိုင်နှုန်း၊ ၆၄နှစ်အထက် -- ၄ ရာခိုင်နှုန်း
- လူဦးရေတိုးနှုန်း -- ၁ ဒသမ ၈၄ ရာခိုင်နှုန်း
- မွေးဖွားနှုန်း -- ၂ ဒသမ ၈၀၂ ရာခိုင်နှုန်း

- သေဆုံးနှုန်း -- ၀ ဒသမ ၉၆၃ ရာခိုင်နှုန်း
- ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်တွင် လူဦးရေ ထူထပ်သိပ်သည်းမှုရှိသည်။

## (၅) နိုင်ငံရေးအရ ဆုံးဖြတ်ပေးသူများ

(၁) အလိုအလျောက်ရပ်တည်ပေးနေသော မဟာမိတ်

- မြန်မာစစ်တပ်
- စစ်ထောက်လှမ်းရေး
- အရပ်ဖက်ဝန်ထမ်း
- စီးပွားရေးအသိုင်းအဝိုင်း
- တရုပ်၊ စင်ကာပူ၊ ဂျပန်၊ အင်ဒိုနီးရှား၊ ထိုင်း
- အခြား

(၂) အဖွဲ့အစည်းများ

**(ဝေဖန်ချက်။** အဖွဲ့အစည်းများသည် နိုင်ငံရေးအာဏာဇစ်မြစ်များ၏ အခြေခံဖြစ်သည် ဆိုသောအချက်ကို ပြန်လည်အမှတ်ရကြည့်ပါ။ လူမှုအဖွဲ့အစည်းများရှိနေခြင်းကြောင့် အာဏာကို ဗဟိုမှချုပ်ကိုင်ရန် ခက်ခဲသွားသည်။ တနည်းအားဖြင့် ဗဟိုမှချုပ်ကိုင်သည့် အာဏာသည် ပြန့်ကြဲသွားသည်။ ထို့ပြင် လူနေမှုအဖွဲ့အစည်းများသည် အစိုးရနှင့်အတိုက်အခံကြားတွင် ကြားနေနိုင်ရေးအတွင်လည်း မရှိမဖြစ် အရေးပါသည်။ အကယ်၍ အာဏာလွှဲပြောင်းမှုဆိုင်ရာ အရေးကြီးသောကိစ္စများ– ဥပမာ–တွေ့ဆုံညှိနှိုင်းရေး၊ ယာယီအုပ်ချုပ်ရေး အစရှိသည်တို့ကို ဆောင်ရွက်မည်ဆိုလျှင်လည်း လူနေမှုအဖွဲ့အစည်းများမှာ အလွန်အသုံးဝင်စွာ ကူညီပေးနိုင်သည်။ သို့ဖြစ်၍ လူမှုအဖွဲ့အစည်းများသည် အရေးကြီးသော ထောက်တိုင်အဖြစ်တည်ရှိနေသဖြင့် နိုင်ငံရေးအံတုမှု မဟာဗျူဟာကို ရေးဆွဲသူများက အရေးကြီးသော အချက်အနေဖြင့် သတ်မှတ်ထားရပါမည်။)

- ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း
- သံဃာ့မဟာနာယကအသင်း
- စာရေးဆရာများအသင်း
- မိဘဆရာအသင်း
- စစ်မှုထမ်းဟောင်းများအသင်း
- အားကစားကလပ်အသင်းများ
- အခြား

(၃) နိုင်ငံရေးအက်ကွဲကြောင်းများ

- တပ်မတော်စစ်ဦးစီးမှူးများနှင့် စစ်ထောက်လှမ်းရေး
- နဝတအတွင်းရှိ အလယ်အလတ်သဘောထားရှိသူများနှင့် သဘောထားတင်းမာသူများ
- နဝတနှင့် လယ်သမားများ
- အစိုးရ၏ ထိပ်ပိုင်းနှင့် အောက်ပိုင်း အရာရှိများ
- ပုဂ္ဂလိကဝန်ထမ်းနှင့် အစိုးရ၏အရပ်ဖက်ဝန်ထမ်း
- အခြား

# (၂–က–၂–၄) မိမိဖက်မှ နိုင်ငံရေးအံတုနိုင်မှု

တက်တက်ကြွကြွရှိလှသော နိုင်ငံရေးအံတုသူများနှင့် ပီဒီစီအဖွဲ့ဝင်များကိုကြည့်ခြင်းဖြင့် မည်မျှထိ နိုင်ငံရေး အံတုနိုင်စွမ်းရှိကြောင်း သိနိုင်သည်။ ပီဒီစီအဖွဲ့ဝင်များသည် အဖွဲ့အစည်းများအကြောင်းနှင့် နိုင်ငံရေးအံတုမှု တိုက်ပွဲအစီအစဉ်တို့ကိုပြောပြနိုင်ကြသည်။ ထို့ပြင် ပေါင်းစပ်စုစည်းသူနှင့် အားပေးလှုံ့ဆော်သူတို့သည် မည်သည့်

နေရာတွင်တည်ရှိ၍ မည်သို့တပ်စွဲနိုင်သည်ကိုငင်း၊ လတ်တလော မည်သို့လှုပ်ရှားခဲ့ကြသည်ကိုငင်း၊ အရေအတွက် မည်မျှရှိသည်ကိုငင်း ပီဒီစီအဖွဲ့ဝင်များက သိရှိကြသည်။

## (၁) ထောက်တိုင်များ

(**ဝေဖန်ချက်** – အထောက်အကူပြုထောက်တိုင်များမှာ အဓိကအာရုံစိုက် လှုပ်ရှားရမည့်နေရာများဖြစ်သည်။ ပြိုင်ဖက်ဖြစ်သူ၏ အထောက်အကူပြုထောက်တိုင်များကို တိုက်ခိုက်ရန် ရည်မှန်းရမည်ဖြစ်ပြီး၊ အကောင်းဆုံး နိုင်ငံရေးအံတုနိုင်ရေးအတွက် မိမိဖက်တွင်ရှိသော အထောက်အကူပြုထောက်တိုင်များမှ စတင်ရပါမည်။)

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ)
- ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (အန်စီယူဘီ)
- ရဟန်းပျိုများသမဂ္ဂ
- နိုင်ငံရေးအံတုလှုပ်ရှားမှုကော်မတီများ
    - (၁) လူနည်းစုတိုင်းရင်းသားတို့၏ အဖွဲ့အစည်းများ
    - (၂) နိုင်ငံအသိုင်းအဝိုင်းမှ အဖွဲ့အစည်းများ (လွတ်လပ်သော လူ့ဘောင်အဖွဲ့ အစရှိသဖြင့်)
    - (၃) ကမ္ဘာ့ကုလသမဂ္ဂ

## (၂) လူဦးရေစစ်တမ်း

(အထက်တွင်ဖော်ပြခဲ့သည့် ပြိုင်ဖက်၏ နိုင်ငံရေးအံတုမှုမှ လူဦးရေး စစ်တမ်းအတိုင်းဖြစ်သည်။)

(၁) ကောလိပ်အဆင့် ပညာတတ်များကို မွေးထုတ်ခြင်း

ဘွဲ့ရလာသူများသည် အဖွဲ့အစည်းများသို့ဝင်၍ နိုင်ငံရေးအံတုမှုကို ကျွမ်းကျင်စွာ လှုပ်ရှားနိုင်ကြသည်။ ဦးဆောင်မှု ပေး နိုင်ကြသည်။ သူတို့အား အသိပညာပေးစည်းရုံး၍ရသည်။ အစဉ်အလာအားဖြင့် ဗဟုသုတပြည့်ဝ၍ အတွေးအခေါ် ထက်မြက်သူများကို အာဏာရှင်တို့က ကြောက်သည်။ ကြောက်ရလောက်အောင်လည်း ဘွဲ့ရလာ သူတို့၏ အတွေးအခေါ်က စူးရှထက်မြက်လှသည်။

(၂) ဒေသအလိုက် စာတတ်မြောက်မှုနှုန်း

(၃) လူနည်းစုတိုင်းရင်းသားများ၏ပါဝင်နှုန်းနှင့် ဘာသာတရားကိုးကွယ်မှုအတိုင်းအဆ

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူနည်းစုများ ပါဝင်တည်ရှိနေခြင်း၊ ပြည်သူတို့ ဘာသာတရားကိုင်းရှိုင်းခြင်းတို့ ကြောင့် မတူညီသောအုပ်စုများကို အားပေးလှုံ့ဆော်ရန်၊ စုစည်းပေါင်းစပ်ရန် လိုအပ်လာသည်။ စာပေထွန်းကားရေး အတွက်လည်း သင့်လျော်စွာ အသိပညာပေးလှုံ့ဆော်ရပါမည်။

(၄) ဒေသအလိုက် လူနေမှုအဆင့်အတန်း

(ရွာတရွာတွင် အစားအသောက်ရှားပါးခြင်း၊ သောက်သုံးရေမရရှိခြင်း၊ လျှပ်စစ်မီးမရှိခြင်း၊ ကျန်းမာရေး ထိန်းသိမ်း စောင့်ရှောက်မှုလုပ်ငန်းများမရှိခြင်း၊ စီးပွားဖြစ်ထုတ်လုပ်နိုင်သော ကောက်ပဲသီးနှံများမရှိခြင်း၊ လူငယ်လူရွယ်များ ကျန်ရှိ မနေတော့ခြင်း စသည်တို့ဖြစ်ပျက်နေပါက ထိုရွာသည် ဒီမိုကရေစီ လှုပ်ရှားရေးအတွက် အထောက်အကူ ပေးနိုင်မည် မဟုတ်ဟု ဆိုရဖွယ်ရှိပေလိမ့်မည်။ တနည်းအားဖြင့် အထက်ပါအချက်အလက် အစရှိသည်တို့ အထိုက်အလျောက် ရှိနေမှသာ လှုပ်ရှားမှုကိုအကျိုးပြုနိုင်စရာရှိသည်။ သို့သော် ဒီမိုကရေစီ ဖယ်ဒရယ်အစိုးရ တက်လာသောအခါ အမှန်တကယ် လုပ်ပေးလာနိုင်စရာရှိသော အနာဂတ်ရည်မှန်းချက်များ စသည့်တခုခုကို ထိုရွာအား ကျွန်ုပ်တို့ ပြောပြသင့်ပါသည်။)

## (၃) နိုင်ငံရေးအရ ဆုံးဖြတ်ပေးသူများ

(၁) အလိုအလျောက်ရပ်တည်ပေးနေသော မဟာမိတ်

(**ဝေဖန်ချက်** – အန်စီယူဘီသည် မည်သူ့အကျိုးစီးပွားအတွက် လုပ်ဆောင်ပေးနေသနည်း)

- မြန်မာနိုင်ငံနယ်စပ်တလျှောက်ရှိ စီးပွားရေးလုပ်ကိုင်နေကြသူများ
- ကျောင်းသားများ
- ဘာသာရေးအဖွဲ့များ
- လူနည်းစု တိုင်းရင်းသားတို့မှ အများစု
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
- ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ
- လူ့အခွင့်အရေးအဖွဲ့များ
- အခြား

(၂) အဖွဲ့အစည်းများ

(**ဝေဖန်ချက်** – အဖွဲ့အစည်းများသည် နိုင်ငံရေးအာဏာဇစ်မြစ်များ၏ အခြေခံဖြစ်သည်ဆိုသောအချက်ကို ပြန်လည်အမှတ်ရ ကြည့်ပါ။ မည်သည့်အတိုင်းအတာထိ မိမိတို့အဖွဲ့အစည်းများက လုပ်ဆောင်နိုင်စွမ်းရှိသည်ကို သိရှိပြီးမှ မဟာဗျူဟာကို ခန့်မှန်းတွက်ချက်ရပါမည်။ မိမိတို့အဖွဲ့အစည်းများဟုဆိုရာတွင် နိုင်ငံတကာ အဖွဲ့အစည်းများသာမက မြန်မာနိုင်ငံတွင်း ထိုအဖွဲ့အစည်းများ၏ အကျိုးစီးပွားလည်းပါဝင်သည်။)

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
- ကချင်ပြည်နယ်တခုလုံး ဖွံ့ဖြိုးရေးအဖွဲ့( Pan-Kachin Development Society)
- အန်စီယူဘီ အဖွဲ့ဝင် အဖွဲ့အစည်းများ
- ဒီမိုကရက်တစ် မြန်မာ့အသံ(DVB - Democratic Voice of Burma)
- မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (FTUB - Free Trade Unions of Burma)
- ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေးအဖွဲ့ (RSO - Rohinga Solidarity Organization)
- ကမ္ဘာ့ကုလသမဂ္ဂ
- National Endowment for Democracy
- International Republican Institute
- Open Society Institute
- အခြား

(၃) နိုင်ငံရေးအက်ကွဲကြောင်းများ

(**ဝေဖန်ချက်** – ဒီမိုကရေစီကို ထောက်ခံသော လှုပ်ရှားမှုအတွင်း နိုင်ငံရေးအကွဲအပြဲ များစွာရှိသည်။ အလေးနက်ဆုံးသဘောထားကွဲလွဲမှုများကို အမည်ပေး၍ဖော်ပြသင့်သည်)

- ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရနှင့် ဒီအေဘီ
- အန်စီယူဘီနှင့် ရိုဟင်ဂျာ (မပါဝင်ရေးကိစ္စ)
- အန်စီယူဘီနှင့် အက်ဖ်တီယူဘီ (ပေါင်းစပ်စုစည်းရေးကိစ္စ)
- အန်စီဂျီယူဘီနှင့် အန်အယ်လ်ဒီ–လွတ်မြောက်နယ်မြေ (နယ်စပ်ဒေသ ခေါင်းဆောင်မှုပေးရေးကိစ္စ)
- အခြား

**(၄) လုံခြုံရေးကို စဉ်းစားသုံးသပ်ခြင်း**

(၁) တန်ပြန်ထောက်လှမ်းရေးကို ထိရောက်အောင်လုပ်ဆောင်ခြင်း

(အဆိုပါကိစ္စသည် နိုင်ငံရေးအံတုမှုကိုအကောင်အထည်ဖော်ရာတွင် စောစောပိုင်းလှုပ်ရှားမှုများ၌ အခြေခံ သတ်မှတ်ချက်နှင့်အညီ ထိရောက်အောင်လုပ်နိုင်ပါသလား သို့မဟုတ် ထိုသို့လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများ ရှိနေသလား။)

(၂) လူသစ်စုဆောင်းခြင်းဖြင့် ရှိပြီးသားများကို ထိခိုက်ဆုံးရှုံးမခံနိုင်ခြင်း

(၃) အဖွဲ့အစည်းဆိုင်ရာ စစ်ဆေးကြပ်မတ်သည့် နည်းလမ်းများ

(တဖက်မှ ဝင်ရောက်ထိုးဖောက်၍ မထောက်လှမ်းနိုင်အောင် မည်သည့်ကိစ္စများကို ပြုလုပ်ထားပါသနည်း။

လူသစ်များကို ယုံကြည်စိတ်ချရစွာလက်ခံသော နမူနာနည်းလမ်းအချို့မှာ ထိုလူသစ်၏ အချက်အလက် အမှားများကို တိကျမှန်ကန်စွာထောက်ပြခြင်း၊ သံသယရှိသူ ထိုလူသစ်ကို အနီးကပ်စောင့်ကြည့်ခြင်း၊ ထိုလူသစ်အား ယုံကြည်စိတ်ချ ရကြောင်း အခြားတယောက်မှ ထောက်ခံပေးခြင်း တို့ဖြစ်သည်။)

(၄) ဆက်သွယ်ရေး

(သတင်းပေးပို့ချက်များကို မည်သို့ဖြန့်ချိမည်နည်း။ ဆက်သွယ်ရေးစနစ်မှာ မည်မျှစိတ်ချရမှုရှိသနည်း။

- သတင်းပေးပို့သူထားရှိခြင်း၊ ရေဒီယိုဖြင့်ဆက်သွယ်ခြင်း၊
- မည်သူမည်ဝါမှန်းမသိရပဲ သတင်းပေးပို့ လက်ခံခြင်း(dead drops မည်သူပေး၍ မည်သူယူမှန်းမသိရပဲ သတင်းပေးပို့လက်ခံသော ဆက်သွယ်ရေးနည်းတမျိုး)၊
- လက်ခံရုံသက်သက် ဆက်သွယ်ခြင်း၊
- ကြိုတင်စီစဉ်ထားသော စကားဝှက်များကို အသုံးပြုခြင်း၊
- ပီဂျီပီ(PGP-Pretty Good Privacy အီးမေးလ်များ ပေးပို့လက်ခံရာတွင် လုံခြုံစိတ်ချမှုရှိအောင် စီမံထားသော ကွန်ပြူတာစနစ်)ကို အသုံးပြု၍ အီးမေးလ် ပေးပို့ခြင်းနှင့်
- ကွန်ပြူတာဖြင့် ဆက်သွယ်သော အခြားပုံစံများ အစရှိသည်တို့မှာ စိတ်ချလုံခြုံသော ဆက်သွယ်ရေး နမူနာပုံစံ များ ဖြစ်သည်။)

(၅) သတင်းနှင့်မှတ်တမ်းမှတ်ရာများ လုံခြုံရေး

အတိုက်အခံအုပ်စုများအား အစိုးရမှ စိမ့်ဝင်ထိုးဖောက်နိုင်သည်ကို မည်သည့်အခါမှ လျော့မတွက်သင့်ပါ။ ထို့ကြောင့် အရေးကြီးသည်မှန်သမျှ အစဉ်အမြဲဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်သင့်သည်။ ဆိုလိုသည်မှာ စာရွက်စာတမ်းများ ဖတ်ရှုသူတို့၏မှတ်တမ်းကို သိမ်းဆည်းထားခြင်း၊ ထိုစာရွက်စာတမ်းများကို မိတ္တူပွားထားခြင်းစသည်တို့ကိုလှုပ်ရှားမှု၏ လုံခြုံရေးအစီအစဉ်တခုအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ သိထားရန် လိုအပ်သူလောက်ကသာ အရေးကြီးသော သတင်းအချက်အလက်များကို ဖတ်ရှုလေ့လာခွင့်ပြုဖို့ အမြဲတမ်း ဂရုစိုက်သင့်သည်။ (အကြမ်းမဖက်လှုပ်ရှားမှုကိုမည်သို့ လုပ်ဆောင်မည်ဟူ၍ လျှို့ဝှက်ထားနိုင်သော သတင်း အချက်အလက်ဆိုသည်မှာ မရှိသလောက် နည်းပါးပါသည်။ မည်သူက ပါဝင်လှုပ်ရှားမည်ဆိုသည့် သတင်းအချက်အလက်ကိုသာ လုံခြုံစိတ်ချစွာထားရပါမည်။ သို့မဟုတ်ပါက ထိုသူတို့အတွက် ကြီးမားသောအန္တရာယ်ဖြစ်စေနိုင်သည်။)

# (၂-က-၃) ထင်မြင်ယူဆခြင်း

ရှေ့လုပ်ငန်းစဉ်နှင့် ရရှိသောအချက်အလက်များကိုကြည့်လျှင် မဟာဗျူဟာရေးဆွဲသူများ အနေဖြင့် ထင်မြင်ယူဆချက်များကို ဖြည့်စွက်ပေးရဖွယ်ရှိသည်။ အထူးသဖြင့် ဖြစ်နိုင်သော လှုပ်ရှားမှုလမ်းကြောင်းများကို အသေးစိတ်စိစစ်ရာတွင် ထင်မြင်ချက်များကို ပေါင်းစပ်ပေးရဖွယ်ရှိသည်။ အမှန်စင်စစ် မဟာဗျူဟာအတိုင်း ထိရောက်အောင်လှုပ်ရှားမည်ဆိုလျှင် အထင်အမြင်သက်သက်ကို အခြေခံ၍မရနိုင်ပါ။ အချိန်တိုင်းအချိန်တိုင်း ရနိုင်သမျှအချက်အလက်ပေါ်အခြေခံ၍ လှုပ်ရှားမှုသာ အကြမ်းမဖက်လှုပ်ရှားမှု အောင်မြင်နိုင်သည်။ အကယ်၍ ထင်မြင်ချက်အတိုင်းလုပ်ဆောင်ရုံမှလွဲ၍ အခြားမရှိတော့လျှင် ထိုထင်မြင်ချက်များသည် လက်ရှိ အခြေအနေတွင် အကျုံးဝင်နေဆဲ ဟုတ်မဟုတ် သေချာအောင် အားထုတ်ရပါမည်။ ထင်မြင်ချက်များကို ဥပမာပေးပါမည်။

(၁) အန်စီယူဘီအား နိုင်ငံခြားအစိုးရများက စစ်ရေးအကူအညီပေးခြင်းရှိမည် မဟုတ်။

(၂) ကမ္ဘာ့စီးပွားရေးကိုချုပ်ကိုင်ထားသော ကော်ပိုရေးရှင်းကြီးများ၏ ဩဇာလွှမ်းမိုးမှုကြောင့် အနောက်အုပ်စု ဒီမိုကရေစီနိုင်ငံများအနေဖြင့် နဝတအား ပြင်းထန်စွာ အရေးယူတော့မည်မဟုတ်ပဲ အပြန်အလှန် စကားပြောရုံသာ ကန့်သတ်လုပ်ဆောင်တော့မည်။

(၃) အင်ဒိုနီးရှားနှင့် ထိုင်းတွင်ရှိသော အမေရိကန်အကျိုးစီးပွားများက မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အမေရိကန် မူဝါဒအပေါ် လွှမ်းမိုးချုပ်ကိုင်မှု ရှိခဲ့သည်။

(၄) မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်မှုကို ထိန်းသိမ်းရန်နှင့် နိုင်ငံရေးတည်ငြိမ်စေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အလွန် အရေးကြီးသည်။

(၅) အခြား

ယခုအဆင့်တွင် မဟာဗျူဟာကို တွက်ချက်တည်ဆောက်သူများသည် ရရှိသော သတင်းအချက်အလက်များအပြင် ထင်မြင်ယူဆချက်များကိုလည်း စတင်အသုံးပြုသည်။ နောက်တဆင့်မှာ နိုင်ငံရေးအံတုမှုဖြင့် မိမိဘက်ကလှုပ်ရှားနိုင်သည့်လမ်းကြောင်းကို ရန်သူက မည်သို့ချေဖျက်နိုင်စွမ်းရှိသည်ကို ဆုံးဖြတ်ရသည်။ ပြိုင်ဖက်က မည်သို့လုပ်ဆောင်နိုင်စွမ်းရှိသည်ကို အတွေးအခေါ် ထက်မြက်အောင် လေ့ကျင့်နိုင်ရန် (၂-ခ)တွင် စတင်ဖော်ပြပါသည်။

## (၂-ခ) ပြိုင်ဖက်၏လုပ်ဆောင်နိုင်စွမ်းများ

မြန်မာစစ်တပ်အကြောင်းကို စေ့စပ်သေချာစွာပြန်ကြည့်ပြီး ပိုင်းခြားစိတ်ဖြာသုံးသပ်နိုင်လျှင် နိုင်ငံရေးအံတုမှုဖြင့် မိမိဘက်က လှုပ်ရှားနိုင်သည့်လမ်းကြောင်းအား ပြိုင်ဖက်က မည်သို့ချေဖျက်နိုင်စွမ်းရှိသည်ကို ဖြစ်နိုင်ခြေများနှင့်တကွ စဉ်းစားလာနိုင်သည်။ မြန်မာစစ်တပ်က မည်သို့လုပ်ဆောင်လာနိုင်သည်များအကြောင်း ကောက်နုတ်သုံးသပ်ရလျှင် အောက်ပါအတိုင်းဖြစ်နိုင်သည်။

(၁) ဒေါ်အောင်ဆန်းစုကြည်အား ပြန်လည်ဖမ်းဆီးနိုင်သည်။ သတ်နိုင်သည်။ သို့မဟုတ် ပြည်နှင်ဒဏ် ပေးနိုင်သည်။

(၂) လွတ်မြောက်နယ်မြေများတွင် ထိုးစစ်အရှိန်လျှော့မချပဲ မြန်မာနိုင်ငံ၏လူဦးရေထူထပ်သော အဓိက ဒေသ သုံးနေရာတွင် အကြီးစားလူထုအုံကြွမှုများကို ကြမ်းတမ်းစွာ နှိပ်ကွပ်နိုင်သည်။

(၃) နယ်စပ်တလျှောက်ရှိ မြန်မာဒီမိုကရေစီအဖွဲ့များအား အထီးကျန်ထားနိုင်ရန်၊ ထိရောက်စွာ မလှုပ်ရှားနိုင်စေရန်အတွက် တရုတ်၊ အိန္ဒိယ၊ ထိုင်းတို့မှ စစ်တပ်၊ ထောက်လှမ်းရေးများနှင့် ပူးပေါင်း လုပ်ဆောင်နိုင်သည်။

(၄) နိုင်ငံခြားမှ ပြည်တွင်းသို့ အသံလွှင့်၍မရအောင် အသံလှိုင်းများကို ဝင်ရောက်ဖျက်ဆီးနိုင်သည်။

(၅) အန်စီယူဘီ၊ ကေအန်ယူ ဌာနချုပ်များကို တိုက်ခိုက်သိမ်းပိုက်နိုင်သည်။

## (၂-ဂ) ကိုယ်ပိုင် လှုပ်ရှားမှု လမ်းကြောင်းများ

ရှေ့လုပ်ငန်းစဉ်ထုတ်ပြန်ချက်ကို နောက်ထပ်တကြိမ် စေ့စေ့စပ်စပ်သေချာစွာ ပြန်ကြည့်၍ မည်သို့ လုပ်ဆောင်နိုင်စွမ်းရှိနေသည်ကို ဂရုတစိုက်သုံးသပ်ပြီးသောအခါ မဟာဗျူဟာတွက်ချက်သူများသည် လှုပ်ရှားမှု လမ်းကြောင်းများကို တွေ့ရှိတည်ဆောက်နိုင်သည်။ မဟာဗျူဟာ၏ ထိရောက်သော အချက်(၄)ချက် ရှိသည်။

- မိမိလှုပ်ရှားမှုကို ရန်သူမသိပဲ ခြေရာဖျောက်ထားနိုင်သည်။
- ကြားခံရည်မှန်းချက်များထားရှိသဖြင့် ရည်မှန်းချက်ကို သွယ်ဝိုက်၍ချဉ်းကပ်ခြင်းသည် များသောအားဖြင့် အကောင်းဆုံး ဖြစ်စေနိုင်သည်။
- မိမိ၏ အားအကောင်းဆုံး အကြမ်းမဖက်လှုပ်ရှားမှုဖြင့် ရန်သူ၏ အားအနည်းဆုံးကို တိုက်ခိုက်နိုင်သည်။
- မိမိတို့ လုပ်ဆောင်နိုင်စွမ်းရှိသမျှ မဟာဗျူဟာကို ရေးဆွဲတည်ဆောက်နိုင်သည်။

လုပ်ရှားမှုလမ်းကြောင်း (၁)။ မဟာဗျူဟာအရ မြန်မာတနိုင်ငံလုံးတွင် နိုင်ငံရေးအံ့တုမှုများကို အောက်ပါအတိုင်း အရှိန်အဟုန် ကောင်းစွာ လှုပ်ရှားမည်ဖြစ်သည်။

(က) နိုင်ငံအနှံ့အပြားတွင် နိုင်ငံရေး မတည်ငြိမ် မနိုင်မနင်းဖြစ်အောင် နိုင်ငံရေးအံ့တုမှုများကို လုပ်ဆောင်ရန်၊

(ခ) ဒီမိုကရေစီ ထောက်ခံသော အဖွဲ့များအတွက် လူသစ်များစုဆောင်းရန်၊

(ဂ) အထွေထွေသပိတ်ကြီး ဖြစ်ပေါ်လာရေးအတွက် ပြင်ဆင်ရန်၊

(ဃ) နဝတအား နည်းမျိုးစုံဖြင့် ဖြိုခွဲရန် တို့ဖြစ်သည်။

လှုပ်ရှားမှုလမ်းကြောင်း (၂)။ အခြား

## (၃) အဟန့်အတားများကို အသေအချာ စိစစ်သုံးသပ်ခြင်း

လှုပ်ရှားမှုအား ရန်သူက မည်သို့ဟန့်တားနိမ်နင်းနိုင်စွမ်းရှိသည်ကို တခုချင်းအလိုက် သေချာစွာ စိစစ် သုံးသပ်ထားရပါမည်။ အကယ်၍ ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များတွင် လူထုအုံကြွမှုကြီးများ ဖြစ်လာခဲ့သည်ရှိသော် ပစ်ခတ်နှိမ်နင်းနိုင်စွမ်းရှိသည့် မြန်မာစစ်တပ်အား အမိန့်မနာခံရန် ဦးစွာကြိုးပမ်းရပေမည်။ ထိုသို့ မလုပ်နိုင်ပါက ဒီမိုကရေစီအင်အားစုများအတွက် ပြဿနာတက်နိုင်ဖွယ်ရှိသည်။

## (၄) အကျိုးအပြစ်များကို နှိုင်းယှဉ်ခြင်း

လှုပ်ရှားမှု လမ်းကြောင်းတခုစီတွင် ရှိနိုင်သော အကျိုးနှင့်အပြစ်များကို နှိုင်းယှဉ်လိုက်လျှင် ထိုလှုပ်ရှားမှုကို လုပ်သင့် မလုပ်သင့် အဆုံးအဖြတ်ပေးနိုင်သောအချက်များ ထွက်ပေါ်လာသည်။ ဥပမာအားဖြင့် လှုပ်ရှားမှုတွင် ပါဝင်သော အရပ်သားများ ထိခိုက်သေကြေမှု အနည်းဆုံးဖြစ်စေရန် ဆုံးဖြတ်နိုင်လာသည်။

## (၅) ဆုံးဖြတ်ချက်ချခြင်း

လှုပ်ရှားမှု လမ်းကြောင်းတခုကို ဆောင်ရွက်ရန် ဆုံးဖြတ်ချက် ချလိုက်သည်ဆိုခြင်းမှာ ရှေ့လုပ်ငန်းစဉ်အတိုင်း အပြည့်အစုံ လက်တွေ့လုပ်ဆောင်ခြင်း ဖြစ်သည်။

## အနှစ်ချုပ်

အခန်း(၆)သည် မဟာဗျူဟာတခုကို တွက်ချက်ရေးဆွဲရာတွင် မည်သည့်အချက်များပါဝင်ရမည်၊ မည်သို့ လုပ်ဆောင်ရသည်ကို ထင်မြင်ချက်ပေးခြင်း ဖြစ်သည်။

မဟာဗျူဟာအတွက်အချက်ကို အဖွဲ့အစည်း၏ တာဝန်ပေးချက်အရ အလွန်အရေးကြီးစွာ ရေးသားရသည်။ လျင်မြန်စွာ ပြင်ဆင်ရုံဖြင့်မရပါ။

အတိုက်အခံ နိုင်ငံရေးအဖွဲ့များ၏ လုပ်ဆောင်နိုင်စွမ်းများကို တတ်နိုင်သမျှ ပါဝင်နေအောင် အခြေပြု၍ ရေးဆွဲရသည်။

မဟာဗျူဟာအတွက်အချက်ကို ကောင်းစွာ ကြိုတင်ပြင်ဆင်ထားနိုင်သည်နှင့်အမျှ ရှေ့လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အကောင်းဆုံး လှုပ်ရှားမှု လမ်းကြောင်းကို သိရှိရွေးချယ်နိုင်သည်ဖြစ်၍ ဆုံးရှုံးနိုင်ဖွယ်ရှိသော လမ်းစများ လျော့နည်းသွားမည်ဖြစ်သည်။

မဟာဗျူဟာအတွက်အချက်ကို လက်ရှိအနေအထားနှင့် အမြဲကိုက်ညီနေအောင် ပြင်ဆင်ဖြည့်စွက်ထားရသည်။ မဟာဗျူဟာ ရေးဆွဲသည့်ပုံစံရှိရသည်။ အထူးအာရုံစိုက်၍ ရေးဆွဲရသည်။

မဟာဗျူဟာရေးဆွဲသူအဖို့ မည်မျှပင် အလေးအနက်ထားပြီး ရေးဆွဲရသည်ဖြစ်စေကာမူ ရေးဆွဲသည့်ပုံစံ ရှိနေသောကြောင့် ရှင်းလင်း ကွဲပြားစွာ စဉ်းစားနိုင်လာသည်။

--------- ooo---------

# အခန်း (၇)

# လုပ်ရှားရန် အစီအစဉ်ကို စဉ်းစားသုံးသပ်ပုံများ

အခြေခံကျသော မူဝါဒသည် မည်သည့်အခါမှ လုံးဝအလုပ်မဖြစ်ပဲ ရှိမနေ။

ကားလ် ဗွန် ကလောက်စ်ဝစ်ဇ်(Carl Von Clausewitz)




အကြမ်းမဖက်လှုပ်ရှားမှုကို မဟာဗျူဟာ(Strategy)အရ၊ နည်းဗျူဟာ(Tactic)အရ လှုပ်ရှားနိုင်ရန် စီစဉ်ရာတွင် လုပ်စရာတာဝန် များပြားလှသည်။ မဟာဗျူဟာ ရေးဆွဲသူတို့မှာ ဘက်ပေါင်းစုံလောက်ကို တာဝန်ယူ စီစဉ်ရပေလိမ့်မည်။ လျော့ရဲရဲစုစည်းထားမိကြသော ညွန့်ပေါင်းအဖွဲ့ချုပ်ကြီး၏အဖွဲ့ဝင်တို့မှ အများစုမှာ သူတို့ မည်မျှ လုပ်ဆောင်နိုင်ကြသည်ကို ပိုပိုသာသာတွက်ထားလေ့ရှိပြီး တဖွဲ့နှင့်တဖွဲ့မှာလည်း မျှော်လင့်ထားပုံချင်းမတူကြချေ။ အကောင်းဆုံးအခြေအနေသို့ ရောက်သည့်တိုင်အောင် တဖွဲ့နှင့်တဖွဲ့ ပေါင်းစပ်စုစည်းရန် ပြဿနာများရှိကြသည်။

သို့ဖြစ်ရာ မဟာဗျူဟာကို ပိုင်းခြားသုံးသပ်စီစဉ်ရာတွင် အတွေ့အကြုံနည်းသည့် လှုပ်ရှားမှု ခေါင်းဆောင်တဦးအတွက် ဘုံရည်မှန်းချက်ဖြစ်လာအောင် စုစည်းပေးဖို့မှာ ကြီးမားလှသောအလုပ်တခုပင်။ အသွင်မတူသော အဖွဲ့များအတွင်း ဆက်သွယ်ရေးလုပ်ရန်ပင် အခက်အခဲရှိသည်။ အကြောင်းမှာ အဖွဲ့များစွာတို့သည် အကြမ်းမဖက် လှုပ်ရှားမှုကို သူတို့နားလည်သလောက်ဖြင့်သာ လုပ်နေကြခြင်းကြောင့် (သို့မဟုတ်) အကြမ်းမဖက် လှုပ်ရှားမှုတွင် ပုံမှန်အားဖြင့် သိရမည့် အရေးပါပုံများကို နားမလည်ကြသောကြောင့် ဖြစ်သည်။

ရာထူးအရ ကြီးစဉ်ငယ်လိုက်ဖွဲ့စည်းထားသော အသိုင်းအဝိုင်းအတွင်းမှ ရှိနေသူတို့မှာမူ ကောင်းစွာလေ့ကျင့်သင်ကြား တတ်မြောက်ထားသော စစ်ဆင်ရေးပုံစံ (တသွေးတသံတမိန့်)ဖြင့် ပုံမှန်လုပ်ဆောင်နိုင်ကြသည်။ သို့သော် အကြမ်းမဖက်လှုပ်ရှားကြသော အဖွဲ့အစည်းများတွင် ထိုသို့မရနိုင်။ အဆိုပါ အဖွဲ့အစည်းများ၏ ဝန်းကျင်တွင် များသောအားဖြင့် တန်းတူညီမျှမှုဖြင့်သာ တပ်ပေါင်းစု ဖွဲ့ကြသည်ဖြစ်၍ တူညီသူများအကြား ပထမနေရာ အဆင့်အတန်းကိုရရန် ယှဉ်ပြိုင်ကြသည်။ အမြဲတမ်းလည်း ပုတ်ခတ် ပြစ်တင်စွပ်စွဲ ဝေဖန်နေကြသည်။ သူတို့သည် တဦးတဖွဲ့အား အစိုးရထောက်လှမ်းရေးများ စိမ့်ဝင်ထိုးဖောက်ခံနေရသည်ဟု ပြောဆိုကြပေလိမ့်မည်။ (ဤအချက်သည် အဖွဲ့အားလုံး အနည်းအများပြောဆိုခံရဖို့ ဖြစ်နိုင်စရာရှိသည်။)

မိမိတို့မလိုလားသောအစိုးရအဖွဲ့မျိုး တက်လာမည့်ကိစ္စကိုလည်း သဘောတူညီနိုင်ကြမည် မဟုတ်ပေ။ အချို့ခေါင်းဆောင်များသည် အာဏာရှင်ဆန်လွန်းသည်ဟု စွပ်စွဲခံရသည်လည်း ရှိနေပေလိမ့်မည်။ (စစ်ခေါင်းဆောင်တဦးအား ဖြုတ်ချရာတွင် အခြားစစ်ခေါင်းဆောင်များက ပါဝင်ကူညီပေးခဲ့ကြသည်မှာ အဆန်းတော့ မဟုတ်ပါ။)

အချို့ခေါင်းဆောင်များကမူ တက်လာသောဒီမိုကရေစီအစိုးရအား လူနေမှုအသိုင်းအဝိုင်းက အာဏာ ထိန်းချုပ်ကန့်သတ်ပေးနိုင်ရေးကိစ္စတွင် ပူးပေါင်းမပါဝင်ရဲ၊ တာဝန်မယူရဲ ဖြစ်နေတတ်ကြသည်လည်း ရှိပေမည်။ အချို့ကမူ လက်နက်ကိုင်တော်လှန်ရေးက စစ်မှန်သောလမ်းစဉ်ဖြစ်သည်ဟု မယုံကြည်မီ အချိန်ထိသာ အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်နေကြပေလိမ့်မည်။ ထိုသို့ ရည်ရွယ်ချက်များကွဲပြားခြင်း၊ နားလည်မှုလွဲမှားခြင်းများ ရှိနေလင့်ကစား မဟာဗျူဟာနှင့် အထောက်အကူပြု နည်းဗျူဟာများကို ရေးဆွဲတည်ဆောက်ပေးရမည်သာ ဖြစ်သည်။

## လုံခြုံရေးကဏ္ဍ

အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုကို ဆင်နွှဲသောအတိုက်အခံအဖွဲ့တိုင်းအား အစိုးရက ချေမှုန်းရန် ပစ်မှတ်ထားကာ အခွင့်သာတိုင်း စိမ့်ဝင်ထိုးဖောက်နေမည်ဟု ယူဆရပါမည်။ သို့မှသာ အတိုက်အခံတို့သည် ရေရှည် လုပ်ငန်းစဉ်အတွက် ဂရုစိုက်ပြီး စီမံဆောင်ရွက်နိုင်ပါမည်။ အတိုက်အခံအဖွဲ့များအတွင်း၌ သတင်းထောက်လှမ်းခံနေရခြင်းကို အလေးအနက် ဂရုစိုက်ရမည် ဖြစ်သည်။ သို့သော် အစိုးရသတင်းပေးများမှာ အဖွဲ့အတွင်းစိမ့်ဝင်၍ အစိုးရထံပြန်လည် သတင်းပို့ပေးနေသူများဖြစ်ရာ အခြားတဘက်တွင်လည်း ၎င်းတို့အား ပြန်အသုံးချနိုင်စရာ အကွက်များရှိနိုင်သည်။

အတိုက်အခံတို့၏လှုပ်ရှားမှုသည်

- အကြမ်းမဖက်လှုပ်ရှားနေသည့်အဆင့်တွင်ပင် ရှိနေကြောင်း၊
- ရန်ငြိုးဖြင့် ဂလဲ့စားချေရန် ရည်ရွယ်မထားကြောင်း၊
- အစိုးရအရာရှိများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့် အစီအစဉ်ရှိနေဆဲဖြစ်ကြောင်း၊
- အတိုက်အခံလှုပ်ရှားမှုများကို ပစ်မှတ်ထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် အာဏာ အလွဲသုံးစားခြင်းတို့ကို ခွင့်ပြုသောစနစ်တခု ဖြစ်နေကြောင်း၊
- အတိုက်အခံတို့၏လှုပ်ရှားမှုသည် အဆိုပါစနစ်ကို အကောင်အထည်ဖော်ပေးနေသူများအား ဆန့်ကျင်ခြင်း မဟုတ်ကြောင်း၊
- ထိုစနစ်ကို အကောင်အထည်ဖော်နေသူများနှင့် ထိုစနစ်၏ တိုက်ခိုက်ခြင်းခံရသူများမှာ စနစ်၏ သားကောင် အတူတူပင်ဖြစ်ကြောင်း အစရှိသည့်အချက်တို့ကို အစိုးရသိအောင် ထိုသတင်းပေးများမှ တဆင့် လှုပ်ရှားမှု ခေါင်းဆောင်တို့က ထည့်ပို့ပေးလျှင် ရနိုင်ဖွယ်ရှိပေမည်။

စစ်တပ်၊ ရဲနှင့် အစိုးရဝန်ထမ်းများသည် ဒီမိုကရေစီအစိုးရသစ်ထံ သစ္စာခံပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို လိုက်နာမည်ဆိုသည့် လိုလားချက်ရှိနေသည်။ သို့ဖြစ်၍ သူတို့အား အတိုက်အခံတို့၏ လှုပ်ရှားမှုတွင် ပါဝင်လာစေရန် ရည်ရွယ်ထားသည်ဟု ထောက်လှမ်းရေးများမှတဆင့် အစိုးရက ပြန်သိသွားလျှင်လည်း အကျိုးဖြစ်ထွန်းနိုင်စရာများရှိသည်။ ထိုကဲ့သို့ပင် အတိုက်အခံတို့အား ညှင်းပန်းနှိပ်စက်နေသူနှင့် တရားလွန်အပြစ်ပေးနေသူတို့၏စာရင်းကို အစိုးရက ပြန်သိအောင်လုပ်နိုင်လျှင်လည်း အကျိုးရှိနိုင်ပေမည်။

ထောက်လှမ်းရေးမှ အစိုးရထံပေးပို့မည်ဖြစ်သော လူပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်တွင် ဖိနှိပ်ရက်စက်မှုများကြောင့် အစိုးရအား ဆန့်ကျင်လာကြသော စစ်တပ်နှင့်ရဲအပါအဝင် အတိုက်အခံတို့၏ နာမည်စာရင်းများ၊ မတရားအနိုင်ကျင့်ခံရသောအမှုများနှင့် အခြားရာဇဝတ်မှုများကို ဓါတ်ပုံများ၊ သက်သေခံချက်များနှင့် တကွ တိတိကျကျ ပါရှိမည်ဖြစ်သည်။ အထက်ဖော်ပြပါ အချက်အလက်များ၏မိတ္တူကို ပြည်ပတွင် လုံခြုံစွာ သိမ်းဆည်းထားသည်ဟုလည်း အတိုက်အခံအဖွဲ့များအတွင်းရှိ အစိုးရထောက်လှမ်းရေးတို့က သူတို့၏ အထက်အရာရှိများထံ သတင်းပေးပို့နိုင်ကြမည် ဖြစ်သည်။

ဗျူဟာမြောက်အကြမ်းမဖက်လှုပ်ရှားမှု၏ အချို့အပိုင်းများကို လျှို့ဝှက်မထားနိုင်ပါ (သို့) မထားသင့်ပါ။ အာဏာရှင်ကို ဆန့်ကျင်အာခံသည် ဆိုသောအချက်သည် အာဏာရှင်အား သိသိသာသာ အံ့အားသင့်စေရမည့် အချက်မဟုတ်ပါ။ ထိုနည်းတူ အဖွဲ့အစည်းများစုစည်း၍ အာဏာရှင်ကိုခုခံသည်မှာလည်း လျှို့ဝှက်ရမည့် အချက် မဟုတ်ပါ။ မည်သည့်အာဏာရှင်မဆို ပြီးခဲ့သောနှစ်များအတွင်း ဖြစ်ပေါ်လာခဲ့သည့် အကြမ်းမဖက် လှုပ်ရှားမှုများအကြောင်း၊ မည်သို့ဆင်နွှဲသည်ကအစ သိရှိနေကြမည်မှာ သေချာသလောက်ရှိသည်။ လှုပ်ရှားမှုဆိုင်ရာ သတင်းများသည် လက်ရှိအခြေအနေပေါ်မူတည်၍ တန်ဖိုးပြောင်းလဲသွားနိုင်သောကြောင့် အချိန်ကို ပရိယာယ်ပါပါ ကျွမ်းကျင် ပိုင်နိုင်စွာ စီစဉ်အသုံးချနိုင်ဖို့လိုသည်။ အသုံးမဝင်တော့သော သတင်းသို့တပုဒ်သည် လက်ရှိလှုပ်ရှားမှုကို အထောက်အကူပြုနိုင်စရာ သိပ်မရှိလှပေ။

လှုပ်ရှားမှုတခုအား အကွက်ကျကျ စီစဉ်နေပြီဟု အစိုးရထံ တမင်အသိပေးခြင်းဖြင့် ဒီမိုကရေစီ လှုပ်ရှားမှုအတွက် အကျိုးကျေးဇူးများရှိကြောင်း သက်သေများစွာရှိသည်။ သို့သော် အချို့ကိစ္စများကို ပြိုင်ဖက် မသိအောင်တော့ လှုပ်ရှားဖို့လိုသည်။ ယေဘူယျအားဖြင့် အဓိကခေါင်းဆောင်၊ အဖွဲ့အစည်းတခုထက်ပို၍ ပါဝင် လှုပ်ရှားနေသူများအကြောင်းကို အသေးစိတ်သိထားသူ၊ အစိုးရကဖမ်းမိလျှင် အသက်အန္တရာယ်စိုးရိမ်ရသူ အစရှိသူတို့၏ တည်ရှိရာနှင့် လှုပ်ရှားမှုဆိုင်ရာ သတင်းများ မပေါက်ကြားစေရန် ထိန်းသိမ်းပေးရသည်။ ဆာဘီးယား ခုခံရေးအဖွဲ့ (OTPOR)တွင် ခေါင်းဆောင်များရှိကြသော်လည်း မည်သူမည်ဝါမှန်း အဖွဲ့ဝင်များကမသိကြပေ။ ခေါင်းဆောင်တဖွဲ့လုံးကို မည်သည့်အခါမှမတွေ့ရပဲ လိုအပ်မှသာ တယောက်နှင့်တယောက် ခဏတဖြုတ် တွေ့တတ်ကြသည်။

များသောအားဖြင့် လှုပ်ရှားမှုနှင့်ပတ်သက်သည်များကို အစီအစဉ်မလုပ်သော အခြားအဖွဲ့တခုမှာ မြန်မာစစ်အာဏာရှင်များကို ဆန့်ကျင်နေသော ဒီမိုကရေစီတပ်ပေါင်းစုဖြစ်သည့် အန်စီယူဘီဖြစ်သည်။ မဟာဗျူဟာအတွက် အသေးစိတ်စိစစ် သုံးသပ်နိုင်စွမ်းကို တည်ဆောက်ရန်၊ အစီအစဉ်များ ရေးဆွဲပြင်ဆင်ရန်နှင့် တပ်ပေါင်းစုအဖွဲ့ဝင်များ၏ အကြမ်းမဖက်လှုပ်ရှားမှုကို ပေါင်းစပ် စုစည်းပေးရန်အတွက် အန်စီယူဘီက နိုင်ငံရေးအံတုမှုကော်မတီ (ပီဒီစီ)ကို ဖွဲ့စည်းလိုက်သည်။ ပီဒီစီက အန်စီယူဘီ ခေါင်းဆောင်ပိုင်းကို တိုက်ရိုက် အစီရင်ခံစာ တင်ပြသည်။

## အတန်းအစားအလိုက် သတင်းစုစည်းခြင်း

အချို့သော သတင်းအမျိုးအစားများသည် စစ်ဦးစီးမှူးများက ဆုံးဖြတ်ချက် ချပေးနိုင်ရန် အသုံးဝင်တတ်ကြောင်း စာရေးသူ အတွေ့အကြုံအရ ပြောပြနိုင်ပါသည်။ စစ်ဖက်ရေးရာတွင် သတင်းအချက်အလက်များမှာ အမြဲတမ်းအဆင်သင့် ဖြစ်နေအောင် တာဝန်ရှိသူတို့က လုပ်ပေးထားရသည်။ သူတို့သည် အဆိုပါ သတင်းများကို လက်ခံနိုင်ဖို့ စောင့်မနေပါ။ ကိုယ်တိုင် သတင်းနောက်ကိုလိုက်သည်။ ပိုင်းခြားစိစစ်သုံးသပ်သည်။ တိကျသော မှတ်တမ်းတစောင်ဖြစ်ရန် အမျိုးအစားခွဲ၍ သူ့နေရာနှင့်သူ အတိကအကျထားရှိသည်။ သို့မှသာ အကယ်၍များ စစ်ဗိုလ်ချုပ်တဦးက “ရန်သူဘာလုပ်နေသလဲ”ဟု မေးလာသည်ရှိသော် တာဝန်ကျအရာရှိက နောက်ဆုံးသိရှိ

ထားသည့်အခြေအနေကို ချက်ချင်း အစီရင်ခံနိုင်မည်ဖြစ်သည်။ ထိုအခါ အဆိုပါ စစ်ဗိုလ်ချုပ်အနေဖြင့် ရန်သူ့လှုပ်ရှားမှုကို သိလာသဖြင့် စစ်ဆင်ရေးရည်မှန်းချက် အောင်မြင်ရန်အတွက် နောက်ထပ် ထိုးစစ်ဆင်နိုင်မည့် အခွင့်အလမ်း ရှိမရှိကို ချက်ချင်း ဆုံးဖြတ်စီစဉ်ပေးနိုင်သည်။

စစ်ရေးကိစ္စ စီစဉ်လှုပ်ရှားပုံများမှာ ရာစုနှစ်ပေါင်းများစွာကြာအောင် မပြောင်းမလဲတည်ရှိနေသည်ဖြစ်၍ အကြမ်းမဖက်လှုပ်ရှားရန် စီစဉ်သူတို့က ထိုပုံစံမျိုးကို ဂရုတစိုက်မှတ်သားသင့်သည်။ စစ်ရေးစီစဉ်မှုတွင် အရေးပါသောအပိုင်းမှာ စနစ်တကျ ချဉ်းကပ်ပုံဖြစ်သည်။ ယင်းမှာ

- အခြေအနေတခုကို မဟာဗျူဟာရေးဆွဲရန် ကြိုတင်တွက်ဆခြင်း၊
- လှုပ်ရှားမှု လမ်းကြောင်းများကို ရွေးချယ်ခြင်း၊
- ရှင်းလင်းတိကျသော ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ခြင်းနှင့်
- လှုပ်ရှားရန် စီစဉ်ခြင်း တို့ဖြစ်သည်။

အရေးကြီးသော သတင်းအချက်အလက်များ ရရှိထားမှ စစ်ရေးလှုပ်ရှားမှုတခုကို စီစဉ်နိုင်သည်။ နမူနာအားဖြင့် ရန်သူနှင့် မိမိတပ်များတွင် မည်သို့သော လှုပ်ရှားမှုများ ရှိနေသည်၊ မည်သည့် ရည်ရွယ်ချက်ရှိသည်၊ မည်သည့် သတင်းဇစ်မြစ်များမှ ရနိုင်သည် အစရှိသည်တို့ဖြစ်သည်။ စစ်ရေးလှုပ်ရှားမှုတခုအား စီစဉ်ထားပုံကို အသေးစိတ် စစ်ဆေးလေ့လာသောအခါ သတင်းအချက်အလက်များကို မည်သို့မည်ပုံ အကောင်းဆုံးဖြစ်အောင် စုစည်းထားသည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှုတခုကို အကောင်အထည်ဖော်ရန် တာဝန်ရှိသူတို့အနေဖြင့် ထိုသို့ စနစ်တကျ စီစဉ်ဆောင်ရွက်ပုံများကို သိနေရန်လိုအပ်သည်။ မည်သည့်အဆင့်တွင် လှုပ်ရှားသည်ဖြစ်စေ သင့်တော်စွာအသုံးပြုနိုင်သော အကြမ်းဖျဉ်းပုံစံကို အောက်တွင် ဖော်ပြထားပါသည်။

# စစ်ရေးလှုပ်ရှားမှု စီစဉ်သည့်ပုံစံ

အပိုင်း (၅)ပိုင်းပါဝင်သည်။

(၁) အခြေအနေ
(၂) ရှေ့လုပ်ငန်းစဉ်
(၃) လှုပ်ရှားမှုကို ပုံဖော်ခြင်းနှင့် တာဝန်ခွဲဝေခြင်း
(၄) စီမံခန့်ခွဲခြင်းနှင့် ပို့ဆောင်ထောက်ပံ့ခြင်း
(၅) အမိန့်ပေးခြင်းနှင့် အချက်ပြခြင်း

## (၁) အခြေအနေ

သတ်မှတ်ထားသောဒေသတခုတွင် လှုပ်ရှားနိုင်မည့် ဝန်းကျင်အနေအထားကို အကြမ်းဖျဉ်းဖော်ပြသည်။

(၁–က) မိမိဘက်မှအခြေအနေ– သတ်မှတ်လိုက်သောဒေသ၏ ပတ်ဝန်းကျင်တဝိုက်တွင် မိမိလှုပ်ရှားမှုများ ဖြစ်နိုင်စေမည့် သတင်းအချက်အလက်များဖြစ်သည်။ တာဝန်ယူလုပ်ဆောင်မည့် လုပ်ငန်းစဉ်အတွက် ရွေးချယ်သတ်မှတ်ပြီးကိစ္စများကို အသေးစိတ် ပြင်ဆင်သောအခါ ထိုသတင်းအချက်အလက်များကို စဉ်းစားသုံးသပ်ရသည်။

(၁–ခ) ရန်သူ့အခြေအနေ ။ ။ သတ်မှတ်ထားသောဒေသ၏ ဝန်းကျင်တဝိုက်တွင် လောလောဆယ်ဖြစ်ပျက်နေသော ရန်သူ့လှုပ်ရှားမှုများနှင့်ပတ်သက်သည့် သတင်း အချက်အလက်များဖြစ်သည်။

## (၂) ရှေ့လုပ်ငန်းစဉ်

လှုပ်ရှားမှုတွင် မည်သူတို့ပါဝင်မည်၊ မည်သည့်ကိစ္စများ လှုပ်ရှားမည်၊ မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်အကြောင်းကြောင့်လှုပ်ရှားမည် စသည်တို့ကို ရှင်းလင်းတိကျစွာ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။ သို့သော် ရှေ့လုပ်ငန်းစဉ်ကို လုပ်ဆောင်ရန် တာဝန်ယူသူ၏ နာမည်အတိအကျ၊ တိကျသောရည်မှန်းချက်၊ အချိန်နှင့် အကြောင်းရင်းတို့ကို ဖော်ပြရန်မသင့်ပါ။

## (၃) လုပ်ရှားမှုကို ပုံဖော်ခြင်းနှင့် တာဝန်ခွဲဝေခြင်း

(၃–က) လုပ်ရှားမှုကိုပုံဖော်ခြင်း– လုပ်ရှားရန်စီစဉ်သူသည် လုပ်ရှားမှုအစမှအဆုံးတိုင် မည်သို့ရှိနေမည်ကို စိတ်ကူးဖြင့် ပုံဖော်ကြည့်ရသည်။ ရှေ့လုပ်ငန်းစဉ်၏နောက်ကွယ်၌ စဉ်းစားတတ်ကြပုံများကို စာဖတ်သူတို့ တွေ့နိုင်ပါလိမ့်မည်။ ရှေ့တွင် ဖြစ်ပျက်လာမည့် အဆင့်များကို ရှင်းလင်းစွာ ခွဲခြားထားရသည်။

အဆင့် ၁– ကြိုတင်ပြင်ဆင်ခြင်းအပိုင်း ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ်ကို အပြည့်အဝ အကောင်အထည် ဖော်ပေးနိုင်မည့်အဖွဲ့ (သို့) အဖွဲ့များက တာဝန်ယူမည့် လုပ်ငန်းစဉ်များကို ဖော်ပြသည်။

အဆင့် ၂– ရှေ့လုပ်ငန်းစဉ် စတင်သည်မှစ၍ ရည်မှန်းချက်အောင်မြင်သည်အထိ ဖြစ်ပျက်လာမည်များကို ဖော်ပြသည်။

အဆင့် ၃– ရည်မှန်းချက်အောင်မြင်ရေးကို ထပ်မံအားဖြည့်ပေးမည့် **ယာယီလုပ်ရှားမှုများ**ကို ဖော်ပြသည် (သို့) အဖွဲ့အနေဖြင့် နောက်ထပ်လုပ်ဆောင်မည့် ရှေ့လုပ်ငန်းစဉ်အကြောင်း ကြိုတင်စဉ်းစားနိုင်ရန် နောက်ဆက်တွဲအဖြစ် ဖော်ပြသည်။ သို့သော် လိုအပ်မှသာ ဤအဆင့် ၃ ကို အခြားအချက်များနှင့်တွဲ၍ ဖော်ပြခြင်း ဖြစ်သည်။

(၃–ခ) တာဝန်ခွဲဝေခြင်း– ပါဝင်မည့်အဖွဲ့များက တာဝန်ယူမည့်ကိစ္စများကို ဖော်ပြသည်။

## (၄) စီမံခန့်ခွဲခြင်းနှင့် ပို့ဆောင်ထောက်ပံ့ခြင်း

လုပ်ရှားမှုအတွက် အထောက်အပံ့များရနိုင်ရန် စီမံခန့်ခွဲခြင်းနှင့် ပို့ဆောင်ထောက်ပံ့ခြင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက် စီစဉ်ထားမှုများကို ဖော်ပြသည်။

## (၅) အမိန့်ပေးခြင်းနှင့် အချက်ပြခြင်း

လုပ်ရှားမှုအတွက် သတင်းအချက်အလက်များကို **အထူးနည်းလမ်းများ**ကို အသုံးချ၍ ပေးပို့ဆက်သွယ်ရန် လိုအပ်သည်။ လူတိုင်းသိနေသောနည်းလမ်းများဖြင့် ပေးပို့လျှင် သတင်းမပေါက်ကြားအောင် ထိန်းထားရမည်ဖြစ်၍ အကြမ်းဖျဉ်းမျှလောက်သာ ဖော်ပြပေးနိုင်ပါလိမ့်မည်။

အကြမ်းမဖက်လုပ်ရှားမှုအတွက်ဆိုလျှင်ကား "အမိန့်ပေးခြင်း" ဆိုသော ဝေါဟာရကို သုံး၍ မသင့်ပါ။ လုပ်ရှားသူတို့အချင်းချင်း ပေါင်းစပ်စုစည်း၍ ဆက်သွယ်နေခြင်း ဖြစ်သောကြောင့် "အချက်ပြခြင်း" ဟူသော ဝေါဟာရဖြင့် လုံလောက်နိုင်ပါလိမ့်မည်။ သို့မှသာ လုပ်ရှားသူများနှင့် ပေါင်းစပ်စုစည်းပေးသူတို့အကြား ဆက်သွယ်ရေးလမ်းကြောင်း လိုအပ်သည် ဆိုသောအချက်ကို မည်သူ့ကိုမျှ မထိခိုက်စေပဲ အထင်အရှား ပေါ်လွင်လာမည်ဖြစ်သည်။

အထက်ဖော်ပြပါ စစ်ရေးလုပ်ရှားမှုပုံစံတွင် ထင်မြင်ယူဆချက်များ မပါဝင်ပါ။ အစီအစဉ်တခုတွင် ထင်မြင်ယူဆချက်များပါဝင်နိုင်သော်လည်း မှတ်တမ်းတင်ပြီး၍ အစီအစဉ်ကို အကောင်အထည်ဖော်မည့် "အမိန့်" (အချက်ပြစကားလုံး) ဖြစ်သွားသောအခါ ထင်မြင်ယူဆချက်များကိုပယ်ဖျက်ရသည်။ ဆိုလိုသည်မှာ ဆုံးဖြတ်ပြီးနောက် အမိန့်ထွက်လာသောအခါ ထင်မြင်ယူဆချက်များ မဟုတ်တော့ပဲ အမှန်တကယ်လုပ်ရမည့် အစီအစဉ်များ ဖြစ်သွားသည်။ အမိန့်ပြန်တမ်းတခုလုံး၏ အဆုံးတွင် အစီအစဉ်အတွက် နောက်ဆက်တွဲ ရည်ညွှန်းချက်များကို မှတ်သားပေးရသည်။ ထွက်လာသောအမိန့်(အချက်ပြစကားလုံး)ကို အားလုံးသဘောတူလက်ခံနိုင်ရေးမှာ စွန့်စားမှုတခုဖြစ်သည်ကို သိထားသင့်သည်။ နားလည်လက်ခံနိုင်သူများရှိသကဲ့သို့ ဆန့်ကျင်နိုင်သူများလည်း ရှိတတ်သောကြောင့် ဖြစ်သည်။

အကြမ်းမဖက်လုပ်ရှားရန် စီစဉ်သူတို့၏ ထင်မြင်ယူဆချက်များသည် ဆန့်ကျင်ဘက် အစိုးရအတွက် အရေးပါသော လျှို့ဝှက်သတင်းတပုဒ် ဖြစ်လာပေလိမ့်မည်။ တနည်းအားဖြင့် အကြမ်းမဖက် လုပ်ရှားသူတို့သည် မည်သည့်အချက်များကိုသိ၍ မည်သည့်အချက်များကို မသိသေးကြောင်း ဖော်ပြနေသောကြောင့်ဖြစ်သည်။

တဖန် မည်သည့်အချက်သည် အကြမ်းမဖက်လှုပ်ရှားမှု၏ အရေးပါသော အချက်ဖြစ်ကြောင်းကိုသာမက အကြမ်းမဖက် လှုပ်ရှားရန် စီစဉ်နေသူတို့သည် မည်မျှထိ ပိုင်းခြားသုံးသပ်နိုင်စွမ်းရှိသည်ကိုလည်း ပြိုင်ဖက်အစိုးရက ရိပ်စားမိနိုင်သည်။

နောက်ဆက်တွဲများ၌ လှုပ်ရှားမှုကို မည်မျှ အကောင်အထည်ဖော်နိုင်စွမ်း ရှိသည်ကို အသေးစိတ်ဖော်ပြသည်။ ထို့ပြင် အသိပညာပေး၊ ဝါဒဖြန့်လှုံ့ဆော်မှုများ အစရှိသည်တို့၏ ရည်ရွယ်ချက်များကိုလည်း ဖော်ပြသည်။ သို့ဖြစ်၍ သတိထားရန်မှာ ပြိုင်ဖက်ဖြစ်သူက သိသွားလျှင် မိမိတို့လှုပ်ရှားမှုမှာ ကြိုတင်တားဆီးခံရနိုင်သည်ဖြစ်၍ အကြမ်းမဖက် လှုပ်ရှားမှုကို အားပျော့သွားစေနိုင်သည်။

ယခုဖော်ပြသည့် စစ်ရေးလှုပ်ရှားမှု စီစဉ်သည့်ပုံစံသည် အစီအစဉ် ပြုလုပ်ရန်အတွက်သာ မဟုတ်ပါ။ အဖွဲ့အစည်းအားလုံးနီးပါးလောက်ကို အလိုက်အထိုက် ညီညွတ်မျှတစေရန်ကိုလည်း ရည်ရွယ်ထားခြင်းဖြစ်သည်။ သို့မဟုတ် အဖွဲ့သစ်တခုဖြစ်စေရန် အထူးရည်ရွယ်မည်ဆိုလျှင်လည်း ဖြစ်နိုင်သည်။ သို့သော် နိုင်ငံရေးပြောင်းလဲမှုအတွက် လှုပ်ရှားနေကြသော မည်သည့်အဖွဲ့အစည်းမဆို အရေးကြီးသောအချက်အလက်များအားလုံးပါရှိသောပုံစံကို အသုံးပြုသင့်သည်။ ထိုပုံစံသည် အစီအစဉ်တခုလုံးကို မည်သို့တည်ဆောက်ရသည်ကို လမ်းညွှန်ပေးနိုင်သည်သာမက အရေးကြီးသောသတင်းအချက်အလက်များ မကျန်ရစ်အောင်လည်း တားဆီးပေးနိုင်သည်။ ထိုသို့ပုံစံချ၍ဆောင်ရွက်ဖန်များလာသောအခါ မည်သည့်နေရာတွင် မည်သည့်အချက်များရှိကြောင်း တိကျလျင်မြန်စွာ သိလာပေလိမ့်မည်။

## ထိန်းသိမ်းကွပ်ကဲမှု

လှုပ်ရှားမှုတခုတွင် ပါဝင်သောအဖွဲ့များစွာကို ပေါင်းစပ်စုစည်းပေးနိုင်ရမည်ဖြစ်ရာ အစီအစဉ်ရေးဆွဲသူအနေဖြင့် အခြားဖြစ်နိုင်သော ထိန်းသိမ်းကွပ်ကဲရေးများ ရှိရပါမည်။ ဥပမာအားဖြင့်

### (၁) အချိန်

ပိုမိုကြီးမားသောလှုပ်ရှားမှုတခုတွင် ဖြစ်စဉ်တခုပေါ်ပေါက်လာသောအခါ အခြားအဖွဲ့တခုမှ အခြားလုပ်ဆောင်မှုအတွက်သုံးရန် ရည်ရွယ်ထားသော အရင်းအမြစ်စွမ်းအား(ဥပမာ–ကားတစီး)ကို လိုအပ်လျှင် အသုံးပြုရပေလိမ့်မည်။ သို့မှသာ သတ်မှတ်ထားသော အချိန်အတွင်း ပို၍မစော၊ ပို၍နောက်မကျပဲ လှုပ်ရှားနိုင်မည်ဖြစ်သည်။ အကယ်၍ အဆိုပါဖြစ်စဉ်မှတဆင့် လူထုလှုပ်ရှားမှုဖြစ်စေရန် ရည်ရွယ်ထားသည်ဆိုပါက စတင်မည့်အချိန်အတိအကျ(H-hour)ကို အသုံးချရန် အရေးကြီးသည်။ သို့မှသာ လှုပ်ရှားမှုတခုစီကို တပြိုင်တည်း လှုပ်ရှားနိုင်သည်။ အကြမ်းမဖက်လှုပ်ရှားမှုကို ရက်စက်စွာဟန့်တားပိတ်ဆို့ရန် စစ်တပ်နှင့်ရဲများ ထူထပ်စွာ ချထားလင့်ကစား လှုပ်ရှားမှုကို မဖြစ်မနေလုပ်ရသည့် အခြေအနေမျိုးဆိုလျှင် မိနစ်ပိုင်းအတွင်း ရည်ရွယ်ချက် ပြီးမြောက်စေနိုင်မည့် လျှပ်တပြက် ဆန္ဒပြခြင်း (Lighting - hit and run)များကို စီစဉ်ထားရန် လိုအပ်မည်ဖြစ်သည်။

### (၂) လှုပ်ရှားမှု နယ်နိမိတ်

သီးခြားစီလှုပ်ရှားရန် သင့်တော်သောဒေသအမျိုးမျိုးတွင် မည်သို့လှုပ်ရှားမည်ဆိုသည့် နည်းဗျူဟာတရပ် လိုအပ်ပေလိမ့်မည်။ ဥပမာအားဖြင့် သတင်းအချက်အလက်များကို စိစစ်သုံးသပ်လိုက်သည့်အခါ ဒေသတခု၏ အထောက်အကူပြုသော ထောက်တိုင်တခုကို အကြပ်ကိုင်ခြင်းမဟုတ်ပဲ အလိုက်အထိုက် အကြမ်းမဖက်လှုပ်ရှားရုံဖြင့် အာဏာရှင်အား ထိရောက်အောင် ထိုးနှက်နိုင်မည် ဆိုပါစို့။ ထိုအခါ လှုပ်ရှားမှု၏ မလိုအပ်တော့သော အချို့အပိုင်းများကို အချိန်ကုန်ခံ၊ အပင်ပန်းခံ၍ မလုပ်ဆောင်ရန် ကန့်သတ်ရပါမည်။ အဆိုပါထောက်တိုင်အား ဦးတည်ထားသော လှုပ်ရှားမှုသက်သက်ကိုသာ ဆက်လက်ကြိုးပမ်းရပါမည်။

တနည်းအားဖြင့် မဟာဗျူဟာအရ လှုပ်ရှားရန် ရှိနေသော်လည်း ပို၍သက်သာသည့် နည်းဗျူဟာဖြင့် ပိုမိုလျင်မြန်စွာ အောင်ပွဲခံနိုင်မည်ဆိုလျှင် လှုပ်ရှားမှု နယ်နိမိတ်ကို သင့်တော်သလို ချုံ့ပစ်ရန် ဖြစ်သည်။ မြန်မြန်ဆန်ဆန် ပွဲသိမ်းနိုင်ရန်လိုသည်။

## (၃) စပေါင်းအကောင်အထည်ဖော်ခြင်း

အနီးအနား ဒေသတခုအတွင်း တခုထက်ပိုသောအဖွဲ့များရှိနေပါက စပေါင်း အကောင်အထည်ဖော်ရန် လိုအပ်သည်ဆိုလျှင် မိမိတို့အချင်းချင်း သတင်းပေးပို့ ဆက်သွယ်နိုင်မည့်နေရာတခုကို အတိအကျ ရွေးချယ်အသုံးချရပါမည်။

## (၄) အခြား

အခြားသော ထိန်းသိမ်းကွပ်ကဲမှုများကိုလည်း စဉ်းစားထားနိုင်ပါသည်။ ဥပမာအားဖြင့် လှုပ်ရှားမှုစတင်မည့် နေရာအနီးရှိ လူစုဝေးသောနေရာများ၊ သို့မဟုတ် ဆန္ဒပြသောနေရာမှ အခြေအနေအရ ရုတ်တရက်ထွက်ခွာပြီးနောက် ပြန်လည်လူစုရမည့် ဆုံရပ်များ ဖြစ်သည်။ မည်သည့်လှုပ်ရှားမှုတွင်မဆို နည်းဗျူဟာများကို ပိုပိုလိုလို ကြိုတင်စီစဉ်ထားရသည်။ နည်းဗျူဟာတခုတည်းကို တောက်လျှောက် ပုံသေအသုံးချရန်မသင့်ပါ။ ပြောင်းလဲသွားသည့်အခြေအနေပေါ်မူတည်၍ ဖြတ်ထိုးဉာဏ်ကို ရုတ်တရက် သုံးလိုက်ရသည်လည်းရှိသည်၊ ထိုအခါမျိုးတွင် ရလဒ်ကောင်း ထွက်ပေါ်လာတတ်သည်။ ထိန်းသိမ်းကွပ်ကဲမှုကို ပိုင်ပိုင်နိုင်နိုင် မစီစဉ်နိုင်ပါက ရည်မှန်းချက်အောင်မြင်ဖို့ မသေချာပါ။ ထိခိုက်ဆုံးရှုံးမှု များသွားနိုင်သည်။ ထို့ပြင် ပါဝင်လှုပ်ရှားသူတို့ ချက်ချင်းပင် စိတ်ရှုပ်ထွေးသွားနိုင်သည်။

# ထောက်တိုင်များကို တွန်းမချပါနှင့် – မိမိဘက်သို့ပါလာအောင် ဆွဲယူပါ

မဟာဗျူဟာရေးဆွဲရာတွင် အာဏာရှင်အား အထောက်အကူပြုနေသော ထောက်တိုင်များမှ အဓိကကျသူတို့၏ မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများကို ဒီမိုကရေစီအတိုက်အခံဘက်သို့ ပါဝင်လာအောင် စည်းရုံးသိမ်းသွင်းသင့်သည်။ အဓိကထောက်တိုင်များမှ အဖွဲ့ဝင်များအား အစိုးရ၏အာဏာစက်အတွင်းသို့ ပိုမိုနက်ရှိုင်းအောင် တွန်းပို့သည်ထက် မိမိတို့အတိုက်အခံဘက်ဆီသို့ဆွဲယူနိုင်ပါက ပိုအကျိုးရှိသည်။

အာဏာရှင်အား အဆက်မပြတ်သစ္စာရှိစွာ ထောက်ခံသူများသည် မိမိတို့၏မိသားစုဝင်များ အဖမ်းခံ၊ ခြိမ်းခြောက် အကြပ်ကိုင်ခံ၊ အနိုင်ကျင့်ခံရတော့မည်ကို သိလာလျှင် သူတို့သည် အာဏာရှင်ထံ ပြန်လှန်မေးခွန်းထုတ်တော့မည်ဖြစ်သည်။ အဓိကရုဏ်းနှိမ်နင်းရေး တပ်မှူးတဦးအနေဖြင့် ဆန္ဒပြပွဲတွင် မိမိ၏သားသမီးတယောက်က ရှေ့တန်းမှ ပါဝင်နေပါက ဆန္ဒပြသူများအား ရိုက်နှက်ရန်၊ လုံ့စွပ်ထိုးရန်၊ မျက်ရည်ယိုဗုံးခွဲရန် အမိန့်ပေးဖို့ လွယ်မည်မဟုတ်ပါ။ ဤအချက်ကို ကောင်းစွာနားလည်နိုင်သည်။

အချက်ကျကျ စဉ်းစားသုံးသပ်ရလျှင် အာဏာရှင်မှာ အဓိကရုဏ်းနှိမ်နင်းရေးကို အဖျက်ခံမည်မဟုတ်ပဲ အတွေ့အကြုံပိုနည်းသူ အခြားတဦးဖြင့် အစားထိုး ဦးဆောင်ခိုင်းဦးမည်သာဖြစ်သည်။ တဖန် နောက်တက်လာသော အဓိကရုဏ်းနှိမ်နင်းရေး တပ်မှူးကိုလည်း အတိုက်အခံ ဒီမိုကရေစီအင်အားစုဘက်သို့ ပါလာအောင် စည်းရုံးသိမ်းသွင်းရေးမှာ နောက်ထပ် အချက်ကျကျစဉ်းစားသုံးသပ်ရမည့်အချက်ဖြစ်သည်။ အာဏာရှင်အား အထောက်အကူပြုသည့်ထောက်တိုင်များ အဆက်မပြတ် တဖြည်းဖြည်း ဖျက်ဆီးခံနေရသမျှ အာဏာရှင်အစိုးရအတွက် အခက်အခဲများ မဆုံးနိုင်အောင် ကြုံတွေ့နေရမည်ဖြစ်သည်။

# ရည်မှန်းထားသလောက် လုပ်နိုင်သလား

မဟာဗျူဟာရေးဆွဲရာတွင် နောက်ထပ်စဉ်းစားရန်မှာ ရည်မှန်းထားသလောက် ဖြစ်အောင်လုပ်နိုင်ပါမည်လား ဆိုသောအချက်ဖြစ်သည်။ ပြိုင်ဖက်ဖြစ်သူသည် အင်အားကို ရုတ်တရက် မပြောင်းလဲတတ်ပါ။ သို့သော် ရည်ရွယ်ချက်ကို လျင်မြန်စွာ ပြောင်းတတ်သည်။ ထို့ကြောင့် အတိုက်အခံအင်အားစုက စွမ်းအားရှိသမျှစီစဉ်ထားသည့်တိုင်အောင် မိမိရည်မှန်းထားသည်များ အထိုက်အလျောက် ပြောင်းလဲသွားနိုင်သည်။ မျှော်လင့်ထားသလို ဖြစ်မလာတတ်သည်လည်းရှိသည်။ ပြိုင်ဖက်ရန်သူ့တပ်များသည် အင်အားအတိုးအလျော့လုပ်၍ နေရာပြောင်းတပ်စွဲလေ့ရှိရာ ယင်းကိုအာရုံစိုက်ကြည့်လျှင် အံ့အားသင့်စရာတခုခုတော့တွေ့လာမည်ဖြစ်သည်။ သို့သော် လှုပ်ရှားသူတို့အနေဖြင့် ရုပ်ပျက်ဆင်းပျက် ထိတ်လန့်ခြောက်ခြားမိမည်တော့ မဟုတ်ပေ။အကြောင်းမှာ မဟာဗျူဟာကို

ကြိုတင်တွက်ဆထားပြီးသည့်အခါ ဗျူဟာရေးဆွဲသူများအနေဖြင့် ပြိုင်ဖက်အင်အား မည်မျှကောင်းသည်၊ မည်မျှထိ လုပ်နိုင်သည်ကို သိပြီးသား ဖြစ်နေသောကြောင့်ပင်။

## ပြိုင်ဖက်ကို ဘေးကြပ်နံကြပ် ဖြစ်အောင်လုပ်ခြင်း

အာဏာရှင်အစိုးရက ဒီမိုကရေစီလှုပ်ရှားမှုများ ခေါင်းထောင်မလာအောင် မည်သို့ပင် တုန့်ပြန် စေကာမူ လှုပ်ရှားမှု မဟာဗျူဟာကို သေချာစွာသုံးသပ်ထားပါက အင်အားစုဆောင်းရေးအတွက် အခွင့်အလမ်း များအား ဖန်တီးရှာဖွေနိုင်ပါမည်။ အကယ်၍ အစိုးရက ဆန္ဒပြသူများကို ဖြိုခွဲနှိမ်နင်းမည်ဆိုလျှင် လူထုနှင့် အစေးကပ် နိုင်တော့မည်မဟုတ်ပါ။ ထိုအခါ လူထုသည် ဒီမိုကရေစီလှုပ်ရှားသူတို့ဘက်သို့ ပူးပေါင်းပါဝင်လာမည်ဖြစ်၍ အင်အား တိုးလာရန် လမ်းစများရှိသည်။

တခါတရံတွင် အစိုးရက လှုပ်ရှားသူတို့ တောင်းဆိုသည့်အတိုင်း လိုက်လျောတတ်သည်။ အစိုးရက မည်သို့ပင် ဟန်ကိုယ့်ဘို့အနေအထားဖြင့် ဆင်ခြေပေးကာ လိုက်လျောသည် ဖြစ်စေ၊ နောက်ဆုံးတွင် တောင်းဆိုချက်များ ရရှိရေးသည်သာ အဓိကဖြစ်သည်။ ထိုအခါ ဒီမိုကရေစီလှုပ်ရှားသူများက မိမိတို့လှုပ်ရှားမှုမှာ အားကောင်းလာသဖြင့် နှစ်ဦးနှစ်ဘက် ပြေလည်သောအောင်ပွဲ ရရှိကြောင်း၊ နောက်ဆုံးတွင် အစိုးရသည် ပြည်သူ့ ဆန္ဒကို လိုက်လျောပေးလာရသည်သာ ဖြစ်ကြောင်း ကြေညာပေးနိုင်လျှင် အင်အားစုဆောင်းရန် နောက်ထပ် အခွင့်ကောင်းများ ရရှိလာမည် ဖြစ်သည်။ မိမိတို့ဘက်တွင် အင်အား တိုးသထက်တိုးလာရန်ရှိပြီး အစိုးရဘက်တွင် အင်အား လျော့သထက်လျော့သွားမည်ဖြစ်သည်။

နိုင်ငံရေးတွင် အစိုးရ ဘေးကြပ်နံကြပ်ဖြစ်အောင် ဗျူဟာရေးဆွဲသူများက သတိရှိရှိ မျက်စိဖွင့် နားဖွင့်ထားသင့်သည်။ ထို့ပြင် ပြည်သူလူထု၌ သံမှိုနှက်သကဲ့သို့စွဲမြဲနေသော ယုံကြည်ချက်များကို မဟာဗျူဟာတွင် အသိအမှတ်ပြု ဖော်ပြပေးသင့်သည်။ မည်သို့ ဖော်ပြပေးသင့်ပါသနည်း။ လူထုယုံကြည်ချက်များကို အစိုးရက လစ်လျူရှုထားပြီး ဆန့်ကျင်ဘက်များကိုသာ လုပ်ဆောင်နေသည်ဟု ပြည်သူများသိရှိအောင် နှိုးဆွပေးရမည်။ ဥပမာအားဖြင့် လူစုလူဝေးမလုပ်ရဆိုသော အစိုးရတားမြစ်ချက်များသည် ဘာသာရေးနှင့် ရိုးရာဓလေ့ပွဲတော်များ၊ အခမ်းအနားများ ကျင်းပ၍ မရအောင် ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သည်ဟု နှိုးဆွခြင်းမျိုးဖြစ်သည်။

အိန္ဒိယတွင် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလအတွင်း ဗြိတိသျှကိုလိုနီအစိုးရ၏ ဆားခွန်ကောက်ခံ ခြင်းကို ဆန့်ကျင်သည့်အနေဖြင့် ၁၉၃၀ခုနှစ်၌ ဂန္ဒီကဦးဆောင်၍ ခရီးရှည်ချီတက်ပွဲ(Salt March) ပြုလုပ်ခဲ့သည်။ အာဏာရှင် အစိုးရများ ဘေးကြပ်နံကြပ် ဖြစ်ခဲ့ရသမျှတွင် အကျော်ကြားဆုံး ဖြစ်ရပ်တခုပင်။ ဂန္ဒီ၏ အကြမ်းမဖက် နိုင်ငံရေး ဆန့်ကျင်မှုကို အိန္ဒိယတနိုင်ငံလုံးရှိ ဇာတ်နိမ့်ဇာတ်မြင့် လူတန်းစားအလွှာအားလုံးက စိတ်ဝင်တစားဖြင့် အားကိုးတကြီးရှိခဲ့သည်။ ထိုအခါ ဗြိတိသျှကိုလိုနီအစိုးရက ဂန္ဒီအား မဖြစ်မနေ ဖမ်းဆီးရတော့မည့် ဘေးကြပ်နံကြပ် အခြေအနေသို့ ရောက်လာသည်။ သို့သော် ဖမ်းပြန်လျှင်လည်း အိန္ဒိယတနိုင်ငံလုံး အုံးအုံးကြွက်ကြွက် ဆူပူလာ တော့မည်။ မဖမ်းပြန်လျှင်လည်း ဗြိတိသျှကိုလိုနီ စတင်ပျက်ဆီးရတော့မည့်ကိန်း ဆိုက်လာခဲ့သည်။

ဗြိတိသျှကိုလိုနီအစိုးရသည် အိန္ဒိယနိုင်ငံတွင် ဆားထုတ်လုပ်ရေးတခုလုံးကို လက်ဝါးကြီးအုပ်ထား သည်မှာ နှစ်ပေါင်းတရာကျော် ရှိနေခဲ့ပြီဖြစ်သည်။ ဆားဆိုသည်မှာ မရှိမဖြစ်သော စားစရာတခုဖြစ်ရာ လူတိုင်းပင် အစိုးရ ချုပ်ကိုင်ထားသောဆားကို ဝယ်ယူနေရတော့သည်။ ပင်လယ်ရေကို အငွေ့ပျံစေရုံဖြင့် ဆားကို အလွယ်တကူ ချက်လုပ်၍ရနိုင်သော်လည်း အိန္ဒိယတွင် မည်သူမျှ အလကားမရ။ တိုင်းတပါး ကိုလိုနီအစိုးရထံ အခွန်ပေးနေရသည်။

ဂန္ဒီအား ဖမ်းလိုက်လျှင် နောက်ဆက်တွဲအကျိုးသက်ရောက်မှု မည်သို့ရှိလာမည်ကို အစိုးရက ကောင်းစွာသိသည်။ ခရီးရှည်ချီတက်ပွဲအပြီး ရက်သတ္တပါတ်ပေါင်း များစွာအကြာတွင် ဂန္ဒီ၏ ရည်မှန်းချက် အောင်မြင်လေတော့သည်။ အစိုးရ လက်ဝါးကြီးအုပ်ထားသော ဆားလုပ်ငန်း ပျက်ဆီးသွားရသည်။ ထိုအခါ အစိုးရက ဂန္ဒီကို ဖမ်းဆီးသည်။ သို့သော် ဂန္ဒီ လှုံ့ဆော်ပေးခဲ့သော ငြိမ်းချမ်းစွာ အာဏာဖီဆန်ရေးမှာ အစိုးရ၏ နိုင်ငံရေး အာဏာဇစ်မြစ်များကို ထိခိုက်အားနည်းစေသည့် အကြမ်းမဖက်သော လက်နက်ကောင်းတခု ဖြစ်ကြောင်း ပြည်သူလူထုက ကောင်းကောင်း သဘောပေါက်သွားကြသည်။ ကျောင်းမှန်း ကမ်းမှန်း အစိုးရ သိလေပြီ။ ထင်သလို ဖိနှိပ်ချုပ်ချယ်ရန် မည်သည့်အခါမှ အခွင့်မသာတော့ပါ။

## အနှစ်ချုပ်

- အနာဂတ်တိုင်းပြည်ကို တည်ဆောက်မည့်မူဝါဒများကို ရည်မှန်းထားပြီး အကောင်အထည်ဖော်ရန်အတွက် တိကျရှင်းလင်းသော ရည်မှန်းချက်တခုဖြင့် မဟာဗျူဟာကို စတင်ရေးဆွဲသည်။
- မဟာဗျူဟာတခုတွင် အစီအစဉ် (နည်းဗျူဟာ)များ ရေးဆွဲနိုင်လေလေ ကျယ်ပြန့်စွာ ထိရောက်မှု ရှိလေလေ ဖြစ်သည်။ ထိုအစီအစဉ်များသည် အောက်ပါအတိုင်းဖြစ်နေရမည်။

  (၁) ရည်မှန်းချက်အတိုင်း ထင်ရှားပြတ်သားစွာ ရှိနေရမည်။

  (၂) ရှေ့လုပ်ငန်းစဉ်အတွက် မိမိတို့လုပ်ရှားနိုင်စွမ်းနှင့် လိုက်ဖက်ညီရမည်။

  (၃) အသေးစိတ်ကို အာရုံစိုက်နိုင်ရမည်။

  (၄) ပြိုင်ဖက်က တုန့်ပြန်လာမည်ကို မျှော်လင့်ထားရမည်။

- တူညီရာအတန်းအစားအလိုက် အချက်အလက်များစုစည်းထားသောပုံစံမျိုးဖြင့် စနစ်တကျရေးဆွဲထားသည့် အကောင်းဆုံး အစီအစဉ်များ ဖြစ်စေရသည်။

--------- ၀၀၀---------

# အခန်း (၈)
# စိတ်ဓါတ်စစ်ဆင်ရေးများ (Psychological Operations)

ဓါးသွားထက် ကလောင်သွားက ပိုမို စူးရှသည်။

အက်ဒွပ် ဂျော့ အားလ် လစ်တန် ဘူးလ်ဝါး လစ်တန် (Edward George Earl Lytton Bulwer-Lytton)
(၁၈၀၃–၁၈၇၃)

စိတ်ဓါတ်စစ်ဆင်ရေး ဆိုသည်မှာ နေတိုးတပ်များ၏ အဓိပ္ပာယ်သတ်မှတ်ချက်အရဆိုလျှင် နိုင်ငံရေးနှင့် စစ်ရေးရည်မှန်းချက်များအတွက် ငြိမ်းချမ်းနေသည်ဖြစ်စေ၊ စစ်ဖြစ်နေသည်ဖြစ်စေ ရန်သူ၊ မိတ်ဆွေနှင့် ကြားနေသူတို့၏ ခံယူချက်နှင့် အလေ့အထများကို သြဇာလွှမ်းမိုးနိုင်စေရန် စီစဉ်ဆောင်ရွက်သော စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုဖြစ်သည်။

စိတ်ဓါတ်စစ်ဆင်ရေးသည် အသေအချာစီစဉ်ထားသော ဗျူဟာမြောက် အကြမ်းမဖက် လှုပ်ရှားမှု၌ အရေးပါဆုံးလှုပ်ရှားမှုဖြစ်သည်။ အသိပညာဖြန့်ဖြူးလှုံ့ဆော်သည့်နည်းလမ်းကို အဓိကအသုံးချ၍ ဦးတည်ထားသော ပရိသတ်တို့၏ ခံယူချက်နှင့် အလေ့အထများကို သြဇာလွှမ်းမိုးစေရန် ရည်ရွယ်သည်။ စိတ်ဓါတ်စစ်ဆင်ရေးကို အသုံးပြုသဖြင့် စစ်မြေပြင်တိုက်ပွဲနှင့် အကြမ်းမဖက်လှုပ်ရှားမှု နှစ်မျိုးစလုံးတွင် ထိရောက်အောင်ဆင်နွှဲနိုင်ကြောင်း အကြိမ်ကြိမ် သက်သေထူနိုင်ခဲ့ပြီ ဖြစ်သည်။ စိတ်ဓါတ်စစ်ဆင်ရေးသည် အစွမ်းထက်လက်နက်တခုပမာ ပြိုင်ဖက်ကို အားနည်းစေရန်၊ နှစ်ပိုင်းခွဲရန်၊ ကြားနေရန် ဖြစ်စေသည်သာမက ပြိုင်ဖက်၏ထောက်တိုင်များကိုလည်း ပြိုကွဲသွားစေနိုင်သည်။ ဆန့်ကျင်ဘက်အုပ်စုများတွင် ပါဝင်သူများကို မိမိဘက်သို့ပါလာအောင်လည်းလုပ်နိုင်သည်။ အခန်း(၈)၏ ရည်ရွယ်ချက်မှာ ဝါဒဖြန့်အသိပညာပေးလှုံ့ဆော်မှုများတွင် ပါဝင်သည့်အပိုင်းများအကြောင်းနှင့် ဝါဒဖြန့်လှုံ့ဆော်မှုများကို မည်သို့အသုံးချမည် ဆိုသည့်အကြောင်းများဖြစ်သည်။

လွန်ခဲ့သောနှစ်များအတွင်း အာဏာရှင်အစိုးရများ၏ သဘောတရားရေးရာ ဝါဒဖြန့်မှုများတွင်ကျယ်လာနေ၍လောမသိ။ ကန့်ကွက်သံအများအပြား ထွက်ပေါ်လာနေခဲ့သည်။ အနောက်အုပ်စုနိုင်ငံများတွင်မူ ယခုအခါ "အသိပညာဖြန့်ဖြူးလှုံ့ဆော်ရေး၊ မီဒီယာထိုးဖောက်မှု၊ ပုဂ္ဂိုလ်ရေးအယူအဆ ဖြစ်သည်၊ တူညီစွာ လက်ခံသုံးစွဲသူများ" စသဖြင့် စကားလုံးလှလှဖြင့် တန်ဆာဆင်ကြသည်။ အာဏာရှင်တို့က ဝါဒဖြန့်သည်၊ အသိပညာပေးသည်၊ လှုံ့ဆော်သည်၊ တိုက်တွန်းနိုးဆော်သည် အစရှိသဖြင့် မည်သည့်စကားလုံးပင်သုံးသုံး ကြားသိရသူ၏ ခံယူချက်နှင့် အလေ့အထများကို မိမိဘက်သို့ပါလာအောင် သြဇာလွှမ်းမိုးအောင် လုပ်နေခြင်းသာဖြစ်သည်။ ဝါဒဖြန့်အသိပညာပေးလှုံ့ဆော်ခြင်း ဖြစ်သည်။ နိုင်ငံရေးသက်သက်အတွက် ရည်ရွယ်ပြီးသုံးမည်ဆိုလျှင် ထိုစကားလုံးသည် ဆေးလိပ်ကြော်ငြာ၊ ဆပ်ပြာကြော်ငြာလောက် ဆိုးဝါးညစ်ညမ်းမည် မဟုတ်ပေ။ ကမ္ဘာ့နိုင်ငံများရှိ ဥပဒေပြုရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ မည်သည့်ကိစ္စတွင်မဆို အဆုံးအဖြတ်များ ဖြစ်ပေါ်ရေးအတွက် စိတ်ဝင်စားလာအောင် လုပ်ပေးနိုင်သည်မှာ အဆိုပါ ဝါဒဖြန့်အသိပညာဖြန့်ဖြူးလှုံ့ဆော်ခြင်းကြောင့်ဖြစ်သည်။

လူတယောက်၏ခံယူချက်နှင့် အလေ့အထကို သြဇာလွှမ်းမိုးစေသော ဝါဒဖြန့် အသိပညာပေးလှုံ့ဆော်ခြင်းကို ခရစ်ယန်သမ္မာကျမ်း၊ ဂျူးလူမျိုးတို့၏ဘာသာရေးစာ(The Torah)၊ ခိုရမ်ကျမ်း အစရှိသည်တို့တွင် ကျယ်ပြန့်စွာ တွေ့ရသည်။ အစိုးရတရပ်ကို မည်သို့ဖွဲ့စည်းထားသင့်ကြောင်း နယူးယောက်ပြည်နယ်၏ အခြေခံဥပဒေ အတည်ပြုရေးအတွက် ရေးသားထားသော အက်ဆေး(၈၅)ပုဒ်ပါရှိသည့် စာအုပ်တွင်လည်း ဝါဒဖြန့် အသိပညာပေး လှုံ့ဆော်ထားသည်ကိုတွေ့ရသည်။ ထိုသို့မဟုတ်ပဲ ဇီယွန်ပညာရှင်ကြီးများ၏စည်းမျဉ်းများ မှတ်တမ်းကို ကြည့်လျှင် ပို၍ပင် ဆိုးသေးသည်။

ထို့ပြင် ကုလားအုပ်က စီးကရက်ခဲနေသော ကာတွန်းကြော်ငြာတခုဆိုလျှင် အရွယ်မရောက်သေးသော ခလေးငယ်များကို ဆေးလိပ်သောက်ရန် မြူဆွယ်ကြော်ငြာသည်ဟုပင် အများကယုံကြည်ကြသည်။ ယခုဖော်ပြလိုက်သည့် နမူနာများသည် တိုက်ရိုက်ဝါဒဖြန့် အသိပညာပေးလှုံ့ဆော်မှုများဖြစ်ပြီး ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာကို ကောင်းကျိုးများဖြစ်စေသကဲ့သို့ ဆိုးကျိုးများလည်း ဖြစ်ပေါ်စေသည်။ လူ၏စဉ်းစားပုံ၊ ပြုမူပုံက ပြောင်းလဲစေရန် ရည်ရွယ်ချက်ရှိသော နည်းလမ်းမျိုးစုံမှာ ရှေးယခင်ကတည်းကပင် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိနေသည်။

အချက်အလက်တခုတွင် အခြေအနေတခုကို ရှင်းပြပေးနေသည့် အဓိပ္ပာယ်များရှိသည်။ တနာရီကုန်ဆုံးတိုင်း အချက်ပေးနာရီသံ ကြားရသည်ဆိုခြင်းမှာ နာရီနှင့်ဆိုင်သော အချက်အလက်တခုဖြစ်သည်။ လူတိုင်းအတွက် တနာရီပြည့်တိုင်း အဓိပ္ပာယ်ရှိနေချင်မှ ရှိပေလိမ့်မည်။ သို့သော် ကြိုးတိုက်ထဲသို့ ရောက်ရှိနေသော ရာဇဝတ်သားတယောက်အနေဖြင့် တနာရီထိုးသံ ကြားနေရတိုင်း အသက်ရှင်ရန် နောက်ထပ် ငါးနာရီသာ ကျန်တော့သည်၊ လူ့လောကတွင် နောက်ထပ် လေးနာရီသာနေရတော့မည်၊ နောက်ထပ် သုံးနာရီကြာလျှင် သေရတော့မည်ဟု ခံစားရသော အဓိပ္ပာယ်ထွက်နေသည်။ ရုံးဝန်ထမ်းတယောက် ဆိုလျှင်လည်း တနာရီ ထိုးသံတိုင်းသည် တနေ့တာ အလုပ်ချိန် ကုန်ဆုံးတော့မည်ကို ကြိုဆိုနေသကဲ့သို့ အဓိပ္ပာယ်ရှိနေပေမည်။

နိုင်ငံတခုတွင် အလုပ်လက်မဲ့(၄၀)ရာခိုင်နှုန်းရှိသည်ဆိုသော သတင်းမှတ်တမ်းသည် အလုပ်လက်မဲ့များအတွက် သတိပေးနေသကဲ့သို့ အလုပ်ရှိသူများအတွက်လည်း စိုးရိမ်ပူပန်စရာ ဖြစ်စေပေလိမ့်မည်။ အတိုက်အခံခေါင်းဆောင်များကမူ အစိုးရအပေါ် အယုံအကြည်မရှိ ဖြစ်ရန် အခွင့်အလမ်းအသစ်တခုဟု ယူဆပေလိမ့်မည်။ အစိုးရသည် အရည်အချင်းမရှိကြောင်း၊ အလုပ်လက်မဲ့များကို ဂရုမစိုက်ကြောင်းနှင့် စာရိတ္တပျက်ပြားနေကြောင်း ပြောဖို့ဖြစ်လာသည်။ အလုပ်လက်ရှိများကို အတိုက်အခံဘက်သို့ ပါလာအောင် ဆွဲဆောင်နိုင်မည့် အခွင့်အရေးလည်းဖြစ်သည်။ အယ်ဒီတာများကလည်း လွတ်လပ်စွာရေးခွင့် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ စာဖတ်သူများ နှစ်သက်နိုင်မည့် အကြောင်းအရာတခုအဖြစ်နှင့် တေးမှတ်ထားပေလိမ့်မည်။ အကြမ်းမဖက်လှုပ်ရှားမှုတွင် ပြည်သူလူထုကို ထိခိုက်စေသော ပြဿနာအချက်အလက်များ ရှိလာလျှင် ပြိုင်ဖက်ဖြစ်သူအစိုးရအား ပြစ်တင်ဝေဖန်သင့်သည်။ ထိုပြဿနာများကို လျော့ပါးသက်သာသွားအောင် မည်သို့ လုပ်သင့်သည်ကို ထောက်ပြရပေမည်။

အကြပ်အတည်းတခုကို ရေရှည်ကြုံတွေ့နေရသောအခါ လွတ်မြောက်ရန် သင့်တော်သော လမ်းစများရှာကြစမြဲ ဖြစ်သည်။ ထိုအချိန်တွင် အကြောင်းအချက်တချို့သည် ထူးခြားစွာ ထွက်ပေါ်လာတတ်သည်။ အဆိုပါအချက်အလက်ကို အမိအရအသုံးချမိလျှင် အကြပ်အတည်းမှ လွတ်မြောက်ဖို့ရှိနိုင်သည်။ နိုင်ငံရေးပြောင်းလဲမှုကိုပင်ဖြစ်စေနိုင်သည်ဟုဆိုလျှင် အံ့အားမသင့်ပါနှင့်။ ကမ္ဘာ့နိုင်ငံများတွင် အမြဲတမ်းဖြစ်နေသည့်ကိစ္စသာ ဖြစ်သည်။

## အသိပညာ ဖြန့်ဖြူးပေးခြင်း




## မည်သူ့ကို လှုံ့ဆော်ပေးမည်နည်း

ယေဘုယျအားဖြင့်ဆိုလျှင် ပြည်သူလူထုတရပ်လုံးကို အသိပညာဖြန့်ဖြူးလှုံ့ဆော်ပေးရပါမည်။ သို့သော် အတွေ့အကြုံနှင့် သုတေသနများအရ ရည်ရွယ်ထားသည့်ပရိသတ်ကို အုပ်စုများ ခွဲထုတ်ပြီး အုပ်စုတစုစီအတွက် သီးသန့်စီလှုံ့ဆော်ပေးလျှင် ပိုထိရောက်သည်။ သို့ဖြစ်၍ လယ်သမားတဦးအား အသိပညာဖြန့်ဖြူးလှုံ့ဆော်ပေးမည်ဆိုလျှင် ကျောင်းသားတဦးအတွက် လိုအပ်သောအသိပညာနှင့် ခြားနားရပေလိမ့်မည်။ အကြမ်းမဖက်လှုပ်ရှားသူတို့က အုပ်စိုးသူ၏ထောက်တိုင်များတွင် ပါဝင်သူတို့အား အဓိက လှုံ့ဆော်ပေးရမည်ဖြစ်သည်။ ပညာအရည်အချင်းအလိုက်၊ ဘာသာရေးယုံကြည်မှုအလိုက်၊ လူမျိုးစုအလိုက်၊ ရည်မှန်းချက်အလိုက် လှုံ့ဆော်ပေးရပါမည်။ ထို့ပြင် မည်မျှထိ သဘောပေါက် နားလည်သည်၊ လက်ခံယူနိုင်သည် ဆိုသည့်အချက်အပေါ် မူတည်၍လည်း လှုံ့ဆော်ပေးရသည်။

## မည်သည့် အသိပညာကို ဖြန့်ဖြူးလှုံ့ဆော်ပေးမည်နည်း

လူထုတရပ်လုံးဖြစ်စေ၊ ထပ်မံခွဲထုတ်ထားသော လူတစုအတွက်ဖြစ်စေ ခံယူချက်နှင့် အလေ့အထကို ပြောင်းလဲလာအောင် ရည်ရွယ်သည်ဆိုလျှင် ရည်ရွယ်ချက် ရှင်းရှင်းထားရန် အရေးကြီးသည်။ ဥပမာတခု တင်ပြပါမည်။

ဖိနှိပ်ချုပ်ချယ်သော အာဏာရှင်လက်အောက်တွင် နေရသည်မှာ ကံကြမ္မာဖန်တီး၍ဖြစ်ရသည်ဟု လူထုက သဘောပေါက်နေသည်ဆိုပါစို့။ ထိုအခါ အဆိုပါခံယူချက်သည် ဘုရားဟောမဟုတ်ကြောင်း၊ ပြည်သူလူထုအား အဖိနှိပ်ခံ၊ အကျဉ်းခံနေအောင် ဘုရားက အလိုရှိတော်မမူကြောင်း စသဖြင့် လူထုအား အသိပညာ ဖြန့်ဖြူးလှုံ့ဆော်ပေးရပါမည်။

ထို့ပြင် အာဏာရှင်လက်အောက်မှ လွတ်မြောက်နိုင်သည်မှာ လူထုစွမ်းအားဖြစ်၍ လူထုအတွင်းမှာပင် ထိုစွမ်းအားရှိနေကြောင်းစသည်တို့ တွေးတတ်လာအောင် လှုံ့ဆော်ပေးရန် လိုအပ်ပါမည်။ ထို့ပြင် အတိုက်အခံ နိုင်ငံရေးအဖွဲ့များသည် လူထုထောက်ခံမှု၊ လူထုပါဝင်လာမှုကို အားပေးကြိုဆိုနေမည်ဖြစ်ကြောင်း လူထုသိအောင် လုပ်ပေးရပါမည်။ သီအိုရီအရဆိုလျှင် မည်သူက ထိုသို့လှုံ့ဆော်ပေးနေသည်ကို လူထုက သိရပါလိမ့်မည်။ သို့သော် အမြဲတမ်း အသိပေးနိုင်မည်တော့မဟုတ်ပါ။

## မည်သူက လှုံ့ဆော်ပေးမည်နည်း

လှုံ့ဆော်ပေးပုံ အမျိုးမျိုးရှိသည်။ စာရွက်တရွက်မှသော်၄င်း၊ ရေဒီယိုအသံလွှင့်ဌာနတခုမှသော်၎င်း ဖြစ်နိုင်သည်။ သို့မဟုတ် အင်တာနက်မှ အီးမေးလ် ပို့၍လည်းရသည်။ ရုပ်ရှင်၊ မိန့်ခွန်း၊ ပုံနှိပ်စာအုပ်၊ ဆောင်းပါး၊ ဆိုင်ဘုတ်၊ ပိုစတာ စသဖြင့် အမျိုးမျိုးသုံး၍ လှုံ့ဆော်ပေးနိုင်သည်။ ကောလဟာလဆိုသည်မှာ သတင်းဖြန့်ချိသူများရှိနေ၍သာ အဆင့်ဆင့်ပြန့်လွှင့်နိုင်ခြင်းဖြစ်သည်။ လှုံ့ဆော်ပေးသူများအနက် ဘာသာရေး ခေါင်းဆောင်များ၊ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်များ၊ ကျောင်းဆရာများ၊ ဆံပင်ညှပ်သူများ၊ ရိုးရာဓလေ့ ထုံးတမ်းဆိုင်ရာ သြဇာတိက္ကမ ရှိသူများ၊ စာနယ်ဇင်းလောကသားများ၊ သမဂ္ဂပြောရေးဆိုခွင့်ရှိသူများ၊ စီးပွားရေးအုပ်စုများနှင့် သက်ဆိုင်ရာ လူနေမှု အသိုင်းအဝိုင်းမှ လူရိုသေရှင်ရိုသေ ပုဂ္ဂိုလ်ကျော်များ အစရှိသူတို့တွင် ပရိသတ် အများအပြား ရှိနိုင်သဖြင့် အဓိကကျသော လှုံ့ဆော်သူများဟု သတ်မှတ်ရပေမည်။ ထိုသူတို့ကို လစ်လျူမရှုသင့်ပေ။

## လှုံ့ဆော်မှုကို မည်မျှထိ သဘောပေါက်ခံယူနိုင်ကြသနည်း

အသိပညာများကို ဖြန့်ဖြူးလှုံ့ဆော်ပေးရာတွင် စီးပွားရေးကြော်ငြာများသည် အထင်ရှားဆုံးဟု ဆိုနိုင်ပါလိမ့်မည်။ စီးကရက်ကြော်ငြာကိုကြည့်လျှင် စီးကရက်သောက်ခြင်းကြောင့် ကျန်းမာရေးကို ထိခိုက်နိုင်သည်ဟုယုံကြည် လောက်အောင်ပင် ကြော်ငြာထားသော်လည်း စီးကရက်သောက်သူကတော့ သဘောပေါက်နိုင်မည် မဟုတ်ပါ။ အသားညှပ်ပေါင်မုန့်နှင့် အာလူးကျော်တို့သည် သွေးလွှတ်ကြောများကိုပိတ်ဆို့စေသည်ဆိုသော ကြော်ငြာများ ရှိကြသည်။ ထို့ပြင် ဖတ်ပြီးသည်နှင့်တပြိုင်နက် ဆရာဝန်ဆီပြေးချင်လောက်အောင် လှုံ့ဆော်နိုင်စွမ်းရှိသည့် ကျန်းမာရေး ကြော်ငြာများလည်း ရှိကြသည်။ ရောင်းအားကိုကြည့်လျှင် အဆိုပါကြော်ငြာများ အောင်မြင်မှု ရှိမရှိကို သိနိုင်ပေသည်။

နိုင်ငံရေးအရ လူထုအား လှုံ့ဆော်ပေးရာတွင် အောင်မြင်မှုရှိနိုင် မရှိနိုင်ကို အတတ်ပြော၍မရပါ။ ရေတိုကာလဖြစ်လျှင် အဆုံးအဖြတ်ပေးနိုင်ရန် ပိုခက်သည်။ ယုံကြည်စိတ်ချရလောက်သောအဖွဲ့များက အခြေအနေ၊ အချိန်အခါအလိုက် ကျွမ်းကျင်စွာ စစ်တမ်းကောက်ယူနိုင်လျှင်တော့ သိလာနိုင်စရာ ရှိသည်။ သို့မဟုတ်ပါက လှုံ့ဆော်လိုက်သောအသိတရားကို လူထုက မည်မျှထိ သဘောပေါက်ပြီး တုန့်ပြန်လာကြမည်ကိုသိရန် အချိန်စောင့်ရပါမည်။ သိအောင်လုပ်နိုင်သည့်တိုင်အောင် အမှန်အတိုင်းသိဖို့ရာမလွယ်ကူပါ။ ထိုအတောအတွင်း အပြောင်းအလဲများလည်းရှိနေသဖြင့် လူထုခံယူချက် ပြောင်းလဲသွားတတ်သည်။ ထိုအခါ လူထုလှုပ်ရှားပုံလည်း ပြောင်းသွားတတ်သည်။

ထိရောက်အောင် လှုံ့ဆော်ပေးနိုင်ခြင်း ရှိမရှိကို သိနိုင်သော အခြားနည်းလမ်းတခုမှာ လူထု၏ ထင်မြင်ယူဆချက်ကို သိအောင် လှုံ့ဆော်ဖော်ထုတ်ခြင်းဖြစ်သည်။ ဤနည်းလမ်းသည် လူထု၏တုန့်ပြန်ချက်ကို တိုက်ရိုက်တောင်းခံခြင်းနှင့်မတူပါ။ လူထုက မည်သို့ထင်မြင်ယူဆနေသနည်း ဆိုသည့်မေးခွန်းကို တိုက်ရိုက်မမေးပဲ၊ လူထုကိုယ်တိုင်က ထိုမေးခွန်းကိုပြန်ဖြေနေမှန်း မသိစေရပဲ တုန့်ပြန်လာစေရန် လှုံ့ဆော်ပြီး ဖော်ထုတ်ယူရခြင်း ဖြစ်သည်။

ဉပမာဆိုလျှင် အစိုးရအပေါ် မည်သို့သဘောထားသနည်းဟု လူတဦးတယောက်၏အမြင်ကို တိုက်ရိုက်တောင်းခံသည့်အခါ "နိုင်ငံရေးအတိုက်အခံတို့က အစိုးရပြောင်းလဲရန် တောင်းဆိုတာကို ထောက်ခံ ပါသလား" "ထောက်ခံတယ်ဆိုရင် ဘာကြောင့်ပါလဲ" အစရှိသည့်မေးခွန်းများဖြင့် စစ်တမ်းကောက်ယူနိုင်သည်။

အချို့အသိုင်းအဝိုင်းများတွင် အဆိုပါတိုက်ရိုက်မေးခွန်းများကို အမှန်အတိုင်းဖြေဆိုရန် စိုးရိမ်တတ် ကြသည်။ ထိုသို့သော အခြေအနေမျိုးရှိနေသဖြင့် ပြန်ဖြေသူအနေဖြင့် "ဟုတ်တယ်" "မဟုတ်ဖူး"ဟု တိုက်ရိုက် ဖြေစရာမလိုသော မေးခွန်းများကို သွယ်ဝိုက်၍မေးရသည်။ မေးသူသည် လူထုထံမှ အစိုးရအပေါ်ထားရှိသော သဘောထားကို သိနိုင်ရန် လောလောဆယ်စီးပွားရေးအခြေအနေနှင့် ကိုယ်တိုင်အကျိုးသက်ရောက်ခံစားရပုံများကို ဝေဖန်ချက်များ တောင်းခံရင်း မေးခွန်းထုတ်သွားသည်။ ထို့နောက် မေးခွန်းထုတ်သူသည် ပြန်ဖြေသူက ဆွေးနွေး ထားပြီးဖြစ်သည့် အကြောင်းအရာများနှင့် ဆက်စပ်ကာ ရည်ရွယ်ထားသောမေးခွန်းကို တကျော့ပြန်လှည့်၍ သွယ်ဝိုက်မေးမြန်းပြီး သိအောင် ဖော်ထုတ်ခြင်းဖြစ်သည်။

## သတင်း အမျိုးအစားများ

မည်သူတို့အားလှုံ့ဆော်ပေးမည်၊ မည်သည့်အသိပညာကို ဖြန့်ဖြူးလှုံ့ဆော်ပေးမည်၊ မည်သို့သော ဝန်းကျင် အသိုင်းအဝိုင်းတွင် လှုံ့ဆော်ပေးနိုင်သည် စသည့်အချက်များအပေါ်မူတည်၍ လှုံ့ဆော်ပေးနေသူ၊ တနည်း အားဖြင့် သတင်း၏မူလအစကို ဆုံးဖြတ်ရပါမည်။ သတင်းအမျိုးအစားကို အဖြူ၊ မီးခိုး နှင့်အမဲ ဟူ၍ သုံးမျိုးခွဲထား သည်။




### အဖြူရောင်

ဤအမျိုးအစားတွင် သတင်း၏မူလအစကို တိကျစွာဖော်ပြသည်။ သတင်းစာရှင်းလင်းပွဲများ၊ မိန့်ခွန်းများ၊ မှတ်တမ်းများနှင့် သတင်းများထွက်ပေါ်လာရာ မူလအစသည် တခါတရံ အမှန်အတိုင်းဖြစ်သည်။ ကြားသိရသူ ပရိသတ်ကလည်း အမှန်ဖြစ်ကြောင်း သိပြီးဖြစ်သည်။

ဆောက်မိုးပြည်နယ်မှ လွှတ်တော်အမတ် ဂျွန်စမစ်သည် တက္ကသိုလ်ဆရာများအသင်းတွင် မိန့်ခွန်း ပြောကြားသည်ဟု ဥပမာပေးပါမည်။ ဂျွန်စမစ်၏မိန့်ခွန်းကို သတင်းဝေဖန်ချက်တခုအဖြစ် စာရေးသားလိုက်သည် ဆိုပါစို့။ သတင်း၏မူလအစမှာ ဂျွန်စမစ် ထံမှဖြစ်သည်။ ဂျွန်စမစ်က မည်သည့်မိန့်ခွန်းကို ပြောသွားကြောင်း အမှန် အတိုင်းဖော်ပြ၍ ပိုင်းခြားစိတ်ဖြာသုံးသပ်နိုင်သည်။ မှတ်ချက်ပေးနိုင်သည်။ ဝေဖန်နိုင်သည်။ အကိုးအကားများဖြင့် ဖော်ပြနိုင်သည်။ သို့သော် စာဖတ်ပရိသတ်က မိမိ၏ဝေဖန်ချက်ကို တန်ဖိုးရှိမရှိ ဆုံးဖြတ်မည်ဖြစ်သောကြောင့် ဂရုစိုက်သင့်သည်။ မိမိစာတွင် ကိုးကားချက်များကို အပြည့်အစုံမဖော်ပြမိ၍ စာဖတ်ပရိသတ်က နားမလည်ပဲ ရှိနေ သော် ဂျွန်စမစ်ကို ထိခိုက်စေနိုင်ကြောင်း သတိထားသင့်သည်။ မိမိအပေါ် စာဖတ်ပရိသတ်၏ ယုံကြည် အားကိုးမှုလည်း လျော့ပါးဆုံးရှုံးနိုင်သည်။ အခြားတဘက်တွင်မူ မိမိအမြင်နှင့် စာဖတ်သူအကြိုက် ကိုက်ညီသွားလျှင် မိမိ(သို့)အဖွဲ့အစည်းအတွက် ဂုဏ်သိက္ခာ တက်လာစေနိုင်သည်။

## မီးခိုးရောင်

ဤအမျိုးအစားတွင် သတင်း၏မူလအစသည် မည်သူ့ထံမှဖြစ်သည်ကို တိကျစွာမဖော်ပြပါ။ သို့သော် "ယမန်နေ့က သတင်းရရှိခဲ့သည်"၊ "ယုံကြည်စိတ်ချရသော သတင်းရပ်ကွက်၏အဆိုအရ"၊ "မျက်မြင်သက်သေများ၏ တွေ့ရှိချက်အရ"အစရှိသဖြင့် ဖော်ပြမည်ဖြစ်သည်။ အမှန်ပင်ယုံကြည်စိတ်ချရသော သတင်းဖြစ်ပြီး ကိုယ်ပိုင်အယူအဆဖြင့် တင်ပြခြင်းမဟုတ်ကြောင်း ကြိုးပမ်းထားသည်။

## အမဲရောင်

ဤအမျိုးအစားတွင် သတင်း၏မူလအစမှာ အမြဲလိုလို ပြိုင်ဖက်ထံမှဖြစ်တတ်သည်။ ပြိုင်ဖက်၏ မကောင်းသတင်းကိုထုတ်ဖော်၍ သူ့အား သိက္ခာချရန် ရည်ရွယ်သည်။ ဥပမာပေးပါမည်။ "*အင်္ဂါနေ့ညနေပိုင်းက သမ္မတ၏ အယုံကြည်ရဆုံး အကြံပေးဖြစ်သူ စစ်ဦးစီးမှူး(ကြည်း) ဝီလ်ဖို့အဲဂိုအား မကြာသေးမီက ပြုလုပ်ခဲ့သော သတင်းစာ ရှင်းလင်းပွဲတွင် သမ္မတ၏ သိသိသာသာ မှားယွင်းသွားသော အပြုအမူနှင့်ပတ်သက်၍ မေးမြန်းသောအခါ ဟု အတည်ပြုချက်ရရှိသည်။* " အဆိုပါ သတင်းအမျိုးအစားကို ပြိုင်ဖက်၏အင်အားစုများအတွင်း မယုံကြည်မှုများ တိုးပွားစေရန်၊ ဇဝေဇဝါဖြစ်နေစေရန်၊ စိတ်ဓါတ်ကျဆင်းစေရန်၊ ပြိုင်ဖက်၏ အားနည်းချက်များနှင့် အာရုံစိုက်နေသည်များကို လမ်းလွှဲပေးရန်အတွက်သုံးသည်။

အမဲရောင် သတင်းအမျိုးအစားဖြင့် လှုံ့ဆော်ပေးရာတွင် အလွန်ကျွမ်းကျင်ဖို့ လိုသည်။ ပြိုင်ဖက်အကြောင်း ကောင်းကောင်းသိနေရသည်။ ယေဘူယျအားဖြင့် မဟာဗျူဟာအရ လုပ်ဆောင်ရာတွင် အဆိုပါ အမဲရောင်သတင်းဖြန့်သူကို ဖုံးကွယ်ထားသင့်သည်။ သတင်းဖြူနှင့်သတင်းမဲ နှစ်ခုအကြားတွင် ထိန်းသိမ်းထားသင့်သည်။

## သတင်းနှင့် အသိပညာ လှုံ့ဆော်ဖြန့်ဖြူးပုံ နည်းလမ်းများ




## (ကိုယ်စားပြု) တံဆိပ်၊ သင်္ကေတ၊ အမှတ်အသား၊ အရောင်များ

လှုပ်ရှားမှုတခု၏ သဘောတရားရေးရာနှင့် ရည်မှန်းချက်များကို လူသိများအောင် လှုံ့ဆော်ပေးရာတွင် တံဆိပ်၊ သင်္ကေတများသည် အလွန်ထိရောက်သည်။ တံဆိပ်မှာ ရိုးရိုးရှင်းရှင်းဖြစ်မှ ထိရောက်သည်။ ထို့ပြင် လှုပ်ရှားမှု၏ သဘောတရားရေးရာနှင့် ရည်မှန်းချက်များကို တင်ပြနိုင်ရမည်။ မှတ်မိလွယ်ရမည်။ သဘောပေါက်လွယ်ရမည်။

အောင်မြင်သွားသောနမူနာတံဆိပ်များမှာ နာဇီတို့၏ စကြာတံဆိပ်၊ ခရစ်ယန် လက်ဝါးကပ်တိုင်နှင့် ဆာဘီယား ခုခံရေးလှုပ်ရှားမှု၏ လက်သီးဆုပ်တံဆိပ် တို့ဖြစ်သည်။ ထိုသို့သော တံဆိပ်များသာမဟုတ်သေးပါ။ အသံအားဖြင့် ကိုယ်စားပြုသော အမှတ်အသားများလည်းရှိသည်။ ဥပမာ ဖုံသံပေးခြင်း ဖြစ်သည်။ အိုးခွက်ပန်းကန်ခွက်ယောက်များကို ဒေါင်ဒင်မြည်အောင်ခေါက်၍ အသံပေးလှုပ်ရှားလာသည်မှာလည်း မကြာသေးပေ။

အထူးပုံစံဖြင့် လက်ဆွဲ နှုတ်ဆက်သည့်သင်္ကေတ၊ ဟန်အမူအရာသင်္ကေတများလည်းရှိသည်။ မိမိတို့လှုပ်ရှားမှုကို ကိုယ်စားပြုသောတံဆိပ်၊ သင်္ကေတ၊ အမှတ်အသား၊ အရောင်များကို ရွေးချယ်သုံးစွဲကြရာတွင် ယဉ်ကျေးမှုအစဉ်အလာများကို မထိခိုက်စေရန် ဂရုစိုက်ရပါလိမ့်မည်။

## ဆောင်ပုဒ်

ဆောင်ပုဒ်ဆိုသည်မှာ ဒေါသ၊ အမုန်း၊ အားခံခြင်း(သို့) သတ္တိ အစရှိသည်တို့ကို ခံစားရသည့် အတိုင်း တိုတိုတုတ်တုတ်ဖော်ပြသော စာစုဖြစ်သင့်သည်။ "အဲလမို ကိုသတိရကြ (Remember the Alamo)" ဟူသော ဆောင်ပုဒ်သည် မက္ကဆီကန်များကို စစ်တိုက်ရန် အမေရိကန်များကို လှုံ့ဆော်ပေးသောဆောင်ပုဒ် ဖြစ်သည်။ "မိန်းကိုသတိရကြ(Remember the Maine)" ဟုကြွေးကြော်သောဆောင်ပုဒ်မှာ စပိန်–အမေရိကန် စစ်ပွဲဆင်နွှဲရေးကို အမေရိကန်ပြည်သူတို့ထောက်ခံလာစေရန် လွယ်လင့်တကူ ရမယ်ရှာထားခြင်းဖြစ်သည်။ ၂၀၀၀ ခုနှစ်က ဆာဘီးယားတွင် မီလိုဆဲဗစ်အား ဆန့်ကျင်သောလှုပ်ရှားမှု၌ "သူ ဇာတ်သိမ်းသွားပြီ။ သူ့ကိုမသုံးတော့ (He's finished)" ဟူသော ဆောင်ပုဒ်ကို ဟစ်ကြွေးခဲ့ကြသည်။ ဇင်ဘာဘွေနိုင်ငံတွင် ဒီမိုကရေစီ ပြောင်းလဲရေး လှုပ်ရှားသူတို့က "လုံလောက်ပြီ" ဆိုသောဆောင်ပုဒ်ဖြင့် ရက်စက်သောအာဏာရှင် ရောဘတ်မူဂါဘေး အစိုးရကို ဆန့်ကျင်ရန် လူထုကိုစည်းရုံးခဲ့သည်။

## ဂီတ

ဂီတဖြင့် လှုံ့ဆော်ပေးခံရသောအခါ လူသည် ခံစားချက်ပြောင်းလဲပြီး အနာဂတ်ကို ပိုကောင်း လာအောင် အားထုတ်တော့သည်။ နာကျည်းခဲ့ရသော အတိတ်ကို ပြန်လည်သတိရသည်။ လက်ရှိအာဏာရှင်ကို ဆန့်ကျင်အာခံရဲသည့် အင်အားများ တိုးပွားသည်။ လူအများစုပေါင်း၍ လှုံ့ဆော်ရေးသီချင်းများကို သီဆိုကြသော အခါ သီချင်းစာသားများအတိုင်း ဖြစ်လာရန် တယောက်ကိုတယောက် အားဖြည့်ပေးတတ်သည်။

## ပုံနှိပ်မီဒီယာ

လူထုပညာပေးရေးအတွက် ပုံနှိပ်မီဒီယာဆိုသည်မှာ စာအုပ်၊ သတင်းစာ၊ လက်ကမ်းစာစောင်၊ လက်ကမ်းစာရွက်၊ ဆိုင်းဘုတ်၊ ပိုစတာများ အစရှိသည်တို့ဖြစ်သည်။ ပရိသတ်အမျိုးမျိုးအတွက် သင့်လျော်ရာကို လှုံ့ဆော်ပေးနိုင်သည်။ အချို့နိုင်ငံများ၌ အတိုက်အခံတို့က ထိန်းချုပ်နိုင်သော သတင်းစာများရှိသည်။ အဆိုပါ သတင်းစာနှင့် အစိုးရသတင်းစာတို့တွင် ဝါဒဖြန့်လှုံ့ဆော်ကြရာ၌ တဘက်နှင့်တဘက်အပြန်အလှန် ပုတ်ခတ်စွပ်စွဲ ချေပကြသည့်စာများကို အလွယ်တကူဖတ်နိုင်သည်။

သို့သော် အချိန်များစွာဖြုန်း၍ ချေပနေသည့် ထောင်ချောက်ထဲသို့ မဝင်မိအောင် ဂရုစိုက် ရပါမည်။ လှုံ့ဆော်စာများကို သေချာစွာ အချက်ကျကျ ပြင်ဆင်ပြီးထားမှသာလျှင် ပြိုင်ဖက်က တန်ပြန် ဝါဒဖြန့်လာ သောအခါ လွယ်လွယ်နှင့်ပင်တုန့်ပြန်နိုင်မည်ဖြစ်သည်။ လှုံ့ဆော်မည့်အကြောင်းအရာကို ပြင်ဆင်ရာတွင် ပြိုင်ဖက်က မည်သို့ ပြန်လည်ချေပနိုင်သည်ကို ကြိုတင်စဉ်းစားထားရမည်။ သို့မဟုတ်ပါက ဝါဒရေးရာတိုက်ပွဲတွင် ရှုံးနိမ့်သွား နိုင်သည်။

ပုံနှိပ်မီဒီယာ၏ စစ်မှန်သောအကျိုးသက်ရောက်မှုမှာ လူထုအနေဖြင့် အသေအချာ ဖတ်ရှုလေ့လာ နိုင်သည့်အပြင် လှုပ်ရှားမှုဆိုင်ရာ အကြောင်းရင်းများကိုလည်း ဆွေးနွေးနိုင်ကြသည်။ ဆိုင်းဘုတ်နှင့် ပိုစတာများတွင် လိုရင်းတိုရှင်း အဓိပ္ပာယ်များကို ကောက်ယူနိုင်ရန် ပန်းချီ၊ ဓါတ်ပုံများ၊ တံဆိပ်၊ သင်္ကေတ၊ အမှတ်အသားများ၊ ဆောင်ပုဒ်များနှင့် အရောင်များကို ထည့်သွင်းဖော်ပြထားကြသည်။

လူထုပရိသတ်က ပုံနှိပ်မီဒီယာများကို ကောင်းကောင်းမှတ်မိနေနိုင်သည်။ နောင်တချိန် ပြန်လည် အသုံးချရန်လည်း ရှိနိုင်သည်။ သို့ဖြစ်၍ ပုံနှိပ်မီဒီယာက လှုံ့ဆော်ပေးလိုက်သော အသိတရားများသည် အမှား အယွင်းမခံပါ။ လှုံ့ဆော်သည့် ရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိနေရပါမည်။ အဘယ်ကြောင့်ဆိုသော် ပရိသတ်က သေချာပေါက် နှိုင်းယှဉ်သုံးသပ်ကြည့်မည် ဖြစ်သောကြောင့်ပင်။ ထို့ကြောင့် လှုံ့ဆော်ပေးသူတို့သည် မိမိတို့ အဖွဲ့ အစည်း၊ လှုပ်ရှားမှုကို ကိုယ်စားပြုသည့် မူဝါဒရေးရာ ရည်မှန်းချက်များကို အသေအချာ စဉ်းစားရွေးချယ်ရန် လိုသည်။ မူဝါဒရေးရာများနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာများ ရှိလာခဲ့သော် လှုံ့ဆော်ပေးသူတို့၏တာဝန် မဖြစ်သင့်ပါ။

## ရုပ်သံ

ရေဒီယို နားထောင်သူပရိသတ်ကို အမျိုးအစားခွဲထားခြင်း၊ ပရိသတ်သို့ပေးလိုသော အသိတရားကို ကျွမ်းကျင်စွာ ပြင်ဆင်ထားရှိခြင်းနှင့် တချိန်တည်းမှာပင် နားထောင်ချင်စဖွယ် ရေဒီယို အစီအစဉ်များထားခြင်းဖြင့် ထိရောက်အောင် အသိပညာဖြန့်ဖြူးလုံ့ဆော်ပေးနိုင်သည်။ လူကြိုက်များသော တေးဂီတနှင့် နေ့စဉ်သတင်းများအပြင် မိုးလေဝသ၊ အားကစား၊ ကျန်းမာရေး၊ အထူးသဖြင့် ပြည်တွင်းပြည်ပရှိ အကြမ်းမဖက်လှုပ်ရှားမှုများ စသည်တို့နှင့် ပတ်သက်သော သတင်း ဆောင်းပါး ဗဟုသုတများကို ရေဒီယိုပရိသတ်က စိတ်ဝင်စားကြသည်။

ရုပ်မြင်သံကြား၊ ဗီဒီယိုနှင့် ဗီစီဒီ၊ ဒီဗီဒီတို့မှာ ရုပ်–သံနှစ်မျိုးစလုံး ပါဝင်သဖြင့် ပိုအားကောင်းသည်။ ခေါင်းဆောင်တဦး မိန့်ခွန်းပြောရာတွင် မည်သည့်ရည်ရွယ်ချက်ဖြင့် ပြောနေသည်ကို ပရိသတ်ကြားစေရန် စဉ်းစားသုံးသပ်သင့်သကဲ့သို့ သူ၏ သင်္ကေတ တံဆိပ် အမှတ်အသားကိုလည်း ပရိသတ်က ထင်ရှားစွာမြင်နိုင်ဖို့လိုသည်။ အမျိုးသားအလံရှိလျှင် တရားဝင်လုပ်ပိုင်ခွင့်ရှိခြင်း၏သဘောကို ပိုမိုဆောင်ယူပေလိမ့်မည်။ လေးစားချီးကျူးရသော သမိုင်းဝင်ပုဂ္ဂိုလ်၏ ဓါတ်ပုံအောက်တွင် ပြောနေသောမိန့်ခွန်းသည် နိုင်ငံ့သမိုင်းနှင့် တရားဝင်ဆက်စပ် ပေးလိမ့်မည် ဖြစ်သည်။ မည်သို့သောအဝတ်အစားနှင့် အဆင်တန်ဆာများ ဝတ်ဆင်သုံးစွဲရန် လိုသည်ကို အသေးစိတ် စဉ်းစားနိုင်ပါက သင့်တော်ပေမည်။

နာဇီခေါင်းဆောင်ကြီး ဟစ်တလာသည် ဂျာမန်ပြည်သူများအတွက် ဓါတ်ပုံ အရိုက်ခံသည့်အခါ ကုတ်အင်္ကျီ သို့မဟုတ် အရပ်ဖက် အဝတ်အစားကိုသာ ဝတ်ဆင်လေ့ရှိသည်။ ရံဖန်ရံခါ ခလေးငယ်များကို ခေါ်ယူပြီး ဓါတ်ပုံတွဲရိုက်သည်။ သို့သော် ဂျာမန်ပြည်သူများကို အောင်ပွဲရအောင် ဦးဆောင်ပေးမည့် စစ်ခေါင်းဆောင်အဖြစ် ဓါတ်ပုံအရိုက်ခံသောအခါတွင်မူ စစ်ယူနီဖောင်းကိုသာ ဝတ်ဆင်တတ်သည်။

## ကောလဟာလ

အာဏာကိုအလွဲသုံးစားသော အာဏာရှင်အစိုးရလက်ထက်တွင် သတင်းများကို ဖြတ်တောက် ပိတ်ဆို့စမြဲပင်။ အစိုးရထုတ်ပြန်သောသတင်းများမှာ ယုံကြည်စိတ်ချရမှု မရှိပါ။ ထိုအခါများတွင် ကောလဟာလ သတင်းများ ထွက်ပေါ်တတ်သည်။ ကောလဟာလများမှာ မည်သည့်နေရာမှထွက်လာသည်ကို မသိရပေ။ မည်မျှအထိ မှန်ကန်သည်ကိုလည်း အတည်မပြုနိုင်ပဲ ရှိတတ်သည်။

အကယ်၍ ကောလဟာလတခု ပြန့်နှံ့လာသည်ရှိသော် ထိုကောလဟာလသည် အနည်းဆုံး ဖြစ်ရပ်အမှန်တခုပေါ်တွင် အခြေပြု၍ ထွက်ပေါ်လာနိုင်ဖွယ်ရှိသည်ကို သတိထားမိရန် အရေးကြီးသည်။ အရင်သိပြီးသား၊ သံသယရှိပြီးသား အကြောင်းအရာများအပေါ် အခြေခံ၍ ထိုကောလဟာလ မှန် မမှန်ကို အနည်းဆုံးသိလာနိုင်သည်။ ကောလဟာလသည် အရေးကြီးသော အကြောင်းအရာ ဖြစ်နေရသည်။ စိတ်ဝင်စားမှုလည်း ရှိနေရသည်။ သို့မှသာ လက်ဆင့်ကမ်းပြန့်ပွားသွားမည်ဖြစ်သည်။

ကောလဟာလကို လွှင့်ထုတ်သည်မှာ ကြားသိရသူတို့၏စိတ်ဓါတ်ကို မြှင့်ပေးရန် (သို့) ပြိုင်ဖက်နှင့် ၎င်းအား ထောက်ခံသူတို့၏စိတ်ဓါတ်ကို နှိမ့်ချရန်အတွက် ဖြစ်သည်။ အမုန် းပွားစေရန်၊ စက်ဆုပ်ရွံရှာမိစေရန်၊ ချီးမွမ်း ထောပနာပြုစေရန် အစရှိသောခံစားမှုများကို လှုံ့ဆော်ပေးရန်အတွက်လည်း ကောလဟာလများကို လွှင့်ထုတ်တတ်သည်။

## သတိ

ဗျူဟာမြောက် အကြမ်းမဖက် ဆင်နွှဲသောအခါ ဖိနှိပ်ချုပ်ချယ်သောအစိုးရကို သပိတ်မှောက်ရန် လူထုကို စည်းရုံးလှုံ့ဆော်ပေးရသည်။ ထိုအခါ အစိုးရအမိန့်ကိုနာခံသည့်လူထုမှာ ခံယူချက်ပြောင်းလဲသွားပြီး အစိုးရ အမိန့်အာဏာကို ဖီဆန်သူများ ဖြစ်ကုန်ကြသည်။ အစိုးရ၏အာဏာစက် ကျဆင်းသွားသည်။ ထိုအစိုးရအား တရားဝင် အသိအမှတ်ပြုသူ နည်းသွားသည်။

မတရားသောဥ ပဒေများကို ဂရုမစိုက်ရန် လူထုအား လှုံ့ဆော်ပေးရသည်။ အစိုးရဖိနှိပ်မှုကြောင့် ပျက်ဆီးပြိုကွဲနေသော လူမှုအသိုင်းအဝိုင်းများကို ပြန်လည်စုစည်းနိုင်ရန် အဖွဲ့အစည်းသစ်များကိုဖွဲ့စည်း၍ အစိုးရ၏ ဖျက်ဆီးခြင်းခံရသော အဖွဲ့အစည်းများ၏နေရာတွင်အစားထိုးရသည်။ အစိုးရ အားကိုးနေသော အဖွဲ့အစည်းများကို တိုက်ခိုက်ရသည်။ အားနည်းသွားအောင် လုပ်ရသည်။ အတိုချုပ်လိုက်ရလျှင် နောက်ဆုံး၌ ထိုအစိုးရအဖို့ အုပ်ချုပ်နိုင်စွမ်းများ ဆုံးရှုံးသွားရတော့သည်။

လှုံ့ဆော်ရေးလက်နက်သည် အထက်တွင်ဖော်ပြထားသလောက် စွမ်းအားရှိသော်လည်း ကျွမ်းကျင်စွာ အသုံးမချတတ်လျှင် ကိုယ့်ရှူးကိုယ်ပတ် ဖြစ်တတ်သည်။ အရပ်ဖက်ပြည်သူတို့တွင် အဆုံးအရှုံး ကြီးမားသွားနိုင်သည်။ အာဏာဖီဆန်ရေး လှုပ်ရှားမှုဆိုသည်မှာ လူထုက အစိုးရ၏ မတရားသောအမိန့်ကို ဖီဆန်ပြီး ထိုအစိုးရ ထုတ်ပြန်ထားသော ဥပဒေစည်းမျဉ်းများကို မလိုက်နာပဲ နေခြင်းဖြစ်သည်။ ထိုအခါ အစိုးရသည် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး မဏ္ဍိုင်ကြီးသုံးရပ်တွင် မနိုင်မနင်း ဖြစ်လာသည်။ ဤသည်မှာ အာဏာရှင် ဖယ်ရှားရေး လှုပ်ရှားမှု (Anarchy) ဖြစ်သည်။

ဒီမိုကရေစီအရေး လှုပ်ရှားစဉ်ကာလအတွင်း လှုပ်ရှားသူတို့ ပထမဦးစားပေးရမည့်အချက်မှာ မဏ္ဍိုင်ကြီးသုံးရပ်ကို လူထုကချုပ်ကိုင်မိသည်နှင့် တပြိုင်နက် ယင်းကိုတည်ငြိမ်အောင်ထိန်းနိုင်ဖို့ ဖြစ်သည်။ မဏ္ဍိုင်ကြီး သုံးရပ်ကို လူထုက ချုပ်ကိုင်မိနေသော်လည်း လှုပ်ရှားမှု မပြီးဆုံးသေးပါ။ တည်ငြိမ်အောင် မထိန်းနိုင်ပါက လူမှု အဆောက်အအုံများ ဖျက်ဆီးခံရမည်ဖြစ်သည်။ ထိုအခါ လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားမည်။ ဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှု ပျက်သုန်းသွားမည်။ မင်းမဲ့စရိုက်များ ဖြစ်ပေါ်လာနိုင်သည်။

"အားပေးလှုံ့ဆော်မှု–လူ့စိတ်များကိုဖွဲ့စည်းခြင်း" စာအုပ်ကို ဂျက်အယ်လူး (Jacques Ellul) က ရေးခဲ့သည်။ သူ့စာအုပ်တွင် အထက်ကဖော်ပြခဲ့သည့် ဖြစ်ရပ်မျိုးကို အားပေးလှုံ့ဆော်သူတို့ ကြုံတွေ့ရနိုင်ကြောင်း အရေးတကြီး သတိပေးထားသည်။ အားပေးလှုံ့ဆော်မှုကို သူက နှစ်ပိုင်းခွဲ၍ဖော်ပြသည်။ ပထမတခုမှာ သပိတ်မှောက်အောင် စည်းရုံးရေးလုပ်သည့် လူထုအုံကြွရေး လှုံ့ဆော်မှု (Propaganda of Agitation)ဖြစ်သည်။ အခြားတခုမှာ လူထုပေါင်းစည်းရေး လှုံ့ဆော်မှု (Propaganda of Integration) ဖြစ်သည်။ အဓိပ္ပာယ်မှာ လှုပ်ရှားမှုအောင်ပွဲကြောင့် အသစ်တက်လာသောအစိုးရအား လူထုကလက်ခံနိုင်ရန် လူနေမှုအသိုင်းအဝိုင်း တခုလုံးတွင် တူညီစွာလက်ခံကျင့်သုံးနိုင်သည့် စရိုက်သဘာဝကို တဖြည်းဖြည်း ပုံဖော်ပေးခြင်းဖြစ်သည်။ ထိုသဘော တရားများ ပြည့်ဝလာလျှင် နောင်ဖြစ်လာသောအပြောင်းအလဲမှန်သမျှကို လူထုက အကျိုးအမြတ် ထုတ်နိုင်ကြောင်း လည်း လှုံ့ဆော်ပေးသည်။

ဂျက်အယ်လူး၏ စူးရှထက်မြက်သော သိမြင်နိုင်စွမ်းကို ကောက်နုတ်ရလျှင် လှုပ်ရှားသူတို့အတွက် လိုက်နာရန်စည်းကမ်းများ ရှိရမည်ဖြစ်ပြီး မဖြစ်မနေလိုက်နာရန်လည်း လိုအပ်သည်ဟု ဆိုရပါမည်။ အထွေထွေ သပိတ်ထက်စာလျှင် မတရားသော အမိန့်အာဏာများကို ဆန့်ကျင်ရေးက ပိုသင့်လျော်ပေလိမ့်မည်။ ထို့ပြင် အစိုးရထံ အမိန့်မနာခံပဲ ဒီမိုကရေစီလှုပ်ရှားမှု၏စည်းကမ်းကို လိုက်နာရန် ပြည်သူလူထုအား အလေးအနက် ထပ်တလဲလဲ သတိပေး လှုံ့ဆော်နေသင့်သည်။

မည်သည့်အစိုးရတက်တက် ပြည်သူက ကြည်ဖြူနိုင်ဖို့ဆိုသည်မှာ နိုင်ငံရေး အဆောက်အအုံ သည် တခုမဟုတ် အခြားတခုသို့ ပြောင်းလဲနိုင်ရမည်။ သို့မဟုတ် နှစ်လမ်းသွား(Parallel) နိုင်ငံရေး အဆောက် အအုံ ရှိရမည်။ အစိုးရတရပ်ကို ရှိရှိသမျှ အဖွဲ့အစည်းအားလုံးက တချိန်တည်းတွင် ကြည်ဖြူနိုင်ဖို့ ဆိုသည်မှာ ဖြစ်နိုင်စရာရှိပါလိမ့်မည်။

မုန်းတီးခြင်းနှင့် အာဃာတသည် အပြင်းထန်ဆုံး ခံစားချက်နှစ်ခုဖြစ်သည်။ ဆွပေးရန်လည်း အလွယ်ဆုံး ဖြစ်သည်။ လူအချို့သည် အဆိုပါခံစားချက်နှစ်ခုကို ထိန်းချုပ်ထားရန်မလွယ်ကူကြပါ။ သက်ဆိုင်ခဲ့သော လူအချို့အား လက်တုန့်ပြန်ရန် မုန်းတီးစိတ်နှင့် အာဃာတကို ဆွပေးလိုက်သဖြင့် ရရှိသောအကျိုးမှာ တခဏတာ မျှသာ ဖြစ်သည်။ တဘက်နှင့်တဘက် အမုန်း၊ အာဃာတစစ်ပွဲ မပြီးဆုံးသရွေ့ ဒီမိုကရေစီ လူနေမှုအသိုင်းအဝိုင်းအား တည်ငြိမ်နေအောင် ရေရှည် ဆက်လက်ထိန်းသိမ်းနိုင်ရန် ခက်ခဲသည်။ ထိုသို့သောခံစားချက်များကို လုံးလုံးပြန်မဆွ ပေးလေ ဒီမိုကရေစီ လှုပ်ရှားမှုများအတွက် ပိုကောင်းလေဖြစ်သည်။

သို့သော် ခံရသူ၏ရင်ထဲတွင်ရှိသော အာဏာရှင်အား မုန်းတီးစိတ်နှင့် အာဃာတကို လုံးဝ ထိန်းချုပ်ထားရန် ဆိုသည်မှာလည်း အမြဲတမ်း မဖြစ်နိုင်ပါ။ ထိုအခါ အာဏာရှင်စနစ်ကို အမြတ်ထုတ်သူတို့အပေါ် အမုန်းပွားမည့်အစား အာဏာရှင်စနစ်ကိုသာ အပြစ်ဖို့ရန် လမ်းညွှန်ပေးသင့်သည်။ သို့မဟုတ် အမြင့်ဆုံး၊ တာဝန် အရှိဆုံး အာဏာရှင် တဦးတဖွဲ့အား "ရန်သူ"ဟု သတ်မှတ်ပြီး သေဒဏ်၊ ပြည်နှင်ဒဏ်၊ ထောင်ဒဏ် အစရှိ သည်တို့ဖြင့် မိမိတို့ ခံစားချက်များကို ဖြေဖျောက်ပစ်ရန် ဖြစ်နိုင်ပေလိမ့်မည်။

## အနှစ်ချုပ်

- နိုင်ငံရေးအာဏာ ရရှိရေးအတွက် အာဏာပိုင်အဖွဲ့အစည်းနှင့် ဒီမိုကရေစီအင်အားစုများက အပြိုင်အဆိုင် ကြိုးပမ်းကြသည်။ နှစ်ဘက်စလုံးက လူထု၏ ခံယူချက်နှင့် အပြုအမူများကို မိမိတို့လိုချင်သည့်အတိုင်း ဖြစ်လာအောင် ဝါဒဖြန့်လှုံ့ဆော်ကြသည်။
- ဝါဒဖြန့်လှုံ့ဆော်ခြင်းကို ကောင်းသည်၊ မကောင်းပါ ဟုအတတ်မဆိုနိုင်။ ဝါဒဖြန့်လှုံ့ဆော်ပုံ အပေါ်မူတည်၍ အကောင်းအဆိုး ရှိသည်။ ထို့ပြင် အမှားအမှန်ကို ဆုံးဖြတ်ပေးနိုင်သော၊ ဆုံးဖြတ်ပေးသင့်သော ရည်မှန်းချက် များ ပါရှိလျှင် ကောင်းသည်ဟု သတ်မှတ်နိုင်သည်။

---------- ooo----------

# အခန်း (၉)
# ဗျူဟာရေးဆွဲရေး စဉ်းစားနိုင်ရန် ထက်သန်သောအမြင်များ

ရည်မှန်းချက်ကြီးသလောက် အလုပ်ကြီး အကိုင်ကြီးများကို လုပ်ရဲရမည်။

– ကားလ် ဗွန် ကလောက်စ်ဝစ်ဇ်

စစ်ရေးတည်ဆောက်မှုတွင် ကိုယ်တိုင်က ကျယ်ကျယ်ပြန့်ပြန့် အဆင့်မြင့်လေ့ကျင့်ပြီးနောက် အခြားလူသစ်များကို ပြန်လည်သင်ကြားပေးရသည်။ မဟာဗျူဟာ ရေးဆွဲရန်အတွက် စဉ်းစားသောအခါ အဆိုပါ စစ်ရေးတည်ဆောက်မှုကို နမူနာယူလျှင် ထိရောက်သည်။ သို့သော် စစ်ရေးပုံစံကို အရပ်ဖက် သင်ကြားလေ့ကျင့်မှုတွင် အသုံးချ၍ မဖြစ်နိုင်ပါ။ ထို့ပြင် အကြမ်းမဖက်လှုပ်ရှားသူတို့အနေဖြင့် မဟာဗျူဟာ ရေးဆွဲရေးအတွက် ထက်ထက်မြက်မြက် စဉ်းစားလာနိုင်အောင် နှစ်နှင့်ချီ၍အချိန်မပေးနိုင်၊ သို့မဟုတ် အခြေအနေရှိမည်မဟုတ်ပါ။

အခန်း(၉)၏ရည်ရွယ်ချက်မှာ ဗျူဟာရေးဆွဲရန် စဉ်းစားနိုင်သူအချို့၏ အတွေးအခေါ် ထက်သန်မှုများကို စာဖတ်သူတို့နှင့် အထိအတွေ့များလာစေရန်ဖြစ်ပြီး နမူနာအနည်းငယ်ကို မိတ်ဆက်ပေးလိုက်ပါသည်။ မာခီယာ ဗယ်လီ(Niccolo di dei Machiavelli)၊ ကလောက်စ်ဝစ်ဇ်၊ ဂန္ဒီ၊ လစ်ဒဲလ်ဟတ်(Sir Basil Liddell Hart)တို့ကို ရွေးချယ်ဖော်ပြမည် ဖြစ်သော်လည်း အခြားသူတို့၏ စဉ်းစားတွေးခေါ်ပုံများကိုလည်း ဖတ်ရှုလေ့လာနိုင်ပါက ပို၍အထောက်အကူပြုပေလိမ့်မည်။




## မာခီယာဗယ်လီ

> အကယ်၍ အီတလီနိုင်ငံတွင် ဖြစ်ပျက်နေခဲ့သော လှုပ်ရှားမှု၊ အုံကြွမှုအမျိုးမျိုးတို့ကို မည်သည့်အခါမျှ စစ်ရေးစွမ်းရည်ဖြင့် မတားဆီးနိုင်တော့ပါ ဟုဆိုလျှင် လူထု လှုပ်ရှားမှုများအပေါ် စစ်တပ်က ကျင့်သုံးနေသည့် နည်းလမ်းများ အလုပ်မဖြစ်တော့သည့်ပြင် နည်းလမ်းသစ်များ မတွေ့နိုင်သေးဟုသာ အမှန်အတိုင်း အကြောင်းပြရပါမည်။ အာဏာရလာသော လူသစ်တယောက်အနေဖြင့် ဂုဏ်သိက္ခာ ပိုရှိအောင် လုပ်ရန်မှာ စည်းမျဉ်းသစ်များ၊ နည်းလမ်းသစ်များ ရှာဖွေရန်မှလွဲ၍ အခြားမရှိတော့ပါ။

မာခီယာဗယ်လီ (The Prince)စာအုပ်မှ
(၁၅၁၃ခုနှစ်တွင်ရေးပြီး ၁၅၁၅ခုနှစ်တွင် ဖြန့်ချိသည်။)

အီတလီနိုင်ငံသား နိုင်ငံရေးတွေးခေါ်ပညာရှင်၊ ဂီတပညာရှင်၊ ကဗျာဆရာနှင့် ဇာတ်ညွှန်းရေးသူ မာခီယာဗယ်လီ(၁၄၆၉–၁၅၂၇) ကြီးပြင်းလာချိန်သည် ဥရောပတိုက်တွင် စီးပွားရေးနှင့် လူမှုရေးများ အကြီးအကျယ် ပြောင်းလဲတိုးတက်သွားချိန်ဖြစ်သည်။ ထိုအချိန်တွင် ကုန်ပစ္စည်းချင်း ဖလှယ်သည့်အဆင့်မှ ငွေအသပြာကို စတင်အသုံးပြုသည့် စီးပွားရေးသို့ ပြောင်းလဲသွားပြီး ဗဟိုမှ အာဏာချုပ်ကိုင်မှု မြင့်မားလာသည်။ အုပ်စိုးသူဘုရင်၊ ဘုရင်မတို့သည် ကုန်သည်များနှင့် မဟာမိတ်ပြုကာ အကြီးအကျယ် ကြွယ်ဝချမ်းသာလာကြပြီး ထိုစနစ်ဥစ္စာများဖြင့် ခါးပိုက်ဆောင် ကြေးစားစစ်သည်များကိုဖွဲ့စည်းပြီး အကာအကွယ်ယူခဲ့ကြသည်။ ဤသို့ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်စရာမလိုသည့်အချိန်များတွင် စစ်သားစုဆောင်းပေးရသော မြေပိုင်ရှင်များအပေါ် အုပ်စိုးသူတို့က အရင်လောက်

အားကိုးစရာမလိုတော့ပဲ ဖြစ်လာသည်။ ဥစ္စာနေများဖြင့် ခေတ်မီလက်နက်များ ဝယ်ယူနိုင်ခဲ့ကြပြီး သူတို့လောက် မချမ်းသာသော အခြားအုပ်စိုးသူများကိုလည်း လွှမ်းမိုးနိုင်ခဲ့ကြသည်။

အာဏာရရှိရေးအတွက် လုပ်ရှားမှုများဖြစ်ပေါ်လာပြီး အဆိုပါအပြောင်းအလဲများတွင် ကြေးစား စစ်သည်များကို သုံးစွဲခြင်းနှင့်ပတ်သက်၍ ပြဿနာ အကြီးအကျယ်တက်နေသည်ကို မာခီယာဗယ်လီက သတိပြု မိသည်။ ထိုအချိန်လောက်တွင် အုပ်စိုးသူတို့၌ ကိုယ်ပိုင် ကြေးစားစစ်သည်များ ရှိနေပြီဖြစ်၍ မြင်းစီးသူရဲကောင်းများ၊ မြေယာပိုင်သူများကို အားကိုးစရာ မလိုတော့သည်မှာ အမှန်ပင်။ ကြေးစားစစ်သည်တို့သည် အုပ်စိုးသူအား ဆန့်ကျင်လာသူတို့ကို ဖိနှိပ်ရန် နောက်ထပ်အသုံးချခံ ဖြစ်လာခဲ့သည်။ သူတို့သည် တဘက်မှလည်း လယ်ယာ လုပ်ငန်းများ လုပ်ကိုင်ရင်းဖြင့်ပင် အုပ်စိုးသူအတွက် ရေရှည်လုပ်ငန်းများလုပ်ရန် တာဝန်ယူရသည်။ သို့သော် ကောင်းကျိုးနှင့်ဆိုးကျိုး ဒွန်တွဲနေသည်ကို မာခီယာဗယ်လီက သတိပြုမိခဲ့သည်။

ဆိုးကျိုးအဖြစ် ထွက်ပေါ်လာသည်မှာ ကြေးစားစစ်သည်များသည် အသပြာ အတွက်သာ အလုပ် လုပ်ခြင်းဖြစ်ပြီး ဘုရားသခင်အတွက်၊ ဘုရင်အတွက်၊ နိုင်ငံအတွက်ဆိုသော စိတ်ဓါတ်မျိုး မရှိပေ။ အများအားဖြင့် သစ္စာစောင့်သိသူများ၊ သတ္တိရှိရှိ တိုက်ခိုက်သူများဖြစ်သည်ဟု သေချာပေါက် မပြောနိုင်။ သူတို့အား အတင်းအကြပ် စေခိုင်း၍လည်းမရပေ။

ထိုအချိန်တွင် ခေတ်မီလက်နက်များကို တန်ပြန်နိုင်သည့် အဖွဲ့အစည်းသစ်များ၊ နည်းဗျူဟာများ ပေါ်ပေါက်လာနေသည်ကို မာခီယာဗယ်လီက သတိပြုမိသည်။ ထို့ပြင် ကျေးလက်ဒေသမှ စုဆောင်းလာခဲ့သော နိုင်ငံသားစစ်သည်တို့က ခါးပိုက်ဆောင် ကြေးစားစစ်သည်များထက် အုပ်စိုးသူအပေါ် ပို၍သစ္စာရှိ၊ ပို၍သတ္တိရှိနေ သည်ကိုလည်း သိခဲ့ရသည်။ တဖန် ငွေကြေး အကုန်အကျခံကာ တိုက်ခိုက်ခြင်းဖြင့် စစ်ပွဲများကို မြန်မြန်ထက်ထက် ပြီးဆုံးစေနိုင်သဖြင့် စစ်ကြောင့် ဆင်းရဲတွင်းမနက်နိုင်သည့်ပြင် ပြည်သူတို့ အလွန်အမင်း မနှစ်မြို့စရာလည်း မဖြစ်စေ နိုင်ကြောင်း မာခီယာဗယ်လီ တွေ့ရှိခဲ့သည်။

ရက်စက်သော အာဏာရှင်အစိုးရများသည် သူတို့အားဂလဲ့စားပြန်မချေနိုင်အောင် ရန်သူများကို သတ်ပစ်ရန်လိုသည် ဆိုသောအချက်နှင့်ပတ်သက်၍ မာခီယာဗယ်လီက သူ၏ (The Prince)စာအုပ်တွင် ကြိမ်ဖန် များစွာ အကြံပေးကိုးကားထားသည်။ သို့သော် သူ၏ အခြား ကောက်နုတ်ချက်များတွင် ထိုခေတ်လူသားတို့သည် ပိုမိုလွတ်လပ်သော လူ့အသိုင်းအဝိုင်းများကို ထောက်ခံအားပေးလာနေသည် ဆိုသောအချက်ကို ဖော်ပြထားရာ ခေတ်သစ်ကာလများနှင့် သက်ဆိုင်နေကြောင်းတွေ့ရသည်။

ဥပမာ ဘုရင်စနစ်မရှိပဲ ပြည်သူက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များနှင့် သမ္မတ တို့က အုပ်ချုပ်သော အစိုးရစနစ် (Republican form of government)သည် အကောင်းဆုံးဖြစ်သည်ဟု မာခီယာဗယ်လီက ယုံကြည်သည်။ အစိုးရအနေဖြင့် စိတ်ချစွာ ရေရှည်ရပ်တည်နိုင်ရန် နိုင်ငံသားစစ်တပ်အပြင် ရရှိ ထားသော နိုင်ငံရေးအာဏာတွင် လုပ်ငန်းစစ်ဆေးရေး (Checks and balances) လုပ်ပိုင်ခွင့် ရှိနေရမည်၊ အဆိုပါ လုပ်ပိုင်ခွင့်အာဏာသည် အခြားအာဏာများနှင့် မရောထွေးပဲ သီးခြားရပ်တည်နိုင်ရမည် ဟုလည်း ကျိုးကြောင်း ဆီလျော်စွာ သူက ကောက်ချက်ချထားသည်။

ထိုခေတ်ကာလ၏နိုင်ငံရေးသည် လူမှုရေး၊ စီးပွားရေးအခြေအနေများနှင့် ဆက်စပ်နေသည်ကို မာခီယာဗယ်လီက တွေ့ရှိခဲ့သည်။ ထို့ပြင် အလယ်ခေတ်ကာလများ(Feudal Era)၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အစရှိသော အဆောက်အအုံများကိုဖျက်ဆီးခဲ့သော အဖျက်စွမ်းအားများကို သင့်တော်သလို ပြောင်းလဲသင့်သည်ဟု သူကထောက်ပြသည်။ အဆိုပါအချက်များသည် အလွန်အရေးကြီးမှန်း သူသိသွားခဲ့ပြီး အခြားသူများကို တိတိကျကျ အသိပေးခဲ့သည်။

မာခီယာဗယ်လီသည် နိုင်ငံရေးကို ပုံသေမတွက်၊ လက်ရှိအခြေအနေကို သင့်တော်သလို သုံးသပ်သူ ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့် သူ၏ကိုးကားချက်ကိုကြည့်လျှင် စူးရှထက်မြက်သော နိုင်ငံရေး အမြင်ကို သိနိုင်သည်။ သို့သော် သူ့အမြင်များမှာ မကြာခဏ လစ်လျူရှုခံရသည်။

ပထမကမ္ဘာစစ်ကြီးတွင် တိုက်ပွဲဝင်ခဲ့ကြသော တပ်မှူးကြီးများသည် စက်သေနတ်များ၊ အတိအကျ ထိမှန်နိုင်သည့် အမြောက်ကြီးများကို မတည်ဆောက်နိုင်သေးမီက ရှိနေနှင့်သော စစ်ရေးမဟာဗျူဟာနှင့် နည်းဗျူဟာ များကိုသာ သုံးခဲ့ကြသည့်သဘောရှိသည်။ ကမ္ဘာစစ်တွင် နည်းနည်းရပြီး များများဆုံးရှုံးရခြင်းကို တဦးတယောက်က အခြားမည်သို့ ရှင်းပြပေးနိုင်ပါသနည်း။ လက်ရှိအလုပ်က အလုပ်မဖြစ်တော့လျှင် ဆက်လုပ်နေလည်း အောင်မြင်မှု မရနိုင်ကြောင်း ကိုးကားချက်က ထောက်ပြ နေပြီဖြစ်သည်။

မာခီယာဗယ်လီ၏ ၁၅ ရာစုနှစ်အလယ်ပိုင်း ခေတ်ကာလတွင် အမြောက်လက်နက်များ ခေတ်မီ ဆန်းသစ်လာပြီး စစ်ပွဲပုံစံ ပြောင်းသွားသကဲ့သို့ ယခုခေတ်တွင်လည်း အကြမ်းမဖက်လှုပ်ရှားမှုများကို ပုံစံသစ်ဖြင့် ပြောင်းလဲဆင်နွှဲပေးနိုင်စွမ်းရှိသည့် အတတ်ပညာများ ပေါ်ထွက်လာသည်။ ကွန်ပြူတာ၊ အင်တာနက်၊ မိုဘိုင်းဖုန်း၊ ကောင်းကင်ဂြိုဟ်တုဖုန်း၊ စကားဝှက်ဖြင့် အသွင်ပြောင်းပြီး ပေးပို့လက်ခံသည့် ပရိုဂရမ်များ(Encryption programs)၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှာ အကြမ်းမဖက်လှုပ်ရှားမှု၏ အရေးပါသော လက်နက်များ ဖြစ်လာသည်။

မဟာဗျူဟာဖြင့် အကြမ်းမဖက်လှုပ်ရှားမှုကို လှုပ်ရှားရန်ပြင်ဆင်ရာတွင် နိုင်ငံရေးသည် လူမှုရေး၊ စီးပွားရေး စွမ်းအားစုများနှင့် ဆက်စပ်နေသည်ကို နားလည်ထားရပါမည်။ ယနေ့ခေတ်တွင် အဆိုပါ စွမ်းအားစု များသည် ပြည်တွင်း၌သာမက ပြည်ပမှလည်း ရနိုင်သည်ကိုသိရပါမည်။ အကြောင်းမှာ ကမ္ဘာ့နိုင်ငံများ ကူးလူးဆက်ဆံခြင်း ဂလိုဘာလိုက်ဇေးရှင်း (Globalization) ကြောင့်ဖြစ်သည်။

ဂလိုဘာလိုက်ဇေးရှင်းဆိုသည်မှာ International Monetary Fund ၏ အဓိပ္ပာယ် သတ်မှတ်ချက် အရဆိုလျှင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများစွာတို့ အလုံးအရင်းဖြင့် နယ်စပ်များကိုဖြတ်ကျော်၍ အပြန် အလှန် ဖလှယ်ကြခြင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်ခြင်း၊ အတတ်ပညာများ ပိုမိုလျင်မြန်စွာ ပြန့်ပွားခြင်း တို့ကြောင့် ကမ္ဘာတလွှားရှိနိုင်ငံများတွင် စီးပွားရေးလွတ်လပ်ခွင့် ပိုမိုကြီးမားလာနေခြင်းကို ခေါ်သည်။ အဓိပ္ပာယ် သတ်မှတ်သူ၏ အဆင့်နှင့်အတွေ့အကြုံ ပေါ်မူတည်၍ ကွဲပြားခြားနားမှုများ ရှိကြသည်။ ယေဘူယျအားဖြင့် ဂလိုဘာလိုက်ဇေးရှင်းတွင် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် အတတ်ပညာပိုင်းဆိုင်ရာများ တခုနှင့်တခု နီးနီး ကပ်ကပ် ဆက်နွယ်မှုရှိနေကြသည်။ မာခီယာဗယ်လီ တွေးဆနိုင်သည်ထက်များစွာပို၍ ဂလိုဘာလိုက်ဇေးရှင်း က အကြမ်းမဖက် လှုပ်ရှားနိုင်သည့် အခွင့်အလမ်းကောင်းများကို ပေးနေပြီဖြစ်သည်။

မဟာဗျူဟာဖြင့် အကြမ်းမဖက်လှုပ်ရှားမှုမှာ လူတို့က မိမိတို့လွတ်မြောက်ရေး အတွက် ဆင်နွှဲသော ပဋိပက္ခတခု ဖြစ်သည်။ လူတို့ ဆိုသည်မှာ မာခီယာဗယ်လီ ထောက်ခံပြောဆိုခဲ့သည့်အတိုင်းဆိုလျှင် စစ်ပွဲဆင်နွှဲသော နိုင်ငံသားစစ်သည်များ (တော်လှန်ရေးလုပ်သူများ) ဖြစ်ပြီး ယခုခေတ်စကားနှင့်ဆိုလျှင် အဖိနှိပ်ခံ ဘဝမှ လွတ်မြောက်လိုသော ပြည်သူတို့ကို ဆိုလိုသည်။ ပြည်သူတို့က မိမိတို့လိုအပ်သော ဒီမိုကရေစီအတွက် ရုန်းကန်လှုပ်ရှားမှုတွင် မပါဝင်ပဲနေပါက လွတ်လပ်မှုကို ထိပါးလာသူတို့အား တားဆီးထိန်းသိမ်းနိုင်မည် မဟုတ်ပေ။ အကြမ်းမဖက်လှုပ်ရှားမှုမှာ ပြည်သူတို့ ကိုယ်တိုင်က ပါဝင်ဆင်နွှဲသော ဒီမိုကရေစီရရှိရေး လုပ်ငန်းစဉ် ဖြစ်သည်။ လူထုလူတန်းစားအဆင့်တွင် လှုပ်ရှားရင်းဖြင့် အရေးပါသော ခေါင်းဆောင်ပိုင်း၏တာဝန်များကို တဆင့်ပြီးတဆင့် ယူ ကြရသည်။ အခြားသော အလားတူဒီမိုကရေစီအဖွဲ့များအကြား ပူးပေါင်းညှိနှိုင်း ကြိုးပမ်းကြရသည်။ ရည်မှန်းချက် များကို ဖော်ထုတ်ပြီး လှုပ်ရှားကြရသည်။

မာခီယာဗယ်လီက စစ်ပွဲများကို မြန်မြန်ထက်ထက်ပြီးဆုံးစေရသည် ဟုဆိုသည်။ ဤအချက်သည် အကြမ်းမဖက် လှုပ်ရှားမှုတွင် အမြဲတမ်းတော့ဖြစ်နိုင်မည် မဟုတ်သော်လည်း အရေးပါသဖြင့် သေချာပေါက် အာရုံ စိုက်ရပါမည်။ လှုပ်ရှားမှုတခုကို ဆုံးဖြတ်ချက်အတိုင်း မြန်မြန်ဆန်ဆန်ပြီးရန် လှုပ်ရှားမှုအရှိန်အဟုန်က အရေးကြီး သည်။ သို့ဖြစ်ရာ မဟာဗျူဟာရေးဆွဲသူတို့ စိတ်ထဲစွဲနေရမည့်အချက် နှစ်ချက်ရှိသည်။ ပထမအချက်မှာ လူထုသည် အကန့်အသတ်ဖြင့်သာ လှုပ်ရှားနိုင်သဖြင့် မဟာဗျူဟာအတိုင်း သင့်လျော်သော အချိန်ကာလတခုအတွင်း လူထုကို စည်းရုံးနိုင်ရပါမည်။ နောက်တချက်မှာ ပြိုင်ဖက်ကို အားနည်းအောင်တိုက်ခိုက်ပြီး အောင်ပွဲဆင်နိုင်ရပါမည်။

သီအိုရီအရ အကြမ်းမဖက်လှုပ်ရှားမှုကို အမှတ်မထင် အကောင်အထည်ဖော်လိုက်ခြင်းဖြင့် ပြိုင်ဖက်၏ ထောက်တိုင်များ လျှင်မြန်စွာပျက်စီးသွားပြီး အစိုးရ ပြုတ်ကျသွားရမည်သာ ဖြစ်သည်။ သို့သော် အကြမ်းမဖက် လှုပ်ရှားမှုတွင် အဖွဲ့များ ပေါင်းစပ်စုစည်း လုပ်ကိုင်ကြသည့်အခါ အစပိုင်းအချိန်များ၌ သီအိုရီအတိုင်း ဖြစ်လာနိုင်ရန် လွယ်ကူမည်တော့မဟုတ်ပါ။ ထိုနည်းတူ ရနိုင်သမျှ စွမ်းအားအရင်းအမြစ်များကို အသုံးချ၍ လှုပ်ရှားမှုနှင့် အံဝင်ဂွင်ကျ ကျွမ်းကျင်စွာ၊ စည်းကမ်းရှိစွာ လှုပ်ရှားနိုင်ရန်မှာလည်း သီအိုရီအတိုင်း ဖြစ်ခဲလှသည်။

# ကလောက်စ်ဝစ်ဇ်

ကားလ်ဗွန်ကလောက်စ်ဝစ်ဇ်ကို ၁၇၈၀ခုနှစ်တွင် မွေးဖွားသည်။ ဖခင်ဖြစ်သူမှာ ပရပ်ရှား စစ်တပ်မှ အရာရှိ ဖြစ်သည်။ စစ်မှုထမ်းဆောင်စဉ် ရှေ့ပိုင်းနှစ်များ၌ သူငယ်ချင်းလည်းဖြစ်၊ ဩဝါဒပေးသူလည်းဖြစ်သော ဗိုလ်ချုပ် ဂျာဟဒ် ဗွန် ရှနော့စ်တ် (Gerhard von Scharnost)ကို တွေ့ခဲ့သည်။ ရှနော့စ်ထ်က ကလောက်စ်ဝစ်ဇ်၏ အရည်အချင်းများကို သိသဖြင့် စစ်၏သီအိုရီနှင့် လက်တွေ့ကျင့်သုံးပုံတွင် ဆရာတဆူဖြစ်လာစေရန် လမ်းကြောင်းချ ပေးသည်။ ကလောက်စ်ဝစ်ဇ်သည် ၁၈၁၈ ခုနှစ်တွင် ဗိုလ်မှူးချုပ်ရာထူးရရှိပြီးနောက် ပရပ်ရှားစစ်ကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်သည်မှာ ၁၈၃၁ခုနှစ်တွင် ဝမ်းရောဂါဖြင့် မသေဆုံးမီထိ ဖြစ်သည်။ ထိုကာလ အတွင်း "စစ်နှင့် ပတ်သက်၍" ဆိုသည့်စာအုပ်ကိုရေးခဲ့သည်။

ထိုစာအုပ်ကို စစ်ပွဲလမ်းညွှန်အဖြစ်အသုံးပြုရန် ရည်ရွယ်ထားခဲ့ခြင်းမဟုတ်ပါ။ စစ်နှင့် ပတ်သက်၍ ဒဿနရှုထောင့်မှ သုံးသပ်ခြင်းသာဖြစ်သည်။ စစ်ပွဲများတိုက်ခိုက်သည့်ပုံသဏ္ဍာန်သည် ပြင်သစ်တော်လှန်ရေး အတွင်းမှာပင် ပြောင်းလဲသွားကြောင်းနှင့် တဖန် ထိုတော်လှန်ရေးကို ဆက်ခံသူ နပိုလီယန်တို့ကြောင့် အကြီး အကျယ် ပြောင်းလဲခဲ့ရကြောင်း ကလောက်စ်ဝစ်ဇ်က သိထားသည်။ စနစ်တကျ စစ်ချီတက်ရာမှ အစပြု၍ အဆုံးအဖြတ်ပေးသော အောင်ပွဲများရရန်အထိ နှစ်ဘက်စစ်တပ်များဖြင့် တစုတဝေး ယှဉ်ပြိုင်တိုက်ခိုက်ရင်း စစ်ဖြစ် လာရခြင်းပင်။ နှစ်ဘက်စလုံးတွင်လည်း အဆုံးအရှုံး ကြီးမားရသည် (စစ်ဆိုသည်မှာ အဆုံးစွန်သော အကန့်အသတ် ထိရောက်အောင် တဘက်နှင့်တဘက် ကြမ်းတမ်းစွာ တွန်းပို့ခြင်း ဖြစ်သည်။)

စစ်ပွဲတခုကို မည်သို့ဆင်နွှဲရမည် ဆိုခြင်းထက် စစ်နှင့်ပတ်သက်၍ မည်သို့စဉ်းစားရမည် ဆိုသည့် သူ၏ စစ်ရေးအမြင်ကို ကလောက်စ်ဝစ်ဇ်က ထုတ်ဖော် ရေးသားခဲ့သည်။ သူ့အမြင်သည် ထိုးဖောက်မြင်နိုင်စွမ်း ကောင်းလှသည်။ သံတမန်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးလမ်းညွှန်ချက်များပါသော ထိပ်တန်းမဟာဗျူဟာ (Grand strategy) သည် နောက်ဆုံးတွင် နိုင်ငံရေး ဦးဆောင်သူတို့၏ တာဝန်ဖြစ်လာရသည်ကို သူက သတိပြုမိခဲ့သည်။

ယနေ့ခေတ် စစ်ရေးမဟာဗျူဟာ တည်ဆောက်ရာတွင် စစ်ဦးစီးမှူးများက မကြာခဏ ဆိုသလိုပင် နိုင်ငံရေး ရည်မှန်းချက်များနှင့် ဦးစားပေးရမည့်ကိစ္စများကို မထိခိုက်စေရအောင် ဆောင်ရွက်ရသည်။ အရင်းအမြစ် စွမ်းအားများကို ခွဲဝေရခြင်း၊ စစ်ဆင်ရေးနေရာများ သတ်မှတ်ရခြင်း၊ တိုက်ခိုက်ရေးအတွက် စည်းမျဉ်းများ ထုတ်ပြန်ရခြင်း၊ ရည်မှန်းချက်များကို လုပ်ဆောင်ရန် တာဝန်ပေးရခြင်း အစရှိသည်တို့တွင် သူတို့သည် အကန့်အသတ်များဖြင့်သာ လုပ်ခွင့်ရှိသည်။

သဘာဝအတိုင်းပြောင်းလဲတတ်သည်ကို ကလောက်စ်ဝစ်ဇ်နှင့် မာခီယာဗယ်လီတို့က လက်ခံသည်။ ထို့ပြင် ပြီးဆုံးခဲ့သောစစ်ပွဲများတွင် တိုက်ခိုက်ပုံ ပြောင်းလဲသွားခဲ့သည်ကိုလည်း သူတို့နှစ်ဦးစလုံးက သတိထားမိခဲ့ ကြသည်။ ထိုကဲ့သို့ပင် အကြမ်းမဖက်လှုပ်ရှားမှု မဟာဗျူဟာ ရေးဆွဲသူတို့ကလည်း အကြမ်းမဖက် လှုပ်ရှားသည့် ပုံသဏ္ဍာန်များ အကြီးအကျယ်ပြောင်းလဲနေတတ်သည်ကို နားလည်လက်ခံရပါမည်။ ဗျူဟာမြောက်လှုပ်ရှားမှုကို အရေးပါဆုံးပြောင်းလဲစေခဲ့သည်မှာ သိပ္ပံနှင့် အတတ်ပညာတွင် တိုးတက်နေသောကြောင့် ဖြစ်နိုင်ပါသည်။ ဥပမာ အားဖြင့် သိပ္ပံနှင့်အတတ်ပညာ တိုးတက်မှုများကြောင့် လူနှင့် အရာဝတ္ထုတို့ ပိုမိုလျင်မြန်စွာ ရွေ့လျားလာသည်။ သတင်းပေးပို့ လက်ခံမှုများ ပိုမြန်လာသည်။ အရေးပါဆုံးမှာ စိတ်ကူးစိတ်သန်းများ လျင်မြန်စွာ ပြန့်နှံ့လာခြင်း ဖြစ်သည်။

အစိုးရတို့သည် ဗဟိုဦးစီးစနစ်ကို ပိုမိုကျင့်သုံးသည့်အခါ ထိန်းချုပ်မှု ပိုများတတ်သည်။ ထိုအခါ လူထုသည် အစိုးရ၏ တင်းကြပ်သောဥပဒေများကို လိုက်နာရသည်။ စုံစမ်းထောက်လှမ်းခြင်းခံရသည်။ ပိုမို အားကောင်းသည့် ရဲတပ်ဖွဲ့များဖြင့် ထိန်းချုပ်ခံရသည်။ သို့သော် အစိုးရက ဗဟိုချုပ်ကိုင်မှုကို လျှော့ချလိုက်သည့်အခါ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဆောက်အအုံတို့သာမက နိုင်ငံခြားအစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း အစိုးရအား ထိထိရောက်ရောက် တန်ပြန်ဖိအားပေးလာသည်၊ အချို့အဖွဲ့အစည်းများ ဆိုလျှင် အစိုးရကို ဖိအားပေးရန်သက်သက်သာ ရပ်တည်နေကြပြီး၊ အချို့မှာ အကျိုးစီးပွား ဖြစ်ထွန်းရန်ကိုပင် မမျှော်မှန်းတော့ပဲ အစိုးရကို ဖိအားပေးတတ်ကြသည်။

လက်နက်ကိုင်စစ်ပွဲများကဲ့သို့ပင် အကြမ်းမဖက်လှုပ်ရှားသည့် "စစ်မြေပြင်"သည် အခြားနိုင်ငံများ ပါဝင်လာသည်အထိ ကျယ်ပြန့်သွားနိုင်သည်။ ထိုကဲ့သို့ပင် အစိုးရဘက်တွင်လည်း နိုင်ငံစုံစီပွားရေးလုပ်ငန်းများမှာ ပါဝင်လာနိုင်သည်။ အဆိုပါလုပ်ငန်းများသည် သူတို့၏ဌာနချုပ်နှင့် အဓိက စတော့ရှယ်ယာဝင်များအား အခြား နိုင်ငံတွင်ထားရှိပြီး အာဏာရှင်အစိုးရကို စီးပွားရေးအရ ရပ်တည်နိုင်အောင် အထောက်အကူပေးနေကြသည်။

ထိုစွမ်းအားအရင်းအမြစ်ကို ဒီမိုကရေစီလှုပ်ရှားသူတို့က တိုက်ခိုက်ဖြိုဖျက်နိုင်ပါသည်။ နည်းလမ်း များမှာ စတော့ရှယ်ယာ အစည်းအဝေးများ၊ တရားရုံးများ၊ အယ်ဒီတာ့အာဘော်များ၊ တက္ကသိုလ်ပရဝုဏ်များ၌ သပိတ်တိုက်ပွဲများ၊ လမ်းမပေါ်ဆန္ဒပြမှုများအစရှိသည့် အကြမ်းမဖက်လှုပ်ရှားမှုများကို ဆင်နွှဲခြင်းဖြစ်သည်။ ပြည်ပမှ လည်း မဟာမိတ်များ ရရန်ရှိသည်။ ဒီမိုကရေစီလှုပ်ရှားမှုများအတွက် ကူညီပေးလာနိုင်သောမဟာမိတ်များ၏ နမူနာအချို့ကိုဖော်ပြရလျှင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၊ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ နယ်ခြားစည်းမထား သတင်းထောက်များအဖွဲ့၊ National Endowment for Democracy တို့ဖြစ်သည်။

"စစ်နှင့်ပတ်သက်၍"စာအုပ်သည် စာဖတ်သူအား စစ်ကိုလက်ခံသည့် ဒဿနအမြင်ကိုသာ ပေးခြင်းဖြစ်သည်။ သို့သော် စာရေးသူ ကလောက်စဝစ်ဇ်၏ စစ်နှင့်ပတ်သက်သည့် ထက်မြက်စူးရှသောအမြင်ကို အကြမ်းမဖက်လှုပ်ရှားသူတို့က စိတ်ဝင်စားကြသည်။ သူ၏အမြင်ကို တန်ဖိုးထားကြသည်။ ကလောက်စဝစ်ဇ်၏ စစ်ရေးအမြင်များကို အကြမ်းမဖက်လှုပ်ရှားမှု ရှုထောင့်မှသုံးသပ်ကြည့်နိုင်ရန် အောက်ပါအတိုင်းဖော်ပြပါမည်။

## နိုင်ငံရေးတွင် အကြောင်းတရားတခုခုဖြင့် အကျိုးမျှော်ကိုးသည့် ရည်မှန်းချက်ဖြင့်သာ စစ်တိုက်သည်။ သီးခြား ရည်ရွယ်ချက်ဖြင့် စစ်တိုက်သည်ဟု မယူဆနိုင်။

အစိုးရအား အကြမ်းမဖက်ဆန့်ကျင်ရသည့် ရည်မှန်းချက်များတွင် များသောအားဖြင့် လွတ်လပ်ခွင့်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးလေးစားမှုနှင့် ဥပဒေ လေးစားလိုက်နာရေးတို့ကို ပြည်သူတို့ ရရှိရန် လှုပ်ရှားကြခြင်းများ ပါဝင်သည်။ သို့ဖြစ်ရာ နည်းလမ်းနှင့်ရည်မှန်းချက်တို့မှာ တခုနှင့်တခု သဟဇာတဖြစ်ရုံမက အပြန်အလှန် အားပြုနေကြသည်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဖြစ်သည်။

အကြမ်းဖက်ဝါဒဆိုသည်မှာ လူထုကိုကြောက်လန့်နေအောင် ရည်ရွယ်လုပ်ဆောင်သည် ဖြစ်၍ ဒီမိုကရေစီရရှိရေး ကြိုးပမ်းမှုများနှင့် သဟဇာတမဖြစ်။ ဒီမိုကရေစီရအောင်၊ လူ့ဘောင်လောကကို တန်ဖိုးရှိရှိ ကောင်းလာအောင်လည်း လုပ်မပေးနိုင်ပါ။ ဖိနှိပ်သူအစိုးရသည် အရပ်သား ဆန့်ကျင်ခုခံသူများထက် အမြဲတမ်း အဆမတန် အင်အားသာလွန်သည်။ အတိုက်အခံ အင်အားစုတို့က အစိုးရအား သမားရိုးကျ စစ်ရေးလှုပ်ရှားမှုဖြင့် အကြမ်းဖက် တိုက်ခိုက်သည် ဆိုပါစို့။ ထိုအခါ အရပ်ဖက်–စစ်ဖက် နှစ်ဖက်စလုံး အကြီးအကျယ် ထိခိုက်သေဆုံး ရမည့်အပြင် အရေးပါသည့် စီးပွားရေးများလည်း ဆုံးရှုံးရမည် ဖြစ်သည်။ ဤမျှအရင်းအနှီး ကြီးမားသည့်တိုင်အောင် အရှုံးအနိုင် အဖြေမထွက်၊ ရှေ့မတိုးနောက်မဆုတ်သည့် ရလဒ်သာ ထွက်ပေါ်လာဖို့ရှိသည်။

ပျောက်ကြားစစ် ဆင်နွှဲရန်ဆိုသည်မှာလည်း နှစ်ဦးနှစ်ဖက်တိုက်ခိုက်မှုကြောင့် အမြဲတမ်းနီးပါး လောက် အပြစ်မဲ့ အရပ်သားအများစုကသာ ထိခိုက်သေဆုံးကြရသည်။ အရပ်သားပြည်သူတို့အား ရန်သူဘက်က ပါဝင်သည်ဟု ဖိနှိပ်သူအစိုးရက သဘောပေါက်ယူဆသည်။ ပြည်သူတို့၏ စားစရာနှင့် အခြားထောက်ပံ့ပေးနိုင်သော အရာများကို ဖိနှိပ်သူတို့က သိမ်းဆည်းသည်။ ကောက်ပဲသီးနှံ ရိက္ခာများကို ဖျက်ဆီးသည်။ သူတို့ တင်းကြပ်စွာ ပိတ်ဆို့ထားသည့်နေရာများသို့ အရပ်သားများကို အဓမ္မရွှေ့ပြောင်းသည်။ လူထုအား တရားလက်လွတ် စစ်ဆေး

မေးမြန်းသည်။ ပဋိပက္ခမတိုင်မီကရှိထားပြီးသော တရားဝင်လုပ်ပိုင်ခွင့်နှင့် တရားဥပဒေအကာအကွယ်များအားလုံးကို ဖျက်သိမ်း၍ တနိုင်ငံလုံး အရေးပေါ်အခြေအနေကို ကြေညာသည်။

တဖန် ပျောက်ကြားစစ် ဆင်နွှဲသူတို့ကလည်း အရပ်ဖက်ပြည်သူတို့အား သူတို့၏ အရင်းအမြစ် သဖွယ် သဘောထား၍ အခွန်ကောက်သည်။ စားစရာယူသည်။ လူစုဆောင်းသည်။ သတင်းရယူသည်။ သူတို့၏ ပျောက်ကြားစစ်ကို မထောက်ခံလျှင် နမူနာပေးသည့်အနေဖြင့် အစိုးရ သတင်းပေးဟု သံသယရှိသူများကို စွပ်စွဲ၍ မကြာခဏဆိုသလို ကြမ်းတမ်းစွာ အသက်အန္တရာယ် ထိခိုက်လောက်အောင် ပြုမူဆက်ဆံပြသည်။

အာဏာရှင်အစိုးနှင့် ပျောက်ကြားစစ်ဆင်နွှဲသူတို့ နှစ်ဖက်စလုံးက အရပ်ဖက်ပြည်သူတို့ ခံစားရခြင်း အပေါ် ကိုယ်ချင်းစာနာမှု မရှိကြသည်မှာ အတူတူလောက်ပင်ဖြစ်ပြီး ၎င်းတို့သည် လူထုအပေါ် ရက်ရက်စက်စက် လုယက်ဆိုးသွမ်းနေသော ဖိနှိပ်သူများအဖြစ် ရှုမြင်သုံးသပ်ခံရသည်။

## နည်းဗျူဟာ ဆိုသည်မှာ စစ်မြေပြင်တွင် လက်နက်ကိုင်တပ်များကိုအသုံးချသည့် သီအိုရီ ဖြစ်သည်။ မဟာဗျူဟာ ဆိုသည်မှာ စစ်ဖြစ်ရန်အတွက် တိုက်ပွဲများကိုအသုံးချသည့် သီအိုရီ ဖြစ်သည်။

လုပ်ရှားမှုအရှိန်မြင့်လာသည့်အခါ အထက်ဖော်ပြပါ စစ်ရေးအမြင်ကို သတိမထားမိပဲ ဖြစ်တတ် သည်။ သတ်မှတ်ထားသည့် မဟာဗျူဟာ ရည်မှန်းချက်တွင် မပါသောအချက်များကို ဆုံးဖြတ်၍ လှုပ်ရှားလာ တော့သည်။ အမှန်စင်စစ် စစ်ကို မည်သို့တိုက်ခိုက်ရမည်ဟု ဆုံးဖြတ်ပေးသည်မှာ မဟာဗျူဟာ ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှား ဆန့်ကျင်ရာတွင်လည်း အလားတူအဖြစ်မျိုး ရှိနိုင်သည်။

အကြမ်းမဖက်လှုပ်ရှားမှုအတွက် မဟာဗျူဟာကို ပြီးခဲ့သော အကြမ်းမဖက် လှုပ်ရှားမှုများအပေါ် အခြေခံ၍ ရေးဆွဲရသည်ဆိုသော စိတ်ကူးမှာ မမှန်ပါ။ ထို့ပြင် ဗျူဟာမြောက် စဉ်းစားတွေးခေါ်ပုံကို လစ်လျူရှုပြီး မဟာဗျူဟာကို မည်သို့မျှ ရေးဆွဲ၍ရနိုင်မည် မဟုတ်ပေ။ အကြမ်းမဖက်လှုပ်ရှားမှုများကို အမြဲတစေ စွမ်းအား အပြည့် မလှုပ်ရှားနိုင်။ ရသမျှစွမ်းအားတို့ဖြင့် စွန့်စားလှုပ်ရှားသည့်တိုင်အောင် မဟာဗျူဟာဖြင့် လုပ်ဆောင်မည့် ရည်မှန်းချက်မရှိလျှင် ရနိုင်စရာရှိသည်များကိုပင် မရတော့ပဲ ဖြစ်သွားနိုင်သည်။

## တိုက်ပွဲမရှိလျှင် မဟာဗျူဟာ မရှိ၊ မဟာဗျူဟာ ဖြစ်လာရေး အတွက် တိုက်ပွဲက ကုန်ကြမ်းဖြစ်သည်။

မဟာဗျူဟာအတိုင်း အကောင်အထည်ဖော်မည့် အကြမ်းမဖက် လှုပ်ရှားမှုများ မရှိလျှင် အကောင်းဆုံး မဟာဗျူဟာလည်း မရှိနိုင်တော့ပါ။ မဟာဗျူဟာ၏ ကုန်ကြမ်းမှာ တိုက်ပွဲဖြစ်လျှင် အကြမ်းမဖက် တိုက်ပွဲ၏ ကုန်ကြမ်းမှာ လူထုဖြစ်သည်။ လူထု ဆိုသည်မှာ ကျွမ်းကျင်သောခေါင်းဆောင်များဖြင့် စုစည်းလေ့ကျင့် ထားသော လူထုကို ဆိုလိုသည်။ ရည်မှန်းချက်များနှင့် ရနိုင်သမျှ အရင်းအမြစ်စွမ်းအားများအပေါ်မူတည်၍ အဖွဲ့အစည်းတို့က ပြိုင်ဖက်အစိုးရအား ဆန့်ကျင်နိုင်စွမ်းရှိရပါမည်။ ယိုင်းပင်းကူညီမှုမပေးပဲ နေရပါမည်။ ဝင်ရောက် စွက်ဖက် ဆန့်ကျင်ရပါမည်။ သတ်မှတ်ထားသော ရည်မှန်းချက် မပြည့်ဝသေးလျှင် အောင်မြင်နိုင်ရေးအတွက် လိုအပ်သော အရည်အချင်းများကို တည်ဆောက်ရန် လေ့ကျင့်ဖို့လိုပါမည်။ အာဏာရှင်ဖိနှိပ်မှုကို ပပျောက်အောင် လုပ်ဖို့ဆိုသည်မှာ ဖိနှိပ်သူကို ထိပ်တိုက်ရင်ဆိုင်ပြီး ဆန့်ကျင်လှုပ်ရှားနိုင်ရေးသာ ဖြစ်ရပါမည်။

## စစ် ဆိုသည်မှာ ရန်သူကို မိမိဖြစ်စေချင်သည့်အတိုင်း အညံ့ခံအရှုံးပေးလာအောင် အကြမ်းပတမ်း ဖိအားပေးခြင်း ဖြစ်သည်။

တိုက်ပွဲတခုတွင် ဗုံး၊ အမြောက်၊ တင့်ကားနှင့် ခြေလျင်တပ်ရင်း အစရှိသည်တို့ကို ကောင်းကောင်း အသုံးချတတ်လျှင် ရန်သူ့အပေါ် အောင်ပွဲဆင်နိုင်သည်။ ထိုနည်းတူ အကြမ်းမဖက် နည်းလမ်းများသည်လည်း အတိုက်အခံ ဒီမိုကရေစီလှုပ်ရှားသူများ ဖြစ်စေချင်သည့်အတိုင်း ပြိုင်ဖက်အာဏာရှင်အစိုးရက လိုက်လျောလာ အောင် ဖိအားပေးနိုင်သည်။ မဟာဗျူဟာကို သေချာစွာ ပြင်ဆင်ရေးဆွဲပြီးနောက် အထောက်အကူပြုသော အစီအစဉ်နှင့် လေ့ကျင့်ပြီးသား လူထုလူတန်းစားအဆင့် ခေါင်းဆောင်များ ရှိလာသောအခါ အစွမ်းထက်သည့်

အင်အားစု ဖြစ်လာသည်။ အဆိုပါ အင်အားစုသည် အစိုးရ ဆက်လက်တည်ရှိရေးအတွက် လိုအပ်သော နိုင်ငံရေး အာဏာဇစ်မြစ်များကို ဖယ်ရှားနိုင်သည်။

တခါတရံတွင် အကြမ်းမဖက်လှုပ်ရှားသူအချို့က မိမိတို့၏သီးသန့်ရည်မှန်းချက်အတွက် ပြိုင်ဖက်နှင့် ဆွေးနွေးညှိနှိုင်းရန် နည်းလမ်းတခုခု ရလိုရငြား ရှာဖွေနေတတ်သည်။ ဤသည်မှာ မဟာဗျူဟာ အမှား ဖြစ်သည်။ ဆွေးနွေးညှိနှိုင်းရုံဖြင့် အဆုံးအဖြတ်ပေးသောအောင်ပွဲ ရမလာနိုင်ပါ။ ဆွေးနွေးညှိနှိုင်းခြင်း ကို "ရည်မှန်းချက်"အဖြစ် မမှတ်ယူပဲ ပဋိပက္ခ ဖြေရှင်းရေးအတွက် ဖြစ်နိုင်သော "နည်းလမ်း" တခု အဖြစ်နှင့်သာ ရှုမြင်ထားသင့်သည်။

အကယ်၍ ဆွေးနွေးညှိနှိုင်းခြင်းကို ထောက်ခံရန်အတွက် အကြမ်းမဖက်လှုပ်ရှားမှုကို ရပ်ဆိုင်းပေးဖို့ လူထုအား မေတ္တာရပ်ခံလျှင် အရှိန်အဟုန် ကောင်းနေရာမှ ပြန်ကျသွားတတ်သည်။ များသောအားဖြင့် ဆွေးနွေးညှိနှိုင်းလိုသူတို့မှာ အကြမ်းမဖက်လှုပ်ရှားမှုကို ဆက်မလုပ်ချင်တော့သူများ (သို့) ဆက်မလုပ်နိုင်တော့သူများ ဖြစ်သည်။ ထိုအခါတွင် ပြိုင်ဖက်ဖြစ်သူကို အတိုက်အခံတို့က လိုချင်သည့်အတိုင်း ဖိအားပေးနိုင်တော့မည်မဟုတ်ပါ။

သို့သော် ဆွေးနွေးညှိနှိုင်းရေးကို မဟာဗျူဟာ၏ အလယ်အလတ် ရည်မှန်းချက် (Intermdediate objective) အဖြစ် မဖြစ်မနေ စဉ်းစားရတော့မည်ဆိုလျှင် နှစ်ဦးနှစ်ဖက်သာ ဆွေးနွေးညှိနှိုင်းမည့်အစား တတိယ အုပ်စု (Third party)နှင့်အတူ ကြိုးပမ်းလျှင် သင့်တော်ပါလိမ့်မည်။ ဆွေးနွေးညှိနှိုင်းအဖြေမရှာမီ အကြမ်းမဖက် လှုပ်ရှားမှု ခေါင်းဆောင်များသည် ဆွေးနွေးပွဲတွင် နှစ်ဘက် လိုက်နာရမည့် အခြေအနေများကို ကြိုတင်သဘောတူရေး အတွက် ဖိအားပေးနိုင်ရပါမည်။ သို့မဟုတ်ပါက "ဖွတ်လည်းမရ ဓါးမလည်းဆုံး" ဆိုသကဲ့သို့ ဆွေးနွေးညှိနှိုင်းပွဲ ကလည်း မအောင်မြင်၊ လှုပ်ရှားမှုကို ဆက်လက်ဆင်နွှဲလျှင် ရလာနိုင်မည့် အောင်ပွဲမျိုးကိုလည်း ရေစုန်မျောရသည့် ကိန်း ဆိုက်သွားနိုင်သည်။

အကြမ်းမဖက်လှုပ်ရှားသူများဘက်၌ အင်အားကောင်းလာသလောက် အစိုးရဘက်၌ အားနည်း သွားသည့်အခါမှသာ အစိုးရ ဟူသည် ဆွေးနွေးညှိနှိုင်းပွဲသို့ အလိုလိုရောက်လာတတ်ပြီး နှစ်ဖက်သဘောတူညီနိုင် လောက်အောင် လိုက်လျောပေးပေလိမ့်မည်။

**အပြစ်ဒဏ် ပိုလျှော့ပေးပါဟု ရန်သူ့ထံ သင်ကတောင်းဆိုလေလေ ရမရကို မမျှော်လင့် နိုင်လေ ဖြစ်သည်၊ ထိုနည်းတူ ရန်သူဘက်က အားထုတ်မှုလျှော့သောအခါ သင့်ဘက်ကလည်း အရှိန်လိုက် ကျသွားတတ်ပြီး သင်လိုအပ်တာများကို သိပ်မလုပ်ဖြစ်တော့ပဲ ရှိတတ်သည်။ ထို့ပြင် သင့်ကိုယ်ပိုင် နိုင်ငံရေးရည်မှန်းချက်လည်း နိမ့်ကျသွားနိုင်သည်နှင့်အမျှ ရည်မှန်းချက်ရောက်ရန် သိပ်တန်ဖိုးမထား တော့ပဲ ဖြစ်တတ်သည်။ ထိုအချိန်တွင် သင့်အား ထိုရည်မှန်းချက်ကို စွန့်လွှတ်ခိုင်းလျှင်လည်း သင တို့ဆိုင်းနေမည် မဟုတ်တော့ပါ။**

နိုင်ငံရေးအသွင်ပြောင်းရန် အကြမ်းမဖက်လှုပ်ရှားသည့် အစပိုင်းအဆင့်များတွင် လှုပ်ရှားသူတို့ အနေဖြင့် အစိုးရကို ဖိအားပေးနိုင်သည့် အနေအထားမရှိပဲ အစိုးရ မဆွေးနွေးနိုင်သည့်အချက်များကို တောင်းဆိုမည် ဆိုလျှင် အဆင်အခြင် ကင်းမဲ့ရာရောက်သည်။ မည်သည့်အစိုးရကို တောင်းဆိုသည်ဖြစ်စေ ထိုအစိုးရက လိုက်လျော နိုင်စွမ်းရှိလောက်သည့် တောင်းဆိုချက်ဖြစ်သင့်သည်။ ကြီးကြီးမားမားကို တောင်းဆိုလျှင် မရဖို့များသဖြင့် တောင်းဆိုလျှင် အောင်မြင်ဖို့ ပိုများသည့် ခပ်ပေါ့ပေါ့များကို တောင်းဆိုသည့် မဟာဗျူဟာက ပိုကောင်းသည်။ ထို့ပြင် အစိုးရက အနည်းငယ်မျှလောက်သာ စွန့်စားရုံဖြင့် လိုက်လျောပေးနိုင်သော တောင်းဆိုချက်များ၊ နိုင်ငံရေးနှင့် သိသိသာသာ မပတ်သက်သော တောင်းဆိုချက်များကို သူတို့အတွက် အန္တရာယ်မရှိ (သို့) မဆိုသလောက် အန္တရာယ် အဖြစ်သာ ယူဆမည်ဖြစ်၍ အကြမ်းဖက် ဖြိုခွဲနှိမ်နင်းလာနိုင်စရာ ရှိမည်မဟုတ်ပါ။

အဆိုပါအခြေအနေများအတွက် အခန်း(၄)မှ အလိုက်အထိုက် ပြောင်းလဲရန် လုပ်ငန်းစဉ်က သင့်တော်သည်။ ဆွေးနွေးညှိနှိုင်းပွဲဖြစ်လာလျှင်လည်း ဖော်ပြပါတောင်းဆိုချက် အသီးသီးတို့ကို ဈေးဆစ်ရာ၌ သုံးနိုင်သည်။ အကြောင်းမှာ တဘက်နှင့်တဘက် အပေးအယူ အလျှော့အတင်း ရှိသော်လည်း အကြမ်းမဖက် လှုပ်ရှားမှုကို သိသိသာသာ ထိခိုက်နိုင်ဖွယ်ရာ မရှိသောကြောင့် ဖြစ်သည်။

ထိုးစစ်ဆင်တိုက်ခိုက်ရန်စီစဉ်ရာတွင် အောင်ပွဲရပြီဖြစ်ကြောင်း ကြေညာမည့်အချိန်ကို စဉ်းစားသုံးသပ်ရပါမည်။ အာဏာရှိနေဆဲဖြစ်သော ပြိုင်ဖက်အစိုးရနှင့် မလိုအပ်ပဲ ထိပ်တိုက် မတိုးမိစေဖို့လိုကြောင်း သိထားရန် အရေးကြီးသည်။ လှုပ်ရှားမှုတခုခုတွင် ရည်မှန်းထားသည့်အတိုင်း အောင်ပွဲရရှိသောအခါ နောက်ထပ် ရည်မှန်းချက်များကို အတင်းအကြပ် မတောင်းဆိုမိ ဆုံးရှုံးနစ်နာနိုင်သည်များကို အသေအချာ စဉ်းစားသုံးသပ်ရန် လိုသည်။

အောင်ပွဲသတင်း ကြေညာချိန်ကို မှန်ကန်စွာ ဆုံးဖြတ်နိုင်ရန် အရေးကြီးသည်။ ဤအချက်နှင့် ပတ်သက်၍ စောဒကတက်နိုင်စရာ ဉပမာတခုမှာ ကမ္ဘာကျော် ၁၉၈၉ တီယန်နန်မင်ရင်ပြင် ကျောင်းသားလှုပ်ရှားမှု ဖြစ်သည်။ ကျောင်းသားတို့၏အောင်ပွဲမှာ အဆင့်တခုအထိ ရောက်ရှိပြီး အရေးပါနေပြီ ဖြစ်သည်။ သို့သော် ထိုအောင်ပွဲကို ပိုမိုသေချာအောင်၊ ခိုင်ခန့်သွားအောင် မလုပ်နိုင်ခဲ့ပါ။ အောင်ပွဲရကြောင်း ကြေညာ၍ လူစုမခွဲနိုင်ခဲ့ပါ။ ရက်သတ္တပါတ် အနည်းငယ်ကြာသောအခါ တရုတ်အစိုးရစစ်တပ်မှ တင့်ကားများ၊ ခြေလျင်တပ်သားများဖြင့် ဝင်ရောက်တိုက်ခိုက် ဖြိုခွဲလိုက်သဖြင့် အောင်ပွဲအဆင့်မှ လျှောကျပြီး လှုပ်ရှားမှုတခုလုံး အရှုံးနှင့် ရင်ဆိုင်ရတော့သည်။

# ဂန္ဒီ

ဗျူဟာမြောက် အကြမ်းမဖက်ပဋိပက္ခကို ဆွေးနွေးရာတွင် နှစ်ဆယ်ရာစုအစပိုင်း အိန္ဒိယ လွတ်လပ်ရေး လှုပ်ရှားမှု၌ ဂန္ဒီက ထက်ထက်မြက်မြက် ဦးဆောင်နိုင်ခဲ့ပုံများကို လစ်လျူရှု၍မရနိုင်ပါ။ မဟတ္တမဂန္ဒီအဖြစ် ကမ္ဘာက သိရှိကြသည့် ဂန္ဒီ (Mohandas Karamchand Gandhi (October 2, 1869 - January 30, 1948))သည် အိန္ဒိယတွင် မွေးဖွားပြီး ရှေ့နေအဖြစ် သင်ကြားတတ်မြောက်သည်။ ၁၈၉၃ခုနှစ်တွင် သူသည် တောင်အာဖရိကသို့ သွားရောက်ခဲ့သည်။ ထိုအချိန်က တောင်အာဖရိကတွင် လူမျိုးရေးခွဲခြားမှုများကို ဆန့်ကျင်နေကြရာ ဂန္ဒီလည်း ဝင်ရောက်ဆန့်ကျင်ခဲ့သည်။ ၁၉၁၅ခုနှစ်တွင် အိန္ဒိယသို့ပြန်လာပြီး လွတ်လပ်ရေးအတွက် အမျိုးသားဝါဒီတို့၏ လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ခဲ့သည်။

ဂန္ဒီက ခေါင်းဆောင်တဦး၏ အခြေခံအကျဆုံး ဝိသေသလက္ခဏာများမှတခုကို ပြသခဲ့သည်။ ယင်းမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့်တိုင် မဟာဗျူဟာ ကောင်းကောင်းဖြင့် ဆက်လက်ရင်ဆိုင် တိုက်ပွဲဝင်ရန် ဖြစ်သည်။ အခြေအနေနှင့်အင်အားစုများ ဆက်စပ်ပုံကို သေချာစွာ ပိုင်းခြားစိစစ် သုံးသပ်ထားသည့် မဟာဗျူဟာ ရှိနေချိန်၌ မည်မျှပင် ရှုပ်ထွေးခက်ခဲသောအခြေအနေ ရှိသည်ဖြစ်စေ ခေါင်းဆောင်တဦးအနေဖြင့် လိုအပ်လျှင် နည်းဗျူဟာများကို ပြောင်းလဲမည် ဖြစ်သော်လည်း မဟာဗျူဟာကို ဆက်လက်ကျင့်သုံးရန် ဇဝေဇဝါ မဖြစ်သင့်ကြောင်း ဂန္ဒီကပြသခဲ့သည်။ ဤသည်မှာ ခေါင်းဆောင်ကောင်းတဦး၏ အရည်အချင်းဖြစ်သည်။

သူသည် နိုင်ငံရေးစွမ်းအားအပေါ် စူးရှစွာ ထိုးဖောက်ရှုမြင် သုံးသပ်နိုင်ခဲ့သည်။ "*ပြည်သူက မနာခံလျှင် အုပ်စိုးသူက မအုပ်ချုပ်နိုင်*" (A ruler cannot rule if the people do not obey)ဟူသော အမှန်တရားကို သူတွေ့ရှိခဲ့သည်။ ထိုအမှန်တရားအတိုင်းပင် ရာစုနှစ် တဝက်ကျော်အောင် တစိုက်မတ်မတ် သူ ကျင့်သုံးခဲ့သည်။ မည်သို့ တွေးခေါ်ကျင့်ကြံရမည်ကို ဖော်ထုတ်သည်။ ဂန္ဒီ၏နည်းလမ်းများက ဗြိတိသျှကိုလိုနီအစိုးရ၏ယန္တရားကို ထိခိုက်လာသည်။ အစိုးရသည် အိန္ဒိယအား ကိုလိုနီအဖြစ် ဆက်လက်ထား ရှိလိုစိတ်များ တဖြည်းဖြည်း ကုန်ခမ်းလာတော့သည်။

ပြည်သူလူထု၏ ပူပေါင်းပါဝင်ထောက်ခံမှုမရှိလျှင် အုပ်စိုးသူ၌ အာဏာမရှိနိုင်ကြောင်းကို ဂန္ဒီ တဦးတည်းကသာ ပထမဦးဆုံး ကောက်ချက်ချသည် မဟုတ်ပါ။ ဒေါက်တာဂျင်းရှပ်က သူ၏ "အကြမ်းမဖက လှုပ်ရှားသည့် နိုင်ငံရေး"စာအုပ်တွင် အောက်ပါအတိုင်း ကိုးကားထားသည်။

သက္ကရာဇ် ၁၅၀၀ ဝန်းကျင်ခန့်က ပြင်သစ် ဒဿနပညာရှင် Etienne de la Boetie ဆိုသူက အသက် (၁၈)နှစ်အရွယ်တွင် ဤသို့ ရေးသားထားသည်။ --- "*အကယ်၍ အာဏာရှင်တို့အား ဘာမှမပေးလျှင်၊ သူတို့အမိန့်ကို မနာခံလျှင်၊ တိုက်ခိုက်စရာမလို၊ မြားတစင်းပင် ပစ်စရာမလိုပဲ သူတို့သည် အဝတ်အစားမပါ ဘလာနတ္တိဖြင့် ဘာမှလုပ်စရာမရှိပဲ နေရလိမ့်မည်။ မြေဆီလွှာမရှိသော သစ်မြစ်ကဲ့သို့ ပုပ်သိုးခြောက်သွေ့ပြီး သေဆုံးကြရလိမ့်မည်။*"

၁၉၀၈ခုနှစ်တွင် လီယိုတော်စတွိုင်းက ဗြိတိသျှနယ်ချဲ့စနစ်နှင့် အထိန်းသိမ်းခံဘဝတွင် အလိုအလျောက် လွတ်လပ်ခွင့် ဆုံးရှုံးခြင်းတို့၏ အရေးပါသည့် ခြားနားချက်ကို ထုတ်ဖော်ခဲ့သည်။ အိန္ဒိယ၏ ပြဿနာမှာ ထူးခြားနေသည်ကို သူ၏ "ဟိန္ဒူလူမျိုးတဦးထံသို့ ပေးစာတစောင်"တွင် ဤသို့ ရေးသားထားသည်။ – –– "*လူသန်းနှစ်ရာရှိတဲ့ နိုင်ငံတခုဟာ စီးပွားရေးကုမ္ပဏီတခုဆီမှာ ကျွန်ခံနေရတယ်။ အခုပြောမယ့်စကားရဲ့ အဓိပ္ပာယ်ကို အယူမသည်းတတ်သူတယောက်က နားလည်မှာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ပြောလိုက်ပါလေ။ လူသုံးသောင်းက လူသန်းနှစ်ရာကို အရှိန်သပ်ပေးလိုက်တယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ။ အိန္ဒိယလူမျိုးတွေကို ကျွန်ပြုတာ အင်္ဂလိပ်တွေမဟုတ်ပဲ အိန္ဒိယလူမျိုးတွေ ကိုယ်တိုင်က မိမိဖာသာ ကျွန်ခံနေကြတယ်ဆိုတာကို သိတဲ့သူတွေက ပြန်မရှင်းနိုင်တော့ဘူးလား*"

အထက်ပါအတိုင်း ထပ်တူနီးပါးလောက်ကို ဂန္ဒီက ၁၉၂၀ခုနှစ်တွင် ထုတ်ဖော်ခဲ့သည်။ "*အစိုးရကို ပြည်သူလူထုက အလုပ်အကျွေးပြုတာ ရပ်လိုက်ရင် ဘယ်အစိုးရမဆို – အိန္ဒိယအစိုးရထက် အများကြီးအားနည်းတဲ့ အစိုးရတွေလည်းပဲ – ဘယ်တော့မှ မရပ်တည်နိုင်ဘူး* "

ဗြိတိသျှ ကိုလိုနီအုပ်ချုပ်ရေးကို အိန္ဒိယလူမျိုးတို့ အညံ့ခံလိုက်ရသည့် အရင်းခံ အကြောင်းရင်းများမှာ သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ ဩဇာလွှမ်းမိုးမှုများကြောင့်ဖြစ်ရသည်ဟု ဂန္ဒီက ယုံကြည်သည်။ ဗြိတိသျှ အုပ်ချုပ်ရေးကို အညံ့ခံလိုက်သဖြင့် နောက်ဆက်တွဲ ပျက်ဆီးရမှုများကို ပြန်ထိန်းသိမ်းနိုင်ရန် ဂန္ဒီက "အပြုသဘော ဆောင်သောအစီအစဉ်"(Constructive Program)ကို တည်ဆောက်လိုက်သည်။

အကယ်၍ အိန္ဒိယလူထုအနေဖြင့် တဦးချင်းဖြစ်စေ၊ လူအများဖြစ်စေ မိမိကိုယ်ကို လေးစားတတ် လာရေးကို ကောင်းကောင်းသဘောပေါက်ခဲ့လျှင် ဗြိတိသျှတို့အား အညံ့ခံလိုသည့် စိတ်ထားများကို အစားထိုး ဖယ်ရှားပေးနိုင်မည် ဖြစ်သည်။ ထို့ပြင် အိန္ဒိယလူမျိုးတို့သည် သူတို့နိုင်ငံအား သိမ်းပိုက်အုပ်စိုးနေသူများအား အမိန့်မနာခံရေး၊ ယိုင်းပင်းကူညီမပေးရေးတို့ကို ဆန္ဒပြတတ်လာမည်၊ ဆန္ဒပြချင်စိတ် ဖြစ်ပေါ်လာမည်လည်း ဖြစ်သည်။ အစီအစဉ်၏ရည်မှန်းချက် (၅)ခုမှာ

- အိန္ဒိယလူမျိုးတို့အား မိမိကိုယ်ကိုလေးစားတတ်အောင်နှင့် ဂုဏ်သိက္ခာရှိရှိ နေတတ်အောင် အသွင်ပြောင်း ပေးနိုင်ရေးကို မြှင့်တင်ရန်၊
- ဗြိတိသျှအစိုးရ၏ လူမှုအဆောက်အအုံများအပေါ် အမှီအခို နည်းပါးလာရေးကို အားပေးရန်၊
- လွတ်လပ်ရေးအတွက် တက်ကြွစွာ လှုပ်ရှားနိုင်ရေးကို ကြိုးပမ်းရန်၊
- လူနှင့်မှုကို ခွဲခြားရန် (လူဆိုသည်မှာ ဗြိတိသျှလူမျိုးများနှင့် သူတို့အားထောက်ခံသော အိန္ဒိယ လူမျိုးများ)
- အိန္ဒိယလူမျိုး တဦးချင်းနှင့် လူအများ၏ စာရိတ္တဂုဏ်ရည်ကို မြှင့်တင်ပေးခြင်းဖြင့် စာရိတ္တ ပိုကောင်း လာခြင်းကို ရယ ထိန်းသိမ်းရန် တို့ဖြစ်သည်။

အစီအစဉ်၏တပိုင်းစီ (သို့) ရည်မှန်းချက်တခုစီကို တဦးချင်းစီက ကြိုးပမ်းအားထုတ်မည် ဆိုလည်း ရသည်။ လူအများစုပေါင်းပြီး အုပ်စိုးသူအား ယိုင်းပင်းကူညီမပေးရေးကို တညီတညာ ကြိုးပမ်းအားထုတ်မည် ဆိုလည်းဖြစ်နိုင်သည်။ လူထုထုတန်းစားအသီးသီးက ပါဝင်လာနိုင်ရေးသည်သာ မရှိမဖြစ်အလွန် အရေးကြီးသည် ဟုယူဆထားခဲ့သည်။ ထိုသို့ ပါဝင်ကြိုးပမ်းအားထုတ်မှုများ တိုးတက်လာသောအခါ မိမိကိုယ်ကို ယုံကြည်သော စိတ်ဓါတ်အင်အား ပိုကောင်းလာသည်။ မိမိတို့ရည်မှန်းချက်ကိုရင်း၊ မည်သည့်နေရာမှ လှုပ်ရှားရမည်ကိုရင်း ကိုယ်တိုင် နားလည် သဘောပေါက်လာသည်။

စကြာဂရာဟ (Satyagraha) ဆိုသော ဒဿနသဘောတရားကို အသုံးပြု၍ အကြမ်းမဖက် လှုပ်ရှားမှုအား ဂန္ဒီက ပုံဖော်သည်။ စကြာဂရာဟ ဟူသောစကားလုံးသည် သက္ကတ၊ ဟိန္ဒူနှင့် ဂုဂျရတ် ဘာသာ စကားမှ အခြေခံသည်။ အမှန်တရားကို ရှာဖွေတွေ့ရှိရန်၊ သိမြင်နားလည်ရန်၊ ရရှိရန် (သို့)အသုံးချရန် ကြိုးပမ်း အားထုတ်သည် ဟုအဓိပ္ပာယ်ရသည်။ ဗြိတိသျှကိုလိုနီခေတ် အိန္ဒိယ အင်ပါယာ(ခွဲမထုတ်ရသေးသော အိန္ဒိယ)အား အတင်းအကြပ် အဆုံးသပ်စေရန်နှင့် တောင်အာဖရိကတွင် လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေးတို့တွင် အသုံးပြုခဲ့ရာ အကျော်ကြားဆုံး ဒဿန ဖြစ်ခဲ့သည်။

ယင်းတွင် အစိုးရ၏မတရားသောအမိန့်အာဏာကို လူထုကဆန့်ကျင်ရေးအတွက် လိုက်နာရန် မူချမှတ်ထားသည်။ လိုက်နာရန် မူ(၃)ခုမှာ (၁) စကြာ – အမှန်တရား၊ ပွင့်လင်းခြင်း၊ ရိုးသားခြင်းနှင့် မျှတခြင်းကို ရည်ညွှန်းသည်။ (၂) အဟင်းစ – အခြားသူများကို ထိခိုက်နာကျင်အောင် အဝမ္ပပြုမှုရန် ငြင်းပယ်သည်။ (၃) တပ(စ်)ယျ – အနစ်နာခံ စတေးရန် ဆန္ဒရှိသည်။

ဂန္ဒီ၏ စကြာဂရာဟသည် အမှန်တရားကို တွေ့ရှိ၊ သဘောပေါက်၊ အသုံးချနိုင်အောင် သန္နိဋ္ဌာန်ဖြင့် အခိုင်အမာ ကြိုးပမ်းအားထုတ်ခြင်းဖြစ်သည်။ သို့ဖြစ်၍ စကြာဂရာဟသည် ရှိမြဲအင်အားအတိုင်း (သို့) စိတ်နှင့်ခန္ဓာ နှစ်ခုစလုံး အင်အားစိုက်မထုတ်သော အကြမ်းမဖက်လှုပ်ရှားမှုမျိုး (Passive resistance) မဟုတ်ပါ။ ထို့ပြင် အမုန်းနှင့် ရန်ငြိုး(သို့)အာဃာတကို အခြေခံထားသည့် တက်ကြွမှုမျိုးဖြင့်လည်း လှုပ်ရှားခြင်းမဟုတ်ပါ။

စကြာဂရာဟ သဘောတရားတွင် လှုပ်ရှားမှုက ရှိကိုရှိနေရသည်။ လှုပ်ရှားမှုကို အခြေခံရသည်။ လှုပ်ရှားမှုတွင် အဖိနှိပ်ခံရတို့အချင်းချင်း စုစည်း၍ အုပ်စိုးသူ အစိုးရကို ယိုင်းပင်းကူညီ မပေးခြင်း၊ အမိန့်အာဏာကို ဆန့်ကျင်ခြင်းဖြင့် အစိုးရ၏ စွမ်းအားများကို ဖယ်ရှားရသည်။ တချိန်တည်းမှာပင် စကြာဂရာဟ၌ လူထုအပေါ် တရားမျှတမှုမရှိပဲ ဆက်ဆံနေသည်ကို ဖိနှိပ်သူအစိုးရအား သိလာစေပြီး ထိုအပြုအမူများ ပြောင်းလဲသွားအောင် လည်း ပူးတွဲကြိုးပမ်းပေးရသည်။

မိမိတို့ကိုယ်ပိုင်ခံယူချက်ဖြင့် အကြမ်းမဖက်လှုပ်ရှားမှုကို လက်ခံသော လူပုဂ္ဂိုလ် တဦးချင်း တို့သည် စကြာဂရာဟကို ကြိုးပမ်းကြသည်မှာ အလွန်ကောင်းလှပါသည်။ သို့သော် ပြီးပြည့်စုံကောင်းမွန်သည်မှာ မရှိနိုင် ဟူသော အမှန်တရားကို ဂန္ဒီကလက်ခံသည်ဖြစ်၍ သူ၏ စကြာဂရာဟတွင် အကြမ်းမဖက်လှုပ်ရှားမှုကို မယုံကြည်သူများအား ချန်လှပ်ထားခြင်းမရှိခဲ့ပါ။ အကုန်လုံးပါဝင်နိုင်အောင် စည်းရုံးသည်။ ထိုအခါ နဂိုက အကြမ်းဖက်လှုပ်ရှားသူများပင်လျှင် အကြမ်းမဖက်လှုပ်ရှားရာတွင် မြန်မြန်ဆန်ဆန် အံဝင်ဂွင်ကျ ဖြစ်သွားသည် ကိုလည်း ဂန္ဒီ တွေ့ခဲ့ရသည်။ ထို့ကြောင့် စကြာဂရာဟ ဒဿနသဘောတရားသည် အမျိုးသားကွန်ဂရက် (Indian National Congress)၏မူဝါဒ ဖြစ်လာပြီး တချိန်တည်းမှာပင် လှုပ်ရှားသူ ပုဂ္ဂိုလ်တဦးချင်းတို့၏ ခံယူချက်လည်း ဖြစ်လာသည်။

# ဆာ ဘာဆီးလ် လစ်ဒဲလ် ဟတ်

ဆာ ဘာဆီးလ် လစ်ဒဲလ် ဟတ် (31 October 1895 - 29 January 1970) သည် ဗြိတိသျှ စစ်သားတဦးအဖြစ် ပထမကမ္ဘာစစ်ကြီးတွင် တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ ကျန်းမာရေးကြောင့် အငြိမ်းစားယူပြီးနောက် ဗြိတိသျှ ထိပ်တန်းသတင်းစာ အများအပြားတွင် စစ်ရေးသတင်းထောက် ဝင်လုပ်သည်။ စစ်ရေးဆိုင်ရာ ဆောင်းပါး များစွာကို ရေးသားခဲ့သည်။ သူ၏စစ်ရေးဆိုင်ရာ လိုက်နာရန်စည်းမျဉ်းတခုဖြစ်သည့် ရည်မှန်းချက်များကို တဆင့်ပြီး တဆင့် ကန့်သတ်ခြင်း(သို့) "သွယ်ဝိုက် ချဉ်းကပ်ခြင်း"မှာ ဗျူဟာပိုင်းဆိုင်ရာ ထက်မြက်သော စစ်ရေးအမြင်ဖြစ်ပြီး အထူးစိတ်ဝင်စားဖို့ ကောင်းသည်။ "*ရန်သူ၏ အားအကောင်းဆုံးနေရာကို တိုက်ခိုက်မည့်အစား အလယ်အလတ် ရည်မှန်းချက်များထားရှိ၍ အားကောင်းသောနေရာတွင် တပ်စွဲနေသည့် ရန်သူကို မျှားခေါ်ထုတ်ရမည်၊ ရန်သူက ရည်မှန်းချက်ကို အကောင်အထည် မဖော်နိုင်အောင် လမ်းကြောင်းလွှဲပေးရမည်*"ဟု သူက တိုက်တွန်းခဲ့သည်။

သူက "မဟာဗျူဟာ"စာအုပ်တွင် အောက်ပါအတိုင်း အသေးစိတ် ရေးသား ထားသည်။

> ရန်သူကို စစ်ပမ်းအောင်လုပ်ပြီး အင်အားပြောင်းလဲနိုင်သည်။ ထို့ပြင် ရန်သူကို တချက်တည်းဖြင့် အလဲထိုးမည့်အစား အချက်ပေါင်းများစွာ ထိုးနှက်၍ အထိနာနေအောင်လုပ်ပြီး အင်အားပြောင်း နိုင်သည်။ အင်အားချိန်ခွင်လျှာ ပြောင်းလဲလာအောင် အလယ်အလတ် ရည်မှန်းချက်ငယ်များကို တဆင့်ပြီးတဆင့် ကန့်သတ် အကောင်အထည်ဖော်ပြီး စောင့်ယူရသည့် မဟာဗျူဟာဖြစ်သည်။ ပို၍ သုံးထိုက်သော မဟာဗျူဟာဖြစ်သည်။ ထိုသို့သော မဟာဗျူဟာတွင် အဓိကကျသော အခြေအနေ တခုရှိသည်။ ရန်သူအား တပ်အင်အားကို အလွန်အကျွံ သုံးနေမိအောင် လုပ်ပေးရသည်။ အားလုံးထက် အရေးကြီးသည်မှာ ရန်သူ၏ စိတ်ဓါတ်နှင့် ခွန်အားကို ကုန်ခမ်းသွားအောင် လုပ်ရသည်။ ထိုသို့ဖြင့် ရန်သူမှာ စစ်ပမ်းလာသည်။ မိမိဘက်က စစ်ပမ်းသည်ထက် ရန်သူကို ပို၍ ပုံပျက်ပန်းပျက် စစ်ပမ်း နေအောင် လုပ်သင့်သည်။

အကာအကွယ် ကောင်းကောင်းယူထားသော အာဏာရှင်အစိုးရများအား အကြမ်းမဖက် မဟာဗျူဟာဖြင့် ဆန့်ကျင်လှုပ်ရှားရာတွင် လစ်ဒဲလ်ဟတ်က သတိပြုတွေ့ရှိသည်များကို အဆင်သင့် သုံးလိုက်ရုံပင်။ ကနဦး လှုပ်ရှားသည့်အဆင့်များတွင် အတိုက်အခံတို့၌ စွမ်းအားအရင်းအမြစ်ကို လိုအပ်သည့်အတိုင်းမရနိုင်၊ အရည်အချင်းများ စုစည်းနိုင်ဖို့ကလည်း အားနည်းနိုင်စရာ ရှိသည်။ ထိုမျှသောအင်အားဖြင့် အာဏာရှင်အုပ်ချုပ်ရေးကို ချက်ချင်း မခြိမ်းခြောက်နိုင်ပါ။ ခြိမ်းခြောက်သည့်တိုင်အောင် အာဏာရှင်က အန္တရာယ် ဖြစ်လောက်သည်ဟု ယုံကြည်နေဦးမည်မဟုတ်သေးပေ။ သို့သော် ထိုအခြေအနေမျိုးတွင် အတိုက်အခံတို့သည် လစ်ဒဲလ်ဟတ်၏ စစ်ရေးအမြင်ကို အသုံးချလျှင် အထူးမှန်ကန်သည်ဟု ဆိုရပေမည်။

လစ်ဒဲလ်ဟတ် ရေးလိုက်သောစာမှ "အင်အားချိန်ခွင်လျှာ ပြောင်းလဲလာအောင် စောင့်ယူရသည်" ဆိုသောစကား၌ ထိုသို့ပြောင်းလဲနိုင်ရေးကို မည်သို့လုပ်ယူရကြောင်း အတိအကျပင် အကြံပေးထားသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုနည်းတူစွာ အကြမ်းမဖက်လှုပ်ရှားမှုများ၌ "စောင့်နေရသည်" ဆိုသောစကားလုံးမှာ မလှုပ်ရှားပဲနေသည်ဟု မဆိုလိုပါ။ ပြိုင်ဖက်ကို အားနည်းလာအောင်၊ အကြမ်းမဖက်လှုပ်ရှားရန် အခွင့်သာနိုင်မည့် အင်အားချိန်ခွင်လျှာကို ဖိအားပေး ပြောင်းလဲနိုင်အောင် ထိုးစစ်များဆင်နွှဲရန် လိုအပ်နေသည် ဟုသာဆိုလိုသည်။ ပြိုင်ဖက်၏ အားအကောင်းဆုံးစွမ်းအားများကို တိုက်ရိုက်ထိပ်တိုက်ရင်ဆိုင်ရန် မလိုသည့် အလယ်အလတ် ရည်မှန်းချက်ငယ်များကို ရွေးချယ်၍ သွယ်ဝိုက်လှုပ်ရှားရပါမည်။ သို့မှသာ အားကောင်းသောနေရာတွင် တပ်စွဲ နေသည့် ရန်သူကို မျှားခေါ်ထုတ်နိုင်မည်သာမက ရန်သူကရည်မှန်းချက်ကို အကောင်အထည် မဖော်နိုင်အောင်လည်း လမ်းကြောင်းလွှဲပေးနိုင်မည် ဖြစ်သည်။

## အနှစ်ချုပ်

- ဗျူဟာမှူး(၄)ယောက်၏ ထက်သန်သော နိုင်ငံရေး၊ စစ်ရေးအမြင်များမှ မည်သည့်အချက်များသည် သူတို့၏ အတွေးအခေါ်များအပေါ် သက်ရောက်လွှမ်းမိုးနေသည်ကို ဖော်ပြသည်။ သူတို့သည် ရည်မှန်းချက်များကို လိုက်ဖက်ညီစွာ အာရုံစိုက်တတ်သည်ကိုလည်း အလေးအနက် ဖော်ပြသည်။
- ဖော်ပြပြီး ထိုးဖောက်မြင်နိုင်စွမ်းသော နိုင်ငံရေး၊ စစ်ရေးအမြင်များသည် ခေတ်သစ် အကြမ်းမဖက် ပဋိပက္ခနှင့် ဆက်နွှယ်နေသည်ကိုလည်း ဆွေးနွေးထားသည်။
- အကြောင်းအရာတိုင်းတွင် ဗျူဟာရေးဆွဲသူတယောက်သည် အသေးစိတ်များကို စိုးရိမ်မနေပဲ အခြေအနေ တခုလုံးကို ယေဘူယျ ခြုံငုံ၍ သဘောပေါက် နားလည်နေရမည်။

--------- ooo---------

# အခန်း (၁၀)
# အကြောက်တရား

မကြောက်တတ်ခြင်းမှာ သူတပါးပေးသည့် လက်ဆောင်ကဲ့သို့ ဖြစ်ပေလိမ့်မည်။ သို့သော် သတ္တိရှိခြင်းက တန်ဖိုးသာသည် ဟုဆိုနိုင်ပါလိမ့်မည်။ ကိုယ်တိုင်ကြိုးပမ်း အားထုတ်မှ သတ္တိကိုရနိုင်သည်။ ခြိမ်းခြောက်အမိန့်ပေး စေခိုင်းခံရသော်လည်း မကြောက်မရွံ့ ငြင်းဆန်တတ်သည့် အလေ့အထကို မွေးမြူနိုင်လျှင် သတ္တိရှိလာသည်။ သတ္တိဆိုသည်မှာ အဆက်မပြတ် ဝိုင်းဝန်းထိုးနှက်နေသည့်ကြားက မပျက်မယွင်းသော အိန္ဒြေ ဖြစ်သည်ဟု ဖော်ပြနိုင်သည်။

(ဒေါ်အောင်ဆန်းစုကြည်)

AUNG SAN SUU KYI, *Freedom From Fear and other Writings*, (New York: Penguin Books, 1991), 184.

ထိခိုက်နာကျင်မည်ကို လူတိုင်းပင်ကြောက်သည်။ ခဏခဏနာနေလျှင်၊ ပိုပြီးနာလာလျှင် လူ၏စိတ်နှင့်အပြုအမူများ ပြောင်းလဲတတ်သည်။ ရက်စက်ကြမ်းကြုတ်သော အာဏာရှင်အမိန့်ကို နာခံမိရခြင်း၏ အဓိကအကြောင်းရင်းမှာ အပြစ်ပေးခံရမည်ကို ကြောက်သောကြောင့် ဖြစ်သည်။ အလုပ်ပြုတ်မှာ၊ ပင်စင်မရမှာထက် ကိုယ့်အသားနာမှာကို ပိုစိုးရိမ်ကြသည်။ အသက်ဆုံးရှုံးမှာကို စိုးရိမ်ခြင်းသည် လူတိုင်း၏မွေးရာပါ ပင်ကိုယ်အကြောက်တရားဖြစ်သည်။ သို့သော် မိခင်များကမူ မကြောက်ကြပါ။ အသက်စွန့်၍ ခလေးမွေးဖွားကြသည်။

အကြောက်တရား ဆိုသည်မှာ ခြိမ်းခြောက်ခံရသည်ကို သိလိုက်လျှင် သာမန်အားဖြင့် တုန့်ပြန်တတ်သည့်သဘော ဖြစ်ကြောင်း တချို့က နားမလည်နိုင်ကြပါ။ သတ္တဝါမှန်သမျှ မိမိတို့အသက်ရှင်ရပ်တည်မှုအတွက် ခြိမ်းခြောက်ခံရသောအခါ ကာကွယ်ရန်၊ လွတ်မြောက်ရန် မည်သို့တုန့်ပြန်ရမည်ကို မျိုးရိုးလိုက်၍ မစဉ်းစားရပဲ အလိုလိုသိသည်။ သို့ဖြစ်၍ အထူးအထွေ ထပ်ဖြည့်ပေးနေစရာ မရှိပါ။ ကြောက်တတ်သည်ကိုလည်း ရှက်နေစရာ မလိုပါ။

တိတိကျကျ အဓိပ္ပာယ်ဖွင့်ရလျှင် အကြောက်တရားဆိုသည်မှာ အန္တရာယ် ဖြစ်နိုင်ကြောင်းကို သိလိုက်သည့်အခိုက်အတန့်၌ မည်သို့မျှ စဉ်းစားစရာမလိုပဲ ခန္ဓာကိုယ်မှ အလိုအလျောက် တုန့်ပြန်ရန် နှိုးဆော်ပေးမှုဖြစ်သည်။ ထိုအခါ အန္တရာယ်မှ လွတ်အောင်ထွက်ပြေးမည်၊ ရင်ဆိုင်မည် ဟူသော ရွေးချယ်စရာ တုန့်ပြန်မှုနှစ်မျိုးဖြစ်ပေါ်သည်။ သို့သော် ထွက်ပြေးလွတ်မြောက်ခြင်းကို ပိုဦးစားပေးလေ့ ရှိသည်။

အဆိုပါတုန့်ပြန်မှုမျိုးကို တိရိစ္ဆာန်တို့တွင် အများအားဖြင့် တွေ့နိုင်သည်။ အန္တရာယ်ရှိမှန်း သိလာသောအခါ တိရိစ္ဆာန်တို့သည် ထွက်ပြေးကြသည်။ အင်အားသာသောရန်သူကို ရုတ်တရက်ကြုံတွေ့ရပြီး ထွက်မပြေးနိုင်သောအခါ မိမိအား မမြင်နိုင်စေရန် မလှုပ်မရှား ငြိမ်သက်နေတတ်သည်။ ရန်သူ မြင်သွားလျှင် မတတ်သာသည့်အဆုံး ကြောက်ကန်ကန်၍ ခုခံတတ်သည်။

လူကမူ ချက်ခြင်းလက်ငင်း ကြုံရတော့မည့် ဘေးအန္တရာယ်ကို ပိုမိုသိမြင်နိုင်စွမ်း ရှိသည်။ ထိုသို့မရှိသည့်အခါ လူတွင် အလိုအလျောက် နှိုးဆော်ပေးသည့် တုန့်ပြန်မှုရှိသော်လည်း အများအားဖြင့် အန္တရာယ်မှ လွတ်စေရန် ဆင်ခြင်တုံတရားဖြင့် ကြိုတင်ပြင်ဆင်၍ တုန့်ပြန်တတ်သည်။ အကြောက်တရား၏ အကြောင်းနှင့်အကျိုးကို နားလည်မှသာ မကြောက်တတ်အောင် ပြင်ဆင်နိုင်ပေမည်။ ဘေးအန္တရာယ်ကို ကြုံတွေ့လာရသည့်တိုင် ကနဦးအဆင့်ကပင် ကြောက်စိတ်ကို ဖယ်ရှားလျှော့နည်းစေနိုင်မည်ဖြစ်သည်။

## အကြောက်တရား၏ ဖြစ်ပျက်ပုံကို သိပ္ပံနည်းကျ လေ့လာခြင်း

သဘာဝ အရင်းခံအတိုင်း အကြောက်တရား ဖြစ်ပေါ်လာချိန်တွင် နာဗ်ကြောအဖွဲ့အစည်းရှိ အလိုအလျောက် ထိန်းချုပ်ထားသော ဈေးထုတ်ဂလင်း အထွက်များနေကြောင်း တွေ့ရသည်။ သို့ဖြစ်သောကြောင့် အရေပြားအောက်နှင့် အူလမ်းကြောင်းတလျှောက်ရှိ သွေးကြောများကို ကျုံ့သွားစေသည်နှင့်အမျှ နှလုံးနှင့်ကြွက်သားများသို့ သွေးများ ပိုမို စီးဝင်လာသည်။ ကြောက်လန့်သောအခါ နှလုံးခုန်မြန်ပြီး ပြင်းထန်လာသည်မှာ

အဆိုပါ အကြောင်းကြောင့်ဖြစ်သည်။ အသက်ရှူနှုန်းလည်း မြန်လာသည်။ အသက်ရှူနှုန်းမြန်လေလေ ကြွက်သားများသို့ သွေးပိုစီးဝင်လေဖြစ်သည်။ ကြောက်လန့်မိသည့်အခါ ကျောက်ကပ် အထက်နားရှိ စိတ်ဖိစီးသည့်အတိုင်း တုန့်ပြန်မှုကိုဖြစ်စေသောဂလင်း (Adrenal Medulla)မှ အယ်ဒရီနာလင်း(Adrenaline)အမည်ရှိ ဟော်မုန်းတမျိုးကို ထုတ်ပေးသည်။ ထိုဟော်မုန်းသည် အခြားဟော်မုန်းများနှင့်အတူ အသည်းမှ ဂလူးကို့စ်အများအပြားကို သွေးထဲသို့ စီးဝင်စေသည်။ ဂလူးကို့စ်သည် ကြွက်သားများကို အပိုအင်အားများ ပေးစွမ်းနိုင်သည်။

အသက်ဘေးမှလွတ်မြောက်ရန် ကြောက်လန့်တကြားထွက်ပြေးနေသော လူတဦးသည် သာမန်အပြေးနှုန်းထက် ပိုမြန်နေသည်။ အကြောင်းမှာ အကြောက်တရားကြောင့် အသက်ရှူမြန်လာပြီး ကြွက်သားထဲသို့ သွေးစီးဝင်မှု ပိုများနေချိန်တွင် သွေးထဲတွင်ရှိနေသော ဂလူးကို့စ်များက ကြွက်သားများကို အပိုအင်အားတရပ် ဖြစ်စေပြီး အလုပ် ပိုလုပ်နိုင်သောကြောင့်ဖြစ်သည်။

အကြောက်တရားကြောင့်ထွက်ပြေးရန် (သို့) ခုခံတိုက်ခိုက်ရန် အသင့်ဖြစ်နေချိန်တွင် ဖြစ်လာနိုင်သော ဒဏ်ရာဒဏ်ချက်များကို ခံနိုင်ရန် ခန္ဓာကိုယ်က ပြင်ဆင်ပြီးဖြစ်နေသည်။ ထိုသို့သော ခံနိုင်ရည်မျိုး မဖြစ်ပေါ်သည့် အခါလည်းရှိသည်။ ဥပမာအားဖြင့် အူနှင့် ဆီးအိမ်အဆုံးပိုင်းများတွင် ရှိသည့် အတွင်းမှအပြင်သို့သာ ထွက်စေနိုင်ပြီး အပြင်မှအတွင်းသို့ မဝင်ရောက်နိုင်အောင် ထိန်းချုပ်ပေးသော ကြွက်သားများ (Sphincters) မတင်းမာနိုင်တော့ပဲ လျော့ကျလာခြင်းမျိုး ဖြစ်သည်။ တခါတရံ ကျင်ကြီးကျင်ငယ်များပင် အလိုအလျောက် ထွက်ကျစေသည်။

လူသည် အကြောက်တရားကြောင့် အဆိုပါအကျိုးသက်ရောက်မှုများကို ခံစားရသည်။ နှုတ်မှဖွင့်ဟပြောရုံဖြင့်ပင် ဖြစ်တတ်သည်။ ဥပမာအားဖြင့် ကြားနေကျ စကားတချို့ကို ဖော်ပြလိုက်ပါသည်။

"*သူတော့ အတော့်ကို ကြောက်သွားပြီ*" ဟုသူတပါးအကြောင်းကို ပြောနေသံကို ကြားဖူးကြပါမည်။ သို့သော် ပြောသူ၏မျက်နှာကို ကြည့်လိုက်မည်ဆိုပါက သူ့မျက်နှာမှာ သွေးမရှိတော့ပဲ ဖြူဖတ်ဖြူရော်နှင့် သူကိုယ်တိုင်က ကြောက်နေသည်ကိုလည်း တွေ့ဖူးကြပါလိမ့်မည်။ ထို့ပြင် ကြောက်လန့်လွန်းသည့်အတွက် မိမိကိုယ်ကို ဘာဖြစ်လို့ ဖြစ်မှန်းပင် မသိနိုင်အောင် အသိစိတ် လွတ်သွားတတ်သည်။

"*ကျနော့် ဂုတ်ပေါ်က အမွေးတွေ ထောင်လာပြီ*"

"*ကျနော်တော့ ကြောက်လွန်းလို့ ခြေတွေလက်တွေ ဘာမှ လှုပ်လို့ မရတော့ဘူး*"

"*ကျနော်တော့ဗျာ ကြောက်လွန်းလို့ ဘောင်းဘီထဲမှာတင် ကျင်ကြီးကျင်ငယ် စွန့်မိသွားတယ်*"

စိတ်မသက်မသာဖြစ်သွားရပါပြီ။ သို့သော် ကြောက်တတ်ခြင်းကို ရှက်မနေသင့်ပါ။ လူတို့သည် ဘေးအန္တရာယ် ရှိလာပါက လွတ်မြောက်အောင် အလိုလိုတုန့်ပြန်တတ်သည်။ ဤသည်မှာ သဘာဝမိခင်က ပေးထားသော လက်ဆောင်ဖြစ်၍ အရေးကြုံတိုင်း သက်လုံ ကောင်းနေတတ် ပါသည်။

## မကြောက်တတ်အောင်လုပ်နည်း

အကြမ်းမဖက်လှုပ်ရှားမှုကို မဟာဗျူဟာအတိုင်း အကောင်အထည်ဖော်ရာတွင် လူထုက တစုတစည်းတည်း ပါဝင်လာရေးမှာ လိုအပ်ချက်တခုဖြစ်သည်။ ထိုသို့ပါဝင်လာနိုင်ရန်မှာ အစိုးရက ပြစ်ဒဏ်ခတ်သည့်တိုင် လူထုက တစုတစည်းတည်း ရင်ဆိုင်ရဲသောသတ္တိ ရှိမှဖြစ်မည်။ ကြောက်စရာမရှိလျှင် မကြောက်ကြသည်မှာ အမှန်ဖြစ်သည်။ သို့သော် လက်တွေ့တွင် ကြောက်၍ မမြင်ဟန်ဆောင်သူ၊ မကြားဟန်ဆောင်သူ၊ အသိတရားများ ပျက်ဆီးသူ စသဖြင့် လူအမျိုးမျိုး ရှိနေကြရာ ထိုအခြေအနေတွင် လူထုမှာ အင်အားရှိသင့်လျက်နှင့် တစစီ ကွဲထွက်ပြီး အင်အားချိနဲ့ရသည်။

လူထုအနေဖြင့် ကြောက်ရွံ့ခြင်းမှ ကင်းဝေးသောစိတ် ရှိရပါမည်။ အစိုးရစိတ်ကြိုက် အပေါ်စီးမှ စေ့စပ်ဆွေးနွေး ညှိနှိုင်းမှုများကို ရှောင်ရှားနိုင်ရန် မည်သို့သော လူထုလှုပ်ရှားမှုများက သင့်တော်မည်ကို ဆင်ခြင်တုံတရားဖြင့် စဉ်းစားရပါမည်။ အဆိုပါနှစ်ချက်စလုံးတွင် အစိုးရနှင့် လူထု ထိပ်တိုက်ရင်ဆိုင်နိုင်ရေးကို စီစဉ်မည်ဆိုလျှင်

သင့်တော်ပါမည်။ ထိပ်တိုက်ရင်ဆိုင်နိုင်မည့် လက်တွေ့နည်းလမ်းများ၌ လူထုကို အကြီးအကျယ် ကြောက်လန့်မသွားစေနိုင်သော ချဉ်းကပ်ပုံများကို ကြံဆပေးနိုင်သည်။

မကြောက်တတ်အောင်လုပ်ပေးသည့် နမူနာတခုမှာ လုပ်ရှားသူတို့သည် အကြမ်းမဖက် ဆန္ဒပြရန် အချိန်နှင့်နေရာကို ရွေးချယ်လုပ်ရှားပြီး အောင်ပွဲရရှိကြောင်း လျင်မြန်စွာ ကြေညာရပါမည်။ ထို့နောက် အစိုးရက လာရောက်မဖြိုခွဲမီ လျင်မြန်စွာ လူစုခွဲရန်ဖြစ်သည်။ နောက်ထပ်နည်းလမ်း တခုလည်း ရှိသေးသည်။ အနီးအနား မြို့ရွာရပ်ကွက်များတွင် ဆန္ဒပြပွဲများစွာကို တချိန်တည်း တပြိုင်တည်း ကျင်းပခြင်းဖြစ်သည်။ ထိုအခါ အာဏာပိုင် အစိုးရက အဓိကရုဏ်းရဲများကို လူခွဲ စေလွှတ်ပြီး ဖြိုခွဲခိုင်းမည် ဖြစ်သော်လည်း ဆန္ဒပြပွဲတခုစီအတွက် ရဲအင်အား လျော့နည်းသွားမည် ဖြစ်သည်။

အံ့အားသင့်မှုများကြောင့် ကြောက်အားလန့်အားဖြင့် လုပ်မိလုပ်ရာ လုပ်တတ်သည်။ သို့ဖြစ်၍ အကြမ်းမဖက် ဆန္ဒပြလုပ်ရှားမှုတွင် ပါဝင်လုပ်ရှားသူတို့ အံ့အားသင့်စရာများ မကြုံတွေ့ရအောင် လှုံ့ဆော်သူတို့က ကြိုတင်စီစဉ်ထားနိုင်သည်။ ယခုတကြိမ် မည်သို့လုပ်ရှားမည်၊ မည်သည့်အတွက်ကြောင့် လုပ်ရှားရသည်ကို လုပ်ရှားသူတို့ သဘောပေါက်အောင် လှုံ့ဆော်သူတို့က ရှင်းလင်း ပြောပြရပါမည်။ ရဲနှင့်စစ်တပ်တို့က မည်သို့ တုန့်ပြန်လာ နိုင်ဖွယ်ရှိသည်ကို တိကျစွာ အသိပေးထားရပါမည်။ မိမိတို့လုပ်ရှားမှုကို သေချာကျနစွာ စီစဉ်ရပါမည်။ ဖြစ်နိုင်မည်ဆိုပါက အဓိကပါဝင် လုပ်ရှားသူတို့၏ အခန်းကဏ္ဍများကို ကြိုတင်ဇာတ်တိုက်ထားရပါမည်။ ရဲနှင့် စစ်တပ်တို့က တုန့်ပြန်လာနိုင်သည်များတွင် အစိုးရက အကြမ်းဖက်ဖြိုခွင်းမည့်ကိစ္စများ ရှိနိုင်သည်။ လုပ်ရှားမှုတွင် ပါဝင်သူတို့အား ထိုကိစ္စများကို တွေ့ကြုံနိုင်ကြောင်း ရှင်းပြထားသင့်သည်။ ဥပမာအားဖြင့် အဓိကရုဏ်းတပ်များ ရောက်ရှိတပ်စွဲပုံ၊ နံပါတ်တုတ်များဖြင့် ဒိုင်းကာကို ရိုက်ခတ်အသံပေးပုံ၊ ကိုင်ဆောင်ထားသော ရိုင်ဖယ်သေနတ်များတွင် လုံ့စွပ်တပ်ပုံ အစရှိသည်တို့ဖြစ်သည်။ ထို့ပြင် ဆန္ဒပြသူတို့ အချင်းချင်းတွင် ဖြစ်နေတတ်သည်များကိုလည်း ရှင်းပြထားသင့်သည်။

စည်းကမ်းသေဝပ်စေရေးအတွက် အဓိကလုပ်ဆောင်ရမည့်ကိစ္စတခုမှာ ပါဝင်ဆန္ဒပြသူ တဦးချင်းအား မည်သို့လုပ်ရှားရမည်ကို လမ်းညွှန်ပေးထားခြင်းဖြစ်သည်။ အများနှင့်တွဲပြီး မဖြစ်မနေ လုပ်ရသည့်ကိစ္စများတွင် စည်းကမ်းမရှိပဲ မဖြစ်နိုင်ပါ။ ထိန်းမနိုင်သိမ်းမရ ဖြစ်နေသော လူအုပ်ကြီးနှင့် နိုင်ငံရေးပြောင်းလဲရန် အကြမ်းမဖက် လုပ်ရှားနေသော အင်အားစုတို့၏ လုပ်ရှားမှုများ မည်သို့ကွာခြားကြောင်းကို ဆန္ဒပြရန်ပါဝင်လာသူတို့အား သတိပေးရန် လိုသည်။

ကျောင်းတက်စဉ်ကာလ မီးသတ်လေ့ကျင့်ခန်းလုပ်ရာ တဦးချင်းစီတန်း၍ ပြင်ပရှိ ကွက်လပ်ကို ရောက်အောင် ထွက်ရသည်။ တမိနစ် နှစ်မိနစ်အတွင်း ကျောင်းသား တရာကျော် နှစ်ရာမှာ မီးဘေးမှ လွတ်ကင်းရာသို့ ရောက်နိုင်ကြသည်။ ဆရာ ဆရာမတို့က ဘာလိုအပ်သည်၊ ဘာလုပ်ရမည်ကို သိပြီး ညွှန်ကြားသည်။ ကျောင်းသားတို့ကလည်း တသွေမတိမ်း လိုက်နာကြသည်။ ဤသို့ စည်းကမ်းသေဝပ်လှသောအဖြစ်ကို ပြဇာတ်ရုံ (သို့) ညကလပ်တွင် မီးထလောင်သည့်အဖြစ်နှင့် နှိုင်းယှဉ်ကြည့်ပါ။ တာဝန်ကျနေသူတို့သာမက ရာပေါင်းများစွာ ရှိနေသော ပရိသတ်များပါ ကြောက်အားလန့်အားဖြင့် ထွက်ပေါက်ဆီသို့ ဒရောသောပါး တချိန်တည်း ထွက်ပြေးကြမည်ဖြစ်သည်။ လူအနည်းငယ်သာ အကယ်၍အားလုံးကို ကျော်ဖြတ်နိုင်ခဲ့လျှင် အပြင်သို့ထွက်နိုင်ပြီး ဘေးကင်းကြပေလိမ့်မည်။

သင်ခန်းစာမှာ ရှင်းရှင်းလေးပင်ဖြစ်သည်။ မိမိတို့လုပ်ရှားမှုအတွက် အစီအစဉ်ကောင်းကောင်း ရှိရမည်။ ပါဝင်လုပ်ရှားသူတိုင်းကို အသေအချာ နားလည်အောင် အသိပေးထားရမည်။ ထိခိုက်နစ်နာဆုံးရှုံးခြင်းများမှ အကာအကွယ်ပေးနိုင်မည့် ခေါင်းဆောင်များ ရှိနေရမည်။

ခေါင်းဆောင်များအပေါ် ယုံကြည်အားကိုးစိတ် ရှိထားခြင်းသည် အကြမ်းမဖက်ပါဝင် လုပ်ရှားသူတို့ အချင်းချင်းတွင်လည်း ယုံကြည်စိတ်ချမိလာရခြင်း၏ အကြောင်းရင်းတခုဖြစ်သည်။ ထိုအခါ အလွန်အရေးပါသော ကိစ္စတခုကို လုပ်မိရက်သား ဖြစ်နေသည်။ ယင်းမှာ အကြောက်တရားများကို လျော့ချလာနိုင်ခြင်းဖြစ်သည်။ အကြမ်းမဖက် လုပ်ရှားချင်သူ လူသစ်တို့ကိုလည်း ယုံကြည်အားကိုး စိတ်ချတတ်လာအောင် သင့်လျော်စွာ လေ့ကျင့်ပေးရပါမည်။ စိုးရိမ်ပူပန်မှုကို မည်သို့ဖယ်ရှားရသည်ကို ခေါင်းဆောင်တို့က သင်တန်းများပေး၍ နားလည်စေရပါမည်။ ရနိုင်သမျှလည်း အာမခံပေးနေရန်လိုသည်။ ဥပမာအားဖြင့် ခေါင်းဆောင်တဦးသည် သင်တန်းတခုကို ဦးဆောင်ရန်

တာဝန်မယူတော့လျှင် မည်သည့်အတွက်ကြောင့် အဆိုပါသင်တန်းတွင်ရှိနိုင်မည် မဟုတ်ကြောင်း၊ မည်သည့်နေရာသို့ သွားမည်ဖြစ်ကြောင်း သင်တန်းသားများကို ပြောရန်လိုသည်။

*"အကယ်၍ ကျနော်ဟာ ဒီသင်တန်းမှာ ဆက်ပြီးဦးဆောင်နေဦးမယ်ဆိုရင် အပြင်မှာ ဘာတွေဖြစ်နေသလဲဆိုတာ လေ့လာသိရှိနိုင်မှာ မဟုတ်တော့ပါဘူး။ ပြီးတော့ အခြားခေါင်းဆောင်တွေနဲ့ အဆက်အသွယ်လုပ်ဖို့ကိစ္စတွေ ဒါ့မှမဟုတ် အလဟဿမဆုံးရှုံးရအောင် ပြောင်းလဲသင့်တာ ပြောင်းလဲပေးဖို့အတွက် အခြားသူတွေနဲ့ စုစည်းလုပ်ဆောင်တဲ့ကိစ္စတွေကို လုပ်နိုင်မှာ မဟုတ်တော့ပါဘူး။ ဒီသင်တန်းမှာ ကျနော်မရှိတော့ပေမယ့် ကျနော်တို့ရဲ့အောင်ပွဲကို ကြေညာမယ့်သူဟာ ကျနော်ပဲလို့ ခင်ဗျားတို့ သတိရနေကြပါ။ ဒါ့မှလည်း ဟိုနေရာကနေ ကျနော်တို့ မြန်မြန်ထွက်ခွာ နိုင်မှာဖြစ်တယ်။"*

ခေါင်းဆောင်တို့သည် လုပ်ရှားသည့်အစီအစဉ်များ၊ သူတို့တာဝန်ယူသည့်ကိစ္စများကို ရှင်းပြရသည့်အပြင် မည်သည့်အတွက်ကြောင့် နိုင်ငံရေးပြောင်းလဲအောင် ကိုယ်တိုင်ဝင်လုပ်နေရကြောင်းကိုလည်း ပါဝင်လှုပ်ရှားသူတို့အား အသိပေးသင့်သည်။ ယခုလုပ်ဆောင်နေသည့် လှုပ်ရှားမှုသည် မဟာဗျူဟာတခုလုံးနှင့် မည်သို့ဆက်စပ်နေသည်၊ မည်သို့အထောက်အကူပြုနေသည်ကို လှုပ်ရှားသူတို့ အလေးအနက် အာရုံစိုက်သင့်ကြောင်း ခေါင်းဆောင်တို့က ပြောပြရပါမည်။ ယခု ဆောင်ရွက်နေသမျှသည် လှုပ်ရှားမှုကြီးတခုလုံးကို အားကောင်းလာစေရုံမက လှုပ်ရှားချင်သူများ ပါဝင်လာရေးကို အားပေးနေသည့်နမူနာဖြစ်သဖြင့် အားလုံးပါဝင်လာလျှင် အာဏာရှင်စနစ်ကို တစုတစည်းတည်း ဆန့်ကျင်အံတုနိုင်မှာဖြစ်ကြောင်းကိုလည်း ပါဝင်လှုပ်ရှားသူတို့အား အသိပေးထားသင့်သည်။

အကြမ်းမဖက်လှုပ်ရှားကြသူများ အထီးကျန်မဖြစ်ရအောင် လိုအပ်သည်များကို ခေါင်းဆောင်တို့က စီစဉ်ရပါမည်။ ချီတက်ဆန္ဒပြပွဲ ကဲ့သို့သော လူထုလှုပ်ရှားမှုများတွင် တဦးနှင့်တဦး နီးကပ်အောင် ထားပေးရပါမည်။ သို့မှသာ သူတို့သည် တဦးနှင့်တဦး ထိတွေ့နေမည်။ လက်ချင်းချိတ်ထားနိုင်မည်။ ကြွေးကျော်သံများ၊ သီချင်းများကို သံပြိုင်သီဆိုနိုင်မည်။ အချင်းချင်း စကားပြောနိုင်မည်။ ထိုသို့သော လှုပ်ရှားမှုအပြုအမူများက သူတို့သည် တဦးတည်း အထီးကျန်ဖြစ်မနေကြောင်း အမြဲသတိပေးရာရောက်သည်။ တူညီဝတ်စုံနှင့် အထိမ်းအမှတ်တံဆိပ်များကို ဝတ်စားဆင်ယင်ကြရန် စီစဉ်ပေးခြင်းဖြင့် ပါဝင်လှုပ်ရှားသူတို့သည် ဘုံရည်မှန်းချက်ကို အတူတူလုပ်နေကြသည် ဆိုသော စိတ်ဓါတ်ကို မြှင့်တင်ပေးနိုင်သည်။

နောက်ထပ်အရေးကြီးသော ကိစ္စတခုရှိသည်။ အကြမ်းမဖက် လှုပ်ရှားနေသည့်နေရာသို့ အဓိကရုဏ်းရဲများ ရောက်လာမည်ဖြစ်သဖြင့် မကြောက်ကြရန် လှုံ့ဆော်မည်ဟု ရည်ရွယ်ထားလျှင် အသေအချာဂရုစိုက်ပြီး စဉ်းစားသုံးသပ်ရပါမည်။ လူထုဆန္ဒပြမှုသည် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းသာဖြစ်၍ မည်သူ့ကိုမှ အန္တရာယ်ဖြစ်စေမည်မဟုတ်ကြောင်း ထိုရဲတို့အား အသိပေးထားရပါမည်။ အပြောဖြင့်သာမက အလုပ်ဖြင့်ပါ သက်သေပြရပါလိမ့်မည်။ ဥပမာဆိုလျှင် ရဲများကို အသိပေးသောအခါ မိမိတို့၏ ရင်းနှီးခင်မင်သော မျက်နှာထားများဖြင့် ချိုသာစွာ ပြောဆိုကြရန် မှာထားသင့်သည်။ ထိုရဲများထဲမှ အချို့နှင့်သိနေသည့် မိသားစုဝင်များ၊ သူငယ်ချင်း မိတ်ဆွေနှင့် အခြားပတ်သက်သူတို့အား ရှေ့ဆုံးမှာထားပေးရပါမည်။ လှုပ်ရှားနေသူများထဲတွင် သူတို့အသိများ ပါဝင်နေမှန်း ရဲအချို့က သိသွားလျှင် လူအုပ်ကြီးသည် အန္တရာယ်ပေးနိုင်သည်ဆိုသော အသိစိတ်များကို လျော့ကျသွားစေနိုင်သည်။

အကယ်၍ လက်နက်ကိုင် ဆောင်ထားသူတဦးဦးက ကြောက်အားလန့်အားဖြင့် တခုခု လုပ်မိသည်ရှိသော် အကြမ်းဖက်တုန့်ပြန်မှု ကွင်းဆက်များ မရည်ရွယ်ပဲ စတင် ဖြစ်ပွားတတ်သည်။

အကြမ်းဖက်မှုများ အမှန်တကယ်ဖြစ်လာသောအခါ ထိခိုက်ဒဏ်ရာရ သေဆုံးတတ်သည်ဖြစ်၍ ကြိုတင်ဂရုစိုက် စီစဉ်ထားရှိရပါမည်။ အရေးပေါ်သူနာပြုလုပ်ငန်းများအတွက် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် အကူအညီပေးသူများသည် ဖြစ်လာပါက အကူအညီပေးနိုင်အောင် အနီးအနားတွင် အသင့်ရှိနေရပါမည်။ ဆန္ဒပြလှုပ်ရှားသူတို့မှာ ထိုသို့ဂရုတစိုက်ရှိသည်ကို တွေ့နေရသဖြင့် စိုးရိမ်ပူပန်မှုများ လျော့နည်းသွားမည်ဖြစ်သည်။ အဆိုပါ ဆေးဘက်ဆိုင်ရာ အကူအညီများကို အသင့် ရနိုင်သောအစီအစဉ်သည် လက်ခံနိုင်စရာဖြစ်သည်။ သို့သော် လူမြင်ကွင်းတွင် ဆေးဘက်ဆိုင်ရာ အကူအညီများ ခံယူနေရခြင်းနှင့် ဖြစ်လာနိုင်စရာရှိသော ထိခိုက်ဒဏ်ရာရမှုများကို တွေးကြောက်မိတတ်သည်။

ဆန္ဒပြသူတဦးချင်းက လိုအပ်သည့်အခါ ပတ်တီးလိပ်အဖြစ်သုံးရန် မိမိတို့ကိုယ်ပိုင် သန့်ရှင်းသော အဝတ်ဖြူစ တခုစီကို ယူဆောင်လာခြင်းဖြင့် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်သူတို့အတွက် သယ်ဆောင်ရသည့် တာဝန်တခုကို သက်သာသွားစေနိုင်သည်။ မည်သည့်အတွက်ကြောင့် ပတ်တီးဖြူများ လိုအပ်ပါသနည်း။

ပတ်တီးဖြူများမှာ ဓါတ်ပုံထဲတွင် ပို၍ပေါ်လွင်ထင်ရှားသည်။ ပတ်တီးစီးထားသည်ကိုက အကျိုးထူး များစွာရှိနေသည်။ လူထုဆန္ဒပြပွဲကို ဓါတ်ပုံရိုက်ကြပါသည်။ ဓါတ်ပုံဆရာတို့က ထိခိုက်ဒဏ်ရာ ရရှိသူများ ပတ်တီးစည်းထားသည်ကိုတွေ့လျှင် ဓါတ်ပုံရိုက်ယူမည်ဖြစ်သည်။ အကြောင်းမှာ အဆိုပါဓါတ်ပုံမျိုးသည် နိုင်ငံတကာ သတင်းမီဒီယာအတွက် ဆွဲဆောင်မှုရှိသောကြောင့် ဖြစ်သည်။ ထိုဓါတ်ပုံတပုံလောက်ကို သန်းပေါင်းရာထောင်မက ရှိနေသော ကမ္ဘာ့ပြည်သူတို့က တွေ့မြင်ဖို့ဆိုသည်မှာ ဖြစ်နိုင်ပါသည်။ ထိခိုက်ဒဏ်ရာရသူတို့အနေဖြင့်လည်း မိမိတို့ ဒဏ်ရာများအပေါ်တွင်သာ အာရုံစူးစိုက်ထားသင့်သည်။ ထိုအခိုက်အတန့်လေးတွင် ဓါတ်ပုံစားရန် ခေါင်းဖီး၊ မိတ်ကပ်ဖို့ စသော အရေးမပါသည့်သာမန်ကိစ္စမျိုးကို မလုပ်သင့်ပါ။ အကြမ်းမဖက်လှုပ်ရှားမှုနှင့် ပတ်သက်၍ နိုင်ငံတကာသို့ သတင်းဖြန့်နိုင်သော အခွင့်အရေးမှန်သမျှ အမိအရ အသုံးချသင့်သည်။

ဆန္ဒပြနေခြင်းအပေါ် အာရုံစူးစိုက်မှု မပြန့်လွင့်ဖို့ လိုသောကြောင့် ပါဝင်ဆန္ဒပြသူ တဦးချင်းအား အတိအကျ တာဝန်ပေးထားပြီး ကျေပွန်စေရပါမည်။ တာဝန်ကျေစေရန်လည်း ခေါင်းဆောင်တို့က ကြပ်မတ်ရန် လိုသည်။ မိမိတာဝန်ယူနေသောကိစ္စတွင် အာရုံစိုက်ထားသောကြောင့် ရုတ်တရက် ပတ်ဝန်းကျင်အနေအထား ပြောင်းလဲ၍ တဦးဦးက ကြောက်အားလန့်အား ဖြစ်ပေါ်တတ်ခြင်းမျိုးကို ထိန်းချုပ်ပေးနိုင်ပါလိမ့်မည်။ ကြောက်စိတ်ကို မဖြစ်ပေါ်အောင် ထိန်းချုပ်ထားရန် အသေးစိတ် စဉ်းစားစီစဉ်ရသည်။ တာဝန်ယူနိုင်သူများကို တာဝန်များ ခွဲပေး ထားရပါမည်။

အချို့လူများကဆန္ဒပြသူများ ညီညာစွာစီတန်း လှုပ်ရှားနိုင်ရန် ထိန်းသိမ်းပေးရပါမည်။ အချို့က ဟိုဘက် ဒီဘက်ဆွဲဖြန့်ထားသော အလံတိုင် (Banner) များကို ရှေ့ဆုံးမှနေ၍ လိုအပ်သော အမြင့်တွင်ထားပြီး ကိုင်ဆောင်ထားရန် တာဝန်ယူရပါမည်။ (လိုအပ်သောအမြင့်ဟုပြောရခြင်းမှာ ရှေ့တွင် တားဆီးပိတ်ဆို့နေသော ရဲများကို ဆန္ဒပြသူများ မမြင်ရစေရန် ကွယ်ထားပေးခြင်းဖြစ်၍ ကြောက်စိတ်များ လျော့ပါးစေရန်အတွက်ဖြစ်သည်။) အချို့လူများက ဆန္ဒပြရာဝန်းကျင်ရှိ အခြားလှုပ်ရှားမှုများကို စောင့်ကြည့်သတင်းပို့ရန် လိုအပ်ပါလိမ့်မည်။ ဆန္ဒပြသူများ ရေမငတ်စေရန် သောက်ရေ(ဗူးများ) ဖြန့်ဝေပေးရန် တာဝန်ယူသူများလည်း ရှိရပါမည်။ ကြွေးကြော်သံ များကို တိုင်ပေးရမည့်သူများလည်း လိုအပ်ပါလိမ့်မည်။ သိစေချင်သောအချက်မှာ လှုပ်ရှားမှု ခေါင်းဆောင်တို့သည် ပါဝင်ဆန္ဒပြသူတိုင်း အလုပ်များနေအောင် ဆက်တိုက်စီစဉ်ပေးနေရပါမည်။

အချို့လူများသည် မိမိတို့ခံစားချက်ကို စဉ်းစားသုံးသပ်ကြည့်ရုံဖြင့် ကြောက်စိတ် လျော့ပါးအောင် လုပ်ယူနိုင်သည်။ ကြောက်စိတ်ကိုလက်ခံမိသည်မှာ လူတွင် ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်သည်။ ကြောက်စိတ်ရှိနေ သောကြောင့် သွေးကြောင်သူတဦး ဖြစ်သည်ဟု မခံစားရပါ။ စွန့်စားရကျိုးနပ်သော လှုပ်ရှားမှုဖြစ်သည်ဟု ယုံကြည် မိသည့်အခါ လှုပ်ရှားချင်စိတ်ရှိလာသည်။ တရားထိုင်ခြင်းနှင့် ဘာသာရေးကျင့်စဉ်များကို အားထုတ်ခြင်းဖြင့် စိတ်တည်ငြိမ်လာပြီး လှုပ်ရှားမှုတွင် ပိုမို စွမ်းဆောင်နိုင်လာသည်။ မိမိအားယုံကြည်သည့် အသိုင်းအဝိုင်းကို တိုးချဲ့ နိုင်လာသည်။ မိမိတို့ ထမ်းဆောင်သည့်တာဝန်များကို ကျေပွန်အောင် လုပ်နိုင်ရေးသည်လည်း အရေးကြီးသည်။

စစ်ဖြစ်နေသည့်နိုင်ငံတွင် မျိုးချစ်စိတ်ကိုအခြေခံ၍ ပြောဆိုရေးသားနေကြသူတို့ရှိကြသည်။ အများစုကမူ ခေါင်းဆောင်တပ်မှူးများအပေါ်သစ္စာရှိပြီး ခေါင်းဆောင်က အမိန့်ပေးသည့် အတိုင်း စစ်သွေးကြွခဲ့သူများ ဖြစ်ကြသည်။ တိုင်းပြည်က စစ်မက်ဖြစ်ပွားနေခြင်းမရှိပဲ လွတ်လပ်ခွင့်၊ ဒီမိုကရေစီနှင့် တရားဥပဒေကို လေးစား မြတ်နိုးသောကြောင့် သတ္တိရှိရှိ လုပ်ရဲသူတို့မှာမူ အနည်းငယ်သာ ရှိသည်။

## အနှစ်ချုပ်

ကြောက်တတ်သည်မှာ သဘာဝသာဖြစ်ကြောင်း နားလည်သဘောပေါက်ရပါမည်။ အခြားသူတို့ ကြောက်နေသည်ကို ရှုံ့ချလှောင် ပြောင်ရန်မသင့်ပါ။ မိမိလုပ်ရဲသည်နှင့်နှိုင်းယှဉ်ပြီး သူတို့အား အရှက်ရအောင် မလုပ်သင့်ပါ။ မကြောက်တတ်အောင်သာ အားပေးရပါမည်။

လူထုကို ကြောက်တတ်အောင် ခြိမ်းခြောက်ထားသည့် အုပ်စိုးသူ၏ လက်အောက်မှ လွတ်မြောက်ရေးအတွက် အစိုးရဖိနှိပ်မှုများကို ဖယ်ရှားကျော်လွှားနိုင်မည့် နည်းလမ်းများကို သိထားရပါမည်။

နှိပ်ကွပ်မှုများကို ကျော်လွှားရန်မှာ ဗဟုသုတ၊ စည်းကမ်းနှင့် အစီအစဉ် ကျကျနနရှိလျှင် ထိရောက်မှုရှိကြောင်း သက်သေသာဓကများစွာ ရှိခဲ့ပြီးဖြစ်သည်။

--------- ၀၀၀---------

# အခန်း (၁၁)
## ခေါင်းဆောင်

"ခေါင်းဆောင်ဆိုသည်မှာ အကာမဟုတ်၊ အနှစ်ဖြစ်သည်" ဟု အခြားလူများ ယုံကြည်အောင် ခေါင်းဆောင်ကောင်းတို့က လုပ်နိုင်သည်။ အဖွဲ့အစည်းတခု အောင်မြင်ရေးအတွက် ခေါင်းဆောင်ဖြစ်သူက ပြောင်းလဲလုပ်ဆောင်ပေးနိုင်ကြောင်း လူတိုင်းက သိပြီးသားဖြစ်သည်။

(ဝါးရန်း ဘဲန်နီးစ် – "ခေါင်းဆောင်ဖြစ်လာပြီးနောက်" စာအုပ်ကိုရေးသူ)
Warren G. Bennis, authour of On Becoming a leader

အကြမ်းမဖက်လှုပ်ရှားမှု၏ သီအိုရီနှင့်လက်တွေ့လှုပ်ရှားပုံများကို ထိရောက်အောင် ပြောင်းလဲပေးနိုင်သူမှာ ခေါင်းဆောင်ဖြစ်သည်။ ဒီမိုကရေစီအတွက် လှုပ်ရှားရာတွင် ခေါင်းဆောင်တို့သည် လူထုကို စည်းရုံးရသည်။ လှုပ်ရှားသူတို့အတွက် နမူနာဖြစ်နေရသည်။ လှုပ်ရှားမှုအခြေအနေကို အခြားသူများ သံသယ ဖြစ်နေချိန်တွင် မိမိက ယုံကြည်မှုရှိနေကြောင်း ထင်ရှားစွာပြရသည်။ ခေါင်းဆောင်မှန်လျှင် သင့်တော်သောအချိန်တွင် လျော်ကန်စွာ ဆုံးဖြတ်နိုင်ရသည်။ စိတ်ပါလက်ပါထောက်ခံပူးပေါင်းမှ အောင်မြင်နိုင်သည် ဆိုသောအချက်ကိုဆက်လက် ထိန်းသိမ်းထားနိုင်ရသည်။

ယနေ့ခေတ်လူသားတို့သည် အတွေးအခေါ် အားကောင်းကြသည်။ အထူးသဖြင့် နိုင်ငံရေးတွင် ထက်ထက်မြက်မြက် ရှိကြသည်။ ထိုးဖောက် မြင်နိုင်စွမ်း ရှိကြသည်။ သို့ဖြစ်၍ ပြည်သူတို့က နိုင်ငံရေးခေါင်းဆောင်အတော်များများကို ပြက်ရယ်ပြုလာကြသည်မှာ အဆန်းမဟုတ်တော့။ ပြည်သူဆိုသည်မှာ နှစ်သက်ရာကို မေးခွန်းထုတ်ခွင့် ရှိသည့်အလျောက် ရေဒီယိုနှင့် ရုပ်မြင်သံကြားတွင် ပြောဆိုနေကြသူတို့အား အပြောနှင့်အလုပ် တကယ်တမ်းကိုက်ညီရဲ့လား၊ အမှန်အတိုင်း တင်ပြနေကြပါရဲ့လားဟု သံသယဖြင့် မေးမြန်းနေကြတော့သည်။

(၁၇)ရာစုနှစ်တွင် ခေတ်သစ် ဒဿနပညာရှင် သောမတ်စ် ဟော့ဘဲစ်(Thomas Hobbes)၏ လူ့သမိုင်းအမြင် ထွက်ပေါ်လာခဲ့သည်။ သို့သော် (၁၉)ရာစုနှစ်အစပိုင်း အမေရိကန်နိုင်ငံ၏ တတိယသမ္မတ ဖြစ်သူ သောမတ်စ် ဂျက်ဖာဆန်(Thomas Jefferson)၏ နိုင်ငံရေးအမြင်က ထိုလူ့သမိုင်းအမြင်ကို လွှမ်းမိုးနေသည်ဟုဆိုလျှင် မည်သူမျှ အံ့အားသင့်နေမည် မဟုတ်ပါ။ ငွေရှိရမည်၊ စာရိတ္တ ကောင်းရန်မလို၊ နိုင်ငံရေးအမြင် ရှိရမည်၊ မရှိလည်း အစိုးရဖွဲ့ပြီး အုပ်ချုပ်တတ်ရမည်၊ ထိုသို့ဖြစ်အောင်လုပ်နိုင်လျှင် ရွေးကောက်ပွဲနိုင်မည်ဟု ယေဘုယျ ယုံကြည်ပြီး နိုင်ငံရေး လောကသို့ ဝင်လာကြသူများ ရှိသည်။ ထိုသို့သော နိုင်ငံရေးသမားတဦးသည် နိုင်ငံရေးလောကမှ မထွက်မချင်း အကြိမ်များစွာ စိမ်ခေါ်ခံနေရပေဦးမည်ဖြစ်သည်။

အမျိုးသားခေါင်းဆောင်အချို့သည် နိုင်ငံရေးခေါင်းဆောင်ဟု လူထုက ယေဘုယျ သိထားသည်များနှင့် ခြားနားနေလွန်းသည်ကို သံသယ ဖြစ်စရာမရှိပါ။ တောင်အာဖရိကမှ နဲလ်ဆင်မဲန်ဒဲလား၊ အမေရိကန်မှ မာတင်လူသာကင်း၊ ပိုလန်မှ လဲ့ခ်ဝါလဲဆာ၊ မြန်မာမှ ဒေါ်အောင်ဆန်းစုကြည်တို့မှာ များသောအားဖြင့် ရှိနေတတ်သည့် အမျိုးသားခေါင်းဆောင်ဆိုသူတို့နှင့် အတော်ခြားနားပြီး လုံးဝသာလွန်နေသူများဖြစ်သည်။

အုပ်စိုးသူနှင့်ပြည်သူတို့အကြား ဝေး၍မဖြစ်။ အမြဲနီးကပ်နေမှသာ အစိုးရ၏အပြုအမူနှင့် ပေါ်လစီများကို လူထုက လက်ခံနိုင်ကြသည်။ အစိုးရ အလိုရှိသည့်အတိုင်း လူထုက ထိရောက်အောင် ပြုပြင်ထိန်းသိမ်းပေးနိုင်ကြသည်။ သို့မဟုတ်ပါက အစိုးရကို လူထုက လက်မခံ၊ အစိုးရပေါ်လစီများကိုလည်း လိုက်နာပေးတော့မည် မဟုတ်ပေ။ ထိုအခါမျိုးတွင် ဒီမိုကရေစီအသွင်ပြောင်းလဲလိုသူ အတိုက်အခံများ ထွက်ပေါ်လာတတ်သည်။ သူတို့သည် မကြာခဏဆိုသလိုပင် အစိုးရကို တနိုင်ငံလုံးမှဆန့်ကျင်နိုင်မည့် ကြောက်မက်ဖွယ်ရာ အင်အားစုတရပ်ကို စုစည်းလာတတ်ကြသည်။ အဆိုပါအခြေအနေတွင် **လူထုအင်အားဖြင့် နိုင်ငံရေးချိန်ခွင်လျှာကို ပြန်လည်ထိန်းသိမ်းပေးနိုင်ရန် လူတဦးချင်းစီ၏ လွတ်လပ်ခွင့်နှင့် တရားမျှတမှုရှိရေးကို တောင်းဆိုသည့် သဘောတရားရေးရာ**ကို အတိုက်အခံ ခေါင်းဆောင်တို့က ပြည်သူတို့အား ရိုက်သွင်းပေးသည်။ အုပ်စိုးသူ လက်အောက်မှ လွတ်မြောက်နိုင်မည့် ယုံကြည်ချက်ကို လှုံ့ဆော်ပေးသည်။ အုပ်စိုးသူအား ဆန့်ကျင်ရဲသည့် စိတ်ဓါတ်ကို မြှင့်တင်ပေးသည်။

လက်နက်ကိုင်သည်ဖြစ်စေ၊ မကိုင်သည်ဖြစ်စေ ထိရောက်အောင် ဦးဆောင်တတ်သော အမျိုးသား ခေါင်းဆောင် (သို့) ဒေသခံခေါင်းဆောင်တို့တွင် အရည်အသွေးများရှိကြောင်း လေ့လာတွေ့ရှိရသည်။ ရင်ဆိုင်တိုက်ခိုက်ရဲသော တကယ့်ခေါင်းဆောင်ကြီးများသည် ခေါင်းဆောင်အဖြစ် မွေးဖွားလာကြသည်ဟု ပြောဆိုကြသည်၊ သို့သော် နိုင်ငံရေး ရည်မှန်းချက်များအားလုံး အတွက်ဆိုလျှင် ခေါင်းဆောင်၏ အခြေခံအရည်အသွေးများနှင့် မလုံလောက်တော့ပါ။ ပညာရေး၊ လေ့ကျင့်ရေး၊ အတွေ့အကြုံများနှင့်လည်း ထပ်မံ ပေါင်းစပ်ဖြည့်ဆည်းပေးရတော့မည် ဖြစ်သည်။

လူထုဆန္ဒအတိုင်း လိုက်လျောပေးဖို့ အာဏာရှင်အစိုးရထံ အောင်မြင်စွာ တောင်းဆိုနိုင်ရန်မှာ ပြည်သူတရပ်လုံး ပါဝင်လာမှ ဖြစ်နိုင်သည်။ များပြားလှသောလူထုကြီးကို စည်းစနစ်ကျစွာ စီမံခန့်ခွဲပေးနိုင်ရန် အဆင့်ဆင့်သော ခေါင်းဆောင်များစွာ လိုအပ်သည်။ တနိုင်ငံလုံးအတိုင်းအတာဖြင့် ဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမည်ဆိုပါက သောင်းဂဏန်း မဟုတ်သည့်တိုင် ထောင်ပေါင်းများစွာသော ခေါင်းဆောင်များ ရှိနေရပါမည်။ ထိုခေါင်းဆောင်များမှာ အခြားသူများမဟုတ်။ ပြည်သူလူထုထဲက ပြည်သူများသာ ဖြစ်သည်။ ပြည်သူတို့သည် မိမိတို့ကျွမ်းကျင်ရာအလိုက် ခေါင်းဆောင် တာဝန်အဆင့်ဆင့်ကို ယူကြရမည်ဖြစ်သည်။ ခေါင်းဆောင်တာဝန်ကို မယူချင်၍လည်းမရပါ။။ အကြမ်းမဖက်လှုပ်ရှားသူ ခေါင်းဆောင်တို့၏ အရည်အသွေးများကို လှုပ်ရှားမှု အားကောင်းစေရေးအတွက် စဉ်းစားသုံးသပ်နိုင်ရန် ဆက်လက် အကြံပေးဆွေးနွေးပါမည်။

# ခေါင်းဆောင်အရည်အသွေး

ခေါင်းဆောင်အရည်အသွေး

- နမူနာဖြစ်အောင်နေပါ
- သင်ကခေါင်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသူတို့ကို သိနေပါ
- ကျွမ်းကျင်စွာ တာဝန်ထမ်းဆောင်ပါ
- တာဝန်ခံနိုင်သည်များကို လိုက်ရှာပါ၊ တာဝန်ခံပါ
- အောင်မြင်မှုအတွက် အခြားသူများကို အသိအမှတ်ပြုပါ
- သစ္စာစောင့်သိခြင်း
- ပြိုင်ဖက်အကြောင်းကိုသိထားပါ
- အတွေ့အကြုံမှသင်ယူပါ
- အဖွဲ့သားတို့၏အရည်အချင်းကို

## (၁) နမူနာဖြစ်အောင် နေပါ

မည်သည့်အဖွဲ့အစည်းမဆို အချိန်တန်လျှင် ခေါင်းဆောင်၏အရည်အသွေးကို သိလာကြသည်သာဖြစ်သည်။ ရုံးခန်းထိုင်ပြီး မိမိကိုယ်ကျိုးအတွက် လုပ်နေသော ခေါင်းဆောင်တဦးနေဖြင့် လက်အောက်မှလူများ မိမိကဲ့သို့ အလားတူလုပ်နေသည်ကိုတွေ့ရလည်း အံ့အားသင့်နေမည်မဟုတ်ပေ။ အာဏာကိုအလွဲသုံးစားလုပ်သော ခေါင်းဆောင်တို့သည် စနစ်တကျပင် အာဏာအလွဲသုံးစားလုပ်သည်။ ခေါင်းဆောင်ဖြစ်သူက ရိုးသားကြိုးစားမှ နောက်လိုက်တို့က ရိုးသားကြိုးစားကြသည်။ ခေါင်းဆောင်က သတ္တိရှိပြီး အခြားသူများအပေါ် လေးလေးစားစား ဆက်ဆံတတ်လျှင် နောက်လိုက်များ၌လည်း အဆိုပါ အရည်အသွေးများရှိနေသည်ကို ထင်ရှားစွာတွေ့ရသည်။ အဖွဲ့အစည်းတခု၏ ဂုဏ်အင်္ဂါ လက္ခဏာရပ်များသည် ခေါင်းဆောင်၏အရည်အသွေးနှင့် အပြုအမူများအပေါ် မူတည်သည်။

## (၂) သင်က ခေါင်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသူတို့ကို သိနေပါ

ထိရောက်အောင် ခေါင်းဆောင်တတ်သူသည် မည်သူတို့အား ခေါင်းဆောင်ရမည်ကို သိနေပြီး ထိုသူတို့အား ဂရုတစိုက်ရှိကြောင်း ပြသနိုင်ကြသည်။ နိုင်ငံတော်အဆင့် ခေါင်းဆောင်ဆိုလျှင် လူဦးရေနှင့်အခြား စာရင်းဇယားများကို နားလည်ထားသည် ဟုဆိုလိုသည်။ ဥပမာအားဖြင့် ဖွား–သေစာရင်း၊ အလုပ်သမား၊ လယ်သမား၊ ကျောင်းဆရာ၊ စာရေးစာချီ အစရှိသူတို့၏ဝင်ငွေ၊ ပညာရေးအဆင့်အတန်း၊ ဘာသာရေး၊ လူမျိုးရေးရာ အဖုံဖုံ၊ သွင်းကုန်–ပို့ကုန်၊ ပြည်တွင်းထုတ်ကုန်စုစုပေါင်းတို့၏ အရင်းအမြစ်များ၊ ကျန်းမာရေး ဂရုစိုက်မှုအဆင့်၊ အခြား လူမှုရေးဝန်ဆောင်လုပ်ငန်းများဖြစ်သည်။ "လူတွေ နေ့စဉ် ဘာလုပ်နေကြသလဲ" ဆိုတာကို သိနားလည်ထားရန်လည်း အရေးကြီးသည်။

၂၀၀၂ခုနှစ် ဇင်ဘာဘွေနိုင်ငံမှအဖြစ်ကို နမူနာတင်ပြပါမည်။ ထိုနိုင်ငံသားတို့သည် စားစရာကို အချိုးကျ ဝယ်ယူရန် တနေ့လျှင် နာရီပေါင်းများစွာ တန်းစီစောင့်ရသည့်ဒဏ်ကို ခံရသည်။ နိုင်ငံသား(၄)ယောက်လျှင် အနည်းဆုံးတယောက်မှာ ကိုယ်ခံအားကျဆင်းသည့်ရောဂါ (AIDS/HIV (Acquired immunodeficiency syndrom / Human immunodeficiency virus)) ဖြစ်နေသည်။ ငွေကြေးဖောင်းပွမှုမှာ ရာခိုင်နှုန်း(၁၀၀) အထက်တွင်ရှိနေပြီး အလုပ်လက်မဲ့ (၇၀) ရာခိုင်နှုန်းရှိသည်။ နေ့စဉ်ဘဝ ဖြစ်ရပ်မှန်များကိုကြည့်လျှင် ပြည်သူတို့တွင် ဝင်ငွေမရှိ။ အဟာရက ချို့တဲ့နေသည်။ အလုပ်နှင့်စားစရာကို ရှာဖွေနေရသည်။ နေမကောင်းသူ၊ သေအံ့ဆဲဆဲ မိသားစုကို စောင့်ရှောက်နေရသည်။ ထိုသို့သောအခြေအနေတွင် ပြည်သူတို့သည် နိုင်ငံရေးလုပ်ရန် အချိန်မရှိသလောက်ပင်။ ထိုကြားထဲ ဇင်ဘာဘွေ အာဏာရှင်အစိုးရက အတိုက်အခံတို့အား မိသားစုများပါမကျန် အစာရေစာငတ်ပြတ်အောင် တမင်တကာရည်ရွယ်၍ ပေါ်လစီများချမှတ်ကာ နှိပ်ကွပ်သည်။ လူမိုက်များကို စေလွှတ်၍ ရိုက်နှက်ခိုင်းသည်။ အမျိုးသမီးများကို အဓမ္မကျင့်နေသည်။ ဇင်ဘာဘွေနိုင်ငံတွင် လူထုမှာ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခြင်း မရှိနိုင်လောက်အောင်ပင် အပြင်းအထန် နှိပ်ကွပ်တားဆီးခံနေရသည်။ သို့ဖြစ်၍ အတိုက်အခံတို့က လူထုထောက်ခံမှုရရန် အရေးတကြီး မေတ္တာရပ်ခံနေရသည်။

လူမှုအသိုင်းအဝိုင်းတခု၌ ဒေသခံခေါင်းဆောင် လုပ်မည်ဆိုလျှင် နာမည်ကောင်းရှိရမည်။ လူတိုင်းနှင့် ထိတွေ့နိုင်ရမည်။ ခေါင်းဆောင်တို့သည် သူတို့အားထောက်ခံသူများကိုသာမက ခြိမ်းခြောက်ခံရနိုင်သူများကိုပါ ပုဂ္ဂိုလ်ရေးအရ သိထားရန်၊ သူတို့အား ဂရုတစိုက်ရှိနေရန် ကြိုးပမ်းသင့်သည်။ ဒီမိုကရေစီအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ပြည်သူတို့ဘဝသည် မည်သို့မည်ပုံ ပိုမိုကောင်းမွန်လာမည်ကို ခေါင်းဆောင်တို့က ဒေသခံလူထုကို မကြာခဏ သတိပေး ဆော်ဩနေသင့်သည်။ ထို့ပြင် လူထုပြဿနာများကိုလည်း ခေါင်းဆောင်တို့က ကူညီဖြေရှင်းပေးသင့်သည်။

## (၃) ကျွမ်းကျင်စွာ တာဝန်ထမ်းဆောင်ပါ

ခေါင်းဆောင်တဦးသည် အလုပ်သဘောနားမလည်ပါက အရေးအခင်းတခုကို တွေ့ကြုံရလျှင် ချက်ချင်း စိတ်ခါတ်ပျက်ပြားတတ်သည်။ ထိုအခါ သူခေါင်းဆောင်သောလှုပ်ရှားမှုသည် လျင်မြန်စွာ ရှုံးနိမ့်ရလေတော့သည်။

မှန်ကန်စွာ မဆုံးဖြတ်နိုင်သောကြောင့် အရမ်းကာရောစွန့်စားမိပြီး ထိခိုက်ဆုံးရှုံးရသည်။ မည်သူ့ကိုမျှ မယုံကြည်နိုင်တော့ပဲ မြင်မြင်သမျှ ကြောက်လန့်နေတော့သည်။

ခေါင်းဆောင်ဟူသည် သမားရိုးကျစစ်ပွဲဖြစ်စေ၊ အလားတူ ပတ်ဝန်းကျင်မျိုးဖြစ်သည့် အကြမ်းမဖက်လှုပ်ရှားမှုဖြစ်စေ၊ တိုက်ပွဲမှန်သမျှ မည်သို့နိုင်အောင်တိုက်ရမည်ကို သိနေသူ ဖြစ်ရပါမည်။

ခေါင်းဆောင်တို့သည် လှုပ်ရှားမှုကိုဆင်နွှဲနိုင်သည့် တတ်သိကျွမ်းကျင်မှု ရှိထားရမည့်အပြင် လှုပ်ရှားမှု အောင်မြင်ရေးအတွက် အခြားကျွမ်းကျင်မှုများလည်း လိုအပ်သေးသည်ကို လက်ခံထားရပါမည်။

နိုင်ငံတော်အဆင့်ခေါင်းဆောင်ဆိုလျှင် အဆိုပါလှုပ်ရှားမှုကို စတင်ဆင်နွှဲရသည့် အကြောင်းရင်းကို ရှင်းလင်းပြတ်သားစွာ ကြေညာပေးနိုင်ရပါလိမ့်မည်။ သို့မဟုတ် လူထုကို လှုပ်ရှားမှုတွင် ပါဝင်လာစေရန် ခေါင်းဆောင်က လှုံ့ဆော်ပေးနိုင်ရပါလိမ့်မည်။ ခေါင်းဆောင်သည် နိုင်ငံတကာထောက်ခံမှုကို ရရှိရေးတွင်လည်း ကျွမ်းကျင်ရသည်။ ထို့ပြင် လှုပ်ရှားမှုတွင် အသုံးချနိုင်သော အရင်းအမြစ်များကို ဂရုတစိုက်သုံးသပ်၍ ကျွမ်းကျင်စွာ စီမံခန့်ခွဲပေးနိုင်ရပါမည်။ သို့မှသာ ဆုံးရှုံးမှုအနည်းဆုံးဖြင့် အောင်ပွဲရနိုင်မည်ဖြစ်သည်။

ဒေသခံခေါင်းဆောင်ဆိုလျှင် အခြေအနေကို ဆုံးဖြတ်တတ်ရပါမည်။ လှုပ်ရှားမှု၏ရည်မှန်းချက်ကို ဖြစ်မြောက်စေမည့် အကြမ်းမဖက်နည်းလမ်းများကို သင့်တော်စွာရွေးချယ်တတ်ရပါမည်။ အကြမ်းမဖက်လှုပ်ရှားမှုကို စီစဉ်ပြင်ဆင်တတ်ရပါမည်။ ရွေးချယ်ထားသော နည်းလမ်းများအလိုက် လှုပ်ရှားမည့်သူများကို လေ့ကျင့်ပေးတတ်ရပါမည်။

## (၄) တာဝန်ခံနိုင်သည်များကို လိုက်ရှာပါ၊ တာဝန်ခံပါ

ယနေ့ခေတ် လူနေမှုအဖွဲ့အစည်းများတွင် တာဝန်မခံကြခြင်းသည် မဆန်းလှသောကိစ္စတခု ဖြစ်နေဟန်ရှိသည်။ ဝယ်သူတို့မှာ မကြာခဏဆိုသလို အရောင်းကိုယ်စားလှယ်ကို စကားပြောနေရသည်။ အကြောင်းမှာ ဝယ်ခဲ့သောပစ္စည်းနှင့် ပတ်သက်ရသည့် ပြဿနာကြောင့်ပင်။ ကုမ္ပဏီ၏ ပထမဦးစားပေးအရ မည်သည့်ပြဿနာ ဖြစ်စေကာမူ သူတို့ကုမ္ပဏီ၏အမှားမဟုတ်ပါ ဟူသော တုန့်ပြန်သံကို ဝယ်သူတို့က နားလည်ပေးနေရသည်။ ထို့အတူပင် ကျောင်းသားတယောက် စာမေးပွဲကျလျှင် သင်ပေးသူဆရာကိုသာ ပထမဦးဆုံးအပြစ်တင်တော့သည်။ နိုင်ငံရေးလောကတွင်လည်း အကောင်းဆုံးရနိုင်ခဲ့သည့် သတင်းအချက်အလက်ပေါ်မူတည်၍ ဆုံးဖြတ်ချက်ချသည်ဟု ကြားနေရသည်။ သို့ဖြစ်ရာ နိုင်ငံရေးသမားတဦးက ဆုံးဖြတ်ချက်မှားသွားသည့်တိုင်အောင် ထိုသူကို အပြစ်တင်ရန် ခက်နေတော့သည်။

အရေးပါသော အစည်းအဝေးတခုကို ပြင်ဆင်ထားရန် ပျက်ကွက်သောအခါ ပြင်ဆင်ရန် အချိန်မရသောကြောင့်ဟု ဆင်ခြေပေးကြသည်။ သို့မဟုတ်လည်း သားသမီးတဦးဦးက နေထိုင်မကောင်းဖြစ်၍၊ ဂိတပွဲရှိနေ၍၊ မိဘဆရာအသင်း အစည်းအဝေး ရှိနေ၍ စသဖြင့် အကြောင်းပြချက် ပေးတတ်ကြသည်။ အချို့က အခြားသူများ မသိသေးသည့်အကြောင်းကို အခွင့်ကောင်းယူ ဖော်ပြတတ်သည်။ ရုတ်တရက်ကျရောက်လာသော သဘာဝဘေးဒုက္ခကိုလည်း ဖော်ပြတတ်သည်။ မည်သို့ပင် ဖော်ပြသည်ဖြစ်စေ မိမိဘက်မှ ပျက်ကွက်သည်ကို အခြားသူတို့ စောဒကမတက်ပဲ ကောင်းကောင်း ခွင့်လွှတ်ပေးစေချင်သော ဆင်ခြေများသာဖြစ်သည်။ သို့သော် အကြမ်းမဖက်လှုပ်ရှားသည့်ခေါင်းဆောင်တို့မှာ သာမန်အရပ်သားများ မဟုတ်ကြသလို သူတို့ခေါင်းဆောင်သော လှုပ်ရှားမှုမှာလည်း သာမန်ဖြစ်နေကျကိစ္စမျိုး မဟုတ်သဖြင့် အထက်ပါဆင်ခြေမျိုး မပေးမိအောင် သတိပြုသင့်လှသည်။

အဖွဲ့အစည်း၏ရည်မှန်းချက်ကို ဖြစ်အောင်မလုပ်နိုင်သောကိစ္စတွင် ခေါင်းဆောင်တဦးအနေဖြင့် တာဝန်ရှိမှသာ ထိရောက်မည်။ တခုခုမှားလျှင် အခြားလူများကို အပြစ်မတင်သင့်။ ခေါင်းဆောင်ဖြစ်သူကသာ မှားသည့်အကြောင်းကို ဝန်ခံရမည်။ ထိုအမှားအတွက် တာဝန်ယူရမည်။ ဖြစ်လာသောပြဿနာကို မှန်ကန်အောင် ဖြေရှင်းပေးရမည်။ ထိုအမှားမှ သင်ခန်းစာယူရမည်။ ထိုသင်ခန်းစာဖြင့် ရှေ့ဆက်လုပ်ရမည်။ သူတို့အမှားအတွက် ခေါင်းဆောင် ဖြစ်သူက တာဝန်ယူလိုက်သဖြင့် နောက်လိုက်တို့က ခေါင်းဆောင်အား တန်ဖိုးထားနေပေလိမ့်မည်။

ထို့ပြင် ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာ၌ ခေါင်းဆောင်သည် အခြားလူများအပေါ် လွှမ်းမိုးနိုင်စွမ်းလည်း ရှိသွားသည်။ "*ခင်ဗျားတို့ သိတဲ့အတိုင်းပဲ။ ဒီအမှားကို ကျနော်တာဝန်ယူတယ်။ ခင်ဗျားတို့ကို ကြိုးကြပ် လမ်းညွှန်ဖို့ ကျနော် ပျက်ကွက်ခဲ့လို့ပဲ။ နောက်တကြိမ် ဒီလိုထပ်မှားတာမျိုး ကျနော် တာဝန်မယူချင်ဘူး။*

*ထပ်မမှားအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျနော်တို့သိဖို့လိုတယ်*''ဟု ခေါင်းဆောင်ဖြစ်သူက နောက်လိုက်များကို ပြောပြရပါမည်။ အမှားတခုအတွက် မိမိလက်အောက်ကလူ(များ)ကို အပြစ်တင်လျှင် မိမိကိုယ်ပိုင်အရည်အသွေးဖြင့် လုပ်နိုင်သည့်အခွင့်အရေးကို အမြန်ဆုံး ပိတ်ပင်လိုက်သည်နှင့် အတူတူပင်။

ပဋိပက္ခတခုကို လုပ်ရှားဆင်နွှဲရာတွင် မှားနိုင်ကြောင်း ကြိုတင်ဝန်ခံထားခြင်းဖြင့် အကယ်၍ မှားသွားလျှင်လည်း ထိထိရောက်ရောက် အမှားပြင်နိုင်သည်။ မည်သူမျှ အဘက်ဘက်တွင် ချို့ယွင်းချက်မရှိအောင် တော်နေသူများမဟုတ်။ သို့သော် အမှားကိုသင်ခန်းစာမယူပဲ ထပ်မှားနေသူအား နောက်ထပ်ခွင့်လွှတ်ရန် မဖြစ်နိုင်ပါ။

## (၅) အောင်မြင်မှုအတွက် အခြားသူများကို အသိအမှတ်ပြု ချီးကျူးပါ

အောင်မြင်သွားသောကိစ္စတခုကို ဆွေးနွေးကြသောအခါ ခေါင်းဆောင်ကောင်းတဦးအနေဖြင့် အမြဲ ရှောင်ကြဉ်ရမည့် အသုံးအနှုန်းမှာ ''ကျနော်'' ဖြစ်သည်။ သူ၏အဖွဲ့သားများကို အသိအမှတ်ပြု ချီးကျူးရန်အတွက် ''ကျနော်တို့''၊ ''သူတို့''၊ ''သူ''၊ ''သူမ''(သို့)''သူတို့ကို'' စသည့်တခုခုကို သုံးနှုန်းရပါမည်။ အောင်မြင်ဖို့ ဖြစ်လာသည်မှာ ''သူတို့လုပ်နိုင်ခဲ့လို့ပေါ့ '' ဟုသာ သုံးနှုန်းသင့်သည်။

ခလေးတယောက်က အစိုးရတပ်များ လာနေပြီဟု သတိပေးသည်။ ဆန္ဒပြလှုပ်ရှားနေသူများကို အဖွားအိုတဦးက သောက်ရေများ ဝေငှပေးသည်။ မိန်းခလေးငယ်တဦးက လက်ကမ်းစာရွက်ကို ဒီဇိုင်းဆွဲပေးသည်။ အမျိုးသားတဦးက သက်စွန့်ဆံဖျား လက်ကမ်းစာရွက်များကို လိုက်ဝေပေးသည်။ ဒေသခံခေါင်းဆောင်တို့က လှုပ်ရှားမှုကို အသေးစိတ်စီစဉ်ပေးပြီး တာဝန်များခွဲပေးသည်။ ထိုသူတို့သာလျှင် လှုပ်ရှားမှုအောင်မြင်ခြင်းအတွက် တကယ်အလုပ်လုပ်သူများ ဖြစ်၍ အသိအမှတ်ပြု ချီးကျူးခံသင့်သောသူများဖြစ်သည်။

ခေါင်းဆောင်တဦးသည် ကမ္ဘာပေါ်တွင် အတော်ဆုံး ဗျူဟာမှူး(Strategist)(သို့) နည်းဗျူဟာမှူး (Tactician) ဖြစ်နိုင်စရာရှိသည်။ သို့သော် သူ့စိတ်ကူးနှင့် လှုပ်ရှားမှုသဘောတရားများကို အကောင်အထည်ဖော်ပေးမည့်သူမရှိလျှင် သူ့အရည်အချင်းများမှာ မည်သို့မျှ တန်ဖိုးရှိမည် မဟုတ်ပါ။ အောင်မြင်ရခြင်းအတွက် ခေါင်းဆောင်ဖြစ်သူက အခြားသူ(မိမိအဖွဲ့သား)များကို အသိအမှတ်ပြု ချီးကျူးသဖြင့် အကျိုးဖြစ်ထွန်းမှု ရှိသည်။ အဖွဲ့သားတဦးချင်း၏ စိတ်ထဲတွင် မိမိတို့သည်လည်း တဦးချင်းအနေဖြင့် အရေးပါသောတာဝန်ကို ထမ်းဆောင်နေရသည်၊ အဖွဲ့၏ အောင်မြင်မှုသည် မိမိတို့တဦးချင်း၏ လုပ်ဆောင်ချက်အပေါ်တွင်လည်း မူတည်နေသည်၊ ထို့ပြင် တကယ်လုပ်ခဲ့သောကြောင့်လည်း အသိအမှတ်ပြု ချီးကျူးခံရသည်ဟု ယုံကြည်သွားသည်။

## (၆) သစ္စာစောင့်သိခြင်း

သစ္စာစောင့်သိသည် ဟုပြောကြသည်။ ဤစကားသည် ဒီမိုကရေစီလူ့ဘောင်၌ မရှင်းမရှင်း ဖြစ်နေသည်။ သစ္စာစောင့်သိရန်အတွက် အဖွဲ့အစည်းတခုတွင် နှစ်လမ်းသွားစနစ် လိုအပ်သည်။ အဖွဲ့ဝင်များက ခေါင်းဆောင်အား ထောက်ခံပေးသည်၊ ခေါင်းဆောင်ကလည်း အပြန်အလှန်အားဖြင့် အဖွဲ့ဝင်များကို လေးစားရသည်၊ သူတို့အား ဂရုတစိုက်ရှိနေကြောင်း ပြသရသည်။

သစ္စာစောင့်သိသည် ဆိုရာဝယ် ''ဘာမဆို မီးသေသူ'' ဖြစ်ရမည်ဟု မဆိုလို။ ခေါင်းဆောင် ပြောသမျှ ပြန်လှန်မေးခွန်း ထုတ်မနေပဲ အရာရာတိုင်းကို နာခံခေါင်းငြိမ့်ပေးရခြင်းမျိုး မဟုတ်ပါ။ မိမိက သိထားသည်နှင့် ခေါင်းဆောင်ပြောသည်က ကွဲလွဲနေလျှင် အကြောင်းရင်းအမှန်ကို တင်ပြသင့်သည်။ အမှန်အတိုင်း ဖြစ်နေခဲ့သည်များကို ထိန်ချန်မထားသင့်ပါ။ ခေါင်းဆောင်က အမှန်ကိုမသိပဲ ဆုံးဖြတ်ချက်ချလိုက်လျှင် ဒီမိုကရေစီ လှုပ်ရှားမှုကို ထိခိုက်သွားနိုင်သည်။ သစ္စာစောင့်သိသူအနေဖြင့် အမှန်ကို ခေါင်းဆောင်ထံ တင်ပြပြီး သင့်လျော်မှုရှိမရှိ သုံးသပ်စဉ်းစားရန် သတိပေးသင့်သည်။

အဖွဲ့အတွင်း တမင်တကာ သဘောကွဲလွဲနေအောင် ဖန်တီးကြသည်များ ရှိနိုင်ပါသည်။ ထိုအခါ မည်သည့်အကြောင်းကြောင့် ဖြစ်ရသည်ကို ခေါင်းဆောင်မှ အလေးအနက်ထား စဉ်းစားသုံးသပ်နိုင်ရန် အကြံပြု ထောက်ခံချက်များနှင့်တကွ တင်ပြသင့်သည်။ ခေါင်းဆောင်ဖြစ်သူကလည်း ထိုကိစ္စကို တရားဝင် ပြောဆိုနိုင်ခွင့် ပေးရန် အဖွဲ့အတွင်း လုပ်ငန်းစဉ်ချမှတ်ပေးခြင်းဖြင့် အပြန်အလှန် လိုက်နာရပါမည်။

တခါတရံ မဟာဗျူဟာတွင် ရည်မှန်းချက်များ ပိုမိုထားရှိလာရန် အခြားသူတို့က စီစဉ်နေသည်ကို ခေါင်းဆောင်အပေါ် သစ္စာစောင့်သိသော အဖွဲ့သားက သိရှိသော်လည်း ထုတ်မပြောပဲ ထားတတ်သည်။ ထို့ပြင် ခေါင်းဆောင်က မသိသေးသောကိစ္စကို အခြားသူတို့က လုပ်ဆောင်ရန် ရှိနေသော်လည်း ထိုအဖွဲ့သားက ခေါင်းဆောင်ထံ မတင်ပြပဲ၊ အသိမပေးပဲ ထားတတ်ပြန်သည်။ အဖွဲ့သားက ခေါင်းဆောင်အပေါ် သစ္စာရှိနေသော်လည်း ထိုသို့မလိုအပ်ပဲ လျှို့ဝှက်ထိန်ချန်ထားမိရာ ခေါင်းဆောင်အဖို့ ဘာမှန်းမသိပဲ ဖြစ်နေရသောကြောင့် အဖွဲ့အတွင်း သဘော ကွဲလွဲစရာများ ဖြစ်ပေါ်လာရသည်။

မည်သည့်ကိစ္စမဆို လုပ်ရှားရန် ဆုံးဖြတ်လိုက်ပြီဆိုလျှင် အားတက်သရော ထောက်ခံကြရစမြဲပင်။ အဖွဲ့အတွင်း ရေရှည် သဘောထားကွဲလွဲနေ၍ မဖြစ်။ ဆုံးဖြတ်ချက်ရာတွင် ခေါင်းဆောင်ဖြစ်သူက အတော်ဆုံး၊ အကောင်းဆုံး လက်အောက်ခံ အဖွဲ့သားများကို ပါဝင်စေလိုက်သောအခါ အားလုံးက တက်ညီလက်ညီ ထောက်ခံပေးကြဖို့လိုသည်။

## (၇) ပြိုင်ဖက်အကြောင်းကို သိထားပါ

ပြိုင်ဖက်နှင့်ပတ်သက်ရာ သတင်းတခုချင်းကိုပင် စုဆောင်းရမည်၊ လေ့လာသုံးသပ်ရမည် ဟုဆိုလိုသည်။ အောက်ပါမေးခွန်းတို့ဖြင့် ဥပမာပေးပါမည်။ သေချာစွာ စိစစ်သုံးသပ်ရပါမည်။ ပြိုင်ဖက်အကြောင်းကို သိနေမှ ပြိုင်ဖက်က မည်သို့တုန့်ပြန်လာမည်ကို မဟာဗျူဟာရေးဆွဲသူတို့က မျှော်လင့်ထားနိုင်ပါမည်။

- ပြိုင်ဖက်ဖြစ်သူက အကြမ်းမဖက် လှုပ်ရှားမှုအပေါ် မည်သို့ထင်ထားသနည်း။
- များသောအားဖြင့် ပြိုင်ဖက်က မည်သည့်ကိစ္စများ လုပ်တတ်သနည်း။
- ပြိုင်ဖက်သည် မည်သည့်ဖိအားများ ပေးခံနေရသနည်း။
- ပြိုင်ဖက်၏ ယုံကြည်ချက်မှာ အဘယ်နည်း။
- ပြိုင်ဖက်အတွက် အရေးပါသော၊ အရေးမပါသော အချက်များကား အဘယ်နည်း။
- ရန်သူမှာ အမှန်တကယ် မည်သူဖြစ်သနည်း။
- ဒီမိုကရေစီ အတိုက်အခံများကို နှိပ်ကွပ်ရန် ညွှန်ကြားနေသော အမိကခေါင်းဆောင်တို့အကြောင်းများမှ မည်သည်တို့ကို သိထားသနည်း။

## (၈) အတွေ့အကြုံမှ သင်ယူပါ

ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်အမှားမှ သင်ခန်းစာယူသည်မှာ တန်ဖိုးအရှိဆုံးဖြစ်သည်။ အခြားသူတို့၏ အမှားနှင့် အောင်ပွဲများမှ သင်ယူလျှင်လည်း အရင်းအနှီးသိပ်မစိုက်ပဲ အမြတ်ရလိုက်သကဲ့သို့ အကျိုးရှိလှသည်။ မိမိအမှားမှ ပြန်လည် မသင်ယူနိုင်သူများအဖို့ အတွေ့အကြုံသည် သူတို့၏ ဆရာကောင်းဖြစ်လာမည် မဟုတ်ပါ။

ပြီးခဲ့သောနှစ်များအတွင်း ဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု အကြောင်းကို သုတေသနပြု လေ့လာရန် အလွန်ကောင်းသည့် စာအုပ်အများအပြား ထွက်လာသည်။ သို့ဖြစ်၍ အခြားသူတို့၏ အတွေ့အကြုံများမှလည်း ကောင်းကောင်း လေ့လာနိုင်သည်။ ထို့ပြင် အကြမ်းမဖက်လှုပ်ရှားမှု နယ်ပယ်တွင်ရှိသော သုတေသနများနှင့် အတွေ့အကြုံများကို အန်ဂျီအိုအချို့က ပြန်လည်ဝေမျှပေးချင်နေသည်။ မည်သည့်အရပ်ဒေသမဆို အကြမ်းမဖက် လှုပ်ရှားမှုတခုပြီးတိုင်း သိလာရသော သင်ခန်းစာများမှာ ပိုပြီးတိုက်ရိုက် အသုံးတဲ့နိုင်သည်။ ယင်းတို့ကို စုဆောင်းပြင်ဆင်ထားရန်နှင့် အခြားသူများအား ခွဲဝေပေးရန် အရေးကြီးသည်။ သင်ခန်းစာတခုတည်းကို လေ့လာရုံ သက်သက်ဖြင့် ဗျူဟာမှူးဖြစ်မလာပါ။ ဗျူဟာမြောက် စဉ်းစားသုံးသပ်နိုင်လာသည်မှာ ကိုယ်ပိုင် အတွေ့အကြုံများမှ သင်ခန်းစာယူနိုင်သောကြောင့်ဖြစ်သည်။ သို့မဟုတ် အခြားအတွေ့အကြုံများကို ဖတ်ရှုလေ့လာပြီး ဆွေးနွေးခြင်းဖြင့်လည်း ထိုသို့ စဉ်းစားသုံးသပ်နိုင်ပါမည်။ ဤအချက်ကပို၍အရေးပါသည်။

မှတ်ချက်။ **နမူနာစာအုပ်များ–** Bertil Litner, *Outrage: Burma's Struggle For Democracy*, (London and Bangkok: White Lotus, 1990) (ဒေါ်မာန်ဟုန် – ဗမာပြည်ဒီမိုကရေစီတိုက်ပွဲ – စံဝင်းမောင်နှင့် မင်းမျိုးနိုင် မြန်မာပြန်); Howard Clark, *Civil Resistence in KOsovo*, (London: Pluto Press, 200).

**နမူနာ အန်ဂျီအိုများ–** အကြမ်းမဖက်လှုပ်ရှားမှုဆိုင်ရာ သတင်းအချက်အလက်များနှင့်ပတ်သက်၍ အကူအညီပေးနိုင်သော NGO များမှာ The Albert Einstein Institution (www.aeinstein.org) and the International Center On Nonviolent Conflict (www.nonviolent-conflict.org) တို့ဖြစ်ကြသည်။

## (၉) လက်အောက်ခံအဖွဲ့သားတို့၏ အရည်အချင်းကို အမြင့်ဆုံး မြှင့်တင်ပေးပြီး ယှဉ်ပြိုင်ခိုင်းပါ

ခေါင်းဆောင်သည် လူမှန်နေရာမှန် ရွေးချယ်တတ်ရန်လိုသည်။ ဒုတိယကမ္ဘာစစ်အကြောင်း လေ့လာသူများက ဗိုလ်ချုပ်ပက်တန်(General Patton)နှင့် ဗိုလ်ချုပ်အိုင်ဆင်ဟောင်ဝါ(General Eisenhower) တို့ကို သိကျွမ်းပြီးသားဖြစ်သည်။ မဟာမိတ်တို့၏ စစ်ရေးကြိုးပမ်းမှုများတွင် သူတို့တဦးနှင့်တဦး ကျွမ်းကျင်မှုခြင်း မတူသကဲ့သို့ ပုဂ္ဂိုလ်ရေး အကြောင်းများလည်း အလွန်ခြားနားကြသည်။

ဗိုလ်ချုပ်ပက်တန်က စစ်မြေပြင်တွင် ဦးဆောင်ကွပ်ကဲရာ၌ အလွန်တော်သည့် တပ်မှူးဖြစ်သည်။ သူ ဦးဆောင်သောတပ်များသည် ထူးထူးခြားခြား အောင်ပွဲများရရှိသည်။ သူ့တပ်များက ထိုမျှခံနိုင်ရည်ရှိဖို့ ဆိုသည်မှာမဖြစ်နိုင်ပါဟု အများစုက သုံးသပ်ရလောက်အောင်ပင် သူကခေါင်းဆောင်တတ်သည်။ သူသည် အများ၏ ကြောက်ရွံ့လေးစားခြင်းခံရသော ခေါင်းဆောင်ဖြစ်သည်။ အကယ်၍ သူ့တွင် တိုက်ပွဲဝင်ခေါင်းဆောင် အရည်အချင်း သာမရှိခဲ့သော် ပြန်ပို့ခံရမည်မှာ သံသယဖြစ်စရာမလို။ အကြောင်းမှာ ဗိုလ်ချုပ်ပက်တန်သည် ဘဝင်မြင့်လွန်းပြီး တဖက်သားကို နှစ်ပြားမတန်အောင် ပက်ပက်စက်စက် ပြောတတ်သောကြောင့်ဖြစ်သည်။ သူ့ဒဏ်ကို အခြား မဟာမိတ်တပ်မှူးအချို့ ကောင်းကောင်း ခံလိုက်ရဖူးသည်။

ဗိုလ်ချုပ်အိုင်ဆင်ဟောင်ဝါ ကမူ အတွေ့အကြုံများပြီး စီမံခန့်ခွဲမှုကောင်းသောအရာရှိဖြစ်သည်။ အေးအေးနေတတ်သူဖြစ်ပြီး ဆက်ဆံရလွယ်ကူသည်ဟု သတ်မှတ်ခံရသည်။ သူ့ကို သဘောကျထောက်ခံသူများ ရှိကြသည်။ ဗိုလ်ချုပ်အိုင်ဆင်ဟောင်ဝါက ခိုင်းလျှင် လိုလိုလားလား လုပ်ပေးချင်သူများ ရှိသည်။ ထိုအကြောင်း ကြောင့်ပင် သူသည် ဥရောပစစ်မြေပြင်တွင် တပ်မှူးဖြစ်လာသည်။ နာဇီဂျာမန်တို့လက်အောက်မှ ဥရောပကို ဝင်ရောက်တိုက်ခိုက်ရန် တာဝန်ယူရသည်။ ဗိုလ်ချုပ်အိုင်ဆင်ဟောင်ဝါသည် မဟာမိတ်နိုင်ငံအားလုံးမှ စစ်ရေး ခေါင်းဆောင်များကို ခေါ်ယူကာ နော်မန်ဒီတိုက်ပွဲ(Normandy invasion- codenamed *Operation Overlord* 1941)အတွက် စစ်ပြင်ဆင်မှုအားလုံးကို ဆွေးနွေးတင်ပြသည်။ ခေါင်းဆောင်အားလုံးထံမှ ထောက်ခံချက် ရယူနိုင်သည့်အပြင် ပူးပေါင်းလာအောင်လည်း လုပ်နိုင်ခဲ့သည်။

လိုရင်းအချက်မှာ ခေါင်းဆောင်တို့သည် မိမိလက်အောက်မှသူတို့၏စွမ်းရည်ကို သိထားပြီး အကောင်းဆုံး အသုံးချတတ်ရန်ဖြစ်သည်။

## ခေါင်းဆောင်မှုပုံစံအမျိုးမျိုး

ခေါင်းဆောင်မှုပုံစံများသည် အဆိုးဝါးဆုံးအာဏာရှင်မှသည် ဒီမိုကရေစီနည်းဖြင့် တရားဝင် တင်မြှောက်ခံရသူအထိ အမျိုးစုံစွာ မသိမသာ ပြောင်းလဲသွားသည်။ ကြုံတွေ့နေရသောအခြေအနေပေါ်မူတည်၍ ကျင့်သုံးသည့်ပုံစံ ကွဲပြားသည်။ ထို့ပြင် ခေါင်းဆောင်တဦးသည် မိမိ၏ ပုဂ္ဂိုလ်ရေးရာနှင့် လိုက်ဖက်သော ကျင့်ကြံပုံအရ မည်သို့သောပုံစံဖြင့် ခေါင်းဆောင်မည်ကို ဆုံးဖြတ်ရွေးချယ်လေ့ရှိသည်။

### (က) အာဏာရှင် ခေါင်းဆောင်မှု ပုံစံ

အာဏာရှင် ခေါင်းဆောင် ဖြစ်လာနိုင်ရခြင်းမှာ အရေးပါသော အခွင့်ကောင်းများကို ရလိုက်သော ကြောင့်သာ ဖြစ်သည်။ များသောအားဖြင့် ထိုအခွင့်အကောင်းများ ဖန်တီးပေးသော အခြေအနေ (၃)ရပ်ရှိသည်။

- ပထမ အခြေအနေမှာ ချက်ချင်းဖြေရှင်းရမည့် အရေးအခင်းဖြစ်သည်။ အာဏာရှင် ခေါင်းဆောင်မှု ပုံစံကို ကျင့်သုံးလျှင် ဆန့်ကျင်အာခံသူမရှိ၊ ပူးပေါင်းပါဝင်သူအားလုံးက သဘောတူထောက်ခံနေသည်။ ထို့ကြောင့် အာဏာရှင်အဖြစ် ရပ်တည်နိုင်ခြင်း ဖြစ်သည်။
- ဒုတိယ အခြေအနေမှာ ခေါင်းဆောင်က သူ့ကို ဆန့်ကျင်အာခံနိုင်သူများကိုဖယ်ရှား၍ သူ့အကြောင်းကို သိပ်မသိကြသော နောက်လိုက်များကိုသာ စုစည်းပြီး အာဏာတည်ရေးကို လုံးပမ်းနေသည်။ ထို အခြေအနေတွင်လည်း အာဏာရှင်ခေါင်းဆောင်မှုပုံစံကို စိတ်ကြိုက်ကျင့်သုံးနိုင်သဖြင့် အာဏာရှင်အဖြစ် ရပ်တည်လာနိုင်ခြင်း ဖြစ်သည်။
- တတိယအခြေအနေမှာ တဖွဲ့လုံး အရှုံးတွေ့နေပြီဖြစ်သည်။ သို့သော် ခေါင်းဆောင်ဖြစ်သူက မည်သို့ ဖွတ်တိုးရမည်ကို သိထားသည်။ နောက်လိုက်အဖွဲ့မှာလည်း ထိုခေါင်းဆောင်ကိုသာ မျက်စိစုံမှိတ်ပြီး အားကိုးရုံမှလွဲ၍ ဘာမှလုပ်နိုင်စွမ်းမရှိသည့် လက်ခုပ်ထဲကရေသာဖြစ်သည်။ ထိုသို့သောအခြေအနေတွင် ခေါင်းဆောင်လုပ်သူက အာဏာရှင်အဖြစ် ရပ်တည်နိုင်ခြင်း ဖြစ်သည်။

"များသောအားဖြင့်"ဆိုသော ဝေဖန်ချက်များနှင့်ပတ်သက်၍ ချွင်းချက်များ အမြဲရှိသည်။ အရေးအခင်း ဖြစ်နေသောအချိန်များတွင် အခြားသူတို့က မည်သို့ပင် ဝေဖန်စေကာမူ အာဏာရှင်ခေါင်းဆောင်က သိပ်ဂရုစိုက်လေ့မရှိပါ။ အများသူငါ၏ ထင်မြင်ယူဆချက်များကို စောင့်ဆိုင်းပြီးမှ ဆုံးဖြတ်ရန်၊ ဆွေးနွေးနေရန်လည်း အချိန်မပေးပါ။ သူသဘောကျသည့်အတိုင်းသာ ဆုံးဖြတ်အမိန့်ပေးမည်ဖြစ်သည်။ သို့သော် အာဏာရှင် ခေါင်းဆောင်က ဖြစ်လာနိုင်သည်များကို မျှော်လင့်ပြီး ကြိုတင်ပြင်ဆင်ထားပါက ခပ်မြန်မြန်ပင် ဆုံးဖြတ်ချက်ချသွား မည်ဖြစ်သည်။ သို့မဟုတ်ပါက အရေးအခင်း၏ နောက်ဆုံးအခြေအနေအရ မည်သည့်နည်းဗျူဟာ သုံးမည်ကို ဆုံးဖြတ်ချက်ပေးတတ်သည်။

အာဏာရှင်ခေါင်းဆောင်မှုပုံစံ၌ ဆိုးကျိုးများလည်း ရှိနေပါသည်။ စစ်တပ်ဝန်းကျင်တွင် ဥပဒေ အရ အတင်းအကြပ် အမိန့်နာခံရသည်။ သို့သော် လူထုကို စစ်တပ်ပုံစံဖြင့် အတင်းအကြပ်လုပ်၍မရ။ ပြည်သူ တို့သည် ဘာမဆိုလုပ်နိုင်ကြသည်။ စဉ်းစားနိုင်ကြသည်။ ကောင်း မကောင်းကို ရွေးချယ်နိုင်ကြသည်။ သို့ဖြစ်၍ လူထုက အာဏာရှင်ခေါင်းဆောင်မှုကို မနှစ်သက်လျှင် အကြမ်းမဖက်လှုပ်ရှားမှုကို ထောက်ခံလိုက်ကြသည်။ ထိုအခါ အာဏာရှင်ကို ဖယ်ရှားရေးအတွက် သက်စွန့်ဆံဖျား စွန့်စားကြသူများ ရှိလာသည်။ ထိုသို့မဟုတ်ပဲ အာဏာပိုင် တို့လက်အောက် ရောက်သွားသည့် ပြည်သူတို့မှာ မိမိတို့ ကိုယ်ပိုင်အရည်အသွေးဖြင့် လုပ်နိုင်သည့် အခွင့်အရေးကို ပိတ်ပင်ခံလိုက်ရသည့်ဘဝသို့ ရောက်သွားပြီး အထက်ညွှန်ကြားချက် မရလျှင် ဘာမှမလုပ်(တတ်)သည့် နောက်လိုက် သက်သက်သာ ဖြစ်သွားလေ့ရှိသည်။

သို့ဖြစ်၍ ပြည်သူတို့မှာ တိုင်းပြည်၏ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့်သူများ ဖြစ်သည်ဟု မိမိ ကိုယ်ကို ယုံကြည်ထားရပါမည်။ သို့မှသာ အာဏာရှင်ခေါင်းဆောင်မှုကို ဆန့်ကျင်ပြီး မိမိတို့ကိုယ်ပိုင် ယူဆချက်များ အတိုင်း အရဲစွန့်လုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် မိမိတို့အစီအစဉ်မှာကောင်းပြီး ထိရောက်အောင် လုပ်နိုင်မည်ဟု လည်း ယုံကြည်ထားပါက ပိုမိုအားတက်လာဖို့ ရှိသည်။

## (ခ) ဒီမိုကရေစီ ခေါင်းဆောင်မှု ပုံစံ

ဤပုံစံတွင်ရှိသော အခွင့်ကောင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ပြည်သူလူထုကသာ တိုင်းပြည်၏ကံကြမ္မာကို ဖန်တီးနိုင်သူများ ဖြစ်သည်၊ ထိုအတိုင်းပင် ဖြစ်ရမည် ဟု ယုံကြည်နေသည့်အခါ ဒီမိုကရေစီ ခေါင်းဆောင်အနေဖြင့် လူထု၏ စိတ်ပါလက်ပါ ထောက်ခံမှုကို မြှင့်တင်ပေးနိုင်သည်။
- ဒီမိုကရေစီ ခေါင်းဆောင်က ပြည်သူတို့အား ပြဿနာများဖြေရှင်းရေးအတွက် အကြံဉာဏ်များ ပေးကြရန် မေတ္တာရပ်ခံနိုင်သောကြောင့် ပြည်သူတို့၏ စိတ်ကူးသစ်၊ နည်းလမ်းသစ်များကို တိုင်းပြည်အတွက် အသုံးချ လာနိုင်သည်။ အချိန်လည်းရ ဖြစ်လည်းဖြစ်နိုင်မည်ဆိုလျှင် ထိရောက်သောအကြံပေးအဖွဲ့များကို

စနစ်တကျ ဖွဲ့စည်းရေးကို ဒီမိုကရေစီ ခေါင်းဆောင်ဖြစ်သူက အားပေးပါက ပြည်သူတို့ကိုယ်တိုင် တိုင်းပြည်၏ ကံကြမ္မာကို ဆုံးဖြတ်သူများ ဖြစ်လာနိုင်သည်။

- ဒီမိုကရေစီကို ဆက်လက် ယုံကြည်အားကိုးစိတ်ချထားသဖြင့် မည်သည့်အတွက်ကြောင့် ဆုံးဖြတ်ချက် ချရသည်၊ မည်သို့မည်ပုံ ဆုံးဖြတ်ချက်ချရသည်ကို လူတိုင်းက နားလည်သဘောပေါက်သွားသည်။
- ဒီမိုကရေစီ လူ့အသိုင်းအဝိုင်းတွင် ပြည်သူတို့ကိုယ်တိုင်က ဦးဆောင်သည့်တာဝန်ကို ယူလာနေသဖြင့် တန်ဖိုးရှိသော အတွေ့အကြုံများ ရလာပြီး လက်ဆင့်ကမ်း ဝေမျှပေးနိုင်သည်။

ဒီမိုကရေစီခေါင်းဆောင်မှုပုံစံကိုသုံးနေစဉ် ဆိုးကျိုးများလည်း ထွက်လာနိုင်စရာရှိသည်။ ပထမ ဆိုးကျိုးမှာ ခေါင်းဆောင်၌ အလွန်အရေးပါသော ခေါင်းဆောင်အရည်အသွေးများ မရှိလျှင် မရှိသည့်အလျောက် ချက်ချင်းပင် လူသိသွားမည် ဖြစ်သည်။ နောက်ဆိုးကျိုးတခုမှာ သဘောထားအမြင် ကွာခြားလွန်းနေပါက ဆုံးဖြတ် ချက်ချနိုင်ရန် အချိန်များစွာပေးနေရခြင်းဖြစ်သည်။

အာဏာရှင်ဖြစ်စေ၊ ဒီမိုကရေစီ ခေါင်းဆောင်ဖြစ်စေ ခေါင်းဆောင်မှုပုံစံ တခုချင်းကို အသုံးချနေကြမည်ဖြစ်သည်။ ဒီမိုကရေစီ ခေါင်းဆောင်တို့မှာမူ မိမိတို့အဖွဲ့သားများ ခေါင်းဆောင်တတ်စေရန်လည်း လေ့ကျင့်ပေးသင့်သည်။ ဆိုလိုသည်မှာ ခေါင်းဆောင်သည် မိမိအနားတွင် ရှိနေသူတို့အား ဆုံးဖြတ်ချက် ချပုံချနည်းကို ပြသရသည်၊ အချို့သတင်းများသည် မည်သည့်အတွက်ကြောင့် ပိုပြီး အရေးကြီးရသည်ဆိုသည့်အကြောင်း အသိပေးရသည်၊ သူတို့ထံမှ အကြံပြုထောက်ခံချက်များ တောင်းရသည်။ အဆိုပါ အကြံပြုထောက်ခံချက်များကို လေ့လာသုံးသပ်ရန်လိုသည်။ တနည်းအားဖြင့် ကျွမ်းကျင်သော ဒီမိုကရေစီ ခေါင်းဆောင်သည် သူ့အဖွဲ့သားတို့အား လမ်းညွှန်ပေးသူ ဖြစ်သင့်သည်။ ခေါင်းဆောင်မှု အတတ်ပညာကို အဖွဲ့သားတို့က အလွန်ကျွမ်းကျင်လာသောအခါ သူတို့အား တာဝန်များ ခွဲဝေပေးသင့်သည်။

ဤသို့ဖြင့် လုပ်ရှားမှုတခုကို ဖော်ဆောင်သောအခါ အဖွဲ့သားတို့မှာ အဆင့်ဆင့် လမ်းညွှန်ပေးနိုင်ကြပြီး တဦးနှင့်တဦး ပိုမို ယုံကြည်လာကြသည်၊ စိတ်ချအားကိုးလာကြသည်၊ လှုပ်ရှားမှုလည်း အားကောင်းလာစေသည်။

ထိုသို့မဟုတ်ပဲ ခေါင်းဆောင်က သူ့နေရာသို့ နောက်ထပ်ဝင်လာမည့်သူအား လေ့ကျင့်လမ်းညွှန် မပေးပဲ ပိတ်ဆို့ထားပါက သေဆုံးသွားလျှင်၊ နာမကျန်းဖြစ်လျှင် (သို့) အဖမ်းခံသွားရလျှင် ထိုသူအား ညံ့ဖျင်းသော ခေါင်းဆောင် ဟုသာ ခေါ်ရပေတော့မည်။

## အနှစ်ချုပ်

- ခေါင်းဆောင်တိုင်းက သူတို့အောင်မြင်သည့် အရည်အသွေးများအားလုံးကို အကုန်အစင် ပြသပေးလိမ့်မည် မဟုတ်ပါ။ သို့သော် အောင်မြင်သော ခေါင်းဆောင်တိုင်းက ထိုက်တန်ရာ အရည်အသွေးများကို လက်ဆင့်ကမ်း ဝေမျှ ပေးတတ်ကြသည်။
- ဒီမိုကရေစီကိုကျင့်သုံးရာတွင် အခြေခံအားဖြင့် အရည်အချင်းသာသူ ခေါင်းဆောင်တို့ တဦးပြီးတဦး အပြိုင် အဆိုင် ထွက်ပေါ်လာနေမည် ဖြစ်သည်။
- သို့သော် မည်သည့် ခေါင်းဆောင်မှုပုံစံကို သုံးသုံး၊ ခေါင်းဆောင်၏ အရည်အချင်း မြင့်မားမှုကသာ အဓိက ဖြစ်သည်။

--------- ooo---------

# အခန်း (၁၂)
# အဖျက်အဆီး

**Contaminant, n.** အခြားတခုကို ညစ်ပတ်၊ ပျက်စီးစေသော အရာ။
**Contaminate, v.** ဆက်စပ် ထိတွေ့ခြင်းဖြင့် ညစ်ပတ်၊ ပျက်ဆီးစေသည်။

-Webster's New Twentieth Century Dictionary, Unabridged, 1975.

ဓါတ်ဆီထဲ ရေအနည်းငယ်ပါနေလျှင် အင်ဂျင်ကို မီးမကူးတော့ပဲ ကားစက်နှိုးသံကသာ ဆူညံနေမည်။ ရေများသွားလျှင်တော့ အင်ဂျင် လုံးဝရပ်သွားပေလိမ့်မည်။ ဓါတ်ဆီတွင် ရေပါဝင်နေ၍မရသကဲ့သို့ အကြမ်းမဖက်လှုပ်ရှားမှုများ၌ ကြားဝင်ရောနှောနေသော အနှောင့်အယှက်များ၊ ဖျက်လိုဖျက်ဆီးများ ရှိနေပါက အောင်မြင်ရန် အခက်အခဲများ ရှိနိုင်သည်။ အခန်း (၁၂)တွင် အကြမ်းမဖက်လှုပ်ရှားနေသော အဖွဲ့အစည်းများတွင် အဆိုးဝါးဆုံး အဖျက်အဆီး၊ အဟန့်အတားများ မည်သို့ရှိနေကြသည်ကို အသေးစိတ် လေ့လာပါမည်။




## အကြမ်းဖက်အပြုအမူများဖြင့် ဖျက်ဆီးခြင်း

အစိုးရကိုဖြစ်စေ၊ လုပ်ပိုင်ခွင့် ရှိရှိ–မရှိရှိ ရပ်တည်နေသော အစိုးရထောက်ခံသူများကိုဖြစ်စေ အတိုက်အခံတို့ဘက်မှ အကြမ်းဖက်ခြင်းသည် အကြမ်းမဖက်လှုပ်ရှားမှု အောင်မြင်ရေးအတွက် အဆိုးဆုံးသောအဟန့်အတားဖြစ်စေနိုင်သည်။ အတိုက်အခံလှုပ်ရှားမှု၏ တိုက်ရိုက်ပစ်မှတ်ဖြစ်စေ၊ သွယ်ဝိုက်ထားသည့်ပစ်မှတ်ဖြစ်စေ အကြမ်းဖက်အပြုအမူ တခုတလေမျှ ပါရှိနေခဲ့လျှင် အစိုးရက ထိုပစ်မှတ်ကို ရက်ရက်စက်စက် လက်တုန့်ပြန် ချေမှုန်းရန် အကွက်ကောင်း ရသွားနိုင်စရာရှိသည်။ ထို့ပြင် အတိုက်အခံတို့၏ အကြမ်းဖက်လှုပ်ရှားမှုကြောင့် ဆိုးကျိုးများ မရည်ရွယ်ပဲ ထွက်ပေါ်လာစေနိုင်သည်။ အတိုက်အခံတို့လှုပ်ရှားမှုမှာ ဒီမိုကရေစီရရှိရေးကို အကြမ်းမဖက် နိုင်ငံရေး

နည်းလမ်းဖြင့် စနစ်တကျ ကြိုးပမ်းအားထုတ်ခြင်း ဖြစ်သည်ဟု လူထုက ယုံကြည်မျှော်လင့်ထားရာ အကြမ်းဖက် အပြုအမူများ ရှိလာခဲ့လျှင် လူထုမျှော်လင့်ထားသလို ဖြစ်မလာနိုင်တော့ပါ။ ယုံကြည်အားကိုးမှု လျော့နည်းသွား တတ်သည်။ လှုပ်ရှားမှု၌ လူထု ပါဝင်လာရေးလည်း အားနည်းသွားနိုင်သည်။

အကြမ်းဖက်မှုများသည် အခြားတဘက်အား အကြမ်းဖက်လက်တုန့်ပြန်လာအောင် ဆွပေး နေကြသည်။ သိသာထင်ရှားအောင် နမူနာပေးရလျှင် ၁၉၈၇ခုနှစ်က အနောက်ဖက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသ တွင် အစ္စရေးတို့ ဆက်လက်သိမ်းပိုက်ထားခြင်းကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ပါလက်စတိုင်း အကြမ်းဖက် အုပ်စုများဖြစ်သော Hamas နှင့် Islamic Jihad တို့က အစ္စရေးအရပ်သားတို့အား အသေခံဗုံးခွဲပြီး တိုက်ခိုက်သည့် ဒုတိယ ပါလက်စတိုင်း အုံကြွမှု (Intifada) ဖြစ်ပေါ်ခဲ့သည်။ ပါလက် စတိုင်းအုပ်ချုပ်ရေးအဖွဲ့ (Palestinian Authority)က အဆိုပါ အကြမ်းဖက်အပြုအမူများနှင့်ပတ်သက်မှု၍ လုံးဝမငြင်းနိုင်ပဲ ရှိနေ ရသည်။

ထိုအခါ ပါလက်စတိုင်းဒေသ တည်ငြိမ်ရေးအတွက် ဈေးစပ်ညှိနှိုင်းပွဲများကို ရပ်ဆိုင်းရန် အစ္စရေး လူထုက တောင်းဆိုလာတော့သည်။ ထို့ပြင် သိမ်းပိုက်နယ်မြေများ၌ အစ္စရေးလူမျိုးတို့ အခြေချနေထိုင်ခွင့် ပေါ်လစီ များနှင့် အနောက်ဖက်ကမ်းကို အစ္စရေးတို့ သိမ်းပိုက်ထားခြင်းတို့အား အစ္စရေးအစိုးရမှ ထိန်းချုပ်ထားပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းက ဖိအားပေးနေရာ ထိုကိစ္စကိုပါ အကြီးအကျယ် ထိခိုက်စေတော့သည်။ ထိုမျှသာမက ပါလက်စတိုင်း အုပ်ချုပ်ရေးအဖွဲ့အတွင်း ခေါင်းဆောင်အပြောင်းအလဲ မလုပ်မချင်း ပဋိပက္ခအဆုံးသတ်ရေး အနာဂတ် ဆွေးနွေးပွဲများကို ပြုလုပ်မည်မဟုတ်ဟု အစ္စရေးတို့က အကြပ်ကိုင် ငြင်းပယ်နေတော့သည်။ အကယ်၍ အစ္စရေး သိမ်းပိုက်မှုကို အဆုံးသတ်ရန် ရည်ရွယ်ပြီး အကြမ်းဖက် တိုက်ခိုက်သည်ဆိုလျှင် အင်အား အကောင်းဆုံး စစ်တပ်ဖြင့် ရပ်တည်နေသော အစ္စရေးကို ထိပ်တိုက်ရင်ဆိုင်နိုင်ပါသလားဟု လက်တွေ့ကျကျ မေးရပါလိမ့်မည်။

အကြမ်းတမ်းဆုံး လှုပ်ရှားမှုများသာမက အချို့သော နိုင်ငံရေးလှုပ်ရှားမှုများတွင်ပင် အောင်မြင်ရန် အတွက် အင်အားဖြင့် အကြမ်းပတမ်း ပြုမူတတ်ကြသည်။ ပြင်းထန်သောစိတ်ဓါတ်ရှိကြသည်။ ဆန္ဒစောကြသည်။ သို့သော် အင်အားသုံးနိုင်တိုင်းလည်း အရေးပါအရာရောက်သည် မဟုတ်ပေ။ စိတ်ဓါတ်ပြင်းထန်ကာ ဆန္ဒစောတိုင်း လည်းဖြစ်လာမည်ဟု အလွန်အကျွံတွက်ထား၍ မရလောက်ပင်။ အကြမ်းမဖက်လှုပ်ရှားမှု မဟာဗျူဟာတွင် အကြမ်းဖက်နည်းကိုသာ အသုံးမချလျှင် အကျိုးများစွာ ဖြစ်ထွန်းနိုင်သည်။ အကျိုးတရားတခုမှာ မည်သူမဆို ကျား–မ မရွေး၊ အသက်ကြီးငယ်မဟူ ခေါင်းဆောင် ဖြစ်လာနိုင်သည်။ ထိပ်ပိုင်းခေါင်းဆောင်ပင် ဖြစ်လာနိုင်သော အခွင့်အလမ်းများ ရှိနေသည်။ အကြမ်းဖက်လှုပ်ရှားမှုတွင်မူ ထိုသို့ခေါင်းဆောင်ဖြစ်လာနိုင်ဖို့ ဝေးစွ။ လှုပ်ရှားမှု အတွက် အရည်အချင်း ရှိနေသော ထောက်ခံသူများ ဖြစ်နေလင့်ကစား ကြံ့ခိုင်မှုမရှိဟု အကြောင်းပြ၍ဖြင့် အဖွဲ့ဝင်ပင် ဖြစ်မလာနိုင်။ သို့သော် အကောင်းဘက်မှ တွေးကြည့်လျှင် အကြမ်းဖက်လှုပ်ရှားမှု၌ မပါဝင်ရတော့သဖြင့် အကြောင်း ပြချက်ကောင်းတခုဟု ဆိုရပါမည်။

အကြမ်းမဖက်လှုပ်ရှားခြင်းသည် စစ် (သို့) အကြမ်းဖက်ခြင်းကို ဆန့်ကျင်ပြီး ဖြေရှင်းလိုသောဝါဒ (Pacifism)နှင့် သဟဇာတဖြစ်ပါသည်။ ဘာသာရေး ခံယူချက်တို့နှင့်လည်း လိုက်ဖက်မှုရှိသည်။ ဒီမိုကရေစီကို ထောက်ခံသောလှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့် အများက လေးစားကြသည်၊ ကိုယ်တိုင်ကလည်း အခြားသူများ ပါဝင်လာရေးကို အားပေးရာရောက်သည်။ ထိုသို့သော လှုပ်ရှားမှုတွင် ပါဝင်အားဖြည့်တော့မည်ဟု စိတ်သန်နေသူ ပုဂ္ဂိုလ်တဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အကြမ်းဖက်လှုပ်ရှားမှုကို မြင်တွေ့နေရလျှင် မထောက်ခံတော့ရုံမက ပါဝင်လှုပ်ရှားလာမည်လည်း မဟုတ်တော့ပေ။

ထို့အတူ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထောက်ခံရန် အကြောင်းပြချက်ပေးဖို့ ခက်ခဲသွားမည် ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းဆိုသည်မှာ မည်မျှပင်ဆိုးသော အစိုးရတက်တက် ထိုအစိုးရကို အကြမ်းဖက် ဆန့်ကျင်မည့် မည်သည့်လှုပ်ရှားမှုကိုမှ အားပေးထောက်ခံသည်မဟုတ်ပါ။ ထို့ပြင် အတိုက်အခံတို့ဘက်မှ ဝါဒဖြန့် ကောင်းမှုကြောင့်ငှင်း၊ အစိုးရဘက်တော်သားတို့က လူမဆန်အောင် နှိပ်စက်ဖျက်ဆီးနေခြင်းကြောင့်ငှင်း အတိုက်အခံ လှုပ်ရှားမှုကို မည်သို့ပင်အားပေးထိုက်သည်ဖြစ်စေ၊ အကြောင်းပြချက်ကောင်းသည်ဖြစ်စေ အကြမ်းဖက်လှုပ်ရှားမှု မှန်သမျှကို နိုင်ငံတကာမှ ထောက်ခံလာမည်မဟုတ်ပေ။

# ညီညွတ်မှုမရှိသော အနေအထားဖြင့် ဖျက်ဆီးခြင်း

လူထုက တက်ကြွစွာပါဝင်မှသာ လူထုအင်အား ရရှိနိုင်သည်။ ဖိနှိပ်ခံနေရသော လူထုသည် နိုင်ငံရေး အပြောင်းအလဲအတွက် လှုပ်ရှားမှုတွင် ပါဝင်လာကြရန် တိုက်ဆိုင်ရမည့် အချိန်အခါ နှစ်ခုရှိသည်။ (၁) လူထုလှုပ်ရှားမှုဆိုသည်မှာ လူထုဆန္ဒကို အစိုးရသိအောင် ဖော်ပြနေခြင်း ဖြစ်သည်ဟု လူထုကသိလာသောအခါနှင့် (၂) အမှန်တကယ် အောင်ပွဲရအောင် ဦးဆောင်လှုပ်ရှားနိုင်သည့် ခေါင်းဆောင်များကို တွေ့မြင်နေရသောအခါ ဖြစ်သည်။ အများစုမှာ ကြောင်းကျိုးခိုင်လုံစွာ ရှင်းရှင်းလင်းလင်း စဉ်းစားပြီးမှ အသိတရားဖြင့် ပါဝင်လာကြသူများ ဖြစ်သည်။

ဤအချက်က ဘာသာရေးကို လိုအပ်သည်ထက်ပို၍ အစွန်းရောက် ကိုးကွယ်သူအချို့နှင့် မတူပါ။ ဘာသာရေး အစွန်းရောက်တို့မှာ ကိုယ်တိုင်အောင်ပွဲခံနိုင်ရေးကို မျှော်မှန်းမနေတော့ပဲ အသေခံ စတေးရန်သာ ဆန္ဒ ရှိကြသည်။ လမ်းညွှန်ကိရိယာ တပ်ဆင်မထားသော လေယာဉ်ကို မည်သူမျှ သိသိနှင့် အရဲစွန့်လိုက်ပါ စီးနင်းကြမည် မဟုတ်ပါ။ ထိုနည်းတူ အာဏာရှင် ဆန့်ကျင်ရေး နိုင်ငံရေးလှုပ်ရှားမှုတွင် အောင်ပွဲရမည့် ရှင်းလင်းပြတ်သားသော ရည်ရွယ်ချက်နှင့် မဟာဗျူဟာ မရှိလျှင် အသိတရားဖြင့် ပါဝင်လာသူ တို့မှာ အသေခံ၊ ဘဝအပျက်ခံပြီး လှုပ်ရှားမည် မဟုတ်သည်ကို သတိပြုရပါမည်။

လှုပ်ရှားသူများသည် မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းကို ယုံကြည်အားကိုးစိတ်ရှိသည်။ ထိုစိတ်ကြောင့်ပင် နိုင်ငံရေးအသွင်ပြောင်းလဲပေးနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြသည်။ သို့သော် ဒီမိုကရေစီ လှုပ်ရှားမှုကို တူညီစွာဖော်ဆောင်နေကြသော အဖွဲ့များအချင်းချင်း အဖွဲ့လိုက်ဖြစ်စေ၊ တဦးချင်းဖြစ်စေ ညီညွတ်ရေး ပျက်ပြားနေပါက ယုံကြည်အားကိုးမှုများ ဆုံးရှုံးသွားနိုင်သည်။ ပူးပေါင်းဆောင်ရွက်မှုများ လျော့နည်း၍ တဦးတဖွဲ့ တည်း ပင်ပန်းခက်ခဲစွာ ရုန်းကန်ရတတ်သည်။ အားငယ်စိတ်၊ နဂိုကပင် အရှုံးပေးထားလိုစိတ်များ အလိုလို ဝင်လာ ပေလိမ့်မည်။ နောက်ဆုံးတွင် လူမှုအဖွဲ့အစည်းကို ပြိုကွဲသွားစေသည်။ ပြိုကွဲသွားသော လူမှုအဖွဲ့အစည်းများ နေရာတွင် အာဏာရှင်အစိုးရက သူ့စိတ်ကြိုက်ဖန်တီးနိုင်သော လက်ပါးစေ အဖွဲ့အစည်းများဖြင့် အစားထိုးသွားမည် သာဖြစ်သည်။ အကယ်၍ ထိုသို့လုံးဝချုပ်ကိုင်ထားနိုင်သည့် အခြေအနေမျိုး မရှိသေးသော်လည်း အာဏာရှင်အစိုးရ ဆိုသည်က အတိုက်အခံ အဖွဲ့အစည်းများသို့ စိမ့်ဝင်ထိုးဖောက်၍ ဖြိုခွဲနေဦးမည်သာ ဖြစ်သည်။

အဖွဲ့အစည်းဝင်တို့မှာ များသောအားဖြင့် အဖွဲ့လုပ်ငန်းများအတွက် အချိန်ပေးကြသည်။ အဖွဲ့ အပေါ် သစ္စာစောင့်သိကြသည်။ အစိုးရထောက်လှမ်းရေးများ ထိုးဖောက်ဝင်ရောက်လာသောအခါ အဖွဲ့အစည်း ဝင်တို့သည် မိမိတို့ဘဝပေးအခြေအနေနှင့် နိုင်ငံရေးအကြောင်းကို လွတ်လပ်စွာ မဝေဖန်နိုင်တော့ပဲ ဖြစ်လာသည်။ သူတို့၏ လွတ်လပ်သောအတွေးအခေါ်များ ပိတ်ဆို့ခံရတော့သည်။ ခေါင်းဆောင်အချင်းချင်း မညီညွတ်လျှင်လည်း အဖွဲ့ဝင်တို့မှာ ဟိုခေါင်းဆောင်ကို ကြောက်ရ၊ သည်ခေါင်းဆောင်ကို ကြောက်ရ ဖြစ်လာသည်။ ဟိုလူကို မပေါင်းရ၊ သည်လူကို မတိုင်ပင်ရ စသဖြင့်ကန့်သတ်ခံလာရသည်။ ထိုအခါ အဖွဲ့ဝင်တို့မှာ မိမိတို့ပိုင်ဆိုင်နိုင်သည့် ကြောက်စိတ် ကင်းမဲ့သော အရည်အသွေးများ၊ ပူးပေါင်းဆောင်ရွက်နိုင်သော အရည်အချင်းများ ဆုံးရှုံးရပြန်သည်။ ဒီမိုကရေစီ ထောက်ခံသော အဖွဲ့များ၏ ခေါင်းဆောင်တို့က အဖွဲ့အတွင်း ညီညွတ်ရေးကို မတည်ဆောက်နိုင်သကဲ့သို့ အစိုးရ ဒလံများကလည်း ညီညွတ်ရေးကို စနစ်တကျ အချိန်ယူ ဖြိုခွဲသည်။ နောက်ဆုံးတွင် ထိုသို့သော ခေါင်းဆောင်မျိုးနှင့် ဒလံတို့မှာ ထူးမခြားနားသာ ဖြစ်လာတော့သည်။

အချို့လှုပ်ရှားမှုများမှာ မည်သည့်အခါမှ မည်သည့်နေရာမှ အောင်မြင်မလာခဲ့ပါ။ အကြောင်းမှာ ခေါင်းဆောင်ပိုင်းအတွင်း မညီညွတ်သောကြောင့်ဖြစ်သည်။ ခေါင်းဆောင် တဦးနှင့်တဦး ပူးပေါင်းပြီး အရေးပါသောကိစ္စများကို လုပ်လျှင်ဖြစ်နိုင်သည့်တိုင် ညီညွတ်မှုမရှိသဖြင့် ဖြစ်အောင်လုပ်ရန် ခက်ခဲနေတော့သည်။ အဖွဲ့အတွင်း အကွဲအပြဲများဖြင့် တိုက်ခိုက်နေကြသည်ကို လူထုက သိရှိနေကြသောကြောင့် တချိန်က အင်အား ကောင်းကောင်းဖြင့် လှုပ်ရှားခဲ့သောအဖွဲ့များပင် ထိထိရောက်ရောက် မလှုပ်ရှားနိုင်ပဲ ဖြစ်လာသည်။ အလုပ်မဖြစ် သောအဖွဲ့ကို လူထုက စိတ်ဝင်စားနေမည် မဟုတ်ပေ။ လူထုလှုပ်ရှားမှုတခု စတင်ရန် ဆော်သြလိုက်လျှင် အချို့အဖွဲ့ များက ပါဝင်လှုပ်ရှားရန် ငြင်းဆန်သည်မှာ အချင်းချင်း သိသိသာသာ ကွဲပြနေသောကြောင့်ဖြစ်သည်။ နိုင်ငံရေး

ပြောင်းလဲရန် လူထုက တောင်းဆိုသည်ကို ထောက်ခံပေးနိုင်မည့် မဟာဗျူဟာကို အဖွဲ့များက စုပေါင်းရေးဆွဲ၍ မရပဲ ဖြစ်နေတတ်သည်။ ယင်းသည်လည်း အတိုက်အခံတို့အတွင်း အကွဲအပြဲများကြောင့် ဖြစ်သည်။

လှုပ်ရှားမှုတခုအတွင်း ညီညွတ်မှုကို မြှင့်တင်၊ ထိန်းသိမ်းရန် အထိရောက်ဆုံးနည်းလမ်းတခုမှာ လှုပ်ရှားမှု၏ ရည်မှန်းချက်များကို ဖြစ်နိုင်သမျှ **အနည်းဆုံး** ထားရှိရန်ဖြစ်သည်။ အတိုက်အခံတို့၏ လှုပ်ရှားမှုများ အောင်မြင်လျှင် ဒီမိုကရေစီကို ထောက်ခံကြသူများအတွက်သာမက အာဏာရှင်အစိုးရကို ထောက်ခံနေသူများ အပါအဝင် နိုင်ငံသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည် ဆိုသော ဘုံရည်မှန်းချက်မျိုးဖြင့် အမြဲမပြတ် တိတိကျကျ လှုပ်ရှားနေရပါမည်။

## သူတပါးအား ဖယ်ရှားခြင်းနှင့် သီးသန့်နေလိုခြင်း အသိတရား

ရည်မှန်းချက်တူလင့်ကစား မိမိတို့လှုပ်ရှားနေသော နိုင်ငံရေး(အမျိုးအစား)တွင် မပါဝင်စေရဟု မူဝါဒ ထုတ်ပြန်၍၎င်း (သို့မဟုတ်) ကြေညာချက်ထုတ်ပြန်၍၎င်း အခြားအဖွဲ့များအား ဖယ်ကျဉ်ထားမိတတ်သည်။ ထိုအခါ အဆိုပါအုပ်စုက မိမိအား ရန်လို မုန်းတီးတတ်သည်။ သို့မဟုတ် စိတ်ဓါတ်ကျ၍ စိတ်ပါလက်ပါမရှိတော့ပဲ ဖြစ်သွားတတ်သည်။ ဥပမာအားဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းလိုသူ (Pacifist) တို့၏ အကြမ်းမဖက်လှုပ်ရှားသည့်ပုံစံမျိုး ဖြစ်ဖွယ်ရှိသည်။ သူတို့က အကြမ်းဖက်ဝါဒသည် သဘောရေးရာအားဖြင့် မှားယွင်း နေသည်ဟု ယုံကြည်ထားသူ (Deontological Pacifist) များဖြစ်သည်။ ၎င်းတို့ဝါဒသာလျှင် အကောင်းဆုံး ဖြစ်သည်ဟု တယူသန် စွဲမှတ်ထားသူများလည်း ဖြစ်သည်။ အခြားမူဝါဒရှိသူ မည်သူတို့နှင့်မျှ မရောနှောပဲ သီးသန့်နေကြသည်။ ထိုအပြုအမူကို အများစုက လက်မခံကြသည်ကိုလည်း သူတို့က ဂရုမစိုက်၊ လစ်လျူရှုထားသည်။

အတိုက်အခံ အဖွဲ့အစည်းများအတွင်းမှာပင် ထိုအပြုအမူများ ရှိသည်မဟုတ်ပါ။ အာဏာရှင် အစိုးရကလည်း လူမှုအသိုင်းအဝိုင်းအတွင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း အတိုက်အခံတို့အား လက်မခံနိုင်အောင် လုပ်လေ့ရှိသည်။ ဥပမာအားဖြင့် "အကြမ်းဖက်အဖွဲ့အစည်းများ"ဟု စွပ်စွဲခြင်းမျိုးဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံတွင် သမ္မတ ဟူဂိုချေးဗက်ဇ်အား ဆန့်ကျင်သော အကြမ်းမဖက်လှုပ်ရှားမှုများ ရှိခဲ့သည်။ သို့သော် ထိုလှုပ်ရှားမှုသည် လူမျိုးရေးနှင့် လူတန်းစားအလွှာတို့၏ စီးပွားရေးကို အကြောင်းပြုပြီး ကမောက်ကမ ဖြစ်အောင် ဖန်တီးခြင်းဖြစ်သည်ဟု အစိုးရက အပြစ်ဖို့သည်။ သမ္မတဟူဂိုချေးဗက်ဇ်ကိုယ်တိုင်က အမေရိကဒေသခံတိုင်းရင်းသား၊ အာဖရိကနှင့် စပိန်သွေးနှောသူဖြစ်သည်။ သူ့ကို ဆင်းရဲသားနှင့် သွေးနှောသူတို့က ထောက်ခံကြသည်။ သမ္မတသည် သူ့ကိုထောက်ခံသူတို့အား လူချမ်းသာ၊ လူလတ်တန်းစားတို့နှင့် ရန်တိုက်ပေး လိုက်သည်။ လူဖြူများသည် အတိုက်အခံတို့ကို ထောက်ခံအားပေးနေသည်ဟုလည်း သမ္မတက ပရိယာယ် ကောင်းကောင်းဖြင့် ဆွယ်တရားဟောသွားသည်။ သမ္မတ၏ ဆွယ်တရားအောက်တွင် အမှန်တကယ်ဖြေရှင်းရမည့် ပြဿနာများဖြစ်သော အာဏာအလွဲသုံးစားမှုနှင့် အစိုးရအဖွဲ့၏ ညံ့ဖျင်းအသုံးမကျမှုများကို လူထုက မည်သို့မျှ အပြစ်မတင် ခွင့်လွှတ်စေဖို့ ဖြစ်နေသည်။ သမ္မတသည် အာဏာရှင်စနစ်ဆီသို့ တဖြည်းဖြည်း ဦးတည်လာနေသည် ကိုလည်း လူထုက သတိမထားမိသလို ဖြစ်နေစေ ခဲ့သည်။

အမှန်စင်စစ် သမ္မတဟူဂိုချေးဗက်ဇ်သည် အတိုက်အခံတို့အား လူမှုအသိုင်းအဝိုင်းမှ ဖယ်ကျဉ် ခံရစေရန်၊ လူထုထောက်ခံမှု မရရှိရန် အားထုတ်ခြင်းဖြစ်သည်။ အတိုက်အခံတို့မှာ သမ္မတ၏စွပ်စွဲချက်များကို ပြန်လည်ချေပရန် ခက်ခဲနေခဲ့ရသည်။ သို့သော် အတိုက်အခံတို့အထဲမှ CAMBIO ဆိုသောအုပ်စုက ဆင်းရဲသားတို့ နေထိုင်ရာဒေသအတွင်း တန်ပြန် စည်းရုံးရေးဆင်းနေခဲ့သည်။ နိုင်ငံရေးတွင် အတိုက်အခံတို့ ပါဝင်နေရမည် ဖြစ်ကြောင်း၊ အစိုးရက ဒီမိုကရေစီစနစ်ကို ပိုမိုကျင့်သုံးနိုင်မှသာ၊ စီမံခန့်ခွဲနိုင်သော အရည်အချင်းရှိမှသာ၊ အာဏာအလွဲသုံးစားမှု လျော့နည်းမှသာ ပြည်သူတိုင်းက အကျိုးခံစားရမည်ဖြစ်ကြောင်း စသဖြင့် နိုင်ငံရေး အသိ တရားများ ပြန့်နှံ့အောင် ကြိုးပမ်းပေးလျက်ရှိသည်။

ဒီမိုကရေစီရရှိရေး လှုပ်ရှားမှုတွင် အခြားတဦး၊ တဖွဲ့အား ဘေးဖယ်ထားခြင်းနှင့် မိမိကသာ သီးသန့်နေလိုခြင်းဖြင့် ရည်မှန်းချက် အောင်မြင်မည့် အခွင့်ကောင်းများ ရှိလာနိုင်မည် မဟုတ်ပါ။

## ဒီမိုကရေစီလုပ်ရှားမှုအတွင်း နိုင်ငံခြားသားများရှိနေခြင်း

ပြည်တွင်းနိုင်ငံရေးလုပ်ရှားမှုနှင့်ပတ်သက်သော လူထုရေးရာကိစ္စများတွင် နိုင်ငံခြားသားများ ပါဝင်နေခြင်းအား အတိုက်အခံတို့က ခွင့်မပြုသင့်ပါ။ သို့သော် နိုင်ငံခြားမှ အထူးကျွမ်းကျင်မှုဆိုင်ရာ အကူအညီ ရယူရာတွင် (ကိုယ်စား)ဆုံးဖြတ်ပိုင်ခွင့် အာဏာ(Line authority) နှင့် တိတိကျကျတာဝန်ခံရခြင်း (Strict accountability) တို့မှာ အလွန်ခက်ခဲ သိမ်မွေ့သောကိစ္စများ ဖြစ်ကြောင်း အလေးအနက်သိထားရပါမည်။ အတိုက်အခံတို့က အဆိုပါအကူအညီကို တောင်းဆိုရရှိခဲ့ဖူးလျှင် လုပ်ရှားမှုတွင် ထိုသို့ရရှိကြောင်းကို မဆိုင်းမတွ ဝန်ခံသင့်သည်။ သို့မဟုတ် မြှောက်ပင့်ချီးမွမ်းသော ခံစားချက်များ မပါပဲနှင့်ပင် ရှင်းလင်းစွာဖော်ပြသင့်သည်။ အမှန်တကယ်လည်း လုပ်ရပ်ကောင်းတခု ဖြစ်ပါသည်။

နိုင်ငံခြားသားတို့ထံမှ တတ်သိကျွမ်းကျင်မှု အကူအညီ ရယူသည့်သတင်းများကို အကြမ်းမဖက်လုပ်ရှားသူ အဖွဲ့ဝင်တို့အား ရနိုင်သလောက်များများ အသိပေးထားရန် အရေးကြီးသည်။ ဖြစ်နိုင်သလောက်လည်း မြန်မြန်ဆန်ဆန် ပြောပြသင့်သည်။ သို့မှသာ သူတို့သည် ခေါင်းဆောင်တို့၏အရည်အချင်းကို သိရှိလာကြမည် ဖြစ်သည်။ ထို့ပြင် ခေါင်းဆောင်ပိုင်းအား ကူညီနေသော နိုင်ငံခြားသား အကြံပေးပုဂ္ဂိုလ်တို့၏ အရည်အချင်းက မည်သို့ရှိသည်၊ ထိုပုဂ္ဂိုလ်တို့၏ အထူးအကျိုးစီးပွားက မည်သို့ဖြစ်နိုင်စရာရှိသည် အစရှိသည်တို့ကို ဆင်ခြင်တုံတရားဖြင့် ကောင်းကောင်း ချိန်ဆနိုင်ပေမည်ဖြစ်သည်။ တခါတရံ နိုင်ငံခြားအကြံဉာဏ်နှင့် အကူအညီများကို အခြေအနေအရ လူသိရှင်ကြား မထုတ်ဖော်နိုင်သည်များ ရှိတတ်သည်။ ထိုအခါမျိုးတွင် အတိုက်အခံ ခေါင်းဆောင်ပိုင်းက နိုင်ငံခြားအကူအညီသည် အကျိုးလို၍ ညောင်ရေလောင်းနေခြင်းဟုတ်–မဟုတ်ကို လူသိရှင်ကြား ဖွင့်ချ အသိပေးသင့်–မပေးသင့်၊ ထိခိုက်နစ်နာနိုင်စရာ ရှိ–မရှိ ဆိုသည့်အချက်ကို သေချာစွာ စဉ်းစားသုံးသပ်ရပါမည်။

ဒုတိယအရေးကြီးသည်မှာ ဗျူဟာမြောက် အကြမ်းမဖက်လုပ်ရှားမှုတွင် နိုင်ငံခြားသားများ မဖြစ်မနေပါဝင်ရန် လိုအပ်ပါက ရှင်းလင်းလွယ်ကူစွာ သဘောပေါက်နိုင်သည့် ယေဘူယျ မူဝါဒကို အသုံးချသင့်သည်။ သို့မှသာ အတိုက်အခံတို့၏ အောင်ပွဲမှန်သမျှသည် နိုင်ငံခြားသားတို့၏ ဆုံးဖြတ်ချက်ကြောင့်သာ ရခြင်းဖြစ်သည်ဟု အစိုးရက စောဒကတက်လာသည့်တိုင် ကောင်းကောင်း ပြန်လည်ချေပနိုင်မည်ဖြစ်သည်။ တဖန် အဆိုပါ နိုင်ငံခြားသားများ ပါဝင်နေသည့်ကိစ္စကို အစိုးရက ပြောဆိုဝေဖန်နေသမျှ ၎င်းအစိုးရသာလျှင် အားနည်းသွားမည် ဖြစ်သည့်အပြင် အတိုက်အခံတို့အပေါ်၌လည်း အမြင်ရှင်းလင်းသွားနိုင်မည်ဖြစ်သည်။

*"အကြိမ်ပေါင်းများစွာ ကျနော်တို့ ရှင်းလင်းခဲ့ပြီးတဲ့အတိုင်း ကျနော်တို့လုပ်ရှားမှုရဲ့ ခေါင်းဆောင်ပိုင်းက အကြံပေးပုဂ္ဂိုလ်တွေကို ရွေးချယ်ခဲ့ပါတယ်။ အလွှာပေါင်းစုံက ပညာရှင်တွေ၊ လွတ်လပ်ခြင်းကို ချစ်မြတ်နိုးတဲ့ နိုင်ငံပေါင်းစုံမှာ ရှိနေတဲ့ အရည်အချင်းရှိသူတွေ အများကြီးထဲက ရွေးခဲ့တာဖြစ်ပါတယ်။ ရရှိခဲ့တဲ့အကြံဉာဏ်တွေဟာ ကျနော်တို့ခေါင်းဆောင်ပိုင်းက အများသဘောတူညီချက်နဲ့ ကိုက်ညီပြီး အသုံးချတာ များပါတယ်။ ဒါဟာ ဖြစ်သင့်တဲ့ အတိုင်း ဖြစ်ခဲ့တာပါပဲ။"*

ဒီမိုကရေစီလုပ်ရှားမှုတွင် ပါဝင်လာကြသော နိုင်ငံခြားသားများသည် လုပ်ရှားမှုအတွက် အသုံးဝင်မည့် ဗဟုသုတများနှင့် ပြည့်စုံနေကြသူများဖြစ်ရပေလိမ့်မည်။ သူတို့သည် ကျွမ်းကျင်စွာလည်း လုပ်ရှားနိုင်ကြရမည်ဖြစ်သည်။ သို့မဟုတ် ဗျူဟာမြောက် အကြမ်းမဖက်လုပ်ရှားမှုကို အသုံးပြုရာတွင် လေးနက်ကျယ်ပြန့်စွာ စဉ်းစားနိုင်ကြသူများလည်း ဖြစ်ရပေလိမ့်မည်။ အဆိုပါ နိုင်ငံခြားသားများကို ဆက်သွယ်ထားသင့်သည်။ သို့သော် သူတို့သည် လေ့ကျင့်ပေးသူ၊ အတိုင်ပင်ခံတို့သာဖြစ်ပြီး ဆုံးဖြတ်ချက်ပေးသူများ မဟုတ်ကြောင်းနှင့် သူတို့၏ အရည်အချင်းများကို အသုံးချမည်ဆိုသည့်အကြောင်းကို ရှင်းရှင်းလင်းလင်း အသိပေးထားရပါမည်။

## နိုင်ငံရေးလုပ်ရှားမှုတွင် စစ်တပ်က ကြီးစိုးနေခြင်း

နိုင်ငံတခု၏စစ်တပ်အား နိုင်ငံရေးနှင့်မိတ်ဆက်ပေးရန် အားပေးသည်မှာ အမှားတခုဖြစ်သည်။ ပြည်တွင်း နိုင်ငံရေး လုပ်ရှားမှုတွင် စစ်တပ်အနေဖြင့် လက်ရှောင်ရန် အတော်ပင်ခက်ခဲသောအခြေအနေ နှစ်ခုရှိသည်။ ပထမအခြေအနေမှာ အထူးသဖြင့် ခေါင်းဆောင်ပိုင်းက ရွေးကောက်ပွဲဖြင့် တရားဝင်အစိုးရအဖြစ် ရပ်တည်သွားနိုင်

သောအခါ ဖြစ်သည်။ ဒုတိယအခြေအနေမှာ ထိုခေါင်းဆောင်ပိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးချ၍ စစ်တပ်ဖြင့် နိုင်ငံရေးအတိုက်အခံများအား ချေမှုန်း ခိုင်းသောအခါဖြစ်သည်။

လှုပ်ရှားမှုပိုအားကောင်းလာလျှင် အစိုးရက စစ်တပ်ဖြင့် အတိုက်အခံ နိုင်ငံရေးသမားများအား ချေမှုန်းခိုင်းလာနိုင်သည်ကို မျှော်လင့်ထားသင့်သည်ဖြစ်၍ အနည်းဆုံး ဤအချက်ကိုစဉ်းစားထားရပေလိမ့်မည်။ ထို့ကြောင့် စစ်တပ်က မိမိတို့ ပြည်သူများအပေါ် စစ်ဆင်တိုက်ခိုက်ခြင်းမပြုဖို့ အတိုက်အခံတို့က စောစောကပင် နည်းလမ်းများ ရှာဖွေ အားထုတ်ထားသင့်သည်။

ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုတွင် စစ်တပ်သည် လူထုဘက်မှ ရပ်တည်ပေးတတ်ပါသည်။ အကြီးမားဆုံး (တနည်းအားဖြင့် တိုင်းပြည်၏ကံကြမ္မာကိုဆုံးဖြတ်မည့်) ဒီမိုကရေစီအရေးကို လှုပ်ရှားနေစဉ်မှာပင် စစ်တပ်က လူထုဘက်မှ ရပ်တည်ပေးလေ့ရှိဖူးသည်။ သို့သော် တိုင်းသူပြည်သားအချင်းချင်းကို စစ်တပ်က လက်နက်ကိုင် မတိုက်ခိုက်လျှင် မဖြစ်တော့သည့် အကြောင်းရင်းလည်း ရှိတတ်သည်။ ထိုအခြေအနေမျိုးတွင် ပြည်တွင်းစစ် (သို့) အာဏာသိမ်းမှု ဖြစ်လာဖို့များသည်။ မည်သည့်ပုံစံဖြင့် စစ်တပ်က ပါဝင်လာသည်ဖြစ်စေ နှစ်မျိုးစလုံးမှာ လူထုအတွက် အကျိုးမရှိ၊ အကြမ်းမဖက်လှုပ်ရှားမှုကိုလည်း ပိုမိုအားဖြည့် မပေးနိုင်ပါ။

စစ်တပ်သည် ချက်ချင်းတိုက်ခိုက်မခံရလျှင် အသွင်ကူးပြောင်းပေးရန် ဟန်ဆောင်လှည့်စားတတ်ပြီး အစိုးရ၏ ထိန်းချုပ်မှုကို သိမ်းပိုက်နိုင်ဖွယ်ရှိသည်။ ထိုအခါ အဆိုပါအသွင်ကူးပြောင်းမှုသည် နှစ်ပေါင်းများစွာ ကြာသွားတတ်သည်၊ ဆယ်စုနှစ်များ တိုင်အောင်ပင် ကြာတတ်သည်။ ချီလီနိုင်ငံတွင် အာဏာရှင် ပီနိုချေးကို မဖယ်ရှားနိုင်မီ (၁၇)နှစ်ကြာခဲ့ပြီး မြန်မာနိုင်ငံတွင် စစ်တပ်မှ အာဏာသိမ်းထားသည်မှာ ဆယ်စုနှစ် (၄)ခုကျော် သည့်တိုင် မပြီးဆုံးသေးပဲ ရှိနေသည်။ အကယ်၍ ထိပ်တန်းအရာရှိကြီးအချို့က လူထုဘက်မှရပ်တည်ရန် ပုဂ္ဂိုလ်ရေး အရ အခိုင်အမာခံစားမိလျှင် သူတို့သည် ရာထူးမှနုတ်ထွက်သင့်သည်။ ထို့နောက် သင့်တော်ရာ နိုင်ငံရေးအုပ်စု အတွင်း သူတို့၏နိုင်ငံရေးအတွေးအခေါ် အယူအဆအတိုင်း တဦးချင်းအနေဖြင့် အကောင်အထည်ဖော်သင့်သည်။

## အကြမ်းမဖက် ပဋိပက္ခအတွက် မသင့်တော်သော ဖွဲ့စည်းတည်ဆောက်ပုံ

ဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုတွင် အဓိကရည်မှန်းချက်များကို အာရုံစိုက်ရန် ကျန် နေသော အပိုင်းများရှိသည်။ ထိုအပိုင်းများ ဖြစ်မလာနိုင်အောင် အချို့သော ဖွဲ့စည်းတည်ဆောက်ပုံများက အကြမ်းမဖက် လှုပ်ရှားမှုကို ဟန့်တား ဖျက်ဆီးနေသည်။ မည်သည့်စစ်ပွဲတွင်မဆို ကော်မတီက အဆုံးအဖြတ် ပေးခြင်းသည် မသင့်တော်သကဲ့သို့ဖြစ်သည်။ သီအိုရီအားဖြင့် ဗျူဟာပိုင်းအဆင့်တွင် တိုက်မည့်အချိန်နှင့်နေရာကို ဆုံးဖြတ်ရန် တဦးကတာဝန်ယူရသည်။ ကျန်သောသူတို့က စစ်ပွဲများတိုက်ခိုက်ရေးကို တာဝန်ယူရသည်။

တာဝန်ရှိသူအနေဖြင့် အကောင်အထည်ဖော် လှုပ်ရှားမည့်သူ(တို့)ကို မသိလျှင် မည်သည့်အဆင့် ပင်ဖြစ်စေကာမူ အထူးတာဝန်များ မပေးသင့်ပါ။ “လူအများတွင် တာဝန်ရှိသည်” ဆိုသောထုံးစံမရှိပါ။ “တဦး တယောက်တွင်သာ တာဝန်ရှိရသည်” ချည်းဖြစ်သည်။ ဤအချက်က အဆုံးအဖြတ်ပေးသည့်ကိစ္စတွင် လူအများ မပါဝင်ရဟု အကြံပြုနေသည်မဟုတ်ပါ။ အဆုံးအဖြတ် ပေးသည့်ကိစ္စတွင် ပါဝင်ထိုက်သည်ဆိုသော ထောက်ခံချက်ကို ဂရုတစိုက် စဉ်းစားရမည်ဟုလည်း အကြံပေးနေသည်မဟုတ်ပါ။ ဆုံးဖြတ်ချက်ချခြင်းနှင့် အကောင်အထည်ဖော်ခြင်း တွင် သက်ဆိုင်သူတို့ကသာ တာဝန်ရှိသင့်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

အချို့သူများတွင် မတော်လောဘစိတ်က ဖျောက်ဖျက်မရအောင် အမြဲတမ်းရှိနေပါလိမ့်မည်။ ထိုစိတ်က နိုင်ငံရေး ပါတီဝင်တို့အား လှုပ်ရှားမှုပြီးဆုံးသွားသောအခါ အစိုးရအဖွဲ့အတွင်း၊ နိုင်ငံရေးပါတီတခုအတွင်း နေရာကောင်းရရန် ဆုံးဖြတ်စေလိမ့်မည် ဖြစ်သည်။ တခါတရံတွင် လှုပ်ရှားမှုမပြီးသေးလင့်ကစား လှုပ်ရှားမှုပြီး သွားလျှင် သူတို့ရနိုင်မည့် နေရာကောင်းအတွက် ဦးစားပေး လှုပ်ရှားနေတတ်သည်။ သို့ဖြစ်၍ ဒီမိုကရေစီ ရရှိရေး အတွက် အဖွဲ့အစည်းများအတွင်း လှုပ်ရှားမှုကြရာ၌ အတိုက်အခံ နိုင်ငံရေးပါတီတို့သည် ဘက်လိုက်ခြင်းမရှိအောင် အသေးစိတ်စိစစ်ထားသည့် အစီအစဉ်များကိုသာ အခြေပြုလှုပ်ရှားသင့်သည်။ ထိုအစီအစဉ်များသည် ရည်မှန်းချက် ကို တိုက်ရိုက် အထောက်အကူ ပြုနိုင်ရပါမည်။ အဖွဲ့အစည်းတရပ်အနေဖြင့် လှုပ်ရှားမှုကို အောင်မြင်အောင် အလုပ် ဆောင်နိုင်ဆုံး အစီအစဉ်များ ဖြစ်နေရပါမည်။

ရည်မှန်းချက်နှင့်မဆိုင်သည့်ပြင် အဖွဲ့၏လုပ်ဆောင်နိုင်စွမ်းကိုလည်း အကျိုးမပြုသော အစီအစဉ်များကို ရေးဆွဲတင်ပြလာသည်များ ရှိတတ်သည်။ ထိုအစီအစဉ်များသည် မည်သည့်အကြောင်းကြောင့်ဖြစ်ဖြစ် တဦး–တဖွဲ့ကို အခွင့်အရေးသာစေမည့် မတော်လောဘစိတ်ဖြင့် စီစဉ်ထားခြင်းဖြစ်သည်။ ထို့နောက် အကောင်အထည်ဖော်ရန် ဖိအားပေးလာမည်ဖြစ်သည်။ သီအိုရီအားဖြင့် နိုင်ငံရေးပါတီတခုတွင် တိကျခိုင်မာသော လုပ်ငန်းစဉ်များ ရှိထားခြင်းအားဖြင့် အဆိုပါ ဖိအားဒဏ်များကို ခံနိုင်ရည်ရှိနေမည်ဖြစ်သည်။ ဗျူဟာပိုင်းဆိုင်ရာ ပိုမိုကောင်းမွန်စွာ လှုပ်ရှားရန် ကြိုးပမ်းနေသော အဖွဲ့အစည်းတခုအနေဖြင့် အကောင်းဆုံး လေ့ကျင့်ထားသော၊ အကောင်းဆုံး ဦးဆောင်မှုအောက်တွင်ရှိသော အင်အားစုများ ရှိရန်သာ လိုအပ်သည်။

လှုပ်ရှားမှုတွင် ဖြစ်မြောက်အောင်ဆက်လုပ်ရမည့် လုပ်ငန်းစဉ်တခုမှာ အဖွဲ့အစည်းအလိုက် ကူညီယိုင်းပင်းကြရေး ဖြစ်သည်။ အဖွဲ့အားလုံးက ရည်မှန်းချက်ချင်းလည်းတူ၊ မဟာဗျူဟာကိုလည်း သဘောတူညီညွတ်ကြလျှင် အနာဂတ်၌ ထောက်ခံမှုအပြည့်အဝ၊ အင်အားအပြည့်အဝဖြင့် လှုပ်ရှားလာနိုင်ရေးကို မျှော်လင့်၍ ရပြီဖြစ်သည်။

အကြမ်းမဖက် ပဋိပက္ခအတွက် အဖွဲ့အစည်းများကို သင့်တော်စွာ ဖွဲ့စည်းခြင်း၊ တပ်ပေါင်းစုဖွဲ့ခြင်း၊ မဟာဗျူဟာအရ အစီအစဉ်များကို ခွဲဝေတာဝန်ယူကြခြင်းများ ရှိပါသည်။ မဟာဗျူဟာနှင့် ပါဝင်သည့် အစီအစဉ်များကို တပ်ပေါင်းစုအတွင်းရှိ အဖွဲ့အစည်းများအားလုံးက လက်ခံရုံ၊ ထောက်ခံကြရုံဖြင့် မပြီးသေးပါ။ ထိုအစီအစဉ်ကို တာဝန်ယူသည့်အဖွဲ့က လုပ်နိုင်–မလုပ်နိုင်ကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ သို့သော် မဟာဗျူဟာအရ လုပ်ဆောင်နိုင်သည်ထက် သိသိသာသာကျော်လွန်၍ တာဝန်ပေးထားမိလျှင် ဗျူဟာမှူးတို့က ချက်ချင်းသိမည်ဖြစ်၍ လိုအပ်သလို ပြင်ဆင်ပြောင်းလဲနိုင်သည်။

တပ်ပေါင်းစုအတွင်းရှိ အဖွဲ့အစည်းတခုအား စွမ်းရည်မြှင့်တင်ပေးရန် လိုအပ်ကောင်း လိုအပ်နေမည်ဖြစ်သည်။ တခါတရံ အခြေအနေအရ မဖြစ်ဖြစ်အောင် ဖြေရှင်းရသည်လည်း ရှိတတ်သည်။ ထိုအခါမျိုးတွင် လက်ရှိလှုပ်ရှားမှုအစီအစဉ်မှ အခြားတခုသို့ ပြောင်းလဲတာဝန်ပေးရသည်။ လေ့ကျင့်သင်ကြားလာခဲ့သည့် အတွေ့အကြုံများလာသည့်အခါ အဖွဲ့အစည်းများ မည်မျှ လုပ်ဆောင်နိုင် ကြသည်၊ မည်မျှထိ ရည်မှန်းချက် ပေါက်ရောက်နေပြီကို ဆုံးဖြတ်လာနိုင်မည်ဖြစ်သည်။

## ဒလံများ

အစိုးရသတင်းပေးတို့က အကြမ်းမဖက်လှုပ်ရှားနေသော အဖွဲ့အစည်းများထဲသို့စိမ့်ဝင်ကာ ထိုအဖွဲ့များက မည်သို့အစွမ်းအစ ရှိနေသည်၊ မည်သို့သော ရည်ရွယ်ချက် ရှိနေသည်ကို အမြဲမပြတ် အခွင့်အရေးရတိုင်း စုံစမ်းထောက်လှမ်းနေကြမည် ဖြစ်သည်။ အစိုးရ၏ဝင်ရောက်စွက်ဖက်မှုမှာ ထိုသို့သောအပြုအမူသာလျှင် ရှိသည်ဟု အတိုက်အခံတို့ဘက်က မျှော်လင့်မထားသင့်ပါ။

သတင်းပေးတို့ထက်ပို၍ ပိပိရိရိ ဖျက်ဆီးတတ်သူမှာ ဒလံ (Agent Provocateurs) ဖြစ်သည်။ ဒလံတို့မှာ အကြမ်းဖက်မှုဖြစ်လာအောင် ဆွပေးရန် ကြိုးပမ်းတတ်ကြသည်။ သူတို့သည် လှုပ်ရှားမှုတွင် ပါဝင်နေကြသူတို့အား သဘောထားကွဲလွဲအောင် အားထုတ်မည်ဖြစ်သည်။ အစိုးရဘက်မှ ထိခိုက်ဆုံးရှုံး မခံနိုင်သောနေရာများ၌ အတိုက်အခံတို့က လှုပ်ရှားလာလျှင် လမ်းကြောင်းလွှဲအောင်လုပ်မည့်သူမှာ ဒလံ ဖြစ်သည်။

ဒလံများ၏ရန်ကို ကာကွယ်ရန်မှာ အထူးလိုအပ်ကြောင်း ရှင်းနေပါသည်၊ သို့သော် လှုပ်ရှားသူတို့သည် မိမိတို့အချင်းချင်း အလွန်အကျွံ၊ အလျင်စလို အထင်မလွဲကြဖို့လိုသည်။ တချိန်တည်းမှာပင် ပုံစံပြောင်းသွားပြီ ဖြစ်ကြောင်း ခေါင်းဆောင်ပိုင်းက အချက်ပြသည်များကို အဖွဲ့သားတို့က နိုးနိုးကြားကြား ရှိနေရပါမည်။ အဖွဲ့အနေဖြင့် အနာဂတ်လှုပ်ရှားမှုအစီအစဉ်များကို ပိုမို ကြပ်မတ် စစ်ဆေးနိုင်ခွင့်ရှိမည့် နည်းလမ်းများကို ဆွေးနွေးထားရပါမည်။

## အနှစ်ချုပ်

အကြမ်းမဖက်လှုပ်ရှားမှု၏အဖျက်အဆီးများကို လုံးဝဖယ်ရှားပစ်ရန် ဖြစ်နိုင်မည်မဟုတ်သော်လည်း နိုးကြားနေခြင်း၊ ကြိုတင်ကာကွယ်ထားခြင်း၊ ပြဿနာရှိသည်နှင့် ချက်ချင်းအရေးယူခြင်းစသည်တို့ဖြင့် အတိုက်အခံတပ်ပေါင်းစုနှင့် အဖွဲ့ဝင်များအပေါ် ဆိုးဆိုးဝါးဝါး ထိခိုက်လာနိုင်သည်များကို ကန့်သတ်နိုင်သည်။ အထိရောက်ဆုံး တားဆီးနိုင်သည့် နည်းလမ်းမှာ ခေါင်းဆောင်ပိုင်းက အားကောင်းပြီး ထိရောက်အောင် စီမံခန့်ခွဲနိုင်ဖို့ဖြစ်သည်။

--------- ooo---------

# အခန်း (၁၃)
# ပြင်ပ အကူအညီ ရယူခြင်း

ခံယူချက်များ၊ အထင်အမြင်များကို ပြန့်နှံ့သွားအောင် ဖြန့်ချိရာတွင် လှုံ့ဆော်ပေးသူ (**Propagandist**) သည် အထူးကျွမ်းကျင်သည်။

– ဟန်းစ် စပီးအား (စီးပွားရေးပညာရှင်၊ လူ့အဖွဲ့အစည်းပညာရှင်၊ နိုင်ငံရေးသိပ္ပံပညာရှင်)

နိုင်ငံရေးပြောင်းလဲရန် အကြမ်းမဖက်လှုပ်ရှားရာတွင် ဟန်ချက်ညီညီ လုပ်ဆောင်နိုင်သည်မှာ ပြည်တွင်းဖြစ်သည်။ သို့သော် နိုင်ငံတကာ အသိုင်းအဝိုင်းက ထောက်ခံပေးနိုင်ရန်လည်း အရေးကြီးသည်။ အခြားနိုင်ငံများက သံတမန်ရေးအရ ထောက်ခံသည့်အခါ၊ အခြား နိုင်ငံတကာအကူအညီအမျိုးမျိုး ရလာသည့်အခါ ဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားသည့်နေရာများ ကျယ်ပြန့်လာသည့်အပြင် အတိုက်အခံအဖွဲ့အစည်းတို့ကလည်း အစွမ်းအစ ပိုမိုထက်မြက်လာသည်။ အခြားတဘက်တွင် ပြည်ပအစိုးရများ၊ ပြည်ပအဖွဲ့အစည်းများနှင့် သိသိသာသာ ရင်းနှီးပြီးမှ မဟာမိတ်ဖွဲ့ရသည်များ ရှိသကဲ့သို့ ပုန်းလျှိုးကွယ်လျှိုး မဟာမိတ်လုပ်ထားရသည်များလည်းရှိသည်။ အခန်း(၁၃)တွင် ပြည်ပအကူအညီများနှင့်ပတ်သက်၍ ထားရှိရမည့် အတိုင်းအတာကို စဉ်းစားသုံးသပ်နိုင်ရန်နှင့် အကြံပေးချက် အချို့ကို ဖော်ပြပါမည်။

## ပြည်ပ အစိုးရ

အင်္ဂလန်ဘုရင်မ အယ်လိဇဘက်(၁)(Queen Elizabeth I of England) ရည်ညွှန်းသည့် အတိုင်းဆိုလျှင် အစိုးရအများစုတို့မှာ မိတ်ဆွေမလိုပဲ ကိုယ်ကျိုးစီးပွားသာ အလိုရှိသည့် နိုင်ငံများကဲ့သို့ ဖြစ်နေတတ်ကြသည်။ အဆိုပါ ကိုယ်ကျိုးစီးပွားတို့မှာ တခါတရံ လုံခြုံရေး၊ စီးပွားရေး၊ နိုင်ငံရေး တခုခုနှင့် ဆက်စပ်နေတတ်ပြီး များသောအားဖြင့် လက်ရှိအခြေအနေများအရ ဖြစ်ပေါ်သည့် ကိုယ်ကျိုးစီးပွားများ ဖြစ်သည်။ အစိုးရက သူလိုချင်သည့်အတိုင်း ကိုယ်ကျိုးစီးပွားများ ဖန်တီးသောကြောင့် လူထု၏ဘဝများ တက်လိုက်နိမ့်လိုက် ဖြစ်နေရသည်။ အစိုးရက ပြည်သူတို့အကျိုးစီးပွားကိုသာ ဦးတည်ထားလျှင် ပြည်သူတို့ဘဝများ အမှန်ပင် တိုးတက် ရမည်သာ ဖြစ်သည်။

သို့ဖြစ်၍ အစိုးရဆိုသည်မှာ လူထုကပိုမိုလက်ခံနိုင်မည့် အကျိုးစီးပွားများကို စုစည်းရန်ကိုသာ ကြံစည်စဉ်းစားကြရသည်။ (၁၉)နှင့် (၂၀)ရာစုနှစ်များတွင် အမျိုးသားရေးဝါဒသည် စစ်ဖြစ်ရန် လူထုအင်အားကို စုစည်းသည့် မဟာဗျူဟာတရပ် ဖြစ်လာခဲ့သည်။ ထိုကာလအစိုးရများအတွက် အလွန်ထိရောက်သော ကိုယ်ကျိုးစီးပွား ဖြစ်ခဲ့သည်။

ကိုလိုနီစနစ်ကို အသက်သွင်းသူ လူဖြူတို့သည် အမြတ်အစွန်းရရန်အတွက် ကိုလိုနီလုပ်ခဲ့ကြသည်ကို မလုံမလဲ ဖုံးကွယ်နေရဆဲဖြစ်သည်။ ရည်ရွယ်ချက်အမှန်မှာ အမြတ်အစွန်းရရေး ဆိုသော ကိုယ်ကျိုးစီးပွားဖြစ်ပြီး၊ အမြတ်အစွန်းရနိုင်ဖို့ ကိုလိုနီစနစ်ကို အသက်သွင်းရခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ ရည်ရွယ်ချက်အမှန်က ကိုလိုနီစနစ်ထက် ပိုအရေးကြီးနေ၍ ရှင်းပြသင့်သော်လည်း လူဖြူတို့အတွက်မှာမူ ဝန်ထုပ်ဝန်ပိုးကြီးတခု ဖြစ်နေခဲ့ရသည်။

မည်သည့်အကြောင်းကြောင့်ဖြစ်ဖြစ် အမျိုးသား အကျိုးစီးပွားပုံစံများ ပြောင်းလဲသွားသောအခါ မူဝါဒများလည်း ပြောင်းလဲသွားသည်။ တခါတရံ မမျှော်လင့်ပဲ ရုတ်တရက် ပြောင်းလဲတတ်သည်။ မဟာမိတ်များသည်လည်း စစ်ဖြစ်နေစဉ်အတွင်းမှာပင် မိမိတို့ဘက်မှ မဟာမိတ်များကို စွန့်လွှတ်၍ အခြားတဘက်သို့ ဘက်ပြောင်းခဲ့ကြဖူးသည်။ ထိုသို့ပြောင်းလဲရသည်မှာ ထိုအစိုးရတို့၏ ကိုယ်ကျိုးစီးပွား ပြောင်းလဲလိုသောကြောင့်ဟု ဆိုရပါမည်။

ပြည်သူတို့ အကျိုးစီးပွားအတွက် နိုင်ငံရေးပြောင်းလဲအောင် အကြမ်းမဖက် လှုပ်ရှားနေရခြင်း ဖြစ်ကြောင်း အတိုက်အခံ ဒီမိုကရေစီ ဘက်တော်သားတို့က နိုင်ငံခြားအစိုးရအလျှူရှင်များအား ရှင်းပြဖို့လိုသည်။ ကူညီရန်အလားအလာရှိသော အလှူရှင်တို့မှာ အပြန်အလှန် အကျိုးစီးပွား ဖြစ်ထွန်းမှုကို မျှော်ကိုးထားသည်။

ထို့ကြောင့် နိုင်ငံတကာထောက်ခံမှုရရေးအတွက် အထက်ပါအချက်သည် အရေးကြီးကြောင်း တာဝန်ရှိသူတို့က နားလည်ထားရပါမည်။

ပြည်ပမှ လက်ရှိအာဏာရ ဒီမိုကရေစီအစိုးရတရပ်ဖြစ်စေ၊ အလားတူ အစိုးရအများဖြစ်စေ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းမှုကို တန်ဖိုးထားပြီး ထောက်ခံအားပေးတတ်သည်။ ပြည်ပအလှူရှင် အစိုးရတို့သည် အကြမ်းမဖက်လှုပ်ရှားမှုကို ထောက်ခံပေးသည့်အတွက်ကြောင့် (သို့) အနည်းဆုံး ကြားနေပေးသည့်အတွက်ကြောင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရသည်ပင်။ ထိုသို့ အကျိုးဖြစ်ထွန်းမှု ထင်ရှားသောကြောင့် အလှူရှင်အစိုးရများက သူတို့၏ သက်ဆိုင်ရာ အခွန်ထမ်းပြည်သူတို့အား အပြုသဘောဆောင်သော အကြောင်းပြချက်ကို ပြန်လည် ရှင်းပြပေးနိုင်ကြသည်။

ဒီမိုကရေစီလှုပ်ရှားမှုကို မြှင့်တင်ရေးအတွက် လှုပ်ရှားသူတို့က ပြည်ပအလှူရှင် အစိုးရတို့အား ချဉ်းကပ်စည်းရုံးရာတွင် နမူနာအားဖြင့် စီးပွားရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍနှင့် အဆုံးအဖြတ်ပေးနိုင်သော အစိုးရထိပ်ပိုင်းအရာရှိကြီးများ၏ အခန်းကဏ္ဍဟူ၍ သုံးပိုင်းခွဲ၍ ဖော်ပြပါမည်။

စီးပွားရေးကဏ္ဍတွင် ပြည်ပအစိုးရတို့အား ချဉ်းကပ်စည်းရုံးရာ၌ ဒီမိုကရေစီကို ထိန်းသိမ်းနိုင်သည့်အခါ ပြည်ပအစိုးရတို့အတွက် ရင်းနှီးမြှုပ်နှံရန် အခွင့်အရေးများကို ထပ်မံဖြည့်ဆည်းနိုင်ကြောင်း၊ လက်ရှိရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ် ပေးသွားနိုင်ကြောင်း စသဖြင့် မက်လုံး ပေးထားနိုင်ပေလိမ့်မည်။

လုံခြုံရေးကဏ္ဍတွင် ထောက်ခံရန်အလားအလာရှိသူ မိတ်ဆွေအစိုးရတို့အား ချဉ်းကပ်စည်းရုံးနိုင်သည်။ ဒီမိုကရေစီလှုပ်ရှားမှုကြောင့် အရေးအခင်းတခုဖြစ်လာသောအခါ ထိုအစိုးရတို့သည် တန်ဖိုးရှိရှိ ကူညီပေးနိုင်ဖွယ်ရှိသည်။ သူတို့သည် စစ်လေယာဉ်များပျံသန်းရန်အတွက် ခွင့်ပြုချက်များပေးနိုင်ကြသည်။ ထောက်လှမ်းရေးသတင်းများ ဖလှယ်ရေးအစီအစဉ်ကို လုပ်ပေးနိုင်သည်။ အပြန်အလှန်အကျိုးစီးပွားကို ခြိမ်းခြောက်လာလျှင် နိုင်ငံခြားတပ်များ စေလွှတ်ချထားရေးကိုပင် ဆောင်ရွက်နိုင်စွမ်းရှိသည်။

အဆုံးအဖြတ်ပေးနိုင်သော အစိုးရ ထိပ်ပိုင်းအရာရှိကြီးများ၏ အခန်းကဏ္ဍတွင် သူတို့၏ ထောက်ခံမှုနှင့် နားလည်မှုသည် အလွန်အမင်း အရေးကြီးလှသည်။ နိုင်ငံ့ခေါင်းဆောင်တဦးက ဒီမိုကရေစီ လှုပ်ရှားမှုအကြောင်းကို ဖော်ပြရုံသက်သက်ဖြင့်ပင် တနိုင်ငံလုံး ချက်ချင်းသတိပြုနိုင်စရာ ဖြစ်သွားပြီး အဆိုပါအကြောင်းသည်လည်း တရားဝင်ဖြစ်သွားသည်။ ထိုသို့နိုင်ငံတော်အကြီးအကဲမှ တရားဝင်အသိအမှတ်ပြုပြောဆိုခြင်းကြောင့် သတင်းမီဒီယာတို့က ပဋိပက္ခနှင့်ပတ်သက်သည့် နောက်ခံအကြောင်းများ၊ စိတ်ဝင်စားဖွယ်ရာဇာတ်လမ်းများ၊ သတင်းဝေဖန်ချက်နှင့် အယ်ဒီတာ့အာဘော်များကို လူထုသိအောင် လုပ်ပေးနိုင်ကြသည်။ ဖြစ်ရပ် အတော်များများတွင် ဒီမိုကရေစီရရှိရေး အကြမ်းမဖက်လှုပ်ရှားမှု သတင်းများသည် စိတ်ဓါတ်ရေးရာကို မြှင့်တင်ပေးသည့်အပြင် ပြိုင်ဖက် အာဏာရှင်အား နိုင်ငံတကာမှ ရှုံ့ချခံရသည့်ဘက်သို့ ရောက်ရှိစေသည်။

မည်သည့်နိုင်ငံမဆို လွှတ်တော်တရပ်တွင် အစိုးရထိပ်ပိုင်းအရာရှိကြီးများ၏ ဆုံးဖြတ်ပိုင်ခွင့်အား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ သြဇာညောင်းနိုင်သော ကိုယ်ပိုင်နည်းလမ်းများ ရှိကြသည်။ ဥပမာ အမေရိကန်နိုင်ငံတွင် ကွန်ဂရက်လွှတ်တော်မှ ကြားနာခြင်းသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လှုပ်ရှားမှုကို လူသိရှင်ကြားထုတ်ဖော်ရန် ထိရောက်သော နည်းလမ်းတခုဖြစ်သည်။ ကြားနာပြီးနောက်ပိုင်းတွင် မိန့်ခွန်းများ ပြောကြသည်။ ဆုံးဖြတ်ချက်များ ချမှတ်သည်။ အများစုထောက်ခံမှုရသော ဥပဒေများ ဖြစ်ပေါ်လာသည်။ ဤသို့ဖြင့် ဒီမိုကရေစီအရေးအတွက် အထောက်အကူရသော ပံ့ပိုးမှုများကို ရရှိလာနိုင်သည်။

## အစိုးရ လက်အောက်ခံ မဟုတ်သော အဖွဲ့အစည်းများ (အန်ဂျီအို)

ခေါင်းစဉ်တခုကို တရားဝင်ဆွေးနွေးရသည့် အကြောင်းအရာဖြစ်လာအောင် လုပ်ရသည့်ကိစ္စ၊ ထို့နောက် အစိုးရ၏ နိုင်ငံတော် အကျိုးစီးပွားတခုဖြစ်လာရန် လုပ်ရသည့်ကိစ္စ စသည့် လုပ်ငန်းစဉ်မှာ ရှုပ်ထွေးခက်ခဲလှသည်။ အရည်အချင်း စကားပြောသည်။ ကျွမ်းကျင်မှု ရှိနေရသည်။ ဗဟုသုတ ပြည့်စုံရသည်။ အတွေ့အကြုံ

ရင့်ကျက်ရသည်။ သာမန်ကာရှန်ကာ လုပ်၍မရ။ ကိစ္စ အများအပြားပင် အမှန်အတိုင်း ဖြစ်နေရန် လိုအပ်သည်။ နိုင်ငံတခုနှင့်တခုလည်း ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပုံချင်း ခြားနားကြသည်။

ကံကောင်းထောက်မသည်မှာ ဒီမိုကရေစီနိုင်ငံအများအပြားတွင် ဒီမိုကရေစီလှုပ်ရှားမှုများကို အမြင်ကျယ်လာအောင် ကူညီပေးနေသည့် အဖွဲ့အစည်းများရှိကြသည်။ ထိုအဖွဲ့များသည် ဒီမိုကရေစီ လှုပ်ရှားမှုများကို ထောက်ခံကြသည်။ အန်ဂျီအို အသိုင်းအဝိုင်းတွင် အချို့သည် မည်သည့်နေရာမှ အချက်ကျကျ လှုပ်ရှားလျှင် အစိုးရအပေါ် ဩဇာလွှမ်းမိုးနိုင်သည်ကို ကောင်းကောင်းသိကြသည်။ အန်ဂျီအိုများသည် အလုပ်သမားတို့၏ အခွင့်အရေးများကို မြှင့်တင်ပေးကြသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုက်ဖျက်ကြသည်။ နှိပ်စက်ညှင်းပန်းခံ ရသူတို့ကိုယ်စား ကူညီထောက်ခံပေးကြသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများအတွက် အထောက်အပံ့ ပေးကြသည်။ နိုင်ငံရပ်ခြားတွင် ဖြစ်ထွန်းနေသော ဒီမိုကရေစီ တန်ဖိုးများကို မြှင့်တင်ပေးကြသည်။ သို့မဟုတ်လည်း ပဋိပက္ခများ ငြိမ်းချမ်းစွာ အဆုံးသတ်ရေးနှင့် ပဋိပက္ခများတွင် ကြားဝင်ညှိနှိုင်းရေးကို ရှာဖွေ လုပ်ဆောင်ကြသည်။

အကယ်၍ ဒီမိုကရေစီလှုပ်ရှားမှုကို ဦးစားပေး စိတ်ဝင်စားဖို့ကောင်းသည်ဟု အန်ဂျီအိုတို့ကယူဆ လျှင် သူတို့သည် တန်ဖိုးမဖြတ်နိုင်သော အကူအညီကို ပေးကြပေလိမ့်မည်။ ထိုအန်ဂျီအိုတို့က မဟာဗျူဟာ လုပ်ငန်းစဉ်တခုကို တည်ဆောက် အကောင်အထည်ဖော်ပေးမည်ဖြစ်ပြီး အကူအညီရသူအဖို့ သူတို့လမ်းညွှန်သည့် အတိုင်း အဆုံးအစမရှိ ရှုပ်ထွေးသော ရုံးခန်းများကို ဝင်ရထွက်ရ၊ အစည်းအဝေးများ ပြင်ဆင်ရ တက်ရဖြင့် မနေမနား အလုပ်များနေဖွယ် ရှိပေလိမ့်မည်။

အစိုးရများကဲ့သို့ပင် အန်ဂျီအိုများသည်လည်း အကျိုးစီးပွားများ မျှော်ကိုးကြသည်။ အတိုက်အခံ လှုပ်ရှားသူတို့သည် ထိုသို့မချဉ်းကပ်မီ အန်ဂျီအိုတို့က မည်သည့်ကိုစိတ်ဝင်စားသည်၊ သူတို့၏နည်းလမ်းများက မည်သို့ရှိသည်ကို ရနိုင်သလောက် သိထားသင့်သည်။ အရေးကြီးသည်မှာ မိမိတို့လှုပ်ရှားမှုကို ထိခိုက်စေမည့် ကိုယ်ကျိုးစီးပွားများ မတောင်းမိရန် လိုအပ်သကဲ့သို့ ပြည်သူတို့အတွက် အကျိုးယုတ်စေမည့် အကျိုးစီးပွား အကူအညီမျိုးကို မတောင်းမိရန်လည်း လိုအပ်သည်။

ထို့ပြင် အန်ဂျီအိုတခု၏အကျိုးစီးပွားကို မိမိ၏လူမှုအသိုင်းအဝိုင်းက မပေးစွမ်းနိုင်လျှင်လည်း အကူအညီ ရနိုင်မည် မဟုတ်ပါ။ လူမှုအသိုင်းအဝိုင်းတခုသည် ခုခံအားကျဆင်းသောရောဂါ (အေအိုင်ဒီအက်စ်) ဖြစ်ပွားမှုနှုန်းမြင့်မားနေပြီး လူဦးရေတိုးပွားမှုကို မထိန်းချုပ်နိုင်သည့်အပြင် ဆင်းရဲနွမ်းပါးနေရသည် ဆိုပါစို့။ အဆိုပါ အသိုင်းအဝိုင်းမှ လှုပ်ရှားသူတို့က အန်ဂျီအိုတို့၏ အကူအညီကို လိုက်လံရှာဖွေသောအခါ ခလေးမွေးဖွားမှုကို မည်သည့်နည်းလမ်းဖြင့်မဆို ထိန်းချုပ်ခြင်းအား ဆန့်ကျင်သည့် အန်ဂျီအိုထံမှ အကူအညီရရန် ကြိုးပမ်းမည်ဆိုလျှင် ချဉ်းကပ်သည့် လမ်းကြောင်း သိသိသာသာ မှားယွင်းနေမည်သာဖြစ်သည်။

အန်ဂျီအိုတခုနှင့်ဒီမိုကရေစီလှုပ်ရှားသူတို့အကြား ထိရောက်စွာဆက်စပ်နိုင်ရန် အကျိုးစီးပွားချင်း သဟဇာတ ဖြစ်ရပါမည်။ အပြန်အလှန် လေးစားကြရပါမည်။ ရိုးသားစွာ ဆက်ဆံနိုင်ရပါမည်။ အပြန်အလှန် လေးစားမှုနှင့်ပတ်သက်၍ အန်ဂျီအိုသည် အချိန်ကိုတန်ဖိုးထားကြောင်း အပြည့်အဝ နားလည်ထားသင့်သည်။ အစည်းအဝေးတခုကို ကောင်းမွန်ကျနစွာ ပြင်ဆင်ထားခြင်း၊ ဆွေးနွေးမည့် အကြောင်းအရာများအတွက် စာရွက် စာတမ်းများ ထောက်ပံ့ခြင်း၊ အခြားမေတ္တာရပ်ခံလာသည်များကို အချိန်မီတုန့်ပြန်ခြင်း စသည်တို့မှာ အဆင့်မြင့် ကျွမ်းကျင်မှုရှိသည်၊ လုပ်ငန်းအပေါ်လေးစားမှုရှိသည်ကို ဖော်ပြနေသည်။ ရိုးသားမှုသည်လည်း အလွန် အရေးကြီး သည်။ အကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ဖြစ်သည်ဟု ကိုယ်စားပြုထားသည့်အတိုင်း အကူအညီပေးသော အန်ဂျီအိုနှင့် ရိုးသားစွာပင် ဆက်ဆံသင့်သည်။ ဆက်ဆံရေးတည်ဆောက်ပြီးမှ ထိုအဖွဲ့သည် လက်နက်ကိုင်အဖွဲ့ဖြစ်နေကြောင်း သိသွားလျှင် အန်ဂျီအိုအတွက် မလိုလားအပ်သောကိစ္စများ ဖြစ်ပေါ်စေသည်။

အန်ဂျီအိုတို့မှာ တိကျသောရည်မှန်းချက်ဖြင့် အကျိုးစီးပွားကို ဖော်ဆောင်နေကြသည်ဖြစ်ရာ လှုပ်ရှားမှုအဖွဲ့များသည် သူတို့ထံမှ အကူအညီယူသင့်သည်။ ဥပမာဆိုလျှင် အမျိုးသမီးအဖွဲ့၊ အလုပ်သမားသမဂ္ဂ၊ နိုင်ငံရေးပါတီ၊ သတင်းထောက်များအသင်းနှင့် အခြားအဆင့်မြင့်ကျွမ်းကျင်မှုရှိသော အဖွဲ့အစည်းတို့သည် အန်ဂျီအိုတို့၏ အကူအညီရလျှင် နိုင်ငံရပ်ခြားရှိအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်လာနိုင်ခြင်းဖြင့် ပို၍အင်အားကောင်း

လာကာ ထိရောက်အောင် လုပ်ရှားနိုင်မည်ဖြစ်သည်။ လှုပ်ရှားမှုတခုက အားကောင်းနေခြင်းရှိမရှိကို ထိုလှုပ်ရှားမှုတွင်ပါဝင်သော အဖွဲ့များမှတဆင့်သိနိုင်သည်။ ပါဝင်သောအဖွဲ့များ ပိုမိုအားကောင်းလာသည်နှင့်အမျှ လှုပ်ရှားမှုတခုလုံးလည်း အားကောင်းလာမည်ဖြစ်သည်။

အကြမ်းမဖက်လှုပ်ရှားနေသည့်အဖွဲ့များသည် မိမိတို့အဖွဲ့တည်ရှိနေမှုန်းကို အန်ဂျီအိုတို့က သိထားရုံသက်သက်ထက် မိမိတို့အဖွဲ့နှင့် အန်ဂျီအိုအလှူရှင်တို့အကြား ဆက်ဆံရေးတည်ဆောက်ရန်၊ လိုအပ်သည့်အခါ ထောက်ခံမှုရရန် ကြိုးပမ်းကြသည်။ ထိုကိစ္စများတွင် ခေါင်းဆောင်ပိုင်းက တိုက်ရိုက်ပါဝင်ရန် လိုအပ်ချင်မှ လိုအပ်ပါလိမ့်မည်။

အလှူရှင်များက သူတို့အကူအညီသည် မည်မျှအထိ ထိရောက်မှုရှိနေကြောင်း မှတ်တမ်းတင်ရမည်ဖြစ်သည်။ သို့ဖြစ်၍ ကွင်းဆင်းလေ့လာကြည့်သည့်အခါ ပြဿနာမရှိပဲ ရည်ရွယ်ချက်အတိုင်း အလုပ်ဖြစ်နေကြောင်း တွေ့ရသကဲ့သို့ ပြဿနာများလည်း ရှိတတ်သည်။ မကြာခဏတွေ့ကြုံရသော ပြဿနာတခုမှာ ရည်မှန်းချက်အတိုင်း ထောက်ပံ့ထားသည်နှင့် ထွက်ပေါ်လာသောရလဒ်မှာ ကွာဟနေသည်ကို တွေ့ရခြင်းပင်ဖြစ်သည်။ ထိုအခါ အန်ဂျီအိုတို့က ရှေ့အစီအစဉ်ကို ဆုံးဖြတ်မည် ဖြစ်သည်။

အန်ဂျီအိုက အဖွဲ့ကို ထောက်ပံ့ကူညီနေသော်လည်း ထိုအဖွဲ့မှ လှုပ်ရှားသူများက အကြီးအကျယ် ဆင်းရဲနွမ်းပါးလာလျှင် အဖွဲ့အတွက် အကူအညီအချို့ကို လျှော့ချလိုက်ပြီး ဆင်းရဲနွမ်းပါးသူတို့ အသက်ရှင်ရပ်တည်နိုင်ရန် စားစရာ၊ နေစရာနှင့် နေ့စဉ် လှုပ်ရှားသွားလာရေးတို့အတွက် ထောက်ပံ့ပေးသည့်ပုံစံလည်း ရှိသည်။ အန်ဂျီအိုက ထိုသို့ထောက်ပံ့သည့်ပုံစံမှာ လိုအပ်သူကို အလိုအလျောက် ပေးကမ်းနေခြင်း (Charity) မဟုတ်ပါ။ အကြောင်းမှာ ထောက်ပံ့လိုက်သမျှ ပြန်ရရန် မျှော်လင့်မထားသောကြောင့် ဖြစ်သည်။ ထိုသို့သောပုံစံကို လက်ခံရယူသည့် အဖွဲ့အစည်းများက နားလည်ရန်လိုအပ်သည်။ အတည်ပြုပြီး ထောက်ပံရေးအစီအစဉ်ကို တရားဝင်သဘောတူညီချက် (Contract) အဖြစ်ယူဆသင့်သည်။

တရားဝင်သဘောတူညီချက် ဆိုသည်မှာ အလှူရှင်က ထောက်ပံ့ခြင်းအတွက် အပြန်အလှန်အားဖြင့် လက်ခံရယူသူက သဘောတူထားသည့်အတိုင်း လုပ်ပေးရခြင်းဖြစ်သည်။ အန်ဂျီအိုနှင့် သဘောတူပြီး လုပ်ပေးရသည့်အလုပ်များတွင် ဥပမာအားဖြင့် အဖွဲ့ဝင်အရေအတွက်ကို တိုးမြှင့်ရခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးစနစ်များကို တည်ဆောက်ရခြင်း၊ လေ့ကျင့်ရေးအစီအစဉ်များ စီမံရခြင်း၊ စာအုပ်စာတမ်းတို့ကို ပုံနှိပ်ဖြန့်ဝေရခြင်း အစရှိသည့် အန်ဂျီအို၏ ရည်မှန်းချက်အတွက် လိုအပ်သည်များ ပါဝင်သည်။

သတ်မှတ်ထားသည့် သက်တမ်းကုန်ဆုံးချိန်တွင် သဘောတူညီချက်၏ ရည်မှန်းချက်များကို ပြည့်မီ (သို့) ကျော်လွန်သွားလျှင် ထိုအဖွဲ့အစည်းသည် နောက်တကြိမ်အကူအညီအတွက် သက်တမ်းတိုးခွင့်ရသည်။ သို့သော် သဘောတူထားသည့်အတိုင်း မလုပ်ဆောင်နိုင်လျှင် အလှူရှင်က ထိုအဖွဲ့နှင့် ဆက်ဆံရေးကို ရပ်ဆိုင်းလိုက်သည်။ အန်ဂျီအို အသိုင်းအဝိုင်းအတွင်း ထောက်ပံ့ရန် မေတ္တာရပ်ခံချက်များသည် အန်ဂျီအိုက လုပ်ပေးနိုင်စွမ်းရှိသည်ထက် အဆများစွာ ပိုနေလေ့ရှိသည်။ လုပ်ဆောင်နိုင်စွမ်း မရှိသည့်အဖွဲ့ကို အကျိုးမရှိပဲ ဆက်လက်အားဖြည့်ပေးလောက်အောင် အန်ဂျီအိုတို့က ချမ်းသာကြသည်မဟုတ်ပေ။

## ပြည်ပ မီဒီယာ

အကြမ်းမဖက်လှုပ်ရှားနေသောအဖွဲ့များသည် ထောက်ခံအားပေးမှု ရရှိအောင် နိုင်ငံခြားအစိုးရများ၊ အန်ဂျီအိုများနှင့် ဆက်ဆံရေးတည်ဆောက်ရသကဲ့သို့ နိုင်ငံခြားမီဒီယာနှင့်လည်း ချိတ်ဆက်ထားရသည်။ နိုင်ငံခြားမီဒီယာ၏ ထောက်ခံမှုမရလျှင် နိုင်ငံတကာပြည်သူတို့၏ ထောက်ခံမှုရဖို့ ဖြစ်နိုင်မည်မဟုတ်ပေ။ ဒီမိုကရေစီအတွက် လှုပ်ရှားနေပုံများအကြောင်းကို နိုင်ငံတကာလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိမှ နိုင်ငံတကာ ထောက်ခံအားပေးကူညီမှုများ ရလာမည်ဖြစ်သည်။ ထိုမှတဆင့် အခြားလှုပ်ရှားမှုများကို အရှိန်ရလာစေသည်။ အထောက်အကူပြုလာနိုင်သည်။

လုပ်ရှားသူများက မီဒီယာဆက်ဆံရေးများကို တည်ဆောက်ထားရန်လိုသည်။ မီဒီယာလောကတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ထုတ်ပြန်ဖြန့်ချိနိုင်သော တရားဝင်သတင်းများရှိသည်။ သို့မှသာ မီဒီယာလောကကို အခြေခံ၍ တည်ဆောက်ထားသော မဟာဗျူဟာဖြင့် အကြမ်းမဖက် လှုပ်ရှားနိုင်သည်။ ထို့ပြင် သတင်းထောက်၊ အယ်ဒီတာ တို့သာမက စာနယ်ဇင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုတို့မှ အခြား အဓိက လူထုဆက်သွယ်ရေးသမားများနှင့် ပူးတွဲ အလုပ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို နားလည်နိုင်သည်။ မည်သည့်သတင်းဌာနများတွင် မည်သို့သော အဓိကပရိသတ်များရှိနေသည်ကိုလည်း သိရန်လိုသည်။

ဥပမာအားဖြင့် **Washington Post** နှင့် **Washington Times** တွင် အဓိကပရိသတ်များမှာ သီးခြားစီ ရှိနေကြပြီး **New York Times** နှင့် **Wall Street Journal** တို့တွင်လည်း အလားတူရှိနေကြသည် ဆိုသော ဗဟုသုတများဖြစ်သည်။

ဒီမိုကရေစီလှုပ်ရှားမှုများအကြောင်း အသေးစိတ် သတင်းလိုက်နေသည့် သတင်းသမားများ အကြောင်းကို သိထားလျှင် အသုံးဝင်ပါလိမ့်မည်။ နိုင်ငံများစွာတွင် နိုင်ငံခြားသတင်းထောက်များအသင်း (**Foreign Correspondent's Club**) များရှိကြသည်။ အသင်းဝင်များသည် သတင်းဌာနကြီးများတွင် ပါဝင်လုပ်ကိုင်နေကြပြီး လွတ်လပ်သောသတင်းသမားများ (သို့) စာပေဖြန့်ချိရေး အမျိုးမျိုးတို့မှ အချိန်ပိုင်း သတင်းသမားများနှင့်လည်း သိကျွမ်းနေကြသည်။ သူတို့၏နာမည်များကို သိထားရန်လိုသည်။ သူတို့၏ကျွမ်းကျင်မှု အထောက်အထား လက်မှတ်များအကြောင်း စုံစမ်းသိရှိထားရန်လိုသည်။ အင်တာနက်ပေါ်တွင် ရှာကြည့်လျှင်ဖြစ်နိုင်သည်။ ထိုသို့ သိထားသောအခါ သူတို့ထဲမှ ကျွမ်းကျင်သူတို့နှင့် မီဒီယာဆက်ဆံရေးကို နီးကပ်စွာတည်ဆောက်နိုင်သဖြင့် အကျိုး ဖြစ်ထွန်းပေလိမ့်မည်။

သတင်းသမားတို့မှာ သတင်းကို စိတ်ဝင်စားကြသည်။ တနေရာထဲမှ ပုံနှိပ်ဖြန့်ချိသည့်သတင်း (သို့) အသံလွှင့်သည့် သတင်းကို ပိုနှစ်သက်သည်။ သူတို့သည် သတင်းတပုဒ်ကို စာဖတ်သူတို့ ကိုးကားနိုင်ရန် နောက်ခံအကြောင်းအရာများ၊ သတင်းထုတ်ပြန်ချက်များဖြင့် အရေးပါအောင်၊ ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသား ကြသည်။ အရေးကြီးသောအချက်အနေဖြင့် သိထားရန်မှာ သတင်းသမားတို့သည် အဖြစ်အပျက်တခုမစတင်မီ သူတို့အား အသိပေးနိုးဆော်ခြင်းကို လိုချင်ကြသည်။ ထိုသို့ဖြစ်နိုင်ရန်အတွက် အပြန်အလှန် ယုံကြည်မှု ရှိထား ရပါမည်။ သတင်းသမားနှင့် ဒီမိုကရေစီလှုပ်ရှားသူတို့၏ ဆက်ဆံရေးကောင်းလျှင် လူထုနှင့် ဒီမိုကရေစီအရေး လှုပ်ရှားသော အဖွဲ့အစည်း၏ ဆက်ဆံရေးမှာ ကောင်းမွန်တိုးတက်လာနိုင်သည်။

အတွေ့အကြုံ ရင့်ကျက်လာသော သတင်းထောက်တို့မှာမူ သတင်းတိုင်းကို အပြည့်အဝ မယုံ ကြပေ။ သတင်းနှင့်ဆိုင်သည့်သူများမှာ သူတို့ဖြစ်စေချင်သလို ပြောဆိုတတ်သည်ကို သတင်းထောက်တို့က သိနေပြီး ဖြစ်၍ အတည်မပြုနိုင်သော သတင်းအဖြစ်နှင့်သာ သတင်းလက်ခံယူတတ်ကြသည်။ အတည်မပြုနိုင်သော သတင်း ဖြစ်နေသောကြောင့် ထိုသို့သော သတင်းရယူပုံ နည်းလမ်းကို မသုံးရဟု မဆိုလိုပါ။ သတင်းထောက်တဦးအတွက် လှုပ်ရှားမှုသတင်းများကို ကိုယ်တိုင်ရယူရန် အခွင့်အရေးများ ပိုင်ပိုင်နိုင်နိုင် မရလျှင် သတင်းထုတ်ပြန်ချက် ထွက်လာ ပြီးမှ သတင်းနောက် လိုက်နေရသဖြင့် အချိန်ကုန်ခံရကျိုးနပ်မည် မဟုတ်ပေ။

လူထုက ရုပ်မြင်သံကြားသတင်းများကို ပိုမိုကြည့်ရှုနားထောင်လာကြသည်။ ဓါတ်ပုံ–ဗီဒီယို စာနယ်ဇင်းလောကထက် ရုပ်မြင်သံကြားက ပရိသတ်အတွက် ပိုအရေးပါလာသည်။ အမည်ဖော်ပြလိုခြင်းမရှိသော သတင်းသမား–ပရိုဂျူဆာတဦးက အီလက်ထရောနစ်မီဒီယာ(**Electronic media**)၏ အခန်းကဏ္ဍကို အမြင့်ဆုံး အသုံးချနိုင်အောင် သူ၏များပြားလှသော အတွေ့အကြုံများကို အခြေခံ၍ ဥပဒေသ (၁၀)ချက်ကို ဖော်ပြပေးခဲ့ဖူးရာ မှတ်သားဖွယ် ကောင်းလှသည်။

### ဥပဒေသ(၁)

မီဒီယာမှထွက်သမျှကို လစ်လျူမရှုပဲ တခု(သို့)နှစ်ခုကို အသိအမှတ်ပြုရန် အားထုတ်ပါ။ အဆိုပါ တခု၊ နှစ်ခုသည် ထူးထူးခြားခြား စဉ်းစားနိုင်စရာ ဖြစ်ရပါမည်။ ချက်ချင်း သဘောပေါက်နိုင် ရပါမည်။ သတင်းထောက်–ပရိုဂျူဆာ တို့ထံချဉ်းကပ်၍ ဆက်ဆံရေး တည်ဆောက်နိုင်ရပါမည်။

ထိုသူတို့အား ဘီယာဖြစ်ဖြစ် ကော်ဖီဖြစ်ဖြစ် ဝယ်တိုက်လိုက်ပါ။ ပိုကောင်းနေလျှင်တော့ နေ့လည်စာ ခေါ်ကျွေးသင့်သည်။

## ဥပဒေသ(၂)

ရလိုက်သောသတင်းက သင့်အမြင်ကို တိုက်ရိုက်အထောက်အကူ ပြုချင်မှပြုမည်။ သို့ဖြစ်သည့်တိုင်အောင် သူတို့အား ကျွေးမွေးလိုက်သည့်အတွက် အမှန်တကယ် အသုံးဝင်လာမည့် သတင်းများရနိုင်မှ ကုန်ရကျိုးနပ်ပေမည်။ သူတို့အပေါ် သင်ယုံကြည်ကြောင်း၊ သတင်း၏တန်ဖိုးကို သင်မည်သို့ဆုံးဖြတ်တတ်ကြောင်း၊ သူတို့အား သင်စိတ်ဝင်စားကြောင်းနှင့် သင့်အား အချိန်မရွေး ဆက်သွယ်နိုင်ကြောင်း စသည်တို့ကို သူတို့သိနေအောင် သင်က ရည်ရွယ်ထားရမည်။ သူတို့နှင့် ပုံမှန်အဆက်အသွယ်ရှိထားရမည်။ သို့သော် သူတို့ထံမှ ထူးထူးခြားခြား သတင်းရနိုင်စရာ အကြောင်းမရှိလျှင် ခဏခဏ ဆက်သွယ်နေခြင်းဖြင့် သူတို့အား စိတ်အနှောင့်အယှက် မဖြစ်စေသင့်ပါ။

## ဥပဒေသ(၃)

သင့်အား ဆက်သွယ်နိုင်အောင် လုပ်ထားပါ။ မီဒီယာလောကမှ သင့်အားဆက်သွယ်နိုင်အောင် အားပေးပါ။ သင့်ဖုန်းနံပါတ်နှင့် အီးမေးလ်ကို ဖြန့်ထားပါ။ ဆက်သွယ်လာသမျှကိုလည်း ချက်ချင်းတုန့်ပြန်ပေးရပါမည်။ ဥပဒေသ(၂)ကို လိုက်နာလျှင် သင်သိထားတာကို မီဒီယာအသိုင်းအဝိုင်းက မေးလာမည်၊ သို့မဟုတ် သင့်ထံမှ ထင်မြင်အကြံပေးချက်များကို တောင်းလာမည်ဖြစ်သည်။ အမှန်ပင် သတိထားပြီး သင်ပြောဆိုရပါမည်။ သို့သော် သင့်နောက်ကို မီဒီယာက လိုက်နေပြီဆိုလျှင် သင့်အတွက် အခွင့်ကောင်းပင်ဖြစ်သည်။

## ဥပဒေသ(၄)

စိတ်ဝင်စားလာရုံ၊ လူထုသိရုံသက်သက် ရည်ရွယ်ပြီး မီဒီယာပွဲများ မကျင်းပပါနှင့်။ အရေးပါသော သတင်းအစစ်အမှန်များမရှိပဲ မီဒီယာကို မဖိတ်ခေါ်ပါနှင့်။ အထက်ပါလိုအပ်ချက်ကို အမှန်တကယ် လုပ်နိုင်ပြီဆိုမှသာ မီဒီယာပွဲကို စီစဉ်ကျင်းပသင့်သည်။ ထိုပွဲသည် မီဒီယာအမြင်၊ မီဒီယာ ခံစားပုံကို အမြင့်ဆုံးဖြစ်စေသည့် အကြောင်းအရာဖြစ်နေရမည်။ သင့်တော်သည့်အခြေအနေတွင် ပရိုဂျူဆာတို့က အဆင်ပြေအောင် အချိန်ကန့်သတ်သွားမည်ဖြစ်သည်။

## ဥပဒေသ(၅)

သင်ကိုယ်တိုင်ပါဝင်မည့် လှုပ်ရှားမှုအကြောင်းကို အရေးပါအောင်(သို့) သတင်းဖြစ်လောက်အောင် ရှင်းလင်းနိုင်မည်ဟု ယုံကြည်ပြီး  မီဒီယာပွဲကို ကျင်းပရန် စီစဉ်ပေလိမ့်မည်။ ထိုပွဲကျင်းပမည့်အချိန်ကို သတင်းလောကအား ဖြစ်နိုင်သမျှ နောက်အကျဆုံး ကြိုတင် အကြောင်းကြားထားပါ။ မီဒီယာ၏မျှော်လင့်ချက်များကို လေထဲတွင် ပျောက်ကွယ်မသွားပါစေနှင့်။ စာဖြင့်ရေးသား အကြောင်းကြားခြင်းကို အားမကိုးပါနှင့်။ လူကိုယ်တိုင်လုပ်နိုင်သမျှ ဖုန်းဖြင့် ကိုယ်တိုင်ဆက်သွယ်ရပါမည်။ မည်သည့်ကိစ္စဖြစ်မည်၊ အချိန်၊ နေရာ၊ အကြောင်းရင်း၊ ပါဝင်မည့်သူ အစရှိသဖြင့် အတိအကျ၊ အပြည့်အစုံ၊ လိုရင်းတိုရှင်းဖြင့် အသေးစိတ်ဖော်ပြရပါမည်။ မီဒီယာပွဲများတွင် စိတ်ဝင်စားဖို့ မရှိနိုင်သည့် အဖွဲ့၏စီမံခန့်ခွဲရေးဆိုင်ရာ သာမန်အကြောင်းများကို ကြားနေရတတ်သည်။ ကိုယ်တိုင်က ဘာမှန်းမသိပဲ ပြောနေမိသည်လည်းရှိသည်။ ထိုကိစ္စများမှာ လက်ခံနိုင်စရာ မရှိလှသဖြင့် ရှောင်ကြဉ်ရပါမည်။ အထူးသဖြင့် ရုပ်မြင်သံကြားရိုက်ကူးနေသူများအတွက် လက်ခံနိုင်သည့်ကိစ္စ မဟုတ်ပါ။ သင့်တော်မည်ဆိုပါက မီဒီယာအား ဦးဆောင်ပေးရန်၊ နောက်ခံအကျဉ်းချုပ် တင်ပြပေးရန်နှင့် အဓိကထင်ရှားသူများကို လူတွေ့မေးမြန်းရန် တောင်းဆိုရပါမည်။

## ဥပဒေသ(၆)

မီဒီယာနှင့်တွေ့လျှင် သင့်အလုပ်ကို သင်သတိရပါ။ သင့်အလုပ်မှာ သင်တို့၏လုပ်ရှားမှုနှင့် အောင်ပွဲများကိုသာမက သင့်ပြိုင်ဖက်က ဘာလုပ်နေသည်ကိုပါ မီဒီယာ စိတ်ဝင်စားလာအောင် လုပ်ရခြင်းဖြစ်သည်။ ပြိုင်ဖက်အစိုးရ စီစဉ်လုပ်ဆောင်နေသည်များကို သင်၏လှုပ်ရှားမှုက မည်သို့ သိရှိထားကြောင်း မီဒီယာအား ပြောပြရပါမည်။ ထိုအချက်ကို မီဒီယာက စိတ်ဝင်စားပေလိမ့်မည်။ အချိန်အခါသင့်တိုင်းလည်း ပြောဆိုပေးနေရပါမည်။ သို့သော် သင့်လုံခြုံရေးနှင့် အမည်ဖော်ထုတ် မပေးနိုင်သော သတင်းအစကို အလိုက်အထိုက် ကာကွယ်ထားရန် လိုပါမည်။

## ဥပဒေသ(၇)

မီဒီယာသို့ပေးလိုက်သောသတင်းကို သတင်းထောက်နှင့် ပရိုဂျူဆာတို့က "လုပ်စား"(Sell)နိုင်သည်ကို သတိရှိပါ။ ထိုသူတို့က အလုပ်နှင့်ပတ်သက်သည့် မျှော်လင့်ချက်ကို အခြေခံ၍ ရလာသောသတင်းကို အထက်သို့ တင်ပြမည်ဖြစ်သည်။ သူတို့၏တင်ပြချက်များတွင် ဥပမာအားဖြင့် နောက်ခံအကြောင်း၊ ဖြစ်ရပ်၏ပတ်ဝန်းကျင်အခြေအနေ၊ အဆက်အစပ်များ သို့မဟုတ် နောက်ဆက်တွဲဖြစ်ရပ်များကို သူတို့မသိသည်လည်း ထည့်သွင်းဖွယ်ရှိနိုင်မည်၊ အမှန် တကယ် ထက်ပိုပြီး စိတ်ဝင်စားအောင်လည်း တင်ပြဖွယ်ရှိနိုင်မည်။ တနည်းအားဖြင့် အမှန်အတိုင်းထက် ပိုနေသည်များ၊ လျော့နေသည်များရှိနိုင်သည်။ သို့ဖြစ်၍ ထိုဖြစ်ရပ်ကို ရိုက်ကူးထားသော ဗီဒီယိုအခွေကိုပါပေးရန် တတ်နိုင်လျှင်တော့ အထောက်အထား ပိုမိုခိုင်လုံပေလိမ့်မည်။ ထို့ပြင် အဓိကလူသိများသူတို့၏ ကိုယ်ရေးရာဇဝင် အသေးစိတ်နှင့် ဆက်စပ်မှုများကို သင် သိကောင်းသနေမည်ဖြစ်သည်။ ပို၍အရေးပါအောင်လုပ်ရမည့် ဘဏ္ဍာရေး၊ စီးပွားရေး ဆက်စပ်မှုများကို သင် သိချင်သိနိုင်သည်။ သိထားသမျှအမှန်ကို ပေး၍ အထောက်အထားခိုင်လုံဖို့ကို ဦးစားပေးထားသင့်သည်။

## ဥပဒေသ(၈)

သတင်းသမားများသို့ပေးလိုက်သော ဗီဒီယို ရိုက်ကူးထားသည့် အခွေမှန်သမျှ အမှန်အတိုင်းဖြစ်နေရန် သတိထားပါ။ ဖြစ်ရပ်၏ နေ့ရက်၊ အချိန်နှင့် အကြောင်းအရာတို့ကို အသေးစိတ် အတိအကျ ပြည့်စုံအောင် ပေးရပါမည်။ တရားဝင်လုပ်ပိုင်ခွင့်အရ ထိုသို့ပေးခြင်း ဖြစ်ရပါမည်။ ရုပ်မြင်သံကြားတွင် ထိုဗီဒီယိုကို ပြန်ပြသောအခါ ရိုက်ကူးစဉ်က ပါဝင်နေသူများ၏ ဂုဏ်သိက္ခာ၊ လုံခြုံမှု အစရှိသည်တို့ မထိခိုက်စေဖို့လိုသည်။ သင့်အား တရားပြန်စွဲနိုင် လောက်အောင် ဖော်ပြထားပေးခြင်းမျိုး မရှိရပါ။

## ဥပဒေသ(၉)

သတင်းသမားအား မည်သည့်အခါမှ မလှည့်စားပါနှင့် (သို့) မမှန်သောသတင်း၊ ရှုပ်ထွေးသွားစေရန် တမင်တကာ ရည်ရွယ်ထားသော သတင်းတို့ကို မပေးရပါ။ သင့်အတွက် ခဏတာအားဖြင့် အကျိုးဖြစ်ထွန်းနိုင်သော်လည်း ရေရှည်တွင် ခံလိုက်ရသည့် ထိခိုက်မှုက မတန်တဆဖြစ်နေတတ်သည်။

## ဥပဒေသ(၁၀)

အင်တာနက်သတင်းဌာန၊ မီဒီယာအဖွဲ့အစည်း၊ သတင်းဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့သည် သူတို့၏ ပရိသတ်အမျိုးမျိုးကို သတင်းပေးနေကြသည်။ သတင်းလွှင့်သည့်ပုံစံနှင့်မှု အမျိုးမျိုးရှိသည်။ ပရိတ်သတ်ဘက်မှလည်း သတင်းရယူပုံ နည်းပညာလိုအပ်ချက် စသဖြင့် အမျိုးမျိုးရှိနေသည်။ ဤအချက်ကို သင် သတိရနေရပါမည်။ သာမန်ဖြစ်နေကျမဟုတ်ပဲ အလွန်ထူးခြားနေသောအခြေအနေ၊ အရေးတကြီး အလျင်အမြန် ဖြစ်ပျက်ခဲ့သည့် အခြေအနေမျိုးမှလွဲ၍ အထက်ပါအချက်များသည် သင့်အပေါ်မူတည်နေသည်။ သတင်းထောက်တဦးက စာလုံးရေ

(၁၅၀၀)ခန့်ဖြင့် ရေးနိုင်သောသတင်းတပုဒ်ကို ရုပ်မြင်သံကြား တိုက်ရိုက် အသံလွှင့်သူ သတင်းသမား တဦးအတွက် တင်ပြချက်က အမျိုးမျိုး အဖုံဖုံ ဖြစ်နေပေလိမ့်မည်။

## အနှစ်ချုပ်

အန်ဂျီအိုတို့၏အကူအညီ (သို့) မီဒီယာကို ပညာသားပါပါ ထိထိရောက်ရောက် အသုံးချခြင်းဖြင့် ပြင်ပ ပရိသတ်များကို သြဇာလွှမ်းမိုးနိုင်ပါက အကြမ်းမဖက်လှုပ်ရှားမှု အောင်မြင်ရေးအတွက် အလွန်အရေးပါနိုင်သည်။ ထိုသို့သော ပြင်ပအင်အားစုများနှင့် အတူတွဲ၍လုပ်နိုင်လျှင် မိမိလှုပ်ရှားမှုမှာ တရားဝင် အသိအမှတ်ပြုခံရသည်။ အင်အားကောင်းလာသည်။ အရင်းအမြစ်များ တိုးပွားလာသည်။ မီဒီယာက စိတ်ဝင်စားလာသည်။ သို့သော် သူတို့သတ်မှတ်ချက်နှင့်အညီ အကန့်အသတ်ဘောင်အတွင်းမှ မဖြစ်ဖြစ်အောင် ပြန်လုပ်ပေးနေရသည်။

--------- ၀၀၀---------

# အခန်း (၁၄)
## တိုင်ပင်ခြင်းနှင့် လေ့ကျင့်ခြင်း

ဗျူဟာမြောက် အကြမ်းမဖက်လုပ်ရှားမှုကို လက်နက်ကိုင်လမ်းစဉ်၏ အခြားနည်းလမ်းခွဲတခု (Alternative)အဖြစ် အသုံးချရန် ကောင်းလေမလားဟု စိတ်ဝင်စားသူများ ရှိတတ်သည်။ တကြိမ်တခါသာမကပါ။ အကြိမ်ပေါင်းများစွာပင် စိတ်ဝင်စားနေတတ်ကြသည်။ ထိုသို့ဖြစ်တတ်သောအချိန်မှာ လက်နက်ကိုင်တော်လှန်ရေး မအောင်မြင်သည့်အခါ (သို့) လက်နက်ကိုင်တော်လှန်ရေးဖြင့် အောင်ပွဲရနိုင်မည်မဟုတ်ကြောင်း အချိန်ယူ စဉ်းစား သုံးသပ်ပြီးသည့်အခါ ဖြစ်သည်။ လက်နက်ကိုင် တော်လှန်ရေးဆိုသည်မှာ ဆင်နွှဲတိုင်းလည်း အောင်မြင်သည် မဟုတ်ပါ။ မအောင်မြင်ရခြင်းမှာ ကံမကောင်းလှသောကိစ္စတခု ဖြစ်သော်လည်း လက်တွေ့တွင် အမှန်တကယ် ဖြစ်ပျက်တတ်သောအခြေအနေ ဖြစ်သည်။

လက်နက်ကိုင် တော်လှန်ရေးတခု အောင်မြင်ရေးကို လပေါင်းနှစ်ပေါင်းများစွာသာမက ဆယ်စုနှစ်များပင် တိုင်လာသည်ထိ အချိန်ရင်းနှီးပြီး ဆင်နွှဲရသည်။ မအောင်မြင်သေးသရွေ့ မျှော်လင့်ချက်ကုန်ဆုံးဖို့ တွန်းအား ပေးခံနေရသည်။ အဆုံးအရှုံးတွေက အလွန်များသည်။ အကြမ်းဖက်လှုပ်ရှားမှု ဆိုသည်မှာ မဖြစ်နိုင်(တော့)သည့် နည်းလမ်းပါတကားဟု မဝံ့မရဲဝန်ခံမည်ကို နားလည်နိုင်ပါသည်။ ပါဝင်လှုပ်ရှားသူတို့ အမှန်တကယ် အစွမ်းအစ ရှိနိုင်ပါသည်။ သို့တိုင်အောင် မအောင်မြင်ရခြင်းမှာ သူတို့၏အမှားကြောင့်တော့ ဟုတ်ဟန်မတူ။ သူတို့ထိန်းချုပ်နိုင် သည်က နည်းနည်း၊ ရင်ဆိုင်ရသည်က အဆများစွာ ပိုကြီးမားနေသောအင်အားစုများ ဖြစ်နေသောကြောင့်ဟုသာ ဆိုရပါမည်။

ယနေ့ခေတ်ကား စစ်အေးခေတ်လွန် ကာလဖြစ်သည်။ အာဏာရှင်အစိုးရအား ဆန့်ကျင်သော လက်နက်ကိုင် လှုပ်ရှားမှုများ မအောင်မြင်တော့သော အချိန်အခါ ဖြစ်သည်။ သည့်အတွက်လည်း အံ့အားသင့် မနေသင့်တော့။ စစ်အေးခေတ် (Cold War)က ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၇ခုနှစ်မှ ၁၉၉၁ဒီဇင်ဘာ(၂၅)ရက်ထိ ကြာမြင့်ခဲ့သည်။ ထိုကာလအတွင်း စစ်ရေးမဟာမိတ်တို့၏ အင်အားကိုယ်စီဖြင့် ကမ္ဘာ့အင်အားကြီး အုပ်စုနှစ်ခု ဖြစ်သော ကွန်မြူနစ် ဆိုဗီယက်ယူနီယံနှင့် အနောက်အုပ်စုတို့အကြား ဒေသန္တရ နိုင်ငံရေး၊ သဘောတရားရေးရာနှင့် စီးပွားရေးတို့ အပြင်းအထန် ပြိုင်ဆိုင်ခဲ့ကြသည်။

ထို့နောက် စစ်အေးခေတ် ကုန်ဆုံးသွားခဲ့ခြင်းနှင့်အတူ အင်အားကြီးနိုင်ငံများ၌ ဆန့်ကျင်ဘက် အုပ်စု၏ရန်ကို စိုးရိမ်စရာများ ပျောက်ကွယ်သွားခဲ့သည်။ စစ်အေးခေတ်အတွင်းကဆိုလျှင် နိုင်ငံကြီးများက အထောက်အပံ့နှင့် အကာအကွယ်ပေးပြီး လက်အောက်ခံနိုင်ငံငယ်များ (Client States)များကို မွေးထားရသည်။ ထိုလက်အောက်ခံ နိုင်ငံများကတဖန် နိုင်ငံကြီးများ၏ကိုယ်ကျိုးစီးပွားအတွက် ဆန့်ကျင် လှုပ်ရှားပေးနေခဲ့ရသည်။ စစ်အေးခေတ်လွန်တွင် ထိုအခြေအနေများ ဆက်လက်အသုံးချရန် မလိုအပ်တော့ပေ။ နိုင်ငံများသည် နိုင်ငံရေး တည်ငြိမ်သော ပတ်ဝန်းကျင်များတွင် စီးပွားရေး ကောင်းသထက်ကောင်းလာရန်သာ ပိုမိုအာရုံစိုက်လျက် ရှိနေ ကြသည်။

ခေတ်သစ်အစိုးရတို့မှာ ဗဟိုမှ အာဏာချုပ်ကိုင်မှု ပိုများလာသည်။ ခေတ်မီနည်းပညာများကို အသုံးချပြီး ဆန့်ကျင်ဘက်အုပ်စုများကို ထိန်းချုပ်သည်၊ ဖိနှိပ်သည်။ နမူနာပေးရလျှင် လူထုဆက်သွယ်ရေး၊ လူစုလူဝေးထိန်းချုပ်မှု၊ သတင်းထောက်လှမ်းရေး၊ အခြားမြိမ်းခြောက်အကြပ်ကိုင်မှုများ ဖြစ်သည်။ ထိုသို့ ထိန်းချုပ် ဖိနှိပ်မှုများကြောင့် အစိုးရကို ဆန့်ကျင်နေသောအဖွဲ့များအဖို့ အသက်ရှုကြပ်သွားရသည်။ လေ့ကျင့်ရန် ခက်ခဲ လာသည်။ လှုပ်ရှားရန်မလွယ်ကူပဲ ဖြစ်လာသည်။ အစိုးရကိုဆန့်ကျင်မည့် လက်နက်ကိုင်တပ်ဖွဲ့များ ချထားရေးတွင် အကြပ်အတည်းများ ကြုံလာသည်။

ဒီမိုကရေစီလူ့အသိုင်းအဝိုင်းများအတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး(War on Terrorism)က ခေတ်စားနေသည်။ အရင်ကမလုပ်ဖူးသည့် ကာကွယ်တားဆီးရေးများကို လုပ်လာသည်။ လူတဦးချင်းအား ထိန်းချုပ်ရန်၊ ထောက်လှမ်းရန် ဆိုသည်မှာ ယခင်နှစ်အနည်းငယ်ခန့်က မစဉ်းစားဖူးခဲ့သည်များ ဖြစ်သည်။ အာဏာရှင်အစိုးရတို့အတွက်ကား အကြမ်းဖက်မှုတိုက်ဖျက်ရေးသည် သူတို့အတွက် အခွင့်ကောင်းကြီး ဖြစ်သွား

သည်။ ဆန့်ကျင်သူများကို ပိုမိုနှိပ်ကွပ်ရန် တံခါးပွင့်သွားသည်။ အာဏာရှင်တို့က ဒီမိုကရေစီ ထောက်ခံသူများကို အကြမ်းဖက်ဟု စွပ်စွဲရသော်လည်း ဒီမိုကရေစီနိုင်ငံများကမူ ထိုသို့မယူဆ၊ လေသံပင်မဟ။ သို့သော် အာဏာရှင်အစိုးရတို့က ဆန့်ကျင်သူလူထုကို အစိုးရအကြမ်းဖက်များဟု တဖက်သပ်စွပ်စွဲကာ အနိုင်ကျင့်နေကြတော့သည်။

အထက်ပါအချက်များက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့် လှုပ်ရှားရန် မဖြစ်နိုင်သလောက် ရှိလာကြောင်း ဖော်ပြနေသည်။ သို့သော် လက်နက်ကိုင်လှုပ်ရှားသူတို့ကလည်း အခြေအနေကို ကောင်းစွာသုံးသပ်မိသည့်အလျောက် သူတို့၏မဟာဗျူဟာကို အကြမ်းမဖက်လှုပ်ရှားဖြင့် မည်သို့ အကောင်အထည်ဖော်နိုင်မည်ကို စဉ်းစားရန် လိုအပ်လာပြီ ဆိုသည့် အနေအထားသို့ လမ်းကြောင်းပြောင်းခဲ့ကြပြီး ဖြစ်သည်။

တယ်လီဖုန်းအသုံးပြုပုံ နမူနာတခု တင်ပြပါမည်။ ယနေ့ခေတ်တွင်အချိန်တိုင်း၌ ဖုန်းအားလုံးကို ကြားဖြတ်နား ထောင်ရန် ဖြစ်နိုင်နေသည်။ ဆဲလ်ဖုန်း(mobile phone or cellular cell phone)မှ ဘက်ထရီကို ဖြုတ်ထားမှသာ စိတ်ချရသော အနေအထားတွင် ရှိနေတော့သည်။ တကမ္ဘာလုံး တွင်တွင်ကျယ်ကျယ် အသုံးပြုနေသော ကွန်ပြူတာများဆိုလျှင်လည်း မသမာသူတို့က ခိုးဝင်ကြည့်ရှုနိုင်ကြသည်။ သို့ဖြစ်ရာ အချက်အလက်များအား လုံးဝမထားရှိလိုလျှင် ယင်းတို့ကို CD-Rom, DVD-Rom တွင် သိမ်းဆည်းရန်၊ အားကောင်းသော လျှပ်စစ်သံလိုက်ဓါတ်ဖြင့် Hard Disk ကို ထိတွေ့ဖျက်ဆီးရန်မှလွဲ၍ အခြားနည်းလမ်းမရှိတော့ပါ။ လက်နှစ်ဖက်ကိုင်ရသည့်တူဖြင့် Hard Disk ကို ထုရိုက်ဖျက်ဆီးသည့်တိုင်အောင် ကွန်ပြူတာကျွမ်းကျင်သူက Data များကို ထုတ်ယူ၍ ရမရ အာမ မခံနိုင်။ Delete လုပ်သည်မှာ ကွန်ပြူတာသုံးသူ၏မြင်ကွင်းမှ ပျောက်ပစ်လိုက်ခြင်းသာဖြစ်ပြီး မသမာသော အစိုးရ ထောက်လှမ်းရေးများအတွက်မူ လွယ်ကူသည့် ကိစ္စရပ်များသာ ဖြစ်သည်။ Cookies ကို Disabling လုပ်ထားလျှင်တော့ ရနိုင်သည်။ ထို့အတူ စကားဝှက်ဖြင့် ပေးပို့လက်ခံနေသည်ကို ကြားဖြတ်၍ ဖျက်ဆီးပြင်ဆင်ခိုးယူ မရအောင်လည်း လုပ်နိုင်သည်။ သို့သော် စောင့်ကြည့်နေသူက သိသွားနိုင်သဖြင့် မိမိအပေါ် ပို၍ မယုံသင်္ကာ ဖြစ်လာနိုင်သည်။

အကြမ်းမဖက်လှုပ်ရှားမှုဆိုင်ရာ စာအုပ်အများအပြား ထွက်နေပြီဖြစ်သည်။ အဆိုပါစာအုပ်များနှင့်အတူ ရုပ်ရှင်ဖလင်များ၊ ဆောင်းပါးများ၊ လက်ကမ်းစာရွက်များ စသဖြင့် အမျိုးစုံစွာရှိနေသည်။ အားလုံးသည် အကြမ်းမဖက်လှုပ်ရှားမှုများကို အသုံးချရန် လေ့လာသူတို့အတွက် အဖိုးမဖြတ်နိုင်သော အရင်းအမြစ်စွမ်းအားတခု ဖြစ်ပါလိမ့်မည်။ ထိုမျှသာမက လက်ရှိ အကြမ်းမဖက် တိုက်ပွဲဝင်နေဆဲသူအတွက် ထပ်မံ ဖြည့်စွက်ပေးနိုင်သည့် အရင်းအမြစ်လည်းဖြစ်သည်။

အချိန်သည် ရလဒ်တခုဖြစ်ပေါ်စေရေးအတွက် အကျိုးသက်ရောက်မှုပေးသည်။ အချိန်ကို ကောင်းစွာ အသုံးချနိုင်ရမည့်ခေတ်တွင် အသိတရား ဗဟုသုတများကို လျင်မြန်စွာရရှိနိုင်ရန် လိုအပ်နေသည်။ ကျွမ်းကျင်အောင်လုပ်တတ်ရန်၊ လေ့ကျင့်နိုင်ရန် အရေးတကြီးလိုအပ်နေသည်။ ထို့ကြောင့် အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ အတွေ့အကြုံရှိ သင်တန်းဆရာများကို ရှာဖွေထားသင့်သည်။ သူတို့အား မေတ္တာရပ်ခံသင့်သည်။ သူတို့အနေဖြင့် ထိုမေတ္တာရပ်ခံချက်များကို လက်ခံလိုက်သည်မှာ တကယ့်အလုပ်ကို တာဝန်ယူ လိုက်ခြင်းပင်ဖြစ်တော့သည်။

အကြမ်းမဖက် လှုပ်ရှားမည့်သူတို့သည် တိုင်ပင်ခြင်းနှင့် လေ့ကျင့်ခြင်းအတွက် အောက်ပါအချက် (၄) ချက်ကို အထူးဂရုပြုသင့်သည်။



## အစွမ်းထက်အောင် လေ့ကျင့်နိုင်ရေးအတွက် လူသားအရင်းအမြစ်များကို အစွမ်းကုန် အသုံးချခြင်း

A Force More Powerful ဆိုသောရုပ်ရှင်ကားတကားရှိသည်။ "ပိုပြီး အားကောင်းသော အင်အားတခု" ဟု အဓိပ္ပာယ်ရသည်။ ၁၉၉၉ခုနှစ်တွင် စတင်ပြသ သည်။ **Steve York** က ရေးသား ရိုက်ကူးသည်။ ကမ္ဘာအနှံ့အပြားရှိ အကြမ်းမဖက် လှုပ်ရှားမှုများအကြောင်း တင်ပြထားသည်။ ဆုပေါင်း (၁၀)ခု ရရှိထားပြီး ဖြစ်သည်။ ပရိသတ် သန်းပေါင်းများစွာ ကြည့်ဖြစ်အောင် ဆွဲဆောင်နိုင်ခဲ့သည်။ ထိုရုပ်ရှင်ကား၏ အရေးကြီးဆုံးသော စိတ်ကူး–ရည်ရွယ်ချက်သည် ပရိသတ်၏ရင်ထဲတွင် နှစ်အတော်ကြာ ရှင်းလင်းပြတ်သားစွာ စွဲမြဲလျက်ရှိသည်။ လူတို့သည် အာဏာရရှိရေးအတွက် လှုပ်ရှားရာတွင် အကြမ်းဖက်နည်းလမ်းဖြင့် လှုပ်ရှားကြသည်။ အလိုအလျောက် အညှဉ့်ခံသည့်နည်းလမ်းဖြင့်လည်း လှုပ်ရှားကြသည်။ နှစ်မျိုးစလုံးတွင် အကန့်အသတ် များဖြင့် ပိတ်ဆို့ခံနေရကြောင်း မကြာမကြာ သတိထားမိလာကြသည်။ သို့သော် ထိုနှစ်မျိုးစလုံးမှာပင် အခြားပြောင်းလဲနိုင်စရာ နည်းလမ်းကောင်းတခုက ရှိနေသည်။ ဤကား ထိုရုပ်ရှင်မှ ပေးလိုက်နိုင်သော အသိတရားဖြစ်သည်။

အကြမ်းမဖက်လှုပ်ရှားမှုကို လူထုက များသောအားဖြင့် စိတ်ဝင်စားကြသည်။ စိတ်ဝင်စားသူများသထက်များလာသည်။ သူတို့သိလိုသည်များကို စုံစမ်းမေးမြန်းမှုများ တနေ့တခြားတိုးပွားနေသည်။ ဖိနှိပ်သော အစိုးရကိုဆန့်ကျင်ရန် အကြမ်းမဖက် လှုပ်ရှားမှုကိုအသုံးချဖို့ ပိုမိုလေ့ကျင့်လာကြသည်။ သို့သော် မည်သည့် အဖွဲ့အစည်းမှ အကြမ်းမဖက်လှုပ်ရှားမှု၏ လမ်းညွှန်ချက် အကုန်လုံးကို လေ့ကျင့်ရန် အရင်းအမြစ် စွမ်းအားများ မရှိကြပါ။ ရနိုင်သမျှဖြင့် လက်လှမ်းမီရာများကို လေ့ကျင့်ပြင်ဆင်နေရခြင်း ဖြစ်သည်။

အချို့အဖွဲ့အစည်းများက အကြမ်းမဖက်လှုပ်ရှားမှု၏ မဟာဗျူဟာလိုအပ်ချက်များအတိုင်း ပိုမို ကျွမ်းကျင်အောင် လုပ်ကြသည်။ အချို့က နည်းဗျူဟာနှင့် နည်းစနစ်ပိုင်းကို အာရုံစိုက်ကြသည်။ အခြားအဖွဲ့များ ကမူ အကြမ်းမဖက်လှုပ်ရှားမှု နိုင်ငံရေးဖြစ်စဉ်တွင် တာဝန်ရှိသူတို့ကိုယ်စား ဆောင်ရွက်သူ (**Under-represented**) တို့ကို လုပ်ပိုင်ခွင့်များပေး၍ အခြေခံ လူထုလူတန်းစားအဆင့် စည်းရုံးရေးကို အထူးကြိုးပမ်း လုပ်ဆောင်ကြသည်။

ဒီမိုကရေစီ ရရှိရေးအတွက် အကြမ်းမဖက် လှုပ်ရှားလိုကြသော အဖွဲ့အစည်းများအနေဖြင့် လေ့ကျင့်ရေးသင်တန်းများ (Trainings)၊ အလုပ်ရုံဆွေးနွေးပွဲများ (Workshops) နှင့် အဆင့်မြင့် တရက်–နှစ်ရက်တာ ဆွေးနွေးပွဲများ (Seminars)ကို လိုအပ်ပါက ကမ္ဘာတလွှားတွင် ထိုအကြမ်းမဖက် နည်းလမ်းများအား မြှင့်တင်ပေးနေသည့် မည်သည့်အဖွဲ့ကိုမဆို အကြံဉာဏ် တောင်းခံခြင်းများကို တရားဝင် တောင်းဆိုလျှင် ရနိုင်စရာ ရှိသည်။

## အရေးပါသော ဗဟုသုတများကို စံနှုန်း သတ်မှတ်ခြင်း

သီအိုရီအရ အကြမ်းမဖက်လှုပ်ရှားသူတို့သည် အရေးပါသည့်ဗဟုသုတများ ဖြည့်ဆည်းရသည်၊ အရေးပါသည်များကို ကျွမ်းကျင်အောင်လေ့ကျင့်ရသည်၊ ဗဟုသုတရှိပြီးသား၊ လေ့ကျင့်ပြီးသား အင်အားစု(Core Package) ဖြစ်အောင် လုပ်ရသည်။ သို့ဖြစ်ရာ အချို့အမျိုးအစား၌ မည်မျှအထိ တတ်သိကျွမ်းကျင်ဖို့လိုကြောင်း စံသတ်မှတ်နှုန်းများ ရှိ–မရှိ ဆိုသော မေးခွန်းကို မေးစရာ ရှိလာပါပြီ။

ဥပမာအားဖြင့် လစာငွေတိုးရေး သပိတ်မှောက်ရန် စီစဉ်ရာတွင်ဖြစ်စေ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆန့်ကျင်ရာတွင်ဖြစ်စေ၊ နိုင်ငံရေးအသွင်ပြောင်းလဲရန်အတွက် အကြမ်းမဖက်လှုပ်ရှားမည့် အစီအစဉ်တွင်ဖြစ်စေ အသုံးချနိုင်သော အကြမ်းမဖက် လှုပ်ရှားမှုဆိုင်ရာ စည်းမျဉ်းများရှိကြောင်း သိရှိကြသည်။ ထိုစည်းမျဉ်းများကို ယဉ်ကျေးမှုအလိုက်၊ နိုင်ငံအလိုက် အသုံးချသည်ကိုလည်း သိရှိကြသည်။ စစ်ရေးဆိုင်ရာ စည်းမျဉ်းများကို တကမ္ဘာလုံးက အသုံးချသကဲ့သို့ပင်။ သီအိုရီက မည်သို့ပင်ရှိစေ ပဋိပက္ခဖြစ်နေသည့် ဝန်းကျင် အခြေအနေ (ပဋိပက္ခ)ပေါ်မူတည်၍ ထိုစည်းမျဉ်းများကို လက်တွေ့အသုံးချသွားသည်သာဖြစ်သည်။

မည်မျှထိ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိမှု ဖြစ်မည်ဆိုသော သတ်မှတ်ချက်အဝန်းအဝိုင်းကို မိမိတို့ ပတ်ဝန်းကျင်–ဒေသ–နိုင်ငံ–လူမျိုးအလိုက် စံနမူနာအဖြစ် ဖန်တီးထားရှိသင့်သည်။ အကြမ်းမဖက်လှုပ်ရှားမှုနှင့် ပတ်သက်နေသောအကြောင်းများ အားလုံးမဟုတ်သည့်တိုင် အများစုကို ထိုအဝန်းအဝိုင်းမှနေ၍ စဉ်းစားတွေးခေါ်နိုင်သည်။ ဗဟုသုရှိပြီးသား၊ လေ့ကျင့်ပြီးသား အင်အားစုအနေဖြင့် ထိုသို့သော အဝန်းအဝိုင်းကို ဖန်တီးနိုင်စွမ်းရှိသည်။

အရေးပါသော ဗဟုသုတများတွင် အောက်ပါ (၆)ချက် ပါဝင်နိုင်သည်။

**အရေးပါသော ဗဟုသုတ (၆)ချက်**

- နောက်ဆုံးနှင့် အလယ်အလတ်အဆင့်ရည်မှန်းချက်များကို ရွေးချယ်ရန် အရေးပါပုံ
- အများပိုင် နိုင်ငံရေးအာဏာ၊ နိုင်ငံရေးအာဏာ၏မူလဇစ်မြစ်နှင့် ထောက်တိုင်များ
- အကြမ်းမဖက်လှုပ်ရှားသည့် နည်းလမ်းများကို ကျယ်ပြန့်စွာသိနေရန် အရေးပါပုံ
- အကြောက်တရားနှင့် ယင်းကို ဖယ်ရှားပုံ
- အသိပညာပေး လှုံ့ဆော်စည်းရုံးရေးများ
- အကြမ်းမဖက်လှုပ်ရှားမှု၏ အဖျက်အဆီးများ

## (၁) နောက်ဆုံးနှင့် အလယ်အလတ်အဆင့် ရည်မှန်းချက်များကို ရွေးချယ်ရန် အရေးပါပုံ

အကြမ်းမဖက်လှုပ်ရှားသူတို့က ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း သိရှိထားလျှင် သူတို့သည် အရင်းအမြစ်စွမ်းအားများကို ပိုမို ရှာဖွေအသုံးချလာနိုင်သည်။ ဦးစားပေးရမည့် ကိစ္စကို ဆုံးဖြတ်ပေးနိုင်သည်။ လှုပ်ရှားမှုတွင် လူထုပါဝင်လာအောင် ရှင်းပြပေးနိုင်ရုံမက လှုပ်ရှားမှုကာလအတွင်း ခေါင်းဆောင်ပိုင်းက ထိရောက်အောင် လှုပ်ရှားနေခြင်း ရှိမရှိကိုလည်း သိနိုင်သည်။

## (၂) အများပိုင်နိုင်ငံရေးအာဏာ၊ နိုင်ငံရေးအာဏာ၏မူလဇစ်မြစ်နှင့် ထောက်တိုင်များ

အများပိုင် နိုင်ငံရေးအာဏာ၏ပုံစံ၊ နိုင်ငံရေးအာဏာ၏မူလဇစ်မြစ်၊ အထောက်အကူပြု ထောက်တိုင်များကို ရှင်းရှင်းလင်းလင်း နားမလည်ပဲ အကြမ်းမဖက်လှုပ်ရှားမှု၏ မဟာဗျူဟာ အကြောင်း စဉ်းစားရန် မဖြစ်နိုင်ပါ။ အထောက်အကူပြု ထောက်တိုင်များ အားကောင်းနေသည်လား၊ အားနည်းနေသည်လားဆိုသည်ကို ချက်ချင်းသိမြင်နိုင်သည့် နည်းလမ်းအချို့ကို သင်တန်းများတွင် ဆက်လက်လေ့လာနိုင်သည်။ အတိုင်ပင်ခံများထံမှလည်း သိရှိနိုင်သည်။ ထိုနည်းတူ လှုပ်ရှားရန်အစီအစဉ်အား ပိုမိုအသေးစိတ် စိစစ်သုံးသပ်ထားပုံကိုလည်း လေ့လာသိရှိနိုင်သည်။ (အခန်း ၁ နှင့် ၂)

## (၃) အကြမ်းမဖက်လှုပ်ရှားသည့် နည်းလမ်းများကို ကျယ်ပြန့်စွာ သိနေရန် အရေးပါပုံ

အကြမ်းမဖက်လှုပ်ရှားသည့် အဖွဲ့အစည်းများက နည်းလမ်းတခုမဟုတ် အခြားတခုကို ပြောင်းလဲ လုပ်ဆောင်နိုင်ကြောင်း သိလာစေသည်။ ထို့ပြင် အကြမ်းမဖက်လှုပ်ရှားမှုသည်

ဆင့်ကဲဆင့်ကဲ ဆန္ဒပြလှုပ်ရှားမှုများထက် ပို၍ကျယ်ပြန့်ကြောင်း ကောင်းကောင်း သဘောပေါက စေသည်။ (အခန်း ၄)

## (၄) အကြောက်တရားနှင့် ယင်းကို ဖယ်ရှားပုံ

လူထုအား အကြမ်းဖက်ပြုမူခြင်းသည် အာဏာရှင်သက်ဆိုးရှည်ရေးအတွက် နည်းလမ်းကောင်းတရပ် ဖြစ်နေသည်။ အာဏာရှင်၏ နှိပ်ကွပ်မှုကြောင့် လူ့အသိုင်းအဝိုင်းမှာ မလှုပ်မရှားနိုင်ဖြစ်သွားရသည်။ ကြောက်တတ်သွားသည်။ တစုတစည်းတည်းမရှိတော့ပဲ ဖြိုခွဲခံလိုက်ရသည်။ ကြောက်စိတ်ကိုဖယ်ရှားနိုင်ရန် အချို့နည်းလမ်းများမှာ အလွန်အသုံးကျသည်။ ရည်ရွယ်ချက်မှာ မကြောက်တတ်အောင် လုပ်ပေးဖို့မဟုတ်ပါ။ မကြောက်ပဲ မနေသင့်သောစိတ်ဖြင့် လှုပ်ရှားနေအောင် ကူညီပေးဖို့သာဖြစ်သည်။ (အခန်း ၁၀)

## (၅) အသိပညာပေး လှုံ့ဆော်စည်းရုံးရေးများ

အရေးပါသော အကြောင်းအရာဖြစ်သည်။ မည်သူ့ကို လှုံ့ဆော်ပေးမည်နည်း၊ မည်သည့်အသိပညာကို ဖြန့်ဖြူးလှုံ့ဆော်ပေးမည်နည်း၊ မည်သူက လှုံ့ဆော်ပေးမည်နည်း၊ လှုံ့ဆော်မှုကို မည်မျှထိ သဘောပေါက် ခံယူနိုင်ကြသနည်း စသည်တို့က စဉ်းစားရန် အဝန်းအဝိုင်းကို ဖန်တီးပေးပေလိမ့်မည်။ (အခန်း ၈)

## (၆) အကြမ်းမဖက်လှုပ်ရှားမှု၏ အဖျက်အဆီးများ

- အန္တရာယ်ဖြစ်လောက်အောင် ခြိမ်းခြောက်ခံရသောကြောင့် အကြမ်းဖက်ပြုမူတတ်သည်။ အထီးကျန် ဖယ်ကျဉ်ခံရသောအခါ ဆိုးဆိုးဝါးဝါး ပြုမူတတ်သည်။ အဆိုပါ အပြုအမူနှစ်မျိုးစလုံးကို ခေါင်းဆောင် ဟူသော အသိတရားဖြင့် လုပ်ဆောင်လာလျှင် ဆိုးဆိုးဝါးဝါး ပျက်စီးတော့သည်။
- လူထုလှုပ်ရှားမှုကို တည်ဆောက်ရာတွင် အလွှာအသီးသီးမှ ထောက်ခံလာအောင် ရည်မှန်းချက်များကို ဖိအားပေး၍ လုပ်ဆောင်ရသည်။
- အိတ်နှင့်ဆန့်သမျှသော ပစ္စည်းကိုသာ ထည့်ပြီး သယ်ဆောင်နိုင်သည်။ မဟာဗျူဟာဖြင့် လုပ်ဆောင်ရန် ရည်မှန်းချက်များကို တခုပြီးတခု ချမှတ်နေ၍မရ။ စိတ်ကူးသာရှိပြီး စွမ်းအားမရှိသရွေ့ လှုပ်ရှား၍ မရနိုင်။ ရှိပြီးသား ရည်မှန်းချက်များကို ကန့်သတ်နိုင ဖို့က အရေးကြီးသည်။
- အမှန်တကယ်ပင် ပြည်ပမှ လာရောက်သူအချို့တို့၏ အန္တရာယ်က ရှိနေသည်။
- လှုပ်ရှားသူအချင်းချင်း မသင့်မတင့်ဖြစ်၍ ကွဲကြပြဲကြသဖြင့် လှုပ်ရှားနိုင်သော စွမ်းအားများကို ဖြုန်းတီးပစ်ရာရောက်သည်။ အဖွဲ့များကွဲကြသဖြင့် အာဏာရှင်အစိုးရကို အောင်နိုင်စေရန် အားပေးကူညီနေသကဲ့သို့ ဖြစ်စေလိမ့်မည်။
- လှုပ်ရှားမှုများ မအောင်မြင်ရသည့် အကြောင်းရင်းတခုမှာ မတော်လောဘစိတ် ရှိနေကြသော အချို့ခေါင်းဆောင်များက ဒီမိုကရေစီအောင်ပွဲမခံမီ စောစီးစွာကပင် အာဏာခွဲဝေရေးကိစ္စကို ဒီမိုကရေစီ လှုပ်ရှားမှုထက် ပိုမို စိုးရိမ်ပူပန်နေသောကြောင့် ဖြစ်သည်။
- အခြားအဖျက်အဆီးတခုမှာ ဒီမိုကရေစီ အခြေခံအဆောက်အအုံများ (Democratic Institution) ရှိမှ ဒီမိုကရေစီလှုပ်ရှားမှုကို ဆင်နွှဲနိုင်သည်ဟု မှားယွင်းစွာ တွေးခေါ်နေခြင်း ဖြစ်သည်။

- ယခုလုပ်ရှားနေသည်မှာ အကြမ်းမဖက်လှုပ်ရှားမှုဖြစ်သည်။ သို့သော် အကြမ်းမဖက်သော စစ်ပွဲ ဖြစ်သည်။
- အကြမ်းမဖက်လှုပ်ရှားမှုတွင် ခေါင်းဆောင်မှု ပြတ်သားရသည်။ စည်းကမ်းတိကျရသည်။
- အကြမ်းမဖက်လှုပ်ရှားမှုသည် သာမန် ဖြစ်ရိုးဖြစ်စဉ် အဖြစ်အပျက်တခုကို ဖန်တီးနေသည်မဟုတ်ပါ။ အာဏာရှင်စနစ်ကို ချုပ်ငြိမ်းစေရန် အသေအချာစီစဉ်ပြီး မဟာဗျူဟာဖြင့် အကောင်အထည်ဖော်သော လှုပ်ရှားမှုဖြစ်သည်။ (အခန်း ၁၂)

## တတ်သိကျွမ်းကျင်မှုများကို ရနိုင်သလောက် ဖော်ထုတ်ရယူခြင်း

အကြမ်းမဖက်လှုပ်ရှားမှုတွင် ပါဝင်ရန်စဉ်းစားနေသူ (သို့)ပါဝင်လှုပ်ရှားနေသူတို့အား အတတ်ပညာ၊ အသိပညာ၊ လေ့ကျင့်ကျွမ်းကျင်မှုတို့ ရှိနေစေရန် အားပေးသင့်သည်။ လှုပ်ရှားမှု နယ်ပယ်ချဲ့ထွင်နိုင်ရေးကိုလည်း အားပေးသင့်သည်။

စီစဉ်ထားသည့် လှုပ်ရှားမှုများတွင် အလုပ်သမားတို့က ထောက်ခံပေးရန် စည်းရုံးသောအခါ အလုပ်သမားသမဂ္ဂမှ အတွေ့အကြုံရှိသော စည်းရုံးရေးမှူးတို့မှာ အသင့်လျော်ဆုံး (အရင်းအမြစ်စွမ်းအား) ဖြစ်နေသည်ကို ဗျူဟာမှူးတို့က တွေ့မည်ဖြစ်သည်။ ထိုစည်းရုံးရေးမှူးတို့မှာလည်း စည်းရုံးရေး နယ်ပယ်များ (ဥပမာ– လယ်ယာစိုက်ပျိုးရေး၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း အစရှိသည်တို့)မှ ဖြစ်သင့်သည်။ ဝန်ဆောင်မှု လုပ်ငန်းတွင်ပါဝင်သော ဈေးသည်တဦးသည် စည်းရုံးရေးမှူးကောင်းတဦး ဖြစ်လာရန် လမ်းစများ ရှိနေသကဲ့သို့ ဖြစ်သည်။ အလုပ်သမားတဦးသည်လည်း မိမိစက်ရုံအတွင်းနှင့် ပတ်ဝန်းကျင် စက်ရုံများအတွက် အစွမ်းထက်သော စည်းရုံးရေးမှူးတဦး ဖြစ်လာနိုင်သည်။

အကြမ်းမဖက်လှုပ်ရှားမှုအကြောင်းကို ပြည်သူလူထုအား အသိပညာ ဖြန့်ဖြူးစည်းရုံးရာတွင် သတင်း အချက်အလက်များနှင့် မီဒီယာတို့က အလွန်အရေးပါသည်။ သို့ဖြစ်၍ အတွေ့အကြုံရှိပြီး ကျွမ်းကျင်သူများ၊ အောင်မြင်နေကြသော လူထုဆက်ဆံရေး အတိုင်ပင်ခံများကို ရှာဖွေဖော်ထုတ်သင့်သည်။ ရုပ်ရှင်–ဂီတလောကမှ အောင်မြင်နေသူတဦးတွင် ပရိသတ်များစွာ ရှိနေမည်ဖြစ်ရာ လှုပ်ရှားမှုအတွက် တနည်းတလမ်းအားဖြင့် အထောက်အကူ ပြုနေမည်ဖြစ်သည်။ စာရေးဆရာတဦး၏ ကလောင်စွမ်းသည်လည်း စာဖတ်ပရိတ်သတ် များစွာ အတွက် အကျိုးရှိအောင် လုပ်ဆောင်နိုင်စွမ်းရှိပေသည်။

အကြမ်းမဖက်လှုပ်ရှားမှု၌ အဓိကအကျဆုံးမှာ လူဖြစ်သည်။ လူသားအရင်းအမြစ်ကို ရနိုင်သလောက် ဖော်ထုတ် စုဆောင်းရသည်။ အမျိုးသမီးထုက လူ့စွမ်းအားများတဝက်ခန့်ကို ကိုယ်စားပြုနေသည်။ လူနေမှုအဖွဲ့အစည်းအချို့မှ အမျိုးသမီးတို့မှာ အထွေထွေအလုပ်သမား အင်အားစုတွင် အရေးမပါသေးပဲ ဖြစ်နေသည်။ ယဉ်ကျေးမှုအစဉ်အလာ နီးစပ်တူညီသည့် အခြားနိုင်ငံများမှ အကြမ်းမဖက်လှုပ်ရှားခဲ့သူတို့၏ အတွေ့အကြုံများကို ပြန်လည်ဖောက်သည်ချစေပြီး လှုပ်ရှားမှု၏ အရေးပါသော အခန်းကဏ္ဍများ၌ အမျိုးသမီးတို့ ပါဝင်နေကြောင်း အသိပညာပေးစည်းရုံးပါက ဖြစ်နိုင်စရာရှိသည်။

လူငယ်ထုကို အထူးအာရုံစိုက်ပြီး အသိပညာဖြန့်ဖြူး၍ စည်းရုံးရပါမည်။ စစ်ရေးပဋိပက္ခကဲ့သို့ပင် အကြမ်းမဖက်လှုပ်ရှားမှုတွင်လည်း ရှေ့တန်းမှပါဝင်သူတို့မှာ လူငယ်ထုသာဖြစ်သည်။ လူငယ်တို့သည် လူမှုရေးပုံစံ ပြောင်းလဲရာတွင် အမြဲတမ်း ခေါင်းဆောင်လှုပ်ရှားတတ်ကြသည်။ သို့သော် လူငယ်တို့ သိထားရန်အချက်များစွာ ကျန်ရှိနေသေးသည်။ လှုပ်ရှားမှု ရှေ့ပိုင်းကာလများတွင် သိထားရန်လိုနေသည်များ ရှိသည်။ နည်းဗျူဟာပိုင်းနှင့် ခေါင်းဆောင်ပိုင်းတို့အကြောင်း ရေးသားထားသည့် စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာသင့်သည်။ အလုပ်ရုံ ဆွေးနွေးပွဲများတွင် ပါဝင်သင့်သည်။ ထိုမျှသာမက အခြားပဋိပက္ခများတွင် ပါဝင်လှုပ်ရှားခဲ့ဖူးသူ လူငယ်တို့နှင့် တွေ့ဆုံကာ အတွေ့အကြုံများကို မေးမြန်းသိရှိစေနိုင်သည့် အခွင့်အလမ်းများကို ဖော်ထုတ်သင့်သည်။ ကိုယ်ပိုင် အတွေ့အကြုံက မိမိအတွက် ဆရာကောင်းတဦး ဖြစ်သော်လည်း အခြားသူတို့၏အတွေ့အကြုံများကို သိရှိမှတ်သား ရသည်မှာ အရင်းအနှီး သိပ်မစိုက်ရသော သေချာပေါက် အမြတ်တခု ဖြစ်သည်။

လုပ်ရှားသူတို့အနေဖြင့် တတ်သိကျွမ်းကျင်မှုဆိုင်ရာ အကောင်းဆုံး အရည်အသွေးပြည့်ဝသူတို့ကို ရနိုင်သလောက် များများ ရှာဖွေဖော်ထုတ်ပြီး သင်တန်းပေးစေဖို့၊ အကြံပေးစေဖို့ ဦးစားပေး မေတ္တာရပ်ခံရမည်ဖြစ်သည်။ ယခင် အကြမ်းမဖက်လှုပ်ရှားမှုတွင် ပါဝင်ခဲ့ဖူးတိုင်းလည်း အတော်ဆုံး သင်တန်းဆရာ၊ အတိုင်ပင်ခံ ပုဂ္ဂိုလ်များ ဖြစ်ရမည်ဟု အမြဲတမ်းမပြောနိုင်ပါ။

## ထိရောက်အောင် သင်တန်းပို့ချခြင်း

သင်တန်းဆရာနှင့်အတိုင်ပင်ခံတို့တွင် မေတ္တာရပ်ခံလာသည်ကို တုန့်ပြန်နိုင်လောက်သော အရည်အသွေးများ ရှိနေကြသည့်တိုင်အောင် သူတို့အနေဖြင့် ထိရောက်အောင် သင်တန်းပို့ချပေးနိုင်ရေးအတွက် အရည်အချင်း၊ ကျွမ်းကျင်မှုများကို စဉ်းစား သင့်သည်။ အချို့ကို ဖော်ပြပါမည်။

### (၁) ကောင်းကောင်းနာထောင်၊ ကောင်းကောင်း လေ့လာမှတ်သားတတ်ရမည်။

သတင်းအချက်အလက်များ ပေးသည့်၊ ယူသည့်ကိစ္စကို သင်တန်းဆရာတို့က အလေးအနက် ထားရပါမည်။ သို့မှသာ အချိန်ကုန်ရကျိုးနပ်မည်။ သို့ဖြစ်၍ သင်တန်းဆရာတို့သည် မည်သည့်ဗဟုသုတက မိမိသင်တန်းသားတို့အတွက် ပိုအရေးကြီးသည်ကို သိထားရပါမည်။ သင်တန်းသားတို့ မျှော်လင့်နေသည်များကို တန်ဖိုးထားပေးရပါမည်။ ထို့ပြင် မိမိတို့သင်ကြားပို့ချသမျှကို သင်တန်းသားတို့က မည်မျှထိ သဘောပေါက် ခံယူနိုင်ကြသည်ကိုလည်း ဆန်းစစ်နိုင်ရပါမည်။

သင်တန်းဆရာ၊ အတိုင်ပင်ခံတို့တွင် အတွေ့အကြုံရှိပါက သင်တန်းသားတို့၏ ကိုယ်လက် အမူအရာ၊ မျက်လုံးအဓိပ္ပာယ်တို့ကို သိရှိနားလည်နိုင်ကြသည်။ သင်တန်းနားချိန်များတွင် သင်တန်းသားများ မည်သို့ဝေဖန်ကြသည်၊ မည်သို့လိုအပ်သည်၊ မည်သည်တို့ကို လိုချင်သည်ကို သိနိုင်ရန် အခြားကူညီသူတဦးဦးမှ သတင်းစုဆောင်းရရှိနိုင်လျှင် အကျိုးရှိသည်။ သင်တန်းဆရာတို့က တချိန်လုံး ဒိုင်ခံသင်တန်းပို့ချရန် မလိုအပ်ပါ။ အချိန်အနည်းငယ်ခန့် နားနားပေးပြီး သင်တန်းသားတို့အား စကားပြောခွင့်ပေးထားလျှင်၊ သင်ခန်းစာများကို ပြန်လည်စဉ်းစားခွင့်ရနေလျှင် သင်တန်းပို့ချလိုက်သည်ထက်ပင် ပို၍အကျိုးဖြစ်ထွန်းနိုင်သည်။

မည်သည့်ဗဟုသုတက မိမိသင်တန်းသားတို့အတွက် ပိုအရေးကြီးသည်ကို သိထားရမည်ဆိုသည့်အချက်နှင့်ပတ်သက်၍ တင်ပြပါမည်။ ၁၉၉၂ ခုနှစ်နှောင်းပိုင်းလောက်က မြန်မာနိုင်ငံနယ်စပ်မာနဲပလောဒေသရှိ တောတွင်း ဌာနချုပ်စခန်းများမှ မြန်မာ အတိုက်အခံများထံ ဒေါက်တာဂျင်းရှပ်က သွားရောက်လည်ပတ်ခဲ့သည်။ သင်တန်းတခုတွင် ဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု၏ သဘောတရားများ ပို့ချပေးနေလျက်ရှိသည်ကို တွေ့ရသည်။ ထိုသင်တန်း၌ ကောလိပ်ဆရာတဦးဆိုသူနှင့် ဒေါက်တာဂျင်းရှပ်ကို မိတ်ဆက်ပေးသည်။ သင်တန်းသားတို့အား ဒေါက်တာဂျင်းရှပ်နှင့် ခေတ္တခဏမျှ အလ္လာပသလ္လာပ ပြောဆိုခွင့်ပြုရမည့်အစား ထိုဆရာသည် ချက်ချင်းပင် သင်တန်းပို့ချနေပါတော့သည်။ သူက ဒေါက်တာဂျင်းရှပ် ရေးသားခဲ့သော အတွဲသုံးတွဲပါသည့် ***အကြမ်းမဖက် လှုပ်ရှားသော နိုင်ငံရေး*** စာအုပ်မှ အချက်များကို ပို့ချနေခြင်းဖြစ်သည်။ ထိုဆရာသည် အဆိုပါစာအုပ်ကို လွန်ခဲ့သောတနှစ်ကျော်ကပင် ဖတ်ခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။ သင်တန်းသားတို့အတွက်ကား တန်ဖိုးရှိသော အတွေ့အကြုံတခု လက်လွှတ်လိုက်ရတော့သည်။

အတိုင်ပင်ခံပုဂ္ဂိုလ်တဦးအနေဖြင့် မေတ္တာရပ်ခံခြင်းကို လက်ခံချိန်မှစ၍ အကြံမပေးမီအချိန် အကြား ကြိုတင်ပြင်ဆင်ထားသင့်သောကိစ္စ အတော်များများ ရှိနိုင်သည်။ သူ့အနေဖြင့် လှုပ်ရှားမှု အဖွဲ့တဖွဲ့၊ နှစ်ဖွဲ့ စသည်တို့က တင်ပြသော လက်ရှိအခြေအနေ သုံးသပ်ချက်တို့ကို သိထားရပါမည်။ ဖြစ်ရပ်များတွင် ပိုကောင်းအောင် လုပ်နိုင်သည်များ (OBE-overtaken by events) ရှိနေတတ်သည်။ သို့ဖြစ်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် မည်သည့်အရာက ပိုကောင်းသွားနိုင်သည်ကို အကြံပေးနိုင်ဖို့ ပြင်ဆင်ထားသင့်သည်။ ထို့ပြင် မည်သည့်ကိစ္စက အရေးကြီးဆုံး ဖြစ်ကြောင်း ရှင်းလင်းစွာ

သိထားမှသာ အကြံကောင်းများ ပေးနိုင်မည်ဖြစ်သည်။ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အထက်ပါအချက်များကို သုံးသပ်၍ ပြောပြနိုင်မည့်အချက်များကို ဆုံးဖြတ်ပြီးနောက် အကြံပြုမည့်ကိစ္စတခုလုံးကို ပြန်စဉ်းစားရပါမည်။ ထို့နောက် မေတ္တာရပ်ခံထားသည့် အကြောင်းအရာများနှင့်ပတ်သက်သည့် အကြံပေးချက်များကို ပြင်ဆင်ရေးသားရပါမည်။

အတိုင်ပင်ခံပုဂ္ဂိုလ်သည် မိမိ၏အကြံပေးချက်ကို စာရွက်စာတမ်းအဖြစ် မေတ္တာရပ်ခံသော အဖွဲ့အား ပေးအပ်ရသည်။ အကြောင်းအရာအမျိုးမျိုးအတွက် အတိုင်ပင်ခံပုဂ္ဂိုလ်အမျိုးမျိုး ရှိမည်ဖြစ်ကြောင်းပြောပြပြီး မည်သည့်နေရာမှ သက်ဆိုင်ရာ ကျွမ်းကျင်သူကို ရနိုင်ကြောင်းလည်း ဆက်လက် အကြံပေးသင့်သည်။

## (၂) ယဉ်ကျေးမှုချင်း ရောယှက် ဆက်နွယ်နေသည်ကို သိထားရမည်။

သင်တန်းဆရာအားလုံး နားလည်သင့်သော အခြေခံအချက်များရှိသည်။ သင်တန်းသားများမှာ ဘဝပေါင်းစုံမှ လူအမျိုးမျိုး ဖြစ်ကြသည်။ သို့ဖြစ်၍ သူတို့သည် သင်တန်းပို့ချချက်များကို ကိုယ်ပိုင်ခံစားချက်ဖြင့်သာ ဆွေးနွေးကြမည် ဖြစ်သည်။ အကယ်၍ ပို့ချချက်တခုမှ နမူနာသည် သူတို့ခံစားချက်များနှင့် ဆက်နွယ်၍ ထိခိုက်စရာများ ရှိနိုင်လျှင် မြန်မြန်ပင် ပို့ချသွားသင့်သည်။

သင်တန်းတွင် ဘာသာပြန်သူကိုထားရသည့်အခါ အကယ်၍ ထိုသူသည် ပို့ချသည့်အကြောင်း မသိသလောက် ဖြစ်လျှင် သင်တန်းဆရာ ပို့ချသည်ထက် ပိုမို ဘာသာမပြန်စေရန် ကြိုတင်မှာကြားထားပြီး တိတိကျကျ လိုက်နာစေရန် လိုအပ်သည်။ တခါက ဖြစ်ခဲ့ဖူးတာတခု ရှိသည်။ သင်တန်းဆရာမှာ သင်တန်းသားတို့၏ ဘာသာစကားကို အတော်အတန် ကျွမ်းကျင်တတ်မြောက်သော်လည်း ထိုအကြောင်းကို ဘာသာပြန်သူအား ထုတ်မပြောပဲထားပြီး ဘာသာပြန်စေသည်။ ဘာသာပြန်သူမှာ ပို့ချသောအကြောင်းအရာကို ကောင်းကောင်း နိုင်နင်းပုံရသည်။ သို့ဖြစ်၍ သူသည် သင်တန်းဆရာ၏ ပို့ချချက်ကို ဘာသာပြန်မနေတော့ပဲ သူ့သဘောဖြင့်သာ ပြန်ရှင်းပြနေတော့သည်။ မကြာပါ။ သူ့ကို အစားထိုး လိုက်ရသည်။

## (၃) ပို့ချရန်ပြင်ဆင်ထားသော သင်ခန်းစာတခုချင်းထက်ကျော်၍ ပို့ချမည့် အကြောင်းအရာ တခုလုံးကို သိနေရမည်။

သင်တန်းဆရာသည် မေးခွန်းများကို ပြန်ဖြေရာတွင်ဖြစ်စေ၊ သင်တန်းပို့ချသော ရည်မှန်းချက်ကို တွန်းပို့ရာတွင် ဖြစ်စေ အထက်ပါအချက်က မရှိမဖြစ် အရေးကြီးသည်။ ယခုသင်တန်းသည် **နောက်နောင် ပြန်လည် သင်တန်းပို့ချမည့် သူများကို လေ့ကျင့်ပို့ချနေသောသင်တန်း** (**Train the trainer Program**) ဖြစ်သည်။ ယခုသင်တန်းဆရာက ပို့ချမည့် အကြောင်းအရာ တခုလုံးကို သိထားရပါမည်။ သိမထားလျှင် ယခုသင်တန်း၏ စိုးရိမ်ရသော ဟာကွက်ကြီး ဖြစ်နေပေတော့မည်။ သင်တန်းသားတို့က သင်ခန်းစာထက် ကျော်လွန်ပြီး စိတ်ဝင်တစား မေးတတ်ကြသည်။ သင်တန်းဆရာတို့သည် နှစ်ကြိမ် သုံးကြိမ် သင်တန်းပို့ချပြီး၍ ထိုကဲ့သို့ အမေးခံရသောအခါ ခဏခဏပင် ကောင်းစွာ ပြန်မဖြေနိုင်ကြသည်ကို တွေ့ဖူးသည်။

သို့ဖြစ်၍ ပို့ချမည့်သင်ခန်းစာပါအကြောင်းကို သင်တန်းပေးသူက ကောင်းစွာသိထားရပါမည်။ ထိုအကြောင်းကို ကျွမ်းကျင်စွာ ဘာသာပြန်ပြီးသား၊ စမ်းသပ်စစ်ဆေးပြီးသား ဖြစ်နေရပါမည်။ တချိန်တည်းမှာပင် ယခုသင်တန်းကို သက်မွေးဝမ်းကျောင်းလုပ်ငန်းတခုကဲ့သို့ သဘောထား၍ အောက်ပါ စကားတို့ကို မပြောဆိုမိအောင် အားထုတ်ရပါမည်။

"အဲဒီမေးခွန်းကို ကျနော် မဖြေတတ်ပါ"
"အဲဒီအကြောင်း ကျနော် စဉ်းစားပြီးမှ ပြန်ပြောပါရစေ"

## (၄) သင်တန်းကို မည်သို့ပို့ချရမည်ကို နားလည်နေရမည်။

စာဖတ်သည့်အခါ၊ နားထောင်သည့်အခါ သိလာရသော အကြောင်းအရာအချို့ကို မှန်ကန်သည်ဟု အတည်မပြုနိုင်ပဲ ဖြစ်နေတတ်သည်။ ထိုအခါ လက်တွေ့အသိနှင့်ယှဉ်၍ ဆုံးဖြတ်လိုက်သည်သာဖြစ်သည်။ တနည်းအားဖြင့် ဖြစ်တတ်သည့်သဘောကို စူးစမ်းဆင်ခြင်ဆုံးဖြတ်နိုင်သည့်စိတ် (Common Sense) ဖြင့် အတည်ပြုလိုက်သည်။ စာသိနှင့် လက်တွေ့အသိ မတူပါ။ နားမလည်သေးသော အသစ်အဆန်းများပါနေသည့် စာတအုပ်ကို ဖတ်ကြည့်သောအခါ ကိုယ်တိုင်လက်တွေ့ သိခဲ့ဖူးသောအသိကို အခြေခံ၍ နားလည်အောင် ဖတ်သွားခြင်းဖြစ်သည်။ ဟောပြောပွဲများတွင်လည်း ထိုအတိုင်းပင် ဖြစ်သည်။ မိမိ နားမလည်သော၊ မသိသေးသေးသော အရာများကို ကြားရသည့်အခါ မိမိကိုယ်ပိုင် ဆင်ခြင်တုံတရားဖြင့် အားဖြည့်၍ နားထောင်တတ်သည်သာဖြစ်သည်။ သို့ဖြစ်၍ သင်တန်းဆရာက မိမိသင်တန်းတွင် နမူနာပုံစံ၊ ရုပ်ရှင်ဆလိုက်၊ ကားချပ် အစရှိသည်တို့ဖြင့် အားဖြည့်၍ ပို့ချပေးဖို့လိုသည်။ လက်တွေ့လေ့ကျင့်ခန်းများကိုလည်း အချိန်အခါပေးတိုင်း စီစဉ်ပေးရန်လိုသည်။

စစ်ရေးလေ့ကျင့်ခန်း သင်တန်းဆရာတို့အားလုံးနှင့် သက်ဆိုင်သော လက်သုံးစကားတခွန်း ရှိခဲ့သည်။ ဟောင်းတော့ ဟောင်းနေပြီဖြစ်သည်။ သို့သော် ကောင်းနေဆဲ။ အစဉ်အဆက်ပြန်သင်ပေးနေရဆဲ ဖြစ်သည်။

*"သူတို့ကို မင်းဘာပြောတော့မလဲဆိုတာ ပြောချလိုက်၊ ပြောသာပြောပစ်လိုက်ကွ၊ ပြီးရင်သူတို့ကို မင်းဘာပြောလိုက်လဲ ဆိုတာ ပြောလိုက်ဦး ဟေ့"*

အတိုင်ပင်ခံပုဂ္ဂိုလ်တဦးအနေဖြင့် အကြံဉာဏ်လာတောင်းသောအဖွဲ့၏ အကြောင်းကို ကြိုတင်သိထားသင့်သည်သာမက ထိုအဖွဲ့သည် လုပ်ရှားမှု၏ မည်သည့်နေရာတွင် သင့်တော်စွာ လုပ်ရှားနိုင်သည်ကိုလည်း ခန့်မှန်းနိုင်စွမ်း ရှိသင့်သည်။ တနည်းအားဖြင့် ထိုအဖွဲ့က လာတောင်းသော အကြံဉာဏ်သည် လှုပ်ရှားမှုမှ ခွဲထွက်ရေးအတွက်လား သို့မဟုတ် အတိုက်အခံတို့၏ ညွန့်ပေါင်း အဖွဲ့ချုပ်ကြီး တခုလုံးအတွက်လား ဆိုသည်ကို သိထားရပေမည်။ ဤသို့သောကိစ္စမျိုး၌ လှုပ်ရှားမှုကြီး၏ အဆင့်မြင့်ခေါင်းဆောင်တို့က တရားဝင် အတည်ပြုပြီး ကိုယ်တိုင်ထောက်ခံပေးပါက အလွန်ကောင်းပေလိမ့်မည်။

အကယ်၍ အစည်းအဝေးတခုကို စီစဉ်ပေးနိုင်လျှင် အတိုင်ပင်ခံပုဂ္ဂိုလ်က ဗျူဟာမြောက် အကြမ်းမဖက် လှုပ်ရှားမှု တခုလုံးကို ယင်း၏သီအိုရီနှင့် အခြားပဋိပက္ခများမှ ကောင်းနိုးရာရာများအပါအဝင် ခြုံငုံသုံးသပ်ပေးနိုင်ပေလိမ့်မည်။ လှုပ်ရှားမှုအောင်မြင်ရေးတွင် သံသယဖြစ်စရာများ ကျန်နေသည်ဆိုပါက အစမ်းသဘော (Pilot Project) လှုပ်ရှားရန် အကြံပေးသင့်သည်။ သို့မှသာ လှုပ်ရှားမှု ခေါင်းဆောင်များမှ မည်သူ့ ညွှန်ကြားချက်ကို အဖွဲ့ဝင်မည်သူတို့က လေးစားကြကြောင်း တွက်ချက်ဆုံးဖြတ်နိုင်သည်။

အကြမ်းမဖက်လှုပ်ရှားမှုသည် ရွေးချယ်ထားသည့်နည်းလမ်းဖြစ်သည်ဟု ခေါင်းဆောင်ပိုင်းက လက်ခံနိုင်ဖို့ လိုသည်။ သူတို့လက်မခံလျှင် ရုံပုံငွေထောက်ပံ့ရေးနှင့် အရည်အချင်းရှိသူများ စသည့် အရင်းအမြစ်များကို လှုပ်ရှားမှုတွင် အသုံးချနိုင်မည် မဟုတ်သည်မှာ အလွန်ရှင်းလှသည်။ ထိုအရင်းအမြစ်များမှာ ရည်မှန်းချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်။

အတိုက်အခံခေါင်းဆောင်တို့က မလှုပ်ရှားရသေးမီကပင် အကြမ်းမဖက်လှုပ်ရှားမှုသည် အကြီးအကျယ် ခြိမ်းခြောက်နေပြီဖြစ်ကြောင်း အာဏာရှင်အစိုးရက ဝန်ခံမည်မှာ မဆန်းပါ။ ရှေ့ရေးကို မျှော်မြင်သုံးသပ်ပြီး ရှေးဦးလေ့ကျင့်ထားသော အဖွဲ့ဝင် (ကေဒါ)များကို လူသိမခံပဲ ထားသင့်သည်။ ထိုနည်းတူ သင်တန်းဆရာအဖို့လည်း မည်သည့်အခြေအနေပင်ဖြစ်စေကာမူ သင်တန်းသားတို့၏ အမည်များကို သိရန်မလိုပါ။ သင်တန်းသို့ရောက်နေသည့်တိုင် ကျောင်းသားတို့သည် အမည်ဝှက်များဖြင့်သာ မိတ်ဆက်ကြသည်မှာ အချို့အခြေအနေများတွင် အလွန်အမြော်အမြင်ကြီးလှသည်။ သင်တန်းဆရာကလည်း သူတို့ကို မသိနိုင်၊ အရင်က မသိခဲ့ဖူးသော သင်တန်းသား အချင်းချင်းလည်း တဦးနှင့်တဦး ဘယ်သူဘယ်ဝါဟု အစစ်အမှန်မသိနိုင်ကြပေ။ Snake

killer အမည်ရှိ နေရာတခုတွင် သင်တန်းပို့ချပေးခဲ့သည်ကို စာရေးသူ အမှတ်ရနေမိသည်။ သင်တန်းသားတို့သည် နာမည်ရင်းကို မသုံးကြပဲ Othello, Bright, Zulu, Romeo, John Kennedy ဟုသာ အချင်းချင်း ခေါ်ဝေါ်ကြသည်။

သင်တန်းဆရာ၊ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အတွက် အခြေအနေပေးလျှင် သင်တန်းသားများ၊ အဖွဲ့များနှင့်အတူတကွ စခန်းချ နေထိုင်သင့်သည်။ သို့မှသာ သင်တန်းပို့ချချိန် ပြင်ပတွင် လူမှုရေးအရ ရင်းနှီးခင်မင်ကြမည်ဖြစ်သည်။ တနည်းအားဖြင့်ဆိုလျှင် သင်တန်းသားတို့က သင်တန်းဆရာအား ပိုမို လွယ်ကူစွာ ဆက်သွယ်နိုင်ကြသည်။ တာဝန်ချိန်မဟုတ်လျှင် တခါတရံ သီသမျှ ဇဟုသုတနှင့် အတွေ့အကြုံများကို ပြန်လည် ဖောက်သည်ချရသည်မှာ အတော်ထိရောက်လှသည်။

--------- ooo---------

(ပြီး)

## ရောဘတ် အယ်လ် ဟဲလ်ဗီ

မြန်မာဘာသာပြန် – လွင်အောင်စိုး

မူရင်း။ **On Strategic Nonviolent Conflict: Thinking about the Fundamentals**

by Robert L. Helvey

E-mail: einstein@igc.org Website: www.aeinstein.org

http://www.aeinstein.org/organizations1c31.html (Free download)

(မူရင်း အင်္ဂလိပ်စာကို အထက်ပါ ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။)

# နောက်ဆုံး အမှာစာ

လူမှုရေးကိစ္စများတွင် အဆင်ပြေအောင် လုပ်ဆောင်တတ်ကြသည်မှာ လူမှုရေး ကျွမ်းကျင်သောကြောင့်ဖြစ်သည်။ စာစကားဖြင့်ဆိုလျှင် လူမှုရေးနှင့်ဆိုင်သော စွမ်းအားသီအိုရီကို အခြေခံကျကျ ပိုင်နိုင်စွာ အသုံးချနိုင်သောကြောင့် ဖြစ်သည်။ လူမှုရေးကျွမ်းကျင်အောင် မည်သို့လုပ်ရသည်ကို မည်သူမျှ လျှို့ဝှက်မထား၊ တတ်နိုင်သမျှ အသိပေးလမ်းညွှန်လိုက်ကြသည်ပင်။

ထိုနည်းတူ ဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုကို ဆင်နွဲရန် စဉ်းစားတွေးခေါ်ပုံများကိုလည်း လျှို့ဝှက်ထားရသည်မဟုတ်ပါ။ မိမိက စိတ်ချယုံကြည်သူလောက်ကိုသာ အသိပေး ဖွင့်ဟပြောဆိုသင့်သည့်ကိစ္စလည်း မဟုတ်ပါ။ အကြမ်းမဖက်လှုပ်ရှားနိုင်မည့် ဗျူဟာရေးဆွဲပုံ၊ ဗျူဟာအတိုင်း အကြမ်းမဖက်လှုပ်ရှားပုံတို့ကို သိလိုသူမည်သူ့ကိုမဆို သိအောင်အသိပညာပေးရမည်သာ ဖြစ်သည်။ သို့ဖြစ်၍ ဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုကို ဖိနှိပ်သူအစိုးရ၏ ထမ်းပိုးအောက်မှ လွတ်မြောက်လိုသူတို့ သိရှိနားလည် အသုံးချရမည့် ဘာသာရပ်တခုအနေဖြစ် သတ်မှတ်ထားရပါမည်။ သိသူကလည်း ထိုအတတ်ပညာကို မျှဝေပေးရမည် ဖြစ်သကဲ့သို့ လိုချင်သူကလည်း အပတ်တကုတ် ကြိုးစားလေ့လာရပါမည်။

ပြည်သူလူထုက သိထားရမည့် အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ အုပ်စိုးသူအစိုးရက ပြည်သူတို့ကို ဖိနှိပ်ချုပ်နိုင်သည့် နိုင်ငံရေး အာဏာဇစ်မြစ် ဆိုသည်မှာ ပြည်သူက ပိုင်ဆိုင်ထားသော အာဏာဇစ်မြစ်များ ဖြစ်သည်။ အုပ်စိုးသူတို့က ပြည်သူ့ထံမှ လုယူပြီး ငါးကြင်းဆီနှင့် ငါးကြင်းကျော်နေခြင်းသာ ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် ပြည်သူလူထုက စုစည်းညီညာစွာဖြင့် ထိုအာဏာဇစ်မြစ်များကို အုပ်စိုးသူအစိုးရထံမှ ပြန်ယူထားနိုင်လျှင် ထိုအစိုးရ ဘာမှမလုပ်နိုင်တော့သဖြင့် ပြည်သူတို့လွတ်မြောက်လာနိုင်သည်ကို  သိထားရပါမည်။

ဤစာအုပ်ရေးသားရန် အဓိကရည်ရွယ်လိုက်သည်မှာ အကြမ်းမဖက်လှုပ်ရှားမှုတွင် အခြေခံကိစ္စများက မည်သည်တို့ဖြစ်သည်၊ ယင်းတို့ကို မည်သို့လက်တွေ့အသုံးချရသည်ကို စာဖတ်သူတို့ သိလာအောင် စတင်မိတ်ဆက်ပေးရန်နှင့် အကျဉ်းချုပ် ရှင်းလင်းပြရန် ဖြစ်သည်။ စာအုပ်တွင် ပါရှိသည့်အတိုင်း အပိုအလိုမရှိ၊ ထပ်ဖြည့်ရန်၊ ပြင်ရန်မရှိတော့ပဲ အကြမ်းမဖက်လှုပ်ရှားရမည် မဟုတ်ပါ။ အစိုးရဖိနှိပ်မှုများကို ဆန့်ကျင်တွန်းလှန်နိုင်မည့် အလွန်ကြီးမားလှသော စွမ်းအားတရပ်ကို အချိုးကျကျ အဆင်ပြေပြေ အလိုက်အထိုက် ညီညွတ်မျှတအောင် အသုံးချနိုင်ရေးအတွက် မည်သို့စဉ်းစားတွေးခေါ်ရသည်ကို လမ်းကြောင်းပြပေးခြင်းသာ ဖြစ်သည်။

လက်နက်ကိုင်သူနှင့် လက်နက်မကိုင်သူ ဆန့်ကျင်ဘက်တို့ ပဋိပက္ခဖြစ်သည့်အခါ ယေဘူယျတူညီသည့် သွင်ပြင်လက္ခဏာများကို စာအုပ်တွင် ဖော်ပြထားသည်။ သို့သော် အထူးအာရုံစိုက်စေလိုသည့် သွင်ပြင်လက္ခဏာတခုကို တမင်တကာရည်ရွယ်၍ ဖော်ပြထားသည်။ ယင်းမှာ အခြေအနေကို အပြည့်အဝ နားလည်မှသာ ဆုံးဖြတ်ပြီး စီစဉ်လှုပ်ရှားရေးပင် ဖြစ်သည်။ အလွန်အရေးပါသည်အလျောက် စနစ်တကျ လုပ်နိုင်ဖို့ လိုအပ်သည်။

အလွန်ကောင်းသော မဟာဗျူဟာတရပ်တွင် လှုပ်ရှားရသည့် ရည်မှန်းချက် အောင်မြင်ရေးအတွက် လမ်းညွှန်ချက်များ ရှိနေပြီး ဦးစားပေးအဆင့်များ ခွဲထားသည်။ သို့ဖြစ်၍ လှုပ်ရှားသူတို့မှာ အရေးပါသည့်ကိစ္စများကို အစီအစဉ်အတိုင်း ဟာကွက်မရှိ လှုပ်ရှားနိုင်သည်။ လှုပ်ရှားမှုတွင် တခါတရံ အခွင့်ကောင်းများ ရှိလာတတ်သည်။ ရင်ဆိုင်ရသည်များလည်း ရှိသည်။ ထိုအခါများတွင် မဟာဗျူဟာအရ လိုအပ်သလို အစီအစဉ်များကို ညှိနှိုင်းချိန်ဆပြီး ပြောင်းလဲလုပ်ဆောင်သွားနိုင်မည် ဖြစ်သည်။

အခြေအနေတခုအတွက် စီစဉ်ထားပြီး လှုပ်ရှားနေသော်လည်း ထိုအခြေအနေ ပြောင်းသွားသည့်တိုင်အောင် မူလအစီအစဉ်အတိုင်း ဆက်လက်လှုပ်ရှားနေပါက အဆိုးဝါးဆုံး အမှားပင် ဖြစ်တော့သည်။ အခြေအနေဆိုသည်မှာ ပြောင်းလဲနေတတ်သည်ပင်။ သို့သော် ခိုင်မာအားကောင်းလှသည့် ခေါင်းဆောင်မှုအောက်ဝယ် မဟာဗျူဟာ ကောင်းကောင်းရေးဆွဲပြီး အစီအစဉ်များကို အလေးအနက်စဉ်းစားပြင်ဆင်ထားပါက အခြေအနေ မည်သို့ပင် ပြောင်းပြောင်း လိုအပ်သလို ညှိနှိုင်းချိန်ဆနိုင်ပြီး နိုင်ငံရေးစစ်မြေပြင်အနေအထားကို မိမိရွေးချယ်ထားသည့်အတိုင်း အကြမ်းမဖက် ဆက်လက်တိုက်ပွဲဝင် လှုပ်ရှားနိုင်မည် ဖြစ်သည်။ ထိုအခါ  ပြိုင်ဖက်ဖြစ်သူမှာ သူတို့လေ့ကျင့် စီစဉ်ထားသည်နှင့်မတူသော အခြေအနေကို ရင်ဆိုင်ရတော့မည် ဖြစ်သည်။ မည်သည့်အကြမ်းဖက်လှုပ်ရှားမှုမဆို အရှုံးအနိုင်ကို ဆုံးဖြတ်ပေးနိုင်သည်မှာ မဟာဗျူဟာနှင့် ခေါင်းဆောင်ပိုင်း ကောင်းမကောင်းအပေါ် မူတည်သည်။

(စာရေးသူ)

## နောက်ဆက်တွဲ (၁)

# အကြမ်းမဖက် လှုပ်ရှားမှု ဝေါဟာရများ

(မှတ်ချက်။ အရေးပါသော ဝေါဟာရများသာ ဖော်ပြခြင်းဖြစ်သည်။ အင်္ဂလိပ်စကားလုံး၏ အက္ခရာစဉ်အတိုင်း စီစဉ်ထားသည်။)

### (၁) **Accommodation :**

အလိုက်အထိုက် လိုက်လျောခြင်းဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှုကြောင့် ဖိုင်ဖက်အစိုးရက အလိုက်အထိုက် ဖြေရှင်းပေးလာရသည့် နိုင်ငံရေးအာဏာ ပြောင်းလဲသည့် လုပ်ငန်းစဉ် ဖြစ်သည်။ ထိုအချိန်တွင် အစိုးရအနေဖြင့် ရွေးချယ်စရာ လမ်းစရှိနေဆဲဖြစ်သည်။ ပြောင်းသာပြင်သာသည့် အနေအထားရှိသည်။ ပြဿနာဖြေရှင်းရေးအတွက် နှစ်ဘက်စလုံးက အနည်းငယ်စီလျှော့၍ ပြဿနာပြေလည်အောင်လုပ်ကြရန် သဘောတူကြသည်။ အကြမ်းမဖက် ဆန့်ကျင်သူများ၏ တောင်းဆိုချက်အချို့ကို လိုက်လျောပေးသည်။ ဖိုင်ဖက်အစိုးရသည် အလိုက်အထိုက် ပြောင်းလဲပေးသော်လည်း သူ၏ခံယူချက်ကိုမူ မပြောင်းပါ။ လှုပ်ရှားသူတို့၏ အကြမ်းမဖက်သောနည်းဖြင့် အကြပ်ကိုင်ခြင်းကိုလည်း လက်မခံပါ။ သို့သော် နှစ်ဘက်စလုံးက အနည်းငယ်စီလျှော့၍ ဖြေရှင်းခြင်းအားဖြင့် ပြဿနာပြေလည်သွားနိုင်ရုံလောက်ကိုသာ အစိုးရက ဆန္ဒရှိသည်။

အကြမ်းမဖက်လှုပ်ရှားသူတို့၏ တောင်းဆိုချက်များကို အစိုးရက ယုံကြည်လက်ခံပြီး လိုက်လျောပေးသဖြင့် နိုင်ငံရေးအာဏာပြောင်းလဲခြင်း၊ ပြဿနာပြေလည်ရုံလောက် အလိုက်အထိုက် နိုင်ငံရေးအာဏာပြောင်းလဲခြင်း၊ လှုပ်ရှားသူတို့၏ အကြပ်ကိုင်သည့်ဒဏ်ကို မခံနိုင်၍ နိုင်ငံရေးအာဏာပြောင်းလဲခြင်းနှင့် နောက်ဆုံး အကြွင်းမဲ့ဖျက်သိမ်း၍ နိုင်ငံရေးအာဏာပြောင်းလဲခြင်းဟူ၍ အဆင့် (၄)မျိုးရှိပြီး ဒုတိယမြောက် လုပ်ငန်းစဉ် အမျိုးအစားဖြစ်သည်။

### (၂) **Authority :**

သြဇာတိက္ကမ၊ အာဏာပိုင်ခြင်း၊ အုပ်ချုပ်ပိုင်ခွင့် ဖြစ်သည်။ အုပ်ချုပ်ပိုင်ခွင့်ရှိသူ၏ စီရင်ချက်၊ ဆုံးဖြတ်ချက်၊ ထောက်ခံချက်၊ အမိန့်တို့ကို လူတဦးချင်းနှင့် လူမှုအဆောက်အအုံတို့က အလိုအလျောက် လက်ခံပေးရသည်၊ ကူညီယိုင်းပင်းပေးရသည်။ ဤသို့ဖြင့် အုပ်ချုပ်ပိုင်ခွင့်ရှိသူ၏ဆန္ဒကို အကောင်အထည်ဖော်သည်။

အာဏာပိုင်ခြင်း သည် နိုင်ငံရေးအာဏာတွင် အဓိကကျသော အာဏာဇစ်မြစ် တမျိုးဖြစ်သည်။ သို့သော် နိုင်ငံရေးအာဏာနှင့် အာဏာပိုင်ခြင်းမှာ ထပ်တူညီခြင်း မရှိပါ။

### (၃) **Boycott :**

သပိတ်၊ သပိတ်မှောက်ခြင်း ဖြစ်သည်။ လူမှုရေးအရရင်း၊ စီးပွားရေးအရရင်း၊ နိုင်ငံရေးအရရင်း ကူညီယိုင်းပင်းမှု မပေးသော အပြုအမူ ဖြစ်သည်။

### (၄) **Civic abstention :**

မြို့ပြဆိုင်ရာ တာဝန်၊ စည်းမျဉ်းတို့ကို တမင်တကာ မလုပ်ပဲနေခြင်း၊ မလိုက်နာပဲနေခြင်း ဖြစ်သည်။ နိုင်ငံရေးအရ ကူညီယိုင်းပင်းမှု မပြုသော အပြုအမူများ ဖြစ်သည်။

### (၅) **Civic action :**

နိုင်ငံရေးရည်ရွယ်ချက်ရှိသော အကြမ်းမဖက်လှုပ်ရှားမှု ဖြစ်သည်။

## (၆) Civic defiance :

နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ယုံကြည်မှု ခိုင်မာစွာ အကြမ်းမဖက် ဆန့်ကျင်၊ အာခံ (သို့) ဝင်ရောက်စွက်ဖက်သော အပြုအမူများ ဖြစ်သည်။

## (၇) Civic resistence :

နိုင်ငံရေးရည်မှန်းချက်ဖြင့် အကြမ်းမဖက် အာခံခြင်း ဖြစ်သည်။

## (၈) Civic strike :

အလုပ်သမား၊ ဝန်ထမ်းအစရှိသူတို့ပါဝင်သော (စီးပွားရေး)သပိတ် ဖြစ်သည်။ နိုင်ငံရေးအကြောင်းပြချက်ဖြင့် စီးပွားရေး ရပ်ဆိုင်းအောင်လုပ်ခြင်း ဖြစ်သည်။ အလုပ်သမားတို့ကသာ သပိတ်မှောက်ခြင်းမဟုတ်ပဲ ကျောင်းသား၊ တတ်သိက္ခမ်းကျင်သောပညာရှင်၊ ဈေးရောင်းသူ၊ ရုံးဝန်ထမ်း (အစိုးရအမှုထမ်းအပါအဝင်)နှင့် စီးပွားရေး အသိုင်းအဝိုင်းကပါ ပိုမိုအလေးအနက်ထားပြီး ပါဝင်ကြဖွယ်ရှိသည်။

## (၉) Civil disobedience :

ငြိမ်းချမ်းစွာ အာဏာဖီဆန်ခြင်း ဖြစ်သည်။ ဖောက်ပြန်သည်၊ မမျှမတဖြစ်သည် (သို့) အနိုင်ကျင့်သည်ဟု များသော အားဖြင့် အခြေခံကျကျ ယူဆထားသည့် အချို့သောဥပဒေ၊ အမြင့်ဆုံးအာဏာပိုင်က ထုတ်ပြန်သောအမိန့် (ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်(ဝါ) တချက်လွှတ်အမိန့်) ၊ အစိုးရ ညွှန်ကြားချက်၊ မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ အမိန့်၊ စစ်တပ်(သို့) ရဲ တို့၏ညွှန်ကြားချက်နှင့် အလားတူ တားမြစ်ပိတ်ပင်ချက်များကို ငြိမ်းချမ်းစွာဖြင့် တမင်တကာ ဖောက်ဖျက်ခြင်းဖြစ်သည်။ ထို့ပြင် အစိုးရ၏မူဝါဒများကို ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်ကြောင်း အမှတ်အသားတခု အနေဖြင့် ထိုသို့သော အမိန့်အာဏာတို့မှ သိပ်မပြင်းထန်သည်များကိုလည်း တခါတရံ ဆန့်ကျင်သည်။

## (၁၀) Conversion :

ယုံကြည်လက်ခံပြီး ပြောင်းလဲခြင်း ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားသူတို့၏ တောင်းဆိုချက်များကို လိုက်လျော ပေးရန် ပြိုင်ဖက်အစိုးရ၏ နိုင်ငံရေးအာဏာပြောင်းလဲခြင်း ဖြစ်သည်။ အစိုးရက အကြမ်းမဖက် လှုပ်ရှားသူတို့၏ ရည်မှန်းချက်များကို လက်ခံထိုက်သည်ဟု ယုံကြည်သွားသည်။ အကြမ်းမဖက်လှုပ်ရှားမှုဖြင့် နိုင်ငံရေးအာဏာ ပြောင်းလဲရန် လုပ်ငန်းစဉ် (၄)ခုအနက်မှ ပထမ အမျိုးအစားဖြစ်သည်။

## (၁၁) Disintegration :

အကြွင်းမဲ့ဖျက်သိမ်း၍ ပြောင်းလဲခြင်း ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှုတွင် အစိုးရအား ပူးပေါင်းဆောင်ရွက်မှု မပေးတော့ခြင်းနှင့် ဆန့်ကျင်အံတုခြင်းတို့က အင်တိုက်အားတိုက်ဖြင့် အရှိန်အဟုန် မြင့်မားလွန်းနေသောအခါ ပြိုင်ဖက်အစိုးရသည် လုံးဝအကြပ်ကိုင်ခံနေရသည့်ဒဏ်ကို ခံနိုင်ရည် မရှိတော့ပါ။ ထို့နောက် အစိုးရ၏ ယန္တရား၊ စနစ် (သို့) အစိုးရအဖွဲ့ ကိုယ်တိုင်က လုံးဝပြိုကွဲသွားသည်။ အကြမ်းမဖက်လှုပ်ရှားမှုတွင် နိုင်ငံရေးအာဏာပြောင်းလဲရန် စတုတ္ထလုပ်ငန်းစဉ် ဖြစ်သည်။ ပြည်သူလူထုထံမှ ယိုင်းပင်းကူညီမှု မရတော့သောကြောင့် အစိုးရသည် နိုင်ငံရေး အာဏာဇစ်မြစ်များ ကန့်သတ် ဖြတ်တောက်ခံလိုက်ရသည်။ ယိုင်းပင်းကူညီမှုများ မရတော့သည့် နောက်ဆုံးတွင် အစိုးရ၏ ယန္တရား၊ စနစ် (သို့) အစိုးရအဖွဲ့ကို အကြွင်းမဲ့ဖျက်သိမ်း၍ နိုင်ငံရေးအာဏာ ပြောင်းလဲပေးရခြင်းဖြစ်သည်။

## (၁၂) Economic shut-down :

စီးပွားရေးလုပ်ဆောင်မှုများကို ယာယီရပ်ဆိုင်းအောင်လုပ်ခြင်း ဖြစ်သည်။ အစိုးရကို အထောက်အကူပြုနေသော စီးပွားရေးတခုလုံးကို ဘုံးဘုံးလဲ ရပ်ဆိုင်းသွားစေသည့် အနေအထားသို့ စိတ်ချလက်ချ ရောက်ရှိနိုင်ရန် မြို့ရွာဒေသ

(သို့) နိုင်ငံ၏ စီးပွားရေးလုပ်ဆောင်မှုများကို ယာယီရပ်ဆိုင်းခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ရသည့် အကြောင်းရင်းများမှာ များသောအားဖြင့် နိုင်ငံရေးနှင့် ပတ်သက်သည်။

အထွေထွေသပိတ်ကြီးတွင် ပါဝင်လှုပ်ရှားသည့် စီးပွားရေးလုပ်သူများ၊ ကုန်သွယ်သူများက စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်တကွ ဈေးဆိုင်ငယ်များမကျန် ကုန်သွယ်–စီးပွားရေးလုပ်ငန်းများကို ရပ်ဆိုင်းပိတ်ပင်ထားလိုက်သဖြင့် စီးပွားရေးလုပ်ဆောင်မှုများ ယာယီရပ်ဆိုင်းသွားဖွယ်ရှိသည်။ ।

## (၁၃) **Freedom (political) :**

လွတ်လပ်ခွင့်ရှိခြင်း ဖြစ်သည်။ လူတဦးချင်းအတွက် လွတ်လပ်စွာ ရွေးချယ်ဆောင်ရွက်နိုင်သော နိုင်ငံရေးအခြေအနေတခုဖြစ်သည်။ ထို့ပြင် လူတဦးချင်းနှင့် အဖွဲ့များက လူ့အသိုင်းအဝိုင်းနှင့် နိုင်ငံရေးစနစ်တွင် ပါဝင်ဆုံးဖြတ် လုပ်ဆောင်နိုင်ခွင့် ရှိရသည့် နိုင်ငံရေးအခြေအနေလည်းဖြစ်သည်။

## (၁၄) **Grand strategy :**

ပင်မလှုပ်ရှားမှုကြီးတခုလုံး၏ မဟာဗျူဟာ၊ ထိပ်တန်းမဟာဗျူဟာ ဖြစ်သည်။ ရွေးချယ်သတ်မှတ်လိုက်သည့် လှုပ်ရှားမှုပုံစံဖြင့် ရည်မှန်းချက်ကို မည်သို့ရရှိနိုင်သည်ကို အကျယ်ပြန့်ဆုံး နားလည်ထားသည်။ လှုပ်ရှားမှုကြီးတခုလုံး၏ ရည်မှန်းချက် အောင်မြင်နိုင်ရန် ထိပ်တန်းမဟာဗျူဟာတွင် သင့်တော်သော လူ၊ နိုင်ငံရေး၊ စီးပွားရေး၊ စာရိတ္တ အစရှိသည့် အရင်းအမြစ်များကို ရသလောက် ပေါင်းစပ်စုစည်းပြီး သတ်မှတ်ထားသည့်ပုံစံဖြင့် လုပ်ဆောင်နိုင်မည့် လမ်းညွှန်ချက် ဖြစ်သည်။ ပင်မလှုပ်ရှားမှုကြီးတခုလုံး၏ အဆင့်ဆင့်တွင်ရှိနေသော အထူးရည်မှန်းချက်များကို အောင်မြင်နိုင်ရန် အခြားမဟာဗျူဟာများ အကန့်အသတ်ဖြင့် ပါဝင်နိုင်ဖွယ်ရှိသည်။

## (၁၅) **Grievance group :**

ပဋိပက္ခတွင် အစိုးရအား ဆန့်ကျင်သောကြောင့် နစ်နာဆုံးရှုံးရသူများ ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားသူတို့က ထိုနစ်နာဆုံးရှုံးမှုများကို လူသိရှင်ကြား ဖော်ထုတ်ပေးကြသည်။ နစ်နာဆုံးရှုံးရသူတို့အား ကာကွယ်ပေးကြသည်။ သူတို့၏ ခံယူချက်များကို ထောက်ခံကြသည်။ သူတို့၏ ရပိုင်ခွင့်များ အတွက် လှုပ်ရှားကြသည်။

## (၁၆) **Human resources :**

လူသားအရင်းအမြစ်များ ဖြစ်သည်။ ဤနေရာတွင် အသုံးပြုမည့် ဝေါဟာရ၏အဓိပ္ပာယ်မှာ (နိုင်ငံတခုမှ) အုပ်စိုးသူ၏ အမိန့်ကိုနာခံသည့် လူနှင့်အဖွဲ့အစည်းများ ဖြစ်သည်။ ယင်းတို့သည် အုပ်စိုးသူကို ပူးပေါင်းဆောင်ရွက်ပေးသည်၊ သို့မဟုတ် အုပ်စိုးသူ၏ဆန္ဒကို အကောင်အထည်ဖော်ရန် ယိုင်းပင်းကူညီပေးသည်။ ထိုသူတို့သည် ပြည်သူလူထု တရပ်လုံး၏ အချိုးအစားတခုဖြစ်ပြီး ပြည်သူထဲမှ ပြည်သူသာဖြစ်သည်။ ထိုအဖွဲ့အစည်းများ၏ လှုပ်ရှားနိုင်မှု၊ ဖွဲ့စည်းထားနိုင်မှုနှင့် ရပ်တည်နိုင်မှုတို့သည်လည်း လူသားအရင်းအမြစ်တွင် ပါဝင်သည်။ နိုင်ငံရေးအာဏာဇစ်မြစ် တခုဖြစ်သော ထိုလူသားအရင်းအမြစ်ကြောင့် အုပ်စိုးသူ၏အာဏာ တည်ရှိသည်။

## (၁၇) **Material resources :**

ရုပ်ဝတ္ထု အရင်းအမြစ်များ ဖြစ်သည်။ နိုင်ငံရေးအာဏာဇစ်မြစ် တခုဖြစ်သည်။ ပိုင်ဆိုင်မှုပစ္စည်းများ၊ သဘာဝသယံဇာတများ၊ ဘဏ္ဍာရေးအရင်းအမြစ်များ၊ စီးပွားရေးစနစ်၊ ဆက်သွယ်ရေး နည်းလမ်းများနှင့် သယ်ယူပို့ဆောင်ရေး နည်းလမ်းများကို ရည်ညွှန်းသည်။ ယင်းတို့ကို အုပ်စိုးသူက ထိန်းချုပ်နိုင်လျှင် ဆက်လက်၍ အာဏာတည်မြဲနေပြီး၊ မထိန်းချုပ်နိုင်လျှင် အာဏာကန့်သတ်ခံရသည်။

## (၁၈) **Mechanisms of change :**

အပြောင်းအလဲဖြစ်ရန် အဆင့်ဆင့် လုပ်ဆောင်ရသော လုပ်ငန်းစဉ်များ ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှုများ တဆင့်ပြီးတဆင့် အောင်မြင်လာသောအခါ အစိုးရက နိုင်ငံရေးအာဏာ ပြောင်းလဲပေးလာရသည်။ ထိုသို့ ဖြစ်လာနိုင်စွမ်းရှိသောလုပ်ငန်းစဉ်များ ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားသူတို့၏ တောင်းဆိုချက်ကို ယုံကြည် လက်ခံပြီး ပြောင်းလဲခြင်း လုပ်ငန်းစဉ်၊ အလိုက်အထိုက်ပြောင်းလဲခြင်း လုပ်ငန်းစဉ်၊ အကြပ်ကိုင်ခံရပြီး ပြောင်းလဲခြင်း လုပ်ငန်းစဉ်နှင့် အကြွင်းမဲ့ဖျက်သိမ်း၍ ပြောင်းလဲခြင်း လုပ်ငန်းစဉ် ဟူ၍လေးမျိုးရှိသည်။

## (၁၉) **Methods :**

အကြမ်းမဖက်လှုပ်ရှားမှုကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆင်နွှဲနိုင်ရန် သတ်သတ်မှတ်မှတ် ရှိထားသော နည်းလမ်းများ ဖြစ်သည်။ ယခုအချိန်ထိ နည်းလမ်းပေါင်း (၁၉၈)ခု ရှိပြီဖြစ်သည်။ အမျိုးအစား(၃)ခုခွဲထားသည်။ (၁) အကြမ်းမဖက် ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက်ပါအောင် ဆွဲဆောင်သောနည်းလမ်းများ (၂) ကူညီယိုင်းပင်းမှု မပြုသည့် နည်းလမ်းများ (လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး) ၊ (၃) အကြမ်းမဖက် ဝင်ရောက်စွက်ဖက်နိုင်သည့်နည်းလမ်းများ ဖြစ်သည်။

## (၂၀) **Noncooperation :**

ကူညီယိုင်းပင်းမှု မပြုခြင်း ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှု နည်းလမ်းများ၏ ကြီးမားကျယ်ပြန့်သော အမျိုးအစား ဖြစ်သည်။ နှစ်သက်လက်ခံနိုင်စရာမရှိသော လူ၊ လှုပ်ရှားမှု၊ လူမှုအဆောက်အအုံ (သို့) အစိုးရ စသည်တို့နှင့် ပတ်သက်၍ ယင်းတို့၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး (သို့) ထိုအားလုံးတွင် မပါဝင်တော့ရန် တမင်တကာ စိတ်ပိုင်းဖြတ်၍ ကန့်သတ်လိုက်ခြင်း၊ မပတ်သက်တော့ခြင်း (သို့) မရမချင်း ငြင်းဆန်နေခြင်း ဖြစ်သည်။ ကူညီယိုင်းပင်းမှု မပြုသည့် နည်းလမ်းများကို သုံးမျိုးထပ်ခွဲထားသည်။ (၁) လူမှုရေးအရ ကူညီယိုင်းပင်းမှု မပြုခြင်း၊ စီးပွားရေးအရ ကူညီယိုင်းပင်းမှု မပြုခြင်း (စီးပွားရေးသပိတ်နှင့် အလုပ်သမား ဆန္ဒပြပွဲ)နှင့် နိုင်ငံရေးအရ ကူညီယိုင်းပင်းမှု မပြုခြင်းတို့ ဖြစ်သည်။

## (၂၁) **Nonviolence (religious or ethical) :**

ဘာသာရေး (သို့) ကိုယ်ကျင့်တရားဆိုင်ရာနှင့် ပတ်သက်သည့် အကြမ်းမဖက်ခြင်း ဖြစ်သည်။ ကိစ္စ အတော်များများတို့ကို အကြမ်းပတမ်း မပြုမူရန်တားမြစ်ထားသည်။ အချို့ဘာသာရေးတွင် ကိုယ်အားဖြင့်၊ နှုတ်အားဖြင့်၊ စိတ်အားဖြင့် အကြမ်းဖက်ပြစ်မှားခြင်းမရှိအောင် တားမြစ်ထားသည်။ အချို့ဘာသာရေးတွင် မိမိပြိုင်ဖက်အပေါ် အကောင်းမြင်တတ်ရန်၊ စေတနာထားရန် လမ်းညွှန်ချက်များရှိသကဲ့သို့ ရန်သူအကြောင်း နဲနဲမှ မစဉ်းစားရန် တားမြစ်ထားသည့် ရန်သူကို လူရာမသွင်းထားသည့် ဘာသာရေးများလည်း ရှိသည်။ အကြမ်းမဖက် လှုပ်ရှားမှုတွင် ပါဝင်ကြသူတို့မှာ ဘာသာပေါင်းစုံမှ ဖြစ်သည်။ လက်တွေ့ဖြစ်ပျက်နေသော အခြေအနေ၏ အကြောင်းရင်းများအရ ပါဝင်လှုပ်ရှားလာကြသူများဖြစ်ပြီး အထက်ပါအတိုင်း ယုံကြည်နေသူလည်းရှိ၊ မယုံကြည်သူလည်း ရှိနေမည်ဖြစ်သည်။

## (၂၂) **Nonviolent action :**

အကြမ်းမဖက်လှုပ်ရှားမှု ဖြစ်သည်။ ယေဘူယျအားဖြင့် ကာယကံမြောက် အကြမ်းဖက်ခြင်း မရှိပဲ ကန့်ကွက်ဆန္ဒပြခြင်း၊ ဆန့်ကျင်အံတုခြင်းနှင့် ဝင်ရောက်စွက်ဖက်ခြင်းတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ လှုပ်ရှားခြင်းဖြစ်သည်။ ထိုသို့ လှုပ်ရှားပုံ သုံးမျိုးရှိသည်။

(က) အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများကြောင့် မိမိတို့ ခါတိုင်းလုပ်နေကျများကို မလုပ်ရတော့သဖြင့် အကြမ်းမဖက် လှုပ်ရှားမှုတွင် ပါဝင်လာကြသည့် လှုပ်ရှားမှုမျိုးဖြစ်သည်။ လှုပ်ရှားမှု အောင်မြင်လျှင် သူတို့သည် ခါတိုင်းလိုပင် ပြန်လည်လုပ်ပိုင်ခွင့်ရမည်ဟု မျှော်လင့်ထားကြသည်။ (သို့) ထိုလုပ်ပိုင်ခွင့်များကို ဥပဒေ စည်းမျဉ်းများဖြင့် အခိုင်အမာ ပြဋ္ဌာန်းပေးစေလိုကြသည်။

(ခ) အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများကြောင့် မိမိတို့ခါတိုင်းမလုပ်ဖူးသည်များကို လုပ်နေရသူတို့က အကြမ်းမဖက် လှုပ်ရှားမှုတွင် ပါဝင်လာကြသည့် လှုပ်ရှားမှုမျိုးဖြစ်သည်။ လှုပ်ရှားမှုအောင်မြင်လျှင် သူတို့သည် ယခုကဲ့သို့ လုပ်နေရခြင်းမျိုးကို စွန့်လွှတ်ရတော့မည်ဟု မျှော်လင့်ထားကြသည်။ (သို့) ယခုကဲ့သို့လုပ်နေရခြင်းမျိုး မရှိစေရန် ဥပဒေ စည်းမျဉ်းများဖြင့် အခိုင်အမာပြဌာန်းပေးစေလိုကြသည်။

(ဂ) အထက်ပါနှစ်မျိုးစလုံးကို ပေါင်းစပ်ထားသည့် လှုပ်ရှားပုံ ဖြစ်သည်။

အကြမ်းမဖက်လှုပ်ရှားမှုကို ကျွမ်းကျင်ပိုင်နိုင်စွာဆင်နွှဲနိုင်ရန် သတ်သတ်မှတ်မှတ်ရှိထားသော နည်းလမ်း ပေါင်း(၁၉၈)ခု ရှိပြီဖြစ်သည်။ ယင်းတို့ကို သုံးမျိုး ခွဲထားသည်။ (၁) အကြမ်းမဖက် ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက် ပါအောင်ဆွဲဆောင်သောနည်းလမ်းများ (၂) ကူညီယိုင်းပင်းမှုမပြုသည့် နည်းလမ်းများနှင့် (၃) အကြမ်းမဖက် ဝင်ရောက်စွက်ဖက်နိုင်သည့်နည်းလမ်းများ တို့ဖြစ်သည်။

## (၂၃) Nonviolent coercion :

အကြမ်းမဖက် အကြပ်ကိုင်ခြင်း ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှုဖြင့် နိုင်ငံရေးအာဏာပြောင်းလဲပေးနိုင်သည့် လုပ်ငန်းစဉ် တခုဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားသူတို့က ယိုင်းပင်းကူညီမှုမပြုခြင်းနှင့် ဆန့်ကျင်အံတုခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်းကြောင့် အစိုးရက အခြေအနေကို ထိရောက်အောင် မထိန်းချုပ်နိုင်တော့ပဲ လှုပ်ရှားသူတို့၏ တောင်းဆိုချက်များကို လိုက်လျောပေးလိုက်သည်။ သို့သော် အစိုးရသည် တရားဝင် ရပ်တည် နေဆဲပင်ရှိနေသည်။ အစိုးရအုပ်ချုပ်ရေးစနစ်မှာလည်း ပြိုကွဲခြင်း မရှိသေးပေ။

## (၂၄) Nonviolent insurrection :

အကြမ်းမဖက် အုံကြွခြင်း ဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်သည်ဟု ယူဆခံရသော အစိုးရကို ကျယ်ကျယ်ပြန့်ပြန့် ယိုင်းပင်း ကူညီမှုမပြုခြင်း၊ ဆန့်ကျင်အံတုခြင်းဖြင့် နိုင်ငံရေးအရ လူထုအုံကြွခြင်း ဖြစ်သည်။

## (၂၅) Nonviolent intervention :

အကြမ်းမဖက် ဝင်ရောက်စွက်ဖက်ခြင်း ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှု နည်းလမ်းများ၏ ကြီးမားကျယ်ပြန့်သော အမျိုးအစားတခုဖြစ်သည်။ အကြမ်းမဖက်သောနည်းလမ်းဖြင့် ပြိုင်ဖက်၏လှုပ်ရှားမှုများ၊ ပြိုင်ဖက်နိုင်ငံရေးစနစ်၏ သက်ဝင်လှုပ်ရှားမှုများကို တိုက်ရိုက် ဝင်ရောက်စွက်ဖက်ပြီး ဆန့်ကျင်အံတုသော အခြေအနေဖြစ်သည်။ ဤအမျိုး အစား၏ နည်းလမ်းများမှာ ထင်ရှားသည့်တခုခုကို ရည်ရွယ်ပြီး ကန့်ကွက်ဆန္ဒပြခြင်း၊ မိမိဘက်ပါအောင် ဆွဲဆောင်ခြင်းနည်းလမ်းများနှင့် ကွာခြားသည်။ ပြိုင်ဖက်လှုပ်ရှားမှုကို တားဆီးရန် ဝင်ရောက်စွက်ဖက်မှုမှာ များသော အားဖြင့် ကိုယ်ထိလက်ရောက် လှုပ်ရှားမှု ဖြစ်သည် (ဥပမာ– ထိုင်သပိတ်)။ သို့သော် ပြိုင်ဖက်ကို စိတ်ဓါတ်စစ်ဆင် ရေးအရ ဝင်ရောက်စွက်ဖက်သည်လည်း ရှိသည်။ ထို့ပြင် ပြိုင်ဖက်၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးလှုပ်ရှားမှုများကို ဟန့်တားရန်လည်း အကြမ်းမဖက် ဝင်ရောက်စွက်ဖက်ပြီး လှုပ်ရှားတတ်ကြသည်။

## (၂၆) Nonviolent protest and persuation :

အကြမ်းမဖက် ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက်ပါအောင်ဆွဲဆောင်ခြင်း ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှု နည်းလမ်းများ၏ ကြီးမားကျယ်ပြန့်သော အမျိုးအစားတခု ဖြစ်သည်။ ထင်ရှားသည့်တခုခုကို ရည်ရွယ်ပြီး အတိုက်အခံတို့၏ ထင်မြင်ယူဆချက် (သို့) အစိုးရအား ဖြောင့်ဖျရန် ကြိုးပမ်းခြင်း (ဥပမာ–မီးထွန်း၍ အထိမ်းအမှတ် ပြုသခြင်း၊ ချီတက်လမ်းလျှောက်ပွဲများ၊ သပိတ်တားခြင်း စသည်)တို့ကို ဖော်ပြသည့် နည်းလမ်းများ ဖြစ်သည်။ ဤနည်းလမ်းဖြင့် လှုပ်ရှားရာတွင် မိမိတို့ထင်မြင်ယူဆချက်များကို ပိုပိုသာသာ ထုတ်ဖော်ပြောဆိုတတ်ကြသည်။ ကူညီယိုင်းပင်မှု မပြုသောနည်းလမ်း (ဥပမာ–သပိတ်မှောက်ခြင်း)နှင့် အကြမ်းမဖက် ဝင်ရောက်စွက်ဖက်သော နည်းလမ်း (ဥပမာ– ထိုင်သပိတ်)တို့တွင်မူ ထိုမျှလောက် ထုတ်ဖော်ပြောဆိုခြင်း မရှိကြပေ။

## (၂၇) **Nonviolent struggle :**

အကြမ်းမဖက် ဆင်နွှဲသောလှုပ်ရှားမှု ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှုကို ဆုံးဖြတ်ချက်ချပြီး အင်အား ကောင်းကောင်းဖြင့် ဆင်နွှဲခြင်း ဖြစ်သည်။ အထူးသဖြင့် အရင်းအမြစ်စွမ်းအားကောင်းပြီး တင်းခံနေသော အစိုးရက အကြမ်းဖက် နှိမ်နင်းဖြိုခွဲလာမည်ကို သိလျက်နှင့်ဆင်နွှဲခြင်း ဖြစ်သည်။

## (၂၈) **Nonviolent weapons :**

အကြမ်းမဖက်လှုပ်ရှားမှု လက်နက်များ ဖြစ်သည်။ တနည်းအားဖြင့် အကြမ်းမဖက်လှုပ်ရှားရာတွင် အသုံးချမည်ဟု အသေအချာ ပြင်ဆင် သတ်မှတ်ထားသော နည်းလမ်းများ ဖြစ်သည်။

## (၂၉) **Pillars of support :**

အထောက်အကူပြု ထောက်တိုင်များ ဖြစ်သည်။ အစိုးရတရပ် တည်ရှိနိုင်ရေးမှာ နိုင်ငံရေး အာဏာဇစ်မြစ်(၆မျိုး)ကို ထိန်းသိမ်းနိုင်ရန်နှင့် အာဏာစက်ကျယ်ပြန့်စေရန် လိုအပ်သည်။ ယင်းအတွက် ထောက်ပံ့ ကူညီပေးနေသော လူမှု အဆောက်အအုံများနှင့် အခန်းကဏ္ဍများ ဖြစ်သည်။ နိုင်ငံရေးအာဏာကို အထောက်အကူပြုသည့်ထောက်တိုင် (၉)ခုမှာ ရဲတပ်ဖွဲ့၊ စစ်တပ်၊ အရပ်ဖက်ဝန်ထမ်း၊ မီဒီယာ၊ ပုဂ္ဂလိကစီးပွားရေး၊ လူငယ်၊ အလုပ်သမား၊ ဘာသာရေး အသင်းအဖွဲ့၊ အန်ဂျီအိုတို့ဖြစ်သည်။

နမူနာများမှာ (၁) ပိတ်ဆို့ပြစ်ဒဏ်ခြင်းကို အထောက်အကူပြုသော ရဲ၊ ထောင်နှင့် စစ်တပ် (၂) အာဏာပိုင် ဖြစ်ခြင်း (တရားဝင်အုပ်ချုပ်ပိုင်ခွင့်ရခြင်း)ကို အထောက်အကူပြုသော ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့ ခေါင်းဆောင်များ (၃) စီးပွားရေးအရင်းအမြစ်များကို အထောက်အကူပြုနေသော စီးပွားရေးလောကနှင့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ရင်းနှီးမြှုပ်နှံငွေများ (၄) နိုင်ငံရေးအာဏာကို အထောက်အကူ ပြုနေသည့် အထက်တွင် ဖော်ပြသကဲ့သို့သော အခြားထောက်တိုင်များ ဖြစ်သည်။

## (၃၀) **Political defiance :**

နိုင်ငံရေးအံတုမှု ဖြစ်သည်။ အာဏာရှင်စနစ်ကို အကြွင်းမဲ့ ဖျက်သိမ်းပြီး ဒီမိုကရေစီစနစ်ဖြင့် အစားထိုးရန် မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားခြင်း ဖြစ်သည်။

ဖိနှိပ်ခံရသူ ပြည်သူ့ထံမှ လူထုအင်အားကို စုစည်း၍ ဖိနှိပ်သူအစိုးရအား ယိုင်းပင်းကူညီမှုများ ရပ်ဆိုင်း သွားအောင် စည်းရုံးလှုံ့ဆော်ပေးရသည်။ ဆန့်ကျင်အံတုရသည်။ သို့မှသာ အာဏာရှင်၏ နိုင်ငံရေးအာဏာဇစ်မြစ် များကို ကန့်သတ် ဖြတ်တောက်နိုင်မည် ဖြစ်သည်။ နိုင်ငံရေးအာဏာကို အထောက်အကူပြုသည့်ထောက်တိုင်များကို တားဆီးပိတ်ဆို့နိုင်မည် ဖြစ်သည်။ နိုင်ငံရေးအံတုမှုကို အောင်မြင်စွာ အသုံးချနိုင်သောအခါ လက်ရှိ အာဏာရှင် အစိုးရဖြစ်စေ၊ နောင်တက်လာမည့် အာဏာရှင်အစိုးရဖြစ်စေ မည်သူမှ တိုင်းပြည်ကို အုပ်ချုပ်နိုင်တော့မည်မဟုတ်ပါ။ အနာဂတ်တွင် ဒီမိုကရေစီစနစ်အား ထိခိုက်လာနိုင်သည်များကိုလည်း ဖယ်ရှားတတ်လာပါမည်။ ဒီမိုကရေစီစနစ် ကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ပါမည်။

## (၃၁) **Political *jiu-jitsu* :**

ပြိုင်ဖက်ဖြစ်သူအား အရင်ဦးစွာ နယ်ကျုံ့သွားအောင်လုပ်ပြီး သူ့အမှားနှင့်သူ ခံရစေရန် အသုံးချသော နိုင်ငံရေး နည်းလမ်းတမျိုး ဖြစ်သည်။ ဂျူဂျစ်ဆုမှာ ဂျပန်ရိုးရာ ကိုယ်ခံပညာဖြစ်သည်။ အရှိန်အဟုန်ကောင်းကောင်းဖြင့် စတင် တိုက်ခိုက်လာသော ပြိုင်ဖက်ကို ဦးစွာ ရှောင်ရှားခြင်းအားဖြင့် အရှိန်လွန်၍ ဟန်ချက်ပျက်စေပြီးမှ ပြိုင်ဖက် မလှုပ်နိုင် အောင် နည်းစနစ်ကျွမ်းကျင်စွာဖြင့် ပြန်လည်တိုက်ခိုက်ခြင်းအပေါ် အခြေခံသည့် အားကစားတမျိုးဖြစ်သည်။

နိုင်ငံရေးအာဏာပြောင်းလဲရန် အကြမ်းမဖက်လုပ်ဆောင်သော အထူးလုပ်ငန်းစဉ်ဖြစ်သည်။ နိုင်ငံရေးဂျူဂျစ်ဆုမှာ အကြမ်းဖက်နှိပ်ကွပ်သော အစိုးရအပေါ် နိုင်ငံရေးအရ တန်ပြန်ဆိုးကျိုး သက်ရောက်စေခြင်းဖြစ်သည်။ အစိုးရ

ကသာ အာဏာကျဆင်းသွားပြီး နှိပ်ကွပ်ခံရသူ အကြမ်းမဖက် လှုပ်ရှားသူများအဖို့မှာမူ နိုင်ငံရေးအရ ပိုမို အားကောင်းသွားသည်။

အကြမ်းမဖက် နိုင်ငံရေးအံတုသူတို့က နောက်မဆုတ်ပဲ လှုပ်ရှားလာသည့်အခါ အစိုးရက ရက်စက်စွာ အကြမ်းဖက် နှိမ်နင်းဖြိုခွဲတတ်သည်။ ထို့ကြောင့် အကြမ်းမဖက် ဆန့်ကျင်အံတုလှုပ်ရှားသူများဘက်တွင် အနည်းနှင့်အများ ထိခိုက် ဆုံးရှုံးရသည်။ ထိုသို့သော ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက် နှိမ်နင်းဖြိုခွဲမှုကို ပြည်သူလူထုက မျက်ဝါးထင်ထင် တွေ့မြင်လာရသည်။ ထို့ပြင် အာဏာရှင်ကြောင့် နစ်နာဆုံးရှုံးရသူများသာမက အာဏာရှင်အား ပံ့ပိုးထောက်ခံ နေသူများကပင် အစိုးရ၏ အဆိုပါလုပ်ရပ်ကို လူမဆန်သော အဆိုးဝါးဆုံးလုပ်ရပ်အဖြစ် သဘောထားလိုက်ကြ တော့သည်။

ထိုအခါ အစိုးရအပေါ် ပိုမိုပြစ်တင်ရှုံ့ချလာကြသည်။ အစိုးရအတွင်း အတိုက်အခံများပေါ်ထွက်လာသည်။ အစိုးရ အား ဆန့်ကျင်အံတုမှုများ တိုးပွားလာသည်။ အစိုးရအား ယိုင်းပင်ကူညီမှုများ၊ အမိန့်နာခံမှုများ လျော့နည်း ပျောက်ကွယ်သွားသည်။ အရေးပါသော ပြောင်းလဲမှုကြီးများ ဖြစ်ပေါ်လာသည်။ အဆိုပါ ပြောင်းလဲမှုများကြောင့် နိုင်ငံရေးအာဏာသည် တခါတရံ အကြမ်းမဖက်လှုပ်ရှားသူများဘက်တွင် အလေးသာသွားသည်။

နိုင်ငံရေး ဂျူဂျစ်ဆုကို အကြမ်းမဖက်လှုပ်ရှားမှု၏ ဖြစ်စဉ်တိုင်းတွင် အသုံးမချပါ။ အစိုးရအား ယိုင်းပင်းကူညီမပေး ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ထိရောက်အောင် လှုပ်ရှားနိုင်နေသည့်အခါမျိုးတွင် နိုင်ငံရေး ဂျူဂျစ်ဆုကို အသုံးချရန် လိုအပ်မည် မဟုတ်ပေ။

## (၃၂) **Political power :**

နိုင်ငံရေးအာဏာ ဖြစ်သည်။ လူမှုအဖွဲ့အစည်းက လိုက်နာကျင့်ကြံရမည့် မူဝါဒများကို တရားဝင် ဆုံးဖြတ် အကောင်အထည် ဖော်နိုင်လောက်သည့် အလုံးစုံသော သြဇာလွှမ်းမိုးမှု ဖြစ်သည်။ နိုင်ငံရေးအာဏာကို အစိုးရ အဖွဲ့အစည်းများက အသုံးချနိုင်ဖွယ်ရှိပေလိမ့်မည်။ သို့မဟုတ် ထိုအစိုးရကို ဆန့်ကျင်ရန် အတိုက်အခံအုပ်စုနှင့် အဖွဲ့များကလည်း နိုင်ငံရေး အာဏာကို အသုံးချလာနိုင်ဖွယ် ရှိပေမည်။ နိုင်ငံရေးပဋိပက္ခတွင်လည်း တိုက်ရိုက် အသုံးချနိုင်ဖွယ်ရှိသည်။ သို့မဟုတ် နောင်တချိန် အသုံးချရန် အရန်အင်အားအဖြစ်လည်း ထိန်းသိမ်းထားဖွယ်ရှိမည်။

## (၃၃) **Sanctions :**

ပိတ်ဆို့ပြစ်ဒဏ်ခတ်ခြင်း ဖြစ်သည်။ အစိုးရ၏ လက်တုန့်ပြန် ပြစ်ဒဏ်ခတ်ခြင်း ဖြစ်သည်။ အစိုးရက ဆန္ဒရှိ မျှော်လင့် ထားသည့်အတိုင်း လူထုက လိုက်မလုပ်သောအခါ (သို့) အစိုးရ မမျှော်လင့်သည်ကို တားမြစ်ထားသည်ကို လူထုက လုပ်လိုက်သောအခါ အကြမ်းဖက်သည်ဖြစ်စေ၊ အကြမ်းမဖက်သည်ဖြစ်စေ လက်တုန့်ပြန် ပြစ်ဒဏ်ခတ်ခြင်း ဖြစ်သည်။ အမိန့်မနာခံသူအား အကြမ်းမဖက်ပဲ အပြစ်ပေးပုံက အကြမ်းဖက်ပြီး အပြစ်ပေးပုံလောက် ရှင်းရှင်းလင်းလင်း မရှိလှ သော်လည်း တမင်တကာရည်ရွယ် အပြစ်ဒဏ်ပေးလိုသည်မှာ ပိုမိုထင်ရှားသည်။ နိုင်ငံရေးအာဏာဇစ်မြစ် (၆မျိုး) တွင် တခုအပါအဝင်ဖြစ်သည်။

## (၃၄) **Self-reliance :**

မိမိကိုယ်ကို အားကိုးခြင်း ဖြစ်သည်။ ကိုယ့်ပြဿနာ ကိုယ်ရှင်းနိုင်သည် ဆိုခြင်းမှာ မိမိအတွက်ဆိုလျှင် ကိုယ်တိုင် ဆုံးဖြတ်နိုင်၊ သူတပါး အထောက်အပံ့မယူပဲ ကိုယ်တိုင်ရပ်တည်နိုင်စွမ်း ရှိခြင်း ဖြစ်သည်။ အဖွဲ့အတွက်ဆိုလျှင် ထိုအဖွဲ့သည် လွတ်လပ်ခွင့်ရှိသည်၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသည်၊ မိမိအင်အားဖြင့်သာ ရပ်တည်နိုင်စွမ်းရှိသည်ဟု ဆိုလိုသည်။

## (၃၅) **Skills and knowledge :**

တတ်သိကျွမ်းကျင်မှု ဖြစ်သည်။ နိုင်ငံရေးအာဏာဇစ်မြစ် (၆မျိုး)တွင် တခုအပါအဝင်ဖြစ်သည်။ ကျွမ်းကျင်မှုနှင့် ဗဟုသုတအပြင် လူမှုအဖွဲ့အစည်းတွင်ရှိသော လူတဦးချင်းနှင့် အဖွဲ့များ (တနည်းအားဖြင့် လူသားအရင်းအမြစ်)၏ အရည်အသွေးများကြောင့် အုပ်စိုးသူတွင် အာဏာရှိနေရခြင်း ဖြစ်သည်။

## (၃၆) **Sources of power :**

နိုင်ငံရေးအာဏာဇစ်မြစ်များ ဖြစ်သည်။ နိုင်ငံရေးအာဏာဇစ်မြစ်များမှာ (၁) သြဇာတိက္ကမ (၂) ပြည်သူလူထု (၃) တတ်သိကျွမ်းကျင်မှု (၄) သဘောတရားရေးရာ (၅)ရုပ်ဝတ္ထုအရင်းအမြစ်များနှင့် (၆) ပြစ်ဒဏ်တို့ ဖြစ်သည်။ ယင်းတို့သည် တခုနှင့်တခု နီးကပ်စွာ ဆက်စပ်နေသည်။ ပြည်သူလူထုနှင့် လူမှုအဆောက်အအုံများက လက်ခံပေးသည့်အပေါ်၊ ပူးပေါင်းပေးနိုင်သည်အပေါ်၊ အမိန့်ကိုလိုက်နာပေးနိုင်သည့်အပေါ် မူတည်၍ အားကောင်းလာရသည်။ နိုင်ငံရေး အာဏာဇစ်မြစ်များက အားကောင်းလျှင် အုပ်စိုးသူ အားကောင်းသည်။ သို့မဟုတ်လျှင် အုပ်စိုးသူသည် အားနည်းလာပြီး ပြိုကွဲပျက်ဆီးသွားသည်။

## (၃၇) **Strategic nonviolent struggle :**

မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု ဖြစ်သည်။ ရည်မှန်းချက်ဖြင့် မဟာဗျူဟာကို ရေးဆွဲပြင်ဆင်ပြီးမှသာ ဗျူဟာအတိုင်း အကြမ်းမဖက်လှုပ်ရှားမှုကို ကျွမ်းကျင်စွာဆင်နွဲနိုင်သည်။

မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု ဆိုသည်မှာ အစိုးရနှင့် ပြည်သူတို့အကြား ပဋိပက္ခဖြစ်နေသော အခြေအနေကို ပိုင်းခြားစိစစ်သုံးသပ်၍ နှစ်ဖက်စလုံး၏အားသာချက်၊ အားနည်းချက်များ၊ အကြမ်းမဖက်လှုပ်ရှားမှု၏ သဘာဝ၊ လုပ်ဆောင်နိုင်စွမ်းများနှင့် ကျွမ်းကျင်စွာလှုပ်ရှားနိုင်ရန် လိုအပ်ချက်များ၊ အထူးသဖြင့် လှုပ်ရှားရန် သတ်မှတ်ထားသော အမျိုးအစား၏ မဟာဗျူဟာဆိုင်ရာ စည်းမျဉ်းများကို အခြေခံ၍ ကြိုတင်စီစဉ်ပြီးမှ လှုပ်ရှားရသော အကြမ်းမဖက်သည့် လှုပ်ရှားမှုဖြစ်သည်။

(လှုပ်ရှားမှုတခုလုံး၏ ထိပ်တန်းမဟာဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် နည်းလမ်းများကိုလည်းကြည့်ပါ။)

## (၃၈) **Strategy :**

မဟာဗျူဟာ ဖြစ်သည်။ အမှန်စင်စစ် အခြေခံစိတ်ကူးသာ ဖြစ်သည်။ လှုပ်ရှားမှုတခုလုံး၏ ထိပ်တန်းမဟာဗျူဟာ အတွင်း ရှိနေသော အဓိက အဆင့်တဆင့်ကို လှုပ်ရှားမည့် အစီအစဉ်ဖြစ်သည်။ မဟာဗျူဟာ ဆိုသည်မှာ သတ်မှတ်ထားသော လှုပ်ရှားမှုတခုကို မည်သို့အကောင်အထည်ဖော်မည်၊ ရည်မှန်းချက်အောင်မြင်ရေးအတွက် အကျိုးရှိနိုင်ဆုံး အသုံးချနိုင်မည့် သီးခြားအပိုင်းများကို မည်သို့စုစည်းပေါင်းစပ်မည် ဆိုသည့် အခြေခံစိတ်ကူး ဖြစ်သည်။ ထိုမဟာဗျူဟာကို လှုပ်ရှားမှုတခုလုံး၏ ထိပ်တန်းမဟာဗျူဟာ ဘောင်အတွင်းမှနေ၍ လုပ်ဆောင်ရသည်။ တဖန် မဟာဗျူဟာ ဘောင်အတွင်းတွင် မည်သို့လုပ်ဆောင်ရမည်ဆိုသည့် နည်းဗျူဟာများ၊ အထူးနည်းလမ်းများ ပါဝင်သည်။ အဆိုပါ နည်းဗျူဟာများ၊ အထူးနည်းလမ်းများဖြင့် သတ်မှတ်ထားသော လှုပ်ရှားမှုအတွက်သာ အထိုက်အလျောက် လိုအပ်သည့်အတိုင်း လှုပ်ရှားသည်။

## (၃၉) **Strike :**

ဆန္ဒပြခြင်း ဖြစ်သည်။ များသောအားဖြင့် အလုပ်ကို တမင်တကာ ကန့်သတ်ခြင်း (သို့) ယာယီ ရပ်ဆိုင်းခြင်းဖြင့် အလုပ်လုပ်သူ (အလုပ်သမား၊ ရုံးဝန်ထမ်း အစရှိသူ)တို့က စီးပွားရေးလုပ်ငန်းပိုင်ရှင် ဖြစ်သူထံ မိမိတို့အလုပ်နှင့် ပတ်သက်သည့် ရပိုင်ခွင့်များအတွက် ဖိအားပေး တောင်းဆိုခြင်း ဖြစ်သည်။ တခါတရံ နိုင်ငံရေး ရည်မှန်းချက် အတွက်လည်း တောင်းဆို တတ်သည်။

## (၄၀) **Tactic :**

နည်းဗျူဟာ ဖြစ်သည်။ အကန့်အသတ်ရှိသော လှုပ်ရှားမှုအစီအစဉ် ဖြစ်သည်။ ပဋိပက္ခတခု၏ ကန့်သတ်ထားသော အဆင့်တဆင့်တွင် ထိုအဆင့်၏ရည်မှန်းချက် အောင်မြင်ရေးအတွက် ရနိုင်သမျှ လှုပ်ရှားမှုနည်းလမ်းများကို မည်သို့ ထိရောက်အောင် အသုံးချမည်ဆိုသည့် သဘောတရားပေါ်တွင် အခြေခံသည်။ လှုပ်ရှားမှုတခုလုံး၏ အဆင့်တဆင့်တွင်သုံးသည့် မဟာဗျူဟာကို အကောင်အထည်ဖော်ရန်အတွက် အဆိုပါ နည်းဗျူဟာများကို အသုံးချရန် ရည်ရွယ်ခြင်းဖြစ်သည်။

(၄၁) **Violence :**

အကြမ်းဖက်ခြင်း ဖြစ်သည်။ အခြားလူများ ဒဏ်ရာရအောင်၊ သေဆုံးအောင် ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း ဖြစ်သည်။ ထိုသို့ဖြစ်မည်ဟု ခြိမ်းခြောက်ခြင်းသည်လည်း အကြမ်းဖက်ခြင်း ဖြစ်သည်။ ထို့ပြင် ထိုသို့ဖြစ်စေခြင်း၊ ခြိမ်းခြောက်ခြင်းတို့အပေါ်မူတည်သော အပြုအမူမှန်သမျှသည်လည်း အကြမ်းဖက်ခြင်းဖြစ်သည်။

အချို့ဘာသာရေးနှင့် လူမှုကျင့်ဝတ်များတွင် အကြမ်းဖက်သည့် "အဓမ္မ"၏ အဓိပ္ပာယ်ကို ကောင်းကောင်း နားလည်အောင် ပိုမိုကျယ်ပြန့်စွာ စဉ်းစားတွေးခေါ် သုံးသပ်ပေးထားသည်။ သို့သော် ဓမ္မကို ထောက်ခံသူတို့မှာလည်း အကြမ်းမဖက်လှုပ်ရှားမှုတွင် လက်တွေ့ကျကျ ပါဝင်နေကြသော အခြားသူတို့နှင့် အတူတကွ လက်တွဲ လှုပ်ရှားရန် ဖြစ်နိုင်ပါသည်။

---------- ၀၀၀----------

# နောက်ဆက်တွဲ (၂)
# အကြမ်းမဲ့ တိုက်နည်းများ




(**အကြမ်းမဖက်လှုပ်ရှားသည့် နိုင်ငံရေး** စာအုပ်တွင် ဒေါက်တာဂျင်းရှပ် ဖော်ပြထားသော အကြမ်းမဲ့လှုပ်ရှားမှု နည်းဗျူဟာပေါင်း(၁၉၈)မျိုး ဖြစ်ပါသည်။ ခေတ်ပြိုင်ဂျာနယ်မှ ထုတ်ဝေသည့် **အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့** စာအုပ်တွင် ပါရှိသည့် ဘာသာပြန်မူရင်းအတိုင်း ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။)

## အကြမ်းမဲ့ကန့်ကွက်ဆန္ဒပြခြင်းနှင့်မိမိဘက်ပါအောင် ဆွဲဆောင်သောနည်းလမ်းများ

### စည်းကမ်းတကျ ကြေငြာထုတ်ပြန်ချက်များ

(၁) လူထုဟောပြောပွဲများ
(၂) ကန့်ကွက်စာများ၊ ထောက်ခံစာများ
(၃) အသင်းအဖွဲ့များ၏ ထုတ်ပြန်ကြေငြာချက်များ
(၄) ပြည်သူလူထုက လက်မှတ်ရေးထိုးထားသော စာတမ်းများ
(၅) အရေးယူမည်၊ တရားစွဲမည်ဟု ကြေငြာချက်များ
(၆) လူစုလူအုပ်နှင့်ချီပြီး တင်သွင်းသော အသနားခံစာများ၊ ပန်ကြားလွှာများ

### လူအများကြားရောက်ရှိအောင် ဆက်သွယ်ရေးများ ပြုလုပ်ခြင်း

(၇) သံချပ်၊ ရုပ်ပြောင်နှင့် သင်္ကေတ အမှတ်အသားများ
(၈) အလံများ၊ ပိုစတာများနှင့် လူအများမြင်လောက်အောင် စာတမ်းများ ပြသထားခြင်း
(၉) စာရွက်စာတမ်းများ၊ လက်ကမ်းစာစောင်များ၊ စာရွက်များ
(၁၀) စာနယ်ဇင်း၊ သတင်းစာများ
(၁၁) ဓာတ်ပြားများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား
(၁၂) ကောင်းကင်တွင် စာတမ်းများရေးသော မိုးပုံကြော်ငြာနှင့် မြေပြင်ကြော်ငြာများ

### အဖွဲ့အစည်းများအလိုက် ကိုယ်စားပြုခြင်း

(၁၃) ကိုယ်စားလှယ်လွှတ်ခြင်း
(၁၄) ပြက်ရယ်ပြု ဆုပေးပွဲများ
(၁၅) အဖွဲ့နှင့် မဲဆွယ်ခြင်း
(၁၆) သပိတ်တားခြင်း
(၁၇) ပြက်ရယ်ပြု ရွေးကောက်ပွဲများ

## လူထုအကြား ဟန်အမူအရာနှင့် သရုပ်ဖော်ခြင်းများ

(၁၈) အလံများထူခြင်း၊ အရောင်အသွေးများနှင့်ပြသခြင်း
(၁၉) အဝတ်အစားနှင့် လက္ခဏာများ ပြသခြင်း
(၂၀) ဆုတောင်းဝတ်ပြုမှုများ
(၂၁) သင်္ကေတအမှတ်အသားများပါသည့် ပစ္စည်းများကို ဖြန့်ဝေခြင်း
(၂၂) သက်နိုးချွတ် ဆန္ဒပြပွဲများ
(၂၃) ကိုယ်ပိုင်ပစ္စည်းများ ဖျက်ဆီးခြင်း
(၂၄) မီးထွန်း၍ အထိမ်းအမှတ် ပြသခြင်း
(၂၅) ရုပ်ပုံကားချပ်များ ခင်းကျင်းပြသခြင်း
(၂၆) ဆေးသုတ်ပြီး ကန့်ကွက်ဆန္ဒပြခြင်း
(၂၇) အမှတ်အသားသစ်များ၊ နာမည်သစ်များ ထုတ်ပြန်ခြင်း
(၂၈) သင်္ကေတများပါသည့်အသံများ လုပ်ခြင်း
(၂၉) ပြန်လည်သိမ်းပိုက်မှုပြသည့် လက္ခဏာများ
(၃၀) ရိုင်းပျသည့် ခြေဟန်လက်ဟန်များ

## လူပုဂ္ဂိုလ်အလိုက် အနှောင့်အယှက်ပေးခြင်း

(၃၁) အစိုးရအရာရှိများကို စိတ်ခြောက်ခြားလာအောင်လုပ်ခြင်း
(၃၂) အစိုးရအရာရှိများကို မခံချိမခံသာဖြစ်အောင်လုပ်ခြင်း
(၃၃) ရင်းနှီးစွာ အပေါင်းအသင်းလုပ်ခြင်း
(၃၄) နိုးကြားစွာနေထိုင်ခြင်း

## ပြဇာတ်နှင့် အဆိုအတီး

(၃၅) ဟာသပြဇာတ်နှင့် အပြောင်အပျက်ပွဲများ
(၃၆) ပြဇာတ်နှင့် တီးလုံးများ
(၃၇) သီချင်းဆိုမှုများ

## စီတန်းလှည့်လည်မှုများ

(၃၈) ချီတက်လမ်းလျှောက်ပွဲများ
(၃၉) စီတန်းလှည့်လည်ပွဲများ
(၄၀) ဘာသာရေး စီတန်းလှည့်လည်ပွဲများ
(၄၁) ဘုရားဖူးသွားခြင်း
(၄၂) မော်တော်ကားများနှင့် စီတန်းလှည့်လည် မောင်းနှင်ခြင်း

## ကွယ်လွန်သူများအား ဂုဏ်ပြုခြင်း

(၄၃) နိုင်ငံရေး ဝမ်းနည်းကြေကွဲမှု ပြသခြင်း
(၄၄) ပြက်ရယ်ပြု အသုဘများ
(၄၅) ဆန္ဒပြသည့် အသုဘများ
(၄၆) သုသာန်သို့သွားရောက်၍ အလေးပြုခြင်း

## လူမြင်ကွင်းများတွင် စုရုံးကြခြင်း

(၄၇) ကန့်ကွက်မှုအတွက် သို့မဟုတ် ထောက်ခံမှုအတွက် စုဝေးခြင်း
(၄၈) ကန့်ကွက်ရေး စည်းဝေးပွဲများ
(၄၉) ရုပ်ဖျက်၍ ဆန့်ကျင်ဆန္ဒပြ စည်းဝေးပွဲများ
(၅၀) သင်တန်းများပေးခြင်း

### နောက်ဆုတ်ခြင်းနှင့် စွန့်လွှတ်ခြင်းများ

(၅၁) ထွက်ခွာဆန္ဒပြခြင်းများ
(၅၂) တုံဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းများ
(၅၃) ဂုဏ်ထူး ဘွဲ့တံဆိပ်များ ပြန်လည်အပ်နှံခြင်းနှင့် စွန့်လွှတ်ခြင်း
(၅၄) နောက်ကျောခိုင်းထားခြင်း

## လူမှုရေးအရ ကူညီယိုင်းပင်းမှု မလုပ်ပဲ ထားနိုင်သည့်နည်းများ

## (က) လူမှုရေးအရ

### မလိုလားမနှစ်သက်သူများကို ဝိုင်းပယ်ခြင်း

(၅၅) သာရေးနာရေးသပိတ်
(၅၆) ကွက်ကျား လူမှုရေးသပိတ်
(၅၇) အဖျက်သမားများကို လက်ပိုက်ကြည့်နေခြင်း
(၅၈) အဆက်အသွယ်ဖြတ်တောက်ခြင်း
(၅၉) ဘာသာရေးကိစ္စများကို ကျောခိုင်းခြင်း

### ရပ်ရွာကိစ္စ၊ လူမှုရေးကိစ္စ၊ ဘုရားပွဲ၊ တရားပွဲ၊ ဓလေ့ထုံးစံနှင့် အဖွဲ့အစည်း စသည်တို့ကို အကူအညီ မပေးဘဲ ထားလိုက်ခြင်းနည်းများ

(၆၀) ရပ်ရွာတွင်း ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပွဲများကို ရပ်ဆိုင်းထားလိုက်ခြင်း
(၆၁) ရပ်ရွာကိစ္စများကို သပိတ်မှောက်ထားလိုက်ခြင်း
(၆၂) ကျောင်းသားသပိတ်
(၆၃) လူမှုရေးနှင့် ပတ်သက်သည့် စည်းကမ်းများကို ချိုးဖောက်ခြင်း
(၆၄) အပျော်ထမ်းအဖွဲ့အစည်းများမှ နုတ်ထွက်ခြင်း

### လူမှုရေးပုံစံမှ ထွက်ခြင်း

(၆၅) ကိုယ့်အိမ်ထဲမှာနေခြင်း
(၆၆) ကိုယ်ထိလက်ရောက် ဘာမျှအကူအညီပေးမှု မပြုခြင်း
(၆၇) အလုပ်သမားများ အုပ်စုလိုက် အလုပ်မှ ထွက်ခွာခြင်း
(၆၈) ဘေးမဲ့ခိုလှုံခြင်း
(၆၉) အစုလိုက်အပြုံလိုက် ကိုယ်ယောင်ဖျောက်ခြင်း
(၇၀) ဆန္ဒပြ၍ ပြည်ပြေးလုပ်လိုက်ခြင်း (ငြမြအေ)

## (ခ) စီးပွားရေးအရ

### စီးပွားရေးသပိတ် (Economic boycott)

### စားသုံးသူများ၏လှုပ်ရှားမှု

(၇၁) စားသုံးသူသပိတ်
(၇၂) သပိတ်မှောက်ထားသည့်ပစ္စည်းများကို မသုံးပဲနေခြင်း
(၇၃) ခြိုးခြံချွေတာခြင်း
(၇၄) အိမ်လခမပေးပဲထားခြင်း
(၇၅) အိမ်မငှားပဲနေခြင်း
(၇၆) တိုင်းပြည်တဝှမ်းလုံး စားသုံးသူသပိတ်
(၇၇) နိုင်ငံတကာ စားသုံးသူများသပိတ်

### အလုပ်သမားနှင့် ကုန်ထုတ်လုပ်သူများ၏ လှုပ်ရှားမှု

(၇၈) အလုပ်သမားသပိတ်
(၇၉) ကုန်ထုတ်လုပ်သူများသပိတ်

### ပွဲစားများ၏လှုပ်ရှားမှု

(၈၀) ကုန်ပေးသွင်းသူများနှင့် ကုန်တင်ကုန်ချလုပ်သူများ၏ သပိတ်

### ပိုင်ရှင်များနှင့် အုပ်ချုပ်မှုတို့၏လှုပ်ရှားမှု

(၈၁) ကုန်သည်သပိတ်
(၈၂) ဈေးမရောင်းပဲထားခြင်း၊ ပစ္စည်းများ အိမ်များမရောင်းခြင်း
(၈၃) ဆိုင်သော့ပိတ်ထားခြင်း
(၈၄) စက်မှုလက်မှု အကူအညီများမပေးခြင်း
(၈၅) ဈေးသည်များ၏ အထွေထွေသပိတ်

### ဘဏ္ဍာငွေ အရင်းအနှီးထောက်ပံ့သူများ၏လှုပ်ရှားမှု

(၈၆) ဘဏ်၌သွင်းထားသောငွေများကို ထုတ်ယူခြင်း
(၈၇) အဖိုးအခများ၊ အကြွေးများ၊ တန်ရာတန်ဖိုးများမပေးပဲထားခြင်း
(၈၈) အကြွေးမဆပ်ပဲနေ၊ အတိုးမပေးပဲနေခြင်း
(၈၉) ထောက်ပံ့ကြေးများရပ်စဲ၊ အကြွေးမပေးပဲနေခြင်း
(၉၀) အခွန်အကောက်ပေးရန် ငြင်းဆန်ခြင်း
(၉၁) အစိုးရငွေများကို လက်မခံခြင်း

### အစိုးရများ၏ လှုပ်ရှားမှု

(၉၂) ပြည်တွင်းကုန်သွယ်ရေး ရပ်စဲခြင်း
(၉၃) ကုန်သည်များအား နာမည်ပျက်စာရင်းသွင်းခြင်း
(၉၄) နိုင်ငံတကာမှ ရောင်းချသူများက အရောင်းအဝယ်ရပ်ဆိုင်းခြင်း
(၉၅) နိုင်ငံတကာမှ ဝယ်ယူသူများက အရောင်းအဝယ်ရပ်ဆိုင်းခြင်း
(၉၆) နိုင်ငံတကာမှ ကုန်သွယ်မှု ရပ်ဆိုင်းခြင်း

## စီးပွားရေးအရ ကူညီယိုင်းပင်းမှု မပြုသည့် နည်းလမ်းများ – သပိတ် (Strike)

### အထိမ်းအမှတ် သပိတ်များ

(၉၇) ကန့်ကွက်ဆန္ဒပြပွဲများ
(၉၈) တမဟုတ်ချင်း ဆန္ဒပြ အလုပ်ခွင်မှထွက်သွားခြင်း

### လယ်ယာစိုက်ပျိုးရေးသပိတ်များ

(၉၉) လယ်သမားသပိတ်၊ ရွာသူရွာသားများသပိတ်
(၁၀၀) လယ်ယာစိုက်ပျိုးသူများသပိတ်

### သီးသန့်အုပ်စုများ၏သပိတ်

(၁၀၁) အလုပ်ကျွမ်းကျင်သူများ၏သပိတ်
(၁၀၂) အကျဉ်းသားသပိတ်
(၁၀၃) လက်မှုပညာရှင်များသပိတ်
(၁၀၄) ပညာရှိလုပ်သားများသပိတ်

### သာမန်စက်မှုလက်မှုလုပ်ငန်းများသပိတ်

(၁၀၅)	အလုပ်ရှင်သပိတ်
(၁၀၆)	စက်မှုလက်မှုသပိတ်
(၁၀၇)	ဆန္ဒပြမှုအား စာနာထောက်ခံအားပေးသည့်အနေဖြင့် သပိတ်မှောက်ခြင်း

### အကန့်အသတ်ထားပြီး မှောက်သည့်သပိတ်များ

(၁၀၈)	တိတိကျကျ မှောက်သောသပိတ်၊ အသေးစိတ်စဉ်းစားပြီး မှောက်သောသပိတ်
(၁၀၉)	အနှောင့်အယှက်ဖြစ်ရုံ မှောက်သောသပိတ်
(၁၁၀)	အလုပ်နှောင့်နှေးအောင် မှောက်သောသပိတ်
(၁၁၁)	ပြောရေးဆိုခွင့်ရအောင်သာ အလုပ်ဝင်နေကြောင်းပြသခြင်း
(၁၁၂)	နေမကောင်း၍ အလုပ်မလာဟု ပြောဆိုခြင်း
(၁၁၃)	အလုပ်ထွက်စာတင်ခြင်း
(၁၁၄)	အကန့်အသတ်ထားပြီး သပိတ်မှောက်ခြင်း
(၁၁၅)	ကိုယ့်စိတ်ကြိုက်အလိုက် ကြည့်ပြီး မှောက်သည့်သပိတ်

### အထွေထွေစက်မှုလက်မှုလုပ်ငန်းများသပိတ်

(၁၁၆)	ချွင်းချက်ထားပြီး သပိတ်မှောက်ခြင်း
(၁၁၇)	ပြည်လုံးကျွတ် အထွေထွေသပိတ်

### သပိတ်မှောက်ခြင်းနှင့် စီးပွားရေးတံခါးပိတ် နှစ်ခုပေါင်းလုပ်ရှားခြင်း

(၁၁၈)	အလုပ်ရပ်စဲခြင်း
(၁၁၉)	စီးပွားရေး ကားလိပ်ချခြင်း

## (၈) နိုင်ငံရေးအရ

### သြဇာအာဏာကို ငြင်းပယ်လိုက်ခြင်း

(၁၂၀)	သစ္စာခံမလုပ်ဘဲနေခြင်း
(၁၂၁)	လူထုထောက်ခံမှုကို ငြင်းပယ်ထားခြင်း
(၁၂၂)	အတိုက်အခံဘက်ကို ရှေ့နေလိုက်သည့် စာရွက်စာတမ်းများ၊ ဟောပြောပွဲများ

### ပြည်သူတို့က အစိုးရကို အကူအညီမပေးပဲနေခြင်း

(၁၂၃)	ဥပဒေပြုအဖွဲ့ကို သပိတ်မှောက်ခြင်း
(၁၂၄)	ရွေးကောက်ပွဲများကို သပိတ်မှောက်ခြင်း
(၁၂၅)	အစိုးရအလုပ်၊ အစိုးရရာထူးများကို သပိတ်မှောက်ခြင်း
(၁၂၆)	အစိုးရဌာနများ၊ ဌာနခွဲများ၊ အဖွဲ့အစည်းများကို သပိတ်မှောက်ခြင်း
(၁၂၇)	အစိုးရပညာရေး၊ ကျောင်းများ၊ အဖွဲ့အစည်းများမှ နုတ်ထွက်ခြင်း
(၁၂၈)	အစိုးရအထောက်အပံ့ခံ အသင်းအဖွဲ့များမှ နုတ်ထွက်ခြင်း
(၁၂၉)	ဥပဒေကို ခိုင်လုံတင်းကြပ်အောင် လုပ်နေသည့်ရုံးများကို အကူအညီမပေးပဲထားခြင်း
(၁၃၀)	ကိုယ့်ရာထူးအမှတ်အသား၊ နေရာအမှတ်အသားများကို ပယ်ဖျက်ပစ်ခြင်း
(၁၃၁)	ခန့်ထားလိုက်သည့် အရာရှိများကို လက်မခံဟုငြင်းဆန်ခြင်း
(၁၃၂)	လက်ရှိဌာန အသင်းအဖွဲ့စသည်တို့ကို ရုပ်သိမ်းခိုင်းလျှင် ငြင်းဆန်ခြင်း

### ပြည်သူတို့က တမျိုးတမည် အမိန့်ကို ဖီဆန်ခြင်း

(၁၃၃)	အလုပ်ကို မလုပ်ချင်လုပ်ချင် လုပ်ခြင်း၊ ဖြေးဖြေးလုပ်ခြင်း
(၁၃၄)	တိုက်ရိုက်ကြီးကြပ်မည့်သူမရှိသောအခါ အမိန့်ကို မနာခံပဲနေခြင်း
(၁၃၅)	အများနှင့်ရောပြီး အမိန့်ကို ဆန့်ကျင်ခြင်း

(၁၃၆)	စကားနားမထောင်ချင်ဟန်ဆောင်ခြင်း
(၁၃၇)	စုရုံးစည်းဝေးပွဲများကို လူစုခွဲခိုင်းလျှင် နားမထောင်ပဲနေခြင်း
(၁၃၈)	ထိုင်သပိတ်မှောက်ခြင်း
(၁၃၉)	ချွေးတပ်ဆွဲလျှင် မလိုက်ခြင်း၊ ပြည်နှင်ဒဏ်ပေးလျှင် အရေးမစိုက်ခြင်း
(၁၄၀)	ပုန်းအောင်းနေခြင်း၊ ထွက်ပြေးခြင်း၊ နာမည်ပြောင်း၊ လိပ်စာပြောင်း၊ အမှန်များမပေးပဲနေခြင်း
(၁၄၁)	တရားမဝင်သည့် ဥပဒေများကို ဖီဆန်ခြင်း

## အစိုးရအလုပ်သမားများ၊လုပ်ရှားမှုများ

(၁၄၂)	အစိုးရကပေးသည့် ထောက်ပံ့ချက်အချို့ကို ငြင်းပယ်ခြင်း
(၁၄၃)	အထက်ကချမှတ်သည့်အမိန့်၊ သတင်းစသည်တို့ကို ပိတ်ဆို့ထားခြင်း
(၁၄၄)	အလုပ်များတန့်ထားခြင်း၊ နှောင့်နှေးအောင်လုပ်ထားခြင်း
(၁၄၅)	အထွေထွေအုပ်ချုပ်ရေးကိုလည်း မကူညီခြင်း
(၁၄၆)	တရားစီရင်ရေးတွင် ပူးပေါင်းပါဝင်မှုမပြုခြင်း
(၁၄၇)	အလုပ်ကြီးကြပ်သူများက တမင်သက်သက် အလုပ်မလုပ်တတ်သည့်ဟန်ဆောင်နေခြင်း၊ အကူအညီ မပေးပဲ နေသင့်သည့် ကိစ္စများကို မျက်နှာလွှဲနေခြင်း
(၁၄၈)	ပုန်ကန်ခြင်း

## ပြည်တွင်းအစိုးရလှုပ်ရှားမှု

(၁၄၉)	အာပတ်လွတ်သည့်နည်းဖြင့် အလုပ်ကိုရှောင်ခြင်း၊ အလုပ်အချိန်ဆွဲထားခြင်း
(၁၅၀)	အစိုးရဌာနခွဲများက အကူအညီရပ်စဲခြင်း

## နိုင်ငံတကာအစိုးရ၏လှုပ်ရှားမှုများ

(၁၅၁)	သံတမန်၊ ကိုယ်စားလှယ်စသည်တို့ကို ပြောင်းလဲခြင်း
(၁၅၂)	သံတမန်အခမ်းအနားများကို ဆိုင်းငံ့ထားခြင်း၊ ဖျက်ပစ်လိုက်ခြင်း
(၁၅၃)	သံတမန်အသိအမှတ် မပြုခြင်း
(၁၅၄)	သံတမန်ဆက်သွယ်ရေးဖြတ်ခြင်း
(၁၅၅)	နိုင်ငံတကာအဖွဲ့အစည်းများမှ ထွက်ခြင်း
(၁၅၆)	နိုင်ငံတကာအဖွဲ့အစည်းများသို့ ဝင်ရောက်ခွင့်ကို ငြင်းပယ်ခြင်း
(၁၅၇)	နိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ပယ်ပစ်ခြင်း

# အကြမ်းမဲ့ ဝင်ရောက်စွက်ဖက်နိုင်သည့်နည်းများ

## စိတ်ဓါတ်အားဖြင့် အနှောင့်အယှက်ပေးပြီး စွက်ဖက်ခြင်း

(၁၅၈)	နေပူထဲရပ်၊ မိုးရွာထဲနေ။ အအေးခံဆန္ဒပြခြင်း
(၁၅၉)	သီလဆောက်တည်ခြင်း
	(က) စိတ်အလိုကို မလိုက်ပဲနေခြင်း
	(ခ) အစာငတ်ခံဆန္ဒပြခြင်း
	(ဂ) အမှန်တရားကို လက်ကိုင်ထားပြီး သီလဆောက်တည်ခြင်း
(၁၆၀)	ပြောင်းပြန် စစ်ဆေးစမ်းသပ်ခြင်း
(၁၆၁)	အကြမ်းမဲ့ အနှောင့်အယှက်ပေးခြင်း

## ကိုယ်ထိလက်ရောက် ဝင်ရောက်စွက်ဖက်ခြင်း

(၁၆၂)	ထိုင်သပိတ်
(၁၆၃)	ရပ်သပိတ်
(၁၆၄)	အတင်းကားဝင်စီးခြင်း

(၁၆၅) တိုးပြီးဝင်ရောက်ခြင်း
(၁၆၆) အပေါင်းအဖော်တစုနှင့် အတင်းဝင်ရောက်ခြင်း
(၁၆၇) ဝင်ရောက်ဆုတောင်းခြင်း
(၁၆၈) အကြမ်းမဖက်ပဲ ဝင်ရောက်စီးနင်းခြင်း
(၁၆၉) အကြမ်းမဖက်ပဲ လေယာဉ်ပျံနှင့် ဝင်ရောက်ခြိမ်းခြောက်ခြင်း
(၁၇၀) အကြမ်းမဖက်ပဲ ကျူးကျော်ဝင်ရောက်ခြင်း
(၁၇၁) အကြမ်းမဖက်ပဲ အော်ဟစ်ခြင်း
(၁၇၂) အကြမ်းမဖက်ပဲ ပိတ်ပင်တားမြစ်ခြင်း
(၁၇၃) အကြမ်းမဖက်ပဲ သိမ်းပိုက် အပိုင်စီးထားခြင်း

## လူမှုရေးရာ ဝင်ရောက်စွက်ဖက်မှုများ

(၁၇၄) ပေါင်းသင်းဆက်ဆံရေးပုံစံသစ်ကို တည်ဆောက်ခြင်း
(၁၇၅) ရေမီးစသည့် အများသုံးပစ္စည်းများကို အဆမတန်သုံးခြင်း
(၁၇၆) အတင်းဝင်ရောက်ပိတ်ဆို့ခြင်း
(၁၇၇) အတင်းစကားဝင်ပြောခြင်း
(၁၇၈) ပြောက်ကျားဇာတ်ပွဲ ကျင်းပခြင်း
(၁၇၉) အဖွဲ့အစည်းသစ်တမျိုးထူထောင်ခြင်း
(၁၈၀) ဆက်သွယ်ရေးစနစ်တမျိုးထွင်ခြင်း

## စီးပွားရေးအရ ဝင်ရောက်စွက်ဖက်ခြင်း

(၁၈၁) တန်ပြန်သပိတ်
(၁၈၂) အလုပ်ခွင်တွင်း ထိုင်သပိတ်
(၁၈၃) အကြမ်းမဖက်သည့် မြေယာသိမ်းယူခြင်း
(၁၈၄) ပိတ်ဆို့ထားသည်တို့ကို ဖယ်ပစ်ခြင်း
(၁၈၅) နိုင်ငံရေးအရ လုပ်ဆောင်ရသည်များကို အတုအယောင်ပြုလုပ်ခြင်း
(၁၈၆) ပစ္စည်းများကို ကြိုတင်ဝယ်ယူသိုလှောင်ထားခြင်း
(၁၈၇) ရပိုင်ခွင့်ပစ္စည်းများကို သိမ်းဆည်းခြင်း
(၁၈၈) လွှင့်ပစ်ခြင်း
(၁၈၉) အပိုင်စီးသင့်သည်တို့ကို အပိုင်စီးခြင်း
(၁၉၀) ဈေးကွက်တမျိုးထွင်ခြင်း
(၁၉၁) သယ်ယူပို့ဆောင်ရေးစနစ်တမျိုး တည်ထောင်ခြင်း
(၁၉၂) စီးပွားရေးအဖွဲ့အစည်းတမျိုး ပြောင်းပြီးထားခြင်း

## နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှု

(၁၉၃) အုပ်ချုပ်ရေး စီမံခန့်ခွဲမှုစနစ်ကို မနိုင်မနင်းဖြစ်လာအောင် လုပ်ပေးခြင်း
(၁၉၄) လျှို့ဝှက်ထောက်လှမ်းရေး အေးဂျင့်များ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ပြသခြင်း
(၁၉၅) ထောင်ကျခံခြင်း
(၁၉၆) ဘက်မလိုက်သည့် ဥပဒေများကို ဖီဆန်ခြင်း
(၁၉၇) လုပ်ခိုင်းသည်များကို မလုပ်ပဲ ကိုယ်လုပ်ချင်ရာများကိုသာ ဆက်လုပ်ခြင်း
(၁၉၈) စင်ပြိုင်အစိုးရထောင်ခြင်း၊ စင်ပြိုင်ဘုရင်အား နန်းထိုင်စေခြင်း

--------- ooo---------

# နောက်ဆက်တွဲ (၃)

# အကြံပေးအဖွဲ့၏ လေ့လာသုံးသပ်တင်ပြပုံကို အသုံးပြု၍ ပြဿနာဖြေရှင်းပုံ (နမူနာ)

၁၉၉၂ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် မြန်မာအတိုက်အခံများစုစည်း၍ ဖွဲ့စည်းခဲ့သော နိုင်ငံရေး အံတုလှုပ်ရှားမှု ကော်မတီမှ တင်သွင်းခဲ့သည့် အကြံပြုစာတမ်းဖြစ်သည်။ မဟာဗျူဟာရေးဆွဲရာတွင် ကြုံတွေ့ရသော မူဝါဒဆိုင်ရာမေးခွန်းများကို ဖြေရှင်းရာ၌ နမူနာကောင်း တခုအဖြစ် ဖော်ပြလိုက်ပါသည်။
(ဘာသာပြန်သူ၏မှတ်ချက်။ ဆီလျော်စွာ ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ မူရင်းနှင့် ကွဲလွဲမှုရှိနိုင်ပါသည်။)

## မြန်မာ့နိုင်ငံရေး အံတုလှုပ်ရှားမှု ကော်မတီ
## အကြံပြုစာတမ်း

### (၁) ပြဿနာရပ်

မြန်မာ့ဒီမိုကရေစီ လှုပ်ရှားမှု အောင်မြင်ရေးအတွက် လူထုစွမ်းအားဖြင့် လှုပ်ရှားနိုင်မည့် အထိရောက်ဆုံး နည်းလမ်းကို ဖော်ပြရန် ဖြစ်သည်။

### (၂) ထင်မြင်ယူဆချက်

မြန်မာနိုင်ငံသားအများစုက နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကောင်စီ (နဝတ)၏ အုပ်ချုပ်ရေးကို ဆန့်ကျင်ကြသည်။

### (၃) အချက်အလက်များ

(က) မြန်မာနိုင်ငံတွင် နေထိုင်ကြသူ ခန့်မှန်းခြေအားဖြင့် (၄၄)သန်းရှိသည်။

(ခ) မြန်မာ့တပ်မတော်တွင် စစ်သည်အင်အား(၄)သိန်းခန့်ရှိပြီး၊ ဒီမိုကရေစီထောက်ခံသော လက်နက်ကိုင်များ၏ အင်အားမှာ (၁) သောင်း ခန့်ရှိသည်။ (ယခု လေးထောင် အောက်တွင်သာ ရှိသည်။)

(ဂ) နဝတမှ ဒီမိုကရေစီ ထောက်ခံသော လူထုခေါင်းဆောင်များအား ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ခြိမ်းခြောက် အကြပ်ကိုင်ခြင်း၊ သတ်ဖြတ်ခြင်း (သို့) ပြည်ပသို့ထွက်ခွာအောင် ဖိအားပေးခြင်း စသည်တို့ကို ပြုလုပ်၍ ဖယ်ရှားနေသည်။

(ဃ) လက်နက်ကိုင်တော်လှန်ရေးအတွက် ပြည်သူလူထုကို လက်နက်တပ်ဆင်၊ လေ့ကျင့်ပေးရန် (ငွေကြေး အစရှိသော) အရင်းအမြစ်များမရရှိနိုင်။

(င) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)သည် မြန်မာနိုင်ငံတွင်း၌ ဒီမိုကရေစီ လှုပ်ရှားမှုကို မြှင့်တင်ပေးရန် တဦးတည်း မလုပ်ဆောင်နိုင်။ NCGUB တွင် (နိုင်ငံရေး) အခြေခံ တည်ဆောက်မ များမရှိ (သို့) မဟာဗျူဟာအရ လှုပ်ရှားမှုကို စီစဉ်ရန်၊ ဖွဲ့စည်းရန်နှင့် စီမံရန် လေ့ကျင့်ထားသူများမရှိ။

(စ) နဝတသည် ဆန့်ကျင်လှုပ်ရှားလာမည့် မြန်မာလူထုအပေါ် စစ်ရေးနှင့် နိုင်ငံရေးအရ အင်အား အသာစီး ရနေခြင်းကို ထိန်းသိမ်းထားလျက်ရှိသည်။

(ဆ) လွန်ခဲ့သော ဆယ်နှစ်အတွင်း နိုင်ငံရေး အံတုဆန့်ကျင်မှုများသည် နိုင်ငံများစွာ၌ ဆင်နွှဲအောင်မြင်ခဲ့ကြသည်။ ထိုနိုင်ငံများမှာ အဇာဘိုင်ဂျန်၊ ဘင်္ဂလာဒက်ရှ်၊ ဖိလစ်ပိုင်၊ ရုရှား၊ ပိုလန်၊ အရှေ့ဂျာမနီ၊ ဂျော်ဂျီယာ၊ လစ်သူအေးနီးယား၊ အက်စ်တိုးနီးယား၊ လတ်ဗီးယား ၊ ဟေတီ နှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။

(ဇ) လူထုလှုပ်ရှားမှု အရှိန်အဟုန်ကောင်းလာလျှင် နိုင်ငံတကာအသိုင်းအဝိုင်းမှ စိတ်ဝင်စားပြီး ထိရောက်အောင် လုပ်ပေးလာနိုင်ဖွယ် ရှိသည်။

## (၄) အချက်အလက်များကို ဆွေးနွေးခြင်း

(က) မြန်မာတနိုင်ငံလုံးလူဦးရေ၏ သုံးပုံတပုံရှိသော တိုင်းရင်းသား လူနည်းစုများသည် ရာစုနှစ် တဝက်နီးပါးမျှ အစိုးရ၏ စစ်ရေးနှင့် နိုင်ငံရေး ထိုးစစ်အမျိုးမျိုးကို ခံနေကြရသည်။ အစိုးရ၏ရည်ရွယ်ချက်မှာ ထင်ရှားသော လူနည်းစုတိုင်းရင်းသားတို့၏ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့ကို ဖျက်ဆီးရန်ဖြစ်သည်။ စစ်တပ်မှ ထိုသို့ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ရက်စက်စွာ တိုက်ခိုက် ဖျက်ဆီးနေမှုများကို ကျန်ရှိသော ပြည်သူလူထုက ၁၉၈၈ခုနှစ်ရောက်မှ စတင်သိရှိလာကြသည်။ ထို့နောက်တွင် စစ်အာဏာရှင် အစိုးရသည် မြန်မာနှင့် တိုင်းရင်းသားလူမျိုးများ၏ ဘုံရန်သူဖြစ်လာသည်။

(ခ) အင်အား(၄)သိန်းကျော်ရှိသော စစ်တပ်နှင့် ရဲတို့က မြန်မာပြည်သူ (၄၄)သန်း (၂၀၀၃ခုနှစ်တွင် သန်း ငါးဆယ်) ကို အကြမ်းဖက် ဖိနှိပ်ချုပ်ချယ်လျက်ရှိသည်။ နောက်တခုဖော်ပြရန်မှာ မြန်မာနိုင်ငံတွင် အကျဉ်းသား(၁၀၀) ရှိတိုင်း ထောင်အမှုထမ်း တယောက်နှုန်း ရှိနေရာမှ ၂၀၀၃ခုနှစ်တွင် (၁၂၅) အချိုး (၁) ဖြစ်လာသည်။ အဆိုပါ အချက်က အစိုးရသည် အကြမ်းဖက်နှိပ်ကွပ်မှုနှင့် ခြိမ်းခြောက်အကြပ်ကိုင်မှုများကို စနစ်တကျ ကျူးလွန်လျက် ရှိနေကြောင်း၊ ဒီမိုကရေစီထောက်ခံမှုများကို ဖြိုခွဲနေကြောင်းဖော်ပြသည်။ ထို့ပြင် ပြည်သူလူထု၌ ခေါင်းဆောင် နှင့် မဟာဗျူဟာအစီအစဉ် ရှိမနေကြောင်းလည်း ဖော်ပြသည်။

(ဂ) အာဏာရှင်အစိုးရက အကြမ်းဖက်ခြင်း၊ အခြားနည်းများဖြင့် နှိပ်ကွပ်နေခြင်းကြောင့် မြန်မာ့လူနေမှု အသိုင်းအဝိုင်းတွင် ဒီမိုကရေစီထောက်ခံသူ ခေါင်းဆောင်များ၊ ဒုတိယနှင့် တတိယအဆင့် ခေါင်းဆောင်များ ဖယ်ရှားခံနေရသည်။ ဒီမိုကရေစီထောက်ခံသူ အင်အားစုများက ခေါင်းဆောင်ထပ်ဖြည့်ရန်နှင့် လှုပ်ရှားမှု အတွက် ခေါင်းဆောင်လောင်းများကို လေ့ကျင့်မွေးထုတ်ပေးရန် လိုအပ်နေသည်။

(ဃ) အဓိကနယ်စပ်ကုန်သွယ်ရေးဂိတ်များကို စစ်တပ်က သိမ်းပိုက်ထားသည်။ ဤအချက်က ဒီမိုကရေစီ ထောက်ခံသူများအတွက် လက်နက်နှင့် အခြားထောက်ပံ့ရေးပစ္စည်းများ ဝယ်ယူရန် အကြီးအကျယ် ဘဏ္ဍာရေး ကျဆင်းလျက်ရှိကြောင်းကို ဖော်ပြသည်။ ထို့ပြင် နိုင်ငံခြား စစ်ရေး အထောက်အပံ့များလည်း မရရှိပေ။ ထို့ကြောင့် ဒီမိုကရေစီလှုပ်ရှားမှုအတွက် စစ်အင်အားတိုးချဲ့ရန် အရင်းအမြစ်များ မရနိုင်ပဲ ဖြစ်နေသည်။ ပို၍အရေးကြီးသော နောက်တချက်မှာ ရံပုံငွေရရှိ၍ ဒီမိုကရေစီဖက်မှ စစ်အင်အားကို တိုးချဲ့ တည်ဆောက်သည့်တိုင် ကြီးမား၍ လက်နက်ပြည့်စုံစွာ တပ်ဆင်ထားသော နဝတ၏ စစ်တပ်ကို အနိုင်ယူ နိုင်ရန်မှာ လုံးဝ မဖြစ်နိုင်သလောက်ပင်။

(င) ၁၉၉၀ မေလ ရွေးကောက်ပွဲတွင် အစိုးရဖွဲ့ရန် အာဏာရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကိုယ်စား NCGUB က (အဝေးရောက်)အစိုးရဖွဲ့သည်။ မဲပေးခွင့်မရှိသောနေရာများ(လွတ်မြောက်နယ်မြေများ)တွင်ပင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုကို လက်ခံနေကြသည်။ သို့ဖြစ်၍ NCGUB သည် မြန်မာပြည်သူ များက အသိအမှတ်ပြုထားသော ဦးဆောင်မှုကို ကိုယ်စားပြုသည်။ NCUB ၏ ကူညီပံ့ပိုးမှုသာမရှိလျှင် NCGUB အား စစ်မှန်သော စင်ပြိုင်အစိုးရ အမှန်တကယ်ဖြစ်ကြောင်း ကမ္ဘာက ယုံကြည်လက်ခံနိုင်မည် မဟုတ်ပေ။

(စ) နဝတသည် စစ်အင်အားသာလွန်ခြင်း၊ ပြိုင်ဖက် ဒီမိုကရေစီအင်အားစုတွင် ညီညွတ်မှုမရှိခြင်းတို့ကြောင့် ၎င်းတို့ လိုအပ်သည့်အခါတိုင်း စစ်ရေးနှင့် နိုင်ငံရေး ထိုးစစ်ဆင်နိုင်လျက်ရှိသည်။ ယခုအခါ အတိုက်အခံ အုပ်စု အချင်းချင်းနှင့် အုပ်စုများအတွင်း ညီညွတ်မှုများ ထွက်ပေါ်လာပြီး ယင်းကို ဆက်လက်ထိန်းသိမ်းနိုင်လျှင် ဒီမိုကရေစီ ထောက်ခံသူများအနေဖြင့် နိုင်ငံရေး စတင်လှုပ်ရှားနိုင်သည်။

(ဆ) စစ်တပ်က အင်အားကောင်းကောင်းဖြင့် ပြည်သူလူထုကို ရက်စက်စွာ နှိပ်ကွပ်နေခြင်းကို တုန့်ပြန်ရန် အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှုကို လက်တွေ့အသုံးချနိုင်ကြောင်း ကမ္ဘာ့သမိုင်းမှ အထူးသဖြင့် လွန်ခဲ့သော ဆယ်စုနှစ်တွင် ပေါ်ပေါက်ခဲ့သော အကြမ်းမဖက် လှုပ်ရှားမှုများစွာတို့က မှတ်ကျောက်တင်လျက် ရှိနေပေပြီ။ စစ်ရေးစွမ်းရည်များကဲ့သို့အလားတူ အစွမ်းအစကောင်းသော “နိုင်ငံရေးအံတုမှု” (Political Defiance)ကို မည်သည့်လူမျိုးမဆို၊ ယဉ်ကျေးမှုထိန်းသိမ်းလိုသူ မည်သူမဆို (သို့) ရက်စက်စွာ နှိပ်ကွပ်ခံရသူ မည်သူမဆို လွတ်လပ်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။

(ဇ) မြန်မာနိုင်ငံတွင် ၁၉၈၈ လူထုအုံကြွမှု နောက်ဆုံးအဆင့်များနှင့် စစ်တပ်မှ အကြမ်းဖက်ဖြိုခွဲမှုများကို ကမ္ဘာ့သတင်းများက ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံအတွင်း ကြီးမားသော လူထုလှုပ်ရှားမှုကြောင့်သာ အခြားနိုင်ငံအစိုးရများက စစ်အာဏာရှင်တို့အပေါ် ပြစ်ဒဏ်ခတ် ပိတ်ဆို့အရေးယူခဲ့ခြင်းဖြစ်သည်။ ပြည်သူလူထုသာ မပါဝင်ခဲ့လျှင် နိုင်ငံတကာ ဖိအားများလည်း ရှိမည်မဟုတ်ပေ။

## (၅) အဆုံးသတ်ကောက်ချက်ချခြင်း

(က) စစ်အစိုးရကို အနိုင်ရရှိရန်မှာ မြန်မာပြည်သူလူထုသည် ၁၉၈၈ လူထုအုံကြွမှုတွင် ကြိုးပမ်းခဲ့ကြသည့်အတိုင်း နဝတကို ဆန့်ကျင်နိုင်စွမ်း ရှိရပါမည်။ ထို့အတွက် ဒီမိုကရေစီထောက်ခံသော စစ်တပ်နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့နှင့် ပူးပေါင်းရပါမည်။ ရနိုင်သမျှသော စွမ်းအားအရင်းအမြစ်များကို စုစည်းဖော်ထုတ်၍ မဟာဗျူဟာကို ရေးဆွဲတည်ဆောက်ရပါမည်။

(ခ) အကယ်၍ နဝတအား ဆန့်ကျင်သော လှုပ်ရှားမှုတွင် လူထုစွမ်းအားကို ထိရောက်စွာ အသုံးချနိုင်လျှင် အင်အား ချိန်ခွင်လျှာသည် ပြည်သူဖက်သို့ အလေးသာလာမည်ဖြစ်သည်။

(ဂ) နိုင်ငံရေး ညီညွတ်မှုကို ထိန်းသိမ်းနိုင်ရန် NCUB နှင့် NCGUB တို့ အပြန်အလှန် ထောက်ခံအားပေးမှု ရှိနေရပါမည်။

(ဃ) နိုင်ငံရေးအံတုမှုသည် စစ်အာဏာရှင်စနစ်ကို နိုင်ငံရေး လှုပ်ရှားမှုဖြင့် မဟာဗျူဟာမြောက် တိုက်ဖျက်နိုင်စွမ်း ရှိနေပြီ ဖြစ်သည်။

## (၆) ထောက်ခံချက်ကို တင်ပြခြင်း

(က) NCGUB ၏ သဘာပတိအဖွဲ့သို့ တိုက်ရိုက် အစီရင်ခံရန် နိုင်ငံရေးအံတုမှု ရုံးခန်းဖွင့်လှစ်ရန်။

အဆိုပါရုံးမှနေ၍ တာဝန်ယူရမည်မှာ မဟာဗျူဟာ အစီအစဉ်ကို ရေးဆွဲရန်၊ စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို စဉ်းစားသုံးသပ်ရန်၊ နိုင်ငံရေးအံတုမှု ပညာပေးနှင့် သင်တန်းများကို ကြီးကြပ်ရန်နှင့် မဟာဗျူဟာမြောက် လုပ်ဆောင်နိုင်သော အစီအစဉ်များတွင် ပါဝင်ပူးပေါင်းရန်တို့ဖြစ်သည်။

(ခ) နိုင်ငံတွင်းသို့ ပြန်လည်စေလွှတ်မည့် ရွေးချယ်ထားသူများအား နိုင်ငံရေးအံတုမှု သင်ခန်းစာများကို အမြန်ဆုံး စီစဉ်ပေးရန်။

သို့မှသာ ပြည်တွင်း၌ နိုင်ငံရေးအံတုမှုကို အကောင်အထည်ဖော်ပေးနိုင်မည့် လူသူစုဆောင်းခြင်း၊ လေ့ကျင့်ခြင်းနှင့် စည်းရုံး ဖွဲ့စည်းခြင်းများကို လုပ်ဆောင်နိုင်မည်။

(ဂ) နိုင်ငံရေးအံတုမှု ဖော်ဆောင်သည့် လှုပ်ရှားမှုများတွင် ထောက်ခံအားပေးရေးကို တည်ရှိဆဲ မြေအောက် လှုပ်ရှားနေသူများအား တာဝန်ပေးရန်ဖြစ်သည်။

--------- 000---------

## နောက်ဆက်တွဲ (၄)

# မဟာဗျူဟာအတွက်အချက်ကို ပြင်ဆင်ရေးအတွက် အကြံပြုပုံစံ

## အခြေအနေကို ခန့်မှန်းတွက်ချက်ခြင်း

၁။ ရှေ့လုပ်ငန်းစဉ်

၂။ လှုပ်ရှားမှုလမ်းကြောင်းများ

(က) လှုပ်ရှားမှုလမ်းကြောင်းများ ဖြစ်လာနိုင်အောင် စဉ်းစားသုံးသပ်ခြင်း

(၁) လှုပ်ရှားမည့်ဒေသ၏ ဝိသေသလက္ခဏာများ

(၁) စစ်ရေးဆိုင်ရာ ပထဝီအနေအထား

(၁) လက်ရှိမြေပြင်အနေအထား

(၂) မြစ်ချောင်းအင်းအိုင် အနေအထား

(၃) မိုးလေဝသ

(၂) သယ်ယူပို့ဆောင်ရေး

(၃) ဆက်သွယ်ရေး

(၄) နိုင်ငံရေး

(၂) တိုက်ပွဲဝင် စွမ်းအားကို နှိုင်းယှဉ်ခြင်း

(၁) ပြိုင်ဖက်စစ်တပ်

(၁) အင်အား

(၂) တိုက်ပွဲအစီအစဉ်

(၃) တည်နေရာနှင့် တပ်စွဲခြင်း

(၄) တပ်ကူဖြည့်ခြင်း

(၅) ပို့ဆောင်ထောက်ပံ့ရေး

(၆) တိုက်ခိုက်ရေးစွမ်းရည်

(၇) စစ်တပ်၏ ရာဇဝင်အကျဉ်းချုပ်

(၂) မိမိဖက်မှရပ်တည်မည့် စစ်တပ် (အထက်ပါအတိုင်း)

(၃) ပြိုင်ဖက်၏ နိုင်ငံရေးအံတုမှု

(၁) အစွမ်းအစများ

(၂) အားနည်းချက်များ

(၃) ထောက်တိုင်များ

(၄) လူဦးရေစစ်တမ်း

၁၊ လူဦးရေထူထပ်မှု

၂၊ ကောလိပ်အဆင့်ပညာတတ်များကို မွေးထုတ်ခြင်း

၃၊ ဒေသအလိုက် စာတတ်မြောက်မှုနှုန်း

၄၊ လူနည်းစုတိုင်းရင်းသားများ၏ပါဝင်နှုန်းနှင့် ဘာသာတရာကိုးကွယ်မှုအတိုင်းအဆ

၅၊ ဒေသအလိုက် လူနေမှုအဆင့်အတန်း

(၅) နိုင်ငံရေးအရ ဆုံးဖြတ်ပေးသူများ

၁၊ အလိုအလျောက်ရပ်တည်ပေးနေသော မဟာမိတ်

၂၊ အဖွဲ့အစည်းများ

၃၊ နိုင်ငံရေးအက်ကွဲကြောင်းများ

(၆) လုံခြုံရေးကို စဉ်းစားသုံးသပ်ခြင်း

၁၊ တန်ပြန်ထောက်လှမ်းရေးကို ထိရောက်အောင်လုပ်ဆောင်ခြင်း

၂၊ လူသစ်စုဆောင်းခြင်းဖြင့် ရှိပြီးသားများကို ထိခိုက်ဆုံးရှုံးမခံနိုင်ခြင်း

၃၊ အဖွဲ့အစည်းဆိုင်ရာ စစ်ဆေးကြပ်မတ်သည့် နည်းလမ်းများ

၄၊ ဆက်သွယ်ရေး

၅၊ သတင်းနှင့်မှတ်တမ်းမှတ်ရာများ လုံခြုံရေး

(၄) မိမိဖက်မှ နိုင်ငံရေးအံတုနိုင်မှု (အထက်ပါအတိုင်း)

(၃) ထင်မြင်ယူဆခြင်း

(ခ) ပြိုင်ဖက်၏လုပ်ဆောင်နိုင်စွမ်းများ

(ဂ) ကိုယ်ပိုင် လှုပ်ရှားမှုလမ်းကြောင်းများ

၃။ အဟန့်အတားများကို အသေအချာ စိစစ်သုံးသပ်ခြင်း

၄။ အကျိုးအပြစ်များကို နှိုင်းယှဉ်ခြင်း

၅။ ဆုံးဖြတ်ချက်ချခြင်း

--------- 000---------